



အသက်တမျှ ချစ်ခင်မြတ်နိုးရသူကို အိပ်မက်၌ သာ မြင်တွေ့ခွင့် ရတော့ခြင်းသည် အကြင်သူတစ်ဦးအတွက် ကြီးစွာသော ဆင်းရဲမည်၏။

***

ညက အိပ်မက်မှာ အမေ့ကိုမြင်သည် ။

အမေသည် ချိုသော အပြုံးနှင့်၊ ငြိမ်းချမ်းလှပသော မျက်နှာနှင့်။ မဆုံးပါးမီ အသက်အရွယ်အတိုင်း တည်မြဲ။ သုံးနှစ်မျှ ကြာခဲ့သော အချိန်သည် အိပ်မက်တွင် ရေးရေးမျှပင် အရာမထင်ချေ။ အမေနှင့် မနေ့တစ်နေ့ကမှ ခွဲခွာခဲ့ရသလိုသာ ငြိမ်း ခံစားမိပါသည် ။

ချေ။ အမေနှင့် မနေ့တစ်နေ့ကမှ ခွဲခွာခဲ့ရသလို သာ ငြိမ်း ခံစားမိပါသည် ။

ပန်းစုံခင်းသော လမ်းမှာ ငြိမ်းတစ်ယောက်တည်း လျှောက်လာခိုက် မလှမ်းမကမ်းမှာ အမေ့ကို မြင်သည် ။ ဖြူသော ဝတ်စုံဆင်ကာ အဝါနုရောင် ပန်းပွင့်ကလေးများ ပွင့်သော သစ်ပင်ရိပ်အောက် အေးအေးလူလူ ထိုင်နေသည့် အမေ့ကိုမြင်သည် ။ အဖြူ၊ အဝါနု၊ အစိမ်းတို့ ရောသော လွမ်းစရာပန်းချီ။

အမေသည် ငြိမ်းအား လက်မပြ၊ မခေါ်ငင်။ အပြုံးနှင့်သာ ကြိုလင့်ပါသည် ။

အမေ့ကို မြင်လျှင်မြင်ချင်း ဒါအိပ်မက်ပဲဟု ငြိမ်း သိနေသည် ။ ဘာကြောင့် သိနေမှန်းတော့ မရေရာ။ အလိုလို ခံစားသိတယ်များ ဆိုရမလား။ ဖြစ်နိုင်လျှင်တော့ မြင်မက်ရစဉ် ခဏငယ်မျှသော အချိန်အတွင်းမှာ အိပ်မက်ကို အိပ်မက်လို့ သာ ငြိမ်းခံစား ယုံကြည်ချင်ပါသည် ။ ဆိုးတော့မှ ၊ နိုးတော့မှ သာ သိပါစေပေါ့။ တဒင်္ဂပဲဖြစ်ဖြစ် ငြိမ်းလည်း ပျော်ပါးပျော်ရွှင်ချင်သားပါပဲ။

သို့သော် ဆိုခဲ့သလိုပင် အိပ်မက်ဟု ငြိမ်း သိနေပါသည် ။

ငြိမ်းသည် ပျော်ရွှင်လိုက်လှဲခြင်း၊ တစ်ဖက်မှာ တော့ ရင်နင့်နာခြင်း ဖြစ်ရသည် ။ ခြေလှမ်းတို့ ကို အနိုင်နိုင်ထိန်းရင်း အမေ့အနီးသို့ ရောက်ရသည် ။ 'အမေ' ဟု တစ်ခွန်း ခေါ်ကာ ရင်ခွင်သို့ ဝင်သည် ။ မျက်ရည်တို့ သည် ငြိမ်း၏ ပါးပြင်ထက် မိုးပွင့်တို့ အလုအယက် ခုန်ဆင်းသလို ပြိုကျလာတော့သည် ။

လူတစ်ယောက်မှာ သူ့ကိုယ်သူ မွန်းကျပ် ပိ

အာရုံဝေဝါးတဲ့ အခိုက်အတန့် မရှိ မဟုတ် ရှိမှာပဲဆိုရင် ငြိမ်းအတွက်တော့ အဲဒါ အခုအချိန်ပါပဲ အမေရယ်။ ငြိမ်းက တစ်ယောက်တည်းရယ် .....။ မေးခွန်းတွေအများကြီး ပိုက်ပြီး တစ်ယောက်တည်းရယ် ....။

စကားလုံးများ ဗွာသည် ရှိုက်ငင်ခြင်းနှင့် နှိမ့်ချည် မြင့်ချည် ဖြစ်လျက် ရှိသော ငြိမ်း၏ ရင်တွင်း၌ တွန်းထိုးလှုပ်ရှားနေပါသည် ။ ငြိမ်းသည် မျက်လုံး အစုံကို မှိတ်ထားသည် ။ ပါးပြင်သည် စွတ်စိုအေးစက်လျက်။ ငြိမ်း၏ နှလုံးကတော့ ပူနွေးခုန်လှုပ်လျက်။ နှုတ်ခမ်းကိုမူ တင်းတင်းသာ စေ့ထားမိသည် ။

ခဏလေးပဲ တွေ့ရတဲ့ ဟာ အမေ့ကို မပြောတော့ပါဘူးလေ ....။



ငြိမ်း၏ ဆံစထက်မှ သည် ပါးပြင်သို့ ရွေ့လာသည် ။ အမေသည် ငြိမ်း၏ ပါးပြင်ထက်က မျက်ရည်စတို့ ကို ဖွဖွညင်သာ သုတ်လျက်။

"ငြိမ်း အမေ့ကို အရမ်း လွမ်းတာပဲ"

ငြိမ်း၏ အသံမှာ ရှိုက်ငင်ခြင်းနှင့် ရောလျက်ရှိသည် ။ သည် တစ်ခွန်းကိုသာ အထပ်ထပ်ဆိုမိသည် ။ ဘယ်နှကြိမ်လောက်များ ရှိမှာ ပါလိမ့်။ ခြောက်ကြိမ်လား၊ ခုနစ်ကြိမ်လား မရေရာ။

အမေသည် ငြိမ်း၏ နဖူးပြင်ကို နွေးနွေးဖွဖွ ရှိုက်နမ်းလိုက်သည် ။ အမေလည်း လွမ်းတာပေါ့ သမီးရယ် ....တဲ့ ။

အိပ်မက်သည် အိပ်မက် ပီသစွာပင် တသလွမ်းမောဖွယ်သော ထိုနေရာမှာ တိခနဲ ရပ်လိုက်တော့သည် ။

ပါးပြင်သည် စွတ်စိုအေးမြဆဲ။ ရင်သည် တလှိုက်လှိုက်ရှိဆဲ။ နဖူးပြင်မှာ တော့ အမေ့အနမ်းကပ်၍ ပါလာသလို နွေးထေးထေး။

ရင်ခုန်နွေးသော စိတ်နှင့်ပင် ပြတင်းဝနှင့်တိုးဝင်သည့် နေခြည်ကို စိတ်မှတ်မဲ့ ငေးကာ နဖူးပြင်ကို ဖွဖွ စမ်းမိသည် ။ နောက်တော့ စိတ်လွတ်မြောက်ရာ ရလိုရငြား ကြိုးပမ်းသူကို ပင့်သက်တစ်ချက် ရှိုက်ချလိုက်သည် ။ သို့သော် သောကသည် ပင့်သက်၌ တစ်စွန်းတစ်စမျှပင် ရောနှောပါမသွားချေ။

ငြိမ်းသည် မျက်ရည်စ ကျန်နေသေးသလို ထပ်ချက်မျှ ရှိုက်ငင်လိုက် ပြန်သည် ။

အိပ်မက်က နိုးထခဲ့ပြီး ဆိုပေမယ့် လုံးလုံး မလွတ်မြောက်သေး။





ကမ္ဘာသည် အိပ်မက်နှင့် တိုက်ရိုက်များ ချိတ်ဆက်နေရော့သလား။ တကယ့်ဘဝက စိုးရိမ်ပူပန်မှု၊ ချောက်ချားမှု၊ အားငယ်မှု စသော အရောင်စုံ စိတ်ခံစားမှုတို့ သည် မသိစိတ်မှာ ပူးတွယ်ကပ်လျက် အိပ်မက်သို့တိုင် အရိပ်ပမာ လိုက်သည် ထင်၏။

တကယ့်ကမ္ဘာက လူများ …… စကားသံများ ….. ခံစားမှု၏။

ငြိမ်းသည် မကြာသေးမီ ရက်အချို့က အိပ်မက်မှာ သူစိမ်းအမျိုးသမီး တစ်ဦးကို မြင်သည် ။

သည် နေတော့ဖြင့် အမေ့ကို မက်ပါသည် ။

အိပ်မက်တို့ သည် မက်ပုံလည်း မတူ။ အိပ်မက်မှာ ပေါ်ပါက်သော ခံစားမှု လှိုင်းရိပ်ချင်း

လည်း မတူ။ လားလားမျှ မတူ။

သို့သော် ရင်နင့်နာလျက် မျက်ရည်တွေတွေ ကျရတာကတော့ အိပ်မက်နှစ်ခုစလုံးမှာ တစ်ထပ်တည်းကျအောင် တူပါပေသည် ။

***

ကုန်လွန်ခဲ့သော သုံးနှစ်တာအတွင်း အမေ့ကို အချိန်နှင့်အမျှ သတိရပါသည် ဟု တော့ ငြိမ်း မဆိုနိုင်။ သို့သော် အကြောင်းတိုက်ဆိုင်တိုင်းမှာ တော့ အလွမ်းက လူကို ဆုပ်ခြေသလို လိုက်ခနဲ နွမ်းလျရလေသည် ။

အထူးသဖြင့် အကြောင်းကိစ္စ ကြီးငယ် ကြုံကြိုက်လာတိုင်း ငြိမ်းမှာ တိုင်ပင်စရာ မိသားစုဝင် မရှိ။ ဟိုတုန်းကတော့ အမေသည် ငြိမ်း၏ ဟစ်တိုင်။ အတိုင်ပင်ခံ မိခင်။ ဝမ်းနည်းစရာ ဖြစ်စေ၊ ဝမ်းမြောက်စရာ ဖြစ်စေ အမေသာ ဦးဆုံး သိခွင့်ရစမြဲပါပဲ။

ခုတော့ အမေ မရှိတော့သော အိမ်ဝယ် ငြိမ်းမှာ အရေးဟယ် အကြောင်းဟယ်ဆို အဖော်မဲ့သလို ရှိရပါသည် ။ တစ်မိုးအောက် အတူနေသော အဖေနှင့် ကြီးမေအပေါ်လည်း အမေ့လို အားကိုးအားထား ပြုလိုစိတ်၊ မှီလိုစိတ်မျိုး မရှိလှ။ အိမ်ထောင်ခွဲခဲ့ပြီး ဖြစ်သော ကိုကိုနှင့်တော့ ပို၍ ပင် အနေစိမ်းသက်ပါသေးသည် ။

အမေ့ရုပ်ရည်နှင့် စိတ်နေစိတ်ထားကို အမွေဆက်ခံသော ငြိမ်းသည် ပင်ကိုကပင် သီးသီးသန့်သန့် နေတတ်သူ။ အဖော်အပေါင်းများစွာနှင့် လုံးလုံးထွေးထွေး နေလိုစိတ် မရှိသူ။ အတွင်းမနေ့ချင်ထပ်ကာ ကျွမ်းဝင်ရသူ သုံး၊

လေးဦး ရှိရုံမျှနှင့်ပင် ရှင်သန်ခြင်းဘဝအပေါ် ဘဝကျေ ကျေနပ်လှပြီ။

တစ်အိမ်လုံးမှာ ည အမေ့တစ်ယောက်သာ တစ်ကမ္ဘာထင်၍ တွယ်ကပ်တတ်မြဲ ငြိမ်းသည် အမေ မရှိချိန်မှာ တော့ နေ့ချင်းညချင်းပင် အရွယ်နှင့်မမျှ ကြီးပြင်းလာသလို ရှိရသည် ။ သည်လို ဖြစ်အောင်လည်း ငြိမ်းကျင်လည်ရသော မိသားစုဝန်းကျင်က အလိုလို ဖန်တီးခဲ့လေသည် ။

သို့သော် ဘယ်လောက်ပဲ ခိုင်မယ်သူ ဆိုဆို ပင်ပန်းနွမ်းလျချိန် ဆိုတာကတော့ ရှိပေတာပဲ။ အားကိုးအားထားပြုရသူ ရင်ခွင်မှာ ခေါင်းတိုးရှိုက်ငင်လိုသည့် တစ်ချိန်ကတော့ ရှိပေတာပဲ။

ခုလိုပေါ့ .....။ သည် အချိန်လိုပေါ့..။

တစ်သက်တာလုံး အနေ မနီးသော်လည်း ယုံကြည်ချစ်ခင်ခဲ့ရသော အဖေ့အပေါ် ကျကြဲ မှာ အချိုးအကွေ့က ပေးတွေ့လေသည့် ပဟေဠိမှာ ငြိမ်း၏ အရှိက်သို့ အားပါလှသော လက်သီးပုန်းတစ်ချက် ပစ်သွင်းလိုက်သလို မဟန်နိုင်အောင် အငိုက်မိ နာကျင်ရပါသည် ။

အဖြစ်အပျက်အားလုံးနှင့် တိုက်ရိုက်သက်ဆိုင်သော ဖခင်နှင့် စကား စမြည်ပြုရမှာ မေးမြန်းရမှာ ပင် စကားအစ ရှာမရသလို ဝန်လေးရသလောက် နောက်ကွယ်မှာ တော့ ပြုံလဲနင့်နာရခြင်းသည် ငြိမ်းထံ လွှန်ခဲ့သော ရက်သတ္တပတ်က မဖိတ်ခေါ်ပါဘဲ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်လာခဲ့ပါသည် ။

ငြိမ်းသည် ထိုတစ်နေ့ကို မမေ့။

ဖြစ်နိုင်လျှင် ထိုတစ်နေ့ ဘယ်တုန်းကမှ မရှိခဲ့ဖူးသလို နေလိုက်ချင်သည် ။ နေ့စဉ် အချိန်ဇ

ယားတို့ သည် သမားရိုးကျပဲ လည်ပတ်နေဖို့ ကောင်းသည် ။ ခင်ငြိမ်းချမ်း ဆိုတာသည် သူလိုငါလို သာမန်မိန်းကလေးငယ် တစ်ယောက် ။ လောကဝန်းကျင်အတွက်လည်း သတိပြုစရာ ထူးထူးခြားခြား မရှိတတ်သော ဖြူနှစ်နှစ် မြက်ပန်းကလေးတစ်ပွင့်မျှ။ သည် ဘဝကိုပင် နှစ်လိုနေပျော်လှသည် ။ နေ့စဉ် အေးအေးချမ်းချမ်း နိုးထနိုင်သည် ။ နှစ်နှစ်ခြိုက်ခြိုက် အိပ်စက်နိုင်သည် ။ ဘဝတစ်လျှောက် သန့်စင်သော လေကို လွတ်လပ်သည့် နှလုံးနှင့် ရှူရှိုက်ကာ စိတ်အေးလက်အေး ရောင့်ရဲဖြတ်သန်းလိုတော့သည် ။

သို့သော် ဘဝဆိုသည် ကိုက မိမိ ဖြစ်လိုတာသာ ဖြစ်ရ၊ ကြုံရတတ်တာ မဟုတ်။ ထင်မှတ်မထားသော ဘဝဇာတ်ကွက်တို့ ကလည်း မမျှော်လင့်ချိန်မှာ ကတ္တိပါကားလိပ်ကို ဖျတ်ခနဲ ဝင်သလို ပေါ်ပေါက်လာသေးတာပဲ။

စင်စစ်တော့ မခင်ကို ဆုံးရှုံးရချိန်ကတည်းက ကံကြမ္မာကို ငြိမ်းလျှော့မတွက်တတ်တော့ပြီ။ အကောင်းဆုံးကိုသာ အစဉ်မမျှော်လင့်သလို အဆိုးဆိုတာလည်း မမျှော်ဘဲ ရောက်ရင် ရောက်လာမှာ ပေါ့ဟု သိတတ်နားလည်ခဲ့ရပြီ။ ကြုံသမျှ အရာရာ ရင်ဆိုင်ဖို့ ရာ ငယ်စိတ်ငယ်မန်နှင့် တင်းထားခဲ့ဖူးသော ငြိမ်းအတွက် သည် တစ်ကြိမ် ကံအလှည့်အပြောင်းကတော့ဖြင့် ရက်စက်လှပါရဲ့ ။ မခံစားနိုင်လောက်အောင် ရက်စက်လှပါရဲ့ ဟု သာ ဆိုလိုက်ချင်တော့သည် ။

ငြိမ်းသည် ပြက္ခဒိန်ထဲက ထုတ်၍ ရလျှင်ပင် ဘဝထဲက ထုတ်နိုင်မည် မဟုတ်တော့သော တ

စိန်နေ့ကို ခုတစ်လော အချိန်တိုင်းလိုပင် အမှတ်ရနေသည်။

***

ထိုနံနက်က ဘာကြောင့်ရယ် မသိ။ စိတ်က ကြည်လှသည်။ တနင်္ဂနွေ နံနက်စောစော မထတတ်သူက စောစောနိုးသည်။ ရေချိုးခန်း ဝင်သည်။

ညှော်ခန်းထဲမှာ သတင်းစာ ဖတ်နေသော အဖေ့ကိုပင် ခါတိုင်းလို အထူးတလည် သတိထားမနေဘဲ အခန်းတံခါး စေ့ရုံစေ့ထားမှန်း သိသိနှင့် သီချင်း မကျယ့်တကျယ် ဖွင့်သည်။ မျက်နှာ လိမ်းခြယ်သည်။ အဝတ်လဲသည်။

ခင်ငြိမ်းချမ်း၏ ငြိမ်းချမ်းသော နံနက်ခင်းသည် အလှူအိမ်ဆီ ထွက်လာရာ လမ်းတစ်လျှောက်မှာ လည်း တည်မြဲဆဲပင်။ တနင်္ဂနွေမို့

ကားမကျပ်လှ။ ပုဇွန်တောင်ဈေး ကားမှတ်တိုင်မှ အဓိပတိအပြာ တက်စီးသည်။ ဇဝနမှာ ဆင်းသည်။ ဥက္ကာတို့ အိမ်ဆီ လမ်းလျှောက်ဝင်လာသည်။

ငြိမ်းသည် ပန်းနုရောင် ကချင်ထည်ကို အထက်အောက် ဆင်တူဝတ်ထားသည်။ အင်္ကျီပုံစံကတော့ မြန်မာဆန်ဆန် ခပ်ရိုးရိုးပင်။ ကျောလယ်အထိ ရှည်သော ဆံပင်တို့ ကိုတော့ သည်အတိုင်း ဝတ်ကျေတမ်းကျေ ပန်းရောင်ပြေပြေ ဆိုးထားသည်။ ငြိမ်းကို သိကျွမ်းသူများ မြင်နေကျ ပကတိ ရုပ်လွှာပါ။

အဝါရောင်ဆေး ပြေပြေသုတ်သော တစ်ထပ်တိုက်ငယ်သည် ဥက္ကာနှင့် ခင်မင်ပတ်သက်စ ပထမဆုံးအကြိမ် ရောက်ဖူးစဉ်ကလိုပင် ငြိမ်ဝပ်အေးချမ်းကာ နေချင့်စဖွယ်အသွင်နှင့် ကြိုနေဟန်ရှိလေသည်။ တိုက်နံဘေးတစ်လျှောက်မှာတော့ ပိန်းပန်းလို၊ ရွက်လှလို အလှစိုက်ပန်းအိုးများ။ သူတို့ နှင့် မလှမ်းမကမ်းက မြေလွတ်မှာ တော့ နှင်းဆီအိုး အချို့၊ စံပယ်ရုံ၊ ဧဓဝါပင်။

ငြိမ်းအခါခါ ရောက်ဖူးသော အိမ်ဧည့်ခန်းသည် ထိုတစ်နေ့ကတော့ဖြင့် အလှူနေ့ရက်မို့ အသွင်အပြင် ပြောင်းနေပါသည်။ ဆက်တီတို့ကို နံရံအနီးသို့လုံးလုံးလျားလျား တိုးကပ်ကာ နေရာလွတ်မှာ တော့ စားပွဲဝိုင်း သုံးဝိုင်း ခင်းထားသည်။ စားပွဲဝိုင်းအားလုံးပင် လူပြည့်နီးပါး ရှိနေခဲ့သည်။

ငြိမ်း ရောက်သွားသော အချိန်ကလည်း တကယ့်အချိန်ကောင်း။ နံနက် ၁၀ နာရီခွဲကျော်ကျော်။ ဧည့်ကျတတ်သော အချိန်ပါပဲ။

ဥက္ကာ၏ အစ်မ မမသက်သည် ငြိမ်းကို ကြို မယ့်သာ ကြိုရသော်လည်း နေရာပင် မချသာ။ 'လူရှင်းတော့မှ စားတာပေါ့ ငြိမ်းရယ်၊ သူစိမ်း လည်း မဟုတ်၊ ကိုယ့်အိမ်သားပဲဟာ၊ အဆင်ပြေသလိုသာ နေ' ဟု အမိပွာယ်နှစ်ခွ ထွက်သော စကားကို ပြောနေကျလို ပြောကာ ဧည့်ခံရန် ထွက်သွားပြန်တော့ အစ်မရင်းပမာ ချစ်ခင်ရသူမို့ ဗွေလည်း မယူသာဘဲ ငြိမ်းမှာ ရ ယ်မောကျန်ရစ်ရပါသည်။

ဥက္ကာနှင့် ငြိမ်း၏ ဆက်ဆံရေးသည် နှစ်ဖ က်မိသားစုဝင်များ အကြား ပဟေဠိသာ အစဉ် ဖြစ်မြဲ။ သူငယ်ချင်း ဆိုတာထက်လည်း ရင်းနှီး နေပါလျက် ဘာကြောင့် ရှေ့မတိုးကြသနည်း။ ဘာကြောင့်များ ရင်းနှီးနေပါလျက် ဖြူဖြူစင်စ င် တပူးတွဲတွဲ ရှိနိုင်ကြနသည်း။ ဖွင့်သာ မမေးကြသော်လည်း လူကြီးတို့ ၏ အဟွင်းမီ တ်မှာ သည် လိုသာ တွေးမည် ဖြစ်ကြောင်း ရိပ်ခါ ပွင့်ထွက်သည့် စကားအသွားအလာအားဖြင့် ငြိမ်းတို့ သိရလေ သည်။

ဥက္ကာအတွက်တော့ မိန်းကလေးတစ်ယော က်နှင့် သူငယ်ချင်းအဖြစ် နှစ်ရှည်ကြာ လက်တွဲ နိုင်သူ ဆို၍ ငြိမ်းတစ်ယောက်သာ ရှိပါသည်။ သူနှင့် သူ့မိန်းကလေးသူငယ်ချင်း ဆိုတာသည် အပြန်အလှန် စတင် ပတ်သက်ကြကတည်းက ပင် တစ်မျိုး တစ်ဖုံသော သံယောဇဉ် အရိပ်အ ယောင်တို့ နှင့် ပတ်သက်ကြတာမို့ အချိန်မကြာ မြင့်မီပင် ချစ်သူအဖြစ် ရောက်စမြဲ။ လေး၊ ငါး ခြောက်လနေလျှင်တော့ ပြတ်စဲပြီဟု သိရမြဲ။

သည် အဖြစ်တို့ သည် ဥက္ကာအတွက်လည်း

မဆန်း။ ဥက္ကာ၏ မိသားစုနှင့် ပတ်ဝန်းကျင်အတွက်လည်း မဆန်း။ ငြိမ်းအတွက်လည်း မဆန်းချေ။

ရံခါ၌ 'ရင်ဖွင့်ချင်လို့ ပါ' ဟု ငြိမ်းထံ မရအရ ဆက်သွယ်ကာ လာတွေ့တတ်သော မိန်းကလေးတို့ လည်း ရှိသေးတာကို ကြုံရတတ်လေသည် ။

ငြိမ်းသည် စားပွဲဝိုင်းတို့ အနီးမှ ကိုယ်ကို ညွတ်ကိုင်း၍ ခပ်ဖြည်းဖြည်း ဖြတ်ကာ ခြံထဲသို့ ဆင်းလာသည် ။ ထိုင်နေကျ ဒန်းကလေးပေါ် ဝင်ထိုင်သည် ။

ဒန်းကို ခပ်သာသာ လွှဲလိုက်စဉ်မှာ ပင် မိန်းကလေးနှစ်ဦးနှင့်အတူ ခြံထဲ ဝင်လာသော ဥက္ကာကို တွေ့ရပါသည် ။ ဥက္ကာသည် ငြိမ်းအား လက်ပြနှုတ်ဆက်၍ အိမ်ထဲဝင်သည် ။ နောက်တော့ ခြံထဲသို့ ဆင်းလာပြန်ပါသည် ။

"ဘယ်က ပြန်လာတာတုံး"

"အိမ် မရှာတတ်လို့ တဲ့ ဟာ လမ်းထိပ်မှာ သွားခေါ်လာတာ၊ သူငယ်ချင်းတွေပါ"

ဥက္ကာသည် ထုံးစံအတိုင်း ရယ်ကျဲကျဲ ပြုနေပြန်၏။

"နှင့် ငါက ဘာမေးသေးလို့ လဲ ကဲ"

"နှင့်မျက်လုံးတွေက ဆရာမ မျက်လုံးတွေ ဟ? နှင် ငါ့ကို ပြူးကြည့်နေရင် ငါ့မှာ တောင်ပြော မြောက်ပြောတွေ လျှောက်ပြောချင်တာ"

"တော်ပါဟယ်" ဟု ဆိုတာ အကြည့်လွှဲကာ ငြိမ်း ရယ်မောမိသည် ။

"ငါ့ကို ညှော်ခံ မနေပါနဲ့ ဥက္ကာရယ်၊ ဟိုမယ်

နှင့်သူငယ်ချင်းတွေက အိမ်က လူတွေနဲ့ လည်း သိတာမဟုတ်၊ သွားပါ"

"နှင် သွားဆိုလို့ ငါသွားတာနော်၊ နောက်မှ သူငယ်ချင်းအရင်း ခေါက်ခေါက်ကို ပစ်ထားတယ်၊ သူငယ်ချင်းတစ်ဝမ်းကွဲတွေပဲ ဂရုစိုက်နေတယ်လို့ နှင် မပြောနဲ့ "

"အစုတ်ပလုတ်လေး ၊ ငါ တစ်ခါလေး ပြောဖူးတာကို သေအောင် မှတ်ထားတယ်"

ငြိမ်းသည် ဥက္ကာ၏ နောက်ကျောကို မျက်စောင်းတစ်ချက် ဆောင့်အောင့် ထိုးကာ ဟက်ဟက်ပက်ပက် ရယ်မောမိတော့သည် ။

တစ်ခဏမျှ ဒန်းကို လွှဲကာ ငြိမ့်နေဆဲ ငြိမ်းသည် တစ်ဖွဲ့ကို ခြံဝသို့ လိုက်ပို့ရာမှ မမသက်က မုန့်စားရန် လှည့်ခေါ်တာမို့ ငြိမ်းသည် အိမ်ထဲသို့ အတူ လိုက်ဝင်လာပါသည် ။ လွတ်သော စားပွဲမှာ နေရာယူပါသည် ။ ထောပတ်ထမင်း၏ နှ ံ့မ ၂ ၁ သင်းသင်းလေး ပျံ့လျက်။ ကြက်သားဆီပြန်၊ ပြီးတော့ ငြိမ်းအကြိုက် ပုစွန်အခြောက်ကြော်။ ချဉ်ပေါင်ဟင်းရည်ပူပူကို မမသက်ကိုယ်တိုင် ပန်းကန်လုံးထဲ ခပ်ထည့်ပေးသည် ။

"မမသက်ကော စားပြီးပြီလား ဟင်၊ ငြိမ်း အဖော်ရအောင် ဝင်စားပါလား"

"စားပြီးပြီ ငြိမ်းရဲ့ ၊ မစားသေးတာက အဖေရယ်၊ ကြည်ပြာရယ်၊ ဟော -အဖေကတော့ ဟိုမ ၂ ၁ သူ့အပေါင်းအသင်းတွေနဲ့ စားနေပြီ၊ ကြည်ပြာပဲ ကျန်တာ၊ ဟုတ်သားပဲ၊ ကြည်ပြာ ကြည်ပြာရေ"

မမသက်သည် ထိုအမည်ကိုပင် ရွတ်ကာ အိမ်နောက်ဘက်သို့ ဝင်သွားသည် ။ ကြည်ပြာတဲ့

.....။ သည် အိမ်မှာ ငြိမ်းနှင့် စိမ်းသော အမည်ပေ။

ထောပတ်ထမင်းထဲသို့ ပုစွန်ခြောက် မွှေကာ တစ်ဇွန်း ခပ်စားသည် ။ ထမင်း နောက်တစ်ဇွန်းကို ပြင်ဆဲမှာ ပင် လူရိပ်အချို့ စားပွဲအနီး ရောက်လာပုံကို မျက်လုံးထောင့်က မြင်သည် ။ ခေါင်းကို ဆတ်ခနဲ ပင့်မလိုက်လျှင် မမသက်နှင့်အတူ သူစိမ်းအမျိုးသမီးတစ်ယောက်ကို တွေ့လိုက်ရပါသည် ။

"ကြည့်ပြာရေ၊ ဒီဝိုင်းမှာ ငြိမ်းပဲ ရှိတာ ဝင်စားပေတော့၊ တော်ကြာ ဧည့်သည် တွေ ထပ်ကျဦးမှာ နဲ့ ဘာနဲ့ လူများ ရင် နင် စားဖြစ်တော့မှာ မဟုတ်ဘူး "

အမျိုးသမီးသည် ငြိမ်းအား ပြုံးသည် ဆိုရုံ ပြုံးပြကာ မျက်နှာချင်းဆိုင် မကျတကျမှာ ဝင်ထိုင်ပါသည် ။

"ကြည့်ပါရေ၊ ဒါ ခင်ငြိမ်းချမ်းတဲ့ ၊ ဥက္ကာ့သူငယ်ချင်း၊ တို့ ညီမလေးလိုနေတဲ့ သူပေါ့ဟယ်၊ ကြည့်ပြာကတော့ မမသက်ရဲ့ သူငယ်ချင်း ငြိမ်းရဲ့ ၊ အခု ရန်ကုန်ကို ခဏလာတာ၊ မြိုင်သာယာက လာတာ"

မြိုင်သာယာ ....။

ငြိမ်းသည် ဇွန်းကို ချကာ အမျိုးသမီးထံ စိတ်ဝင်တစား အကြည့်ရောက်သည် ။ 'စားကြဦး' ဟု ဆိုတာ မမသက် ထွက်သွားပုံကိုပင် စကားခွန်းတုံ့ မဆိုဖြစ်။ ကြည့်စမ်း .... မြိုင်သာယာက လူတစ်ယောက် အထူးသဖြင့် သူစိမ်းတစ်ယောက်နဲ့ ရှားရှားပါးပါး ပထမဆုံး ရေစက်ဆုံတာပါပဲ။

ငြိမ်းတို့ ဇာတိ မြိုင်သာယာသည် မြို့ငယ်

လေးမျှသာမို့ သည် နှစ်များ အတွင်း အဆွေအမျိုးအချို့ ရန်ကုန် ရောက်ခိုက် ဝင်လာတာက လွဲပြီး သူစိမ်း တို့ နှင့် မဆုံစဖူး။

"အစ်မက မြိုင်သာယာကပေါ့နော်"

ငြိမ်းသည် ကြားပြီးသား စကားကိုပင် သေချာအောင် ထပ်ကွန့်သည့်ပမာ ဆိုမိသည် ။ ထမင်းပန်းကန်ထဲ တစ်ချက် နှစ်ချက် မွှေလက်စ ဇွန်းကို ချကာ ငြိမ်းထံ သူ လှမ်းကြည့်ပါသည် ။

"ဟုတ်တယ် ... မြိုင်သာယာက ..."

လေသံကို ဘယ်လို အမည်တပ်ရမှာ ပါလိမ့် ။ စိမ်းတယ်လည်း မဆိုသာ။ နွေးနွေးထွေးထွေးလည်း မရှိ။ ခင်မင်ဖော်ရွေတတ်သူ တစ်ယောက်၏ မျက်နှာပေးမျိုးလည်း မဟုတ်ပါ။ အထူးသဖြင့် မျက်ဝန်းအစုံသည် စိမ်းသက်မှုတစ်မျိုး ခိုကပ်နေကာ တော်ရုံတန်ရုံနှင့် လူတစ်ယောက်ကို ခင်မင်လွယ်သူ မဟုတ်ဟု မှန်း ဆရာမတစ်ဦး၏ အတွေ့အကြုံဖြင့် ငြိမ်း အကဲခတ်မိပါသည် ။

နက်မှောင် ရှည်လျားသော ဆံပင်တို့ ကို နဖူးပြင်ပေါ် ဆံပင် တစ်မျှင်မကျလေရအောင် သေသေသပ်သပ် စည်းနှောင်ထားသူမို့ မျက်နှာပြင်မှာ ရှင်းကြည်နေသည် ။ မျက်ခုံးလှလှ၊ ပြီးတော့ မျက်လုံးလှလှ၊ နှုတ်ခမ်းတွေသာ တင်းတင်း စေ့မနေဘဲ သွားကလေးတွေ ပေါ်အောင် ပြုံးလိုက်ရင် သိပ်လှမှာ ပဲ။

သို့သော် အမျိုးသမီးသည် ပြုံးရန်ပင် ဝန်လေးသူပမာ။ တစ်ချက်သာ ဝတ်ကျေတန်းကျေ ပြုံးလိုက်သည် ။

ငြိမ်းသည် တစ်ဖက်လူနှင့် ဆန့်ကျင်စွာ လိုက်လိုက်လဲလဲ ပြုံးမိသည် ။

"ငြိမ်းလည်း မြိုင်သာယာဇာတိပဲ အစ်မရဲ့ ၊ ကြီးတာတော့ ပဲခူးပေါ့လေ၊ အခုတော့ ရန်ကုန် နေတာပေါ့၊ မသိတဲ့ သူတွေဆို ငြိမ်းကို ပဲခူးသူပဲ ထင်ကြတာ၊ မမသက်တို့ ရောပဲ"

"ဩော်"

သည် မျှနှင့်ပင် ထမင်းတစ်လုတ် စဝါးသည် ။ ဟင်းချိုသောက်သည် ။ စကား ရှည်ရှည်ဝေးဝေး မပြောလိုသူများ လား။

ထိုခဏမှာ ငြိမ်းသည် ဘာကြောင့်များ စကားဆက်ချင်နေခဲ့သည် မသိ။ အချိန်ရှည်ကြာစွာ စကားခွန်းတုံ့ မဆိုလိုသူနှင့် ဆုံလျှင် အလိုက်တသိ ငြိမ်နေတတ်သူပေမယ့် အဲသည် တုန်းကတော့ တစ်ဖက်က စကားတန့်ချိန်မှာ စကားလုံးပေါင်းများ စွာသည် သူ့ဝမ်းထဲ တွန်းထိုးလှုပ်ရှားနေသည့်ပမာ ရှိခဲ့သည် ။ မြိုင်သာယာသူချင်း တွေ့ရတာမို့ပေည်း ဖြစ်မည်။ ဇွန်းကို ကိုင်လျက်ကပင် မေးခွန်းများ စွာ မေးဖို့ ရန် စိတ်အား ထက်သန်နေပါသည်။

"အစ်မက မြိုင်သာယာ မြို့ပေါ်ကပဲလားဟင်"

"မဟုတ်ပါဘူး၊ ရွာကပါ"

"ဘယ်ရွာကလဲဟင်၊ ငြိမ်းကတော့ ညောင်ပင်သာ ဇာတိပါ"

ဖျတ်ခနဲ လက်ပသွားသော မျက်လုံးများ သည် ငြိမ်း၏ မျက်နှာပေါ်ဝယ် စူးစိုက်တန့်နေကြသည် ။ နောက် မျက်တောင်တစ်ချက်မျှ ခတ်၏ ။

"ဩော် ... တစ်ရွာတည်းသားချင်း လာတွေ့

နေတာကိုး၊ နေပါဦး၊ မိဘတွေက ဘယ်သူများလဲ"

တစ်ရွာတည်းသားချင်းဆိုသော စကားကိုကြားလျှင် ငြိမ်းသည် ဆတ်ခနဲ ရင်ခုန်လိုက်လှကာ ပို၍ ပင် ချိုမြမြ ပြုံးလိုက်မိသည်။

"ဦးမောင်ပြေ၊ ဒေါခင်ခင်ထွေးပါ အစ်မ"

အမျိုးသမီး၏ မျက်ဝန်းတွင် ဖြုန်းခနဲ ပေါ်ပေါက်သော အံ့အားသင့်မှုကို တွေ့ရသည်။ ဝန်းဝိုင်းသော မျက်လုံးများ သည် ငြိမ်းထံ စူးစိုက်နေကြသည်။ အံ့အားသင့်မှုသည် စက္ကန့်ပိုင်းအတွင်းမှာ ပင် ဒေါသသို့ ကူးပြောင်းလာသလိုလို။ ဒေါသသက်သက်လား ဆိုတော့လည်း မဟုတ်။ နာကျင်မှုလည်း စွက်ပါရဲ့ ...။

ခုပင် အသွားထက်ထက် ဆူချွန်တစ်ခုနှင့် အထိုးခံလိုက်ရသလို နာကျင်နင့်သီးသော မျက်နှာတစ်ခုသည် ငြိမ်းအား အေးစိမ်းစိမ့်ပင် စိုက်၍ ကြည့်နေသည်။ အကြည့် မလွှဲ၊ အသက်လည်း မရှူတော့သလို။ ထိုမျက်ဝန်းတို့ တွင် မျက်ရည်စအချို့ ဝေ့ခနဲ တက်လာ၏။ ဘုရား ..။

ငြိမ်းသည် ကန့်ရေပြင်ထဲ ခဲလုံး ပစ်ချမိသူလို ပွက်ခနဲ ထလာသော ဂယက်ငယ်များကို တအံ့တဩ ငေးကြောက်နေသည်။ ဘာများ မှားသွားလို့ ပါလိမ့်။ ဘာမှန်း မသိ စိမ့်ခနဲ အေးသော သိစိတ်နှင့် တုံတွေးမျိုချသည်။

"ဩော် .... ဦးမောင်ပြေ သမီးကိုး"

အေးတိအေးစက် နာနာကျင်ကျင်နိုင်သော လေသံတွင် ဟာကွက်တစ်ခုကို ငြိမ်း ရုတ်ခြည်း သတိပြုမိလိုက်သည်။ အဖေ့အမည် တစ်ခုကိုသာ သူ ညွှန်းခဲ့တာ။ ဦးမောင်ပြေ သမီးကိုး ... တဲ့။

အဖေနှင့် သူ့အကြား မည်သို့သော ကွင်းဆက် ရှိလေသနည်း။

ငြိမ်း၏ စူးစမ်းသော မျက်ဝန်းများ သည် တစ်ဖက်မှ မျက်ရည်စတို့ လွင့်ပျောက်ကာ ခက်ထန်စပြုသည့် မျက်ဝန်းများ နှင့် တွေ့တွေ့ဆိုင်ဆိုင် ရှိလျက်။

"အဖေနဲ့ သိသလား၊ သိသလား ဟင်၊ ငြိမ်းတို့ က ဒီကိုတော့ ပြောင်းလာတာ ကြာပါပြီ"

အမျိုးသမီးက တစ်ချက် ပြုံးလိုက်ပြန်သည် ။ ဟင့်အင်း … အပြုံးလည်း မဟုတ်ပါ။ နှုတ်ခမ်းတို့ မဲ့ခနဲ လှုပ်ခြင်းမျှသာ။

"လွန်ခဲ့တဲ့ ဆယ့်ခြောက်နှစ်က ပြောင်းပြေးလာတာ မဟုတ်လား"

ပြောင်းပြေးလာတာ ..။

ငြိမ်းသည် ပါးစပ်အဟောင်းသား မှုံဟသော အမျိုးသမီးကို ငေးနေသည် ။ ရှင်သည် ပြင်းပြင်းပြပြ ခုန်လာ၏။ ကြက်သီးမွေးညင်း ထလာ၏။ ဘာကြောင့်များ အချိန်ကာလ တိတိကျကျ သိနေရသနည်း။ ဘာကြောင့်များ ပြောင်းပြေးလာတာဟု သုံးရပါသနည်း။

အမျိုးသမီးသည် ငြိမ်း ငေးနေစဉ်မှာ ပင် နောက်တစ်ခွန်း ထပ်ဆိုလိုက်ပါသည် ။ စောစောတုန်းကလိုပင် နှုတ်ခမ်းကို ဆတ်ခနဲ မဲ့ကာ။

"ဦးမောင်ပြေ တစ်ယောက်ကော ကျန်းကျန်းမာမာ ရှိရဲ့ လား"

လာပြန်ပြီ ဦးမောင်ပြေ ….။ အမေ့ကို ဘာကြောင့် မမေးသနည်း။

ငြိမ်းသည် အတွင်းစိတ်ကသာ ရန်လိုစကား

တုံ့ပြန်မိသော်လည်း တကယ့်ပြင်ပတွင် မူ စပါးကြီးမွေ အညှို့ခံရသူပမာ 'ကောင်း ... ကောင်းပါတယ်၊ ဘာဖြစ်လို့ လဲဟင်' ဟု အထစ်ထစ် အငေ့ါငေ့ါ ပြန်ဖြေလိုက်မိသည် ။

"ဘာမှ မဖြစ်ပါဘူး၊ ခုထိ ကျန်းကျန်းမာမာ ရှိတုန်းပဲလား သိချင်တာပါ၊ လူတစ်ယောက် ကိုယ့်ကြောင့် သေသွားတာ၊ ကိုယ်ကတော့ ပြစ်ဒဏ်မကျအောင် အေးအေးဆေးဆေး ရှောင်တိမ်းနိုင်ခဲ့တာကို တစ်ခါလေးတောင် လိပ်ပြာမလုံစိတ် မဖြစ်ဖူးဘူးလားလို့ သိချင်ရုံပါ"

ထိုခဏဝယ် လက်ထဲက ဇွန်း ဘယ်လို လွတ်ကျသွားမှန်းလည်း ငြိမ်း မသိပြီ။ အငိုက်မိ ပွင့်ဟသော နှုတ်ခမ်းများ နှင့် လေကို အငမ်းမရ မောပန်းတကြီး ရှူနေမိတာကိုပင် စက္ကန့်အတော်ကြာမှ သိတော့သည် ။ ငြိမ်း၏ ရင်သည် နိမ့်ချည် မြင့်ချည်။ အံ့အားသင့်ခြင်း၊ အငိုက်မိခြင်း၊ အခံရခက်ခြင်း။ သို့ပေါင်းရုံသည် နှလုံးအိမ်ဝယ် တဝုန်းဝုန်း ရိုက်ခတ်မြည်ဟည်းလျက်။

"အစ်မက .... အစ်မက ဘာဖြစ်လို့ ကျွန်မ အဖေကို ခုလို အသေအချာ လာစွပ်စွဲရတာလဲ၊ လာပြောနေရတာလဲ"

ငြိမ်း၏ အသံမှာ ခပ်အုပ်အုပ်။ သို့သော် နာကျင်မှုနှင့် လိုက်ခါ၍ နေသည် ။

"ဘာလို့ ပြောရသလဲဆိုတော့ မင်းအဖေ သတ်လိုက်တာ ငါ့မောင်လေးလေ"

ထိုခဏတွင် တော့ ငြိမ်း၏ ကမ္ဘာသည် ဖျတ်ခနဲပင် မှောင်အတိကျသွားခဲ့ပါသည် ။

***

လှပ၍ ........

ဖြူနှစ်သော နို့ရည်တို့ သည် ကော်ဖီထဲ တအိအိ စိမ့်ဝင်သွားကြသည် ။ ငြိမ်းသည် ထိုမထူးဆန်းသော အမြင်ကိုပင် အထူးအဆန်းသဖွယ် စူးစူး ငေးနေသည် ။ နောက် နို့ဘူးအဖုံး ပိတ်ကာ ရေခဲသေတ္တာထဲ ပြန်ထည့်သည် ။ ထမင်းစား စားပွဲသို့ လျှောက်လာပါသည် ။

ငြိမ်းသည် ခြေလှမ်း တစ်ချက် လှမ်းလိုက်တိုင်း အနည်းငယ် ယိမ်းယိုင်ချင်သည် ကို သိနေသည် ။ မူးကနဲ မိုက်ကနဲတော့လည်း မဆိုသာ။ အလိုလို နုံးနေတာပါပဲ။ ရေ ဝဝလင်လင် ချိုးလိုက်သော အရှိန်ကြောင့်သာ နည်းနည်း ခံသာသည် ။ နို့မို့ဆို သည့်ထက် နုံးလိမ့်မည်။

ညက အိပ်မပျော် ....။ အင်း.... မအိပ်သလောက်ပဲ ဆိုပါစို့လေ။

အပြာနုရောင် နှင်းဆီပွင့် ယှက်နွယ်သော အိပ်ရာခင်းတစ်ခုလုံး တွန့်လိပ်ကြေမွနေပုံမှာ ငြိမ်းတစ်ယောက် တစ်ညလုံး တလူးလူးတလိမ့်လိမ့် ပြုထားကြောင်း သက်သေခံနေသလို။ နံနက် အလင်းစများ အခန်းထဲ တိုးဝင်လာတော့မှ သာ ဆယ်မိနစ်လောက် မှေးခနဲ ပျော်သည် ။ ထိုခဏမှာ ပဲ နေ့စဉ်ပေးမြဲ နှိုးစက်သံနှင့် အိပ်ရာက နိုးရသည် ။ ပြန်အိပ်တော့လည်း မျက်လုံး ကြောင်ခဲ့ပါပြီ။

"ဟော ... မနက်စာ စားနေတာ အိမ်နေရင်း အဝတ်အစားလည်း မလဲသေးပါလား၊ ဒီနေ့ စာသင်သွားရမှာ မဟုတ်လား၊ တန် လာလေ"

ကြီးကြီးသည် မီးဖိုထဲသို့ တအိအိ ဝင်လာသ

ည် ။ မနက် မိုးလင်းသည် နှင့် သပ်သပ်ရပ်ရပ် ပြင်ဆင်ဝတ်စားမြဲ ခန္ဓာမှာ သနပ်ခါးနံ့ကပါ ပေါင်းစပ်လေတော့ မြင်လိုက်သည် နှင့် အလိုလို ချစ်စဖွယ် ဖြစ်နေပါသည် ။

ငြိမ်းတို့ ရန်ကုန်ကို ပြောင်းစကတည်းက အတူနေဖို့ ရန် အဖေ လှမ်းခေါ်၍ အိမ်ရောက်လာရသော ကြီးကြီးသည် ခုတော့လည်း 'နင်တို့ ရန်ကုန် ငါ မပျော်ပါဘူး မောင်ပြေရယ်' ဟု မောင်လုပ်သူကို မပြောတတ်တော့ပေ။ သည့်အစား 'တစ်လောကလုံး ပြေးကြည့်လို့ မှ ဒီမောင်လေးတစ်ယောက်ပဲ ရှိတာ၊ ဟိုမှာ ဘယ်သူရှိလို့ နေမလဲ၊ သမီးဘကြီးကလည်း မရှိတော့ဘူး ဆိုမှ တော့ ဒီပဲ နေရတော့မှာ ပေါ့၊ အင်းလေ ... တော်ရာမှာ နေရင်လည်း ပျော်သွားတာပါပဲ သမီးရယ်' ဟု ငြိမ်းကို ရယ်ကာမောက ပြောပြတတ်ပြီ။

ငြိမ်းသည် ကြီးကြီးကို ငဲ့ကြည့်ကာ နှမ်းစိတ်ဖျောက်၍ ပြုံးပြမိသည် ။

"မသွားတော့ပါဘူး ကြီးကြီးရယ်၊ သမီး ဒီနေ့ စာသင်ချိန် နှစ်ချိန်လုံး ဖျက်ထားတယ်၊ မနက်ရော ညနေရော၊ ကျောင်းသားအိမ်ကိုလည်း ဖုန်းဆက်လိုက်ပြီ၊ နောက်ရက် အစားထိုး သင်ပေးမယ်လို့ "

"ဘယ်လို ဖြစ်လို့ လဲ သမီးရယ်၊ သွားစရာ ပေါ်သလား"

"မဟုတ်ပါဘူး၊ ညက အိပ်ရေးမဝလို့ ထင်တာပဲ ခေါင်းတွေ ထိုးကိုက်နေရော၊ သွားလည်း လူမလန်းရင် အလကားပဲ"

ငြိမ်းည် ကော်ဖီခွက်ကို ထမင်းစား

စားပွဲပေါ် တင်လိုက်သည် ။ အုပ်ဆောင်းနီကို ဆွဲလှပ်သည် ။ စတီးဇလုံ ခပ်လတ်လတ် တစ်လုံးထဲမှာ တော့ ကြီးကြီးလက်ရာ နန္ဒင်းရောင် ပြေးသော ထမင်းကြော်များ ။ အရင့်အရင်က တော့ အမေ ကြော်နေကျ ထမင်းကြော်ပေါ့လေ။ ထမင်းကြော်ဝါဝါတွင် တော့ အမေ ကြော်နေကျ ထမင်းကြော်ပေါ့လေ။ ထမင်းကြော်ဝါဝါတွင် ကြက်သွန်ဖတ်နီနီလေးများ ရောနှောနေပုံမှာ ငြိမ်း မျက်စိထဲ စွဲလှသည် ။

"ကြက်ဥ ကြော်ပေးရဦးမလား"

"ဒီမှာ သရက်ချဉ်ရော၊ ဆီတို့ ဟူးရော ရှိသားပဲ ၊ တော်ပြီ ကြီးကြီး"

ထမင်းစားပွဲမှာ ဝင်ထိုင်ကာ မနက်စာ စတင်စားချိန်မှာ ပင် အဖေသည် မီးဖိုခန်းသို့ ဝင်လာသည် ။ လမ်းလျှောက် ပြန်လာပုံရလေသည် ။ အိမ်တွင် တော့ ငြိမ်းတစ်ယောက်သာ အိပ်ရာထ နောက်ကျတတ်သည် ။ ကြီးကြီးက တော့ အိပ်ရာက နိုးသည် နှင့် ထမင်း ဟင်း ချက်ပြုတ်၊ ဆွမ်းကပ်၊ ဘုရားဝတ်တက်။ အဖေကမူ ပုဇွန်တောင်ဈေးဘက်အထိ လမ်းလျှောက်တတ်သည် ။

ငြိမ်းသည် ခုအသက်အရွယ်အထိ နေ့စဉ်လိုလို မြင်နေကျဖြစ်သော ဖခင်ကို သည် တစ်နေ့မှ ပင် အဆန်းလုပ်ကာ မသိမသာ အကဲခတ်နေမိသည် ။

သည် တစ်နှစ်၊ နှစ်နှစ်အတွင်း အဖေ့ကို မြင်ရတာ မြန်မြန်ဆန်ဆန် အိုမင်းလာသလိုပါပဲ။ နားထင်မှာ သာမက တစ်ခေါင်းလုံးနီးပါး ဆံပင်ဖြူတို့ ကို မရှာဘဲ အလွယ်တွေ့နိုင်လာသည်

။ မျက်နှာဝယ် အရေးအကြောင်းတို့ ပေါ်ပေါက်နေပုံမှာ မြစ်နှင့် ချောင်းလက်တက်ငယ်များ ယှက်ဖြာပုံကို ပုံကြမ်းပြထားသလိုတည်း။ အသက် ၆၅ နှစ်ဆိုသော အရွယ်ထက် အိုမင်းသယောင် ထင်ရသည် ။ ခန္ဓာကတော့ ကြံ့ခိုင်မြဲ။ အင်း .... စိတ်လည်း ဆောင်မြဲ။

အဖေသည် အမေ မဆုံးပါးမီ အချိန်အထိ စိတ်လိုလက်ရ ရှိတိုင်း ပဲခူးနှင့် ရန်ကုန်ကို တစ်ယောက်တည်းပင် ကူးသန်းတတ်ပါသည် ။ ' နားပါတော့ ' ဟု အမေ အတန်တန် ပြောသည့်တိုင် မြေယာ ရောင်းဝယ်ခြင်းကို စိတ်ဖြတ်နိုင်သည် မရှိ။ မြေကြီး မြင်လျှင် ရောင်းစရာ၊ သို့မဟုတ် ဝယ်စရာ ဆိုတာထက် ပိုမြင်ပုံ မရသူ၊ မြေဈေး လှုပ်လှုပ် လှုပ်လှုပ် အသံကြားကာမျှနှင့် မဆိုင်းမတွ ခေါင်းထောင်လာတတ်သူပေ။

အမေ ဆုံးပါးပြီးချိန်မှာ တော့ အဖေသည် စိတ်တို့ ကို လျှော့ချလိုက်သူပမာ အရှင့်အရှင်လောက် စီးပွားကိစ္စ မြေကိစ္စတို့ အပေါ် စိတ်ထက်သန် မနေတတ်တော့။ ဥယျာဉ်ခြံနှင့် မြေတစ်ကွက်လောက်သာ ကျန်ရစ်သော ပဲခူးဘက်သို့လည်း ကူးချည်သန်းချည် မလုပ်တော့။ အပုံလိုက်ရှိသော ငွေတို့ မှာ အချိန်တန်တော့လည်း လူ့အသက်ကို မကယ်နိုင်ပုံအား အဖေ သိနားလည် ခဲ့လေသလား။ ငြိမ်း မသိတတ်ပါချေ။

"မောင်ပြေ၊ မနက်စာ စားတော့မလား၊ ထမင်းကြော် ခွဲထားတယ်"

"စားမယ်လေ၊ ဟင်းရော ဘာရှိလဲ"

"ကြက်သားဆီပြန်လေး ချက်ထားတယ်၊ အချဉ်ရည်ဟင်းကတော့ ချက်မလို့ ပြင်တုန်း"

အဖေသည် ခုံကို ဆွဲကာ ဝင်ထိုင်၏။

"ရှိတာသာထည့်"

ကြောင်အိမ်တံခါး ဆွဲလှပ်ကာ ထမင်းကြော်ပန်းကန်အား ကြီးကြီးထုတ်ယူလိုက်ပုံ၊ ဇွန်း အဆင်သင့် တပ်လိုက်ပုံ၊ ကြက်သားဟင်း ခပ်သွက်သွက် ခူးလိုက်ပုံကို ထမင်းဝါးရင်း ငြိမ်း လိုက်ကြည့်နေသည် ။ အဖေသည် ခုချိန်အထိ အမေ ရှိတုန်းကလိုသာ အရန်သင့် စားသောက်ရမြဲ။ ကြီးကြီးသည် အဖေ့အပေါ် မောင်တစ်ယောက်ဆိုတာထက် သားတစ်ယောက်လိုပါ ဂရုတစိုက် ရှိလှသည် ။

အဖေကမူ သူ့ထုံးစံမပျက် နွေးနွေးထွေးထွေး အမူအရာ မပြတတ်။ ဘယ်သူ့ကိုမှ ၊ ဘယ်အရာကိုမှ လည်း အလွယ်တကူ နှစ်နှစ်လိုလို မဖြစ်တတ်သူပါပေ။

အဖေသည် ထမင်းလုတ်ကို စဝါးရင်း 'ဒီနေ့ ရှစ်နာရီထိုးတာတောင် အေးအေးဆေးဆေး စားလို့ ပါလား၊ စာသင် မသွားရဘူးလား' ဟု ငြိမ်းထံ မေးတစ်ချက် ဆတ်ကာ မေးလိုက်ပါသည် ။

"ခေါင်းမူးနေလို့ အဖေ"

"နေမကောင်းဘူးလား"

အင်း ...ဒီလိုဆိုတော့လည်း ဂရုတစိုက် မေးဖော်ရသားပါပဲ။

ငြိမ်းသည် ဝမ်းနည်းဝမ်းသာစိတ် ဝင်ကာ သောက်မည် ပြင်လိုက်သော ကော်ဖီခွက်ကို ပြန်ချလိုက်ပါသည် ။

"ညက အိပ်မပျော်တာနဲ့ "

"သမီးတို့ အရွယ်က အိပ်မပျော်စရာလား၊ အသက်ကြီးတဲ့ လူတွေလည်း ပြောဖို့ ထားပါဦး

၊ ညဘက်တွေကျ စောစောအိပ်မှ ပေါ့၊ ဘယ်တော့မဆို ကြည့်လိုက်ရင် စာအုပ်တစ်အုပ်နဲ့ ၊ စာတွေ ဘာတွေ ဖတ်တာလည်း ကျောင်းတက်တုန်းက ဖတ်ခဲ့ပြီ တော်ရောပေါ့၊ အိပ်ချိန်တန် အိပ်မှ ပေါ့"

အဖေ့အပေါ် တုံ့ပြန်စကား ဆိုခဲလှသူမို့ တစ်ချက်မျှသာ ဖျတ်ခနဲ ကြည့်မိသည် ။ အဖေသည် ငြိမ်းအား ကြည့်မနေ။ ထမင်းကိုသာ ဖြည်းဖြည်းချင်း ဝါးနေသည် ။

ညက အိပ်မပျော်တာ ဘာကြောင့်လို့ သိရင် အဖေ အံ့သြမှာ ပဲနော် ...။

မနေ့ နေ့ခင်းက အိမ်ကို ပြန်ရောက်ရောက်ချင်း အခန်းထဲ အပြေးဝင်ခဲ့ရတာ၊ အမေ့ဓာတ်ပုံကို မော့ငေးကာ မျက်ရည်ကျ ရှိုက်ငင် စိတ်ပင်ပန်းခဲ့ရတာ အဖေ သိမှာ မဟုတ်။ အံ့အားတသင့် အငိုက်မိကာ နားထောင်ခဲ့ရသော စကားလုံးများ ၊ ပဟေဠိများ အတွက် အဖေကို တော့ တော့ဆိုင်ဆိုင် မေးရမလား၊ မမေးရဘူးလား မဝေခွဲနိုင်သမျှ ညကတော့ တစ်ရေးတောင် အိပ်မပျော်တာ အဖေ သိမှာ မဟုတ်ပါ။

အဖေဟာ သူ့အသက် သတ်သူ မဟုတ်လောက်ဘူးလို့ တော့ ယုံပါရဲ့ ။ ဖြစ်နိုင်ရင်တော့ ဒီထက် ရှင်းရှင်းပြတ်ပြတ် သိချင်၊ ယုံကြည်ချင်တာပါ။

ငြိမ်းသည် ကော်ဖီကို တစ်ကျိုက် မော့ကာ နောက်သော ခေါင်းကို တတ်နိုင်သမျှ ကြည်ရန် အားထုတ်ရပါသည် ။ အဖေ့ကို ကြည့်လျှင် စကားမဆက်ဘဲ ငြိမ်နေတာ တွေ့ရသည် ။ ထမင်းသာ ဝါးနေသည် ။ စကားမဆက်တော့ဘူးဟု ထင်ခဲ့သည် ။ ထမင်းကြော်ထဲ ဆီတိုဟူးကို

လူးကာ နှစ်ကာ ထမင်းတစ်လုတ် ပြင်သည် ။
နွန်းကိုမှ မကြွမီ-

"ဒီအလုပ်ကလည်း နောက်နှစ်ကျ မလုပ်ရင် မလုပ်နဲ့ တော့၊ တစ်လ သုံး၊ လေးသိန်းဟာ ဘာလုပ်ဖို့ လဲ၊ ကိုယ့်အိမ်ကိုယ် ထိုင်နေတာက မှ ဟုတ်ဦးမယ်၊ အလကား အသံပြာ လူပန်း"

"ဒါဖြင့် သမီး ပညာသင်ထားတာ ဘာလုပ်ဖို့ လဲ"

အဖေသည် မျက်မှောင်တွန့်ပုံ တော်တော်နှင့် မပျောက်တော့ချေ။ မျက်နှာမှာ တစ်စစ နီမြန်းလာပါသည် ။ သည် လို ဒေါသင့်မှာ လည်း မပြောခင်က သိနှင့်ပါရဲ့ ။ သို့သော် တန်ဖိုးထားရာ အလုပ်နှင့် ပတ်သက် လာပြီဆိုတော့လည်း ငြိမ်းပြန်မပြောဘဲ မနေနိုင်ပါ။

အဖေသည် ငြိမ်း၏ အလုပ်အပေါ် ဘယ်တုန်းကမှ စိတ်အလိုမကျခဲ့ပေ။ အမေတစ်ယောက်သာ ငြိမ်းကို အားပေးဖော်ရပါသည် ။ ကိုကိုကို ကိုယ်ဝန်မဆောင်မီအထိ ကျောင်းဆရာမ ဘဝမှာ ကျင်လည်ခဲ့သူမို့ အမေသည် ဆရာတစ်ယောက်၏ ဘဝ၊ စေတနာကို ကောင်းစွာ နားလည်သည် ။ ငြိမ်းသည် အမေ့ခြေရာကို တစ်ထပ်တည်းနင်းသော သမီးသာ ဖြစ်သည် ။ ကိုကိုလို အဖေ့ အလိုကျသူတော့ ဖြစ်မလာခဲ့ချေ။

"ပညာသင်တာ ဘာလုပ်ဖို့ လဲ ဟုတ်လား၊ သူများ ဘွဲ့ရ ကိုယ်လည်း ဘွဲ့ရ တော်ပြီပေါ့၊ အလုပ်လုပ်ချင်ရင်လည်း ကုမ္ပဏီတွေ ဘာတွေ ဝင်ပေါ့၊ အခုလို အိမ်တကာ သွားပြီး စာသင်နေစရာ လိုလို့ လား"

ငြိမ်းသည် ဇွန်းကို ပန်းကန်ထဲ ပြန်ချလိုက်သည် ။ အဖေ့ကို ခုမှ မြင်ဖူးသလိုပင် စိမ့်၍

ငေးမိသည် ။ တနုံ့နုံ့ ဝမ်းနည်းလာသည် ။ ဒေါ
သဖြစ်ဖို့ ထက် သနားစိတ်သာ ဝင်မိသည် ။ ပ
ညာကောင်းစွာ မသင်ခဲ့ရသော၊ သူတကာထ
က် သာသည့် ဘဝ ရဖို့ ရန် ငွေများများ ရှာရမ
ည်ဟု သာ သိတတ်ခဲ့သော ဝန်းကျင်နောက်ခံန
င့် လူတစ်ယောက်သည် ပညာဖြင့် အသက်မွေး
သော ဇနီးနှင့် ပေါင်းဖက်ကာ ပညာခင်သည့်
သားသမီးတို့ ကို မွေးဖွားခဲ့လေသည် ။

လောကတွင် ငွေတစ်ခုအတွက်သာ အလုပ်
လုပ်ရတာ မဟုတ်ကြောင်း နားမလည်သည့်
အဖေ့တွင် အပြစ်မရှိ။ ကံကိုသာ အပြစ်ဆိုဖို့ ရှိ
သည် ။

ငြိမ်း၏ စူးလက်သော မျက်ဝန်းများ သည်
အဖေ့ မျက်နှာထားတင်းတင်းကို အနည်းငယ်
တော့ တုံ့ဆိုင်း ပြောင်းလဲစေပါသည် ။ ပထမ
တော့ အံ့အားတသင့်။ နောက်တော့ အနည်းင
ယ် ပျော့ပျောင်းသည့်ဘက်သို့ ယိမ်းလာသည် ။
ယိမ်းသည် ဆိုရုံလေးပါပဲ။ အကြည့်လွှဲလိုက်ပြ
န်တော့လည်း မကြင်နာလေဟန် မျက်နှာရိပ်
က ထင်းခနဲ ဆိုသလို ပေါ်လာပြန်သည် ။

သည် မျက်နှာကို ငေးကာ ငြိမ်းတွေနေသ
ည် ။ တစ်ညလုံးလုံး လူးကာ လိမ့်ကာ အိပ်မ
ပျော်လေတိုင်း တအုံနွေးနွေး ခံစားရသောစ
ကားတို့ သည် နှုတ်ဖျားမှာ တရွရွ ဖြစ်လာ၏။
ခုနေ ပြောလိုက်၊ မေးလိုက်လျှင် အဖေ ဘယ်
လို တုံ့ပြန်မည်နည်း။

"ဒီသားအဖတွေဟာ တော်ကြတော့၊ ဘာမ
ဟုတ်တာလေးကိုပဲ စကားနိုင် လုနေတာပဲ"

ကြီးကြီးသည် ပြောပြောဆိုဆို ထမင်းစားပွဲ
အနီး တိုးကပ်လာပါသည် ။ ကြက်သားဟင်းပ

န်းကန်ကို ဇွန်းနှင့် တစ်ချက် နှစ်ချက် သပ်ကာ ပြင်ပါသည် ။ အဖေ့ပန်းကန်ထဲသို့ အနှစ်နည်းနည်း ဆယ်တင်ပေးလိုက်သည် ။ ငြိမ်း၏ ပန်းကန်ထဲသို့လည်း ပုစွန်ခြောက်ကြော် ခပ်ထည့်ပေးလိုက်ပြန်သည် ။

ငြိမ်းသည် ကြီးကြီးထံမှ သနပ်ခါးနံ့ကို ထင်းထင်း ရှူမိလျှင် အမေ့ကို ရုတ်ခြည်း လွမ်းဆွတ်လာပါသည် ။

ခုနေများ တော့ အမေ ရှိလျှင် ငြိမ်း ကြားသိခဲ့ရသမျှ စကားလုံးတို့ ကို တိုးတိုးတိတ်တိတ် ရင်ဖွင့်နိုင်ဦးမည်။ မေးလိုသမျှ မေးခွန်းတို့ ကိုလည်း အဖေ့ထံ မပေါက်ကြားစေရအောင် ကတိတောင်းကာ မေးနိုင်ဦးမည်။

အမေ့ကို မေးလိုသော မေးခွန်းများ ထဲတွင် တစ်ဖက်က စွပ်စွဲသလို အဖေ တကယ်ပဲ ပြစ်မှုကျူးလွန်ခဲ့သလား၊ မဟုတ်ပါဘဲ အစွပ်ပဲ့ခံခဲ့ရသလားဆိုတာ ပါလိမ့်မည်။ ပြီးတော့ မြိုင်သာယာက ဘာကြောင့် ပြောင်းလာရသနည်း ဆိုတာလည်း ပါပါလိမ့်မည်။

***

။

မြိုင်သာယာ

အသက် ရှစ်နှစ်အရွယ်တုန်းဆီက ရွှေ့ပြောင်း ခွဲခွာပြီးနောက် တစ်ကြိမ်ပင် ပြန်မရောက်ဖြစ်လေသော ဇာတိမြို့၏ အမည်သည် အမှတ်မထင် တိုးတိုးဖွဖွ ရွတ်မိတိုင်း ငြိမ်းအား နွေးထွေးလွမ်းတသော ခံစားမှုမျိုး ငြိမ့်ခနဲ ပေးတတ်မြဲ ဖြစ်လေသည် ။ ဧရာဝတီမြစ်ကမ်းမှ ဆိပ်ကမ်းလှသော မြို့ကလေး ..... မြိုင်သာယာ။

ရှစ်နှစ်အရွယ် ကလေးတစ်ယောက်၏ မှတ်ဉာဏ်အားဖြင့် အရာရာကို ငြိမ်း မှတ်မိသိတတ်သည် မရှိ။ သို့သော် အင်မတန်လှသော ဆိပ်ကမ်းကိုတော့ ရိပ်ရိပ်ထင်ထင် အမှတ်ရဆဲပါပဲ

ငြိမ်းတို့ ဇာတိရပ်ရွာ ဖြစ်သော ညောင်ပင်သာသည် ဧရာဝတီမြစ်သို့ စီးဝင်သည့် ချောင်းငယ်၏ ကမ်းမှာ ရှိပါသည် ။ ရွာမှ မြိုင်သာယာသို့ လာတိုင်း စက်လှေစီးရတတ်သည် ။ သူငယ်တန်းကတည်းက မြိုင်သာယာက ကြီးကြီးအိမ်မှာ နေရင်း ကျောင်းတက်ရတာမို့ ငြိမ်းသည် ရွာက အခြားကလေးများ နှင့် ယှဉ်လျှင် မြိုင်သာယာဆိပ်ကမ်းနှင့် ရင်းနှီးကျွမ်းဝင်ရသော အကြိမ်အရေအတွက် ပိုမိုခဲ့ပေသည် ။

နှစ်နာရီကျော်ကျော်မျှ မြစ်အဆန်ခရီးကို ဖြတ်လာရသည် ။ ထို့နောက်မှာ တော့ ကုက္ကိုပင်ကြီးများ စီတန်း ဆိုင်းညို့နေပုံ မြင်ရလျှင် မြိုင်သာယာရောက်ပြီဟု အလိုလို သိနိုင်သည် ။ ပစ္စည်းသိမ်းသူ သိမ်းကြသည် ။ တလှုပ်

လှုပ် ဖြစ်ကြသည် ။ ငြိမ်းမှာ တော့ ကလေးမျှသာမို့ ဘာဝန်မှ မပါ။ ဆောင်းလာသော ဦးထုပ်၊ စီးလာသော ဖိနပ်တို့ ကို မပျောက်မရှ ယူလာဖို့ သာ တာဝန်ရှိသည် ။

မြို့ရှုခင်းကို မြင်လျှင်မြင်ချင်း စက်လှေဝမ်းထဲ ဆန်အိတ်၊ ပဲအိတ်များ ပေါ် ထိုင်နေရာက ဟေးခနဲ အော်ကာ မတ်တတ်ရပ်လျှင် ငြိမ်းထက်အသက် နှစ်နှစ်ကြီးသော၊ ဆရာလုပ်ချင်မြဖြစ်သော ကိုကိုက လက်ဆွဲကာ အထိုင်ခိုင်းတတ်သည် ။ စူစူအောင့်အောင့်နှင့် ထိုင်ချလိုက်ရသော်လည်း မြို့ကို အကြည့်လွှဲသည် မရှိ။ ရွာကို ၊ အမေ့ကို လွမ်းသော စိတ်သည် လည်း ကြက်ပျောက်ငှက်ပျောက် ပျောက်ရပြီ။

သူတို့ ရွာလိုပင် ဧရာဝတီမြစ်အထက်ပိုင်း၊ မြစ်အောက်ပိုင်းက ရွာများ ၊ မြစ်ငယ်၊ ချောင်းငယ်တစ်ဝိုက်က လာသော စက်လှေများ ၊ မေ့များ သည် ဆိပ်ကမ်းတစ်ဝိုက်တွင် နေရာယူရောက်ရှိကြပေသည် ။ ခရီးသွားများ ဈေးသည် ဈေးဝယ်တို့ သည် ဝန်စည်စလယ်တို့ ကို သယ်ကာ စက်လှေချင်း ကူး၍ ကမ်းသို့ ဆင်းကြသည် ။ ရေပြင်က တလှုပ်လှုပ်မို့ လူတို့ သည် လည်း ယိမ်းယိမ်းယိုင်ယိုင်။

စက်လှေတစ်စီးပေါ်မှ နောက်တစ်စီးပေါ်သို့ ကူးပြောင်းရတာကို ငြိမ်း သဘောကျလှသည် ။ စိတ်လှုပ်ရှားဖို့ အင်မတန်ကောင်းမှာ ပဲဟု ကလေးပီပီ စမ်းသပ်ချင်စိတ် ပေါက်ရသည် ။

သို့သော် ငြိမ်းမှာ အဖေ ပွေ့ချီသော လက်များအားဖြင့်သာ ကမ်းပေါ် ရောက်ရပါသည် ။ ကိုကိုသည် လည်း အဖေ့ အပွေ့အချီက မလွတ်။

တစ်ကြိမ်တော့ ငါ့ဘာသာငါ ဆင်းဦးမည်ဟု ငြိမ်းက တွေးထားမြဲ။

မြင်းသာယာကမ်းကို နောက်ဆုံးအကြိမ် ရောက်တုန်းကတော့ အဖေသည် ပစ္စည်းများ လှတာမို့ ငြိမ်းကို လှည့်မကြည့်အား။ အမေသည် လည်း ထိုနည်းလည်းကောင်း။

ငြိမ်းသည် လူကြီးများ အလစ်မှာ ငေါက်ခနဲ ထကာ အဒေါ်ကြီးတစ်ဦးနောက်စက်လှေပေါ် လွှားခနဲ တက်လိုက်သလို တက်ဖို့ ပြင်သည် ။ ကိုကိုက အချိန်မီ မြင်ကာ 'ဟဲ့- မိငြိမ်း'ဟု လက်ဆွဲ၍ အထိုင်ခိုင်းသည် ။

ငြိမ်းသည် စူအောင့်နှုတ်ဆိတ်ကာ ဆိပ်ကမ်းကို ငေးနေခဲ့သည် ။ ဟိုယခင် ကျောင်းဖွင့်ချိန်၊ ကျောင်းပိတ်ချိန် ပြန်ရသလို၊ ဆိပ်ကမ်းကို တွေ့ရသလိုလည်း မဟုတ်။ ဦးနှောက် သေးသေးလေးနှင့် မလိုက်ဖက်အောင် မွှေးမြရာ များ လှသည် ။ စက်ရှေ့နှင့် သပ်ယပ်သော ပစ္စည်းတို့ ကို မင်းကုန်းက သင်္ဘောပေါ် တင်ကြဦးမည်တဲ့ ။ မန္တလေးကိုသွားမည်တဲ့ ။ နောက်တော့မှ ခရီးဆက်မည်တဲ့ ။

'ရွာကို ပြန်မလာတော့ဘူးလားဟင်၊ ဘာဖြစ်လို့ ပြောင်းမှာ လဲဟင်' အိမ်မှာ ပစ္စည်းများ ထုပ်ပိုး သိမ်းဆည်းကြသည့်တစ်နေ့က ငြိမ်း စပ်စပ် စပ်စပ် ဆိုတော့ အဖေသည် စိတ်မရှည်နိုင်စွာ 'ငါလေ ' ဟု အစချီလျက် အောက်ငေါက်ဖို့ ပြင်သည် ။ အမေသာ ဝင်မပါလျှင် ထုံးစံအတိုင်း ငြိမ်း အငေါက်ခံရဦးမည်။

မသိလို့ မေးတာကိုများ အဖေက စိတ်ဆိုးစရာလား....။ မကျေနပ်စိတ်ကို မမြင်ကွယ်ရာ ခြေဆောင့်ခြင်းဖြင့်သာ ပြရသည် ။

လူကြီးများ သည် သူတို့ လုပ်ချင်ရာ စိမ်သမျှ ကလေးတို့ ကို အသိပေးရုံသာ ပေးတတ်လေသည် ။ ကလေးတွေ လုပ်ချင်သလား၊ မလုပ်ချင်ဘူးလားဆိုတာ ဘာကြောင့် မမေးတတ်ပါလိမ့်။

ဥပမာ- ငြိမ်း ဆိုပါစို့…။ ရွာမှာ ပဲ ကျောင်းနေချင်စိတ်ရှိသော်လည်း နေခွင့်မရ။ ဟော … မြို့မှာ ဒုတိယတန်းအထိ တက်ပြီးချိန်၊ သူငယ်ချင်းများ နှင့် ပျော်တတ်ချိန်မှာ တော့ နောက်တစ်နေရာကို ပြောင်းရဦးမည်တဲ့ ။ 'ငြိမ်း မပြောင်းချင်ဘူး အမေရယ်' ဆိုတော့ အမေသည် ငြိမ်း၏ ဆံစလေးများကို သပ်မြဲလို သပ်ကာ သက်ပြင်းရှိုက်လေသည် ။

ငြိမ်းသည် ဆိပ်ကမ်းကို ငေးကာမျှော်ကာ ခြေထောက်များကို တလှုပ်လှုပ် ပြုနေသည် ။

မနေ့တစ်နေ့ကမှ အသစ်ရသော လက်ပတ်နာရီကို တငုံ့ငုံ့ တကြည့်ကြည့် လုပ်နေသည့် ကို ကို့ဘက် လှည့်ကြည့်သည် ။

"ကိုကို ….. ငါတို့ မြိုင်သာယာမှာ နေခဲ့လို့ မရဘူးတဲ့ လား ဟင်"

"ဘာလုပ်ဖို့ နေခဲ့မလဲဟ၊ နင် နေခဲ့ချင်လည်း အဖေ့ကို သွားပြောပေါ့"

"ဟာ ….. မပြောရဲပါဘူး၊ ကိုကို ပြောပေးပေါ့၊ အဖေက ကိုကို့ကို ပိုချစ်တဲ့ ဟာ"

"ပြောပါဘူး၊ အဖေက လုပ်ဆို လုပ်လိုက်ပေါ့၊ ဘာပြောစရာ လိုလို့ လဲ၊ နင် အဲဒီလို စကားတွေများ လို့ အဖေ ခဏ ခဏ ဆူတာ သိလား၊ တိတ်တိတ်နေ ဟိုမှာ လူကြီးတွေ အလုပ်များ နေတဲ့ ဟာ၊ ပြီးရင် စက်လှေပေါ်က ဆင်းရင်လည်း အဖေ လာချီတာ စောင့်၊ နင့်

ဘာသာ မဆင်းနဲ့ ကြားလား"

ကိုကိုက တကယ့်အဖွဲ့သားပဲ .....။

ငြိမ်းသည် လှုပ်ယမ်းနေသော ခြေကလေးကို လေထဲမှာ ပင် တစ်ချက်ဆောင့်လိုက်သည်။ နောက်တော့ ကုက္ကိုင်ပင် စိမ်းရင့်ရင့်ကို မော့ကြည့်သည်။ အရွက်စိမ်းတို့ အကြားမှ ပန်းနုရောင် ပန်းပွင့်လေးများမှာ တလှုပ်လှုပ် တလဲ့လဲ့။

သူငယ်တန်းမှ ဒုတိယအတန်းအထိ ကျောင်းတက်ခဲ့ရာ မြို့သာယာ အမှတ် (၂) အလယ်တန်း ကျောင်းဝင်းကြီးထဲက ကုက္ကိုင်ပင်များကိုပင် ငြိမ်း သတိရလာသည်။ သည် နှစ်တော့ သူတို့ နှင့် တွေ့ရတော့မှာ မဟုတ်။

အင်းလေ ... ကုက္ကိုင်ပင်ချင်းတူတော့ သူတို့တွေ အမျိုးတော်ကြမှာ ပဲ ...။ ငြိမ်း ဒီနှစ် ကျောင်းမှာ ရှိတော့မှာ မဟုတ်ဘူး ၊ ပဲခူးဆိုတဲ့ မြို့ကြီးက အမေ့ရွာကို ပြောင်းသွားပြီလို့ ပြောပေးပါလား ကုက္ကိုင်ပင်ကြီးရယ် ...။

နွေလေတစ်ချက် ဝှေ့လျှင်တော့ ကုက္ကိုပင်ကြီးသည် သူ့ထံ ငေးမောနေသည့် ရှစ်နှစ်အရွယ် ကလေးမလေးအား အကိုင်းအခက်တို့ ကို ဝှေ့ကာ ယမ်းကာ နှုတ်ဆက် လိုက်လေသည်။

***

ငြိမ်းသည် ခန်းဆီး မရှိသော ပြတင်းမှ ဟင်းလင်းပွင့် မြင်ရသည့် အပြင်ဘက်မြင်ကွင်းမှ ဗာဒံပင်ကို ငေးနေသည်။ စိမ်းမြသော၊ နီမောင်းသော သစ်ရွက်တို့သည် ပန်းချီကားတစ်ချပ်၏ ဘောင်များ လို တိ

ကျသေသပ်နေသည့် ပြတင်းဘောင်အတွင်း
လှပစွာ ရောစပ် ထင်းလင်းလျက်ရှိသည် ။ ည
နေ နေခြည်သည် ဗာဒံရွက်တို့ ပေါ် ခပ်ရိပ်ရိပ်
ဖြာကျလျက်။

ထိုညနေ နေခြည်မှာ ဘဝကို မြင်လေသည်
။

ငြိမ်းတို့ သည် မြိုင်သာယာက ပြောင်းစနှစ်
များ ၌ ပဲခူးက အမေ့ရွာ သရက်တန်းမှာ အခြေ
ချရသည် ။ သရက်တန်းမှာ ပင် ငြိမ်းတို့ မောင်
နှမ ကျောင်းဆက်နေရပါသည် ။

အဖေသည် အမေ့မိဘဘက်က အမွေရ
သော ဥယျာဉ်ခြံကိုဆက်လုပ်သည် ။ ညောင်ပ
င်သာမှာ တုန်းကလိုပင် မြေယာအရောင်းအဝ
ယ်လည်း လုပ်သည် ။ ငွေတိုးလည်း ပေးသေး
သည် တဲ့ ။ အဖေ့မှာ တစ်နေ့တစ်နေ့ အားလပ်
သည် မရှိ။ အိမ်မှာ ရှိလျှင်လည်း ခပ်မှုန်မှုန် မျ
က်နှာကိုသာ တွေ့ရတတ်သည် ။ လေးဘောင့်
မကျတကျ မျက်နှာထက်က မျက်ခုံးထူတို့ မှာ
အစဉ်သဖြင့် ကျုံ့နေသလို ထင်ရကာ နှုတ်ခမ်း
ပါးတို့ မှာ တင်းတင်းစေ့နေတတ်သည် ။

ကိုကိုနှင့်ပင် ညောင်ပင်သာမှာ တုန်းကလို
ရောရောထွေးထွေး မရှိလှတော့။ ငြိမ်းနှင့်
တော့ ပို၍ ပင် စိမ်းသက်လာသေးသည် ။

ငြိမ်းသည် ငယ်ကတည်းက အဖေနှင့် မနီးစ
ပ်လှတာမို့ ထူး၍ ဝမ်းနည်းမနေပါ။ အမေ့ကို
သာ တိုး၍ ကပ်ရပါသည် ။ နေရာသစ်မှာ ရ
သော အပေါင်းအသင်းများ နှင့်
ကစားနည်းပေါင်းစုံ မရိုးနိုင်အောင် ဆော့က
စားသည် ။ ညောင်ပင်သာနှင့် သစ်ရိပ်ဝါးရိပ် ရှိ
တာချင်း တူသော၊ မြေနေရာ ကျယ်လွင့်သော

သရက်တန်းမှာ ပျော်တတ်လာပါသည် ။

ရံဖန်ရံခါတော့လည်း 'ပျော်ရာမှာ မနေရ' ဆိုသော စကားမှာ ငြိမ်းအတွက် သီးခြား ဖြစ်တည်လာသလိုတည်း။ ပျော်ပိုက်ခဲ့ပြီးမှ နေမြဲနေရတော့မည်ထင်သည့် သရက်တန်းကိုလည်း အချိန်တန်တော့ ခွဲခွာရပြန်သည် ။ အဖေသည် မြေယာ တချို့တစ်ဝက်ကို ရောင်းချ၊ အချို့ ချန်လှပ်ကာ ဥယျာဉ်ခြံကိုတော့ အမေ့ မောင်ဝမ်းကွဲနှင့် စပ်တူလုပ်ကိုင်ရန် စီမံကာ ရန်ကုန်ကို နောက်ဆုံး အခြေချမည့် နေရာအဖြစ် ရွေးလိုက်တော့သည် ။

ငြိမ်းတို့ သည် လည်း မငြင်းမဆန် အဖေ့နောက် လိုက်ပါရမြဲ ထုံးစံအတိုင်း ရန်ကုန် ရောက်လာရပြန်သည် ။ ခြံဝင်းကျယ်များ တွင်နေသားကျနေရာက တိုက်ခန်းကို အံမ်လုပ်ရသည် ။ ကျဉ်းကျပ်သည် ၊ မနေပျော် စသဖြင့် ငြိမ်းထုတ်မပြောသာ။ ပြောလည်း အဖေက အရေးလုပ်လိမ့်မည် မဟုတ်။ အမေနှင့် ကိုကိုက တစ်ခွန်းမဟမှ တော့ အငယ်လုပ်သူက နှုတ်ဆိတ်နေခဲ့ရတော့သည် ။

ငြိမ်းသည် 'ဗာဒံပင်တွေရှိလို့ သာ ဒီအခန်းကို သဘောကျတာ၊ နို့မို့ဆို ဝေးပါသေးရဲ့ ' ဟု ဝရန်တာက ထွက်ကြည့်လျှင် မြင်ရသော သစ်ပင်ကိုပင် လူလုပ်တာ တိုင်တည် စကားဆိုခဲ့ရသည် ။ ဝရန်တာသည် အိမ်တွင် တစ်ခုတည်းသော ငြိမ်းပျော်ပိုက်ရာ နေရာ။

ကိုကို အိမ်ထောင်ကျကာ ခွဲနေတော့လည်း ကိုကို့အိမ်သည် ဗာဒံပင် ရိပ်မိုးသော အခန်းပါပဲ။ ငြိမ်းကလည်း ခုလို အကြောင်းကိစ္စ တစ်ခု

ခနှင့် ကိုကို့ငှအခန်းဆီ ရောက်လာတိုင်း ဗာဒံပ င်ကို မျက်နှာချင်းဆိုင် မြင်ရသည့် ဆိုဖာထက်မှာ သာ အမှတ်မထင် နေရာယူမိမြဲပါပဲ။

"ဆောရီး ငြိမ်းရေ၊ ရေချိုးပြီးရင် သနပ်ခါးက လိမ်းကို လိမ်းရမျလို ဖြစ်နေတော့ စောင့်ခိုင်းသလို ဖြစ်သွားတယ်"

ကိုကို့ဇနီး မမစိုးသည် ဝင်းဝါစိုပြည်သော မျက်နှာထက်ဝယ် သနပ်ခါး လှလှပပ လူးကာ တန္ဓဲ့နွဲ့ လျှောက်လာပါသည် ။ သနပ်ခါးမှာ မခြောက်တခြောက်။ ရနံ့က ခပ်သင်းသင်း။ အမေ့ထံက ရမြဲ ရနံ့ပေ။

"ရပါတယ် မမစိုးရဲ့ ၊ ငြိမ်းလည်း စာသင်ပြီး အပြန် ဝင်တာပဲဟာ၊ အိမ်ကိုလည်း ဒီဝင်ဦးမယ်လို့ ပြောထားပြီးသား"

"လူကြီးက မနေ့က ရောက်တယ်လေ၊ အခုက မမကိုယ်တိုင်လာပို့ မလို့ ပဲ၊ ဒါပေမဲ့ သမီးက နေသိပ်မကောင်းချင်တာနဲ့ "

"အခု ဘယ်လို နေသေးလဲ၊ သက်သာပြီလား ဟင်"

"ခုတော့ အိပ်နေသေးရဲ့ ငြိမ်းရယ်၊ အပူတော့ ကျပါပြီ၊ ကိုယ်ပူနေတုန်းများ ဆို တစ်နေကုန် တအီအီနဲ့ မမမှာ သူ့အနားပဲ နေရတာ၊ ပျောက်ရင် ရှာရှာအဖေ့လည်း ပြောလိုက်ပါဦး၊ မီးမီး နေကောင်းတော့မှ အိမ်ဘက် လာခဲ့မယ်လို့ ၊ မြေးအဘိုးတော် တွေ့ရအောင်"

မမစိုးသည် ပြောပြောဆိုဆိုပင် အသင့်ပြင်ထားဟန်တူသော အထုပ်အချို့ကို အခန်းထောင့်ရှိ စားပွဲပေါ်က ယူချလာသည် ။ သေသေသပ်သပ် ထုပ်ပိုးထားသော သည် လို အထုပ်ငယ်တို့ ကို လူကြုံရှိလေတိုင်း စက်ာပူမှ ကိုကို

လှမ်းပို့တတ်ပါသည် ။ အဖေ့အတွက်၊ ကြီးကြီး အတွက် စသည် ဖြင့် ခေါင်းစဉ်များ နှင့် ဖြစ်သ ည် ။ ငြိမ်းအတွက်တော့ ပါခဲ့တယ် ဆိုရမည်။

"တစ်ထုပ်၊ နှစ်ထုပ် .... အင်း.... ဟုတ်ပါတ ယ်၊ ဒါပါပဲ၊ လူကြုံအပြန်ကျတော့ မမပဲ ထည့် ပေးလိုက်တော့မယ်၊ ဘာမှ လုပ်မနေနဲ့ လို့ ကြီးကြီးကို ပြောလိုက်ဦး"

"ပြောမှ ပဲ၊ နို့မို့ဆို လူကြုံရှိတယ်ကြားရင် လက်က လှုပ်ချင်နေတာ"

မမစိုးသည် ခပ်တိုးတိုး ခပ်ရွှင်ရွှင် ရယ်မော လိုက်သည် ။ အနည်းငယ်ဝဖိုင့်ချင်သော ခန္ဓာ ကိုယ်ကို တအိအိ သယ်ကာ မီးဖိုခန်းထဲ ချက်ပြုတ်လုပ်ကိုင်နေရမှ စားဝင်အိပ်ပျော်တ တ်သော ကြီးကြီး၏ အသွင်ကို ပြေးမြင်လိုက်ပုံ ရလေသည် ။

"သြော် ငြိမ်း ကိုကိုနဲ့ ဖုန်းပြောဦးမလား၊ ဒီ အချိန်ဆို လိုင်းသုံးနေလောက်တယ်။ မမလည်း ပြောစရာရှိလို့ ခေါ်မလို့ ပဲ"

"ဟုတ် ...."

ငြိမ်းသည် မမစိုး သူ့ရှေ့မှာ ထရပ်လိုက်ပုံ၊ အိပ်ခန်းတွင်း ဝင်ပုံကို တစ်ခုချင်း လိုက်ကြည့် နေသည် ။ နောက် ဗာဒံရွက်ပန်းချီကားဆီ လှ မ်းငေးသည် ။သို့သော် သစ်ရွက်တို့ ကို မမြင်သ လိုလို။

သည် အစား မျက်နှာတစ်ခုကိုသာ ဘာကြောင့်မှန်းမသိ မြင်ပြန်သည် ။

ပြီးခဲ့သည့် နှစ်ရက်ကမှ အမှတ်မဲ့ ဆုံရသော အမျိုးသမီး၏ မျက်နှာကို မြင်သည် ။ အနည်းင ယ် သွယ်လျသော မျက်နှာထက်က အေးစိမ့်စိမ့် မျက်ဝန်းများ ။ မျက်တောင် ကော့ကော့၊ မျက်

ခုံး စင်ရော်တောင်နှင့် ပင်ကို လှပါလျက် နွေး ထွေးခြင်း အရိပ်အယောင် အနည်းငယ်ပင် မစွက်သော စူးလက်လက် မျက်ဝန်းများ ။ နှုတ်ခမ်းများက မပြုံးမရယ် ရှိချိန်မျိုးမှာ တင်းတင်းစေ့စေ့။ မမသက်နှင့် သက်တူရွယ်တူပေမယ့် မမသက်ထက်ပို၍ ရင့်ရော်ပုံရသူပေ။

အသက် ၃၄ နှစ်ဆိုတော့ ငြိမ်းထက် ၁၀နှစ်၊ ကိုကို့ထက် ရှစ်နှစ် ကြီးသူ၊ ဒီတစ်ရွာတည်းသူကို ကိုကိုများ သိနေလေမလား ...။

ကြည့်စမ်း ....။ သည် ကြားထဲ ကို့ကို့ဆီ ဆက်သွယ်ဖို့ မေးဖို့ ဘာကြောင့်များ စိတ်ကူး မရခဲ့တာပါလိမ့်။

ငြိမ်း၏ ဦးနှောက်ထဲဝယ် စကားလုံးများ သူ့ထက်ငါ အလုအယက် တိုးထွက်တော့မလို ထင်ရပါသည် ။ ရင်သည် မသိမသာ ခုန်လှုပ်လျက်။

"ဟော .... ရပြီ ငြိမ်းရေ၊ ကိုကြီး ... ကိုကြီးရေ ၊ဒီမှာ ငြိမ်းရောက်နေတယ်၊ပြောလိုက်ဦး"

ငြိမ်းသည် မမစိုးထံက ဖုန်းကို လက်လွှဲယူသည် ။

အဖေနှင့် ကြီးမေတို့ သာကြောင်း မာကြောင်း စကားစမြည် ဆိုရသည် ။ ဖုန်းကို လက်နှင့် တင်းတင်းဆုပ်ထားသည် ။ ချွေးစေးပြန်စပြုလာသည် ။ ဆံပင်ကို လက်နှင့် သပ်မိသည် ။ တံတွေးတစ်ချက် မျိုချသည်။ တစ်ဖက်က စကားအရပ်တွင် 'ကိုကို၊ ငါ မေးစရာ ရှိလို့ ဟု ကမန်းကတန်း ဆိုမိပါသည် ။

"ဘာတုံးဟ၊ ဘာမေးမတုံး မေး"

"ကိုကို နင် မကြည်ပြာဆိုတာကို သိလား

ဟင်၊ ငါတို့ ညောင်ပင်သာကပဲတဲ့ "

"မကြည်ပြာ"

ကိုကို ခဏမျှ ငြိမ်လျှင် ငြိမ်းသည် မျက်နှာချင်းဆိုင်မှာ ထိုင်နေသော မမစိုးထံ အမှတ်မထင် အကြည့်ရောက်သည် ။ စူးစမ်းသော မျက်လုံးအစုံကို မြင်သည် ။ အမျိုးသမီးတစ်ယောက်၏ အမည်ကို ကိုကို သိ၊ မသိ မေးမိလို့ များ လား။ သည့်ထက် ပိုသလား။ ယောက်မ ဆိုပေမယ့် သူစိမ်းမျှသာ ဖြစ်သော အမျိုးသမီးတစ်ဦးရှေ့ အိမ်တွင်းရေးစကားတို့ ကို ဘယ်လို ဆိုရမည်နည်း။

ငြိမ်းသည် လွတ်နေသော လက်တစ်ဖက်ကို ဆုပ်ချည် ဖြန့်ချည် ပြုရင်း မမစိုးကို တစ်ချက်ပြုံးပြမိပါသည် ။

"မကြည်ပြာ ..... မသိပါဘူးဟာ၊ ဘာဖြစ်လို့တုံး"

"ဩော် .... ဟိုတစ်နေ့က မမသက်တို့ ၊ ဥက္ကာတို့ အိမ်က အလှူမှာ တွေ့ခဲ့လို့ ၊ ငါတို့ ညောင်ပင်သာက ဆိုပေမယ့် ငါ သူ့ကို မသိဘူး ကိုကိုရဲ့ ၊ အင်းလေ .... ကိုကိုလည်း ဘယ်သိမှာ လဲ၊ ငါတို့ က ရွာမှာ ကျောင်းနေရတာမှ မဟုတ်တဲ့ ဟာ"

"အေးလေ"

ကိုကိုသည် စိတ်မဝင်စားဟန်နှင့် စကားမဆက်။

"ဘာရယ် မဟုတ်ပါဘူး ကိုကိုရာ၊ ငါ ဒီလိုပဲ ကြုံလို့ မေးကြည့်တာ ပါ"

"နင်ကလည်း အသက်သာ ကြီးလာတယ်၊ မေးခွန်းတွေက များ တုန်းပဲ"

ဟု ကိုကိုက ရယ်မောနေသည် ။

ငြိမ်းသည် မမစိုး၏ မသိမသာ စူးစမ်းမြဲ စူးစမ်းသော မျက်ဝန်းများကို ရိပ်ခနဲ မြင်လျှင် 'အဖေ့ကို သူ သိတယ် ကိုကိုရဲ့ ၊ သိတာမှ ပုံမှန်သိတာမျိုးတောင် မဟုတ်ဘူး ' ဟု ဆက်လိုသော စကားလုံးတို့ ကို မျိုသိပ်လိုက်ပါသည် ။ရှိပါစေတော့လေ ….။

နေကောင်းအောင်နေဦး …. ။ ကိုကို့ကို အဆုံးသတ် နှုတ်ဆက်စကားဆိုကာ မမစိုးထံ ဖုန်းကမ်းပေးလိုက်သည် ။

ထို့နောက်တော့ ငြိမ်းသည် မမစိုး ဘာဆက်ပြောနေသလဲ မသိ။ နား မစွင့်နိုင်။ နားလည်း မစွင့်လိုတော့။ ဗာဒံရွက်များ ထံသို့သာ ဝေဝါးသော အကြည့်များ နှင့် ငေးမြဲ ငေးနေလေသည် ။

***

ငြိမ်းသည် မျက်လုံးအစုံကို ဖိမှိတ်လိုက်သည် ။ အမြင်အာရုံ ရပ်သည့် နောက်ဝယ် အကြားအာရုံတို့ က တရိပ်ရိပ် ဆက်လာပါသည် ။ သစ်ရွက်လေတိုးသံ တရှဲရှဲ၊ ကျေးငှက်အချို့၏ ကျည်ကျာ မြည်သံ၊ သစ်ရွက်ခြောက်တို့ လေအတိုးနှင့် ရှပ်တိုက်ပြေးလွှားသံ၊ တေးသီချင်းသံ တစ်စ။

လှုပ်ခုန်နေသော နှလုံးက တစ်စစ ငြိမ်သက်လာသလို ခံစားရသည် ။ သစ်ရွက်နှင့် အေးမြသော ခြံ၏ ဝန်းကျင်သည် စောစောက လှုခေါ်ခေါင်းလောင်း မလှုပ်ခတ်မီ ငေးခဲ့ဖူးသလို စိတ်မြင်လွှာမှာ အရိပ်ထင်လာသည် ။

"ဟော..ငြိမ်းပါလား ၊ မနက်ကတည်းက

ရောက်မယ် ထင်နေတာ"

ရွှင်သောအသံကို ကြားလျှင်တော့ မျက်လုံးကို ဖျတ်ခနဲ ဖွင့်လိုက်သည် ။ မသက်သည် အပြုံးမျက်နှာနှင့် အိမ်တံခါးဝမှာ ပေါ်လာပါသည် ။

ငြိမ်းသည် မလိုအပ်ပါဘဲ နေရာပြင်၍ ရပ်မိသည် ။ အင်္ကျီစကို ဆွဲဆန့်၏။ ဆံပင်သပ်၏။ မျက်နှာဝယ် အပြုံးတစ်စ အားတင်း၍ ဆင်ကာ မမသက်လမ်းလျှောက်လာပုံကို လှမ်းကြည့်နေပါသည် ။

မမသက်၏ ပြည်သော ကိုယ်နေဟန်မှာ သူမောင် ဥက္ကာ စနောက်တတ်သလိုဆိုလျှင်ဖြင့် ဘောလုံးကလေး လိမ့်လာသလိုတည်း။ ငြိမ်း၏ အမြင်မှာ တော့ ထိုဟန်ကလေးကိုက ချစ်စဖွယ်ဖြစ်သည် ။ မျက်နှာဝိုင်းဝိုင်း မျက်လုံး လှလှဆိုသော ဝိသေသများ ပိုင်ဆိုင်သူ။ အစဉ်ငယ်ပြုံးပြုံးမြမြ တွေ့ရပုံကပင် အစ်မ တော်သော ငြိမ်းအတွက် အစ်မတစ်ယောက် ကောက်ရသလို ခံစားရစေသည် ။ သူငယ်ချင်း၏ အစ်မမို့ ဆိုတာထက် ချစ်စိတ်က အလိုလို အရင်းခံရပါသည် ။

ငြိမ်းမို့ အသံမကြား ဘာမကြား ပျောက်နေပြီဆို ဥက္ကာက မပူပင်တတ်။ မမသက်ကသာ ကြောင့်ကြောင့်ကြကြ ရှိတတ်သည် ။ မရအရ ဆက်သွယ်တတ်ပါသည် ။ အမေ မရှိသည့်နောက် ဆွေမျိုးများများ ထက် ကျော်ကာ ရင်းနှီးကျွမ်းဝင်မိသူကို ပြပါဆိုလျှင် မမသက်ကိုသာ ငြိမ်း ညွှန်းမိပေမည်။

မနေ့က ငြိမ်းဖုန်းဆက်စဉ် မမသက်၏ ရွှင်သော အသံကို ဦးစွာ ကြားရသည် ။ ငြိမ်း၏ စ

ကားကို ကြားလျှင်တော့ အံ့အားသင့်ဟန်။

သူတို့ မိသားစု အလှူနေ့ကမှ စားပွဲတစ်ဝိုင်းတည်း အမှတ်မဲ့ ဆုံကြရသော သူ့သူငယ်ချင်း၊ ငြိမ်းအတွက်တော့ သူစိမ်းမျှသာ ဖြစ်သူကို ဘာကြောင့် တွေ့လိုသနည်းဟု စိတ်ဝင်စားဟန်ကို လေသံနှင့်ပင် ခံစားသိသည် ။ သို့သော် 'ငြိမ်းတို့ က ဇာတိတူတယ် မမသက်ရဲ့ ၊ အမျိုးတွေအကြောင်း မေးချင်တာလေး ရှိလို့ ' ဆိုသော စကားတစ်ခွန်းနှင့်ပင် ' လာပေ့ါကွယ်၊ မမသက် ပြောထားပေးပါ့မယ်' ဆိုခဲ့သူပေ။

ငြိမ်းသည် နှာသီးဖျားက တိုးဝင်သော လေကို ရှူရှိုက်ရုံနှင့် မဝမလင် ရှိလာသလို နှုတ်မှ တစ်ချက် ရှူသွင်းလိုက်ပါသည် ။ ခြံတံခါးဝနှင့် မမသက်နီးကပ် လာလေလေ စောစောက ငြိမ်းသက်သော ရင်က တိုးကာ ခုန်လေလေ။

မမသက်သည် 'မနက်ကတည်းက လာတာ မဟုတ်ဘူး ကွယ်၊ နေ့ခင်းနေက ပူကပူနဲ့ ၊ ထီးမဆောင်း ဘာမဆောင်း' ဟု နှုတ်မှ တရှုရှု ပြောရင်း ခြံတံခါးသော့ဖွင့်သည် ။

မမသက်၏ မျက်နှာမှာ တွေ့မြဲလို ကြည်လင်နေပါသည် ။ ငြိမ်း အကဲခတ်မိသလောက်တော့ မကြည်ပြာသည် ငြိမ်းနှင့်ပတ်သက်၍ မမသက်ထံ တစ်စွန်းတစ်စ ဖွင့်ဟခဲ့ပုံ မရချေ။ ဖုန်းပြောရစဉ်တုန်းကလည်း ကြားနေကျလေသံ ၊ ခုလည်း ပဲ တွေ့နေကျမျက်နှာ၊ ရင်းနှီးသော စကားဆိုဟန်။

"မကြာပြာ .... မကြည်ပြာ ရှိတယ် မဟုတ်လားဟင်"

ရိုးစင်းသော သည် အမည်ကို နှုတ်က တိုး

ထွက်ဖို့ ရန် ငြိမ်း အတော်ကြိုးစားရသည် ။ အ သိရခက်သော ကန်ရေပြင်ပမာ ငြိမ်းသည့် မျက်နှာကိုလည်း တစ်လက်စတည်းကို မြင်ယောင်မိသည် ။ မကြည်ပြာ ... မကြည်ပြာတဲ့ ။

သူ့ကို တွေ့စမှာ ပင် ဘာမှန်းမသိသည့် စိတ်ခံစားမှုတစ်ခုက ငြိမ်းကို တရိပ်ရိပ် လွှမ်းခဲ့ဖူးပြီ ။ ခုချိန်ထိလည်း ရေခဲပြင်နှင့် ထိတွေ့ရတော့မလို အေးစိမ့်စိမ့် ခပ်ဆန်းဆန်း သိမှုအရိပ်သည် လူကို ဖိစီးမြဲ။

တစ်ဖက်လူ ပြုံလဲ့ရှိုက်ငင်ရသည့် စကားလုံးတို့ ကို မာကျောကျော အလွှာတစ်ခု ဖုံးအုပ်သော မျက်နှာပေး၊ သွေးအေးအေးအသွင်နှင့် ဆိုခဲ့သော အမျိုးသမီးသည် ခုလည်း ဘယ်လို ဘယ်ပုံမျက်နှာမူရာမျိုးနှင့် ငြိမ်းအား စောင့်ကြိုနေမည်နည်း။ ဘယ်သို့သော စကားလုံးများ နှင့် ထပ်မံထိုးနှက်ဦးမည်နည်း။ သူ့အသံ၊ သူ့ဟန်တို့ ကို ပြန်တွေး၍ မြင်ကြားလျှင်ပင် ပူလောင်မွန်းကျပ်လှသော စိတ်အလျဉ်သည် ငြိမ်းအား ရစ်ပတ်မြဲ။

ကြောက်စိတ်လား ဆိုတော့လည်း မဟုတ်ပါ။ သူ့ကို ကြောက်စရာအကြောင်းတရား ငြိမ်းမှာ မရှိ။ ငြိမ်း၏ မိသားစုဝင်တွေမှာလည်း မရှိ။ မရှိဟု ငြိမ်း ယုံသည် ။ စွပ်စွဲစကားမှုနှင့် ထိတ်လန့်ထွက်ပြေးလိုစိတ်ရှိလျှင် သည်နေရာရောက်အောင် လာခဲ့မှာ မဟုတ်ပါ။ ဒါဖြင့် ဘာခံစားမှုများ ပါလိမ့်။

"အဲဒါ ပြောမလို့ ငြိမ်းရေ ၊ မနက်ကတင်ပဲ ဟို ... သူ့မောင်လေး မွေးနေ့မို့ ဘုရား သွားချင်သတဲ့ ။ ရွှေတိဂုံကို ထွက်သွားလေရဲ့ ၊ ညနေ လိုက်ပို့ပါမယ်ဆိုလည်း မရ၊ ကျောင်းတုန်းက

အတိုင်းပဲ စိတ်မြန်လက်မြန်"

ခြံတံခါး ပိတ်နေသော မမသက်ကို ငြိမ်း တွေလျက် ကြည့်နေသည်။ နောက်မှ သတိဝင်လာပြန်သလို -

"ငြိမ်း လာမယ်ဆိုတာ သူ့ကို ပြောထားရဲ့လား မမသက်ရယ်"

"ပြောထားပါတယ် ငြိမ်းရဲ့၊ ငြိမ်း ဖုန်းဆက်ဆက်ပြီးချင်းပဲ မမ ပြောလိုက်တာပဲ"

"အဲဒီတော့ ဘာပြောတုံးဟင်"

"ဘာလို့ တွေ့ချင်တာလဲတဲ့ ၊ အမျိုးတွေအကြောင်း မေးချင်တယ်ဆိုလားလို့၊ အဲဒီတော့ ... အဲဒီတော့ သြော် ... တွေ့ချင်တယ် ဆိုတော့လည်း လာတွေ့ပေါ့လေတဲ့ "

ငြိမ်းသည် အိမ်ဘက်ဆီ ဦးတည်သော မမသက် နောက်မှ တိတ်ဆိတ်စွာလျှောက်လိုက်လာသည် ။ 'သြော်' ဆိုသော အမေဒိုတ်သည် မကြည်ပြာ ပြောခဲ့သော စကားထဲအတိုင်း ဖြစ်ပုံရသည် ။ ငြိမ်း လာတွေ့လိမ့်မည်ဟု သူ မျှော်လင့်ခဲ့မှာ မဟုတ်ပါ။ ထို့အတူ တည်းခိုအိမ်မှ စောင့်မနေဘဲ သူ ထွက်သွားလိမ့်မည်ဟုလည်း ငြိမ်း မထင်မှတ်ခဲ့ပါ။

ငြိမ်းသည် နှုတ်ခမ်းလှုပ်ရုံမျှ ပြုံးလိုက်၏။

သည် ဝင်းခြံထဲ ရောက်လေတိုင်း ခင်ငြိမ်းချမ်းဆိုသော နာမည်နှင့် လိုက်ဖက်စွာ ငြိမ်းချမ်းအေးမြသော စိတ်အာရုံကိုသာ အစဉ်ခံစားရမြဲ။

ခုလည်း အပူနှင့် ဝင်လာသော ငြိမ်းမှာ တစ်ခဏတော့ဖြင့် စိတ်အတင်းလျော့ပါးရသည် ။ သို့သော်လည်း တကယ့်ကို တစ်ခဏမျှသာပဲ။

ဧည့်ခန်းသို့ ဝင်လျှင်ဝင်ချင်း အခန်းထောင့်

တစ်နေရာမှာ ချထားနှင့်သော ခရီးဆောင်အိတ်ကို အမြင်မှာ တော့ လူက လှုပ်ခနဲ ဖြစ်သည်။ မျက်ခုံးတစ်ချက် ပင့်မိသည်။ စလင်းဘက်အိတ် ကြိုးကို ခပ်တင်းတင်း ဆုပ်မိသည်။ မကြည်ပြာက ပြန်တော့မယ်ပေါ့...။

အမေးအဖြစ် ထွက်ကျလုဆဲဆဲ စကားလုံးတို့ သည် 'မိငြိမ်း' ဆိုသော ခေါ်သံကြားမှာ တော့ ကွယ်ပျောက် လျှောကျရပြန်လေသည်။

ဥက္ကာသည် သူ့မူပိုင် ရယ်ကျဲကျဲ အမူအရာနှင့်ပင် အိပ်ခန်းထဲက ထွက်လာသည်။ လက်မှာ တော့ သုံးလက်စဟန်းနှင့် ဖုန်းကို ကိုင်ထားသည်။

"အတော်ပဲ၊ နင်လာတာနဲ့ ၊ ငါ့ကို ကဗျာလေးတစ်ပုဒ်လောက် ရေးပေးခဲ့စမ်းပါဟာ၊ ငါ ပို့စ်လေး ဘာလေး တင်ချင်လို့ ၊ ကောင်မလေးတွေ ဖတ်မိရင် သူရေးသလို၊ ငါရေးသလို ဖြစ်မယ့် ကဗျာမျိုးပေါ့ဟာ၊ နင်က ဖြစ်ပါတယ် လုပ်စမ်းပါ လုပ်စမ်းပါ"

ငြိမ်းသည် မျက်ခုံးအစုံကို တွန့်ချိုးကာ ဥက္ကာထံ ရယ်ရမလိုငိုရမလို မျက်နှာနှင့် ငေးနေသည်။ သက်တူရွယ်တူချင်းပေမယ့် ဥက္ကာမှာ အပူအပင် မရှိ။ မရှိဟု ပင် ငြိမ်း ထင်ပါသည်။ အပူအပင်မရှိရုံမက တစ်ပါးသူ မျက်နှာရိပ် မျက်နှာကဲလည်း တော်ရုံနှင့် ဖမ်းတတ်၊ သိတတ်သူ မဟုတ်။ ခုလည်း ငြိမ်း ရင်ထဲကိုလှမ်းမြင်ဖို့ နေနေသာသာ မျက်နှာအမူအရာပင် အကဲခတ်တတ်ပုံ မပြ။ 'လုပ်စမ်းပါ' ဆိုသော စကားလုံးကိုပင် ထပ်ကျော့နေပြန်သည်။

"ဟဲ့ ... ဟိုမှာ သူများ တကာ မောလာသလား ဘာလားလည်း မသိ၊ ကိုယ် ပြောချင်ရာ

တွေပဲ လျှောက် လျှောက် ပြောနေတာပဲ"

"ဟာ .. မမောပါဘူး မမရဲ့ ၊ သူ့ပုဇွန်တောင်နဲ့ သားတို့ သဃ်န်းကျွန်းက ဘယ်လောက်များ ဝေးလို့ လဲ"

"မမောတောင် အမောဆို့တယ်ဟဲ့၊ ဟိုမှာ သူ တွေ့ချင်တဲ့ ကြည်ပြာက ဘုရား သွားနေတဲ့ ဟာ"

"မကြည်ပြာနဲ့ တွေ့ဖို့ လား၊ ဒါများ ဖုန်းဆက်ပေးလိုက်ပေါ့ မမရဲ့ ၊ ပြန်လာတော့ စောင့်ပြီး တွေ့ပေါ့"

ဥက္ကာသည် ပြောပြောဆိုဆို ဆက်တီတွင် ဝင်ထိုင်၏။ 'ထိုင်လေ နင်ကလည်း ၊ ဧည့်သည် ကြီးကျနေတာပဲ၊ မတ်တတ် မတ်တတ်နဲ့ ' ဆိုတော့မှ ငြိမ်းမှာ ထိုင်ဖို့ ရာ သတိရတော့သည် ။ ဥက္ကာနှင့် မျက်နှာချင်းဆိုင်က ဆက်တီထက် မောပန်းလျှလျှ ထိုင်ချလိုက်ပါသည် ။ မျက်ပုံး အစုံကမူ ခရီးဆောင်အိတ်ရှိရာ တစ်ချက်မျှ ငေးမိသည် ။ မမသက် ဖုန်းဆက်ရန် ပြင်နေပုံကိုလည်း ကြည့်သည် ဆိုရုံမျှ လှမ်းကြည့်မိပါသည် ။

"နင် ဘာဖြစ်နေတာလဲ မိငြိမ်း ဟင်"

"ဘာမှ မဖြစ်ပါဘူးဟယ်၊ မမသက် ပြောတာ မကြားဘူးလား၊ မကြည်ပြာကို တွေ့ဖို့ လာတဲ့ ဟာ မတွေ့တော့ မောတာပေါ့"

"ဒါများ ဟာ"

ဥက္ကာ၏ အာရုံမှာ ခဏချင်းပင် ဖုန်းထံ ရွေ့တော့သည် ။

ငြိမ်းသည် စလင်းဘက်ကြိုးကို လက်မလက်သည်းဖျားနှင့် နှစ်ချက်၊ သုံးချက် ခြစ်လိုက်

သည် ။ အောက်နှုတ်ခမ်းကို တစ်ချက် ဖိကိုက်လိုက်ပါသည် ။

"ဥက္ကာ"

ဖုန်းမျက်နှာပြင်ကို ထိပွတ်နေရာက ဥက္ကာ မော့ကြည့်သည် ။

"နင် မကြည်ပြာနဲ့ ဟိုအရင်ကတည်းက သိလားဟင်"

"ငါ သိတာ မကြာသေးပါဘူး၊ မမနဲ့ တော့ ခင်တာ ကြာပြီပေါ့၊ သူတို့ က မန္တလေးမှာ တက္ကသိုလ် အတူတက်ခဲ့ကြတာ မိငြိမ်းရ"

ငြိမ်းသည် 'မမက ဆယ်တန်းကို မန္တလေးမှာ ဘော်ဒါတက်ပြီး ဖြေတာ၊ တက္ကသိုလ်ကိုလည်း အဘွားအိမ်ကနေ တက်တာဟ၊ မကြည်ပြာကလည်း မန္တလေးမှာ တက္ကသိုလ်တက်တာ ဆိုတော့ အဲဒီမှာ တွေ့ကြတာပေါ့'

ဟု ဥက္ကာဆက်ပြောနေပုံကို နားထဲ ဝင်တစ်ချက် မဝင်တစ်ချက်။ မမသက် ဖုန်းပြောရင်း ခေါင်းတညိတ်ညိတ် လုပ်နေဟန်ကိုသာ စိတ်က လွင့်၍ ပြေး၍ ရောက်ရောက်နေပါသည် ။

"မမ ပြောတာတော့ မကြည်ပြာက သနားစရာ သိပ်ကောင်းတာပဲတဲ့ "

"ဟင် ဟင်"

ငြိမ်းသည် အလန့်တကြား ဖြစ်ရသူကို ဥက္ကာဘက်သို့ ဆတ်ခနဲ ငဲ့ကြည့်လိုက်သည် ။

"သူ့မောင်လေး ဆိုတာလေ မောင်တစ်ယောက်တည်း ရှိတဲ့ ဟာ ဆုံးသွားသတဲ့ ၊ဆုံးတာကလည်း ရိုးရိုး မဟုတ်ဘူး တဲ့ ဟာ၊ သူများ သတ်တာတဲ့ "

**သူများ သတ်တာ ....။**

ငြိမ်းသည် ဥက္ကာအား ပြူးကြောင်သော မျက်လုံးအစုံနှင့် ငေးနေမိသည် ။ ရင်သည် နိမ့်ချည် မြင့်ချည်။ ဆက်တီလက်တန်းကို အမှတ်မထင် ဖိကိုင်လိုက်မိပါသည် ။

'လူတစ်ယောက် ကိုယ့်ကြောင့် သေသွားတာ၊ ကိုယ်ကတော့ ပြစ်ဒဏ်မကျအောင် အေးအေးဆေးဆေး ရှောင်တိမ်းနိုင်ခဲ့တာကို တစ်ခါလေးတောင် လိပ်ပြာမလုံစိတ် မဖြစ်ဖူးဘူးလားလို့ သိချင်ရုံပါ ...'

မကြာသေးမီ တစ်ရက်တုန်းက နားနှင့်ဆတ်ဆတ် ကြားခဲ့ဖူးသော ထိုစကားသံသည် ပြတင်း ခန်းဆီးစကလေး လွင့်နေရာ အဟာကြားမှ ငြိမ်းဆီ အရှိန်နှင့် တိုးဝင်ပြေးကပ်လာသလို ပါပဲ။

**အို ...သွားစမ်းပါ .. အလကား မုသားမဟုတ်။**

ငြိမ်းသည် ဥက္ကာ ရှိနေပုံကိုပင် မေ့မေ့လျော့လျော့ ဖြစ်ကာ ပူနွေးသော မျက်နှာပြင်ကို လက်ဝါးနှစ်ဖက်နှင့် အမှတ်မထင် အုပ်လိုက်မိသည် ။ နောက် ကမန်းကတန်း ဣန္ဒြေဆည်ရသည် ။ 'ကြောက်စရာပါလားဟယ်'ဟု ထိတ်လန့်သံ စွက်ဆဲ လေသံနှင့် တစ်ခွန်း ဆိုမိပါသည် ။

ဥက္ကာသည် ငြိမ်း၏ အမူအရာ ပျက်ယွင်းပုံအား သံသယ ဝင်ဟန်မပြ။ 'ဟိုမှာ ' ဟု အစ်မလုပ်သူထံ မေးငေါ့ပြသည် ။

မမသက်သည် ငြိမ်း ရှိရာဆီ အားတောင့်အားနာဟန် မျက်နှာပေးနှင့် ဆုတ်ဆုတ်ဆိုင်းဆိုင်း လျှောက်လာပေသည် ။

***

ကျွန်းတံခါး လှပ်ကာ သံပန်းတံခါး သော့ဖွင့်ရန် ပြင်လိုက်သူကို မြင်လျှင် ငြိမ်းသည် မျက်ခုံးတစ်ချက် ပင့်လိုက်မိ၏။ ခါတိုင်း သည် အချိန်ဆို ငြိမ်း ရောက်နေကျမို့ အပြေးအလွှား တံခါးဖွင့်တတ်သူဟာ ဝင်နီကိုယ်တိုင် ပါပဲ။ သည် နေ့တော့ဖြင့် အိမ်အကူ မိန်းကလေး ဖြစ်နေသည် ။

မိန်းကလေးက ငြိမ်း ဝင်လာစေရန် နောက်သို့ အနည်းငယ် ယို့ပေးလိုက်ပါသည် ။ ငြိမ်းသည် အိမ်ထဲ လှမ်းဝင်ကာ ဧည့်ခန်းသို့ ဦးစွာ အကြည့်ရောက်သည် ။ ပြင်ဆင်နေကျ၊ တွေ့မြင်နေကျလို စားပွဲငယ်ပေါ် စာအုပ်များ ချမထား

။ အင်း ... ဝင်နီလည်း ရှိမနေပါ။

"ဝင်နရောဟင်"

"ဝင်နီ သူ့အခန်းထဲမှာ ပဲ ဆရာမ"

"ခေါ်ပေးပါလားဟင်၊ ဆရာမ ရောက်နေပြီလို့ "

ခေါင်းတစ်ချက် ကုတ်ကာ ငြိမ်းအား ဇဝေဇဝါ ကြည့်နေသော မိန်းကလေး၏ မျက်နှာထက်ဝယ် မရှုံ့မရဲဟန်ကို အထင်းသား တွေ့ရပါသည် ။

"ဆရာမပဲ ဝင်လိုက်ပါလား ဟင်၊ ကျွန်မ ... ကျွန်မ မခေါ်ရဲဘူး"

"ဝင်နီ ဘာဖြစ်လို့ လဲ"

မိန်းကလေးသည် ငြိမ်း၏ အနီးသို့ အနည်းငယ် တိုးကပ်လိုက်သည် ။ နှစ်နှစ်နီးပါး မြင်

တွေ့နေကျ ဆရာမ၊ ဝင်နီ ချစ်သော ဆရာမို့လည်း ရင်းရင်းနှီးနှီး ရှိပေသည် ။

ဝင်နီ တစ်မနက်လုံး သူ့အခန်းထဲပဲ နေတယ် ဆရာမ၊ အန်တီ ထမင်းစား ခေါ်တာလည်း ထွက်မလာဘူး၊ အဲဒီတော့ ထပ်ဆူရော

"အခု အန်တီတို့ ရှိလား"

"အကုန် အပြင်သွားကြတယ် ဆရာမရဲ့ ၊ ဝင်နီပဲ ကျန်ခဲ့တာ"

သြော် ... ။ ငြိမ်းသည် ပင့်သက်မသိသာ ရှိုက်ကာ ဝင်နီ့အခန်းဘက် လျှောက်လာသည် ။ ရှစ်တန်းကျောင်းသူဘဝကပင် စာသင်လာသူမို့ ဝင်နီသည် တပည့်ဆိုတာထက် ညီမနှင့် ပိုတူသည် ။ ညီမ ဆိုရာမှ လည်း ဆိုးနွဲ့တတ်သော ညီမလေးပေါ့လေ။ သမီးကြီးနှင့် သားထွေးကို ဦးစားပေး ချစ်ခင်သည် ဟု သူ ယုံကြည်သော မိဘများ ထံမှာ ချွဲနွဲ့ခွင့် မသာသူ ဝင်နီသည် ငြိမ်းအပေါ်မှာ တော့ ဆရာ၊ တပည့်ပုံစံထက် ပိုကာ ချွဲချွဲပိုပို ရှိတတ်ပါသည် ။

ငြိမ်းကတော့ နဂိုကတည်းက ညီမလေး မရှိခဲ့သူ။ ဖခင်နှင့် အစ်ကို၏ ရင်းနှီးနီးစပ်ပုံအကြား ငယ်တုန်းက ဘေးထွက်ခဲ့ရသူ ဖြစ်ရာ ဝင်နီ့အဖြစ်ကို အနီးစပ်ဆုံး ကိုယ်ချင်းစာနိုင်သည် ။ ကာလရှည်သည် နှင့်အမျှ ငြိမ်းသည် ဝင်နီ့အတွက် စိတ်ပိုင်းဆိုင်ရာ အကြံပေးသူပါ ဖြစ်မှန်းမသိ ဖြစ်လာခဲ့ပါသည် ။

"ဝင်နီရေ"

ငြိမ်းသည် အခန်းတံခါးကို တိုးတိုးသက်သာ ခေါက်လိုက်သည် ။ နားလည်း စွင့်မိသည် ။ အခန်းထဲမှ လှုပ်ရှားသံ အချို့။ ခုတင်ပေါ်က

ဆင်းလိုက်ပုံ၊ အခန်းတံခါးအနီးသို့ လျှောက်လာပုံ။

ဖြုန်းခနဲ ဆွဲဖွင့်လိုက်သော တံခါး၏ နောက်မှာ မျက်ရည်မခြောက်တခြောက်မျက်နှာနှင့် ဝင်နီ့ကို တွေ့ရသည် ။ အမေးစကား တစ်ခွန်းမျှ မဟာနိုင်မီပင် ဝင်နီသည် ငြိမ်း၏ လက်ကို ဆွဲကာ အခန်းတွင်းသို့ သွင်းလိုက်ပါသည် ။

"ဝင်နီ ဒီနေ့ စာမကြည့်ချင်ဘူး ဆရာမ"

"မကြည့်လို့ မရဘူး ဝင်နီရယ်၊ စာမေးပွဲက သုံးပတ်လောက်ပဲ လိုတော့တဲ့ ဟာ"

"မကြည့်ဘူး ကျချင် ကျပေ့စေ"

ဝင်နီသည် ကျားနာတစ်ကောင်လို ရန်လိုသည့် ရုပ်သွင်နှင့် ဖြစ်သည် ။ မျက်လုံးအစုံသည် စူးလက်တင်းမာလျက်။ ပန်းဖူးကလေးနှင့် တူသော နှုတ်ခမ်းတို့ ကို တင်းတင်းစေ့ကာ ခုတင်ပေါ် ဘုတ်ခနဲ ထိုင်ချလိုက်ပါသည် ။ ငြိမ်းသည် မတ်မတ်ရပ်ကာ မိန်းကလေးကို ငုံ့မိုးကြည့်နေသည် ။

"ဝင်နီ စာမကြည့်တော့ စာမေးပွဲကျရော ဆိုတာ ပြောတော့ အလွယ်လေးပဲ၊ ဆရာမဘက်ကိုလည်း ထည့်တွက်ပါဦး၊ ဆရာမ တစ်နှစ်လုံး စာလာသင်ခဲ့တာ ဘာလုပ်ဖို့ လဲ၊ ဝင်နီ့အဖေ၊ မေမေက ဆရာကို အပြစ်တင်မှာ စိုးလို့ ပြောတာ မဟုတ်ဘူး နော်၊ ကိုယ်စာသင်လိုက်တဲ့ တပည့်တိုင်းကို ဆရာတိုင်းက အောင်စေချင်တဲ့ စိတ်ကြောင့် ပြောနေတာ၊ ဝင်နီ စာမေးပွဲကျရင် ဆရာမ စိတ်ချမ်းသာမယ် ထင်လို့ လား"

ဝင်နီသည် ငြိမ်းအား တစ်ချက် မော့ကြည့်လာသည် ။

"ဆရာမသာ စိတ်မချမ်းသာမှာ ၊ စိတ်ချမ်းသာမယ့်သူတွေ ရှိပါတယ်။ ဝင်နီ သိတယ်"

"စာမေးပွဲကျတာ ဘယ်သူ စိတ်ချမ်းသာမှာမို့လဲ ဝင်နီရယ်"

"ဖေဖေနဲ့ မေမေပေါ့၊ သူတို့ အတွက် ဝင်နီဟာ ဘယ်နေရာမဆို ညံ့တဲ့ သမီးတစ်ယောက်၊ ညံ့နေမှ ပဲ သူတို့ မှာ ပြောစရာ ရမှာ ပေါ့၊ ဆူစရာ ရမှာ ပေါ့၊ သူတို့ ပျော်မှာ ပေါ့၊ ဝင်နီက မမဟန်နီလို ဆယ်တန်းကို ဘာသာစုံ ဂုဏ်ထူးနဲ့ အောင်မှာ လည်း မဟုတ်ဘူး ၊ ဖိုးသားလို သူငယ်တန်းကတည်းက အတန်းတိုင်း ပထမ ရလာတဲ့ သူလည်း မဟုတ်ဘူး ၊ အောင်ရုံတင်ပဲ အောင်လာတာ၊ ခုလည်း ကိုးတန်းအောင်ရင် ကံကောင်းတဲ့ ဝင်နီ့ကို"

"အို - ဘယ်သူ ပြောလို့ လဲ"

"မေမေက ... မေမေက ဝင်နီ့ကို"

ဝင်နီသည် ခုပင် အပြောခံလိုက်ရသူလို မျက်နှာလေး မဲ့သွားသည် ။ ငြိမ်းသည် 'ဟင်' ဟု ခပ်တိုးတိုး ရွတ်မိပါသည် ။

"ဝင်နီ ဉာဏ်မကောင်းဘူး၊ ဝင်နီညံ့တယ်၊ သူများ ထက် ပိုလုပ်မှ စာရတယ်၊ ဝင်နီ့ဘာသာ ဝင်နီ သိပါတယ်၊ ဒါပေမဲ့ ဝင်နီ့ကို ဟိုလူ့ချေးကျွေးရမယ်၊ဒီလူ့ချေး ကျွေးရမယ် လာမပြောနဲ့ ၊ ဝင်နီ သိပ်မုန်းတယ်"

စေတနာအပြည့် ရှိသော်ငြား အပြောမတတ်သော မိခင်ကို ပြပါဆိုလျှင် ဝင်နီ့မခင်ကိုသာ ပြဖို့ ရှိသည် ။ နှစ်နှစ်အတွင်း ငြိမ်းကိုယ်တိုင် အခါခါ ကြုံဖူးပြီ။ ခုလည်း စိတ်နုနယ်သေးသော သမီးလုပ်သူအပေါ် သူကိုယ်တိုင်ပင် သတိမမူမိဘဲ ဒဏ်ရာတစ်ခု ထပ်ပေးခဲ့မိပြီ

ထင်ပါသည် ။

တစ်ခါတုန်းကတော့ သည် လိုပဲ သမီးနှင့် မိခင်ကြား ပြဿနာပေါ်ပေါက်လျှင် ငြိမ်းသည် တတ်သလောက် မှတ်သလောက် အပြောအဟောလေးနှင့် မိန်းကလေးကို နှစ်သိမ့်မိပါသည် ။ ဖြစ်လိုက်သော ပြဿနာတိုင်းသည် အစ်မ၊ မောင်တို့ နှင့်သာ ပတ်သက်လေတာမို့ မိဘမည်သည် သားသမီးတိုင်းကို ထပ်တူ ချစ်တာဖြစ်ကြောင်း စသဖြင့် နှစ်သိမ့်စကား ဆိုခဲ့မိပါသည် ။

ထိုစဉ်က ဝင်နီ ခွန်းတုံ့ပြန်ခဲ့ပုံကို ငြိမ်း ဘယ်တော့မှ မမေ့ပါ။ ဆယ်ကျော်သက်မလေး၏ အမှန်တရားကို ချစ်သော မျက်လုံးတို့ သည် လက်ခနဲ တောက်ကာ ငြိမ်း၏ မျက်လုံးများ ထဲ စိုက်ကြည့်နေခဲ့ဖူးသည် ။ နောက်တော့ စိတ်အတွင်းက စိမ့်ကျလာပုံရသော စကားလုံးများ ။

'အတူတူ ချစ်တယ်ဆိုတာ စာအုပ်တွေထဲက စကားပါ ဆရာမရယ်၊ အပြင်မှာ တကယ်မဟုတ်ပါဘူး၊ ဝင်နီက အလတ်ပါ၊ အမြဲတမ်း လပ်နေတာပါ'

အငယ်လည်း လပ်တဲ့ အခါ လပ်ပါတယ် ဝင်နီရယ် ..။

သည် စကားကိုတော့ ငြိမ်း၏ စိတ်ထဲမှ သာ တီးတိုးဆိုခဲ့မိပေသည် ။

***

စိမ်းမြသော ပန်းပင်ရုံကို နောက်ခံပြုကာ ကင်မရာ ရှိရာဆီ တည့်တည့် ကြည့်နေဟန်ရှိသည့် မိန်းကလေးငယ်သည် အသက်အရွယ်

အားဖြင့် အလွန်ဆုံးရှိလှမှ ၁၁ နှစ်လောက်သာ ဖြစ်လိမ့်မည်။ မျက်နှာဝိုင်းဝိုင်း၊ ဆံပင် ကုပ်ဝဲ။ ကလေးပီပီ ဖြူစင်ဆဲ ဖြစ်သော မျက်ဝန်းလေးများ ထဲ အားငယ်ရိပ်လေးစွက်နေပုံမှာ ပရိဂျက်တာထက် မြင်နေရပုံနှင့် မတူပါ။ တကယ့်ပြင်ပတွင် မြင်ရသည့်ပမာ သက်ဝင်လှုပ်ခတ်လှပါသည် ။

ထိုမျက်ဝန်းလေးများ တွင် မျက်ရည်တလဲ့လဲ့။ နှုတ်ခမ်းလေး တဆတ်ဆတ် တုန်နေပုံ။ လက်ချောင်းလေးများ အချင်းချင်း ဆုပ်ခြေလျှက် မျက်တောင် ပုတ်ခတ် ပုတ်ခတ် ပြုနေပုံ။ ကလေးသည် ကင်မရာကို တစ်ချက် အကြည့်လွှဲကာ နောက်တော့လည်း တွေတွေဆိုင်ဆိုင် ရှုံ့မှိုက်ကြည့်လိုက်ပြန်ပါသည် ။

ဘာတဲ့ ... ပထမဆုံး တိုးထွက်ပေါ်လာတဲ့ စကားသံဟာဖြင့် 'ဒီမှာ လည်း သမီး ပျော်ပါတယ်' ဆိုပါ့လား ...။

ငြိမ်းသည် 'ပျော်ပါတယ်' ဆိုသောစကားသံနှင့် ဆန့်ကျင်စွာ မျက်ရည်ရိပ် သန်းသော မျက်နှာနုနုလေးကို နှုတ်ဆွံ့ငေးမောနေမိပါသည် ။

"ဒီကို မရောက်ခင်ကတော့ သမီး အိမ်မှာနေတာပေါ့၊ အိမ်ဆိုတာ ကလေ သမီးတို့ ရွာကအိမ်ကို ပြောတာ၊ အမေနဲ့ နေခဲ့တဲ့ အိမ်လေ"

ကလေး၏ အသံမှာ ခပ်ဝဲဝဲ ။ မျက်လုံးတို့သည် ကင်မရာထံက လွှဲဖယ်ကာတစ်ခုသောနေရာသို့ ငေးမျှော်ဟန် ပြုလျက်။ အိမ်ရှိရာ အရပ်ဆီ မှန်းမျှော်လိုက်တာများ လား။ နောက်တော့လည်း မျက်လုံးအကြည့်ကို အောက်သို့ စိုက်ချလိုက်ပါသည် ။

"အိမ်မှာ နေရတုန်းက သမီး တအားပျော်

မှာ အဖေ မရှိတော့ဘူးလေ၊ သမီးငယ်ငယ်လေးကတည်းက သေသွားတာပဲတဲ့ ၊ အဖေ့ကိုလည်း သမီး မမှတ်မိတော့ပါဘူး၊ သမီးတော့ အမေနဲ့ နေရတာ ပျော်တာပဲ၊ အမေက သမီးကို တအားချစ်တာပဲ၊ သမီးလည်း အမေ့ကို ချစ်တာပေါ့၊ သူဌေးတွေ နင့်ကို မွေးစားမယ် သွားမလားလို့ သူများ တွေစရင် မသွားဘူးလို့ ပဲ သမီးဖြေတာ၊ သမီး အမေနဲ့ ပဲ နေချင်တာပေါ့၊ ကျောင်းဖွင့်ချိန်ဆို သမီး ကျောင်းသွားတယ်၊ အမေက လယ်ထဲ သွားတယ်၊ သမီးတို့ လယ်တော့ မဟုတ်ဘူး ၊ သူများ လယ်လေ၊ အမေက လူငှားတဲ့ ၊ အမေ ပြန် လာပြီဆို ချွေးတွေနဲ့ ၊ အနားမကပ်နဲ့ လို့ အမေက ပြောတယ်၊ ဒါပေမဲ့ သမီးကပ်တာပဲ၊ ညဆိုရင်လည်း သမီး ကပ်အိပ်တာပဲ၊ အမေ့ကို ဖက်အိပ်တာပဲ၊ အခုလည်း



မီးတို့ အိမ်မှာ သူများ တွေရောက်နေကြပြီ၊ အမေလည်း မရှိတော့ဘူး သေပြီ၊ ဖျားလို့ သေတာပေါ့"

စကားဆိုနေစဉ် တစ်လျှောက်လုံး ခေါင်းကလေး ငုံ့စောင်းငေးလိုက်မျက်လုံး အောက်စိုက်လိုက် ပြုကာ ကင်မရာနှင့် အကြည့်ချင်း ရှောင်လွှဲနေခဲ့သော ကလေးသည် အဆုံးသတ် စကားလုံးကို ခပ်တိမ်တိမ် ဆိုပြီးချိန်မှာ တော့ ကင်မရာဆီသို့ မျက်ရည်စတို့ ဝေ့သီအိုင်လျှက်။ ငိုတော့မလား ...။ သူကလေး ငိုချလိုက်တော့မလား ...။

သို့သော် ကလေးသည် မငိုပါ။ ကင်မရာကိုပင် ကြည့်မြကြည့်ကာ ...

"ဒီမှာ နေရတာလည်း သမီးပျော်ပါတယ်၊

တကယ်ပျော်တာပါ၊ ဘာလို့လဲဆိုတော့ သမီး စာသင်ရတယ်လေ၊ အမေက သမီးကို စာတတ်အောင် သင်ရမယ်လို့ မှာ ခဲ့တယ် ဦးဦးရဲ့ "

ငြိမ်းသည် ဘယ်အချိန်ကလည်း က အောင့်ထားမှန်း မသိသော သက်မကို လေးလေးပင်ပင် လွှတ်ချလိုက်သည် ။ တောတန်းတစ်ခုမက ဖြတ်လာခဲ့ရ သူလိုပန်းလျလျက်။ 'အမေ ... အမေ ' ဆိုသော စကားလုံးသည် ရင်၌ လှိုင်းခတ်နေပေသည် ။

'အမေသာ ရှိရင်' ဟု အခါခါ တွေးတတ်ချိန် ၊ မထင်မှတ်ခဲ့ဖူးသော ဘဝအခန်းစဉ်အတွက် ပြိုလဲအားငယ်ရချိန်မျိုးမှာ သည် ရုပ်ပုံ၊ စကားသံတို့ နှင့် ထိတွေ့ရ ဆုံရသည် ။ ဖြစ်ရလေ ...။

အပြုံးယဲ့ယဲ့ ထင်သော ရုပ်ပုံလေး တရေးရေး ကွယ်ပျောက်ကာ မိဘမဲ့ကလေးများ စောင့်ရှောက်ရေးစင်တာ၏ ပုံရိပ်များ နှင့် နောက်ခံ စကားပြောသံများ တဖျပ်ဖျပ် ပေါ်ပေါက်သော်လည်း မျက်ရည်စိုသော ငြိမ်း၏ အမြင်၌ ဘယ်အရာမျှ မပီပြင်တော့ချေ။

ရုပ်ရှင်က အလင်းမှိန်သာ အခန်းထဲ လွှမ်းထားချိန် ဖြစ်တာအပြင် နောက်ဆုံးခုံတန်းမှာ နေရာယူထားတာမို့ ကျဆင်းသော မျက်ရည်များအား တားလိုစိတ် မရှိ။ ပခုံးကျော်ကာ ဝဲကျနေသော ဆံပင်ရှည်တို့ ကို ခပ်ကွယ်ကွယ် ပြုကာ ၊ခေါင်းငုံ့ကာ ငြိမ်း ကျိတ်၍ ရှိုက်မိသည် ။

ရင်၌ နာသော အနာသည် မျက်ရည်များ နှင့် ရောနှောပါသွားလျှင် ဘယ်လောက် ကောင်းမည်နည်း။

အမေ့ကို ပြန်တွေ့လိုစိတ်သည် တားမရ

ဆီးမရပင် ရန်းကြွလာပြန်သည် ။ ခုပင် ပြေး ဝယ် ငြိမ်း၏ မျက်နှာပျက်ယွင်းပုံကို မြင်လျှင် စိ

တွေ့ကာ ဖြစ်သမျှ အကြောင်းစုံ ရင်ဖွင့် ပြောပြ
လိုက်ချင်သည် ။ အတူရှိဖို့ ရာ ဆွဲထားလိုက်ချ
င်သည် ။ အနာက ဆက်သော အတွေးမို့ သူရှုး
ပမာ။

အတန်ကြာလျှင်တော့ အိပ်မက်၌ မျှောသူ
ကို မျက်ရည်တွေတွေ ကျဆင်းရာက ငြိမ်း အ
သိဝင်လာပြန်ပါသည် ။ မျက်ရည်တို့ လည်း စဲ
စပြုခဲ့ပြီ။ လက်ခုံနှင့် တို့ သုတ်ရသည် ။ အိတ်
အတွင်းက တစ်ရှူး ထုတ်ကာ မျက်နှာကို
သွေ့ခြောက်အောင် ပြုရသည် ။ ခဏကြာလျှင်
မှတ်တမ်းရုပ်ရှင် ပြီးတော့မည်။ အခန်းတွင်း
မီးပြန်ဖွင့်လိမ့်မည်။

အခန်းအရှေ့ဘက်မှာ တာဝန်နှင့် နေရာယူ
ထားသည့် ရည်မွန်သည့် လင်းသော မြင်ကွင်း

တ်မကောင်းဖြစ်လိမ့်မည်။ သူ့အလုပ်နှင့် ဆက်
စပ်ရာ မှတ်တမ်းရုပ်ရှင်ကို အတူကြည့်ဖို့ ဖိတ်
ခေါ်ခဲ့သော ရည်မွန်တစ်ယောက် သည် အဖြစ်
မျိုးကို မျှော်လင့်ခဲ့မှာ မဟုတ်ပါ။

ငြိမ်းသည် ပတ်ဝန်းကျင်ကို ခုမှ ပင် သတိရ
ကာ တစ်ချက်မျှ ဝေ့ဝဲကြည့်လိုက်ပါသည် ။

မကျယ်ဝန်းလှသော အခန်းထဲ ခုံတန်း ငါး
တန်းမျှသာ ချခင်းထားပါသည် ။ အရှေ့လေး
တန်းမှာ တော့ လူအပြည့်နီးပါး။ ဂေဟာက ဝ
န်ထမ်းများ ဆရာမများ လည်း ပါသည် ။ ငြိမ်း
လိုပင် ဧည့်သည် အချို့လည်း ပါပါသည် ။ အ
ရှေ့ဘက် ခုံတန်းများ ဆီ ဝေ့ဝဲအကဲခတ်ရသမျှ
အားလုံး၏ အာရုံသည် ရုပ်ရှင်ထံမှာ ။

နောက်ဆုံးခုံတန်းမှာ တော့ ငြိမ်း၏ ညာဘ

ကိတွင် နှစ်ဦး၊ သုံးဦးမျှသာ။ မျက်ရည်တွေတွေ ကျခဲ့သူရယ်လို့ သတိပြု ကြည့်ဟန် တစ်ချက် တလေပင် ရောက်မနေတာမို့ သက်ပြင်းချ စိတ်အေးမိသော ငြိမ်းသည် အကြည့်အားဘယ်ဘက်သို့ ဖျတ်ခနဲ ရွှေ့လိုက်လျှင်တော့ ဘယ်အချိန်ကတည်းက ငေးနေမှန်း မသိသော မျက်ဝန်းတစ်စုံနှင့် တည့်တည့်ပင် ရင်ဆိုင်တိုးမိပါသည် ။

ထိုမျက်ဝန်းတို့ သည် အလင်းမျှစ တရေးရေးအောက် မှာ လက်ပလျက်။ မျက်မှန် ဖုံးထားလျက်က နူးညံ့ရိပ် မသိမသာ စွတ်ပုံကို မြင်သာသော မျက်ဝန်းများ ။ နှစ်သိမ့်ခြင်း ရောင်စဉ်တို့ သည် မျက်မှန် အကာအရံကို ထွင်းကာ ငြိမ်းထံ လွင့်လာသည့်ပမာ။ စောစောတုန်းက မျက်ရည်ကျစဉ်တုန်းကလည်း သူ ဒီလိုပဲ ငေးနေခဲ့ပါသလား။

ဘုရား ...။

ငြိမ်းသည် စက္ကန့်ပိုင်းမျှ ငေးကြောင် စိုက်ဆိုမိသည့် မျက်ဝန်းတို့ ကို အထိတ်တလန့် လွှဲဖယ်မိပါသည် ။ ပူနွေးသော မျက်နှာပြင်ကို လက်ဝါးနှစ်ဖက်နှင့် ယောင်ယမ်းအုပ်မိတော့မလို ။ နောက်တော့ လက်ထဲက တစ်ရှူးစလေးကိုပင် တစ်ချက်မျှ ဆုပ်ခြေလိုက်ပါသည် ။

ကြည့်စမ်း ....။ ရှက်စရာ ကောင်းလိုက်တာ ။ ဘာလို့ များ ပတ်ဝန်းကျင်ကို အမေ့မေ့ အလျော့လျော့ ငိုမိပါလိမ့် ...။

အင်းလေ ... တကယ်တော့လည်း ဒါ ရှက်စရာ မဟုတ်ပါဘူးနော် ....။ အနုပညာက သိပ်သိမ်မွေ့လွန်းရင် တကယ့်ပြင်ပမှာ ဖြစ်ပျက်သလို၊ ဓာတ်ဆောင်နေရာမှာ ကိုယ်တိုင် ဝင်ခံစား

ဝေ့ဝေ့လည်သော စိတ်၏ ရုန်းအားကို ရင်ဆိုင်ကာ၊ မျက်လုံးအိမ်ကို တစ်ရှူးစနှင့် ဖိကာ ငြိမ်နေဆဲမှာ ပင် အခန်းတွင်း မီးရောင် လင်းလက်ပုံကို သိလိုက်သည် ။ မှတ်တမ်းရုပ်ရှင် ပြီးပြီ။ ဝေါခနဲ လျှံသော လက်ခုပ်သံများ ။ စောစောက ငေးသူ သူနေရာမှာ ရှိနေဆဲ ဆိုတာကို မျက်လုံးထောင့်က မြင်သည် ။

သို့သော် ငြိမ်းသည် အကြည့်တစ်ချက်ပင် မရွှေ့တော့ပြီ။ မိုက်ခရိုဖုန်း ကိုင်ကာ ရှေ့ထွက်လာသည့် ရည်မွန်သည့် ငြိမ်းထံ လှမ်းကြည့် ပြုံးပြနေပေသည် ။

ရည်မွန်ထံက ထွက်ကျသော ကျေးဇူးတင်စကားသံသည် စိတ်လှုပ်ရှားမှု ငွေ့ငွေ့ကျန်ဆဲ ဖြစ်သည့် ငြိမ်း၏ နားထဲ မဝင်တစ်ချက် ဝင်တစ်ချက်။

'မှတ်တမ်း ရုပ်ရှင် ရိုက်ကူးဖြစ်တဲ့ အကြောင်း ရှင်းလင်းပြောပြပေးဖို့ ဒါရိုက်တာ ကိုမိုးညဏ်ကို ဖိတ်ခေါ်ပါတယ်' ဆိုသော အဆုံးသတ်စကားသံကိုသာ မှတ်မှတ်ထင်ထင် ကြားလိုက်တော့သည် ။

အများ နှင့် ရောနှောသော လက်ခုပ်တီးလိုက်မိသော ငြိမ်းသည် ဆတ်ခနဲ မတ်မတ်ရပ်လိုက်သူကို မြင်လျှင်တော့ ပါးစပ် အဟောင်းသားပွင့်ဟရပါသည် ။ စောစောက လူ ...။ သူသည် ခုံတန်းများ ဘေးမှ ဖြတ်ကာ ရည်မွန့်အနီးမှာ ရပ်လိုက်သည် ။ ရည်မွန် ကမ်းပေးသည့် မိုက်ခရိုဖုန်းကို လှမ်းယူလိုက်ပါသည် ။

သူ့မျက်နှာတွင် မျက်ဝန်းများ နှင့်အပြိုင် နူးညံ့သော အပြုံးတစ်စ နိုတွယ်လျက်။

'အချိန်ပေးပြီး ကြည့်ရှုခဲ့ကြတဲ့ အတွက် အဖွဲ့ကိုယ်စား အားလုံးကို ကျွန်တော် ကျေးဇူးတင်ပါတယ်' ဟု အစချီကာ မှတ်တမ်းရုပ်ရှင်အကြောင်း မပြောမီ အားယူသည့်သဖွယ် အများ ထံ ဝေ့ဝဲကြည့်လိုက်သော မျက်လုံးအစုံသည် ငြိမ်းထံ အရောက်မှာ တော့ စက္ကန့်ပိုင်းမျှ တန့်သွားသလိုပင် စိတ်က အလိုလို ထင်လိုက်သေးသည် ။ တကယ့်ကို ခဏငယ်မျှပါပဲ ...။

နောက်တော့လည်း အကြည့်နှင့် အပြုံးသည် တစ်ခန်းလုံးသို့ ဝေ့ကာ ဝဲကာ ။ စကားသံသည် လည်း လေအေးတုတွင် စီးမျောကာ ။

***

ပြီးခဲ့သောလအတွင်း ငြိမ်း၏ စိတ်အစုံသည် အိမ်မှာ ရှိနေချိန်များ၌ ဆောက်တည်ရာ မရလောက်ပင်တည်း။ ပြင်ပလောကကမှာ ကျင်လည်ရပြန်တော့ တစ်ခဏ မေ့သလို ရှိရသည် ။ သို့သော် သံပန်းတံခါး သော့ဖွင့်လျှင် ဖွင့်ချင်း၊ အိမ်၏ အငွေ့အသက်ကို ရလျှင်ရချင်း မေ့ထားသမျှ အာရုံတို့ သည် ငြိမ်းအား တစ်ဖန် လှုပ်နှိုးတတ်လေသည် ။

အဖေသည် အိမ်ဧည့်ခန်းမှာ တီဗွီကြည့်ရင်း ရှိမြဲလို ရှိတတ်သည် ။ သတင်းစာဖတ်၍ ဖြစ်စေ၊ မိတ်ဆွေတစ်ဦး၊ နှစ်ဦးနှင့် စကားစမြည်ဆို၍ ဖြစ်စေ ရှိတတ်သည် ။ အဖေ့ကို မြင်တိုင်း ပုန်းကွယ်နေသော ပူပန်မှုက တစ်ကျော့ပြန် ကိုယ်ထင်ပြသလို လှုပ်ခနဲ ဖြစ်ရမြဲ။ သည် နေ့အထိ အဖေ့ကို ပြောမထွက်၊ မမေးရက်ခဲ့သော စကားလုံးတို့ သည် ငြိမ်း၏ ဝန်းကျင်ဝယ် ဗုံသံ

အကမယ်တို့လို ဝိုင်းပတ်ကခုန်မြဲပင်။

တစ်ကြိမ်မှာ တော့ဖြင့် ကြီးကြီးကို အားတင်း မေးဖူးပါရဲ့ ။ ကြီးကြီး၏ ထိတ်လန့်သော မျက်ဝန်းတို့ ကို မြင်ခိုက် 'ဘာများကြားရတော့မှာ ပါလိမ့်' ဟု စိုးရိမ်ကြောင့်ကြရှိခဲ့ပုံကိုလည်း ခုချိန်ထိ မှတ်မှတ်ထင်ထင် ရှိပါရဲ့ .....။

"သမီးကို ဘယ်သူ ပြောလဲ"

' မဟုတ်ဘူး ' ဟု အရှင်းပြတ်ဆုံး စကားလုံးနှင့် ကြီးကြီး မတုံ့ပြန်ပါ။ ဘယ်သူ ပြောသလဲ ဆိုတော 'ဟုတ်ပါတယ် ' လို့ များ ဝန်ခံလိုက်သလား။ ငြိမ်း မေးခဲ့သော မေးခွန်းမှာ 'အဖေ ရွာမှာ တုန်းက အမှုဖြစ်ဖူးတယ်ဆို' ..။ လူသတ်မှုဟု ငြိမ်း မသုံးနှုန်းရက်၊ မပြောရက်ပါ။



သမီးတို့ ညောင်ပင်သာကပဲတဲ့ ၊ သမီးထက်တော့ ဆယ်နှစ်လောက် ကြီးတယ်"

"ကြည်ပြာ ... ဪ ... ကြည်ပြာဆိုတာ သိပြီ၊ သိပြီ၊ သက်ဆွေ သမီးအကြီးမကိုး"

"သက်ဆွေ"

ငြိမ်းသည် စိမ်းသက်သော အမည်တစ်ခုကို သံယောင်လိုက်ရင်း ကြီးကြီး၏ မျက်နှာဆီ စိုက်ကြည့်နေသည် ။ ကြီးကြီးတွင် ထိတ်လန့်သော မျက်ဝန်းများ မြင်တွေ့ခဲ့ရသည် ကလွဲ၍ တုန်တုန်လှုပ်လှုပ် အမူအရာ ထပ်မတွေ့ရချေ။ ခုတင်ထက်ဝယ် ပုံ့ပုံ့ ထိုင်ရာက ငြိမ်းကို မော့ကြည့်နေပါသည် ။

"သက်ဆွေဆိုတာကွယ် သမီးအဖေကို အမှုဆင်ခဲ့တဲ့ သူပေါ့၊ သူ့သား တာရာကို -"

ကြိုးကြိုးသည် စေ့ပိတ်ထားသော တံခါးကိုပ င် စိတ်မချသလို တစ်ချက် လှမ်းကြည့်ကာ အသံကို နှိမ့်လိုက်ပေသည် ။

"သူ့သား တာရာကို မောင်ပြေ သတ်တယ်လို့ အမှုဆင်ခဲ့တဲ့ သူပေါ့"

ငြိမ်းသည် ရင်တဒိတ်ဒိတ် ခုန်လာသည် ။ ဆက်၍ ရပ်တည်မနေနိုင်တော့သလို ခုတင်ပေါ် ကတုန်ကယင် ထိုင်ချလိုက်ရသည် ။

"အဖေ ... အဖေ တကယ် မသတ်ခဲ့ပါဘူးနော် ကြိုးကြိုး"

"အိုကွယ် - ရန်ငြိုးရန်စ ရှိလို့ သက်သက်လုပ်တာပါ၊ ခရိုင်ရုံးက အပြစ်ချလိုက်သေးတယ်၊ ဒါပေမဲ့ ကိုယ်မှ အပြစ်မရှိတာကွယ်၊ ပြည်နယ်ကို အယူခံဝင်တော့ မောင်ပြေ ကွင်းလုံးကျွတ်လွတ်တာပဲဟာ၊ ရွာမှာ ကတော့ ကိုယ့်မလိုတဲ့ သူက ပြောချင်ရာ ပြောကျန်ရစ်မှာ ပေါ့။ သူပဲ့ မိသားစုကတော့ ပိုပြောပြီး ကျန်နေမှာ ပေါ့ ဘာဆန်းလဲ"

ငြိမ်းသည် ကြိုးကြိုးကို စူးစိုက်ကြည့်နေသည် ။ စကားလုံးမှာ တော့ အဖြေရပြီ။ မျက်နှာမှာ ဘာအဖြေ တွေ့ရမည်နည်း။

ကြိုးကြိုး၏ မျက်နှာမှာ အမှန်ကို ပြောနေသူ၏ မျက်နှာရိပ်သာတည်း။ ကြိုးကြိုးသည် ဟန်ဆောင်ကောင်းသူ မဟုတ်။ လိမ်ညာတတ်သူ မဟုတ်ပါ။ သည် လိုဆို မကြည်ပြာ စွပ်စွဲသမျှ တကယ် မဟုတ်ခဲ့ဘူးပေါ့ ....။

"နေပါဦး၊ ကြည်ပြာနဲ့ သမီးက ဘယ်မှာ တွေ့တာမို့လဲ"

"မမသက်တို့ အိမ်က အလှူမှာ တွေ့တာ ကြိုးကြိုးရဲ့ ၊ သူက မမသက်သူငယ်ချင်းတဲ့ ၊ မြို

ပြန်သွားပါပြီ"

"သက်သက် သူငယ်ချင်း ဟုတ်လား"

ကြီးကြီး၏ မျက်နှာငယ် ထိတ်လန့်ဟန် ပေါ်လာပြန်ပေသည် ။

"ဒုက္ခပါပဲ"

"ဟင် - ဘာဖြစ်လို့ လဲ ကြီးကြီးရဲ့ "

"ဒီအကြောင်းတွေ သူ သက်သက်ကို ပြောရင် ပြောနေမှာ ပေါ့"

"အို- ပြောလည်း အဖေမှ တကယ် မလုပ်ခဲ့တဲ့ ဟာ၊ ဘာဂရုစိုက်ရမလဲ ကြီးကြီးရယ်"

ကြီးကြီးက သက်ပြင်းတစ်ချက် လေးလေးပင်ပင် ချ လိုက်လေသည် ။

"သမီး မသိဘူးနော်၊ လူ့စိတ်ဆိုတာဟာ ပဲဆိုဆို အမှုတော့ ဖြစ်ခဲ့တာပဲ၊ သိက္ခာတော့ကျခဲ့တာပဲ သမီးရဲ့ ၊ တော်ကြာ အပြစ်ကနေသာ လွတ်တာ၊ တကယ် လုပ်ခဲ့တာ ဟုတ်ချင်ဟုတ်နေမှာ ၊ ငွေများ တရားနိုင် ဖြစ်ရင် ဖြစ်မှာဆိုပြီး အထင်အမြင်သေးသွားရင် ဘယ်လို လုပ်မလဲ ကဲ"

ငြိမ်းသည် တစ်ချက်မျှ တွေခနဲ ဖြစ်ရပါသည် ။ မကြည်ပြာ ပြန်ချိန်အထိ မမသက်ထံက တော့ စကားအဆန်း မကြားရသေးပါ။ သည်ကြားထဲ တစ်ကြိမ်ပင် မဆုံကြသေးတာကြောင့်လည်း ပါပါလိမ့်မည်။ ငြိမ်းမှာ လည်း အနီးကပ် စာသင်ချိန်တို့ က ဆက်နေဆဲ။

ကြီးကြီးပြောတော့လည်း ဟုတ်သလိုလိုပါပဲ။ မမသက် မသိဘူးမပြောနိုင်။ သို့သော် ထုတ်

ချိုးရေ၍ ရသော ရင်းနှီးကျွမ်းဝင်သူထဲ သူတို့ မောင်နှမက ထိပ်ဆုံးက ပါလေတာမို့ သည် တစ်ခုအတွက်နှင့် လက်လွှတ်ဆုံးရှုံးရမှာ ငြိမ်း ကြောက်လှပါသည် ။

အမှန်ကို မသိရသေးခင်ကတော့ အဖေ့အတွက် ပဟေဠိ၊သံသယတို့ နှင့် ငြိမ်း ပူပန်ခဲ့ရသည် ။ အမှန်ကို သိရချိန်မှာ တော့ ချစ်ခင်သူတို့ သည် ကိစ္စ သိကြတော့မှာ ထပ်ဆင့် ပူရလေမလား။

အို ...သည် အပူလောက်ကတော့ ငြိမ်း ရင်ဆိုင်နိုင်မှာ ပါ။ သေချာပေါက် ရင်ဆိုင်နိုင်မှာ ပါ...။

***

တွင် ဘတ်စ်ကား ထိုးဆိုက်နိုက် ခပ်သွက်သွက် တိုးဆင်းလိုက်သည် ။ မသွက်လို့ လည်း မရ။ နေးနေလျှင် စပယ်ယာတို့ ၏ မေတ္တာတေးသံကို နာခံရလိမ့်မည်။

ရန်ကုန်ဝယ် ဘတ်စ်ကားနှင့် တွဲဖက်ကာ ကျင်လည်နေရသူအပေါင်းသည် အတက်မှာ ဆွဲတင်၍ အဆင်းမှာ တွန်းချတတ်ပုံ၊ မှတ်တိုင် ကျော် ရပ်တတ်ပုံ၊ ခရီးသည် ကို ထည့်မတွက်ဘဲ ကားချင်းပြိုင်မောင်းရေးသာ အာရုံရှိကြပုံ တို့ ကိုစကားထဲ ထည့်မပြောလိုတော့သည် အထိ ရိုးခဲ့ကြပေပြီ။

အောက်မြေပြင်မှာ ခြေခိုင်ခိုင် ရပ်မိတော့ တိုးတက်ရန် ပြင်သူတို့ ကို ရှောင်ကွင်းရ၊သည် ။ လက်ညှိုးတစ်ချောင်း လှမ်းထောင်ကာ ခရီး

သည် ခေါတတ်သော ဆိုတ်ကားတို့ ကို ကျော်ဖြတ်လျက် ပလက်ဖောင်းပေါ် တက်လိုက်သည် ။ ထီးတော့ ဖွင့်ဆောင်းရန် မလို။ ညနေစောင်းနေခြည်မို့ မစူးလှတော့ပေ။

ငြိမ်း ဖြစ်လျှောက်နေရာ ဈေးလမ်းလေးသည် ညနေခင်းအချိန်မို့ ဝယ်သူ အနည်းငယ်သာ ရှိလေသည် ။ ဟင်းရွက်ရောင်းသူသည် အရွက်များ ပေါ် ရေစက်လက်ကျအောင် ပက်ဖျန်းလျက် ရှိသည် ။ ပန်းသည် ကတော့ ဈေးဝယ်အားပန်းတစ်မျိုးပြီး တစ်မျိုး ပြသလျက်။

ဟော ... ရှေ့မှာ တော့ ငြိမ်းအကြိုက် မြန်မာမုန့်တို့ သည် သင်းပျံ့သော ရနံ့နှင့် ကြိုနေပေပြီ။ မလှမ်းမကမ်းက မုန့်ဟင်းခါးဆိုင်ကိုတော့ သည် ညနေ မျက်စောင်းမထိုးတော့ပြီ။ မုန့်ပျားသလက် ပူပူနွေးနွေး ငါးခု ဝယ်ကာ အိမ်သို့ပင် တန်းတန်းမတ်မတ် လျှောက်လာသည် ။

ငြိမ်းတို့ တိုက်ခန်းသည် သုံးလွှာမှာ တည်ရှိတာမို့ လှေကားထစ်များ စွာ ဖြတ်သန်းရန် မလို။ ငြိမ်းတို့ အရွယ်အတွက်ကတော့ သည်လောက်အလွှာက စာဖွဲ့စရာ မဟုတ်ပါ။ သို့သော် ကြီးကြီးကတော့ ဈေးဆင်းဝယ်တိုင်း ညည်းတတ်သည် ။ 'ဈေးမသွားဘဲ နေပါလား၊ ငြိမ်း ဝယ်လာပေးပါ့မယ်' ဆိုတော့လည်း နေနိုင်သူမဟုတ်။ အချိန်တန်လျှင် ဆွဲခြင်းလေး လက်က ဆွဲကာ တအိအိ ဆင်းသွားတတ်သူပေ။

ငြိမ်းသည် စိတ်အလျဉ် တဖျပ်ဖျပ် ရှေ့ရင်းအခန်းရှေ့ ရောက်လာသည် ။ အိတ်ထဲက သော့ထုတ်သည် ။ သံပန်တံခါးမှာ အပြင်ဘက်က ခတ်ထား၏။ သည် လိုဆိုရင်ဖြင့် အဖေ

ထင်သည့်အတိုင်းပင် တံခါးပွင့်တော့ အဖေ့ကို မတွေ့ရ။ သူ့အိပ်ခန်းတံခါးမှာ လည်း စေ့လျက်။

ကြီးကြီးကတော့ တံခါးဖွင့်သံ ကြားသည် နှင့်ပင် အခန်းထဲက ထွက်လာပေသည် ။

"သမီးရေ ခုနကပဲ စိုးစိုးဖုန်းဆက်တယ်"

"ဘာတဲ့ လဲဟင်"

"သမီး ကိုကိုက ညနေ အင်တာနက်သုံးရင် သူ့ဆီ ဖုန်းခေါ်ပါတဲ့ ၊ ဒီဘက်က ငါးနာရီလောက်ဆိုဆက်လို့ ရတယ်တဲ့ "

"ထူးထူးဆန်းဆန်းပါလား၊ အင်းပါ ... သမီး ဆက်လိုက်ပါ့မယ်"

ငြိမ်းသည် အခန်းတံခါးကို တွန်းဖွင့်ကာ အိတ်ကို ခုတင်ပေါ် ပစ်ချလိုက်သည် ။ အိမ်နေရင်း အဝတ်တစ်စုံ လဲသည် ။ ဖေဖော်ဝါရီလဆန်းပေမယ့် ရန်ကုန်ဆို နွေခင်းဆို ပူနွေးခဲ့ပြီ။ ညနေခင်းမှာ သာ ခပ်အေးအေးနှင့် နေရထိုင်ရ ကောင်းတော့သည် ။

ခုလို အိမ်ပြန်ရောက်ချိန် အိမ်နေရင်း အဝတ်ဟောင်းများ လဲဝတ်လိုက်ရချိန်လောက် စိတ်သက်သာရာရတာ မရှိပါ။ ကြည့်မှန်ရှေ့ မျက်နှာချင်းဆိုင်ကာ ဆံပင် ဖြီးသင်သည် ။ သားရေကွင်းအပျော့လေးနှင့် ခပ်လျော့လျော့စည်းလိုက်သည် ။ ခုတစ်လောလေးတွင် မှ မျက်နှာပြန်ပြည့်လာသလို ကြည်ကြည်လင်လင်လည်း ရှိလာသည် ။ ငြိမ်းသည် စိတ်ကျလျှင် ရုပ်ကပါ နွမ်းတတ်သူ။

နံရံထက်က နာရီကို မော့ကြည့်တော့ ၄ နာ

ငြိမ်းသည် မှန်တင်ခုံအနီးမှာ ဆတ်ခနဲ ထကာ ခုတင်သို့ တိုးကပ်လာသည် ။ပျော့ပျောင်းနူးညံ့သော ခေါင်းအုံးထက် ခေါင်းချလိုက်သည် ။ အသက်ကို ဖြည်းဖြည်းညင်းစွာ ရှူရှိုက်သည် ။ အာရုံသည် တဖြည်းဖြည်း ဝေဝါးစပြုသည် ။ နောက်တော့ အိပ်ပျော်ခြင်းသို့ ရောက်လေသည် ။

***

အိပ်မက်ပင် မရှိလိုက်ဘဲ ငြိမ်း ပေါ့ပါးစွာ နိုးထတော့ ညနေ ၅ နာရီပင် ထိုးတော့မည်။ ဖုန်းယူကာ အိမ်ရှေ့ခန်းသို့ ထွက်လာသည် ။ ဧည့်ခန်းမှာ စိတ်လွတ်ကိုယ်လွတ် ဝင်ထိုင်သည် ။ အိမ်သည် ညနေခင်းများ စွာလို တိတ်မြငြိမ်မြ။ ကြီးကြီးကတော့ သူ့အခန်းထဲ တရားထိုင်နေရော့မည်။ အဖေရော..။ အင်း ပြန်မရောက်လောက်သေးဘူး ထင်ပါရဲ့ ။

ငြိမ်းသည် တစ်ဖက်က ဖုန်းအကိုင်ကို စောင့်နိုက် စားပွဲခင်း တက်တင်းဓာစကို လက်သည်းများ နှင့် ဖွဖွခြစ်နေသည် ။ သည် နေ့ ကိုကိုဘာကြောင့် ဖုန်းအဆက်နိုင်းပါသနည်း။ ဟော

'ငါလည်း အခုပဲနင့်ဖုန်းစောင့်နေတာ' ဟု ကိုကို့အသံကို စကြားရတော့ စိတ်အတွင်းက သတိဆွဲသလို လူကလည်း မိတ်ခနဲ ဖြစ်သွားရသည် ။

"ကိုကို ဘာပြောစရာ ရှိလို့ လဲ ပြော"

"နင် ဟိုတစ်လောက မေးတာလေ၊ မကြည်ပြာဆိုတာလေ"

"အင်း ... ကိုကိုကလည်း ကြာပဲ ကြာလှပြီ၊ အခုမှ ပြန်မေးဖော် ရတယ်၊ ဘယ်လို ဖြစ်တာလဲ"

"ငါ ဟိုတစ်နေ့ကမှ ပြန်စဉ်းစားမိတယ်ဟ"

"ဘာလဲဟင်၊ ဘာစဉ်းစားမိတာလဲ"

ငြိမ်းသည် စာအုပ်စင်ပေါ် စီစီရီရီ တင်ထားသော စာအုပ်များ ထံ စိတ်မှတ်မဲ့ ငေးနေသည် ။ အသက်ရှူပုံမှာ မသိမသာ မြန်လာပေသည် ။

"အေး ... ငြိမ်းရေ၊ ငါ ဘာစဉ်းစားမိတုံး ဆိုတော့ အဲဒီ မကြည်ပြာဆိုတာ ရွာမှာ တုန်းက ငါ တွေ့ဖူးသားပဲဟ၊ ရွာအရှေ့ဘက်မှာ နေတာ၊ နင်ကတော့ အိမ်နားမှာ ပဲ ကစားတော့ ဘယ်သိမလဲ၊ ငါတို့ က ရွာရိုးကိုပေါက် လျှောက်သွားတာကိုး၊ ငါနဲ့ တော့ မခင်ပါဘူး၊ မြင်ဖူးရုံပဲ၊ အဲ ...သူလည်း ငါတို့လိုပဲ မြို့သာယာမှာ ကျောင်းတက်တာ၊ ကျောင်းကြီးကပေါ့ဟာ"

ငြိမ်းသည် 'အင်း' ဟု စကားထောက်ကာ ငြိမ်မြဲ ငြိမ်လျက်။

"တစ်နှစ် နွေကျတော့ ကျောင်းဖွင့်ခါနီး ထင်တာပဲ၊ မကြည်ပြာရဲ့ မောင်လေး သေရော၊ မြို့သာယာမှာ ပဲ သေတာတဲ့ ၊ ငါတို့ နဲ့ ကစား

နေကျကောင်တွေ ပြောပြတာပေါ့ကွာ နောက် ပြောပြီးပြီ တခြားအထွေအထူး မရှိပါဘူး မိုင်

ဘာကြောလို့ လဲ၊ ငါတို့ လည်း မြိုင်သာယာပြန်ရတာပဲ မဟုတ်လား"

"နောက်နှစ် နွေကျတော့ ငါတို့ ရွာမပြန်ရဘူး မဟုတ်လား ကိုကို၊ ပြောင်းမယ့်နှစ်ကျတော့မှ ခဏ ပြန်ကြတာ မဟုတ်လား"

"အေးလေ၊ နေပါဦး၊ မကြည်ပြာအကြောင်း နင်က ဘာဖြစ်လို့ သိချင်ရတာတုံး"

ငြိမ်းသည် သက်ပြင်းတစ်ချက် ဖွဖွ ရှိုက်လိုက်မိသည် ။

"ဘာမှ မဟုတ်ပါဘူး၊ ဒီအတိုင်း ကြုံလို့ မေးကြည့်တာ၊ ကိုကို တခြား ဘာပြောဦးမလဲ၊ ကြီးကြီးနဲ့ ပြောဦးမလား"

"ကြီးကြီးတို့ အဖေတို့ နဲ့ တော့မနေ့ကပဲ ပြောပြီးပြီ၊ တခြားအထွေအထူး မရှိပါဘူး မိငြိမ်းရာ၊ ငါ ဖုန်းချလိုက်တော့မယ်လေ"

"နေဦး ...."

နှုတ်က လွှတ်ခနဲ ဆိုတာ ဖုန်းကို တင်းတင်း ဆုပ်ကိုင်ထားမိပါသည် ။ ကိုကို သိတာ ဒီလောက်ပဲဟု ငြိမ်း မထင်ပါ။ တစ်စုံတစ်ရာသော မြုပ်ကွက်ရှိဦးမည်ဟု စိတ်မှာ အလိုလို ခံစားသိနေပါသည် ။

"ကိုကို ၊ ငါ မေးစရာ ရှိသေးတယ်"

"မေးဟာ မေး"

"ဟိုလေ ...ဟို ... အဖေ ... အဖေက မြိုင်သာယာမှာ တုန်းက အမှုဖြစ်ဖူးတယ်ဆို၊ မကြည်ပြာရဲ့ မောင်လေးကို သတ်လို့ ဆို"

"ထင်သားပဲ ၊ နင် ဒါကြောင့် လျှောက်မေး

တွေ ငါမမေးတော့ဘူး၊ ထားတော့၊ ဒီမယ် ငါ တစ်ခုပဲ ပြောမယ် ငြိမ်း၊ အဖေဟာ ဘယ်တုန်းကမှ သူတစ်ပါးအပေါ် မတရား မလုပ်ခဲ့ဖူးဘူး၊ စီးပွားရေးအရ လည်လည်ပတ်ပတ် ကျော်လွှားခဲ့တာ ရှိရင်ရှိမယ်၊ ဒါပေမဲ့ သူများ အသက်သတ်တဲ့ အထိ မတရား မလုပ်ခဲ့ဖူးဘူး၊ ဒီအမှုဆိုတာ သက်သက်အဆင်ခံရတာပါ၊ ငါ ငယ်တုန်းကတော့ မသိခဲ့ဖူးဘူး၊ ကြီးလာတော့မှ လူကြီးတွေ အမှတ်တမဲ့ ပြောတာ ကြားဖူးတယ်၊ ဒါပေမဲ့ အမှုဆင်ခံရတာလို့ ငါ့ကို ကြီးကြီး ပြောပြတယ်၊ ဦးဦးမျိုးတင် လာတုန်းက ငါ ကပ်မေးတော့လည်း အဲဒီလိုပဲ ပြောပြတယ်၊ ဒီမယ် ငြိမ်း၊ ငါ အဖေ့ကို ယုံတယ်။ နှင်လည်း ယုံပါ"

လို 'ဟုတ်' ဟု ကြည်ရွှင်စွာ ဆိုမိပါသည် ။ နောက်တော့ ဖုန်းချကာ၊ ဆိုဖာနောက်မှီပေါ် ခေါင်းမှီကာ နှုတ်ခမ်းထက်မှာ ပင် အပြုံးတစ်စ ရေးရေး ချိတ်မိသည် ။

သည် အခိုက်မှာ ပင် သဲ့သဲ့မျှသော လှုပ်ရှားသံသည် ငြိမ်း၏ နောက်ကျောဘက်ဆီမှ ထွက်ပေါ် လာလေသည် ။

ကြီးကြီးလား ....။

ခေါင်းကို ဆတ်ခနဲ ထောင်ကာ လည်ပြန် ငဲ့လှမ်းငဲ့ချင်း မြင်လိုက်ရသူကြောင့် ငြိမ်းပါးစပ် အဟောင်းသား ဖြစ်ရသည် ။ မျက်လုံးအစုံ ပြူးကျယ်ဝိုင်းစက်ရသည် ။

အဖေ ... အဖေ ပါလား။ ဘယ်အချိန်ကလည်း ကများ အိမ်ပြန်ရောက်နေပါသနည်း။

ပပ ကြားခဲ့ပါသလား။

မြိုင်သာယာမှာ တုန်းက အမှုဖြစ်ဖူးတယ် ဆို မကြည်ပြာရဲ့ မောင်လေးကို သတ်လို့ ဆို ....။

ငြိမ်းသည် သူ့ထံ စူးစိုက်ငေးမောနေသော အဖေ့မျက်ဝန်းများ ထဲက နာကျင်မှုကို မြင်သည် ။ ပြိုကျ ပျက်ယွင်းနေသော မျက်နှာကို မြင်သည် ။

မေးခွန်းများ စီကာတန်းကာ မေးရန် မလို အပ်တော့လောက်အောင်ပင် အဖေ့ မျက်ဝန်းများ နှင့် မျက်နှာရိပ်တို့ သည် ငြိမ်း အား အဖြေပေးလျက် ရှိလေပြီ။

"မြိုင်သာယာမှာ တုန်းက အမှုဖြစ်ခဲ့တယ် လို့ နင့်ကို ဘယ်သူ ပြောလဲ"

အဖျားဝယ် လှိုက်ခတ်တုန်ရီနေသည် ။ 'သမီး' ဟု သုံးနှုန်း။ 'နင် ' ဟု ဒေါသနှင့် သုံးနှုန်းခဲ့ပြီ။

ငြိမ်းသည် အတုန်တုန် အလှုပ်လှုပ်နှင့်

"မကြည်ပြာ ပြောတာပါ အဖေ"

အဖေ့မျက်နှာမှာ တစ်စုံတစ်ရာနှင့် အရိုက်ခံ လိုက်ရသူလို ဆတ်ခနဲ နာကျင်ဟန်။ မျက်လုံး များမှာ စူးစူးလက်လက် နှင့်သီးပြိုကွဲလျက်။ ငြိမ်းသည် အဖေ့မျက်လုံးများကို ရင်မဆိုင်ရဲသ လို မျက်နှာ အောက်ချလိုက်ပါသည် ။

"ဩော် .... လက်စသတ်တော့ သက်ဆွေသ မီးနဲ့ တွေ့ခဲ့တာကိုး"

ငြိမ်းသည် ခေါင်းတစ်ချက် ညိတ်လိုက်သည် ။ 'သက်ဆွေ သမီး' ဆိုသော အသံမှာ ပင် မုန်း

တီးခြင်းကို ခံစားသိသည်။ ကျောရိုးထဲကပင် စိမ့်ခနဲ နေအောင် အဖေ့အသံက အေးစိမ့်ခါး သီးနေပေသည်။

"သူနဲ့ ဘယ်မှာ တွေ့လို့ လဲ"

"ရန်ကုန် လာသွားသေးတယ် အဖေ၊ မမသ က်တို့ အိမ်မှာ တွေ့တော့ စကားစပ်မိရင်း ပြော သွားတာ"

"သူ အဲလိုပြောတော့ နင်ယုံလား"

"ဟို ...ငြိမ်း ... ငြိမ်း သူ့ကို မယုံပါဘူး၊ ဒါ ပေမဲ့ ဘာဖြစ်ခဲ့တာလဲ ဆိုတာပဲ သိချင်တာပါ"

"နင့်ကိုကိုကို နင် ခုနက မေးတယ် မဟုတ် လား သူ ဘာပြောလဲ"

ငြိမ်းသည် အဖေ့ကို ဆတ်ခနဲ မော့ကြည့်သ ည်။ အဖေသည် ငြိမ်းနှစ်များ စွာ တွေ့ခဲ့ဖူးသ

လိုပင် မျက်မှောင် တွန့်ချိုးလျက်။ နှုတ်ခမ်းပါး တို့ ကို တင်းတင်းစေ့လျက်။ မျက်နှာက မှုန်မှိုင်းမှ ိုင်း။ မိမိကိုယ်တိုင် အားတင်းခြင်းလေ လား ဝေခွဲမရသော အမူအရာတစ်မျိုးမှာ အဖေ့ မျက်နှာထက်ဝယ် ချိတ်ခို၍ နေသည်။

"အမူအဆင်ခံရတယ်လို့ ပြောပါတယ်"

အဖေသည် ကျေကျေနပ်နပ်ဟန်နှင့် တစ်ချ က်ပြုံး၏။

"အေး အဲဒါ အမှန်ပဲလေ၊ ဘာထပ်မေးစရာ ရှိဦးမလဲ၊ နင် တခြားဘယ်သူ့ကို မေးသေးလဲ"

ငြိမ်းသည် ကြီးကြီးအခန်းသို့ လှမ်းကြည့်သ ည်။ တံခါးစေ့ပိတ်ထားမြဲ။ ညွှန့်ခန်းက အသံ တို့ ကို အသေအချာ နားစွင့်မှ သာ တစ်စွန်းတ စ်စ ကြားနိုင်မည်။ ကြီးကြီး မကြားဖို့ ကတော့ သေချာသလောက်ပါပဲ။ သို့သော် ပြောရမလား၊

'ငါ မေးနေတယ်လေ' ဟု စိတ်လက်မရှည်ပုံ ပေါက်သည့် အဖေ့စကားသံကို ကြားတော့ လူက ဆတ်ခနဲ တုန်ရသည် ။

"ကြီးကြီးကို မေးပါတယ်"

"အဲဒီတော့ .."

"အမှုအဆင်ခံရတယ်လို့ ပဲ ပြောပါတယ်၊ ဟို ....ဟို ရန်ငြိုးရှိလို့ အဖေ့ကို အမှုဆင်တာတဲ့ "

"အေး .... အဲဒါပဲ၊ အဲဒါ အမှန်ပဲ" ဟု စောစောက စကားကိုပင် အဖေ ထပ်ကျော့သည် ။ စကားသံနှင့် တစ်ပြိုင်တည်းလိုပင် လက်ဝါးနှစ်ဖက်ကို ဆတ်ခနဲ တီးခတ်လိုက်သည် ။

"ငါ့မှာ ခရိုင်ရုံးက စီရင်ချက်လည်း ရှိတယ်၊ ခံဝင်တော့ ကွင်းလုံးကျွတ်လွှတ်တဲ့ အခါ စီရင်ချက်မှာ ဘာရေးထားလဲ သိလား၊ မှားယွင်းမှု ဟု သတ်မှတ်သည် တဲ့ ၊ ပြီးပြီလေ"

အဖေသည် ငြိမ်းရွှေဝယ် လျှောက်လဲချက်ပေးသည့်ပမာ စကားလုံး တိုင်းကို တစ်လုံးချင်း သတိထား ပြောကာ ထပ်ပြုံးလိုက်သည် ။ အဖေ့အပြုံးက ငြိမ်းထံ ကူးစက်လာသည် ။ စောစောတုန်းက ကိုကိုနှင့် ဖုန်းပြောရသလိုပင် စိတ်လွတ်မြောက်သည့်သဖွယ် ငြိမ်းပြုံးလိုက်ပါသည် ။

ငြိမ်း၏ အပြုံးမျက်နှာကို အဖေ တစ်ချက်လှမ်းကြည့်သည် ။ နူးညံ့သော အရိပ်သည် အဖေ့မျက်နှာပေါ်ဝယ် ရိပ်ရိပ် ပြေး၏။ တကယ့်ကို ရိပ်ရိပ်ကလေးပါပဲ။ နောက်တော့ မာကျော

ကျော့ အလှသာတစ်ခု ဖုံးမြဖုံးလျက်၊ တွေ့မြင်နေ ပေးရက်လေခြင်း။

ကျမို့ ထိုမျက်နှာသည် ငြိမ်းအတွက် မဆန်း တော့။

သည် ခဏဝယ် ခံစားမှုတစ်ခုချင်းကိုသာ အမည်တပ်ရလျှင်တော့ စုံလှပါရဲ့ ။ အဖေနှင့် အမှုအကြောင်း အမှတ်မထင် စကားဆိုရတာ တုန်လှုပ်ခြင်း ဖြစ်ရသည် ။ နောက်တော့ အဖြစ်မှန်ကို သိခွင့်ရသည့်အခါ ကျေနပ်လွတ်မြောက်ခြင်း ဖြစ်ရသည် ။ အင်း .....မတတ်သာ၍ ဖွင့်ဟပြောရသော အဖေ့အပေါ်မှာ တော့ သနားခြင်း ဖြစ်သည် ။ မကြည်ပြာ ... မကြည်ပြာ အပေါ်မှာ ရော ..။

ငြိမ်းသည် နှုတ်ခမ်းအစုံကို ဆတ်ခနဲ မဲ့လိုက်သည် ။ ပြောရက်လေခြင်း.... တစ်ပါးသူ မိသားစုကိုမှ စိတ်အနှောင့်အယှက်

"နေပါဦး၊ အဲဒီ ကြည်ပြာက ဘာထပ်ပြော သေးလဲ"

အဖေသည် ငြိမ်း၏ စိတ်အတွေးကို သိသူပမာ လှမ်းမေးလိုက်ပြန်ပါသည် ။

"ဘာပြောသေးလဲဆိုတော့ ... ဩော် ... သိပြီ၊ ငြိမ်းတို့ က ... ငြိမ်းတို့ က ပြောင်းပြေးတာတဲ့ "

"ပြောင်းပြေးတာ ...."

အဖေသည် ငြိမ်း၏ စကားကို သံယောင်လိုက်လိုက်သည် ။ နောက်ဟက်ဟက်ပက်ပက်ပင် ရယ်မောလိုက်သည် ။ အဖေ သည် လို ရယ်ပုံကို မမြင်ဖူးသည် ဖြစ်၍ ကြုံနေရသော လတ်တလော အဖြစ်ကိုပင် မေ့လျော့ကာ ငြိမ်း ပြုံးမိ

ပေသည်။

"ပြောင်းပြေးတယ်ဆိုတာ ဒီအပြစ်ကို ငါ ကျူးလွန်ခဲ့လို့၊ ကြောက်လို့ မဟုတ်ဘူး ကွ၊ မလိုတဲ့ သူတွေ လျှောက်လျှောက်ပြောတဲ့ စကားတွေကြားမှာ ငါ့သားသမီးတွေ မျက်နှာငယ်ငယ်နဲ့ ကြီးမလာစေချင်လို့၊ အဆက်ဖြတ်ချင်လို့ ပြောင်းခဲ့ရတာ"

ငြိမ်းသည် ရင်၌ လှိုက်ခနဲ ဖြစ်ကာ အဖေ့ကို ငေးနေပါသည်။ အဖေ မျက်နှာပေါ်ဝယ် အထင်းသား ပေါ်သော ချစ်ခြင်းမေတ္တာကို မြင်ရပြီ။ သားသမီးများ အပေါ် ထားသည့် ချစ်ခြင်းကို တစ်သက်နှင့် တစ်ကိုယ် ပထမဆုံး အကြိမ်အဖြစ် အဖေ့နှုတ်က ဖွင့်ဟပြောတာ ကြုံဖူးရပြီ။

ငြိမ်း၏ နှုတ်ခမ်းများက ပြုံးမြမြ။ မျက်လုံး

အစုံမှာတော့ ဝမ်းနည်းဝမ်းသာ ခံစားမှုဖြင့် စိမ့်လာသည့် မျက်ရည်တို့ တရိပ်ရိပ် ရစ်၍ နေပေသည်။

***

လူတစ်ယောက်ထံ သောက ဆိုက်ရောက်ချိန်များ ၌ နောက်ထပ် နောက်ထပ် ကျရောက်လာသမျှသော ဖြစ်ရပ်တို့ သည် ဘာကြောင့်များ သောကနွယ်ရပါသနည်း။ ဝမ်းသာစရာ ကြုံရတတ်ချိန်မျိုးမှာ လည်း နောက်ထပ်သော ကြုံရသမျှ အရာရာသည် ဘာကြောင့်များ ရွှင်မြူး ကြည်နူးစရာသာ ဖြစ်ရပါသနည်း။

ငြိမ်းတွင် ပူပင်သောက ကြုံရချိန်၌ ဝန်းကျင်ဝယ် ဝမ်းနည်းစရာ၊ နာကျင်စရာများ သာ ပြ

..... ခုတော့လည်း အဖေနှင့် သမီးအကြားက သံသယမြူခိုးများ ကင်းစင်ချိန်မှာ စိတ်လက်ပေါ့ပါး ရှင်လန်းစရာ ဖြစ်ရပ်တို့ သည် အဖော်တစ်သင်းနှင့်ပင် ဆိုက်ရောက်လာတော့ သလိုတည်း။

အခြားသူပါ လူများ စွာကိုပင် နိစ္စဓူဝ ကျင်လည်ရသည့် ငြိမ်း၏ ဘဝဇာတ်ကွက်တို့ တွင် မျှော်လင့်ရာ အခန်းတို့ က အတော်အတန်နောက်ကျတော့မှ မရောက်ချင့် ရောက်ချင် ရောက်လာတတ်သလို မမျှော်စဉ်မှာ ဖြုန်းခနဲ ဆိုက်ရောက်သော ဘဝအခန်းစဉ်လည်း ရှိတတ်ခဲ့ပါသည် ။ ကံကြမ္မာအလိုအရတော့ စိကာစဉ်ကာပေါ့။

သို့သော် ငြိမ်းအဖို့ တော့ အနည်းငယ် မြန်

ငြိမ်းသည် ထိုတစ်နေ့က ဥက္ကာနှင့်အတူ ဓာတ်ပုံပြပွဲတစ်ခုမှာ ရှိနေခဲ့ပါသည် ။ ခုတစ်လောတော့ ဥက္ကာ စိတ်ဝင်စားနေပြန်သည့် မိန်းကလေးငယ်မှာ ဓာတ်ပုံပညာဘက် စိတ်အားထက်သန်သူမို့ ဥက္ကာတစ်ယောက်လည်း ထုံးစံအတိုင်း ဓာတ်ပုံနောက် ကောက်ကောက်ပါနေပြန်သည် ။ ဓာတ်ပုံပညာအကြောင်း ရေးသောစာအုပ်များ ဖတ်ရသည် ။ ဝက်ဘ်ဆိုက်များလေ့လာရသည် ။ သူ့ခမျာ အားပဲ မအားလပ်နိုင်။ 'ဘာလုပ်ဖို့ တုံး'ဟု ငြိမ်း မေးတော့ 'ဟ - သူစိတ်ဝင်စားတဲ့ ဟာတွေ ပြောလို့ မှ ငါ လိုက်မပြောနိုင်ရင် ငါ့ကို ဘယ်စိတ်ဝင်စားမလဲ မိငြိမ်းရ' တဲ့ ။

ငြိမ်းက တဟားဟား ရယ်လျှင် သူ့မှာ အနေ

ခက်ပုံ ပြရသေးသည် ။ ဒါလည်း ခဏပါပဲ။ အ တန်ငယ် ကြာလျှင်တော့ ထုံးစံအတိုင်း ပေါ့ပါးဟန်ရှိနေပြန်ပါသည် ။

"ဒီတစ်ပတ်တော့ တနင်္ဂနွေတောင် ပြပွဲတစ်ခု ရှိတယ်ဟ၊ သူ ညွှန်းလွန်းလို့ ၊ စစ်ဘေးဒုက္ခသည် စခန်းတွေက ဓာတ်ပုံတွေ ပြတာတဲ့ ၊ သိပ်ကောင်းတာပဲ၊ သွားကြည့်သင့်တယ်တဲ့ ၊ သူကတော့ သူ့အိမ်က မန္တလေး သွားလို့ ပါသွားတယ်တဲ့ ၊ သူ ပြောတဲ့ ပွဲကို ငါ သွားကြည့်မလို့ နင် လိုက်ခဲ့ပါလား မိငြိမ်းရာ"

"တစ်ယောက်တည်း သွားပေါ့ဟ ဘာလို့ လိုက်ရမှာ လဲ"

"လိုက်ခဲ့ပါ မိငြိမ်းရာ၊ ငါ နင့်ကို ကြည့်စေချင်လို့ ပါ၊ ဒီမှာ - ဓာတ်ပုံဆိုတာ အတိုဆုံးနဲ့ အထိရောက်ဆုံး ပြောနိုင်တဲ့ ဘာသာစကား၊ တစ်ကမ္ဘာလုံး နားလည်တဲ့ ဘာသာစကားပါဟ၊ နင် ကြည့်သင့်ပါတယ်"

ငြိမ်းသည် အတည်အခံ့ဟန် ဖမ်းကာ စကားဆိုနေသူကိုမှ အားမနာသည့်သဖွယ် ရယ်မောမိသည် ။ နောက်တော့လည်း ဥက္ကာ ကြည့်စေချင်သည် ဆိုသော ပြပွဲသို့ လိုက်ခဲ့ရပါသည် ။

အညိုနုရောင်၊ အဝါရောင်ပြေပြေ လွှမ်းသော အခန်းငယ်ထဲက နံရံများ ထက်မှာ ချိတ်ဆွဲထားသည့် ဓာတ်ပုံများကို မြင်တွေ့ခွင့်ရလျှင်တော့ သည် ပွဲရောက်အောင် ခေါ်ယူခဲ့သော ဥက္ကာကိုပင် ကျေးဇူးတင်စိတ် ဝင်လာရပါသည် ။

နှစ်များ စွာ ဝေးကွာခဲ့သော ဓာတိမြေက မြင်ကွင်းတို့ သည် ငြိမ်းအတွက် လွှမ်းစဖွယ်။ ပြီး

ငြိမ်းသည် ငွေ့ငွေ့ဝေသည့် ယမ်းခိုးများ နှင့် ချစ်သောမြေကို ပြင်ပမှာ ယှဉ်တွဲ၍ မမြင်စဖူး။ တဲသာသာ ဒုက္ခသည် စခန်းများကို မမြင်စဖူး။ ဒုက္ခသည် စခန်းများမှာ ခိုလှုံကြသော၊ အခက်ခဲဆုံး အခြေအနေမှာ ပင် ပြုံးမြနိုင်သော ကလေးများကို မတွေ့စဖူး။ ခုတော့ ဓာတ်ပုံများ ထဲမှာ မြင်ရတွေ့ရပြီ။ ဥက္ကာပြောခဲ့သလိုဖြင့် ဓာတ်ပုံများ ထဲက ဘာသာစကား။

ထိုဘာသာစကားတို့ သည် ငြိမ်း၏ ဝန်းကျင်တစ်ခိုမှာ ဝေ့လည်ခတ်နေပါသည် ။ စကားသံများ တွင် နာကျင်မှုများ ပါဝင်သည် ။ အိမ်ကို လွမ်းတသော စိတ်ခံစားမှုများ ပါဝင်သည် ။ ချစ်ခင်သူတို့ နှင့် သေကွဲ၊ ရှင်ကွဲ ကွဲခဲ့ရသော မျက်ရည်စများ လည်း ပါဝင်ပါသည် ။



ကို မော့ငေးကာ ခပ်ဖြည်းဖြည်းချင်း ရွေ့လာပါသည် ။ သူငယ်ချင်းတစ်ယောက်နှင့် တွေ့နေကျ နောက်နားမကျတကျဆီမှာ ဥက္ကာ ကျန်ရစ်ခဲ့ပုံကို သိသည် ။ သို့သော် လှည့်မကြည့်ဖြစ်။ အိပ်မက်ထဲ လွင့်နေသူကို ငေးရင်း လျှောက်ရင်း ပြုနေရာက တစ်နေရာ အရောက်တွင် တော့ ဓာတ်ပုံတစ်ပုံသည် ငြိမ်း၏ အာရုံကို ဆဲဆုပ်ညှို့ယူလိုက်ပါသည် ။

သည် လို ညှို့ငင်ခြင်းသည် ဓာတ်ပုံ၏ သက်ဝင်သော ဘာသာစကားကြောင့်လည်း ဖြစ်သည် ။ စာရွက်ဖြူကလေးမှာ ကပ်ထားသည့် နာမည်တစ်ခုကြောင့်လည်း ဖြစ်ပါသည် ။ မိုးညဏ်တဲ့ ...။

နာမည်တူသာ မရှိဘူး ဆိုလျှင်တော့ တစ်ရ

ကိတုန်းဆီက တွေ့ခဲ့ဖူးသည့် ဒရိုက်တာပဲ ဖြစ်လိမ့်မည်။ ဖြစ်မည်ဟု ပင် ငြိမ်း၏ စိတ်က အလိုလို သိထင်နေပါသည် ။ ဝါလုံးတိုင်ကို ဖက်တွယ်ကာ၊ ကင်မရာဆီ မော့ကြည့်ကာ အပြစ်ကင်းစင်စွာ ရယ်ပြနေကြသော ကလေးသုံးဦးကလည်း ငြိမ်း၏ အထင်အမြင်ကို ဖြည့်စွက်သက်သေခံနေသလို။

ငြိမ်းသည် နောက်ကျောဘက်သို့ ငေ့ငဲကြည့်လိုက်ပါသည် ။ အခန်းထောင့်တစ်နေရာမှာ စကားဆိုသည့် လူစုစုအနီး ရှိနေသူကို မြင်လျှင်တော့ ခေါင်းကို ချာခနဲ လှည့်လိုက်ပြန်သည် ။ သေချာတာပေါ့။ သူမှ သူပါပဲ ...။

လေအေးကလေး လွင့်နေသော အခန်းထဲဝယ် ငြိမ်း၏ မျက်နှာမှာ ဖြုန်းကနဲ ပူနွေးလာပြန်ပါသည် ။ ဝန်းကျင်တစ်ခုလုံးကို မေ့လျော့ ရှိက်ငင်မိသော အချိန်ကာလသည် မျက်စိရှေ့မှောက် တစ်ကျော့ပြန် ကိုယ်ထင်ပြလာသလို။ ငြိမ်းကို တွေ့ရင် သူ မှတ်မိမှာ ပါပဲ။ ထိုတစ်နေ့က ပွဲပြီးချိန်မှာ ရည်မွန်က မိတ်ဆက်ပေးလိုက်တာမို့ ပိုပြီး မှတ်မှတ်မိမိ ရှိလိမ့်မည်။ ငြိမ်း၏ နာမည်ကိုတော့ သိနေသေးသလား မရေရာ။

ထိုစဉ်ခဏတုန်းက ရင်းနှီးဟန်ပြခဲ့သော မျက်ဝန်းညိုတို့ ကို ငြိမ်းခုပင် မြင်ယောင်မိပါသည် ။ သူသည် ငြိမ်းတို့ ထက်တော့ အသက် အနည်းငယ် ကြီးလိမ့်မည်။ အသက်ထက်ပို၍ ရင့်ကျင်ဟန်ကို သူ့လှုပ်ရှားမှုမှာ ၊ သူ့အမူအရာမှာ မြင်ရသည် ။ ကိုယ့်ကိုယ်ကိုယ် ယုံကြည်စိတ်ချသူတို့ ၏ သရုပ်သည် သူ့လေသံမှာ ၊ အပြုံးမှာပင် ချိတ်တွယ်လျက်။ အထူးသဖြင့် သူ့မျက်ဝန်းအစုံသည် တစ်ဖက်သားအပေါ် စာ

နှုသိတတ်သူတို့ ၏ မျက်လုံးမျိုး ဖြစ်သည် ။

သူ ကျောခိုင်းချိန်၊ နှစ်ယောက်တည်း ကျန်ရစ်ချိန်မှာ ပင် ရည်မွန်သည် သူ့အကြောင်း စကားဆက်ဆဲ။

'ကိုမိုးညဏ်တို့ က မိတ်ဆွေတွေပေါင်းပြီး အလုပ်လုပ်ကြတာပေါ့ ငြိမ်းရဲ့ ၊ မှတ်တမ်းရုပ်ရှင် ရိုက်တယ်၊ ရုပ်ရှင်ဇာတ်လမ်းကို ရိုက်တယ် ၊ တခြား မှတ်တမ်းတွေ သီချင်းတွေလည်း ရိုက်တာပေါ့လေ၊ ငါတို့ အဖွဲ့နဲ့ တော့ ချိတ်မိတာ၊ အလုပ်အပ်တာ ဒါပါနဲ့ ဆို နှစ်ခါရှိပြီ သူတို့ ဆီက ထွက်လာတာလေးတွေကို ငါတော့ သဘောကျတယ်၊ ကိုယ့်လူပ်ရှားမှုကို မှတ်တမ်းတင်တာ၊ ကိုယ့်ရည်ရွယ်ချက်ကို ရိုက်ပြတာ ၊ သက်သက်ချည်းလည်း မဟုတ်ဘူး ဟယ်၊ အနုပညာပါတယ်။ လူကို ထိတယ် အဲဒါမျိုး



'ငါတောင် မျက်ရည်ကျလိုက်သေးတယ်' ဟု ရည်မွန့်ရှေ့ လွတ်ခနဲ ပြောမိတော့မလို ဖြစ်ပြီးခါမှ မျိုသိပ်လိုက်ရပုံကိုပင် ပြန်လည်အမှတ်ရသည် ။

ငြိမ်းသည် ကလေးတို့ ၏ ချစ်ခင်စာနာဖွယ်ပုံရိပ်ရှေ့က ခွာလာသည် ။ နောက် နံရံတစ်ဖက်ဆီသို့ မော့မော့ငေးငေး ရောက်လာပါသည် ။

သည် နံရံထက်က ဓာတ်ပုံတွေဟာလည်း ထူးမခြားနားပါပဲ။ မလို့မ တလို့ အမိုးအကာနှင့် အခန်းငယ်များ ၊ သက်ကြီးရွယ်အိုများ ၊ အမျိုးသမီးများ ၊ ကလေးငယ်များ ။ အဝေးမြင်ကွင်းမှာ လှသည် ဆိုရမလောက် တောင်တန်းရိပ် နောက်ခံသော တဲတန်းလျားများ ။ လှပါရဲ့ .... လှသော သဘာဝ ဝန်းကျင်ပါပဲ။ သို့သော်

စွာ ကွယ်ပျောက်ခဲ့ပြီ။

တစ်ခုသော ဓာတ်ပုံကတော့ အခြားဓာတ်ပုံများ နှင့်စာလျှင် ငြိမ်းထံ စကားလုံးပေါင်းများစွာ လှမ်းဆိုနေသလို ရှိပါသည် ။ တောင်တန်းသို့ ငေးမျှော်နေသော မိန်းကလေးငယ်၊ သူ့ကျောပေါ်က အခါလည်သားလေး။ ကလေးမလေးသည် ကင်မရာ ချိန်ရွယ်ထားပုံကို သတိပြုမိဟန် မရှိပါ။ ဘယ်အရပ်ဆီငေးမျှော်မှန်း မသိသော မျက်လုံးလေးများမှာ မှိုင်းမှုန်လျက်။ ကျောပေါ်က ကလေးကမူ သွားကျိုးလေးများ ပေါ်အောင်ပင် ကင်မရာထံ လှမ်းကြည့်ရယ်မောနေပါသည် ။

သူတို့ တွင် အမေရှိသလား၊ မရှိဘူးလား။ အမေလုပ်သူ အိမ်အပြန်ကို မျှော်နေတာသာ ဖြ

ယောင်ယမ်းမျှော်နေသူများ မဖြစ်ပါစေနှင့် ...။

'ခင်ငြိမ်းချမ်းလား မသိဘူး' ဆိုသော စကားသံ နောက်ကျောဘက်ဆီက ထွက်ပေါ်ချိန်မှာ ငြိမ်းသည် အမေ့အကြောင်း ခေါင်းထဲ ထည့်၍ ၊ဓာတ်ပုံထဲက ကလေးတို့ ကို စာနာမဆုံး ရှိ၍ လူက တစ်ခဏမျှ သတိလက်လွတ် ခေါင်းငိုက်စိုက်ချနေမိချိန်တည်း။ ခေါ်သံ ကြားတော့မှ သာ ခေါင်းကို ဆတ်ခနဲ မော့ကာ လည်ပြန်ငဲ့ကြည့်မိသည် ။

"ကိုမိုးဉာဏ် "

ငြိမ်း၏ အသံမှာ အံ့ဩဟန် ရိပ်ရိပ်စွက်လျက်။ မျက်လုံးအိမ်ထဲ ဝဲတဲတဲ ရှိနေမည့် မျက်ရည်စတို့ အတွက် အနေခက်စွာ။

"ခုနကတည်းက ကျွန်တော့်ပုံရှေ့မှာ လှမ်း

တွေ့ကတည်းက ခင်ငြိမ်းချမ်းပါလို့ ထင်နေတာ၊ ခု ဒီဘက်ကို ရောက်လာတော့မှ ပိုသေချာသွားလို့ လာနှုတ်ဆက်တာပါ"

"ဟုတ် ၊သူငယ်ချင်းက ကြည့်သင့်တယ် ဘာညာပြောပြီး ခေါ်ခေါ်နေတာနဲ့ လိုက်လာတာ"

ဥက္ကာ ရှိရာဆီ တစ်ချက်ညွှန်ကာ၊ မျက်တောင် တဖျပ်ဖျပ် ခတ်ကာ ငြိမ်း ဆိုမိပါသည်။

သူသည် ပထမတစ်ကြိမ် တွေ့စဉ်တုန်းကထက် လူငယ်ဆန်ဆန် ပေါ့ပါးသော ဝတ်စားဆင်ယင်ပုံနှင့်၊ ရင်းနှီးသော အပြုံးနှင့်။ ငြိမ်း၏ စကားကို ပြုံးမြမြပင် နားစိုက်ထောင်နေပါသည်။

"ကိုမိုးဉာဏ်က ဓာတ်ပုံလည်း ရိုက်တယ်ပေါ့လေ"

"ဝါသနာပေါ့ဗျာ၊ ခရီးသွားရင်း လှတဲ့ ဓာတ်ပုံ ရိုက်ချင်စရာ နေရာလေးတွေများ တွေ့ရင် ရိုက်လိုက်ရမှ စိတ်ကျေနပ်တာ၊ ကျွန်တော်တို့ အလုပ်က အဓိကက မှတ်တမ်းတင်ရုပ်ရှင်တို့ ဘာတို့ ဆိုတော့ ဒီဘက်ကို သိပ်တော့ အားမစိုက်ဖြစ်ဘူးပေါ့လေ၊ ကိုယ့်မှာ သိမ်းထားရုံပါပဲ၊ ဒီပြပွဲလေးတစ်ခုပဲ ရန်ပုံငွေပွဲလေးလည်း ဖြစ်၊ သူငယ်ချင်းတွေ စုလုပ်ကြတာလည်း ဖြစ် ဆိုတော့ ကဲ... ပါမယ်လေ ဆိုပြီး ဝင်ပြဖြစ်တာ"

"ဓာတ်ပုံက ဘယ်နှပုံ တင်ထားသလဲဟင်၊ ကျွန်မ တစ်ပုံတည်း တွေ့သေးတယ်"

"ဟိုဘက်နံရံအခြမ်းမှာ သုံးပုံ ရှိသေးတယ်လေ"

သူ ညွှန်ရာဘက်ဆီသို့ အကြည့်ရွှေ့မိသော

ငြိမ်းသည် ဓာတ်ပုံ ကြည့်လိုက်၊ သူငယ်ချင်းနှင့် စကားဆိုလျက် ပြုနေရာက သည် ဘက်ဆီ စိတ်ဝင်တစား အကဲခတ်နေသော ဥက္ကာ၏ မျက်လုံးများ နှင့် တည့်တည့်တိုးမိပါသည် ။

'ဘယ်သူလဲ' ဟု နှုတ်ခမ်း လှုပ်ကာ မေးတော့ တစ်ဖက်က မြင်မည် စိုးစိတ် ရှိရသည် ။ သူ့ထံ ငဲ့ကြည့်လျှင် ဓာတ်ပုံဆီ ငေးကာ။ ဥက္ကာ၏ စပ်စပ်စုစု မျက်နှာပေးကို ရယ်ချင်စိတ်ဝင်ကာ ငြိမ်း အောက်နှုတ်ခမ်းကို ဖိကိုက်ထားရသည် ။ ဖြစ်ပေမပေါ့ ...။ ခင်မင်ခဲ့သမျှ သက်တမ်းတစ်လျှောက်လုံး ငြိမ်းကို ယောကျ်ားသားတစ်ဦးဦးနှင့် တွဲဖက်လို့ မမြင်ခဲ့ဖူးဘူး မဟုတ်လား။ နေပါစေ ...။ မိတ်ဆွေသာ ဖြစ်ကြောင်း လမ်းကျမှ သာ ပြောပြရမည်။

ငြိမ်းသည် ဥက္ကာ၏ ပြုံးစပ်စပ် မျက်နှာထံမှ အကြည့်လွဲကာ သူငေးနေသော ဓာတ်ပုံ၊ မော်စောက ငြိမ်းကိုယ်တိုင် မှ င်တက်မိသော ဓာတ်ပုံဆီ ကြည့်လိုက်မိပါသည် ။

ထိုခဏဝယ် ဖျတ်ကနဲ လှည့်လာသော သူ့မျက်ဝန်းများ နှင့် ဆုံလျှင် ပြောမည်၊ မပြောမည် တစ်ချက်ပင်

စိတ်ကူးမရှိခဲ့သောစကားတစ်ခွန်း ငြိမ်း၏ နှုတ်က အလိုလို ထွက်ကျရသည် ။

"ဒီဓာတ်ပုံထဲက ကလေးလေးတွေမှာ အမေရှိမှာ ပါနော်"

ထင်မှတ်မထားသော စကားကြောင့် သူ အံ့အားသင့်သည် လား။ မျက်ခုံးအစုံ ဆတ်ခနဲ ပင့်ကာ၊ ငြိမ်းထံ ငေးကာ။

"ရှိပါတယ် ခင်ငြိမ်းချမ်းရဲ့ "

"သိတာပေါ့၊ ဒီခရီးက ကျွန်တော်တို့ သူငယ်ချင်း ခတ်ပုံဆရာတွေစုပြီး သွားခဲ့ကြတဲ့ ခရီးပဲဟာ"

"ကိုးမိုးညဏ် ကချင်ပြည်နယ်ကို ခဏ ခဏ ရောက်မှာ ပေါ့နော်"

"ရောက်ပါတယ်၊ ခဏ ခဏတော့လည်း မဟုတ်ဘူး ပေါ့လေ၊ အလုပ်ရှိတဲ့ အခါပေါ့၊ ဒါပေမဲ့ တစ်ခါမှ လည်း လည်လည်ပတ်ပတ် အေးအေးဆေးဆေး မရှိပါဘူးဗျာ၊ အလုပ်နဲ့ ဆိုတော့ သိတဲ့ အတိုင်းပဲ"

မိတ်ဆွေရင်းချာနှင့် စကားပြောဆိုနေသူပမာ ပေါ့ပေါ့ပါးပါး ရယ်မောသူက ရယ်မောတော့လည်း ငြိမ်း၌ ကတ်သတ်ကျန်ရစ်သည့် စိတ်သက်ခြင်းသည် အငွေ့ကလေးလို တရေး

"မြိုင်သာယာရော ရောက်ဖူးလားဟင်"

"ရောက်ဖူးပါတယ်၊ မှတ်တမ်းရုပ်ရှင် ရိုက်ဖို့ ရှိတုန်းက တစ်ခေါက်၊ နှစ်ခေါက် ရောက်တယ်၊ အတော်လှတဲ့ မြို့လေးပါဗျာ၊ အေးချမ်းတယ်၊ လူဦးရေနည်းတယ်၊ အစိုးရဝန်ထမ်း လုပ်တဲ့ လူ လုပ်၊ လယ်ယာစိုက်ပျိုးရေး လုပ်တဲ့ လူ လုပ်၊ တချို့တော့လည်း တရုတ်နယ်စပ်ဘက်နဲ့ ကုန်သွယ်ကြတာပေါ့၊ ကျွန်တော်တော့ဖြင့် တစ်မြို့လုံးမှာ သဘောအကျဆုံးနေရာက ဆိပ်ကမ်းပဲ၊ ဆိပ်ကမ်း အတော်လှတဲ့ မြို့ပါဗျာ"

ငြိမ်းသည် ခတ်ပုံထဲမှ မိန်းကလေးငယ်ထံ တငေးငေးကြည့်ရင်းက "ဆိပ်ကမ်းက ကုက္ကိုပင်ကြီးတွေလည်း သိပ်လှတာပဲ" ဟု စိတ်မှတ်မဲ့ပာန် ဆိုလိုက်မိပါသည်။

"ကျွန်မက မြိုင်သာယာသူပါ"

သူသည် မျက်ခုံးအစုံကို ဆတ်ခနဲ ပင့်မလိုက်ပြန်ပါသည် ။

"ဒါပေမဲ့ ခင်ငြိမ်းချမ်း စကားပြောတာ မြိုင်သာယာလေလည်း မဟုတ်ပါဘူး"

စကားလုံး တစ်လုံးနှင့် တစ်လုံး ခပ်လေးလေး အားပါးတရ ပြောတတ်သော မြိုင်သာယာလေသံသည် ငြိမ်း၏ နာထဲဝယ် နှစ်လိုချစ်ခင်စဖွယ် ပေါ်ပေါက်လာသည် သို့တည်း။

အိမ်မှာ တော့ ကြီးကြီးနှင့် အဖေ့ထံမှာ အကတ်အသတ် ကြားရနိုင်သည် ။ ငြိမ်းမှာ တော့သည် လေသံနှင့် ဝေးခဲ့ပြီ။

"ကျွန်မတို့ က ငယ်ကတည်းက ပြောင်းလာတာကိုး"

"အလည်ရော ပြန်ဖြစ်တယ် မဟုတ်လား"

"အလည်" ဟု သူ့စကားကို သံယောင်လိုက်သည့်သဖွယ် ငြိမ်း ခပ်တိုးတိုး ဆိုမိပါသည် ။ အလည်ရော ပြန်ဖြစ်တယ် မဟုတ်လားတဲ့ ။ ဘယ်လို ဖြေရမှာ ပါလိမ့်။ မပြန်ဖြစ်ပါဘူးလား ၊ မပြန်ရဲပါဘူးလား။ဟင့်အင်း ..။

စိမ့်ခနဲ ဝဲတက်လာသော မျက်ရည်စတို့ ကို ဆန့်ကျင်လိုစိတ်နှင့် မျက်တောင်ခတ်ကာ ခေါင်းခါယမ်းမိလျှင်တော့ ငြိမ်း၏ ဆန်းသော အမူအရာကို အံ့အားသင့်ဟန်သည် သူ့မျက်နှာဝယ် ရိပ်ရိပ်မျှ ပေါ်ပေါက်လာပေသည် ။

***

ဆောင်းနှောင်းရာသီ ဆိုတာသည် ငြိမ်းအတွက်တော့ အားလပ်ရက်များ မကြာမီ စတင်တော့မည် ဖြစ်ကြောင်း ကြိုတင်အသိပေးသောရင်ခုန်နှစ်လိုဖွယ်ကာလ ဖြစ်လေသည် ။ အချို့က နွေဦးမှာ သင်တန်း ပြန်စတက်ပေမဲ့ ငြိမ်းကမူ ကောင်းစွာ အနားယူသည် ။ အများအားဖြင့် မေလမှ သာ တစ်ဖန် ပြန်စမြဲ။ အားလပ်ရက်များမှာ တော့ လူကြီးမိဘ ကျေနပ်စေရန် အိမ်မြဲရသည် ။ အခွင့်တောင်းခံကာ မမသက်တို့ နှင့် ဖြစ်စေ၊ ရည်မွန်တို့ ညီအစ်မများ နှင့် ဖြစ်စေ ခရီးသွားရသည် ။ ငြိမ်း၏ နွေသံသရာမှာ သည် လိုသာ ရိုးရိုးစင်းစ



သည် နှစ်တော့ ဘယ်ကို လည်ရပါ့ဟု ငြိမ်းစိတ်ကူး၍ ကောင်းဆဲမှာ ပင် မမသက်ထံက ဖုန်းရလေသည် ။

မမသက်၏ ဖုန်းကို လက်မခံရမီကတော့ ငြိမ်းသည် သွေးတိုးနေသော အဖေ့အတွက် သံပရာရည်အေးအေးတစ်ခွက် ကိုယ်တိုင် ဖျော်ပစ်စီမံလျက်။ အိမ်မှာ တော့ အဖေရော ကြီးကြီးရော သွေးတိုးရှိကြသည် ။ ကြီးကြီကိုတော့ အစားအသောက် ဆင်ခြင်ပါဟု ငြိမ်း ပြောရဲဆိုရဲရှိသော်လည်း အဖေ့ကိုမူ တစ်ခွန်း မဟာရဲ။ အဖေ ခေါင်းမာပုံကို ကောင်းစွာ သိပါသည် ။ အဖေ့ထံက ငြိမ်းရသည့် တစ်ခုတည်းသော အမွေဟာ ခေါင်းမာခြင်းပါပဲ။

သည် မနက်လည်း အိပ်ရာထစကတည်းက

ည်း အဖေသည် အပြင်သို့ ထွက်ဖြစ်အောင် ထွက်သွားသေးသည် ။ လက်ဖက်ရည်ဆိုင်မှာ မနက်စာ စားကာ ပြန်လာသည် ။ အိမ်ပြန်လာတော့လည်း မာမာချာချာ ပုံသွင်နှင့်။ ဟော... နေ့လယ်စာလည်း စားပြီးရော မူးတယ် ဆိုပြန်သည် ။ သူ့အာသာ သွေးပေါင်ချိန်ရင်း သွေးတက်နေပုံကို သိကာ ဆေးသောက်သည် ။ အနားယူသည် ။ နားဖို့ သတိရသေးတာ၊ ဆေးသောက်ဖြစ်တာကိုပင် ကျေးဇူးတင်ရမလို ရှိတော့သည် ။

ငြိမ်းသည် အသီးဖတ်လေးများ ဝေ့လည်နေသော သံပရာ ရည်ခွက်ကို သီးသန့်ဇွန်းငယ်တစ်ချောင်းနှင့် မြည်းစမ်းလိုက်သည် ။ အရသာက အနေတော်ပါပဲ။ အချိုလျော့ကာ အချဉ်ကဲ

သံပရာရည်ခွက်ကို ယူကာ ဆိုဖာထက် ခပ်လျှောလျှော ထိုင်နေသည့် အဖေ့ထံ ငြိမ်း ကမ်းပေးလိုက်ပါသည် ။ အဖေသည် သူ မခိုင်းပါဘဲ သံပရာရည် ဖျော်လိုက်ပုံကို သတိပြုမိလေသလား။ ငြိမ်းထံ ဖျတ်ခနဲ မော့ကြည့်၏။ တကယ့်တကယ်တော့ အဖေ့အတွက် သံပရာရည် ဘာညာ ဖျော်စပ်တာသည် ကြီးကြီး လုပ်နေကျ အလုပ်များ ထဲက တစ်ခုမျှသာ။ သည် တစ်နေ့တော့ စိတ်လိုလက်ရ လုပ်ပေးချင်စိတ် ပေါ်ပေါက်ကာ ကြီးကြီးထံက လက်ပြောင်းယူခဲ့ရသည် ။

အဖေ့ကို ရေးရေးမျှ ပြုံးပြကာ အိပ်ခန်းသို့ ငြိမ်းဝင်လာပါသည် ။ မော့ကြည့်လိုက်သော အဖေ့မျက်နှာသည် စိတ်မျက်လွှာဝယ် စွဲထင်ဆဲ။

ဝေဒနာနှင့် ငြိမ်နေခိုက်မို့ အခါများ စွာကထက်
တင်းမာမှု လျော့ပါးနေသော မျက်နှာ၊ ဒေါသ၊ လောဘ၊ မောဟတို့ ခေတ္တ ကင်းစင် ပပျောက်နေသော မျက်နှာ ..။

ငြိမ်းသည် တစ်ရက်တုန်းဆီက သူ့ရှေ့ဝယ် ဖြစ်ရပ်စုံအား အဖေ ဝန်ခံပြောပြလိုက်ပုံကို ခုထိ မမေ့။

တကယ့် တကယ်တော့ သည် လို ပြန်ပြောင်းပြောဖို့ အဖေ ဘယ်တုန်းကမှ စိတ်ကူးခဲ့မှာ မဟုတ်ပါ။ မတတ်သာ၍ သာ သည် လမ်းကို ရွေးခဲ့တာ ဖြစ်လိမ့်မည်။ သမီးဖြစ်သူ ပိုက်ထားသည့် သံသယတို့ ချေဖျက်ရန် တစ်ခုတည်းသောလမ်းကို နင်းဖြတ်ခဲ့ရတာ ဖြစ်လိမ့်မည်။

အခုတစ်လော အဖေ အအိပ်အနေ မမှန်ဟု ကြီးကြီးက ဆိုပါသည် ။ အစားလည်း ပုံမှန်မစားပါတဲ့ ။ ကြီးကြီးတမူ သူ့မောင် ပေမြဲဟိုင်း
ပေနေသလို ထင်ပုံရ၏။

သို့သော် ငြိမ်းကမူ သည့်ထက်ပိုကြောင်း သိနေသည် ။ တစ်သက်တာ လုံခြုံစွာ သိုဝှက်ခဲ့သော အဖြစ်တို့ ကို ဖွင့်ဟရ၍ အဖေ့စိတ် ထိခိုက်လွန်းမက ထိခိုက်ခဲ့ကြောင်း အလိုလို ခံစားသိနေပါသည် ။

အဖေ့အပေါ် သနားစိတ်၊ စာနာစိတ်သည် ငြိမ်းတွင် ရေးနှင့်မတူ ထူး၍ ပေါ်ပေါက်လျက်၊ မျက်ခုံးတွန့်ချိုးပုံကိုလည်း သဘောမကျစရာဟု မမြင်တော့။ နှုတ်ခမ်းတင်းတင်းစေ့ပုံ၊ ချိုသော စကားတို့ မဆိုတတ်ပုံကိုလည်း စိတ်ထဲမရှိလှတော့။ တရင်းတနှီး နေနေကျ မဟုတ်သူမို့ ပြောနေကျ စကားမျိုးထက် ပိုမပြောဖြစ်သော်လည်း အပြုအမူအားဖြင့်တော့ လုပ်နေ

ကျမဟုတ်သော အဖေ့ဝေယျာဝစ္စတို့ ကိုပင် စိ ... က်သမျှ အမေ တစ်ခွန်းတောင် မပြောခဲ့ဖူးဘော

တ်လိုလက်ရ ဝင်လုပ်ပေးတာမျိုး ရှိလာပါသ ည်။

သည် လို အခါမျိုးမှာ အဖေ့မျက်နှာထက် စိတ်ချမ်းသာရိပ်ကလေး ဖျတ်ကနဲ ပြေးလျှင်တော့ ပြီးခဲ့သော နှစ်များ စွာကို ငြိမ်း မေ့လျော့နိုင်လာသည်။

ငြိမ်းသည် ခုတင်ထက် ဝင်ထိုင်ကာ နံရံသို့ မော့ကြည့်လိုက်သည်။ အမေ့ဓာတ်ပုံနှင့် မျက်နှာချင်းဆိုင်မိလျှင် သက်ရှိပမာ နှစ်လိုကြည်စင်စွာ ပြုံးပြလိုက်ပါသည်။

'ငါ့သားသမီးတွေ မျက်နှာငယ်ငယ်နဲ့ ကြီးမလာစေချင်လို့၊ အဆက်ဖြတ်ချင်လို့ ပြောင်းခဲ့ရတာ' တဲ့ အမေရယ်။ အဖေဟာ သမီးတို့ ကို ဒီလောက်တောင် ချစ်ခဲ့တာပေါ့။ အဖေနဲ့ ပတ်သကလည်း သမီးတို့ ကို၊ ဒါမှ မဟုတ် အဖေ့ကို ချစ်လို့ ပေါ့။ ဟုတ်တယ် မဟုတ်လားဟင်။

စိတ်ထဲက စကားလုံးပေါင်း များ စွာကို အမေသည် ပြုံးလျက်၊ ခေါင်းညိတ်လျက်ပင် အဖြေပေးနေသည် ဟု ငြိမ်း ထင်လာ၏။ နှုတ်ခမ်းထက်အပြုံးစ ချိတ်မြဲ ချိတ်ကာ မျက်လုံးအစုံကို ဖိမှိတ်လိုက်ပါသည်။

သည် ခဏမှာ ပင် ဖုန်းမြည်သံတစ်စ ...။ငြိမ်း ကြားလိုက်ရသော မမသက်၏ စကားသံမှ လူချင်းတွေ့ရသည့်သဖွယ် သက်ဝင်မြူးပျနေပါသည်။

"ငြိမ်းရေ၊ အိမ်ဘက်လည်း ပေါ်မလာတော့ ပါလားကွယ်၊ ဒီမှာ ဖြင့် သူ့ကို မျှော်နေတဲ့ ဥစ္စာ "

"လာမလို့ ပါပဲ မမသက်ရယ်၊ လာမယ် လာမယ်နဲ့ မရောက်ဖြစ်သေးတာပါ၊ နောက်တစ်ပတ်ဆို သေချာပေါက် လာမယ် ကတိ ကတိ"

မမသက်၏ ရယ်သံကို ကြားရသည် ။

ရှင်းကြည်စွာ ....။

"ဒီမယ် လာတာက လာ အခု အရေးကြီးတာ ပြောမလို့ "

"ဟင်"

ငြိမ်းသည် ယောင်ယမ်း၍ ဖုန်းကို တစ်ချက်တင်းတင်းဆုပ်မိသည် ။

"ဘာလဲ .... ဘာလဲဟင်"

"အံမယ် ဘာတွေ လန့်နေတာလဲ ငြိမ်းရဲ့ ၊ အရေးကြီးတယ် ဆိုတာ ဒီလို၊ အခု တို့ တွေ ခရီးသွားနေကျအချိန် ရောက်တော့မယ် မဟုတ်လား၊ အဲဒါ ဒီနှစ် သွားချင်တဲ့ နေရာလေး ငြိမ်းကို ပြောမလို့ "

ငြိမ်းသည် ခုမှ ပင် စိတ်ပေါ့ပါးစွာ ရယ်မောလိုက်ပါသည် ။

"မမသက်က ဘယ်သွားချင်လို့ လဲဟင်"

"မြိုင်သာယာလေ၊ ငြိမ်းတို့ မြိုင်သာယာပေါ့ "

"မြိုင်သာယာ"

ငြိမ်းသည် မမသက်၏ စကားကို သံယောင်လိုက်ကာ ခဏမျှ ငြိမ်နေပါသည် ။ မမသက်သည် စိတ်ကူးကို ဘယ်လိုရပါသနည်း။ မကြည်ပြာကများ ပြောလေသလား။ မမသက်တို့ သိသွားမှ ဖြင့်ဟု စိတ်စောပူပန်ခဲ့ဖူးသော အတွေးတို့ သည် ခုပင် ငြိမ်းအား ရစ်ပတ်လွှမ်းခြုံ

စပြုလာပြန်သည် ။ ငြိမ်းလိုက်လည်း သည် ။ နှုတ်ခမ်းကို တင်းတင်းစေ့မိသည် ။

မကောင်း၊ မလိုက်လည်း မကောင်း။ အင်း… ဘယ်လို လုပ်ရပါ့ ..။

"ဟုတ်တယ်လေ ငြိမ်းရယ်၊ မြိုင်သာယာမှာ ခဏနေပြီးတော့မှ မြစ်ကြီးနား တက်ကြမယ်လေကွယ်၊ မြစ်ဆုံကို မမသက် မရောက်ဖူးသေးဘူး"

ငြိမ်းသည် ပြတင်းအပြင်သို့ ကယ်တင်သူစောင့်စားသလို အားကိုးတကြီး ကြည့်နေသည် ။ ဘာပြောရမည်နည်း။ ဘာပြန်ပြောရမည်နည်း။

"ကြည်ပြာနဲ့ လည်း ဟိုတစ်နေ့က ဖုန်းရတယ်၊ သူ့ကိုလည်း လာဖြစ်အောင် လာမယ်လို့ ကတိပေးလိုက်တယ်"

ငြိမ်းသည် မျက်လုံးအစုံကို ဖိမှိတ်ချလိုက်သည်။ ပျော်ရွှင်ခြင်းသည် ငြိမ်းနှင့် ရက်များ စွာပင် အတူမရှိရသေး။ သည် မျှနှင့် လက်လွှတ်ရတော့မလား။

မမသက်တို့ အိမ်မှာ တွေ့ခွင့်တောင်းသော တစ်နေ့က တွေ့မည်စကားပြန်ပြီးခါမှ 'ပြန်မလာဖြစ်ဘူး၊အသိအိမ်မှာ တစ်ည အိပ်လိုက်ဦးမယ်' ဟု တစ်ဆင့်စကားနှင့် တုံ့ပြန်ခဲ့သူကို သတိရလာသည် ။ ခုလည်း ငြိမ်း ပါလာမယ့် အကြောင်း မမသက် ပြောခဲ့ပါရဲ့ လား။ သည်စကားကိုတော့ မမေးရဲ။

အားတင်းထူမတ်သော ရယ်ခြင်းမျိုးနှင့် ငြိမ်း ရယ်မောလိုက်ပါသည် ။

"မြိုင်သာယာ ဆိုရင်တော့ မလိုက်တော့ပါဘူး မမသက်ရယ်၊ ငြိမ်းက တစ်နှစ် တစ်ခါမှ

သွားဖြစ်တာဆိုတော့ နေရာသစ်တွေပဲ သွားချင်တာ"

"လိုက်ခဲ့ပါ ငြိမ်းရယ်"

"ငြိမ်းက အင်းလေးဘက် သွားချင်တာ၊ ရည်မွန်တို့ ကလည်း ခေါ်နေတယ်၊ မမသက်က မြိုင်သာယာ ဆိုရင်တော့ ငြိမ်း သူတို့ နဲ့ ပဲ ပူးပေါင်းလိုက်တော့မယ်လေ"

မမသက်သည် စဉ်းစားသလို တစ်ခဏမျှ ငြိမ်နေပါသည် ။

"မမသက်လည်း အင်းလေးပဲ လိုက်ခဲ့ပါလားဟင်"

"မရဘူး ငြိမ်းရဲ့ ၊ ကြည်ပြာ့ကို ကတိပေးမိပြီးသား ဖြစ်နေပြီ"

"ဒါဆိုလည်း ငြိမ်း မလိုက်တော့ဘူး နော်"

"သဘောကွယ်သဘော၊ မလိုက်ချင်ဘူးဆိုတော့လည်း ဇွတ်အတင်း မခေါ်တော့ပါဘူး"

"မလိုက်ချင်တာ မဟုတ်ပါဘူး မမသက်ရယ်၊ အင်းလေးကိုလည်း ရောက်ဖူးချင်လို့ ပါ"

"နောက်နှစ် သွားလည်း ရသားနဲ့ "

"နောက်နှစ်ကျ မြတ်တို့ ၊ ထားဝယ်တို့ ပေါ့"

မမသက်၏ ရယ်သံ ကြားရသည် ။ ငြိမ်းလည်း လိုက်ပါရယ်မောကာ စကားတစ်ခွန်းနှစ်ခွန်းမျှ ဟန်မပျက် ဆိုတာ နှုတ်ဆက်ရပါသည် ။

ငြိမ်းသည် ဖုန်းကို အိပ်ရာထက် ချလိုက်သည် ။ ခုတင်ပေါ် ကန့်လန့်ဖြတ်ပင် လှဲအိပ်လိုက်ပါသည် ။ လိပ်တင်ထားသော ပန်းနုရောင် ခြင်ထောင်အမိုးကို မြင်သည် ။ ပန်းရောင် ဇာကွ

က်တို့ နှင့် ဖန်တီးထားသော ပိတ်ကားပြင်ဝယ် မျက်နှာတစ်ခု ပေါ်ပေါက်လာသလို ထင်၏။ အေးတိအေးစက်နိုင်သော မျက်လုံးများ ၊ နာကျင် ထိမထင်မျက်နှာ ....။

အင်း ... မမသက်နဲ့ မကြည်ပြာတို့ ထပ်တွေ့ကြတော့မှာ ပေါ့ ....။ တွေ့လျှင် သူတို့ ဘာတွေများ ပြောကြမည်နည်း။

'ငြိမ်းလည်း လိုက်မလို့ ဆိုပြီး ကျန်ခဲ့တယ်' ဟု မမသက်က ပြောလေမလား။

'သြော် ငြိမ်းလား၊ သူ့အဖေက ငှါမောင်လေးကို သတ်လိုက်တာလေ၊ဘယ်လိုက်ရဲမလဲ ' ဟု များ မကြည်ပြာ တုံ့ပြန်လေမလား ....။ ဘုရား ...။

တော်ကြာ အပြစ်ကနေသာလွတ်တာ၊ တကယ် လုပ်ခဲ့တာ ဟုတ်ချင်ဟုတ်နေမှာ ငွေများ တရားနိုင် ဖြစ်ရင်ဖြစ်မှာ ဆိုပြီး အမည်း အမြင်သေးသွားရင် ဘယ်လို လုပ်မလဲ ...။

တစ်လောလေးကတင် ကြီးကြီး ပြောဖူးပုံကို ဖျတ်ခနဲ သတိရလျှင် တော့ ငြိမ်းသည် မျက်လုံးအစုံကို နာနာကျင်ကျင် ဖိမှိတ်လိုက်ပါသည် ။

***

တဝီဝီ တစီစီ မြည်နေသော ပိုးကောင်ငယ်သည် ငြိမ်း၏ အခန်းထဲ ဘယ်အချိန်ကတည်းက ကျူးကျော်ဝင်ရောက်နေသည် မသိ။ ခြင်ထောင်လည်း ချမထားတာမို့ ခြင်ထောင်ပေါ်တစ်ဝိုက်၊ မျက်နှာကြက်တစ်ဝိုက်ကပင် ဟိုပျံ့ဒီပျံ၊ ဟိုဝင်တိုး ဒီဝင်တိုး လုပ်နေပုံရသောသူ့သံစုံကြောင့်ပင် မှေးခနဲ အိပ်စက်ပျော်ရာက နိုးထရ

တော့သည် ။

ငြိမ်းသည် မျက်လုံးအစုံကို ဖွင့်လျှင်ဖွင့်ချင်း အာရုံကို ပြန်လည်စုစည်းမိခြင်း မရှိချေ။ ခန္ဓာသည် အိပ်မက်ကမ္ဘာမှာ လား၊ ပြင်ပကမ္ဘာမှာ လား မရေရာ။ မျက်တောင် ပုတ်ခတ်ပုတ်ခတ်ပြုမိသည် ။ နောက် မျက်လုံးတို့ ကို တစ်ချက်၊ နှစ်ချက် ပွတ်လိုက်သည် ။ အကြည့်ကို ဟိုဟိုဒီဒီ ရွေ့လျှင်တော့ အိပ်ရာက နိုးလာရခြင်းကို စေ့ငုသိတော့သည် ။

ငြိမ်း၏ အခန်းမှာ တကယ့် တကယ်တော့ မကျယ်လွင့်လှချေ။ တစ်အိမ်လုံးမှာ အကျယ်ဆုံးအိပ်ခန်းသည် အဖေ့အခန်းဖြစ်ပါသည် ။ အိပ်ခန်းသုံးခန်းပါသော တိုက်ခန်းမို့ နောက်ထပ်သော အိပ်ခန်းနှစ်ခန်းသည် ကြီးကြီးအတွက် တစ်ခန်း၊ ငြိမ်းအတွက်တစ်ခန်း။ ငြိမ်း၏



လောက် ကျယ်လွင့်ရုံ။

ခုတင်ခေါင်းရင်းမှာ စားပွဲငယ်တစ်လုံးရှိသည် ။ ခြေရင်းမှာ မှန်တင်ခုံရှိသည် ။ မှန်တင်ခုံဘေးက ထောင့်ချိုးနေရာလွတ်မှာ တော့ အဝတ်ဗီရိုရှိပါသည် ။ အဝတ်လှန်းစင် သီးသန့်ထားရန် နေရာမကျယ်တော့၍ လုံချည်တန်းသာ ထားရသည် ။ အင်္ကျီများကိုတော့ ချိတ်ငယ်များ ပါသည့် သစ်သားတန်းနှစ်ခုကို နံရံနှစ်ဖက်ဝယ် သံနှင့် ရိုက်ထားရသည် ။

သည် မကျယ်ဝန်းသော အခန်းထဲမှာ နှစ်ယောက်အိပ် ခုတင်တစ်လုံး ဆံ့သေးတာက တော့ ကျေနပ်စရာ။ ယခင်က ကြီးကြီးနှင့် နှစ်ယောက် အိပ်ခဲ့ရသည့် အခန်း။ ကိုကို အိမ်ထောင်ကျချိန်မှာ တော့ ကိုကို့အခန်းကို အပိုင်

စ်ယောက်တည်း လွတ်လွတ်လပ်လပ်ကာ နေဖန်များ ၍ ကြီးကြီးနှင့် နှစ်ယောက်နေရမည်ဆိုလျှင်ပင် ငြိမ်းမှာ နေသားမကျ။

သို့သော် ဧည့်သည် လာလျှင်တော့ မရှောင်သာပြီ။ မနေမဖြစ် နေကြရတော့သည် ။ ဧည့်သည် ဆိုရာမှာ လည်း ငြိမ်းတို့ ၏ အမျိုးအဆွေများ၊ အထူးသဖြင့် အဖေနှင့် သင့်တင့်သော အမျိုးအဆွေများ ပါပေ။

'ဖိန်းနွဲ့ခါကျရင် မောင်မျိုးတင် လာမယ်တဲ့ သမီးရေ'ဟု နေ့ခင်းကပင် ထမင်းအတူ စားနေ ခိုက် ကြီးကြီး သတိပေးပါသည် ။

ဦးဦးမျိုးတင်သည် အဖေ့ညီဝမ်းကွဲ။ ဝမ်းကွဲများ အနက် အဖေနှင့် အရင်းနှီးဆုံးသောသူ။ ငြိမ်းတို့ ပဲခူးမှာ နေစဉ်ကရော ရန်ကုန်ကို ပြောတစ်ကြိမ်လောက်တော့ ရောက်ရောက်လာတတ်သည် ။

"သမီးအခန်း ကြီးကြီး လာအိပ်မယ် မဟုတ်လား"

" မဟုတ်ဘူး သမီးရဲ့ ၊ သမီးအခန်း သူတို့ကို ပေးရမှာ ၊ သမီးအခန်းက ခုတင်က ပိုကျယ်တာကိုး"

"ဟင် "

ငြိမ်းသည် မမျှော်လင့်သော စကားမို့ စိတ်လက် ရှုပ်ထွေးဟန်ဖြင့် 'ဟင်' ကို သံရှည်ဆွဲကာ ရေရွတ်လိုက်ပါသည် ။

"ဟုတ်တယ် သမီးရဲ့ ၊ဒီတစ်ခါ မောင်မျိုးတင် တစ်ယောက်တည်း မဟုတ်ဘူး ၊ သူ့မိန်းမ ချို

ချိုလည်း ပါလာမှာ ။ ပြီးတော့ သူ့သမီးလေး မိ ချောလည်း ပါလာမတဲ့ ။ မောင်မျိုးတင် မျက်စိလာပြတာ ဆိုတား၊ သုံးယောက်ဆိုတော့ ကြီးကြီးအခန်းမှာ မအိပ်သာဘူးလေ၊ ခါတိုင်းကတော့ မောင်းမျိုးတင် တစ်ယောက်တည်းလာတာ မဟုတ်လား နော့"

"အင်းလေ .... ရပါတယ်"

ငြိမ်းသည် ထမင်းစားပွဲမှ ထကာ ထမင်းပေါင်းအိုး ၊ ဟင်းအိုးများ တင်ထားရာသို့ လျှောက်လာသည် ။ ထမင်း နည်းနည်း ထည့်သည် ။ ဟင်းအိုး လှပ်ကာ ငါးဟင်းအနှစ်ရည် ဆမ်းသည် ။ နောက်တအုံနွေးနွေး ခံစားချက်ကိုပင် ပိုက်မြဲ ပိုက်ကာ ထမင်းစားပွဲသို့ ပြန်လျှောက်လာပါသည် ။

ကြီးကြီးကတော့ ထမင်းလက်စသတ်နေပြီ။ လက်နှင့်သာ စားသောက်တတ်သူ အဆီအနှစ်တို့ နှင့် အားပါးတရ နယ်ဖတ်စားတတ်သူမို့ ပန်းကန်အနားတစ်လျှောက်ဝယ် တစ်စွန်းတစ်စ ကျန်သော အဆီတို့ ကိုပင် လက်နှင့် တစ်ချက်သပ်ကာ သိမ်းလိုက်သေးသည် ။

ငြိမ်းသည် ဇွန်းနှင့် တစ်ချက် နှစ်ချက် မွှေလိုက် တစ်ဇွန်းစားလိုက် လုပ်နေသည် ။ စိတ်လက်မကြည်သာတော့လျှင် ထမင်းစားပုံကပင် သွက်သွက်လက်လက် မရှိချင်။ ခေါင်းကိုလည်း ငိုက်စိုက်ချထားမိလေသည် ။

"သမီး"

ငြိမ်းသည် ကြီးကြီးကို ဆတ်ခနဲ မော့ကြည့်လိုက်သည် ။

"သမီးအခန်း ပေးရမယ် ဆိုလို့ စိတ်ညစ်နေတာယ် မဟုတ်လား"

ငြိမ်း၏ မျက်နှာရိပ်မျက်နှာကဲကို ရာနှုန်းပြည့် မဟုတ်တောင် အတော်အသင့်တော့ ကြီးကြီး ဖတ်တတ်ပေမည်။'မဟုတ်ပါဘူး' ဟု လည်း ညာလိုစိတ် မရှိ။ သို့သော် 'ဟုတ်တယ်' ဟု လည်း မဆိုချင်။

ကြီးကြီး၏ မျက်နှာကို တွေ၍ သာ ကြည့်နေမိသည်

"ကိုယ့်ဘာသာ နေရတာကို သမီး ပိုကြိုက်မှန်း ကြီးကြီး သိပါတယ် သမီးရယ်၊ ဒါပေမဲ့ ခုဟာက အမျိုးတွေလေ၊ ရောက်လာတော့မယ်ဆိုတော့ ဘယ်လိုလုပ်မလဲ၊ ပြီးတော့ အလည်လာကြတာတောင် မဟုတ်ဘူး ၊ ကျန်းမာရေးမဟုတ်လား သမီးရေ၊ ကုသိုလ် ရပါတယ်"

ကုသိုလည်း မရချင်ပါဘူး ကြီးကြီးရယ် ....။

ငြိမ်း ခေါင်းခါယမ်းလျက် မေ့ဖျောက်လိုက်ပါသည် ။ နှုတ်ကမူ ကြီးကြီး စိတ်ချမ်းသာစေမည့်စကားတို့ ကိုသာ ဆိုရမည်။ ကြီးကြီးသည် မောင်လုပ်သူ အိမ်တွင် နေနေရသည် ဆိုသော မိမိအိမ်အစစ် မဟုတ်ဆိုသော ခံစားချက်တစ်မျိုး အမြဲလို ကိန်းအောင်းနေတတ်သူပေ။

"ရပါတယ် ကြီးကြီးရယ်၊ သန်ဘက်ခါညက စပြီးသမီး အသုံးလိုတဲ့ ပစ္စည်းလေးတွေ ယူပြီး ကြီးကြီး အခန်းမှာ လာအိပ်ပါ့မယ်"

ငြိမ်းသည် ထမင်းလုတ်ကို ခပ်ဖြည်းဖြည်း ဝါးရင်း ညှို့သည် စောင်သည် များ အိမ်ရောက်လာခိုက် အင်မတန် ညှို့ဝတ်ကျေတတ်သော အမေ့ကို မြင်ယောင်နေသည် ။ ငြိမ်း၏

လုံးစုံ မဟုတ်။ စေတနာစိတ် မရှိတာ မဟုတ် သော်ငြား တစ်ပါးသူ သည်းညည်းခံနိုင်ခြင်းမှာ တော့ အမေ့ကို မမီပါ။

ငြိမ်းသည် ခေါင်းကို ဆတ်ခနဲ ယမ်းခါလိုက် ပါသည် ။

နေ့လယ်ခင်းက မြင်ကွင်းများ စိတ်အာရုံက လွင့်ပါးပြန်၏။ တစ်စစ ကြည်လင်လာသော အမြင်ဝယ် မှန်တင်ခုံမှာ ခိုကပ်နေသော ပိုး ကောင်ကို မြင်သည် ။ လက်မ လက်သည်းခွံ လောက် ရှိမှာ ပဲ။ ပိတုန်းလိုလို ဘာလိုလို ..။

ငြိမ်းသည် ခုတင်ပေါ်က ဆင်းကာ ပိုးကော င် ရှိနေရာ မှန်တင်ခုံအနီးတိုးကပ်လာသည် ။ လက်ကလေး ခုံးအုပ်ကာ ပိုးကောင်ကို လှစ်ခနဲ ဖမ်းသည် ။ ပြတင်းဘောင်ပေါ်ဝယ် ညင်ညင်

ငြိမ်း၏ လက်များ နှင့် ထိတွေ့မိချိန်မှာ ပိုး ကောင်လေး နာကျင်ထိခိုက်သွားလေသလား။ သေတော့မသွားဘူးထင်ပါရဲ့ ။ တစ်ခစမျှ ငြိမ် နေသည် ။ နောက်တော့မှ အားယူဟန်နှင့် တဝီ ဝီ တစီစီ ပျံသန်းထွက်ခွာသည် ။

ငြိမ်းသည် ပိုးကောင်ငယ် မသေမှန်း သေချာတော့မှ ပင် ပြတင်းအနီးက ခွာလာသ ည် ။

အပြင်ဘက်တွင် တော့ ညနေ နေခြည်တို့ သည် ရွှေရောင်၊ လိမ္မော်နီရောင်အဆင်းတို့ ရံ လျက် ဖြန့်ကြက်စပြုပေပြီ။

***

အနီရောင် ၊ အစိမ်းရောင် အဝါရောင် သစ်သီးအလှများ စီထပ်ပုံ ထားသည့် သစ်သီးတန်းရှေ့တွင် ငြိမ်း ခြေစုံရပ်လိုက်သည် ။ အသင့်ကိုင်ဆောင်လာသည့် ပလတ်စတစ်ခြင်းထဲ လှသော၊ လတ်သော သစ်သီးများ တစ်လုံးချင်း ရွေးထည့်လိုက်ပါသည် ။

ခုတစ်လောတော့ ရာသီဥတုက ခပ်နွေးနွေး ရှိလာတာမို့ ခပ်နွေးနွေး ရှိတာတာမို့ ထမင်းဟင်းကို ဝဝမြိန်မြိန် စားရန်ထက် ထမင်းပုံမှန်လောက် စားသောက်ပြီး သစ်သီးလေးများ ထပ်ဆင့် အရသာခံလိုက်ရတာကိုသာ ငြိမ်း ပို၍ ခံတွင်းတွေ့နေသည် ။ အိမ်မှာ လည်း အသီးမပြတ်။ အင်း..... ဒီအသီးတွေကတော့ မမသက်တို့ အိမ်အတွက်ပါ။

ထူးထူးခြားခြား မရှိလှတာမို့ ကျေနပ်လောက်သော သစ်သီးစုံ ရလျှင် ငွေရှင်း၏။

စျေးဝယ်စင်တာထဲက ထွက်လာလျှင်တော့ အပြင်ဘက်တွင် နေရောင်သည် ခြောက်သွေ့ပူနွေးလျက် ရှိလေပြီ။ တုံးဝါဝါများ တန်းစီချထားသော လမ်းလယ်ကို ဖြတ်၍ တစ်ဖက်ခြမ်းသို့ ကူးလာသည် ။ လမ်းထိပ် ထမင်းဆိုင်တွင်တော့ နေ့လယ်စာ စားချိန်မို့ လူကျလျက်။

ငြိမ်းသည် မမသက်နှင့် တွေ့ရမည့်အရေးအတွက် ညကပင် ကောင်းစွာ အိပ်မပျော်ချေ။ မမသက်ကတော့ ငြိမ်းတစ်ယောက် သူတို့ အိမ်ဆီ လာရိုးလာစဉ် လာတာပဲ ထင်မည်။ သို့သော် ငြိမ်းမှာ တော့ ကိုယ့်အကြံနှင့်ကိုယ်။

ရန်သူကို လက်ဦးမှု ယူတယ်ပဲ ဆိုချင်ဆိုပါ။

စ်မှန်ကို ငြိမ်း ပြောပြရမည်။ မှန်သောစကားကိုပင် မမှန်သော အခြေအနေဖြင့် ဦးနှင့်အောင် ဆိုရဦးမည်။ ခွင့်လွှတ်ပါ မမသက်ရယ်၊ မမသက်တို့ ကို ဆုံးရှုံးမှာ ငြိမ်း သိပ်ကြောက်လို့ ပါ။

ငြိမ်းသည် ပင့်သက်ချကာ ခြံတံခါးရှေ့ ခြေစုံရပ်လျက် လူခေါ်ခေါင်းလောင်းကို နှိပ်လိုက်ပါသည် ။ မကြည်ပြာကို တွေ့သည့်နေ့ကထက် မလျော့သော စိတ်လှုပ်ရှားမှုသည် ငြိမ်း၏ လက်ချောင်းများမှာ ပင် ခိုကပ်နေသယောင်။

အခါများ စွာလိုပင် မမသက်၏ လိုက်လှဲသော ရယ်သံကို ကြားရသည် ။ ရွှင်ရွှင်ပျပျ နှုတ်ဆက်သံ။ နောက်တော့ အိမ်ထဲ

"ခဏ ထိုင်ပါဦး ငြိမ်းရယ် ၊ ဒီမှာ မုန့်ဟင်းခါးဟင်းရည်က တည်လက်စကလေး ဖြစ်နေလို့ "

ငြိမ်းသည် မီးဖိုခန်းဝ တံခါးဘောင်ကို မှီ၍ ပွက်ပွက်ဆူသည့် ဟင်းရည်အိုးအနီး ဟင်းရည်မြည်းကာ၊ လိုတာ ဖြည့်ကာနှင့် စိတ်ရော လက်ပါ အားလပ်ပုံမရသော မမသက်၏ ဘေးတစောင်း မြင်ကွင်းကို ငေးနေပါသည် ။ 'ငြိမ်းလာမယ်ဆိုလို့ ချက်တာ' တဲ့ ...။ သည် စကား ကြားရုံနှင့်ပင် တစ်လမ်းလုံး မောလာရသော အမောကို ပြေပျောက်မလို ရှိရပြီ။

မုန့်ဟင်းခါးဆိုသော မြန်မာ့ရိုးရာအစားအစာသည် ရန်ကုန် ရောက်ခါမှ ငြိမ်း စွဲမက်ရသော အစားအစာ ဖြစ်လေသည် ။ ခရီးဝေးက

အလွမ်းပြေ စားချင်သည် ။ ငါး၊ စပါးလင်၊ ပဲနံ့သင်းသော ဟင်းရည်နှံ့ကို ရလိုက်လျှင်၊ ငှက်ပျောအူနုများ ဝေ့လည်သည့် ဟင်းရည်ကို မုန့်ဖတ်ဖြူဖြူထွေးထွေးများ ထဲ အလောတော် ဆမ်းကာ ငရုတ်သီး၊ နံနံပင်၊ သံပရာသီး ဖြည့်ကာ တစ်ဇွန်းပြီးတစ်ဇွန်း အားပါးတရ စားလိုက်ရလျှင် စိတ်က ရှင်ကြည်ရသည် ။

ခုလည်း သည် လိုသာ ရှင်ကြည်နေဖို့ ကောင်းသည် ။ အစားအသောက်အကြောင်း တစ်ခုသာ ခေါင်းထဲ ထည့်ကာ ဘာမဆို မေ့ထားဖို့ ကောင်းသည် ။ သို့သော် လူဆိုသည် ကလည်း စိတ်အမျှင်ကို အစိုးရတတ်သော သတ္တဝါမဟုတ်ချေ။ ငြိမ်းသည် ကိုယ့်စိတ်ကိုယ် မနိုင်။ အေးငြိမ်းစွာ နေတတ်ရန် အစဉ်တွေးသော်လည်း တွေးဖူးသမျှ တို့ ကိုပင် မေ့လျော့ကာ ပူပန်နာကျင်မြဲ ရှိရလေသည် ။

"ဥက္ကာကောဟင်"

ငြိမ်တိတ်နေမိခြင်းမှ လွတ်မြောက်ရန် ကြိုးစားသည့်ပမာ ငြိမ်း မေးမိပါသည် ။

"မနက်ကတည်းက ဖေဖေနဲ့ ထွက်သွားကြတယ် ငြိမ်းရဲ့ ၊ သူ့ကို သင်တန်း လိုက်အပ်ပေးတာ"

"ဟင် -သင်တန်းတက်ပြန်ပြီလား"

"အံမယ်လေး၊ ဒီတစ်ခါတော့ တကယ်အဟုတ် ငြိမ်းရေ၊ အခု ဖေဖေက သူ့သူငယ်ချင်းနဲ့ စပ်တူလုပ်မယ့် ခရီးသွားကုမ္ပဏီမှာ သူ့ကို ဝင်လုပ်နိုင်းမလို့ တဲ့ ၊ ဥက္ကာကလည်း စိတ်ဝင်စားတ

သား ဖွင့်တဲ့ သင်တန်းကို ဖေဖေကိုယ်တိုင် လိုက်ပို့တာ၊ သင်တန်း သုံးလတက်ပေါ့၊ ပြီးတော့မှ လုပ်ရင်းနဲ့ သင်ပေါ့လေ"

"အံမယ် မောင်ဥက္ကာတောင် အလုပ်တွေ ဘာတွေ လုပ်တော့မယ်၊ တွေ့မှ စဦးမယ် ကြည့်နေ"

မမသက်သည် မောင်လုပ်သူနှင့် ငြိမ်းတို့ စကားနိုင် လုဦးမည့်ပုံကို ကြိုမြင်ဟန်နှင့် ရယ်မောလိုက်ပေသည်။

"ဦးဦးမောင်က ကုမ္ပဏီတောင် လုပ်တော့မှာ ဆိုတော့ မမသက်ကော ၀င်မလုပ်ဘူးလားဟင်"

"ငြိမ်း သိတဲ့ အတိုင်း မမသက်က အခုလိုအိမ်မှာ အေးအေးဆေးဆေး နေပြီး ဘာသာပြန်တောင်ပဲ ၀င်ငွေက အတော်ကောင်းလှပြီ၊ ပိုက်ဆံတွေ ဘယ်နှားထားရမှန်း မသိဘူး"

အရွှတ်အနောက် ပြောနေမှန်း သိသည် မို့ ငြိမ်း ရယ်မောမိပါသည်။

"ပိုက်ဆံတွေ ထားဖို့ နေရာမရှိလို့ ခြင်ထောင်ကို ပက်လက်လှန်ပြီး ထည့်ထားရတယ်ဆိုတော့ ကြည်ပြာက ဘာပြောလဲ သိလား"

ကြည်ပြာ ...။ ငြိမ်း၏ အပြုံးအရယ်မှာ ဖျတ်ခနဲ အရှိန်လျော့ရသည်။ နောက်မှ သတိရ ထိန်းမတ်ကာ 'ဘာတဲ့ လဲဟင်' ဟု စကားထောက်လိုက်ပါသည်။

"သူ့ကို ပေးတဲ့၊ ပရဟိတ အလုပ်တွေ ထိုင်လုပ်ပေးမယ်တဲ့ "

"ဩော် မကြည်ပြာက ပရဟိတ လုပ်တယ်လား"

ငြိမ်းသည် ပွက်ပွက်ဆူသည့် ဟင်းရည်အိုးကို ငေး၍ နေသည် ။

"လုပ်တာပေါ့ ငြိမ်းရဲ့ ၊ မမတို့ ဘွဲ့ရတာ အင်္ဂလိပ်စာနဲ့ မဟုတ်လား၊ ဘာသာစကားပေါ့လေ၊ ဘွဲ့ရပြီးတာနဲ့ ကြည်ပြာက မြိုင်သာယာ ပြန်တာပဲ၊ သူတို့ မြိုင်သာယာနာက မင်းကုန်းမှာ အင်္ဂလိပ်စာသင်တန်းဖွင့်တယ်၊ အတန်းစာ ကျူရှင် မဟုတ်ဘူး ၊ အင်္ဂလိပ်စာ စွမ်းရည်လေးမျိုးပဲ သင်တာ၊ ကျောင်းဖွင့်ရာသီဆိုရင် သင်တန်းကြေးနဲ့ သင်တာပေါ့လေ၊ နွေရာသီကျတော့ မြိုင်သာယာမှာ တကယ့်ပညာဒါန သင်တာ၊ အတန်းစုံ အချိန်ခွဲပြီး တစ်နေကုန်နီးပါး သင်တာပဲတဲ့ ၊ မမသက်ဖြင့် တစ်ခါမှ မတွေ့ဖူးသေးပါဘူး၊ မနွေလေးက သူငယ်ချင်းတွေတော့ ရောက်ပြီးကြပြီ၊ ကြည်ပြာ့သင်တန်းက သိပ်အောင်မြင်တာပဲတဲ့ "

"တော်တယ်နော်"

သည် စကားကိုတော့ စိတ်ထဲ ခံစားရသည့်အတိုင်း အမှန်ဆိုမိပေသည် ။ အေးစက်သောမျက်ယန်းများမှာ ပင် ထက်မြက်မှုကို ငြိမ်းတွေ့ခဲ့ဖူးပြီလေ။ အမှတ်သညာကြီးသူ၊ တစ်ဖက်မှာ တော့ ဦးနှောက်ဉာဏ်ကို အခြေပြုကာ ထူးချွန်ထက်မြက်မည့်သူ ...။

"တော်တာပေါ့ ၊ကျောင်းမှာ တည်းက သိပ်ကြိုးစားတာ၊ စကားလည်း နည်းတယ်၊ စာပဲ လုပ်နေတာပဲ၊ အဲဒီတုန်းကတော့ ဒီတစ်ယောက်က ကြိုးစားလှချည်လားလို့ သဘောကျမိရုံပဲ၊ နောက်တော့မှ ..."

မမသက်သည် စကားတို့ တန့်တာ က်ရာ ကျလွန်းပါတယ်' ဆိုသည် မှာ ကံကြမ္မာ

သက်ပြင်းတစ်ချက် ရှိုက်လိုက်ပါသည် ။ ငြိမ်းမှာ စကားအဆက်ကို ငံ့လင့်လျက်။ နောက်တော့မှ ... နောက်တော့မှ ဘာဖြစ်သနည်း။

"နောက်တော့မှ ကြည်ပြာက သူ့ဒဏ်ရာကို ဒီစာတွေကြားထဲမှာ နှစ်ထားတာပဲလို့ သိလာတော့ ဘယ်လိုပြောရမလဲ၊ သိပ်သနားမိတာပေါ့ ငြိမ်းရယ်"

"ဟို ...ဟိုတစ်နေ့က ဥက္ကာ ပြောပြတယ်"

"အေးပေါ့ကွယ်၊ ကံပေါ့၊ ကြည်ပြာကလည်း ကံပေါ့လို့ ပြောတတ်တယ်၊ ဖြေတတ်တယ်၊ ဒါပေမဲ့ ကံကလည်း ကွယ်၊ တရားမရှိဘူးပဲ ပြောပြော၊ ရက်စက်ရာ ကျလွန်းပါတယ်"

ငြိမ်းသည် တံခါးဘောင်ကို မှီရာမှ လွတ်ဟာသွားသလို မိုက်ကနဲ ဖြစ်ရသည် ။ 'ရက်စ

205/971

ကို ညွှန်းမှန်း သိသော်လည်း တစ်မျိုးသော အမိပ္ပာယ်နှင့် ဆိုလိုက်သလို၊ နှလုံးကို ဆူးချွန်တစ်ခုနှင့် ဆွလိုက်သလို။ တတောက်တောက် ကျသော သွေးစတို့ ကိုပင် မြင်နေရသယောင် ငြိမ်း နာနာကျင်ကျင် ငြိမ်နေမိပါသည် ။

မမသက်သည် 'ငြိမ်းလည်း စိတ်မကောင်းဖြစ်သွားပြီ ထင်တယ်၊ ဆောရီး'ဟု သဘောရိုးဟန်နှင့် ပြောကာ လက်သုတ်ဝတ်ဖြင့် မီးဖိုခုံ တစ်ဝိုက်ကို ဖွတ်သုတ်သည် ။ မီးခလုတ်ကို ပိတ်ကာ ဟင်းရည်အိုးကို အဖုံးဖုံးလိုက်သည် ။ အိုးတစ်အိုးကို အဖုံးပိတ်လိုက်လျှင် အမြင်ရော အနံ့ပါ ထိုက်သင့်သလောက် လုံသွားသလို အရာရာ လုံခြုံသွားလျှင် မည်မျှ ကောင်းမည်နည်း။

သည် ။ လုပ်မြဲထုံးစံလို လက်ချောင်းလေးများ အချင်းချင်း ဆုပ်နယ်နေမိသည် ။ ဘေစင်မှာ မမသက်လက်ဆေးနေပုံကို ငေးသည် ။ ကျောပြင်ရော လက်မောင်းများ ပါ လှုပ်ခတ်လျှက်။ မီးဖိုခန်း၏ ပြတင်းသံပန်းများကို ကျော်လွန်၍ ကြည့်လျှင် စိမ်းမြသော သစ်ရွက်တို့ သည် လေအ ဝေ့,မ့,ာ လှုပ်လျှက်။ မြင်မြင်သမျှသော မြင်ကွင်းတို့ သည် ငြိမ်း၏ အတွင်းစိတ်ကို ကိုယ်စားပြုလေသလား။

ငြိမ်း၏ မျက်စိရှေ့မြင်ကွင်းမှာ တော့ တစ်လမ်းလုံး စီလာသမျှသော စကားလုံးတို့ သည် ဝဲလှည့်ခုန်ပေါက်လျှက်။ မပြောမဖြစ် ပြောရတော့မည်။ ပြောသင့်ပြောတိုက်သော တစ်ချိန်ရှိသည် ဆိုလျှင် စကားချင်း ဆက်စပ်နေသော

"မမသက်"

ငြိမ်း၏ ခေါ်သံမှာ မတိုးမကျယ်။

မမသက်သည် နံရံတွင် ချိတ်ထားသော လက်သုတ်ဝတ်အသန့်နှင့် လက်အစင်သုတ်နေရာက လှည့်ကြည့်သည် ။ မျက်ခုံးပင့်ပါသည် ။ 'ပြော' ဆိုသည့် သဘော ....။

"ဟိုလေ ... ငြိမ်း ... ငြိမ်း မမသက်ကို ပြောစရာရှိလို့ "

"ဘာပြောမှာ လဲ ငြိမ်းရဲ့ ၊ ပြောလေ၊ ထူးထူးဆန်းဆန်းကွယ် ၊ စကားအပျိုးတွေ ဘာတွေနဲ့ "

မမသက်သည် ငြိမ်းရှိရာသို့ အပြုံးဆောင်မြဲမျက်နှာနှင့်ပင် လျှောက်လာပါသည် ။

"ငြိမ်း ပြောမှာ က ငြိမ်းတို့ နဲ့ ငြိမ်းတို့ မိသားစုနဲ့ မကြည်ပြာတို့ မိသားစု အကြောင်းပါ"

ငြိမ်းသည် ပင့်သက်ရှိုက်ချသည် ။ ခေါင်းကို ဆတ်ခနဲ ငုံ့မိသည် ။ ခုနေများ အငွေ့ကလေး အဖြစ် မမသက်ရှေ့မှာ ကွယ်ပျောက်သွားရလျှင် မည်မျှကောင်းမည်နည်း။ ကိုယ်တိုင် မသိမကြုံဖူးခဲ့သော အတိတ်၏ အရိပ်မည်းတစ်ခု တစ်မိသားစုလုံးအပေါ် သွားလေရာ တကောက်ကောက် လိုက်ပါပုံကို သိရတော့မည် မဟုတ်။ ခုလို ချစ်ခင်သူတို့ အထင်လွဲမှားမည့်အရေး စိုးရိမ်ပူပန်နေရတော့မည် မဟုတ်။

သို့သော် လက်တွေ့ကမ္ဘာတွင် တော့ ရင်ဆိုင်စရာ အရေးကိစ္စတို့ သည် အငွေ့ကလေးမျှ ကွယ်ပျောက် ရှောင်ပြေးလျှင်ပင် လွတ်မည် မဟုတ်ချေ။ ရင်ဆိုင်စရာရှိလျှင် ရင်ဆိုင်တွေ့ရမည်။ ပြောစရာ ရှိလျှင်လည်း ပြောရပေဦးမည်။

ငြိမ်းသည် ပြေးမထွက်သာအောင် ဖန်တီးလာသော ဘဝကို တရေးရေး ပြန်ပြောင်း သတိရသည် ။ ပြုလဲလုလု စိတ်အစုံကို အားတင်း ထူမတ်ကာ မမသက်၏ မျှော်နင့်နားစွင့်ဟန် မျက်နှာကို တည့်တည့်ပင် ရင်ဆိုင်ကြည့်လိုက်ရပါသည် ။

***

နှစ်ချက် ဆက်တိုက်ဆိုသလို ထွက်ပေါ်သော လူခေါ်ခေါင်းလောင်းသံကိုကြားလျှင် စာအုပ်နှင့်မျက်နှာ အပ်နေသောဝင်နီတစ်ယောက် ခေါင်းကလေး ဆတ်ခနဲ ထောင်မတ်လာသည် ။ ရွှင်ရွှင်မြူးမြူးပင် ပြုံးလိုက်ပါသည် ။

ပန်းနုရောင် ဂါဝန်လေး လွင့်ခနဲ နေအောင် တံခါးအနီးသို့ အပြေးကပ်သွားပုံကို ငြိမ်း ချစ်ခင်စွာ ငေးမိသည် ။ စိတ်ကလည်း ကြည်၍ နေပါသည် ။ နောက်တစ်ပတ်မှာ စဖြေရတော့မည့် စာမေးပွဲအတွက် ဝင်နီ အဆင်သင့်ဖြစ်နေပြီ။ ဝင်နီ့လိုပင် ငြိမ်း ကြပ်မတ်သင်ပေးရသည့် တည့်လေး သုံးဦးလည်း အဆင်သင့် ဖြစ်နေပြီ။

ခုနေတော့ဖြင့် သူတို့ လေးတွေ စာရနေပြီဆိုတာလောက် ငြိမ်းကို စိတ်ချမ်းသာစေတာ မရှိချေ။

"ဖေဖေတို့ အပြင်သွားတယ် ဦးဦးရဲ့ ၊ ဒါပေမဲ့ ခဏပဲတဲ့ ၊ ဦးဦး လာရင် ခဏစောင့်ဦးတဲ့ ၊ ညနေစာ ထမင်းစားပြီးမှ



စကားသံနှင့်အတူ ဝင်နီ သံပန်းတံခါးသော့ ဖွင့်နေပုံ။ ငြိမ်းသည် ပုံနှိပ်စာအုပ်ထဲမှ ထုတ်နုတ်ကာ သီးသန့် ပြင်ဆင်ပေးထားသည့် စာမုဒ်များ ပေါ် မျက်လုံး တစ်ဖန် စိုက်လိုက်သည် ။ နားကတော့ စွင့်နေမိသေးသည် ဖြစ်ရာ တံခါးဝက ဝင်လာသော ခြေသံ တစ်စုံမကပုံကို သတိပြုမိပါသည် ။

"အချိန်မရဘူးကွ၊ ပြန်ပြေးရမှာ ၊ ဒီမှာ ညှို့သည် တောင် ပါလာတာ မတွေ့ဘူးလား"

"အို - မရပါဘူး ၊ဝင်နီ ကြိုးနဲ့ ချည်ထားမှာ ဒီညှို့သည် ကိုပါ ရောချည်ထားမှာ ပေါ့"

"ကဲ တွေ့တယ် မဟုတ်လား၊ ငါ့တူမက အဆိုးလေးပါဆို"

"လာပြန်ပြီ ဦးဦးကလည်း ၊ ဝင်နီ မဆိုးပါဘူးလို့ ဘယ်နခါ ပြောရမလဲလို့ "

လေသံ ကြားရသလောက်တော့ ဝင်နီတစ်ယောက် ခြေဆောင့်နေပုံပေါ်ပါသည် ။ ရယ်သံတို့ သည် ဧည့်ခန်းထိပ်ဘက်မှာ ရှိသည့် ငြိမ်းထံသို့ပင် လွင့်၍ လာသည် ။

ရောက်မလာခင်ကတည်းက ဝင်နီ တသသမျှော်ရသော ဦးဦးပေါ့လေ။ အဆွေအမျိုးအပေါဝင်နီ သံယောဇဉ် ကြီးကြီးမားမား ထားတာဟာဖြင့် သည် ဦးဦးတစ်ယောက်သာ ငြိမ်းတွေ့ဖူးပါသည် ။ ဦးဦးသည် မိခင်ဘက်က မောင် တော်စပ်သူ။ ဝင်နီအပေါ် ချစ်ခြင်းမေတ္တာပေးတက်သူမို့ ငြိမ်း စိတ်ထဲက လေးစားနှစ်လိုရသူ။

"ဟော ဆရာမ၊ ဘယ်လိုလဲ ကျွန်တော့်တူမစာရင်း လား၊ မမရင် ရှိတ်နက် ဆုံးမပါနော်"

ငြိမ်းသည် တိုက်ရိုက်ရည်ညွှန်း လာပြီမို့ စာအုပ်ပေါ် စိုက်နေမိသော မျက်လုံးတို့ ကို စကားသံလာရာဆီ ရွှေ့လိုက်ပါသည် ။ တုံ့ပြန်ပြောရန် ကြံရွယ်လိုက်သော စကားသည် ဝင်နီ့ဦးဦး၏ နောက်နားမကျတကျမှာ ရပ်နေသူကို မြင်လျှင်တော့ ကြက်ပျောက်ငှက်ပျောက်ပျောက်ရပြီ။ တွေ့လိမ့်မည် မထင်မှတ်သောနေရာမှာ တွေ့ရပြန်သူပေ။

သူ့မျက်နှာထက်ဝယ် အပြုံးရိပ်ကို တွေ့မြဲလို တွေ့ရပါသည် ။ အထူးသဖြင့် မျက်လုံးများမှာ ...။

ငြိမ်းသည် ပထမ တအံ့တသြ။ နောက်တော့ ပြုံးမိသည် ။ နှစ်လိုရိပ် စွက်ကာ။ သည် ခဏဝယ် ဝင်နီ ရန်စွာသံက ဝန်းကျင်ကို

"အံမာ ဝင်နီက စာတွေ အကုန်ရပြီးသား၊ မယုံရင် ဆရာမကို မေးကြည့်၊ နော် ဆရာမ"

"ဟုတ်ပါ့၊ ဝင်နီလေးက မနက်ဖြန် စစ်ရင် တောင် ကြောင်းကြောင်းပြေး ဖြေနိုင်နေပြီ"

ဝင်နီ့ဦးဦးက ရွှင်ပျစွာ ရယ်မောလိုက်ပါသည် ။

"ဟုတ်ပါပြီဗျာ၊ ဒီဆရာ တပည့် အတိုင်အဖောက်ကို ညီနေတာပါပဲ၊ ကိုင်း ... မိုးညဏ်ရေ ညနေမှ အေးအေးဆေးဆေး ပြန်ဆိုတော့ ခြောက်နာရီ ခုနစ်နာရီလောက်မှ ပြန်တာပေါ့ကွာ၊ ဘယ့်နှယ်လဲ အဆင်ပြေရဲ့ လား"

"ပြေပါတယ် အစ်ကို၊ ကျွန်တော်လည်း တခြား သွားစရာမှ မရှိဘဲ"

သမီးရေ ဝင်နီ၊ မိနော်ဆီက အအေးလေး တစ်ခွက်လောက် သွားယူပေးပါလား၊ ဒီမှာ ကိုကိုမိုးညဏ်ကို တိုက်ရအောင်"

'ဟာ အစ်ကို၊ ရတယ် နေပေ့စေ' ဟု အားတောင့်အားနာဟန်ဆိုကာ ပါကေးခင်းသော ကြမ်းပေါ်မှ သာ သူ ထိုင်ချလိုက်ပါသည် ။ ငြိမ်းတို့ စာသင်ဝိုင်းကို ကြမ်းပေါ်မှာ သာ စားပွဲချခင်းထားတာမို့လေလား။ 'ဆိုဖာပေါ် ထိုင်လေကွာ' ဟု ဝင်နီ့ဦးဦး အတန်တန် ပြောသော်လည်း 'ဒီအတိုင်းက ပိုအေးပါတယ်' ဟုသာ ဆိုပါသည် ။

ဝင်နီသည် အနောက်ဘက်သို့ လုစ်ခနဲပင် ပြေးထွက်သွားသည် ။ မကြာမီပင် 'ဦးဦးရေ' ဟု ခေါ်သံ ထွက်လာပြန်ပါသည် ။ ဝင်နီ့ဦးဦး

သည် သူ့ဘက်ကို လက်ပြကာ အိမ်နောက်ဘ
က်ဆီ ခြေလှမ်းပြင်လိုက်သည် ။ ခရုခန်းဆီး
လေး လှုပ်သွားပုံကို ငြိမ်း အမှတ်မဲ့ဟန်နှင့် လို
က်ငေးနေသည် ။

"ခင်ငြိမ်းချမ်းက ဝင်နိုဆရာမပေါ့လေ၊ ကျွန်
တော်ဖြင့် ဒီကိုတော့ နှစ်ခါလောက် ရောက်ဖူး
ပါတယ်၊ မဆုံဖူးဘူးနော်"

"ကျွန်မက တစ်ပတ် သုံးရက်ပဲ လာတာကိုး
ကိုးမိုးညဏ်ရဲ့ ၊ ဒါကြောင့် လွဲတာ နေမှာ "

"အေးဗျာ၊ ဘာလို့ လွဲနေရတယ် မသိဘူး၊
အမှန်ဆို စောစောကတည်းက မိတ်ဆွေဖြစ်နေ
ရမှာ "

"ဟင် ဘာဖြစ်လို့ "

ငြိမ်းသည် မျက်လုံးအဝိုင်းသားနှင့်
ငေးကြောင်ကာ။

"ဪ . အစကတည်းက မိတ်ဆွေဖြစ်နေ
တော့ ဟိုတစ်နေ့က ရုပ်ရှင်ကြည့်ရင်း ခင်ငြိမ်း
ချမ်း မျက်ရည်ကျတဲ့ အခါ ကျွန်တော် တိတ်ပါ
ဘာညာ ပြောလို့ ရတာပေါ့၊ ခုတော့ ဘာပြောရ
မှန်းမသိဘဲ လှမ်းပြီးတော့ပဲ
ကြည့်နေရတာကိုး၊ မသိဘဲ စကားလာပြောရင်
လည်း ကျွန်တော်ပဲ အပေါက်ခံရမှာ ပေါ့၊ မ
ဟုတ်ဘူး လား"

ခုမှ ပင် ဆိုလိုရင်းကို သဘောပေါက်ရသည်
။ မျက်ရည်ကျခဲ့ဖူးသော နေ့က မြင်ကွင်းကို တ
စ်ဖန် မြင်တော့ မျက်နှာက နွေးရပြန်သည် ။
သို့သော် ခဏပါပဲ။ သူ့အပြုံးအရယ်မှာ
ကြည်ကြည်စင်စင် ရယ်မောမိပါသည် ။

ပြီးခဲ့သည့်တစ်ပတ်က ဓာတ်ပုံပြပွဲမှာ ဆုံသူ

။ ခုတော့ ဝင်နီ့အိမ်မှာ ဆုံရသူ။ သည့်မတိုင်ခင် ရည်မွန့်အလုပ်မှာ ဆုံခဲ့ရသူ။ သူနှင့် ငြိမ်းသည် ကံဇာတ်ဆရာက အကွက်ချ ရေးသားသည့်နယ် အချိန်ကာလ ခပ်စိပ်စိပ်မှာ ပင် တစ်ကွက်ချင်းဆုံလာရပေပြီ။

စင်စစ်တော့ လူတစ်ဦးနှင့် တစ်ဦးအကြားက ရေစက် ဆိုတာသည် အင်မတန် ဆန်းကြယ်အံ့ဖွယ် ရှိလေသည် ။ မဆုံဖြစ်ကြစဉ်ကလည်း ကမ္ဘာလောကဝယ် သည် လူတစ်ယောက် ရှိလေမှန်း သိစရာအကြောင်း စိုးစဉ်မျှပင် မပေါ်ပေါက်။ ဟော ... ဆုံကြရပြီ ဆိုတော့လည်း အချိန်တိုင်းသည် ပင် ရေစက်ဆုံကောင်း ဆုံမည့်အချိန် ဖြစ်လာရပြန်သည် ။ လမ်းတိုင်းမှာ လည်း ရေစက်တို့ ကြဲဖြန့်စိုခင်းနေသလို။

သူနှင့် ဆုံရတာလည်း ရေစက် ဆိုပါစို့။ ထိုရေစက်ကို ငြိမ်း တန်ဖိုးထားနှစ်လိုပါသည် ။ ဥက္ကာလို၊ ရည်မွန်လို စိတ်ချင်းနီးစပ်မည့်သူဟု အချိန်ခဏမှာ ပင် ယုံစိတ်ဝင်ပါသည် ။ တစ်ဖက်သားအပေါ် အလေးထားတတ်ဟန် မျက်နှာပေး၊ ညင်သာရိပ်ထင်သော မျက်ဝန်းများကြောင့်ပေလား မပြောတတ်ပြီ။

"ဟင် ဆရာမက ဒီကိုကိုနဲ့ သိတယ်"

အိမ်ရှေ့သို့ ထွက်လာပြန်သော ဝင်နီသည် အအေးခွက်ကို မိုးညဏ်ထံ ကမ်းပေးကာ မေးခွန်းထုတ်သလို ဆိုလိုက်ပါသည် ။ နှစ်ယောက်သား အရယ်မပျက် ရှိဆဲကပင် 'သူငယ်ချင်းတွေ ဝင်နီရဲ့ ' ဟု ငြိမ်း ဖြေလိုက်မိသည် ။

"ကိုကိုဥက္ကာတို့လိုလား"

"အင်းပေါ့၊ ကိုကို ဥက္ကာလိုပေါ့"

'ကိုကိုဦးကွာ' ဟု သူသံယောင်လိုက်လျှင် ငြိမ်းသည် သင့်၏ ၊ မသင့်၏ ချင့်ချိန်ရန် စိတ်မကူးမိဘဲ အမှတ်မဲ့ပင် 'ကျွန်မ သူငယ်ချင်းလေ၊ ဟိုတစ်နေ့က ခါတ်ပုံပြပွဲတုန်းက အတူလာတဲ့ သူငယ်ချင်းပေါ့၊ ဦးကွာနဲ့ က တက္ကသိုလ် မတက်ခင်ကတည်းက ခင်ကြတာ' ဟု လွှတ်ခနဲ ဆိုလိုက်မိသည် ။

ဝင်နီ့ရှေ့မှာ မို့ပဲလား။ သူ့မျက်ဝန်းတို့ သည် အအေးခွက်မှာ သာ စိုက်လျက်။ သို့သော် နှုတ်ခမ်းတို့ က ပြုံးလုလု။ မျက်ဝန်းတို့ သည် လည်း ပြုံးပြုံး ရိပ်ရိပ် ....။

ငြိမ်းသည် ဝင်နီ အနီးမှာ ရှိနေပြီမို့ မျက်နှာနီမြန်း အနေခက်ပုံကို ဇွတ်မှိတ်၍ အာရုံပြောင်းရန် မလို။ သည် ကြားထဲ စကားတပြောပြောနှင့် အိမ်ရှေ့ ထွက်လာသော ဝင်နီ့ဦးဦးကိုလည်း ကြံဖန် ကျေးဇူးတင်ရလေသည် ။

***

မိသားစုဝင် သုံးဦးနှင့် ငြိမ် တိတ်နေတတ်မြ အိမ်သည် ခုလို အမျိုးအဆွေတို့ စုံလင်လာပြန်တော့ စကားသံ မြိုင်လာရပေသည် ။ အထူးသဖြင့် ငါးနှစ်ပင် မပြည့်တတ်သေးသော မိချော၏ အသံမှာ တစ်အိမ်လုံး ဘယ်ထောင့်က ဖြစ်စေ စီခနဲ ပေါ်လာသလို ရှိရသည် ။ သို့သော် အပြစ်ကင်းသော ကလေးတို့ ၏ ညံခြင်းမို့ နားရှုပ်စရာ မရှိပါ။ နှစ်လိုတတ်လျှင်တော့ ဆည်းလည်း သံဟု ပင် တင်စားနိုင်မည်။

အဖေသည် ကိုကို့သမီး၏ ဆိုးဒဏ်ကို အပြုံးမပျက် ခံနိုင်သလောက် မိချောကိုတော့ဖြင့် မချစ်ဘူး မဟုတ်သော်လည်း သည်းမခံနိုင်ပေ။ သူ့အိပ်ခန်းထဲ တောက်တောက် ပြေးပြီး တောက် ဝင်ကာ တွေ့သမျှ ပစ္စည်းကောက်ကိုင်လျှင် 'လာခေါ်ဦး ချိုချိုရေ' ဟု ဆိုတတ်သည် ။ ဒေါ်ဒေါ်ချိုက ခေါ်ထုတ်ရသည် ။

ဒါလည်း ပဲ မိချောသည် အဖေ့အခန်းကို ဘာဓာတ်ကျသည် မသိ။ အကျယ်ဆုံး အခန်းမို့လည်း ဖြစ်လိမ့်မည်။ ရောက်စ တစ်ရက်၊ နှစ်ရက်မှာ ပင် အဖေ အခန်းထဲ မရှိချိန်ဆို အခန်းတံခါး လှစ်ခနဲ ဖွင့်၍ ပြေးဝင်ကာ ခုတင်ပေါ် ခုန်ပေါက်၍ ဖြစ်စေ၊ နေရာလွတ်များမှာ ပြေးလွှားရင်း ဖြစ်စေ၊ ပစ္စည်းများ မွှေရင်း ဖြစ်စေ ဆော့ကစားတော့သည် ။ 'ဒီကလေးတစ်ကောင်နဲ့ ငါနဲ့ တော့ ခက်ဦးတော့မယ်' ဟု အဖေက မတတ်သာဟန်နှင့် ညည်းညူလေသည် ။

ငြိမ်းမှာ တော့ ကလေးများ နှင့် အတူးတလ ည် ရင်းနှီးတတ်သူမဟုတ်သော်လည်း အနား တကပ်ကပ် လုပ်ချင်သော မိချောမို့ ပထမတစ်ကြိမ် အိမ်လာဖူးကတည်းကပင် သံ ယောဇဉ်ရှိရသည် ။ နေ့လယ်နေ့ခင်း သူ့မိဘများ နေသော အခန်းမှ ကြီးကြီးအခန်း သို့ ကူးလာလျှင် ငြူစူစိတ်မဝင်ဘဲ စိတ်လိုလက် ရပင် စကားပြောမိပေသည် ။

ငြိမ်းသည် မိချောအပေါ် သံယောဇဉ် ဖြစ်ရ ပေမယ့် ဒေါ်ဒေါ်ချို့ကိုတော့ဖြင့် အဖေ့ခြေရာန င်းကာ မရင်းနှီးလှချေ။

ဒေါ်ဒေါ်ချို့တွင် အရာရာ သူသိ သူတတ်သ လို ထင်ရှံ့မှုမက ဘယ်သူဘာလုပ်လုပ် ကောင်း တယ် မထင်သော စရိုက်သည် လှုပ်ရှားမှုတိုင်း၊ အပြောအဆိုတိုင်းမှာ ပင် အထင်းသား ပေါ်နေ ပေသည် ။ ပြီးတော့ အင်မတန် စပ်စုချင်သည် ။ အသေးအဖွဲလေးများကအစ အင်မတန် သိချ င်တတ်သည် ။ ဥပမာ - ငြိမ်း စာသင်တာပဲ ဆို ပါစို့။ 'ဘယ်လောက်ရသလဲ၊ တစ်အိမ် ဘယ် လောက် ပေးတာလဲ၊ ရက်တွက်နဲ့ ပေးတာလား ၊ အိမ်အထိ သွားသင်ရတာ ဆိုတော့ အလုပ်သ မားနဲ့ တူမနေဘူးလား' စသဖြင့် ပြောတတ် စူး စမ်းတတ်သည် ။

ဦးဦးမျိုးတင် ရှိချိန်ဆို သည် ဒဏ်က အတန် ကင်းလွတ်ပါသေးသည် ။ ဟော .. အဖေနှင့် ဦး ဦးမျိုးတင် အပြင်မသွား လိုက်လေနှင့်။ စကား ပေါက်ပေါက်ဖောက်ရန် ပြင်တော့သည် ။

မီးဖိုခန်းကို တစ်ကမ္ဘာထင်သော ကြီးကြီး လည်း ဒေါ်ဒေါ်ချို့ဒဏ်က မလွတ်ချေ။ ပြီးခဲ့လေ သော တစ်နှစ်ကျော်ကပေါ့ ....။ ရောက်ပြီး သုံး

ခင်တစ်ရက်မှာ နှုတ်ဆော့လေတာ။ မီးဖိုခန်းထဲ ချဉ်ပေါင် ကူခြွေရင်းက သူ့ဘာသာ ညည်းပြောပြောသလို ပြောလေတာ။

'အင်း ... ရန်ကုန် .....ရန်ကုန် ဆိုပြီး ရွာကလူတွေ အထင်ကြီးကြတာများ ခေါ်ပြချင်တယ်၊ ရန်ကုန်မှာ ဘယ်လိုနေကြ၊ ဘယ်လိုစားကြတယ်ဆိုတာ ၊ အိမ်မှာ ငါးပိရည်နဲ့ တို့စရာနဲ့ စားပြီး အပြင်ထွက်ရင် ကြော့ကော့နေတာများ မြင်စေချင်တယ်အေး'

'ကွယ် ချိုချိုရယ်၊ နင့်ကို ငါတို့ က ငါးပိရည်တစ်မျိုးတည်းနဲ့ များ ကျွေးလွှတ်လိုက်လို့ လား ၊ပြောပုံက'

ကြီးကြီးသည် ဟင်းအိုးမွှေရင်းက မနေနိုင်

'ကျွန်မက ဒီအိမ်ကို ပြောတာ မဟုတ်ပါဘူး အစ်မတင်မေရယ်၊ သဘောပြောတာပါ'

'နင်က ဘယ်နှအိမ်များ ရောက်ဖူးလို့ လဲ ပြောပါဦး'

'ဒီလိုပါပဲ၊ ဟိုက ဒီက ဒီလိုပဲ ပြောတာတွေ ကြားနေရတာပဲဟာ၊ သွားမကြည့်ရင်တောင် သိပါတယ်လေ'

'တို့တွေ ဟိုမှာ တုန်းကလည်း ဒီလိုပဲ၊ ခုလည်း ဒီလိုပဲ စားသောက်နေတာပါပဲ စားနိုင်တော့လည်း စားပေါ့၊ မစားနိုင်ရင်လည်း မောင်မျိုးတင်ခေါ်ပြီး ကောင်းပေ့ဆိုတဲ့ ဆိုင် တက်စားပေါ့ကွယ်၊ ဒါပဲ ရှိတာပဲ'

'အင်း ..အဲ ' နင့် စကားမဆက်နိုင်ရှိပုံကို ငြ

ငှဲ့အကြည့်မှာ မြင်ရလေသည် ။

ရှည်သွယ်သွယ် ညိုတိုတို မျက်နှာထက်က ကျဉ်းမြောင်းသော မျက်လုံးအစုံမှာ တောင်ရွှေ့မြောက်ရွှေ့။ သူ့ကို တစ်ချက်လှည့်မကြည့်သော ကြီးကြီး၏ ကျောပြင်ကိုလည်း အကဲခတ်ကြည့် စွေကြည့်ရသေးသည် ။ အင်္ကျီကို အတွင်းသို့ ထည့်ကာ လုံချည်ကို အပေါ်က မသေမသပ် ဝတ်ထားပုံ၊ လက်မှာ တော့ ရွှေလက်ကောက် ငါးကွင်းမျှ ဆင့်ဝတ်ထားပုံကို မြင်နေကျလို မြင်ရသည် ။ ချဉ်ပေါင် ခြွေထည့်ထားသော ဆန်ခါထဲ ထိုလက်နှင့်ပင် ရည်ရွယ်ချက်မရှိ အနေခက်ဟန်နှင့် မွှေ၍ နေသည် ။ ထိုခဏ၏ ကယ်တင်ရှင်မှာ တော့ မီးဖိုခန်းထဲ လှစ်ခနဲ ပြေးဝင်ကာ မိခင်အနီး တိုးကပ်သော

'ကြီးကြီးကလည်း မပြောရင်လည်း မပြောဘူး၊ ပြောတော့လည်း တကယ့် တုတ်တိုး အိုးပေါက်' ဟု နောက်ကွယ်မှာ ငြီမ်း ပြောမိသေးသည် ။

'သမီးရယ် မပြောရင် မနေနိုင်တော့ဘူး၊ ပြောနေပုံကို ကြည့်ဦး ရန်ကုန်က လူတွေလို့ သိမ်းကျုံးပြီး ပြောတာကို မကြိုက်လိုက်တာကွယ်၊မရှိမဟုတ် ရှိပါတယ် ဒါပေမဲ့ လူတိုင်းက ဒီလိုပဲလို့ ပြောတာကို ကြီးကြီး မကြိုက်တာ၊ ပြီးတော့ လောလောဆယ် သူနေနေတာ ဘယ်သူ့အိမ်လဲ မစဉ်းစားတတ်တော့ဘူးလား၊ သူ့ဘာသာ အထင်ပဲ ပြောပြော ဒီအိမ်ကို ပြောသလိုဖြစ်မနေပေဘူးလား၊ အင်း ...မောင်မျိုးတင် ... မောင်မျိုးတင် ပထမ အိမ်ထောင်တုန်းက ကံ

ကောင်းသံလောက် ခုတစ်ယောက်ကျတော့ စ ခါ အကြောင်းစုံသိခိုက် ပြန်စဉ်းစားပေးပါ့မှ

ရိုက်ကလေးက တစ်မျိုး၊ တို့ နဲ့ လည်း နည်းန ည်းမှ မတူ၊ ဒါတောင် ယောက်ျားကြောက်ရလို့ နော်၊ မကြောက်များ မကြောက်ရလို့ ကတော့'

ငြိမ်းသည် မပြောစဖူး မဲ့ကာရွဲ့ကာ ပြောသ ည့် ကြီးကြီးကို ချစ်စနိုး ရယ်မောခဲ့ရသည်။

'ဒါကြောင့်လည်း မောင်ပြေက ပြောတာ၊ မှို တင် … မင်းမိန်းမ ခေါ်ပြီး ငါ့အိမ်လာမယ် ဆိုရ င် သေချာ ပြောဆိုပြီးမှ လာ ရွာက စကားဘာ ညာ ဒီသယ်ပြီး ဒီက စကား ရွာပြန်သယ်ဖို့ စိ တ်မကူးနဲ့ ၊ စကားမဖွာနဲ့ လို့ ပြောရတာ၊ အံမ ယ် ဒါကြောင့် သင်း ဒီလောက် နှုတ်ငြိမ်တာပေါ့'

ထိုစဉ်ကတော့ ကြီးကြီး၏ စကားသည် ငြိမ်းအတွက် အဆန်းတကြယ် မဟုတ်ခဲ့။ ခုနေ သာ နှုတ်ဖွာသူ၊ မတော်မဖြစ် တော်စပ်ရသူ တ စ်ယောက်နှင့် ငြိမ်းတို့ ကို ပေးတွေ့ရတာ အဖေ ဘယ်လောက် ပူပန်ခဲ့မလဲ စဉ်းစားကြည့်တတ်ပြီ။

အတိတ်ကို တွေးမြဲလို ပြန်တွေးလိုက်လျှင်ပ င် မြင်မြင်သမျှသော အဖေ့အရိပ်တို့ မှာ ငြိမ်းအ တွက်တော့ စာနာဖွယ် အတိပြီးလျက် ရှိလေသ ည်။

***

တေးသီချင်းသံတို့ ဆိတ်ခဲ့ပြီ။ စကားသံလ ည်း တိတ်ခဲ့ပြီ။

ည ၇ နာရီလောက်ကတည်းက လိုင်းပေါင်း

စုံ အဖန်ဖန် ပြောင်းကာ တောက်လျှောက် ဖွင့်ထားသော တီဗွီကို ပိတ်လိုက်ချိန်၊ အဖေရော ဧည့်သည် များ ပါ ကိုယ်စီ အခန်းထဲ ဝင်ကြချိန်မှာ တော့ အသံဗလံတို့ ဆိတ်ဆိတ်ငြိမ်သည့် ဧည့်ခန်းသည် ငြိမ်းအတွက် နားနေရာ ဖြစ်လာတော့သည်။

ည ၁၂ ကျော်သော်လည်း ငြိမ်းသည် အိပ်လိုစိတ် မရှိသေးချေ။ နံနက်စောစော ထတတ်သော ကြီးကြီးတစ်ယောက် နှစ်နှစ်ခြိုက်ခြိုက် အိပ်စေလိုသော စေတနာနှင့် လူသူရှင်းသော ဧည့်ခန်းသို့ပင် ထွက်လာသည်။ ဘုရားင်မှ မီးနှင့်၊ နှစ်ယောက်ထိုင်ဆိုဖာရှည်နှင့် အနီးဆုံးက မီးချောင်းတစ်ချောင်းကိုသာ ချန်ကာ ကျန်မီးနှစ်ပွင့်ကို ပိတ်လိုက်သည်။ နောက်တော့ ဆိုဖာရှည်ပေါ်ဝယ် လဲလျောင်းမိလေသည်။

အလုပ်နှင့်ပတ်သတ်သမျှ လတ်တလော မဦးစားရန် မလိုသေးချိန် စိတ်မွန်းကျပ်မှုအပေါင်းကလည်း လွတ်တန်သလောက် လွတ်ခဲ့ချိန်မို့ ငြိမ်း၏ စိတ်မှာ ပေါ့ပါး၍ နေသည်။

ငြိမ်းသည် ရှင်သော စိတ်၏ အငွေ့အသက်တို့ မျက်လုံးများမှာ ပင် အရိပ်ထင်ကောင်းထင်နေမည့် ကိုယ့်ရုပ်သွင်ကိုယ် ပြေးမြင်ကာ နှစ်နှစ်ခြိုက်ခြိုက် ပြုံးမိပါသည်။ တဝီဝီ လည်သော ပန်ကာကို ငေးကာ စိတ်ကလည်း လွင့်သည်။ လွင့်သော စိတ်ကို မဖမ်းဆုပ်လို။ မျက်လုံးများပင် မှေးမှိတ်လိုက်ပါသည်။

စိတ်မျက်လွှာဝယ် ဦးစွာ ပေါ်သည့် ပုံရိပ်မှာ ညနေခင်းက မြင်ကွင်းသာ ဖြစ်သည်။

ညနေကတော့ ငြိမ်းသည် ကန်တော်ကြီး မျှော်စင်ကျွန်းထဲ ဝင်နိုင်တို့ မိသားစုနှင့်အတူ

ရောက်နေခဲ့လေသည် ။ ဝင်နီ စာမေးပွဲ နောက် ဆုံးရက်ညနေခင်း၌ မိသားစု လည်ပတ်ရန် စီစဉ်ရာမှာ ငြိမ်းကိုပါ လိုက်ပါစေလိုခဲ့သည် ။ အတန်တန် ငြင်းသော်လည်း နောက်ဆုံးတော့ ချွဲနွဲ့တွယ်ကပ်သော ဝင်နီ့နောက်သို့ ပါလာခဲ့ရသည် ။

ဝင်နီသည် ငြိမ်း၏ လက်တစ်ဖက်ကို ဆွဲလွဲကာ ခိုကပ်ပါလာရာက ကချင်ရိုးရာ စားသောက်ဆိုင်ရှေ့ အရောက်မှာ တော့ ဖျတ်ခနဲ လက်အတွဲဖြုတ်လိုက်သည် ။ 'ဦးဦး' ဟု အော်ကာ လှစ်ခနဲ ပြေးသွားတော့သည် ။

ငြိမ်းသည် ဝင်နီ့နောက်ကျောကို ကြောင်ငေးကာ နေရာမှာ ပင် ခြေစုံရပ်နေသည် ။ ရင်ထဲ တငြိမ့်ငြိမ့် လှုပ်ခုန်လာပုံကို ကိုယ်တိုင် သိနေပါသည် ။ ဝင်နီ ဦးတည်ပြေးသွားသည့် စားပွဲသို့လည်း ချက်ချင်းဆိုသလို မကြည့်ရဲချေ။

ဝင်နီ့ဦးဦးကို စိတ်မှန်းနှင့် ပြေးမြင်လျှပင် တစ်ယောက်သောသူသည် ဘေးက တွဲလျက်ပါစမြဲ။ ခုရော သူပါ ပါ လာလေမလား။ ငြိမ်းသည် သူ ရှိနေမလိုလို မယုံရဲရဲ ထင်စိတ်နှင့် နောက်မှာ လျှောက်လာနေသော ဝင်နီ့မေမေကို စောင့်သလို မျက်နှာလွှဲကာ ရပ်နေမိပါသည် ။

သည် တစ်လောအတွင်း ငြိမ်းနှင့် သူသည် ဝင်နီတို့ အိမ်မှာ ဆုံပြီးသည့်နောက် ထပ်ဆုံရန် အကြောင်းမပေါက်ခဲ့ပါ။

သို့သော် သည် ကနေ့ခေတ်၏ ထုံးစံအတိုင်း လူမှုကွန်ရက်မှာ တော့ မိတ်ဆွေဖွဲ့ကြသည် ။ နံနက်ဆိုလျှင် 'ကောင်းသော နံနက်ခင်းပါ' အဓိပ္ပာယ်ရစာကြောင်းငယ်သည် အင်တာနက် ဖွ

င့်လျှင်ဖွင့်ချင်း အချက်ပေးသံ တတင်တင် နှင့် အတူ ဝင်ရောက်လာစမြဲ။ ညချိန်ကျပြန်တော့လည်း သည် လိုပါပဲ။ ရောက်တတ်ရာရာ စကားဆိုပြီးလျှင် 'ကောင်းသောညပါ' ဟု နှုတ်ဆက်တတ်သည် ။ ငြိမ်းကမူ ချစ်စဖွယ် အရုပ်ပုံလေးများ ပြန်ပို့တတ်သည် ။

နှစ်ပတ်နီးပါးမျှသော အချိန်ဆိုတာသည် စာကြောင်းလေးများမှ တစ်ဆင့် လူနှစ်ဦးအကြား သံယောဇဉ် ကူးလူးရန် လုံလောက်သောအချိန် ဟုတ်ပါသလား။ ငြိမ်းအတွက်တော့ဖြင့် တစ်စစ ဖွဲ့တည်လာသော သံယောဇဉ်ကို သူရေးသော စာသားများမှာ မြင်ရသည် ။ ကိုယ်တိုင် ပြန်ရေးမိသော စကားလုံးလေးများမှာ မြင်ရသည် ။ လူချင်း မတွေ့မမြင်ရဘူး ဆိုသော ရဲစိတ်နှင့် ရုံခါတော့လည်း အပြန်အလှန် စနောက်မိတာမျိုး ရှိတတ်လေသည်။

သည် မှ ရင်နီးပြီးသူကို ဘာကြောင့် မတွေ့ရဲပါသနည်းဟု တစ်စုံတစ်ယောက်က မေးလာလျှင်တော့ ငြိမ်း မဖြေတတ်ပါ။

' လာလေ ညီမရဲ့ ' ဟု ဝင်နီ့မေမေ ဦးဆောင်ကာ ဆိုင်ထဲ ဝင်တော့နောက်က တိတ်တိတ်ဆိတ်ဆိတ်ပင် လျှောက်လိုက်လာသည် ။ စားပွဲဝိုင်းဆီ အရောက်မှာ တော့ မရှောင်သာပြီ။ 'ဆရာမ' ဆိုသော ဝင်နီ့အသံကြောင့် ဖျတ်ခနဲ အကြည့်ရောက်ရတော့သည် ။

ထိုခဏ၌ ရင်ထဲ ဟာကျသွားပုံကို ခုနေများ ပြန်ပြောပြကြေးဆိုလျှင် ငြိမ်း ပြောတတ်မည်မဟုတ်ချေ။ အမျှော်လင့်ကြီး မျှော်လင့်ပြီးခါမှ ဆုံးရှုံးရသူလို့ ဆိုရမလား။ မတွေ့ရဲပါဘူး ထင်စဉ်က ထင်ခဲ့သည် ။ တကယ့် တကယ် မတွေ့

ရတော့လည်း မယုံနိုင်စရာ လှပ်ခနဲ ဟာရပြန်ပါသည် ။

ဝင်နီ့ဦးဦးဘေးဝယ် သူ မရှိ။ အင်း.... ကိုမိုးညွှာ မရှိ။ ငြိမ်း မမြင်ဖူးသေးသော အမျိုးသမီးတစ်ဦးသာ ရှိပါသည် ။

ဝင်နီ့မိသားစု၏ လှိုက်လှဲရွှင်ပျသော စကားသံ၊ ရယ်သံများ အကြားဝယ် ငြိမ်းသည် ပတ်ဝန်းကျင်နှင့် လိုက်လျောညီထွေ ဖြစ်စေရန် အားထုတ်ရသည် ။ ခဏအကြာမှာ တော့ ဝင်နီ့ကျေးဇူးကြောင့်ပင် အများ နှင့် တစ်သားတည်း ဖြစ်လာရသည် ။

'ဆရာမက မိုးညွှာနဲ့ သိတယ်ပေါ့နော်' ဟု ဝင်နီ့ဦးဦးက ဆိုတော့ စိတ်လှုပ်ရှားပုံ မပေါ်အောင် ထိန်းကာ 'သိပါတယ် ၊ ဘာဖြစ်လို့ လဲ ဟင်' ဟု ငြိမ်း စကားပြန်ရပါသည် ။

'ဘာရယ်မဟုတ်ပါဘူးဗျာ၊ ဟိုတစ်နေ့က အပြန်ကျတော့ ဆရာမ အကြောင်း မေးလို့ ပါ'

ငြိမ်းသည် မျက်နှာ ရဲခနဲ ဖြစ်ရ၏။ ဝင်နီ တဟိဟိ ကျိတ်ရယ်ပုံကို သိသည် ။ သို့သော် ငဲ့မကြည့်ဖြစ်ချေ။

'အဲဒီတော့ ကျွန်တော်လည်း သိပ်မသိတဲ့ကြားက သိသလောက်လေး ပြောပြရတာပေါ့'

'အံမယ် ဝင်နီ့ဆရာမကို ဒါမျိုး မေးတိုင်း ဦးဦးက ပြောပြစရာလား'

"ဟာ ကိုကိုမိုးညွှာက ဒါမျိုးတွေ ဦးဦးကို ပြောဖူးတာ မဟုတ်ဘူး သမီးရဲ့ ၊ ဆရာမနဲ့ လည်း ခင်တာ တွေ့လို့ ဦးဦးက ပြောပြတာပေါ့၊ ဒီလို ဆရာမရေ၊ ကျွန်တော်တို့ အဖွဲ့မှာ သူက ဒါရိုက်တာပေါ့၊ လူကလည်း လူတော်ပါ၊ နယ်က လာတာပဲ ဆရာမရဲ့ ၊ စစ်ကိုင်းသားပေါ့၊ ရန်ကု

န်ရောက်ပြီး သင်တန်းတွေ ဘာတွေ တက်လို
က်သေးတာပေါ့၊ နောက်တော့ ကျွန်တော် ဒီအ
လုပ် စလုပ်တဲ့ အခါ မိတ်ဆွေတစ်ယောက်က
တစ်ဆင့် သူနဲ့ ချိတ်မိတယ်၊ လက်တွဲလုပ်မိတ
ယ် ဆိုပါတော့၊ ခုတော့ ကျွန်တော့်ညီလိုပါပဲ"

ဘာ့အတွက်ကြောင့်များ ဝင်နို့ဦးဦးက သည်
မျှ စကားစပ်ကာ ပြောပြရပါလိမ့်။ ငြိမ်း မသိပြီ
။

ထိုခဏဝယ် စိတ်ဝင်တစား နားစွင့်သော ငြိ
မ်း၏ မျက်နှာထက်မည်သည့်အရိပ်တို့ ထင်ဟ
ပ်နေမည်နည်း။ စိတ်အတွင်းက စကားများ စွာ
သည် မျက်လုံးမှ တစ်ဆင့် ငွေ့ငွေ့ရေးရေး ပေါ်
ပေါက်နေမည်လား။ သံယောဇဉ်သည် မျက်
တောင်ဖျားမှာ ခိုချိတ်ကာ ပြင်ပကမ္ဘာသို့ ချော
င်းမြောင်းနေလေမလား။ အို ...ဒီလောက်တော့
အမူအရာ မပျက်ခဲ့ပါဘူး ....။

ငြိမ်းသည် ပန်ကာ တဝေ့ဝေ့လည်ပုံမှာ စိုက်
သော မျက်လုံးများကို မျက်နှာချင်းဆိုင် နံရံသို့
ရွှေ့လိုက်သည် ။ ကံ့ကော်ပန်းပုံပန်းချီကားသ
ည် အလင်းနှင့် အမှောင်ရိပ် အားပြိုင်သော နံရံ
ထက်မှာ ငြိမ်ဝပ်လှပလျက်။ ငြိမ်းကိုယ်တိုင် ဝ
ယ်ယူခဲ့သော ပန်းချီကားပါ။ ဝတ်လွှာဖြူ၊ ဝတ်
ဆံဝါဝါတို့ သည် စိမ်းသော အရွက်တို့ အကြား
မှ ခေါင်းပြူကာ သည် ညချမ်း၌ ဆန်းသောမျ
က်နှာ ဆင်သည့် ငြိမ်းထံ ငေးနေကြဟန်။

ငြိမ်းသည် လဲလျောင်းနေရာက ဆတ်ခနဲ
ထကာ ဖုန်းကို လှမ်းယူသည် ။ စိတ်လက်ကြ
ည်လင်တုန်း စာရေးရမည်။
စိတ်ခံစားမှုဟူသမျှ ရေးလိုစိတ်ပေါ်တိုင်း ချ
ရေးထားလိုက်ရတာကို ငြိမ်း အင်မတန် နှစ်လို

ပါသည်။

သည်။

စာလုံးလေးများ သည် ငြိမ်း၏ လက်ချောင်းဖျားတို့ မှ စီးကျလျက်။ စိတ်အလျဉ်သည် စာလုံးလေးများ တဖျပ်ဖျပ် ရွေ့သလို လိုက်ပါရွေ့လျက်။

ငြိမ်း၏ စိတ်တို့ သည် ပစ္စုပ္ပန်မှာ တည်နေရာက အတိတ်သို့ လွန်းထိုးသည် ။ အနာဂတ်သို့ မျှော်ကြည့်သည် ။

အတိတ်နှင့် အနာဂတ်ကို အဖန်ဖန် တွေးကာ မောပန်းရသောစိတ်ကို ဖျော့ချလိုက်လျှင်တော့ ငြိမ်းချမ်းသော ပစ္စုပ္ပန်သည် ငြိမ်း၏ အနီးအပါးမှာ ကျန်ရစ်ခဲ့ပါသည် ။

အဖန်ဖန် ရေးကာ၊ အခါခါ ဖျက်ကာနှင့် နောက်ဆုံး တည်တံ့ကျန်ရစ်သော ကဗျာမမည် စာမစီ စာကြောင်းလေးများကို ငြိမ်း ငေး၍ နေ

'တစ်ခါတစ်ရံတော့လည်း ချစ်ခြင်းမေတ္တာဆိုတာဟာ စမ်းချောင်းကလေး တငြိမ့်ငြိမ့် စီးနေပုံကို အဝေးက ငေးရသလိုပါပဲ ရေစီးသံသဲ့သဲ့ ကြားရရုံနဲ့ တင် အလိုလို ငြိမ်းချမ်းနေတာမျိုး...'။

***

"မမငြိမ်း"

"ပြော"

"သမီးတို့ ပြန်ရင် မြင်သာယာ လိုက်ခဲ့မလား"

ငြိမ်းသည် ပြုံးကျယ်ဝန်းဝိုင်းသော မိချော၏ မျက်လုံးလေးများကို ငုံ့ကြည့်ကာ တွေနေ

သည် ။ ဘာပြန်ပြောရပါ့။ 'မလိုက်ပါဘူး မိချောရယ်' လို့ ပြောနေကျလိုပဲ ပြောရမလား။

အမှန်ကိုသာ ဝန်ခံစတမ်း ဆိုလျှင်တော့ ခု တစ်လော ငြိမ်းခြေအချျချင်ဆုံးသော မြေသည် မြိုင်သာယာတည်း။ မြိုင်သာယာသည် အဖေ စွန့်တုန်းက စွန့်ခဲ့သောမြေ။ ခုတော့ ငြိမ်းအတွက် အဖြစ်မှန်တို့ ကို သည့်ထက် ရှင်းလင်းအောင် တစ်ဆစ်ချင်း တိုးကပ်နိုင်မည့်မြေ။ အဖေကိုယ်တိုင် မှ ရှင်းလင်းခဲ့သော အမှန်တရားကို အဖေ့ကိုယ်စား ရှင်းပေးလိုက်ချင်သည် ။ သို့သော် မည်သို့သော အကြောင်းပြချက်နှင့် မြိုင်သာယာ သွားရမည်နည်း။

မြိုင်သာယာမှာ မပြောနှင့်၊ ရွာမှာ ပင် ရင်းချာသော အမျိုးတို့ မရှိတော့။ အသွားလည်း မရှိတော့ပြီ။ တစ်ဦးတည်းသော အဖေ့အစ်မကလည်း တစ်မိုးအောက်မှာ ။ အဖေ့ဝမ်းကွဲမောင်နှမများ ထဲ အရင်းနီးဆုံးဆိုရမည့် ဦးဦးမျိုးတင်ဆိုတာကလည်း တစ်နှစ်တစ်ကြိမ်လောက်တော့ အိမ်ရောက်နေကျ။ သည်တော့ ဘယ်အမျိုးဆီ အလည်သွားရန် အကြောင်းပြရမည်နည်း။

မိချောတို့ နှင့်တော့ နည်းနည်းမျှ ပြန်မလိုက်လိုပါ။ ငြိမ်းသိလိုသမျှ မေးလိုသမျှတို့ သည် အဖေ့နားသို့ အလျှင်မကြာ ပြန်ရောက်လိမ့်မည်။

အင်းလေ.... မြိုင်သာယာ မသွားရလို့ လည်း ဘဝက ဘာမှ ပြောင်းလဲ သွားမှာ မှ မဟုတ်ဘဲ ။

"မလိုက်တော့ပါဘူ မိချောရယ်"

"လိုက်ခဲ့ပါ မမငြိမ်းရယ်၊ ချောင်းထဲမှာ ရေ

ကူးကြမယ်လေ၊ ပြီးတော့ ပြီးတော့ အိမ်နော က်ဘက်က လယ်ကွင်းမှာ ညနေဆို သွားဆော့ကြမယ်လေ"

မိချော၏ စကားလုံးလေးများ သည် ရှစ်နှစ်အရွယ် ကလေးမလေးငြိမ်းကိုပင် ပြန်မြင်ယောင်စေပါသည် ။ တသွင်သွင်စီးသော ချောင်းရေစီးသံသာသာ။ ချောင်းကမ်းခြေက သဲပြင်မှာ ဖြူဖြူမွမွ။ ခြေဖျားလေး ထိုးကာ နှစ်ကာ ဆော့ကစားရတာကို ငြိမ်း မမေ့ပါ။ ရေထဲများ ဆင်းရပြီ ဆိုလို့ ကတော့ မိရွှေငြိမ်းတစ်ယောက် တော်ရုံနှင့် ပြန်မတက်ချင်။ ကလေးအရပ်နင့် ပေါင်လောက်မှာ သာ အမေက ရေချိုးစေသည် ။ ကိုကိုကတော့အတော်ဝေးဝေး သွားနိုင်သည် ။ တစ်ဖက်ကမ်းရှိ စေတီမှ ဆည်းလည်း သံသဲ့သဲ့ကိုပင် ခုနေပြန်စဉ်းစားတော့ ရေးရေး ကြားယောင်သလို ရှိလာပါသည် ။

"ညောင်ပင်သာမှာ မမငြိမ်းတို့ အိမ်မှ မရှိဘဲ "

"သမီးတို့ အိမ် ရှိတယ်လေ"

"သမီးတို့ အိမ်မှာ နေရင် ထမင်းကျွေးမလားကဲ"

"ဟာ ... မမငြိမ်းကလည်း ကျွေးမှာ ပေါ့"

"သမီးကိုယ်တိုင် ချက်ကျွေးမှာ လား"

"အမေ ချက်ကျွေးမှာ ပေါ့၊ သမီးတော့ မချက်တတ်သေးဘူး ဟီး"

ပခုံးကလေး တွန့်ကာ ရယ်မောသူကို ဆံပင်လေးများ ပင် ချစ်စနိုးဖွမိလေသည် ။ သည် နေ့ နေ့ခင်းပိုင်း သူ့မိဘများက မျက်စိဆေးရုံ သွားကြတော့မိချောမှာ လွတ်လပ်ရေး အပြည့်

အ၀ ရနေပုံနှင့် အဖေ့အခန်း ကူးသည် ။ ကြီးကြီးအခန်း ကူးသည် ။ ငြိမ်းအပြင်က ပြန်ရောက်လျှင် အနားက မခွာတော့။

ငြိမ်းမှာ တော့ အခန်းထဲ မိချောရှိခြင်း၊ မရှိခြင်းအတွက် ထူး၍ စိတ်အနှောင့်အယှက် မဖြစ်ပါ။ ဒေါ်ဒေါ်ချို အခန်းထဲ စွတ်စွတ်ရွတ်ရွတ် ဝင်လာပုံထက်တော့ စိတ်ချမ်းသာစရာကောင်းသေးသည် ။ ရောက်တတ်ရာရာ ပြောဆိုရတာ စိတ်လက်ပေါ့ပါးရသည် ။ ကလေးတို့၏ ဖြူလှသော အတွေးတို့ ကို စကားလုံးလေးများမှ သိမြင်လျှင်တော့ အသက်နှင့်မမျှ သက်ပိုက်ထားရသည့် သောကမြူထည့်တို့ အတွက် ဝမ်းနည်းခြင်း ဖြစ်ရလေသည် ။

ခုတစ်လောတော့ ငြိမ်း၏ ပူပန်ခြင်းတို့ သည် သိသိသာသာ လျော့ပါးခဲ့ပြီ။ မမသက်နှင့် တွေ့သည့်တစ်နေ့ ပြောလိုသမျှ စကားအကုန် ပြောချပြီး သည့်နောက်မှာ မျိုသိပ်လေးလံသောရင်က အတန်ငယ် ပေါ့ပါးခဲ့ပြီ။ ငြိမ်းသက်တိတ်ဆိတ်စွာ နားထောင်ပေးခဲ့သည့် မမသက်ကိုလည်း ကျေးဇူးတင်သည် ။ ထွက်ပေါက်သဖွယ် ရှိစေခဲ့သော ကံကြမ္မာကိုလည်း ကျေးဇူးတင်ရသည် ။

အဲဒီနေ့က အိမ်အပြန်လမ်းမှာ ငြိမ်း ဘယ်လောက်တောင် ပေါ့ပါး နေခဲ့ပါလိမ့်။ လေထဲလွင့်တဲ့ ငှက်မွေးတစ်မျှင်လို ပေါ့ပါးခြင်းမျိုးနဲ့လေ။

"မမငြိမ်း ဒါ ဘာလဲဟင်"

မိချောသည် စောစောလေးကတင် အိပ်ရာပေါ် ချွတ်တင်လိုက်သည့် ဟန်းမိတ်ဆွဲကြိုးလေးကို ကိုင်ကြည့်နေသည် ။ သစ်စေ့ညိုညို

လေးများကို လက်နှင့် ထိသပ်နေသည် ။

"အဲဒါလား အဲဒါ ဆွဲကြိုး ခေါ်တယ်"

"ဟင် ရွှေလည်း မဟုတ်ဘူး "

"အလှဆွဲတာလေ သမီးရဲ့ ၊ မမငြိမ်းက ရွှေ မကြိုက်ဘူး"

"သမီးက ရွှေကြိုက်တယ်"

"အေးပေါ့၊ သမီးက အမေ့သမီးကိုး"

"အမေ့သမီးပဲ မဟုတ်ဘူး မမငြိမ်းရဲ့ ၊ အမေ့သမီးရော ၊ အဖေ့သမီးရော ဟိ"

"ဟုတ်ပါ့ဟယ် ဟုတ်ပါ့"

မိချောသည် အသင့်ဖွင့်ထားသော အိတ်ထဲသို့ မွှေနှောက်နေသည် ။ အပြင်သွားလျှင် ဆောင်နေကျ အိတ်မို့ စာအုပ်၊ ဖုန်း၊ ပိုက်ဆံအိတ်က အစ ချိုချဉ်၊ တစ်ရှူးအဆုံး အစုံအလင်ပါတတ်သော အိတ်ပါပေ။ သည် အိတ်ကို ဥက္ကာက တော့ အရူးအိတ်တဲ့ ။ ပြီးတော့ တစ်ခုခုလိုချင်တိုင်း ငြိမ်းက အလွယ်တကူ ထုတ်ပေးလိုက်လျှင် အံ့အားသင့်ချင်သေးသည် ။ အရူးအိတ်ကို သူလည်း အားမကိုးရတာ မဟုတ်ပါဘဲ စနောက်ရက်သူ ...။

ဥက္ကာကို သတိရတော့ မနေ့ကပင် သူနှင့် ဖုန်းပြောရသေးတာကို သတိရလာသည် ။ သင်တန်းအကြောင်း ပြောပြသည် ။ မတ်လဆန်းလျှင် အလုပ်စလုပ်ရတော့မည့်အကြောင်း ပြောပြသည် ။ ပြီးတော့ ငါ လူကြီးဖြစ်ပြီဟတဲ့ ...။ ပြောလိုက်သောအသံမှာ ပင် လူငယ်တစ်ယောက်၏ လေသံကို အပြည့်ခံစားမိတော့ ငြိမ်းသည် 'အေးပါဟာ နင်က လူကြီးဆိုတော့ ငါက လူကြီးသူငယ်ချင်းပေါ့၊ ငါလည်း ပါမစ်

လေး ဘာလေး ချပေးပါဦး' ဟု ရယ်ရယ်မော မော နောက်ရသေးသည်။

'ဒီမယ် ဒေါ်ရွှေငြိမ်း၊ ပါမစ်တွေ ဘာတွေ မျှော်မနေနဲ့ တော့၊ ခေတ်လည်း ပြောင်းသွားပြီ၊ အစိုးရလည်း ပြောင်းသွားပြီ'

'အံမယ် ခေတ်ပြောင်းတာ မသိရအောင် ငါ က ငတုံးလား၊ သမိုင်းဝင် ဝိုင်အမ်ဘီအေအ ဆောက်အုံထဲမှာ မဲပေးခဲ့ရတဲ့ ခင်ငြိမ်းချမ်းပါ ဟ'

'အေး သိရင်လည်း ပြီးရော၊ ငါတောင် လူကြီးသားတန်မဲ့ အလုပ်လုပ်ရတော့မှာ ၊ ငါ့ အဖေကလည်း ဟာ လူကြီးလုပ်တုန်း သူများ တွေလို စုမိဆောင်းမိလည်း မရှိဘူး၊ အဲဒီတော့ ငါ အလုပ်ဆင်းလုပ်ရတော့တာပေါ့"

'နင့် အဖေ ကြားရင် သတ်လိမ့်မယ် ကြပ်ကြပ်ပြော'

'ဟ ..မဟုတ်တာ ပြောတာမှ မဟုတ်ဘဲ၊ ငါ့ အဖေက အသက်ပဲ ခြောက်ဆယ်ကျော်နေပြီ၊ လူကြီး မဟုတ်တော့ ဘာလဲ ပြော'

'အေးပါဟယ်၊ အေးပါ .... နင့်အဖေလည်း လူကြီး၊ ငါ့အဖေလည်း လူကြီး၊ အေးရော မဟု တ်လား'

ဥက္ကာသည် ရယ်ကာမောကာ စကားတွေ တွေ ပြောသေးသော်လည်း မမသက်အကြောင်း စကားမစပ်။ ဧကန္တတော့ ငြိမ်း ပြောဆိုခဲ့သမျှ စကားတို့ ကို ဥက္ကာနားသို့ ပေါက်အောင် မမသက် တစ်ခွန်းတလေပင် ပြောခဲ့ပုံ မပေါ်ပါ။

'ဥက္ကာကိုမပြောပါနဲ့ ' ဟု တစ်ခွန်း မပိတ်ပ င်ခဲ့သော်လည်း ပြောစေလိုခြင်း မရှိတာတော့

အမှန်ပါပဲ။ ဖွင့်မပြောပါဘဲ အလိုက်တသိ နှုတ်ဆိတ်နေခဲ့သော မမသက်ကိုလည်း ခုနေ ပြန်တွေးမိလိုက်မှာ ပင် ကျေးဇူးတင် ချစ်ခင်စိတ် ဝင်ရလေသည်။

***

ရေမခြောက်တခြောက် အဝတ်များကို ချိတ်တွင် ချိတ်ကာ ဝရန်တာ သံပန်း ဟိုဘက်ဒီဘက် တန်းထားသည့် ဝါးလုံးတန်းထက် ချိတ်လှန်းနေသော ငြိမ်းသည် 'ဖုန်းလာတယ် ငြိမ်းရေ' ဟု ကြီးကြီး လှမ်းခေါ်ခိုက်ဝယ် လှန်းလက်စ ၈ လုံးငယ်ကို ချကာ အိမ်ထဲသို့ လှစ်ကနဲ ဝင်လာပါသည်။

ပြောရလျှင်တော့ တစ်မနက်ခင်းလုံး ငြိမ်း ဖုန်းမျှော်နေခဲ့ပါသည်။ လာနေကျ ဖုန်းများနှင့်မတူ တစ်ယောက်သောသူထံကလေ...။ မနေ့ညက ကိုမိုးညဏ် မှတ်မှတ်ရရ ဖုန်းနံပါတ်လှမ်းတောင်းတော့ ငြိမ်းသည် အလုပ်ကိစ္စနှင့်သုံးသော နံပါတ်ကိုပင် မပေးမိ။ မိသားစုဝင်များ နှင့် ရင်းနှီးသူများ သာ သိသော နံပါတ်ကို ပေးမိသည် ။ ပြီးတော့ ထိုအကြောင်းကိုလည်း လွှတ်ခနဲ ပြောလိုက်မိသည် ။ သူ့ရယ်သံကို ခုပင် တစ်ဖန် ကြားလေသည်။

ရေစိုနေသည့်လက်ကို အင်္ကျီအနားစနှင့် ပွတ်သုတ်လိုက်သည် ။ ကြီးကြီး ကမ်းပေးသည့် ဖုန်းကို လှမ်းယူကာ ဝရန်တာဘက်သို့ ပြန်ထွက်လာသည် ။ လမ်းလျှောက်ရင်းပင် ဖုန်းမျက်နှာပြင်ကို ငုံ့ကြည့်သည် ။

နံပါတ်ကဖြင့် ငြိမ်းနှင့် မရင်းနှီးသော နံပါ

တ်ပါပဲ။ သို့ကို ပေးလိုက်မိသော ဖုန်းနံပါတ်ကို ခေါ်လာသည့် နံပါတ်စိမ်းမို့ အတွင်းစိတ်က လှုပ်ရှားပုံကို ထိန်းကာ 'အမိန့်ရှိပါရှင်' ဟု ထူးလိုက်ပါသည် ။

"ဘာအမိန့်ရှိရမတုံး" တဲ့ ။ အနီးကပ် ပြောလိုက်သလိုလို။ ရယ်ရိပ်သန်းမြဲ မျက်ဝန်းများကို မြင်ယောင်တော့ ငြိမ်းသည့် နှုတ်ခမ်းလေးများ ပင် ကော့တက်အောင် ပြုံးလိုက်သည် ။ ဝရန်တာ သံပန်းကွက်လေးများကို လက်သည်းဖျားနှင့် လှမ်းခြစ်မိသည် ။

"ဘယ်သူလဲ ဟင်"

သိလျက်နှင့်

မသိယောင်ဆောင်တတ်ခြင်းမှာ မာယာဟု ဆိုလျှင်တော့ ငြိမ်းတစ်ယောက် မာယာတောသို့ ပထမခြေတစ်လှမ်း ချမိပြီ။

"ဟာ ကျွန်တော့်အသံတောင် မမှတ်မိဘူးလား"

သည် တော့မှ ခစ်ခနဲ ရယ်မောမိပါသည် ။

"မှတ်မိသားပဲ၊ ကိုမိုးညဏ်"

"မှတ်မိရက်နဲ့ ဗျာ" ဟု သူရယ်မောနေသည် ။

"ဖုန်းနံပါတ်တောင်းတုန်းက တောင်းပြီး မဆက်ဘူး ထင်နေတာ၊ ဆက်တော့လည်း ဆက်သားပဲ"

"ဟာ - မဆက်ဘဲ ဘယ်နေမလဲ၊ မနေ့ညကတော့ သိပ်ညဥ့်နက်နေပြီ၊ မကောင်းပါဘူးလေလို့ ၊ ခုမနက်တော့လည်း အားချင်မှ အားမှာ ဆိုပြီး အချိန်တဖြည်းဖြည်း ရွှေ့ရင်း ရွှေ့ရင်း ဒီအချိန် ရောက်လာတာ၊ ပြောပါဦး၊ ခင်ဗျား အခု

ကော စကားပြောဖို့ အဆင်ပြေရဲ့ လား၊ ဘာလု

ပ်နေတုံး"

"အဝတ်လှန်းနေတာ"

"ပြီးရင်ရော ဘာလုပ်ဖို့ ရှိသေးတုံး"

"ပြီးရင် ပြီးရင် ဘာရှိလဲဆိုတော့ ... အင်း ဒီနေ့တော့ အထွေအထူး မရှိပါဘူး၊ အိမ်မှာ ကျွန်မအဖေက သူ့အမျိုးတွေနဲ့ မျက်စိဆေးရုံ ပါသွားတာဆိုတော့ အဲဒီအမျိုးတွေနဲ့ ပါလာတဲ့ ကလေး ကျွန်မ ထိန်းရမှာ ပေါ့၊ဒါပါပဲ"

"ကလေးထိန်းရမှာ " ဟု ငြိမ်း၏ စကားကို သံယောင်လိုက်ကာ သူ ရယ်မောနေပါသည် ။

ငြိမ်းသည် နှုတ်ခမ်းထောင့်စွန်းကို ကိုက်ကာ ပြုံးနေသည် ။ ရှက်စရာ မဟုတ်သော ထိုစကားကို ဘာကြောင့် ရှက်ရသနည်း။ ဘာကြောင့် ပြုံးမိသနည်း။

"ကလေး ထိန်းပြီးရင် ညနေခင်းလေးများ ဆူးလေဘက် ထွက်လာဖို့ မရှိဘူးလားလို့ ပါ"

"ဒီနေ့တော့ မရှိဘူးလေ၊ အိမ်မှာ ကြီးကြီးတစ်ယောက်တည်းရယ်၊ ကလေးနဲ့ အိမ်အလုပ်နဲ့ ဖြစ်မှာ မဟုတ်ဘူး "

"ဒါဖြင့် မနက်ဖြန်ရော"

"မနက်ဖြန် ... မနက်ဖြန် ... အင်းလေ ... ထွက်တာပေါ့၊ ကိစ္စရှိရင် တော့လည်း ၊နေပါဦး ဘာဖြစ်လို့ လဲ ဟင်"

သူ ခဏငြိမ်နေပါသည် ။ ငြိမ်းသည် မေးပြီးခါမှ ကျိတ်၍ အနေခက်ရသည် ။ တစ်ဖက်သားက တွေ့ချင်ပါသည် ဟု မပြောရုံတစ်မည် ဆိုနေခြင်းကို ဘာကြောင့်များ ချက်ချင်း မရိပ်မိပါ

လိမ့်။ ဟန်ဆောင်နေတယ်များ ထင်ရင် မခက်ပါလား။

"ဘာရယ်တော့ မဟုတ်ပါဘူး၊ ကျွန်တော်တို့အဖွဲ့က ရိုက်ထားတဲ့ သီချင်းခွေလေးတစ်ခွေ လက်ဆောင်ပေးချင်လို့ ၊ ပြီးတော့ အင်း.... ကော်ဖီလေးလည်း သောက်ရင်းပေါ့လေ"

"ဒါများကျွန်မတို့ ရေကျော်ဘက် လာခဲ့၊ ပြီးရော"

ဘုရား ...။

ငြိမ်းသည် ပြောမယ့်ပြောတော့လည်း လွတ်ခနဲ။ စကား ကျွံခဲ့ပြီ။ အိမ်အနီးတစ်ဝိုက်သို့ ဘယ်သူ့ဘယ်သူမှ အလည်မခေါ်စဖူး။ ဥက္ကာလို သူငယ်ချင်းအရင်းခေါက်ခေါက်ကတော့ အိမ်လာနေကျမို့ မဆန်းပါ။ ကိုယ့်အပေါ် တစ်စုံတစ်ရာသော ဆန်းပြားမှုနှင့် ချဉ်းကပ်လာလျှင်တော့ အိမ်အနီးတစ်ဝိုက် အလည်ခေါ်ဖို့ မနေနှင့်သာသာ အိမ်ရှိရာ နေရာကိုပင် တိတိကျကျ မပြောစဖူး။ ပြီးတော့ ဝေးဝေးကသာ လှည့်ပတ်ပြေးတတ်သည့် ငြိမ်းပါ ...။

ခုတော့ ဘယ်လို ဖြစ်ရတာပါလိမ့် ..။

ငြိမ်းသည် ဖုန်းချပြီးသည့်တိုင် အတန်ကြာငြိမ်နေပါသည် ။ ရင်သည် ခုန်လှုပ်ဆဲ။ ဖုန်းကိုင်လက်မှာ ချွေးစေးပြန်ဆဲ။

'တကယ်နော် ၊ ကျွန်တော် လာခဲ့မှာ ' ဆိုသော စကားသံသည် ဝရန်တာထက်မှာ ဝေ့ဝေ့လည်။ ရယ်သံကိုလည်း ခုပင် ကြားလိုက်ရသေးသလိုလို ...။

သူ့ခံစားမှုကို ငြိမ်း ရိပ်မိနေသလို ငြိမ်းကိုရောသူ ရိပ်မိခဲ့ပါပြီလား ...။ မနက်ဖြန်တွေ့ကြလျှင် ဘယ်သို့သော မျက်နှာနှင့် ရင်ဆို

င်တွေ့ရမည်နည်း။ စာလုံးများကတစ်ဆင့် ရင်း အဝတ်ကုန်သော ပလက်စတစ် ဇလုံဟုံ

နှီးခြင်း မြစ်ကမ်းပါးသို့ နေ့စဉ် ခြေချမိသူများသည် တကယ့်ပြင်ပမှာ တော့ မတွေ့ဖြစ်ကြတာ နှစ်ပတ်လောက် ရှိခဲ့ပြီ။ မတွေ့ရသည့်အခိုက် 'သတိရလိုက်တာ ' ဟု သူရေးလျှင် ငြိမ်းက ပြုံးသော အရုပ်ပုံ လေး ပြန်ပို့ခဲ့ဖူးသည် ။ 'အတူတူပါပဲ' လို့ များ သူ နားလည်ယူလိုက်မလား ..။

အင်းလေ.... နောက်တော့မှ တွေးတာပေါ့။

ငြိမ်းသည် စိတ် တုံးတုံးချကာ ဖုန်းကို ပလက်စတစ်ခုံထက် တင်လိုက်သည် ။ ကျန်သော အဝတ်များကို ဆက်၍ လှန်းရပါသည် ။ အိမ်ထဲမှာ တော့ ကြီးကြီးအသံရော မိချောအသံပါ တိတ်လျက်။ ကြီးကြီးကတော့ ရေချိုးနေလောက်ပြီ။ ဒါဖြင့် မိချောကကော....။

ကာ မီးဖိုခန်းသို့ ငြိမ်း ဝင်လာသည် ။ အဝတ်လျှော်စက်ဘေးမှာ ဇလုံကို ကပ်၍ ထောင်လိုက်သည် ။ နောက် ဧည့်ခန်းသို့ ပြန်ထွက်လာပါသည် ။ အမှတ်မဲ့ နားစွင့်မိခိုက်မှာ တော့ အဖေ့အခန်းထဲက ထွက်ပေါ်သော တဒုန်းဒုန်း ခြေသံသေးသေးလေးများ ။ ကြည့် .... ဒီအခန်းထဲ မဝင်နဲ့ ဆို ဝင်ပြန်ပြီ ..။

ငြိမ်းသည် စေ့ထားသော တံခါးကို ဆွဲဖွင့်လိုက်သည် ။ ခုတင်ဘေး ကြမ်းပြင်ဝယ် စာအုပ်များ နှင့် အလုပ်ရှုပ်နေသော မိချောက အသံကြောင့် မော့ကြည့်သည် ။ ငြိမ်းကို အမြင်မှာ ဟီးခနဲ မျက်နှာချိုသွေးပြသည် ။ သည် မျက်နှာနုနုလေး မြင်ပြန်တော့လည်း ဆူမည် ပြင်ထားသမျှ အရည်ပျော်ရပြီ။ 'ဘာလုပ်နေသလဲ

ပြော' ဟု ချိုချိုသာသာ ဆိုကာ အနီးသို့ တိုးက ပ်ရလေသည် ။

"ကာတွန်း စာအုပ် လာရှာတာ"

မိချောသည် အဖေ့ခုတင်အနီးရှိစားပွဲငယ် ပေါ်က စာအုပ်အချို့ကို ဆွဲချထားပုံရသည် ။ အံဆွဲကိုပင် ဆွဲဖွင့်ထားလိုက်သေးသည် ။

"ဒီမှာ ကာတွန်း ဘယ်ရှိမလဲ၊ မမအခန်းထဲမှာ ရှိသားပဲဟာ"

"သမီး ဖတ်လို့ ကုန်ပြီ၊ အခု ဒီမှာ ရှာတာလည်း မတွေ့ဘူး"

"မတွေ့ရင်လည်း ထွက်မယ်နော် ကြားလား မိချော၊ ဒီဟာတွေ မမ ပြန်သိမ်းပေးခဲ့မယ်၊ မဟုတ်ရင် ဘဘ ပြန်လာတော့ ဆူလိမ့်မယ်"

ဘဘနှင့် ကိုင်ပေါက်တော့လည်း သူ့ခမျာ သနားစဖွယ် မျက်နှာလေးယော်ကာ ခေါင်းညိတ်ရှာပါသည် ။

ငြိမ်းသည် မိချော ဆွဲချထားသော စာအုပ်များကို တစ်အုပ်ချင်း အနှောင့်ညီညီ ပြင်ကာ စားပွဲပေါ် နေရာ ပြန်ချလိုက်သည် ။ အံမယ် ... စာရွက် ခေါက်တွေတောင် ပါသေး။ သည် အတိုင်း အိတ်မပါဘာမပါ စာရွက်ခေါက်များ လည်း ပါ၊ အိတ်နှင့် ဘာနှင့် ထည့်သော စာရွက်ခေါက်များ လည်း ပါရဲ့ ။ အံဆွဲထဲက တွေ့တာ ဖြစ်မှာ ပါပဲ။

ယခင့် ယခင် ဖွင့်ခဲ့လှသော စားပွဲအံဆွဲကို ငြိမ်း ဖွင့်လိုက်သည် ။ စာရွက်ခေါက်များကို နေသားတကျ ထည့်ရန် ပြင်လိုက်ပါသည် ။

ထိုခဏဝယ် ဘယ်သလို့ သော စိတ်အာရုံသည် ငြိမ်းကို လှုံ့ဆော်သည် မသိ။ ထည့်ရန် ပြင်

သော လက်ကို ရုပ်ကာ အညိုရောင် အဝတ်အိ

တ်တစ်လုံးနှင့် ထည့်ထားသည့် စာရွက်ခေါက်တို့ ကို စူးစမ်းရန် စိတ်ကူးနှင့် ဖြန့်ချလိုက်မိပါသည် ။

***

ခန္ဓာကိုယ်တွင်း ရှိရှိသမျှသော အားအင်တို့ကို ခြေထောက်များ တွင် ပုံထည့်လိုက်သည့်ပမာ ရှေ့သို့ တိုး၍ တိုး၍ ငြိမ်း ပြေးနေသည် ။ သူ့ခြေများ သည် တစ်ချက်ပင် မနား။ ခေါင်းတစ်ခုလုံး ထူပူမူးနောက်ခြင်းကို သိသည် ။ ခဏမျှကြာလျှင် ခြေကုန်လက်ပန်းကျတော့မည်ကိုလည်း တပ်အပ် သိနေသည် ။

သို့သော် ရပ်၍ မဖြစ်။ ငြိမ်း ရပ်၍ မဖြစ်ပါ။

ငြိမ်းသည် အမောတကောပြေးရင်း နှုတ်မှ တစ်ခုတည်းသောအမည်ကိုသာ ရွတ်နေသည် ။ မမသက်ရေ ...။

"မမသက်ရေ ...မမသက်ရေ"

ခဏမျှ ကြာလျှင်တော့ မျက်ရည်တို့ သည် မျက်ဝန်းအိမ်မှာ အိုင်ဖွဲ့လာတော့သည် ။ ခြေလှမ်းတို့ မှာ အားအင်နည်းပါးခဲ့ပြီ။ မောလှပြီ။

သို့သော် လှမ်းနိုင်သမျှသော ခွန်အားနှင့် ငြိမ်း ဆက်ပြေးရပါသည် ။ ဩော် .... ပြေးသည်ဆိုတာထက် လိုက်သည် ဟု သုံးမှ မှန်လိမ့်မည် ။ ငြိမ်းသည် ပြေးထွက်သူ၏ နောက်သို့ လိုက်နေခြင်း ...။

"မမသက်ရေ၊ ငြိမ်းကို စောင့်ပါဦး .... ငြိမ်းကို ...."

ငြိမ်း၏ ခေါ်သံသည် တစ်စစ တိမ်ဝင်သွားပါသည် ။ ရှေ့မှာ အနည်းငယ် ပြေပြေမြင့်သွားသော ကုန်းလျှောကလေးကို မြင်ရုံနှင့်ပင် အားကုန်လှပြီ။ ကုန်းလျှောသို့ တက်ရန် ပြင်စဉ်မှာ ပင် ခြေလှမ်းများ တရွတ်ဆွဲမတတ်ဖြစ်လာသည် ။ သုံး လေးလှမ်းမျှ အားတင်းလှမ်းသော်လည်း မဟန်တော့။ ခြေစုံပင်မရပ်နိုင်။ ခါးညွှန်ကာ ဒူး၌ လက်ထောက်လျက် ထိန်းမတ်ထားရပါသည် ။

နောက်တော့ ခါးပြန်မတ်သည် ။ ရှေ့သို့ မျှော်ကြည့်သည် ။ ဟော ... လိုက်သူက ရပ်တော့လည်း ပြေးသူသည် ရှိနေရာမှာ ပင် ခြေစုံရပ်ကာ ....။

သို့သော် နောက်ကျောဘက်သို့ တစ်ချက်ပင် လှည့်မကြည့်ပါ။

"မမသက်ရယ်၊ ငြိမ်းကို လှည့်ကြည့်ပါဦး၊ ငြိမ်းကို စောင့်ပါဦး"

ငြိမ်းသည် ကတ်သတ်ကျန်သော အားအင်ကလေးနှင့် ဖွတ်တင်း၍ ဆိုကာ မြက်ခင်းပြင်ဝယ် ဒူးညွှတ်ခွေကျသွားသည် ။

ထက် ကုန်းလျှောလေး၏ အလယ်နားလောက်မှာ ဖြစ်သည် ။ လှည့်ကြည့်သော မမသက်၏ မျက်နှာကို သဲသဲကွဲကွဲနီးပါး မြင်ရပါသည် ။ တွန့်ချိုးထားသော မျက်ခုံးအစုံ၊ စူးလက်ခက်ထန်နေသော မျက်ဝန်းများ ၊ တင်းတင်းစေ့စေ့ရုံမှုမက မဲ့သည့်ဘက်သို့ပင် ယိမ်းနေသော နှုတ်ခမ်းများ ။ ခြုံ၍ ဆိုရလျှင်တော့ မုန်းတီးစက်ဆုပ်ခြင်း အရိပ်အငွေ့ လွှမ်းနေသော မျက်နှာ ....။

သည် အကြည့်၊ သည် မျက်နှာနှင့် ငြိမ်းရင်မဆိုင်ရဲပါ။ စိတ်ကူးနှင့်ပင် ထိတ်လန့်ခဲ့ဖူးသော အကြည့်များ သည် ခုတော့ ငြိမ်းအား တည့်တည့် ဆိုင်ကြည့်လျက် ရှိသည် ။ တန်ပြန်မကြည့်ရဲ၍ ခေါင်းကို ငုံ့ချလိုက်မိပါသည် ။

ယ်။ ငြိမ်းအဖေမှာ လည်း ဘာအပြစ်မှ မရှိခဲ့ပါဘူး။ ငြိမ်းကို ရှင်းပြခွင့်ပေးပါ။

ငြိမ်းသည် ဗလုံးဗထွေးနှင့် အားတင်းပြောသော်လည်း လေသံသည် ယဲ့ယဲ့မျှသာ။ မျက်ရည်တို့ သည် စိမ့်စီးကျရန် အသင့်စောင့်နေသည့်နှယ် အရှိန်နှင့် ပြိုကျလာတော့သည် ။ ကူကယ်ရာမဲ့သော ခံစားချက်သည် ငြိမ်း၏ ခန္ဓာအား လွှမ်းခြုံလိုက်ပြီ။

ရှိုက်ငင်လျက်က မျက်လွှာပင့်ကြည့်လျှင် ငြိမ်း၏ ရင်မှာ ဟာခနဲ ဖြစ်ရသည် ။ ကုန်းလျှောဝန်းကျင်ဝယ် လူသူတစ်ဦးတစ်ယောက်မျှ ရှိမနေတော့။ ကုန်းလျှောလေးထိပ်က သစ်ပင်သည် သာ အကိုင်းအခက်တို့ ကို နာနာကျင်ကျင် ဖော့ယမ်းလျက်။

***

ရှိုက်လက်စနှင့် ငြိမ်းလန့်နိုးတော့ အိပ်မက်က အမောသည် တကယ့် ဘဝတွင် အရိပ်ထင်ကျန်ရစ်ဆဲ။ ရင်သည် နိမ့်ချည်မြင့်ချည်။ ပန်ကာ ဖွင့်ထားသော်ငြား နဖူးပြင်နှင့် လည်ပင်းတစ်ဝိုက်မှာ ချွေးစေးပြန်လျက်။ နဖူးဆံစသည် ချွေးတို့ နှင့် ကပ်၍ နေသည် ။ နှုတ်ခမ်းတို့ သည် လေကို မောပန်းတကြီး ရှိုက်ရှူလျက်။ မျက်ဝန်းအစုံကို လုံးလုံးလျားလျား ဖွင့်ထားသော်လည်း ရုတ်ခြည်းတော့ဖြင့် ပတ်ဝန်းကျင်ကို မခွဲခြားနိုင်ပါ။ မြက်ခင်းစိမ်းတစ်ဝိုက်မှာ ရှိဆဲလား၊ သစ်ပင်စိမ်းမြမြကိုမြင်ရဆဲလား။

ဟင့်အင်း ... မဟုတ်ပါဘူး။ ကြီးကြီးအခန်း

ငြိမ်းသည် ခြေသလုံးတစ်ဝိုက်မှာ ရစ်ပတ်နေသော ချည်စောင်ကို ဆွဲခွာသည် ။ လဲလျောင်းနေရာက ဖြည်းဖြည်းညင်သာ ထထိုင်ကာခြင်ထောင်ကို လှပ်ကာ ကြမ်းပြင်သို့ ခြေချလိုက်ပါသည် ။

ကြီးကြီးထံမှ လူးလွန့်သံကြောင့် ငြိမ်းခေါင်းငဲ့ကြည့်မိသည် ။ သို့သော် နိုးလာခြင်းတော့မဟုတ်ပါ။ ဘက်ပြောင်းခြင်းမျှသာ။ အသက်ရှူသံမှန်မှန်နှင့် အိပ်ပျော်တာ သေချာလေမှ ခုတင်ပေါ်က ဆင်းကာ မတ်မတ်ရပ်လိုက်သည် ။ နောက် အိပ်ခန်းတံခါးကို ခပ်သာသာ ဖွင့်ကာ ဧည့်ခန်းကို ဖြတ်၍ ဝရန်တာသို့ ထွက်လာသည် ။

ငြိမ်းသည် ဝရန်တာကို အပြည့်ကာရံထား

သည် သံပန်းကွက်လေးများကို နန္နးပြင်နှင့် ထိ ကပ်ကာ ခဏမျှ ငြိမ်နေပါသည် ။ ပန်းလျှသော ရင်သည် ခုတော့ ငြိမ်သက်စပြုပြီ။ တစ်ချက်တ စ်ချက်မှာ တော့ အသက်ပြင်းပြင်းရှူကာ ရှိုက် ငင်မိဆဲ။ အိပ်မက်သည် လည်း ငြိမ်း၏ အာရုံဝ ယ် ပီပီပြင်ပြင် ကျန်ရစ်ဆဲ။ အမုန်းတရားရနံ့ တို့ လှိုက်နေသော အိပ်မက်လေ ....။

အိပ်မက်တို့ မည်သည် စွဲစိတ်ကြောင့် မက် တတ်ကြောင်း ငြိမ်းကြားဖူးပါသည် ။ ဖြစ်ခဲ့ဖူး သော အတိတ်တို့ သည် အိပ်မက်မှာ တစ်နည်း တစ်ဖုံ ကိုယ်ထင်ပြတတ်သည် တဲ့ ။ တစ်ဖန် ဖြ စ်လာမည့် စိုးထိတ်စိတ်ရှိသော အရာတို့ သည် လည်း တကယ်ဖြစ်လေသယောင် အိပ်မက်မှာ ပေါ်လာတတ်သတဲ့ ။

သည် တစ်ည မက်သည့်အိပ်မက်ကတော့ ဖြစ်ပြီးသော၊ ပျက်ပြီးသော အခြင်းအရာဟုံ ဟာ စ်ပိုင်းတစ်စ ထင်ဟပ်ခြင်းပါပဲ ....။

ငြိမ်းသည် လမ်းမီးတိုင်မှ ဖြာကျသော အ လင်းရောင်တို့ လမ်းသွယ်လေးပေါ် ကြဲပက် ထားပုံ၊ လူသွားလူလာ မရှိတော့ဘဲ တစ်လမ်း လုံး တိတ်ဆိတ် နေပုံကို စိတ်မှတ်မဲ့ ငေး၍ နေ သည် ။ လူသူကင်းသော လမ်းပေါ်မှာ လျှောက် သွားနေရသလို ကိုယ့်ကိုယ်ကိုယ် ထင်လာသ ည် ။ ကူကယ်ရာမဲ့သော ခံစားမှုသည် လုံခြုံ သော အိမ်အမိုးအောက် ရပ်သည့် ငြိမ်းတွင် စေးစေးပိုင်ပိုင် တွယ်ကပ်လျက်။

လွန်လေသော အိပ်မက်ကို ငြိမ်း အမှတ်ရပြ န်သည် ။ မမသက်၏ စိမ်းပြတ်သော မျက်နှာ မျက်လုံးများ ...။

မမသက်ရေ ....။ မမသက်ကတော့ ခုနေ အိ

ပ်ပျော်ရင် ပျော်နေမှာ ပေါ့နော်..။ မမသက်ရဲ့ စ

ကားတွေကြောင့် ငြိမ်း

ဝမ်းနည်းနာကျင်နေရမှာ ပဲလို့ မအိပ်ခင်အချိန်

လေးမှာ တောင် အမှတ်တမဲ့ဖြစ်ဖြစ် တွေးမိရဲ့

လားဟင် ...။

အိပ်မက်ကလို အော်ဟစ်လိုက်ချင်စိတ်သည် ငြိမ်း၏ ရင်၌ ရုန်းကြွလာ၏။ ရင်သည် စောစောကလိုပင် နိမ့်ချည် မြင့်ချည်။ မောပန်းလျှလျှ ဖြစ်ရခြင်းကို မခံမရပ်နိုင်ပြီ။ မျက်နှာကို လက်ဝါးနှစ်ဖက်နှင့် အုပ်လိုက်မိသည် ။ အမြင်အာရုံ ခေတ္တမျှ ရပ်သည် ။ သို့သော် စိတ်အမြင်မှုကား မရပ်။ စိတ်အကြားသည် လည်း မရပ်ချေ။

ညနေက စကားသံများ သည် အာရုံကို တစ်ဖန် တို့ ထိလာပြီ။

မမသက် နာမည်ကို ဖုန်းမျက်နှာပြင်မှာ တွေ့စတုန်းကတော့ငြိမ်းမှာ လွတ်ကနဲ ရယ်မောလိုက်ရသေးတာ။ ခုလို ဝရန်တာထက်မှာ ပါပဲ။ ကံဇာတ်ဆရာ စီရင်ထားပြီးဖြစ်သော ဇာတ်ကွက်တို့ ကို ကြိုမသိသေး။ ပြောနေကျလိုပင် လိုက်လိုက်လှဲလှဲ နှုတ်ဆက်စကားဆိုသည် ။ သာကြောင်း မာကြောင်း ပြောမိမေးမိသည် ။

သို့သော် မမသက်ဘက်က အေးစက်လျက်ရှိပုံကို စကားပြောချိန် တစ်မိနစ် မပြည့်မီပင် ငြိမ်း သတိပြုခဲ့မိပါသည် ။

'မမသက် နေမကောင်းဘူးလားဟင်'

ငြိမ်း စိတ်ထင်တာကြောင့်လား။ သက်ပြင်း ချလိုက်သေးသလိုလို ...။

'ကောင်းပါတယ် စိတ်ပဲ မကောင်းတာ'

'ဘာဖြစ်လို့ လဲ မမသက်ရဲ့ ၊ ဥက္ကာနဲ့ စိတ်ကောက်နေကြပြန်ပြီလား'

မမသက်တွင် ချစ်သူရည်းစားလည်း မရှိသည် မို့ ကြုံချင်းကြုံ မောင်လုပ်သူနှင့်သာ ကတောက်ကဆ ကြုံရမြဲ။

ပြောနေကျ မေးနေကျ စကားကိုပင် 'ဥက္ကာနဲ့ မဆိုင်ပါဘူး' ဟု မမသက်က ခပ်ဆတ်ဆတ်တုံ့ပြန်တော့ ငြိမ်းမှာ ပါးစပ်အဟောင်းသား ဖြစ်ရပါသည် ။ မမသက် ဘာဖြစ်နေတာလဲ ....။

'အရှင်းဆုံး ပြောရရင် အဓိက ဆိုင်တာက မင်းနဲ့ ပဲ ငြိမ်းရဲ့ '

မင်း...။ မသုံးစဖူး ဆန်းပြားသော နာမ်စားသည် ငြိမ်းအား ရိုက်ချသည့်နှယ်တည်း။ မျက်နှာကို မမြင်ရစေကာမူ လေသံနှင့် ဆက်စပ်ကာ တွေးမြင်နိုင်သည် ။ အမုန်းနှင့် လင်းသော မျက်နှာ...။ ဘုရား...။

'မမသက် .... မမသက် ... ငြိမ်းကို ဘာ ... ဘာများ စိတ်ကွက်နေတာလဲဟင်'

'စိတ်ကွက်တာ မဟုတ်ပါဘူး၊ စိတ်ပျက်သွားတာ'

ငြိမ်းသည် 'ဟင်' ဟု တီးတိုးရေရွတ်ကာ ဖုန်းကို တင်းတင်းဆုပ်လိုက်မိသည် ။

'ဟိုတစ်နေ့က မင်း လာပြောပြတော့ ကောင်းမိကောင်းရက်နဲ့ ဩော် ဟုတ်မှာ ပါပဲလေ၊ ဒါကြောင့် ဟိုတစ်နေ့က ကြည်ပြာက မတွေ့ချင်တဲ့ ပုံပြတာဆိုပြီး ထင်မိတယ်၊ ဒါလည်း မိဘချင်း ဖြစ်တဲ့ ကိစ္စပဲ၊ သူငယ်ချင်းနဲ့ ဆိုင်တာမှ မဟုတ်တာလို့ သဘောထားပြီး ကြည်ပြာ့အပေါ် နည်းနည်းမှ အထင်မလွဲခဲ့ဘူး၊ ဒါပေမဲ့ မနေ့က မှ စကားစပ်မိတော့ ကြည်ပြာ့ကို ပြောပြလိုက်

တဲ့ အခါ ကြည်ပြာ တော်တော် ဒေါသထွက်သွားတယ်'

ဪ .... လက်စသတ်တော့ ပြဿနာအလုံးစုံဟာ မကြည်ပြာကပဲ စပြန်တာကိုး ...။

ငြိမ်းသည် စကားမဖြတ်ဘဲ ဆိတ်ဆိတ်ငြိမ်နေပါသည် ။ ပြောချင်သမျှသာ ပြောချလိုက်ပါတော့ မမသက်ရယ် ...။

'အစကတော့ သူက စပြောတယ်ဆိုတာ မဖြစ်ချင်လို့ တို့ ကို ဘာမှ မပြောခဲ့တာတဲ့၊ အခုလို မင်းဘက်စ စပြီး တိုက်ခိုက်တော့ သူလည်း ပြောရမှာ ပဲဆိုပြီး သူ့အဖေနဲ့ မင်းတို့ မိသားစုကြားက ကိစ္စတွေ ပြောပြတယ်၊ သူ ရေးထားတဲ့ မှတ်တမ်းစာအုပ်လည်း လှမ်းပို့လိုက်မယ် ဖတ်ကြည့်တဲ့ ၊ တို့ ဖတ်ပြီးရင် မင်းဆီပို့ပေးမယ် ဟုတ်ပြီလား၊ ဒီမယ် ငြိမ်း၊ သူ မညာတက်တာ တို့ သိတယ်၊ တို့ ပေါင်းလာခဲ့တာ ကြာပြီ၊ ကြည်ပြာဟာ မဟုတ်တာကို လီဆယ်ပြောတတ်တဲ့ သူမျိုး မဟုတ်ဘူး '

"ဒါဖြင့် မမသက် ပြောတဲ့ သဘောက ငြိမ်းက .... ငြိမ်းက လီဆယ်ခဲ့တယ်လို့ ပြောချင်တာလား'

ငြိမ်းသည် မျက်လုံးအိမ်ဝယ် စိမ့်ခနဲ ရစ်ဝဲလာသော မျက်ရည်တို့ ကို မျက်တောင် ပုတ်ခတ်ပုတ်ခတ်ပြုကာ ထိန်းရသည် ။ မငိုချင်ပါ။ အထင်အမြင် လွဲမှားနေသူတစ်ယောက်ထံ စကားလုံးနှင့် မရှင်းလင်းနိုင်ပါဘဲ မျက်ရည်ခံတိုးသည့်အလုပ်မျိုး ငြိမ်းဘယ်တော့မှ လုပ်မှာ မဟုတ်ပါ။

'မင်းလည်း တို့ သိသမျှ ဒီလိုလူ မဟုတ်လောက်ပါဘူး ငြိမ်းရယ်၊ ဒါပေမဲ့ မင်းမှာ အဖေ

ကို ပြီးတော့ မင်းကိုယ်ကိုယ် ဘာကွယ်ချင်စိတ်တွေ ပိုများ နေတော့ တစ်ဖက်ကို တွန်းချသလို ဖြစ်ခဲ့တာမဟုတ်လား၊ အဖြစ်အပျက် တစ်ခုဟာ မှန်၏ ၊ မမှန်၏ ဘက်ပေါင်စုံက မင်း မသိခင် တစ်ဖက်သားကို စွပ်စွဲတာ မဟုတ်လား၊ မင်း စွပ်စွဲတဲ့ သူက တို့ သိပ်ချစ်ရတဲ့ သူငယ်ချင်း၊ ကျောင်းကတည်းက မောင်တစ်ယောက်ပဲရှိတဲ့ သူချင်းမို့ သူ့နေရာကိုဝင်ပြီး တို့ စာနာမဆုံး ဖြစ်ခဲ့ရတဲ့ သူငယ်ချင်း၊ အဲဒီသူငယ်ချင်းကိုမှ လီဆယ်တဲ့ သဘော မင်းမို့ ပြောရက်တယ်၊ ပြီးတော့ စကားကြုံလို့ ပြောတာမဟုတ်ဘဲ တမင်လာပြောသွားတာကို တို့ စိတ်ထဲမှာ တွေးလေလေ တနုံ့နုံ့ ဖြစ်လေလေပဲ'

ငြိမ်းအတွက် မျှော်လင့်ခဲ့သည် မဆိုချင်သော်ငြား ရောက် လာလေနိုး စိုးထိတ်ခဲ့ဖူးသော အချိန်အခါသည် အမှန်ပင် ဆိုက်ရောက်ခဲ့လေပြီ။ ကြီးကြီး၏ သတိပေးစကားသံကို ပြန်လည်ကြားယောင်မိလျှင်တော့

ဖြစ်ရလေခြင်းဟု စိတ်အတွင်းက အဖန်ဖန် ရွတ်ကာ နာကျင်ခြင်းမက နာကျင်လာပါသည် ။

'အဲဒီသဘောနဲ့ တမင်လာပြောတာ မဟုတ်ပါဘူး မမသက်ရယ်'

'ဒါဆို ဘာသဘောနဲ့ များ လဲ ပြောပါဦး'

မမသက်တို့ ကို ဆုံးရှုံးမှာ ငြိမ်း သိပ်ကြောက်လို့ လုပ်မိလုပ်ရာ လုပ်ခဲ့ရတာပါ ...။

ငြိမ်းသည် နှုတ်ကို တရွရွ လုပ်နေသည် ။ စကားလုံးတို့ သည် လည်ချောင်းဝမှာ တွန်းထိုးလုပ်ရှားလျက်။ သို့သော် နှုတ်ဖျားက မကျ။ တစ်စုံတစ်ရာ ပိတ်ဆို့ကာဆီးနေသလို ..။ သည် စကားကို သည် အချိန်မှာ ပြောလျှင်လည်း မမ

သက် ယုံလိမ့်မည် မဟုတ်။

'မမသက် တစ်နေ့မဟုတ် တစ်နေ့ သိတော့မှာ ပဲဆိုပြီး အဖြစ်မှန်ကို ကြိုပြောပြတဲ့ သဘောပါ၊ ကျန်တဲ့ သဘော ဘာမှ မပါပါဘူး မမသက်ရယ်'

'အဖြစ်မှန်လို့ ပြောပြန်ပြီး ငြိမ်းရယ်၊ မင်းတို့ဘက်က အဖြစ်မှန်ဆိုတော့ ကြည်ပြာတို့ လည်း စင်းခံခဲ့ရတာက ဘာလဲဟင် ပြောပါဦး'

'အဖြစ်မှန်မို့ အဖြစ်မှန်လို့ ငြိမ်း ပြောတာပေါ့။ အဖေ့မှာ စီရင်ချက်တွေ အစုံရှိတယ်၊ ငြိမ်း ကိုယ်တိုင် တွေ့ပြီးသား'

'ဒါဖြင့် ကြည်ပြာတို့ ဘက်က မဟုတ်ဘဲနဲ့ ခွပ်စွဲခဲ့တယ်ပေါ့'

ငြိမ်းသည် စကားမတုံ့ပြန်ဘဲ ငြိမ်နေ၏။ အမိဖွာယ်ကို မမသက်ဘာသာပဲ တွေးယူပါစေ...

.။

'ဒီမှာ တို့ ပြောမယ် ငြိမ်း၊ ကြည်ပြာက ပြောတယ်၊ သူ ပြောတာဟုတ်၊ မဟုတ်ဆိုတာ သက်ထား မြိုင်သာယာ ရောက်ရင် ရွာရောက်ရင် သိမှာ ပဲတဲ့ ၊ သူ့မိသားစုဝင်မဟုတ်တဲ့ သူစိမ်းတွေဆီကလည်း သိနိုင်တယ်တဲ့ မင်းတို့ မှာ အဲဒီလို အတိအကျပြောနိုင်တာမျိုးရှိလား စီရင်ချက်ဆိုတာ ထည့်မပြောဘဲနဲ့ လေ'

'လောလောဆယ် ငြိမ်းမှာ တခြားသက်သေပြစရာမရှိဘူး မမသက်၊ ဒါပေမဲ့ ငြိမ်း အဖေ့ကို ယုံတယ်'

သည် စကားကိုတော့ ယတိပြတ်ပင် ဆိုမိပေသည် ။

'ယုံတာပေါ့၊ သားသမီးနဲ့ မိဘပဲ ဘာဆန်း

လဲ၊တို့ တစ်ခုပဲ စဉ်းစားမိတယ်၊ မင်းတို့ မိသား
စုနဲ့ ခင်လာတာ ကြာလှပြီ၊ မင်းတို့ မြိုင်သာယာ
ဇာတိ ဆိုတာတောင် ကြည်ပြာ ရောက်လာမှ မ
င်း စကားစပ်တယ်၊ ဇာတိကို ဖျောက်ထားတ
ယ် မဟုတ်လား၊ မပြန်ရဲဘူး မဟုတ်လား၊
ဒါကြောင့်များ ဟိုတစ်နေ့က တို့ ခေါ်တော့ မ
င်း ငြင်းခဲ့တာ ဟုတ်တယ် မဟုတ်လား'

'မဟုတ်ပါဘူး မမသက်ရယ်'

'မင်းတင်မကပါဘူး၊ မင်းအဖေရော မြိုင်
သာယာ ပြန်ရဲရဲ့ လား ရွာပြန်ဖူးရဲ့ လားဟင်'

ထိုခဏဝယ် ရင်၌ ဖိစီးလေသော
အမိုက်မှောင်ကို ဘယ်သို့ အမည်တပ်ရမည် မ
သိ။ ဘာဆက်ပြောရမှန်း မသိသူလို ငြိမ်း ငြိမ်
ကျခဲ့ရသည် ။ ရင်သည် ဖိုလှိုက်နေခဲ့သည် ။
မောလှသည် ။ ဟစ်အော်ပစ်လိုက်ချင်စိတ်ကို
ထိန်းသည် ။ မမသက်ကို အော်ဟစ်ချင်ခဲ့ပါ
မဟုတ်။ ဖြစ်နိုင်လျှင် ငြိမ်းကိုမှ သည် လို အဖြ
စ်မျိုးနှင့် ပေးတွေ့လေခဲ့သော ကံကြမ္မာကိုပါပဲ။

ငြိမ်းသည် ခရီးဝေးက ပြေးလာသူလို ခုံပေါ်
သို့ အရုပ်ကြိုးပြတ် ထိုင်ချလိုက်ရပါသည် ။

'ဆောရီး ငြိမ်း၊ တကယ်တော့ တို့ ဒီလောက်
အထိ ပြောဖို့ မရည်ရွယ်ထားပါဘူး၊ တို့ သူငယ်
ချင်းနဲ့ တို့ နဲ့ ကြားမှာ သွေးထိုးခဲ့တယ်ဆိုတာ
တို့ သိတယ်လို့ သိအောင် ပြောရုံပါပဲ၊ ဒါပေမဲ့
မင်းက ဇွတ်ဆက်ငြင်းလို့ မို့ တို့ ဒီလောက်
ပြောမိသွားတာ'

'သွေးထိုးခဲ့တယ်' ဆိုသော စကားလုံးကို အ
ငိုက်မိနေစဉ်မှာ ပင် 'ဖုန်းချပြီ' ဟု မမသက်ဆို
သည် ။ စကားပင် မတုံ့ပြန်လိုက်နိုင်။ မမသက်
သည် လည်း တုံ့ပြန်စကားကိုမျှ မစောင့်။ ဖုန်း

ချသွားခဲ့ပြီ။

ဖုန်းအဆက်အသွယ် ပြတ်တောက်ခဲ့ပြီ ဖြစ်သော်လည်း ဖုန်းမှ တစ်ဆင့် စီးကျခဲ့လေသော အမုန်းတရားတို့ သည် ငြိမ်း၏ ဝန်းကျင်မှာ မမြင်ရသော လှိုင်းများ နှယ် ဝေ့ဝိုက်ပြန့်ကျဲလျက်။

လေးလံလှသော ကျောက်တုံးကျောက်ခဲများ နှင့် မရပ်မနား ပစ်ပေါက်ခံရသူလို စကားလက်နက်မျှနှင့်ပင် ငြိမ်း၏ စိတ်အစုံမှာ သွေးစိမ်းရှင်ရှင် ယိုစီးလျက်ရှိလေပြီ။ အကြောက်ကြီး စိုးကြောက်ခဲ့သော အဖြစ်သည် ခုတော့ဖြင့် ရှေ့မှောက်သို့ အမှန်ပင် ဆိုက်ရောက်လာခဲ့ပြီ။ ဆုံးရှုံးရမှာ ကြောက်ခဲ့သူတို့ ကို ဆုံးရှုံးရတော့မည်။ အင်း.... ဆုံးရှုံးခဲ့ပြီ ....။

ငြိမ်းသည် မျက်လုံးအစုံကို မှိတ်ခ်နဲ့ ဖွင့်ငုံ့ကိုပါသည် ။ ညနေက မြင်ကွင်းတို့ ပျောက်ပြီ။ စကားသံတို့ လည်း လွင့်ပြီ။

သို့သော် နာကျင်မှုသည် ကမ်းခြေမှ ရေလှိုင်း ပြန်ဆင်းသည့်နောက် ခရုခွံလေးများ ကတိသတ်ကျန်သလို ကျန်ရစ်ဆဲသာတည်း။

မျက်လုံးအစုံကို တစ်ဖန် ဖိမှိတ်တော့ မျက်ရည်တို့ သည် ညနေက ကဲ့သို့ပင် ပါးပြင်ပေါ် တလိမ့်လိမ့် စီးကျလာသည် ။ စင်စစ် ထိုမျက်ရည်တို့ သည် မျက်ရည်အိတ်က လာသည် မဟုတ်။ နှလုံးသည်းပွတ်မှ လာပေသည် ။

***

ဒေါ်ဒေါ်ချို၏ သေးငယ်ကျဉ်းမြောင်းသော

မျက်လုံးတို့ တွင် စိုးထိတ်မှုသည် အရိပ်အ ယောင်မက အကောင်အထည်လိုက်ပင် ပြေး လွှားလျက်ရှိသည် ။ နှုတ်ခမ်းအစုံသည် မဟ တဟ။ ငြိမ်းအား အံ့အားသင့် ထိတ်လန့်သော အမူအရာနှင့် စက္ကန့်အတော်ကြာ အငိုက်မိ ငေး ကာနေသည် ။

ငြိမ်းသည် ခုတင်ပေါ် တင်းပါးလွှဲထိုင်ကာ ဒေါ်ဒေါ်ချိုနှင့် မျက်နှာချင်းဆိုင်ကာ ။ ကိုယ်ပိုင် အိပ်ခန်းနှင့် ဝေးခဲ့ရတာ တစ်ပတ်ကျော် နှစ်ပ တ်နီးပါး ကာလအတွင်း ကိုယ့်အိပ်ရာပေါ်ကို ယ် စည့်သည် တစ်ဦးနှယ် ပထမဆုံး ထိုင်မိခြင်းပါပေ။ အဖေနှင့် ဦးဦးမျိုးတင်မရှိခို က်၊ ကြီးကြီး အိပ်ပျော်နေခိုက်ဝယ် မိချောကို ကာတွန်းရုပ်ရှင်နှင့် ဧည့်ခန်းထဲ ထားရစ်ကာ ဒေါ်ချိုချို ရှိသည့် အခန်းထဲ ငြိမ်း လှစ်ခနဲ ဝင် လာခဲ့ရပါသည် ။

ဒေါ်ဒေါ်ချိုခမျာ မူလကတော့ အဝတ်အစား ယူရန် ငြိမ်းဝင်လာတာပဲ ထင်နေသည် ။ လိုက် လှဲပျူငှာနေသေးသည် ။ သို့သော် သူ ရှိနေ သော ခုတင်ထက်ဝင်ထိုင်ကာ တစ်ခွန်းချင်း တစ်ဆင့်ချင်း ငြိမ်း စကားစလျှင်တော့ မျှော်လ င့်မထားသော အကြောင်းအရာများ မို့ အံ့အား အသင့်ကြီး သင့်တော့သည် ။

ငြိမ်းသည် ပင့်သက်ရှိုက်၏။ လေးပင်စွာ။ ဒေါ်ဒေါ်ချို့ကိုယုံကြည်ရင်းနှီးခြင်း မရှိသော်ငြား သည် လမ်းကလွဲ၍ လည်း လော လောဆယ် ရွေးစရာလမ်း မရှိပါ။ သည် လမ်း ကိုသာ နင်းလျှောက်ရလိမ့်မည်။

စေ့ပိတ်ထားသော အခန်းတံခါးကို သေချာ အောင် ငြိမ်းတစ်ချက် လည်ပြန် ကြည့်လိုက်ပါ

သည်။

"ငြိမ်းငြိမ်း ... ငြိမ်းငြိမ်း အဲဒါတွေ ဘယ်က သိသလဲ"

ဒေါ်ဒေါ်ချို့လေသံမှာ အထိတ်တလန့်ဟန်နှင့် တုန်လှုပ်စွာ။

"ဒီလိုပဲ အမှတ်တမဲ့ သိလိုက်ရတာပါ၊ သိတော့ အဖေ့ကို မေးတာပေါ့၊ အဖေက ဟုတ်တယ်၊ ဖြစ်ဖူးတယ်တဲ့ ၊ တစ်ဖက်က အမှုဆင်လို့ အဖမ်းခံရတာ ပြောတယ်၊ ငြိမ်း သိချင်တာက ရွာမှာ ဘာတွေ ပြောကြသလဲလို့ "

ဒေါ်ဒေါ်ချိုသည် စောစောကထက် မလျော့သော စိုးထိတ်ပုံ ဆောင်လျက် ငြိမ်း၏ မျက်နှာကို အကဲခတ်နေသည် ။ အကဲခတ်ပင် ခတ်သော်ငြား ငြိမ်းတစ်ယောက် တထိတ်ထိတ် ရင်ပူနေပုံကို ရိပ်မိမည် မဟုတ်ပါ။



င့်ပြီးသား။ သည် အခန်းထဲမဝင်မီးကတည်းက ပြင်ဆင်နှင့်ပြီးသား။ ဘယ်လိုစကားကို ကြားရသည် ဖြစ်စေ၊ အမူအရာ တစ်စွန်းတစ်စပင် မပျက်ယွင်းစေရန် ငြိမ်း သတိရှိရလိမ့်မည်။

"ကြိကြိဖန်ဖန် ဘာတွေ လာမေးနေတာလဲ ငြိမ်းငြိမ်းရယ် ဟင်၊ အစ်ကိုမောင်ပြေ ပြောပြတယ် ဆိုတာကော ဟုတ်မှ ဟုတ်ရဲ့ လား"

"သြော် ... ဟုတ်ပါတယ်ဆို ဒေါ်ဒေါ်ချိုကလည်း ၊အဖေကိုယ်တိုင် ပြောပြတာ"

ဒေါ်ဒေါ်ချိုက ချောင်းတစ်ချက် ဟန့်၏။ ပါးစပ်ကို အုပ်ကွယ်လိုက်သော လက်ကို ပြန်ဖယ်လိုက်ပါသည် ။

"အံ့သြစရာကြီးကွယ်၊ ငြိမ်းငြိမ်းတို့ သိမှာစိုးလို့ ဒေါ်ချိုစကားများ မှာ စိုးလို့ မင်းတို့ ဦးဦး

မျိုးတင် ဆိုတာ တစ်ခါသွားတစ်ခါ သတိပေး၊ ဇွေ့ကာ ယမ်းကာ ဒေါ်ဒေါ်ချို အားပါးတရ စ

မပြောနဲ့ နော်၊ စကားတွေ လျှောက်လျှောက်မပြောနဲ့ နော်တဲ့ ၊ အံမယ် သူကသာ စိတ်ပူနေတယ်၊ ဒီကတော့ ကျားမြီးဆွဲလိုက် ဆိုရင်သာ ဆွဲဦးမယ်၊ အစ်ကိုမောင်ပြေဒေါသထအောင် မလုပ်ရဲဘူး တကယ် ပြောတာ၊ ဒီကိစ္စကဖြင့် ရွာမှာ သူ့ဘာသာ ဟိုလူပြော ဒီလူပြောနဲ့ တစ်ရွာလုံး သိပြီးသား၊ ဒီက ကလေးတွေသာ မသိကြတာ၊ ဒါလည်း ကိုယ့်ကြောင့် သိတယ်တော့ ဘယ်အဖြစ်ခံရဲမလဲ၊ ဘယ်ပြောမလဲနော့၊ မပြောပါဘူး နော့၊ အဲ ... ဟိုသင်း .... အခုကျတော့ ... အခုကျတော့ ဘယ်လိုက ဘယ်လို ဖြစ်လို့ အစ်ကိုမောင်ပြေက သူကိုယ်တိုင် ပြောရသတဲ့ လဲ"

ရင်ဘတ်ကို လက်နှင့်ဖိကာ ထိုလက်ကိုပင် ကားပြောပုံကို ငြိမ်းစိုက်၍ ကြည့်နေပါသည် ။ တစ်ခုချင်းသော အမူအရာ၊ စကားလုံးတို့ အပေါ် ငြိမ်း၏ ဦးနှောက်သည် မရပ်မနား လိုက်ပါတွက်ချက်လျက်။ စကားဖွာသူတို့ ထုံးစံ ပြောရင်းနှင့်တော့ မပါသင့်သော၊ သို့သော် ငြိမ်းအတွက် လိုအပ်သော စကားအစတို့ လွင့်၍ လွင့်၍ ထွက်ကျလာပေသည် ။

"ဒါဖြင့် ဒါဖြင့် ငြိမ်း ခုနက ပြောတဲ့ ဟာတွေ အကုန်လုံး တစ်ရွာလုံး သိပြီးသားပေါ့"

"ဟင် ... အဲ"

ဒေါ်ဒေါ်ချိုသည် နောက်တစ်ကြိမ် ပါးစပ်အဟောင်းသား ဖြစ်ကာ ငြိမ်းကို ပြူး၍ ကြည့်နေသည် ။ သူ ပြောလိုက်သော စကား၏ အနက်ကို ပြန်တွေးယူဟန်နှင့် မျက်လုံးအစုံကို ပေက

လတ်ပေကဲလတ် ပြုနေပြန်သည် ။

"အဖေ့အမှုအကြောင်း တစ်ရွာလုံး သိပြီး သွားပေါ့"

"ဒုက္ခပါပဲ ငြိမ်းငြိမ်းရယ်၊ မပြောဘူးဆိုပြီး ဘယ့်နှယ်လုပ် ဒီဟာ ပါသွားတယ် မဆိုနိုင်ဘူး၊ ကိုမျိုးတင် သိရင်တော့ သတ်တော့မှာ ပဲ၊ ငြိမ်းငြိမ်း အဖေ ... ငြိမ်းငြိမ်အဖေကို ယောင်လို့ တောင် ပြန်မပြောနဲ့ နော်"

"မပြောဘူး၊ ငြိမ်း ကတိပေးတယ်၊ အခု ငြိမ်းလာမေးတာ ငြိမ်း ဘယ်သူ့မှ မပြောဘူး၊ အဲ ... ဒေါ်ဒေါ်ချိုလည်း ငြိမ်း လာမေးတာကို ဘယ်သူ့မှ မပြောနဲ့၊ ကျေရောပေါ့ ဟုတ်လား"

ဒေါ်ဒေါ်ချိုသည် ငြိမ်း၏ မျက်ဝန်းများကို စူးစမ်းကာ။ နောက်တော့ စိတ်အေးသလို သက်ပြင်းချလိုက်ပါသည် ။

"အခုမှ တော့ ပြောလက်စနဲ့ မထူးတော့ပါ ဘူး ဒေါ်ဒေါ်ချိုရယ်၊ ဒေါ်ဒေါ်ချို ဘာတွေ သိသလဲ၊ ငြိမ်းကိုပြောပြပါလား"

"အို ... ဘာတွေ သိချင်သေးလို့ လဲ ငြိမ်းငြိမ်းရယ်၊ သိတော့ကော ဘာလုပ်မလဲ နော့"

စိုးထိတ်ဟန် အမူအရာသည် ဒေါ်ဒေါ်ချို့မျက်နှာတွင် ကွက်ကွက်ကွင်းကွင်း ပေါ်လာပြန်သည် ။ ထိုင်နေလျက်ပင် အထက်ဆင့်စကို ဖြေကာ လုံချည် ပြင်ဝတ်လိုက်သည် ။ ချွေးစေးပြန်ဟန်ဖြင့် နဖူးပြင်ကို ပွတ်သပ်သည် ။ လည်ပင်းကို လက်ဝါးနှင့် တဖတ်ဖတ် ကို ထိ၏။ လေအေးပေးစက်ကို ငြိမ်းလှမ်းဖွင့်လိုက်ပါသည် ။ တီခနဲ မြည်သံ လာရာဆီ ဒေါ်ဒေါ်ချို မော့ကြည့်သည် ။ နောက် ငြိမ်း၏ မျက်နှာဆီ ပြန်ကြ

"သိတော့လည်း ငြိမ်း သိထားရတာပေါ့၊ အခု ဒီမှာ တချို့မိတ်ဆွေတွေက အမှတ်မထင် သိတော့ ငြိမ်းကို အထင်အမြင် လွဲတယ်၊ ဖြစ်ရပ်မှန်ကို ရှင်းပြပါ ဆိုတော့လည်း ငြိမ်းရှင်းမပြနိုင်ဘူး ၊ သက်သေ မရှိဘူး၊ အဲဒီအထင်လွဲတဲ့ သူက ပြောတယ်၊ ငြိမ်း မြိုင်သာယာပြန်ရဲသလား၊ ရွာပြန်ရဲသလားတဲ့ "

"အို ..... ဒီလိုတောင် ပြောရသလား၊ ဘယ်သူက ပြောသလဲကွယ်"

"မသိချင်ပါနဲ့ ဒေါ်ဒေါ်ရယ် ၊ ပြောလည်း ဒေါ်ဒေါ်ချို့နဲ့ သူစိမ်းပဲဟာသိလို့ ဘာလုပ်မလဲ၊ ငြိမ်း မေးတာပဲ ဖြေရင် ရပြီ"

"ဟင် မေးဦးမလို့ "

ဒေါ်ဒေါ်ချို့ကို လှုပ်နှိုးလေပြီထင်၏။ ထိုင်နေရာမှ ရှေ့သို့ မသိမသာ ရွေ့ကာ တိုးလိုက်ပေသည် ။

"ငြိမ်း သိချင်တာက ဒီအမှုက ....အင်းလေ ..... တည့်တည့်ပဲ ပြောပါတော့မယ်၊ ဒီကလေးကို အဖေ တကယ်သတ်ခဲ့တယ်လို့ ရွာမှာ ပြောနေကြတာပဲလား"

ဒေါ်ဒေါ်ချို့သည် ဘာပြန်ပြောရပါ့ဟု တွေးနေသည့်သဖွယ် မျက်လုံးအကြည့် တဖျပ်ဖျပ် ရွေ့ကာ ငြိမ်နေပါသည် ။ ငြိမ်းသည် လည်း စကားမဆက်။ ခဏမျှကြာလျှင် ဒေါ်ဒေါ်ချို့ စကားစသည် ။ စကားတစ်လုံးချင်း သတိထားရွေးကာ ပြောသည့်ပမာ ဖြည်းဖြည်း နေးနေး။

"ရွာကတော့ လိုသူလည်း ရှိ၊ မလိုသူလည်း

ရှိတာပေါ့ ငြိမ်းငြိမ်းရယ်၊ တချို့လည်း အစ်ကို မောင်ပြေက ဟိုသင်း .... ကလေးကိုသတ်ပြီး အပြစ်မကျအောင် လာဘ်ထိုးပြီး အမှုကနေ လွတ်ခဲ့တယ်ပေါ့လေ၊ အဲ .... တချို့ကျတော့လည်း ကိုသက်ဆွေနဲ့ အစ်ကိုမောင်ပြေက နဂိုကတည်းက မပြေလည်ကြတော့ ကလေး သေတဲ့ အခါ သတ်တာ အစ်ကိုမောင်ပြေပဲလို့ ကိုသက်ဆွေတို့ ဘက်က တပ်အပ် စွပ်စွဲပြီး အမှုဖြစ်ကြတာတဲ့ ၊ ဟိုလေပြောကြတာကတော့ ဒီလိုပဲ .... ဟိုပြော ဒီပြောပေါ့၊ ဒေါ်ချိုတို့ တော့ အစ်ကိုမောင်ပြေ ဘယ်နည်းနဲ့ မှ လူမသတ်ဘူးလို့ ယုံတယ်"

ငြိမ်းလည်း ယုံပါတယ် ....။

ငြိမ်းသည် စိတ်ထဲမှ တုံ့ပြန်ကာ လူကမူ မလှုပ်မယှက် ငြိမ်နေပါသည် ။ မည်သည့်အရေးကိစ္စတွင် မဆို ဘက်နှစ်ဖက်ရှိသော သဘောသဘာဝသည် ခုအဖြစ်မှာ လည်း မှန်နေပြန်ပါပကော။ အဖေ့မှာ အပြစ်ရှိကြောင်းယုံသူများက တစ်အုပ်စု၊ အပြစ်မရှိကြောင်း ယုံသူများက တစ်အုပ်စု။ စကားတို့ သည် ညောင်ပင်သာနယ်တစ်ဝိုက်မှာ တော့ ပြန့်ကား ကျန်ရစ်ခဲ့မည်။ ပြီးတော့ မြင်သာယာမှာ လည်း ကျန်နေခဲ့လိမ့်မည်။

"ဟိုတုန်းကတော့ အမျိုးတွေက ဝိုင်းပြီးပြောကြတာပေါ့၊ အစ်ကိုမောင်ပြေကလည်း ကိုယ်မှ မဟုတ်တဲ့ ဟာ အသရေဖျက်မှုနဲ့ တရားပြန်စွဲပေါ့လို့ ၊ ဒါပေမဲ့ ဘာတဲ့ ...အင်း ... အယူခံမှ ၁ နိုင်တယ်ဆိုကတည်းက သိက္ခာမကျတော့ဘူးတဲ့ ၊ ဒါ ရုံးတော်က သိက္ခာဆည်ပေးလိုက်တာတဲ့ ၊ ပြီးတော့ သူငြိုး ကိုယ်ငြိုးနဲ့ ဘာလုပ်မ

လဲ၊ သံသရာ ဘယ်တော့မှ မဆုံးဘူးတဲ့ ၊ ဒါလ ည်း ဟုတ်သားပဲ မဟုတ်လား ငြိမ်းရဲ့ "

သည် စကားမျိုးဆန်ဆန် အမေလည်း မကြာမကြာ ပြောဖူးပါသည် ။ အထူးသဖြင့် ကျောင်းက သူငယ်ချင်းတစ်ယောက်ယောက် ငြိမ်းကို နာကျင်စေသည့်အခါ၊ ငြိမ်းကလည်း အမှတ်အတေး ထားပြီး ကြုံကြိုက်လျှင် လက်စားလေး ချေချင်သည့်အခါ အမေက ငြိမ်းကို နားချတတ်သည် ။ အမေ့စကား နားဝင်ဖန်များ တော့လည်း လက်စားချေချင်တတ်သော ဉာဉ်သည် ငြိမ်းထံက တဖြည်းဖြည်း လွင့်ပျောက်ခဲ့ရလေသည် ။

ခုတော့ သည် စကားမျိုး အဖေလည်း ဆိုခဲ့ဖူးသတဲ့ ။ အဖေမှန်တာပေါ့ဟု ငြိမ်း ကျိတ်၍ တွေးနေသည် ။ ရန်တုံ့ခဲ့လျှင် ဘယ်သောအခါမျှ ဆုံးမည် မဟုတ်။ ခုပင်လျှင် ရန်မနိုင်းခဲ့သော်ငြား နောက်မျိုးဆက်တစ်ဆက်တိုင်တိုင် အတေးအမှတ်က စွဲမြဲပါခဲ့ပြီ။ မကြည်ပြာသည် လက်စားမချေသော်လည်း အဖေ့အပေါ်မှာ၊ ပြီးတော့ ငြိမ်းအပေါ်မှာ တော့ တေးမှတ်ထားခဲ့ပြီ။

မကြည်ပြာ ....။ အင်း.... မကြည်ပြာအကြောင်းလည်း မေးရဦးမည်။

"ဒေါ်ဒေါ်ချို ..... ဒေါ်ဒေါ်ချို မကြည်ပြာကို သိလားဟင်"

"မကြည်ပြာ " ဟု ဒေါ်ဒေါ်ချို ရေရွတ်သည် ။

"သိတာပေါ့၊ ကိုသက်ဆွေသမီးအကြီးပဲဟာ ... အင်း ... ဆုံးသွားတဲ့ ကောင်လေးရဲ့ အစ်မ"

"အဲဒီ မကြည်ပြာရဲ့ မိဘတွေကော ရှိသေး လား"

"မရှိတော့ဘူး ငြိမ်းငြိမ်းရဲ့ ၊ သူ့အဖေက သားကလေးဆုံးပြီး သုံးနှစ်လောက်အကြာမှာ ဆုံးတာပဲ၊ ကလေးစိတ်နဲ့ ဆုံးတယ် ပြောကြတာပဲ၊ သူ့အမေက ... အင်း... သူ့အမေက တော့ ပြီးခဲ့တဲ့ ငါးနှစ်က ထင်ပါရဲ့ ၊ ဆုံးပြန် ရော၊ ခုတော့ အဲဒီ သမီးအကြီးမတစ်ယောက်ပဲ ကျန်တော့တာ"

သြော် ...။ ငြိမ်းသည် နှုတ်မှ တီးတိုးရေရွတ်ကာ မကြည်ပြာ၏ တင်းမှုန်သော၊ ဒဏ်ရာပြည့်သော မျက်နှာကို ပြန်လည်မြင်ယောင်နေပါသည် ။ ထိုမျက်နှာက ဒဏ်ရာအပေါင်းသည် မောင်လေးကို ဆုံးရှုံးရခြင်းကြောင့် အမာရွတ်ပမာ ကျန်ရစ်ခြင်းဟု သာ ငြိမ်း ထင်ခဲ့ဖူးပါသည် ။ ကိုယ့်ကိုယ်ကိုယ် မလုံတာကြောင့်လည်း မမသက်ကိုပင် သည့်ထက် ပို၍ မစပ်စုဖြစ်ခဲ့ပါ။ ခုတော့ သူ့ဒဏ်ရာဟာ ငြိမ်း မှန်းခဲ့ဖူးတာထက် ပိုလေတာကိုး။

အဖေနှင့်၊ ပြီးတော့ ငြိမ်းနှင့် မဆက်စပ်လျှင်ဖြင့် မကြည်ပြာအပေါ် စိတ်ထဲက နှစ်ကာ နှစ်ကာ သနားမဆုံး ရှိမိဦးမည်။ ခုတော့ဖြင့် သနားချင်ချင် စိတ်မှာ ရှုံ့ခြင်းက ရိပ်မိုးနေ၏။ အမုန်းတရားရယ်လို့ လည်း မဟုတ်။ ဘယ်လိုပြောရမည်နည်း။ မကျေချမ်းနိုင်ဘူး ဆိုရမလား။ မမသက်နှင့် အဆက်အသွယ် လုံးလုံး ပြတ်တောက်ရခြင်းသည် သည် ရက်များ ထဲ ငြိမ်း၏ စိတ်ကို အထိရှစေဆုံး ဒဏ်ရာတစ်ခုဖြစ်လာခဲ့ပြီ။ စိတ်ဒဏ်ကို သတိရလျှင် ဒဏ်သင့်စေခဲ့သူ၏ မျက်နှာကိုသာ ပြေးမြင်သည် ။ ဒါပါ

ခုလည်း သနားခြင်းသည် အခိုးအငွေ့သဖွယ်ပင် လွင့်ရပြီ။ နာကျင်ခြင်းနှင့် ထိုတန်သူဟုပင် ရက်စက်တတ်သူက တွေးသလို ပစ်ပစ်ခါခါ တွေးမိတော့မည်။ ခေါင်းကို တစ်ချက်မျှ ခါယမ်းလျှင်တော့ မကြည်ပြာ၏ ထိမထငိမျက်နှာသည် စိတ်အာရုံက လွင့်ပျောက်ရပြီ။ ခံစားချက်အမျိုးမျိုး ပြောင်းနေမည့် ငြိမ်း၏ မျက်နှာကို ပြုံးကြောင်ကြည့်နေသော ဒေါ်ဒေါ်ချို ရုပ်သွင်သာ တကယ့်အမြင်မှာ ကျန်ရစ်တော့သည် ။

"အဲဒီကလေးကိုသတ်တဲ့ သူကို မမိဘူးလား ဟင်"

ဒေါ်ဒေါ်ချိုက သက်ပြင်းချလိုက်ပါသည် ။

"မမိပါဘူးကွယ်၊ မမိတာ ဘာဆန်းလဲ နယ်ဘက်မှာ ဒါမျိုး လူသတ်သမား မမိ၊ မုဒိမ်းကောင် မမိတဲ့ အမှုတွေမှ နည်းသလား"

တရားခံ မမိခဲ့လေတော့လည်း အဖေ့အပေါ် စွပ်စွဲသမျှ တစ်သက်လုံး မြဲပေတော့တာပေါ့။ တရားရုံးက အပြစ်လွှတ်သော်လည်း လူတို့ နှုတ်အားဖြင့် စီရင်သော အပြစ်က မလွတ်။ အဖေတင်မဟုတ်။ အဖေ့သမီးပါ မလွတ်။ ငြိမ်း ဘာလုပ်ရမည်နည်း။ ဘယ်လိုများ တုံ့ပြန်ရမည်နည်း။ အဖေ့ဂုဏ်သိက္ခာကို ပြန်ဆည်ရန် ငြိမ်း ဘာလုပ်နိုင်မည်နည်း။

ငြိမ်းသည် ဒေါ်ဒေါ်ချို လက်မောင်းကို အုပ်ကိုင်လိုက်ပါသည် ။

"ဒေါ်ဒေါ်ချို အခု မကြည်ပြာက ရွာမှာ နေသလား"

"မနေဘူးလေ၊ မြို့သာယာမှာ နေတာပဲ၊ ရွာတော့ နွေဘက်ဆို ခဏပြန်လာတတ်တယ်"

"သူ ကျောင်းဖွင့်ထားတယ်ဆို"

ဒေါ်ဒေါ်ချိုက စဉ်းစားသလို မျက်မှောင်ကြုတ်လိုက်သည် ။ နောက် မျက်လုံးအစုံ ဝင်းလက်သွားပြန်ပါသည် ။

"ဟုတ်ပ့၊ ဟုတ်ပ့ အင်္ဂလိပ်စာကျောင်းဆိုလား၊ နာမည်က ... နာမည်က 'တာရာ' တဲ့၊ တာရာ ဆိုတာ သူ့မောင်လေး နာမည်လေ"

ဪ ....။ ငြိမ်းလည်း အတွေးငေ့လည်ကာ ခဏမျှ ငြိမ်နေသည် ။ သို့သော် ဒေါ်ဒေါ်ချိုက မငြိမ်။ အလောတကြီးအမူအရာနှင့် စကားဆက်သည် ။

"ဟိုသင်းလေ .... အခု ဒေါ်ဒေါ်ချိုပြောတာတွေ အစ်ကိုမောင်ပြေကို၊ ဒါမှ မဟုတ် အမိမိတင်မေကို သေချာပေါက် ပြန်မပြောဘူးနော်"

"ဪ ... ကတိပေးပါတယ်ဆို၊ အဖေ့ကိုရော ကြီးကြီးကိုရော လေသံတောင် မဟဘူး စိတ်ချ၊ ဒေါ်ဒေါ်ချိုလည်း နှုတ်လုံပါစေ"

ငြိမ်းသည် ခုတင်ပေါ် ထိုင်နေရာမှ ဆတ်ခနဲ ထလိုက်သည် ။ ထိုခဏဝယ် စိတ်အစုံ နွမ်းနယ်ပန်းလျနေသည့်ကြားက ဒေါ်ဒေါ်ချို့ အမူအရာကို ပြုံးရယ်ချင်စိတ် ဝင်ရသည် ။ စက္ကန့်ပိုင်းအတွင်း ဖြစ်ပျက်သွားသော မျက်နှာ။ ဘယ်သို့ဆိုရပ့ ...။ ကျဉ်းထဲ ကျပ်ထဲက လွတ်မြောက်သူ မျက်နှာ ....။

ငြိမ်းတစ်ယောက် မေးခွန်းများ ဆုံးခန်းတိုင်ပြီဟု ထင်မှတ်၍ စိတ်သက်သာရာ ရသွားသော မျက်နှာ ....။

ဒေါ်ဒေါ်ချို့မျက်နှာ ကွက်ခနဲ ပျက်သွားပြန်ပါသည် ။

"ဘာမေးဦးမလဲ ငြိမ်းငြိမ်းရယ်၊ ဒေါ်ချိုဖြင့်ကျောတောင်ချမ်း လာပြီ"

ငြိမ်း တစ်ချက် ပြုံးလိုက်ပါသည် ။ သို့သော် အပြုံးက ပီပြင်ပုံမလား မရေရာ။

"အခုနေ ငြိမ်း ရွာကို လာလည်ရင် လူသတ်သမားရဲ့ သမီးလို့ များ ပြောကြမလားဟင်"

ဒေါ်ဒေါ်ချိုသည် ခေါင်းကို ခပ်သွက်သွက် ခါယမ်းကာ 'အိုကွယ် ပြောစရာလား ကြံကြံဖန်ဖန်' ဟု ဆိုလိုက်ပါသည် ။

ဒီမှာ တော့ ပါးစပ်က ထုတ်မပြောတောင် ထင်သူတွေက ထင်ခဲ့ပါပြီ ဒေါ်ဒေါ်ချိုရယ် ....။

တော့ ခြေရာကောက်ရပါလိမ့်မည်။

ငြိမ်းသည် စိတ်အတွင်းက ဆိုမိသော စကားတို့ ကို မျိုသိပ်မြဲ မျိုသိပ်ကာ အခန်းတံခါးကို လှပ်ဖွင့်လိုက်ပါသည် ။

***

"အခုတစ်လော မျက်နှာမကောင်းပါလား၊ ဘာဖြစ်လို့လဲ"

ငြိမ်းသည် ချဉ်ရည်ဟင်းခွက်ဆီသို့ လှမ်းလိုက်သော လက်ကို တန့်ကာ အဖေ့ထံ လှမ်းကြည့်သည် ။ မျက်ခုံးထူထူအောက်က မျက်လုံးများ သည် ငြိမ်း၏ မျက်နှာအား စာအုပ်တစ်အုပ်နှယ် အပြန်ပြန် အလှန်လှန် ဖတ်ရှုလျက်။

"ဘာမှ မဖြစ်ပါဘူး၊ ဟိုသင်း .... နေပူတော့ လူက အလိုလို နုံးနေတာ ထင်တာပဲ"

ဒေါ်ဒေါ်ချို သုံးနှုန်းတတ်သော 'ဟိုသင်း' သည် အတူနေချိန် နှစ်ပတ်နီးပါးမျှ ကြာခဲ့သည့် ငြိမ်း၏ နှုတ်ထဲ စွဲကျန်ခဲ့လေသည် ။ ဘာပြောရမှန်းမသိ စကားစရှာချိန်မှာ အလိုလို နှုတ်က ထွက်လာတတ်သည် ။

အဖေသည် ငြိမ်း၏ အဖြေကို ကျေနပ်ဟန် မပြပါ။ အဖြေအစစ်မဟုတ်မှန်း သိသလို ကျွတ်ခနဲ စုတ်သပ်လိုက်ပါသည် ။

"မညာနဲ့ သမီး၊ သမီးမျက်နှာကို ကြည့်တာနဲ့ အဖေ သိတယ်"

ခုနေများ ကြီးကြီး ဒီအနားရှိရင် ကောင်းမှာပဲ။ ကြီးကြီးသာ ရှိလျှင်တော့ စကားလမ်းကြောင်း လွှဲနိုင်ဦးမည်။ ခုတော့ ထမင်းစားခန်းထဲ အဖေနှင့် ငြိမ်း နှစ်ယောက်တည်း။ ပြေးပေါက် မရှိ။ တစ်သက်တာပတ်လုံး ရှိန်ခဲ့၊ ရွံ့ခဲ့ရသော ဖခင်မို့ သည် မှုပြောလျှင်ပင် ငြိမ်းမှာ မျက်နှာပျက်ချင်ပြီ။

3/13/971

လည်း ထိုလေသံမှာ ပင် ဝန်ခံရာ ရောက်နေကြောင်း ငြိမ်းကိုယ်ငြိမ်း သိနေပါသည် ။ အခြားသူများ ရှေ့ ဟန်ဆောင်ကောင်း ဟန်ဆောင်နိုင်မည်။ သို့သော် အဖေ့ရှေ့မှာ တော့ ငြိမ်းသည် ကျရှုံးမြဲသာတည်း။

အဖေသည် စားလက်စ ဇွန်းကို ဖတ်ခနဲ ချကာ ငြိမ်း၏ မျက်လုံးများ ထဲ စူးစိုက်ကြည့်နေပါသည် ။

"အဖေ့ကို မညာနဲ့ လို့ ပြောနေတယ်နော်၊ သမီး တစ်ခုခု ဖြစ်နေတာ အဖေ သေချာပေါက် သိတယ်"

ငြိမ်းသည် စကားမတုံ့ပြန်ဘဲ ဟန်မပျက်ပင် ထမင်းတစ်ဇွန်း စားရန် ပြင်လိုက်သည် ။ အဖေ့သက်ပြင်းချသံ။ ပြီးတော့ ဇွန်းသံ ကြားရသည် ။

စကားမဆက်ပါစေနဲ့ ... ဘာမှ ထပ်မမေးပါစေနဲ့ ...။

"သက်ထားတို့ နဲ့ တစ်ခုခု ဖြစ်ထားတယ် မဟုတ်လား"

ဘုရား ...။ ငြိမ်း၏ ရင်သည် ထိတ်လန့်စိတ်နှင့် လှုပ်ခနဲ။ အဖေ့ထံ အလန့်တကြား ကြည့်မိသည် ။ ဝါးလက်စ ထမင်းကို ကပျာကယာ မျိုချရသည် ။ ထမင်းနင်ချင်သည် မို့ ရေတစ်ခွက် သောက်ချလိုက်ပါသည် ။ ငြိမ်း၏ အမူအရာ ဟူသမျှသည် မဖုံးဖိသာအောင် အပျက်ယွင်းကြီး ပျက်ယွင်းနေလိမ့်မည်။

"အဖေ ထင်သားပဲ၊ တစ်ခုခုတော့ ဖြစ်ကြပြီလို့ "

"ဟိုသင်း .... နည်းနည်းပါးပါး အဖေရယ်၊

ညီအစ်မတွေ စိတ်ကောက်သလိုပါပဲ၊ နောက် ကို ငေးနေသည်။

တော့လည်း ပြန်ပြေသွားမှာ ပေါ့"

ငြိမ်းသည် နှုတ်က ထွက်ကျသော ကိုယ့်စကားကို ယုံကြည်စိတ်ဝင်ကာ တစ်ချက် ရယ်မောလိုက်သည် ။ သို့သော် ရယ်သံမှာ မရွှင်ပျချေ။

"အဖေ ဘယ်လို သိလဲ"

"မနေ့က မြို့ထဲမှာ အဖေ့ကားက မီးပွိုင့်မိနေတုန်း ဘေးဘီကြည့်တော့ သက်ထားလည်း ကားလမ်းကူးဖို့ စောင့်နေတာ တွေ့တာကိုး၊ သူ့တွေ့တော့ အရင်လိုပဲ ဝမ်းသာအားရပေါ့၊ သမီးဘယ်သွားမလဲ၊ လမ်းကြုံရင် လိုက်ခဲ့ပါလားလို့ မှန်ချပြီး ခေါ်တာ၊ ဘယ်လို လုပ်သွားတယ် ထင်လဲ"

ငြိမ်းသည် ရင် တဒိတ်ဒိတ် ခုန်ကာ အဖေ့ကို ငေးနေသည်။

"အဖေ့မျက်နှာကို ရန်သူတစ်ယောက်လို ကြည့်တယ်၊ ပြီးတော့ ခေါင်းကို ချာခနဲ လှည့်သွားတာပဲ"

ငြိမ်းသည် အဖေပုံဖော်ပြသော မြင်ကွင်းကို တရေးရေး မြင်ကာ တနုံ့နုံ့ နာကျင်လာပါသည် ။ ဖြစ်ရလေ ....။

အဖေ့ကို စကားပင် မတုံ့နိုင်။ မီးဖိုပြတင်းမှ အပြင်သို့ ငေးနေသည့် မျက်နှာကိုသာ ယူကျုံးမရစိတ်နှင့် စိုက်ကြည့်နေမိသည် ။ ခုမှ တော့ ထူး၍ ဟန်ဆောင်နေစရာ မလိုပြီ။ အဖေ့ရှေ့မှာ သိုဝှက်မနေလိုပြီ။

"အဲဒီတော့ အဖေ စဉ်းစားလို့ ရတာ တစ်ခုပဲ ရှိတယ်၊ သူနဲ့ သက်ဆွေ သမီးနဲ့ သူငယ်ချင်းဆိုတော့ ဟိုအမှုအကြောင်း သူ

သိပြီးလော်ကပြီ၊ အဖေ ပြောတာ ဟုတ်တယ် မဟုတ်လား"

"ဟုတ် ... ဟုတ်ပါတယ်"

"သူ ဘယ်တုန်းက သိတယ် ပြောလဲ"

"မကြာသေးဘူး အဖေ"

"သမီးကို ဘာပြောသေးလဲ"

"သမီး သူ့ကို ပြောပြခဲ့ဖူးတာတွေက သူ့ကို လာညာတာတဲ့ ၊ အဲဒါ ကို စိတ်နာတာတဲ့ "

အဖေက ကျွတ်ခနဲ စုတ်သပ်လိုက်ပြန်ပါသည် ။

"သမီးက အရင် သွားပြောတာလား"

"ဟုတ်" ဟု ခပ်တိမ်တိမ် ဆိုကာ ငြိမ်း ခေါင်းညိတ်လိုက်သည် ။

"ဟာ - ဘာဖြစ်လို့ ကိုယ်က စပြီး သွားပြောရသလဲ၊ ဘယ်သူမှ မပြောခင်၊ မမေးသေးခင် ကိုယ်က စပြောတော့ မလုံရာကျတာပေါ့၊ နင်က အလုပ်ကို မဟုတ်ဘူး "

အဖေသည် စိတ်ထွက်လာလျှင် ပြောနေကျ လို နာမ်စား ပြောင်းလာသည် ။ မျက်နှာနီမြန်း လာသည် ။ မျက်နှာသည် ခဏချင်းပင် တင်မှုန် လျက်။

ငြိမ်းသည် ထမင်းပန်းကန် ကိုင်ကာ ထွက်ပြေးချင်စိတ် ပေါက်လာပါသည် ။ အဖေ ဒေါသထွက်ပြီဆို ငယ်တုန်းကတော့ ပြေးပုန်းစရာ အမေ့ရင်ခွင် ရှိသေးသည် ။ ခုတော့ဖြင့် ငြိမ်းမှာ ကူကယ်ရာ မရှိပြီ။ တွေးဖူးသလိုပင် အငွေ့ကလေးသဖွယ် လွင့်ပျောက်လိုက်ချင်သည် ။

ဝမ်းနည်းစိတ်သည် ငြိမ်း၏ မျက်နှာပြင်ကို လိုက်နေစေသည် ။ မျက်လုံး အိမ်ဝယ် မျက်ရည်တို့ တရိပ်ရိပ် ခိုတွယ်လာသည် ။ မျက်ရည်ခံထိုးသည် ဟု အဖေ ပြောချလိုက်လျှင် ပို၍ နာကျင်ရမည် စိုးစိတ်နှင့် မျက်နှာကို အောက်သို့ ငုံ့ချလိုက်ပါသည် ။ သည် တော့လည်း အဖေ့သက်ပြင်းချသံက ခပ်ကျယ်ကျယ် ။

"သက်ထားက တခြား ဘာပြောသေးလဲ"

"ဒါပါပဲ"

"ဒီလောက်မကပါဘူး အဖေ သိပါတယ် သမီးရယ်၊ သမီး ဒီတစ်လော ငြိမ်နေတာ အဖေ မသိဟာမှ မဟုတ်တာ၊ သူ့ကိုတွေ့တော့မှ ဆက်စပ်ပြီး သိတာ၊ အရင်ကတော့ သမီးရည်းစားကိစ္စတွေ ဘာတွေ ဖြစ်နေမှာ စိုးလို့ အဖေမို့လို့ မမေးဘဲ ကြည့်နေရတာ"

ငြိမ်းသည် အဖေ့မျက်နှာကို ဆတ်ခနဲ မော့ကြည့်လိုက်ပါသည် ။ ခုတော့လည်း အဖေသည် စောစောတုန်းက ဒေါသထွက်ခဲ့တာ သူ မဟုတ်သလိုပင် မျက်နှာထား တည်ငြိမ်ကာ၊ ငြိမ်းကို စူးစမ်းကာ။ ဒီလိုဆိုတော့လည်း အဖေဟာ သမီးကို ဂရုစိုက်သားပဲနော် ...။

"တစ်ခုခုတော့ သမီးကို ပြောခဲ့ပါလိမ့်မယ်၊ အဲဒါ ဘာလဲ၊ ဘာပြောခဲ့ တာလဲ၊ အဖေ့ကိုမှ မပြောရင် သမီး ဘယ်သူ့ကို သွားပြောမလဲ"

ငြိမ်းသည် မထူးတော့ပြီ ပင့်သက်သာ ရှိုက်ချလိုက်သည် ။ မျက်လုံး အိမ်က မျက်ရည်တို့သည် တဖျပ်ဖျပ်ခတ်သော မျက်တောင်တို့ ကို ကျော်လွန်ကာ စီးကျတော့မလို ရှိလာသည် ။ ခုနေ စကားတစ်ခွန်းလောက် ဆိုမိရင် မျက်ရည်ကျလာတော့မှာ လည်း သိပါရဲ့ ။

သို့သော် သည့် တစ်ခွန်းကိုတော့ ငြိမ်း ပြော လိုက်ချင်သည် ။

"သမီးတို့ စိရင်ချက်အပြင် ဘာသက်သေပြ စရာ ရှိလို့ လဲတဲ့ ၊ ပြီးတော့ ... ပြီးတော့ သမီး တင်မကဘူး၊ အဖေရော မြိုင်သာယာကို ပြန်ရဲ ရဲ့ လား ရွာကို ပြန်ရဲရဲ့ လားတဲ့ "

နာကျင်လွန်းမက နာကျင်သွားသော အဖေ့ မျက်နှာသည် မျက်ရည်တလိမ့်လိမ့် စီးကျလာ သော ငြိမ်း၏ အမြင်ဝယ် တစ်စစ ဝေဝါးခဲ့ရ လေပြီ။

ဖြည်းဖြည်းညင်ညင် အသက်မှန်မှန်ရှူကာ အိပ်ပျော်နေသော အဖေ့မျက်နှာသည် အိပ်မ ပျော်ခင်ခဏဝယ် ဝေဒနာကို စူးစူးနစ်နစ် ခံ စားခဲ့ရကြောင်း အရိပ်အမြွက် ပြနေသည့်နှယ် တည်း။ ဝေဒနာသာမက သောကရိပ်တို့ တစ်စွ နဲ့တစ်စ တင်ကျန်နေရစ်သော မျက်နှာ။

ထိုမျက်နှာကိုပင် မျက်တောင် မခတ်တတ် တော့သလို ငြိမ်း ငေးနေပါသည် ။ အခြားသူ ဆိုလျှင်တော့ ငြိမ်းလို အကဲခတ်မိမည် မဟုတ်။ သွေးတတ်၍ အဖေ မူးလဲသည် ၊ ခုတော့ ဆေး ရှိန်နှင့် အိပ်ပျော်နေသည် ဟု သာ မြင်ကြလိမ့် မည်။ ငြိမ်းကတော့ သည့်ထက် မြင်ပါသည် ။ လတ်တလော ပေါ်ပေါက်ခဲ့သော အတိတ်ဖြစ်ရ ပ်တို့ သည် အဖေ့စိတ်အား ဒဏ်သင့်လွန်းမက သင့်စေခဲ့ပြီ ဖြစ်ကြောင်း ကောင်းစွာ မြင်ပါသ ည် ။ မြင်သည်နှင့်မျှ ရင်၌ ကျဉ်ရပေသည် ။

ငြိမ်းသည် အညာချည်စောင်ပါးလေးကို အ ဖေ့ခါးအထက်ပိုင်းအထိ ဆွဲယူလွှမ်းပေးလိုက် သည် ။ အိပ်နေကျ ပုံစံအတိုင်း လက်နှစ်ဖက် ကို ရင်ဘတ်ပေါ် ယှက်ကာ အိပ်နေပုံ၊ ဆံပင်ဖြူ

များ ရုံထားသော အရေးအကြောင်းတို့ ထင်း ရဲ့ ။ သို့သော် နောက်ဆုံးစိတ်သည် ငြိမ်း၏

ထင်းလင်းလင်း ပေါ်နေသော မျက်နှာသည် အသက်နှင့်စာလျှင် ပို၍ ရင့်ရော်နေပုံ။ အိပ်နေခိုက်မှာ ပင် မှိုင်းမှိုင်းနေသော ထိုမျက်နှာသည် ခုတော့လည်း ငြိမ်းအတွက် သနားစဖွယ် ကလေးငယ်တစ်ဦးကို ကြည့်နေရသည့်နှယ် ရင်၌ တလှိုက်လှိုက် ရှိရလေသည် ။

ခုတင်ဘေးက ခုံပုလေးထက်မှာ ငြိမ်း ထိုင်နေပါသည် ။ အခန်းမီးကို ဖွင့်ထားမြဲ။ အဖေသည် မီးဖွင့်ထားမှ အိပ်ပျော်တတ်သူ။ လေအေးပေးစက်ကို ဖွင့်မြဲလို ဖွင့်ထားရသည် ။

အမှန်တော့ အခန်းဆီ ပြန်သင့်ပြီ။ ကြီးကြီးသည် ပင် အိပ်မောကျနေလောက်ပြီ။ အဖေ့အနီး စောင့်အိပ်ရန် မလိုကြောင်းတော့ ငြိမ်းသိပါရဲ့ ။ စိတ်ချရပြီမို့ ထားခဲ့လို့ ရမှန်းလည်း သိပါ

ခြေများကို တုပ်နှောင်ဆဲ။

ခုနေသော တံခါးဖွင့်လိုက်လျှင်တော့ သောကကင်းသူများ ၏ အိမ်ညှော်ခန်းပမာ ဆိတ်ငြိမ်လှပနေပုံကို တွေ့ရလိမ့်မည်။

အမှန်မှာ ဖြင့် ညနေတုန်းက သည် လို မဟုတ်ချေ။ အဖေသည် တစ်မိသားစုလုံးအတွက် ပူပန်သောကများကို ရုတ်တရက် မူးလဲခြင်းဖြင့် ဆောင်ယူခဲ့ပေသည် ။

တွေးငေးနေသော ငြိမ်းသည် အင်းခနဲ မြည်သံရှည်နှင့်အတူ အဖေဆတ်ခနဲ လှုပ်လိုက်တာကြောင့် သတိမတ်လိုက်ရပါသည် ။ ရုတ်ခြည်းဆိုသလို အဖေ့ထံ အကြည့်ရောက်ရသည် ။ အဖေ့မျက်ဝန်းတို့ သည် စေ့ပိတ်ဆဲ။ အသက်ရှူသံမှန်မှန်နှင့် အိပ်ပျော်ဆဲ။ ခုန

က မြည်သံက အိပ်မက်ယောင်လိုက်တာလား၊
ဝေဒနာကြောင့် ညည်းတွားလိုက်သလား။

ငြိမ်းသည် လွန်ခဲ့သော သုံးနှစ်က သည် ခုတင်အနီး ခုလိုပင် ငုတ်တုတ်ထိုင်ကာ ဝေဒနာခံစားရသူအား စောင့်နေခဲ့ဖူးသည် ကို သတိရလာသည် ။ ထိုစဉ်တုန်းကတော့ အမေ။ အမေသည် ဝေဒနာကို ကာလရှည်စွာ မခံစားခဲ့ရရှာပေ။ အိပ်ရာပေါ် ရက်ရှည်မလဲရမီပင် ငြိမ်းတို့ကို နှုတ်ဆက်သွားခဲ့လေသည် ။

ခုတစ်ကြိမ် သည် နေရာမှာ ပဲ အနာရွတ်ကျန်ဆဲ။ အရှင်းပျောက်သေးသည် မဟုတ်။ မမြဲခြင်းတရားကိုတော့ သိနားလည်သော်ငြား အဖေ့ကို အဆုံးရှုံးမခံနိုင်သေးပါ။

အမေ မရှိသည့်နောက် အားကိုးစရာလူ မရှိတော့သလို ငြိမ်း ထင်ခဲ့ဖူးသည် ။ စိတ်ပိုင်းဆိုင်ရာအရ အဖေ့ကို အားမကိုး။ သည့် လိုပင်ခါးခါးသီးသီး တွေးခဲ့သည် ။ အရေးကြုံလျှင်တစ်ယောက်တည်းဟု အထင်ရောက်ကာ အားငယ်ခဲ့ဖူးသည် ။

ငြိမ်းတို့ အပေါ် ထားအပ်ခဲ့သော အဖေ့ချစ်ခြင်းမေတ္တာကို အတိတ်ဆိုးကတစ်ဆင့် သိခွင့်ရခဲ့ပြန်တော့လည်း နှစ်များ စွာ ဖွဲ့တည်ခဲ့သော အကျိတ်အခဲတို့ သည် အလုံးစုံ မဆိုနိုင်သေးစေကာမူ အတော်များများ တော့ ဇွေ့ရည်ဖွဲ့ အသွင်ပြောင်းခဲ့ကြပြီ။ အဖေ့ကို နားလည်စပြုခဲ့ပြီ။ တစ်နည်းဆိုရလျှင် ရင်နှင့်မြင်ခဲ့ပြီ။

သည် အချိန် ရောက်ခါမှ အမိ၊ အဖနှစ်ဦးအနက် တစ်ဦးတည်းသော ကျန်ရစ်သူကို ဆုံးရှုံးရလျှင်တော့ ငြိမ်း ရင်ကွဲဖို့ သာ ရှိပါလိမ့်မည်။ အ

ဖေ့မျက်နှာကို တစိမ့်စိမ့်ငေးရင်းက အမေ့မျက်နှာ ဖျတ်ခနဲ ပေါ်လာတော့ ရင်ခွင်တသူပမာ ကျိတ်၍ ရှိုက်လိုက်မိသည်။

ငြိမ်းသည် ခုတင်အောက်သို့ ကျလုလု ဖြစ်နေသော အဖေ့လက်ကို နေရာတစ်ချက် ပြင်ပေးကာ၊ မီးပိတ်ကာ အခန်းထဲက ထွက်လာပါသည်။

လောလောဆယ်တော့ အိပ်ခန်းထဲ ပြန်မဝင်လိုသေးပါ။ အိပ်လိုစိတ် မရှိသေးဘူး ဆိုတာထက် နေ့ခင်းဆီက ရုတ်ခြည်း ပေါ်ပေါက်သော အဖေ့ကျန်းမာရေးကြောင့် ရွှေ့ဆိုင်းထားခဲ့ရသည့် အလုပ်တစ်ခုသည် ငြိမ်း၏ စိတ်ကို ကြိုးနှင့်ဆွဲထားသလို နှောင်တင်းလျက်ရှိပြီ။ ခုနေခါတော့ လူခြေတိတ်ချိန် မဟုတ်လား။ သည့်ထက် သင့်တော်သောအချိန် မရှိပြီ။

ငြိမ်းသည် စာအုပ်စင်အနီးသို့ လျှောက်လာသည်။ နေ့ခင်းတုန်းက ပါဆယ်လာပို့သူ ပြန်ချိန်၊ အထုပ်ငယ်ကို ဖြေလိုက်ချိန်၊ ပထမဆုံး စာမျက်နှာကို လှပ်မိချိန်မှ စကာ လူကို အတုန်တုန် အလှုပ်လှုပ် ဖြစ်စေခဲ့သည့် အညိုရောင် မှတ်တမ်းစာအုပ်အား စာအုပ်များ အကြားမှ ဆွဲထုတ်လိုက်ပါသည်။

***

ကြည်ပြာ့မှတ်တမ်း

အဲဒီနေ့က မောင်လေး ပြန်မလာဘူး။

အဲဒီနေ့ဆိုတာ မေလ ၂၂ ရက်။ ၁၉၉၈ ခုနှစ် မေလ ၂၂ ရက်။

မောင်လေး ပြန်မလာဘူးဆိုတာ ငါတို့ သ

တိထားမိတော့ ညနေ အတော်စောင်းနေခဲ့ပြီ။ ခြံ့ဆိုပေမယ့် ငါတို့ ခြံ မဟုတ်ဘူး။ ငါတို့ အ

မေလ ဆိုပေမယ့် အဲဒီတုန်းက ရာသီဥတုက နွေးတေးတေးနဲ့ နေလို့ ကောင်းရုံပါပဲ။ ငါ မှတ်မိသမျှတော့ အဲဒီနေ့က ရာသီဥတုကလည်း အတော်ကြည်ကြည်လင်လင်ပဲ။ တစ်နေကုန် နေသာတယ်။ ကောင်းကင်က ပြာပြာလွင်လွင်။ တိမ်မျှင်စ နည်းနည်း။ ညနေစောင်းပြန်တော့ ခြံထဲက လှမ်းကြည့်ရင် မြင်ရတဲ့ အနောက်ဘက် ကောင်းကင်မှာ တိမ်တွေ သိပ်လှနေတာ ငါ မှတ်မိတယ်။

တကယ်တော့ ဆောင်းရာသီ ညနေခင်းတို့၊ နွေရာသီ ညနေခင်းတို့ ဆိုတာ ငါ့အတွက်တော့ ပန်းပင်တွေနဲ့ တွဲပြီး မှတ်မနေရတာမျိုးပဲ။ ညနေဆိုရင် ခြံထဲမှာ ငါက ပန်းပင် ရေလောင်းရတာကိုး။

ဘွားခြံ။ ငါတို့ မြိုင်သာယာ မြေမျက်နှာသွင်ပြင်လိုပဲ အဘွားခြံဟာ မြေပြင် အနိမ့်အမြင့် မညီဘူး။ ခြံက တော်တော်ကျယ်ကျယ် ။ ခြံဝဘက်မှာ မြေပြင်က နည်းနည်းမြင့်ပြီး နောက်ဘက်ပိုင်းကျတော့ နိမ့်ဆင်းသွားတာမျိုး။ မြေပြန့်ပြန့်ကျယ်ကျယ် ဆိုတာ ခြံရှေ့မှာ တမင်ပြုပြင်ပြီး ညှိယူထားတဲ့ တစ်နေရာပဲ ရှိတယ်။ အဘွားကတော့ ဘာလို့ ပြင်ထားတယ် မသိဘူး။ ငါတို့ အတွက်ကတော့ အဲဒါ ကစားကွင်းပဲ။

ဆိုပါတော့ ၊ အဲဒီနေ့က နေနည်းနည်းကျလာတဲ့ အခါ ငါ ရေလောင်းလို့ ပြီးပြီ။ မောလို့ ခဏရပ်ပြီး ပန်းခြံကို ငေးနေတယ်။ အမှန်တော့ ရေလောင်းတယ်ဆိုတာ တယ်လွယ်တဲ့ အလုပ်တော့ မဟုတ်ဘူး ။ ရေတွင်းက ခြံအ

နောက်ဘက်မှာ ရှိတာဆိုတော့ ခြံအလယ် မကျတကျမှာ ရှိတဲ့ ပန်းခြံကွက်ကို ရောက်ဖို့ ရာ ပြေပြေလေး မြင့်လာတဲ့ လမ်းကို ငါ တက် လာရတာကိုး။ ရေပုံးနှစ်ပုံးကို သံကိုင်းမှာ ချိတ်ပြီး ထမ်းပိုးနဲ့ ထမ်းယူလာရတာ။ ပြီးတော့ ဖလားနဲ့ ပန်းပင်လိုင်း တစ်လိုင်းချင်း လောင်းရတာ။ ပန်းခြံကလည်း အကျယ်ကြီးတော့ မဟုတ်ပါဘူး။ တစ်နိုင်ပါပဲ။

ငါက ပန်းပင်စိုက်ရတာ၊ မြက်နုတ်ရတာကျတော့ အဘွားလို စိတ်မရှည်ဘူး။ ဒါပေမဲ့ ရေလောင်းရတာတော့ အင်မတန် စိတ်ရှည်တာ။ ဖလားက ကျလာတဲ့ ရေကို ပန်းပင်နဲ့ တိုက်ရိုက်မတွေ့စေဘဲ လက်ဝါးနဲ့ ခံပြီး ပုံမှန်လေး လောင်းရတာ အဲဒီလိုမျိုး။ ရေတစ်ထမ်းပြီး တစ်ထမ်း ထမ်းရတဲ့ အခါကျတော့လည်း ပန်းပင် ရေလောင်းတဲ့ ကိစ္စ ပြီးပြီဆို ငါ့မှာ မောပြီး ကျန်ခဲ့တော့တာပဲ။ ပခုံးတွေ နာပြီး ကျန်ခဲ့တော့တာပဲ။

အဲဒီညနေက ရေပုံးကို ခြံစည်းရိုးနား ကပ်ချပြီး လက်နှစ်ဖက် ခါးထောက်ပြီး နားရင်း ငေးနေတာ ဘယ်လောက် ကြာသွားတယ် မသိဘူး။ 'ကြည်ပြာရေ' ဆိုတဲ့ အဘွားခေါ်တဲ့ ကြားတော့မှ ပဲ ငါ အိမ်ဘက်ဆီ ပြန်လျှောက်လာခဲ့တယ်။ အဘွားအိမ်က ခြံရဲ့ ဘယ်ဘက်ထောင့်မှာ ရှေ့ဘက်ကို ၁၀ ပေလောက်ပဲချန်ပြီး ဆောက်ထားတာဆိုတော့ ပန်းခြံကနေ အိမ်ဘက်ကိုလည်း လမ်းပြေပြေလေးအတိုင်းပဲ တက်လာခဲ့ရပြန်တယ်။

အဘွားက အိမ်အနောက်လှေကားထိပ်မှာ ရပ်နေတယ်။ အိမ်က အရှေ့၊ အနောက် လှေ

ကားနှစ်ခု အပြိုင်ရှိတဲ့ အိမ်မျိုး။ ခြေတံမရှည့်တရှည် ပျဉ်ထောင်အိမ်၊ သက်ငယ်မိုးတဲ့ အိမ်ခပ်သေးသေးပါပဲ။

'ကြည်ပြာ နှင့်မောင်လေး ခုထိ ပြန်မလာသေးဘူးကော'

'ဟုတ်သားပဲ' လို့ ပြောရင်း ခြံဝဘက် ငါ လှမ်းကြည့်တယ်။ ခြံဝကလည်း အိမ်ကနေ မလှမ်းမကမ်းမှာ ။ လှမ်းတော့ မြင်နေရတယ်။ ခါတိုင်းဆို မောင်လေးဟာ ညနေ နေသိပ်မကျခင် ပြန်လာနေကျပဲ။ ဒီလို တိမ်တောက်ချိန်ဆို သူ့စက်ဘီးဘဲလ်သံလေး ကြားရပြီ။ ခြံတံခါးဆိုတာ ဝါးလုံး ငါးလုံးလောက် ဟိုဘက် ဒီဘက် ကန့်လန့်ထိုးထားတာမို့ ဝါးလုံးတွေကို ဆွဲလိုက်တဲ့ အသံ ကြားရပြီ။ ရေခဲချောင်းပုံးလေး တင်ထားတဲ့ စက်ဘီးကို ခြံဝကနေ အိမ်အထိ စီးချလာပြီ။

ခုတော့ နေတောင် အတော်ကျသွားပါပကော။ အလင်းရောင်တော့ ကျန်နေတုန်းပါပဲ။ ဒါပေမဲ့ မကြာခင် နေဝင်တော့မှာ ။ ဒီ နှစ်လကျော်ကျော် သုံးလလောက်အတွင်း နေဝင်တဲ့အထိ သူ ဘယ်တုန်းကမှ နောက်မကျဖူးပါဘူး။ ငါ မျက်မှောင်ကြုတ်လိုက်မိတယ်။ အိမ်ကို တန်းတန်းမတ်မတ် မပြန်ဘဲ ဘယ်ဝင်နေပြန်တယ် မဆိုနိုင်ဘူး။ ဟောဟို အောက်ချိုင့်ဘက်ကွင်းပြင်မှာ ဘောလုံးကန်နေတာ တွေ့လို့ များဝင်ကန်နေရော့သလား။ ဒီကလေးဟာလေ ...။

အပြစ်တင်စကား ပြောဖို့ ပြင်ပြီးခါမှ ငါ သတိရသွားတယ်။ တကယ်တော့ မောင်လေးတာရာဟာ ကလေးပဲ ရှိသေးတာပဲ။ အခုမှ ၁၄ နှစ်ထဲဝင်တာ မဟုတ်လား။ ဒီအရွယ်ဆိုတာ

သူများ အိမ်က ကလေးတွေဆို ဆော့လို့ ကစားလို့ ကောင်းတုန်းအရွယ် မဟုတ်လား။ သူမှာတော့ ကလေးတန်မဲ့နဲ့ ကျောင်းစရိတ် ရှာဖို့ တဲ၊ ရေခဲချောင်းပုံးလေး တင်ပြီး ခရီးဝေးအထိ စက်ဘီး နင်းနေရရှာတယ်။

မောင်လေး မျက်နှာလေး ပြေးမြင်တော့ ဆူဆူပူပူ ပြောမိမယ့်စကားတွေဟာ ငါ့ပါးစပ်ကနေ ကြက်ပျောက် ငှက်ပျောက်ပဲ။ 'ခဏနေရင် သူ ပြန်လာမှ ပ အဘွားရယ် စိတ်မပူနဲ့' လို့ ငါ နှစ်သိမ့်ပြော ပြောမိတယ်။

'နေကျနေလို့ ပူတာပဲ၊ မှောင်ရင် လမ်းမီး မရှိ ဘာမရှိ ဘယ်လို ပြန်လာမလဲ'

အဘွားက ပြောရင်းဆိုရင်း အနောက်လှေကားနဲ့ ကပ်ရက် မီးဖိုခန်းထဲ ဝင်သွားတယ်။ အဘွား နောက်ကျောကို ငေးနေရာကနေ ခြံဝဘက် ငါလှမ်းကြည့်မိပြန်တယ်။ ကလေးတစ်ယောက်ရဲ့ ရယ်သံဟာ လမ်းမ မြေပြင်ကျယ်ကနေ ပေါ်လာတယ်။ ခုနေ သွားကြည့်ရင် မောင်လေး အရွယ်၊ မောင်လေးထက ငယ်တဲ့ အရွယ်တွေ ကစားနေတာကို ငါတွေ့ရမှာ ပဲ။

အမှန်တော့ ဒီလို နွေရာသီမှာ သူလည်း ကစားနေရမှာ မဟုတ်လား။ ငါ စာဖတ်နေတဲ့ ဘေးမှာ သူ ဖတ်ချင်တဲ့ စာအုပ်လေးတွေ ဆွဲလာပြီး ဖတ်နေရမှာ မဟုတ်လား။

နှစ်တိုင်းလည်း နွေနေ့လယ်ခင်းတွေဆို ဒီလိုပဲ ငါတို့ ဖြတ်သန်းနေကျ။ ညနေဆို ခြံထဲမှ ရေအတူလောင်းနေကျ။

ဒီနှစ်တော့ မောင်လေးက စိတ်ကူးပြောင်းခဲ့တယ်လေ။

***

မနေ့စ်က ဆောင်းဦးပေါက်ကတည်းက မောင်လေး တာရာက ကျောင်းပိတ်ရင် အလုပ်တစ်ခုခု လုပ်မယ်လို့ ပြောလာတယ်။ သူ အဲဒီလိုပြောပြောချင်းငါ ရယ်တာပေါ့။ အံမယ် ... သူ့အရွယ်နဲ့ သူပြောတဲ့ စကားက မအပ်မစပ်မဟုတ်လား။ လူ ကြည့်လိုက်တော့လည်း ပိန်သာပိန်ရင် ပိုးဟပ်ဖြူလေးလို ဖြစ်နေမှာ ပဲ။ ငါ့ထက်တောင် ဖြူနုချင်သေးတယ်။

"တကယ် မမရဲ့ ၊ ကျွန်တော် အလုပ်လုပ်မှာ "

"ဘာလုပ်မလဲ ပြောပါဦး"

နေ့ခင်းဆို အိမ်အောက်ဘက်မှာ ငါတို့ စာဖတ်နေကျလိုပဲ အဲဒီနေ့ကလည်း စာအတူ ဖတ်နေတာ။ ငါက မဂ္ဂဇင်းတစ်အုပ်ကို ဖတ်နေတာ နဲ့ အထပ်ထပ် လိမ်းညှိထားတာမို့ သမံတလင်းလို ချောပြောင်နေတဲ့ မြေကြီးပေါ်မှာ ဖျာကြမ်းခင်းပြီး နှစ်ယောက်သား ဇိမ်ကျနေတဲ့ အချိန်ပေါ့။

ပထမတော့ သူ နောက်တယ်ပဲ ငါ ထင်ခဲ့တာ။ ဒါပေမဲ့ တကယ်ပြောနေတယ် ထင်ရတဲ့ မျက်နှာပေးကြောင့် ငါ ဖတ်လက်စ စာအုပ်ကို လက်ညှိုးညှပ်ပြီး ပိတ်လိုက်တယ်။ ပြီးတော့ အဖြေရှာ အကဲခတ်ကြည့်နဲ့ သူ့ကို ကြည့်မိတယ် ။သူကတော့ ဖတ်လက်စ ကာတွန်းစာအုပ်လေးကို ဖြန့်လျက်သား။ ဖျာကြမ်းပေါ်က မှောက်လျှားထိုး အိပ်ရင်း ခေါင်းအုံးပေါ် မေးလေးတင်ထားတယ်။ စိတ်ကူးတွေ ကြိုယဉ်နေတယ် ထင်ပါရဲ့ ။ ပြုံးလို့ ရွှင်လို့ ။

"အံမာ -နင် ရေခဲချောင်း ဘယ်နား သွားရောင်းမလဲပြော"

"ဒီလိုပဲ ကျောက်ရောင်းမှာ ပေါ့ မမရာ၊ ကျွန်တော်သူများ တွေ ရောင်းတာ ကြည့်ထားပါတယ်၊ မေးလည်း မေးထားပါတယ်"

ငါ တဟားဟားပဲရယ်မိတယ်။

တကယ်တော့ ပိုက်ဆံရှာချင်စိတ်ဟာ သူ့မှာမှ မဟုတ်ဘူး ။ ငါ့မှာ လည်း ရှိတာပဲ။ ဒီစိတ်က ငါတို့ ရဲ့ ဘဝပေးအသိက လာတာပဲ ဖြစ်မှာ ။

အဖေနဲ့ အမေဟာ ဝင်ငွေကောင်းတဲ့ သူတွေ မဟုတ်ဘူး ။ ဆရာ၊ ဆရမတွေ။ ပြီးတော့ တောခေါင်ခေါင်က ဆရာ၊ ဆရာမတွေလေ။ အဖေတာဝန်ကျတာက ငါတို့ မွေးရပ်ဇာတိရွာမှာ ။ အမေကတော့ ငါတို့ ရွာကနေ ငါးမိုင်လောက် ဝေးတဲ့ ရွာက မူလတန်းကျောင်းမှာ တာဝန်ကျတဲ့ သူ။ ငါတို့ နှစ်ယောက်ကျပြန်တော့ နွေနှစ်လလောက်နဲ့ ကျောင်းဖွင့်ချိန်တစ်လျှောက်လုံး အဘွားအိမ်မှာ မို့ စားအိုးသုံးအိုး ကွဲသလို ဖြစ်နေတာ မဟုတ်လား။

အဘွားအိမ်အတွက် လတိုင်း ဝန်ထမ်းဆန်ရယ်၊ ပိုက်ဆံရယ် အဖေ လာပို့တတ်တယ်။ တစ်ခါတလေ အမေ လာတတ်တယ်။ မပြန်ခင် ငါတို့ မောင်နှမကို မုန့်ဖိုးလေး နည်းနည်းပါးပါး ပေးတတ်တယ်။ အဲဒီပိုက်ဆံမျိုးကို ကျစ်ကျစ်ပါအောင် ဆုပ်ထားတတ်တာ ငါတို့ ငယ်ငယ်ကတည်းကပဲ ။ မုန့်စားဖို့ လားဆိုတော့ မဟုတ်ဘူး ။ ခဲတံတို့ ၊ ဘောပဲန်တို့ ၊ စာအုပ်တို့ ဝယ်ချင်တဲ့ အခါ သုံးရတယ်၊ မောင်

လေးရော့ ငါရော ကျောင်းမုန့်ဈေးတန်းကို သိပ်မရောက်ဖူးကြဘူး။

ဒါတောင် ငါတို့ နှစ်ယောက် အတန်းကြီးလာလေလေ စရိတ်က ပိုတက်လေလေ။ ငါဆို ဒီနှစ်က စပြီး ကျူရှင်တက်ရတယ်။ သူများတွေက ခုနစ်တန်းလောက်ကတည်းက တက်ပေမယ့် ငါ မတက်နိုင်ခဲ့ဘူး။ မပူဆာခဲ့ဘူး။ ကိုးတန်းရောက်တော့ အဖေက တက်ဆိုတော့လည်း တက်ရပြီပေါ့။ အင်း ..... ဆယ်တန်းလည်း တက်ရဦးမှာ ပါပဲ။

ဒီကြားထဲ ငါတို့ အပိုဝင်ငွေလေး ရအောင် ဘာလုပ်တုံးဆို ဘယ်ရာသီမဆို အဘွားခြံက သစ်ပင်၊ ပန်းပင်တွေနဲ့ ပဲ အလုပ်များကြတာပဲ။ နှင်းဆီတွေ၊ ဂန္ဓမာတွေကတော့ အဘွားကိုယ်တိုင် ရောင်းတာ။ စံပယ်တို့ ၊ ခွန်ပန်းတို့ ကျတော့ ငါတို့ မောင်နှမ ခူးရတယ်။ ခရေပွင့် ကောက်ရတယ်။ သိပြီး ဈေးမှာ သွားရောင်းကြတယ်။ ကံကော်ပွင့်ရင်လည်း ချိုးရောင်းကြတယ်။

မန်ကျည်းရွက် နုချိန်များ ဆို ခြံနောက်ဘက် စည်းရိုးတစ်လျှောက်က မန်ကျည်းပင်ကြီး ငါးပင်ပေါ် မျောက်တွေလို ငါတို့ တက်ကြတာပဲ။ မန်ကျည်းသီး သီးချိန်ဆိုလည်း အဲဒီလိုပဲ။

ကျောင်းဖွင့်ရက်ဆို ဖောက်သည် ပေးပြီး ပြန်ပြန်လာကြတယ်။ ကျောင်းပိတ်ရက်တော့ အံမယ်... ကိုယ်တိုင် ထိုင်ရောင်းကြတာ။ တွေ့တဲ့ နေရာလွတ်မှာ ပလတ်စတစ်လေး ချခင်းပြီး ရောင်းကြတာ။ ဈေးထဲက ဈေးသည် တွေဆို ငါတို့ ကို သိပ်သဘောကျတာပေါ့။ ချစ်စရာလေးတွေလို့ သူတို့ ပြောတတ်တယ်။ ငါ ပိုက်

ထင်ပါ့။ မောင်လေးလည်း ရှစ်နှစ်၊ ကိုးနှစ်မှာ ငါ့ခြေရာ နင်းတာပဲ။

ဒါပေမဲ့ ဒီလောက်ပါပဲ။ သစ်ပင် ပန်းပင်တွေထက် ပိုပြီး ငါ ချဲ့ကားမတွေးခဲ့ဖူးဘူး။ ခြံအပြင်ဘက်မှာ ပိုက်ဆံရှာရဖို့ မတွေးဖူးဘူး။ ဒါပေမဲ့ မောင်လေး တာရာကတော့ အတည်ပြောနေပါပကော။

"ကျွန်တော် တကယ် ရောင်းမှာ ၊ ရေခဲချောင်းပုံးတို့ ဘာတို့ ဘယ်လို ယူရတာလဲ ဆိုတာတောင် မေးပြီးနေပြီ"

"အံမာ ရောင်းတော့ နင် ဘယ်လို သွားရောင်းမလဲ"

"လမ်းလျှောက်ရောင်းမှာ ပေါ့"

"ဒီကနေ မြို့ထဲအထိ တစ်ခါ လျှောက်ရမယ် ၊ မြို့ထဲကနေ ဒီကို တစ်ခါ ရေခဲချောင်းသယ်ပြီး ပြန်လာရောင်း၊ အဲဒီလိုလား၊ အဝေးကြီးပဲကော"

ဒီတော့ မောင်လေးက ရယ်တယ်။

"မမကလည်း မြို့ထဲက ရပ်ကွက်တွေထဲ ဝင်ရောင်းမှာ ပေါ့၊ ညနေမှ ဒီပြန်လာမှာ ပေါ့"

"နင် ရောင်းမယ်ဆိုတော့ ဟုတ်ပြီပေါ့ အေး၊ ဒါပေမဲ့ အဖေ့ကို ပြောပြီးပြီလား"

ငါတို့ မိသားစုမှာ ဘာမဆို အဖေ့ဆီကပဲ ခွင့်တောင်းရတာ၊ အဖေကပဲ ဦးဆောင်ဆုံးဖြတ်တာပဲ။ အဖေက စိတ်ထက်တယ်။ ပြတ်တယ်။ အမေကတော့ သိပ်အေးတဲ့ သူပါ။

"အဖေ ဟိုတစ်လ လာတုန်းက ပြောလိုက်

တဲ့ ၊ ဘာလုပ်မလဲတဲ့ ၊ ကျွန်တော် ကျူရှင်လခ စုချင်လို့ လို့ ၊ ရှစ်တန်း ရောက်ရင် ကျူရှင်တက်မယ်လို့ ပြောလိုက်တော့ စဉ်းစားနေပြီး အေး နည်းနည်းပါးပါးပဲ ရောင်းတဲ့ ၊ အဖေလည်း ပေးမှာ ပဲတဲ့ "

အဖေ ဘာကို စဉ်းစားနေတယ် ဆိုတာ ငါ သိတာပေါ့။ ငါက ဆယ်တန်း တက်ရတော့မှာ မဟုတ်လား။ ငါ့ကျူရှင်စရိတ် ရှိနေတဲ့ အချိန်မှာ မောင်လေးကို ဘယ်လိုမှ ကျူရှင်စရိတ် ထောက်နိုင်ဦးမှာ မဟုတ်ဘူး ဆိုတာ အဖေ သိမှာ ပဲ။ ဒီတော့လည်း မောင်လေးကို ခွင့်မပြုချင်လည်း ခွင့်ပြုလိုက်ရမှာ ပေါ့။ သူ့သားလေး နေပူစပ်ခါးထဲ ရေခဲချောင်းပုံး လွယ်ပြီး တလည်လည် လိုက်ရောင်းနေမှာ ကို အဖေ စိတ်ကောင်းမှာ မဟုတ်ဘူး ။

ငါကတော့ အဲဒီတုန်းက စိတ်မကောင်းဘူး ဘာညာလည်း မတွေးမိပါဘူး။ ကလေးအရွယ်ကတည်းက ကိုယ့်ဘဝအသိနဲ့ ကိုယ် ပိုက်ဆံရှာဖို့ လိုတယ်လို့ နားလည်တတ်ခဲ့သူတွေ ဆိုတော့လည်း မောင်လေးတာရာ အခုလို အလုပ်လုပ်မယ် ဆိုတာက ငါ့အတွက် စိတ်မကောင်းစရာကိစ္စ မဟုတ်ဘူး လိုပဲ။

"စာမေးပွဲပြီးရင်တော့ နည်းနည်း ချမ်းနေဦးမှာ ဆိုတော့ အင်း.... ကျွန်တော် သုံးလပိုင်း ဝင်တာနဲ့ စရောင်းမယ် သိလား မမ"

တကယ်ပဲ နွေဦးပေါက်တာနဲ့ မောင်လေး တာရာဟာ သူနဲ့ ကစားနေကျ အဖော်တစ်သိုက်ရယ်၊ ကစားကွင်း လုပ်ကြတဲ့ မြေပြင်ကျယ်

လေးရယ်ကို ထားရစ်ခဲ့တော့တာပါပဲ။ စာအတူဖတ်နေကျ၊ ပန်းခြံ ရေအတူလောင်းနေကျ အစ်မကို ထားရစ်ခဲ့တော့တာပါပဲ။ မနက် မနက်ဆို ခပ်သုတ်သုတ် ထွက်သွားတဲ့ မောင်လေးကို မြင်ကြရတယ်။ ညနေဆိုရင် ခြံတံခါးက ဝါးလုံးတွေ ဆွဲဖွင့်သံ ကြားတာနဲ့ သူ ပြန် လာပြီပဲ။

ပထမ တစ်ရက်၊ နှစ်ရက်လောက်တော့ မြို့ထဲ ရပ်ကွက်တွေမှာ သူ ခြေကျင် လည်ရောင်းလိုက်သေးသတဲ့ ။ တစ်လမ်းဝင်၊ တစ်လမ်းထွက် လျှောက်ရတာ မဟုတ်လားကွယ်။ ပြန်လာတော့ သူ့ခြေထောက်လေးတွေ ရောင်လို့ ။ ပိုက်ဆံရတော့လည်း ခြေနာရက်နဲ့ မနာတတ်သလို ပြုံးလို့ ။

ကျွန်တော့်ကို စက်ဘီး ငှားပါလား မမရယ်တဲ့ ။ စက်ဘီးနဲ့ လည်ရောင်းရရင် ကောင်းမှာပါ ဝေးဝေးလည်း သွားနိုင်မယ်၊ ပိုလည်းရောင်းရမယ်၊ မြို့ထဲမှာ ကျတော့ ရောင်းတဲ့ သူများ တော့ သိပ်ရောင်းမကောင်းဘူးတဲ့ ။

တကယ်တော့ ငါတို့ အိမ်မှာ စက်ဘီးက တစ်စီးဘဲ ရှိတာ။ ပြောရရင် ငါ့စက်ဘီးပေါ့လေ။ ဒါတောင် အဖေက အသစ် ဝယ်ပေးနိုင်တာ မဟုတ်ဘူး ။ တစ်ပတ်ရစ် ဝယ်ပေးထားတာ။ ဒီစက်ဘီးနဲ့ ပဲ မြို့ထဲက ကျူရှင်ကို ငါသွားရတာ။ ကျောင်းကတော့ အိမ်နဲ့ နီးတော့ လမ်းလျှောက်ပေါ့။ စက်ဘီးတစ်ယောက်တစ်စီး ဝယ်မပေးနိုင်သေးတော့ စက်ဘီးပိုင်ရှင်ဟာ ငါပဲပေါ့။ မောင်လေးကိုတော့ နောက် ကိုးတန်းတက်တဲ့ အခါ ဝယ်ပေးမယ်လို့ အဖေ ပြောဖူးတယ်။ အဲဒီတော့ မောင်လေးက စက်ဘီးလက်မဲ့။

အဲဒီအချိန်တုန်းက ငါဟာ ဘယ်လိုစိတ်မျိုး

ပေါက်နေခဲ့သလဲ မဆိုနိုင်ဘူး။ မောင်လေး ခြေထောက် ရောင်နေတာကို မြင်နေတာပဲ။ မသနားဘူးလားဆို သနားတာပဲ။ ဒါပေမဲ့ ဒီတစ်နွေလုံး သူ စီးလိုက်လို့ ငါ့စက်ဘီးလေး ပျက်သွားမှာ ၊ ကျောင်းဖွင့်ချိန်ကျ ငါ့မှာ စက်ဘီးမရှိမှာ ကို ပိုလို့ ပူနေတယ်။ 'မငှားဘူးဟယ်' လို့ ပြောလိုက်မိတယ်။ မောင်လေးက ထပ်ပြောရှာတယ်။ ငါကလည်း ခေါင်းမာမာနဲ့ ဟင့်အင်းပဲ။

နောက်ရက်ကျတော့ မောင်လေး ပြန်လာတဲ့ အခါ ခြေထောက်လေးတွေက ပိုနာနေရှာပုံပဲ။ ဒါပေမဲ့ ဖွဲ့တော့ ခက်တုန်းပဲ။ သူ မြတ်တဲ့ ပိုက်ဆံလေးတွေ သိမ်းရင်း၊ ငါတို့ ကို အတွေ့အကြုံတွေ ပြောပြရင်း ပျော်နေပုံပဲ။ နေပူကြီးထဲ ခြေကျင်သွားနေရပါလားလို့ ငါ တွေးမိပါသေးတယ်။ ဒါပေမဲ့ စက်ဘီးကျတော့ ပေးချင်သလားဆို မပေးချင်ပြန်ဘူး။

နောက်ပိုင်း ပြန်စဉ်းစားကြည့်တဲ့ အခါကျတော့ လူတွေဟာ ကိုယ်တိုင် မရှိနွမ်းပါးတဲ့ အခါ ဘေးလူဒုက္ခဆိုတာကို မြင်ရက်နဲ့ မျက်နှာလွှဲလို့ နှလုံးသား ကင်းသယောင် ဖြစ်လာရတယ်ဆိုတာအမှန်ပဲလို့ ငါ တွေးမိတယ်။ အဲဒီတုန်းက မောင်လေးကို သနားတာထက် နောက်ထပ်မဝယ်နိုင်လောက်မှာ သေချာတဲ့ စက်ဘီးကိုပဲ ငါ ပိုမက်နေခဲ့တာ မဟုတ်လား။ ငါ့ဘဝမှာ မောင်လေးနဲ့ ပတ်သက်ရင် ဘယ်တော့မှ မေ့မရတဲ့ နောင်တထဲ အဲဒီစက်ဘီးက ထိပ်ဆုံးကပါတယ်။

ထားပါတော့လေ။ နောက်ဆုံးတော့ မနေနိုင်တဲ့ အဘွားက သွားပြောပေးတာနဲ့ ဟိုဘက်ရ

ပ်ကွက်မှာ တင် နေတဲ့ အဖေ့အစ်ကို ငါတို့ ဘကြီးက သူ့စက်ဘီးအဟောင်းတစ်စီး ငှား ပေးတယ်။ ဒီစက်ဘီးနဲ့ ရောင်းပေါ့၊ နွေကုန် တော့မှ ပြန်ပေးပေါ့တဲ့ ။

အဲဒီနေ့က စလို့ မနက်မနက်ဆိုရင် အိမ်နား ကနေ ခြံဝအထိ စက်ဘီးတွန်းသွားတတ်တဲ့ မောင်လေးကို တွေ့ကြရတယ်။ ဟော...ညနေ ညနေဆိုရင် စက်ဘီး ကလိုင်သံလေး ခြံဝက ပေါ် လာပြီဆိုရင် သူ ပြန် လာပြီလို့ ငါတို့ သိကြရတယ်လေ။

***

'ကြည်ပြာရေ၊ နင့်မောင်လေး မလာသေး ဘူးကော'

အိမ်နောက်ဖေး ရေစင်မှာ ငါ ပန်းကန်ဆေး ရာကနေ မီးဖိုခန်းဘက် လှည့်ကြည့်တယ်။ အ ဘွားရယ် လှေကားထိပ်ကို ထွက်သွားပြန်ပြီ။ မှောင်ရီဖျိုးဖျမှာ ရေးရေးလောက်ပဲ မြင်ရတော့ တဲ့ ခြံဝကို မျှော်ကြည့်နေပြန်ပြီ။

ရေစိုနေတဲ့ လက်တွေကို ငါ ခါလိုက်တယ်။ လုံချည်အနားနဲ့ သုတ်တယ်။ ရေစင်ကနေ လှမ်းကြည့်ရင်လည်း ခြံဝကို မြင်ရတယ်။ ခြံတံ ခါးက ဝါးလုံးတွေဟာ တိတ်ဆိတ်ငြိမ်သက်လို့ ။ အိမ်ရှေ့လမ်းပေါ်မှာ ကစားတဲ့ ကလေးတစ် သိုက်အသံလည်း ဆိတ်ခဲ့ပြီ။ အိမ်ကလေးတွေ ဆီက မီးရောင်မှုန်မှုန် လက်နေပြီ။ မောင်လေး တာရာ၊ မောင်လေးတာရော ဘာလို့ ပြန်မလာ သေးတာပါလိမ့်။

'ရော် ဒီကလေး ရှာပဲ ပြန်သွားပြန်ပြီလား

နော်' လို့ ညည်းပြောပြောရင်း အဘွားက လေ

ကားထိပ်ကနေ ခွာလာတယ်။

ဪ .... ဟုတ်ပေသားပဲ။ ရွာပြန်ရင် ပြန်သွားနိုင်တယ်လို့ ငါဘာလို့ မစဉ်းစားမိတာပါလိမ့်။ အခုတစ်လော မောင်လေး ရောင်းနေတဲ့ ရွာစဉ်တစ်လျှောက်ဟာ ငါတို့ ရွာဆီကုန်းကြောင်းက ပြန်လို့ ရတဲ့ လမ်းပေါ်မှာ ရှိတာ မဟုတ်လား။ မြို့သစ်ကျော်ရင် ဟိုဘက် နှစ်ရွာလောက် ကျော်လိုက်ရင် ငါတို့ ညောင်ပင်သာကို ပြန်ရောက်ရော မဟုတ်လား။

တစ်လောတုန်းကလည်း သကြံန်အပြီး ထင်ပါရဲ့ ။ အမေ နေမကောင်းဘူးလို့ ငါးပိငါးခြောက် လာပို့တဲ့ ရွာလူကြုံဆီက စကားတစ်ခွန်းလောက် အမှတ်တမဲ့ ထွက်ကျတာကို မှတ်ထားပြီး ရေခဲချောင်း ရောင်းပြီးတဲ့ အခါ မြို

ငသာယာ ပြန်မလာဘဲ ရွာကို ဆက်ပြီး သွားလိုက်သေးတာ။ သူ့မို့ ဒီလောက် အဝေးခရီးကို မမောနိုင် မပန်းနိုင် စက်ဘီးနင်းသွားနိုင်တာ အံ့ဩပါရဲ့ ။

ငါတော့ဖြင့် အဲဒီလမ်းတောင် မဟုတ်ဘူး ၊ လမ်းပိုတိုတဲ့ ချောင်းရိုးရွာတွေဘက်က သွားရတဲ့ လမ်းကနေ နှစ်ခါလား နင်းဖူးတယ်။ ရွာကိုရောက်တဲ့ အခါ ခြေလက်တောင် သယ်ချင်စိတ် မရှိဘူးထင်တယ်။ နောက်နောင်များ တော့ စက်လှေနဲ့ ပြန်တာပဲ။ မောင်လေးကရော သွားတဲ့ ကားလမ်းအတိုင်း ပြန်ရလို့ ကတော့ ရွာမရောက်ခင် လျှာ အလျားလိုက် ထွက်ကျမှာ ပဲ။

'ဟုတ်ပ ၊ ရွာပြန်သွားပြီ ဖြစ်မှာ ၊ ပြီးရင် မနက်ကျတော့မှ မျက်နှာ ပြုံးဖြဖြနဲ့ ကျွန်တော်ညက ရွာပြန်သွားတယ် လာလုပ်ဦးမှာ ၊ အဲဒီ

ပြောသာပြောရတယ်။ အဘွားက တာရာ့ကို လက်ဖျားနဲ့ တောင် တို့ မှာ မဟုတ်ဘူး ဆိုတာ ငါ သိပါရဲ့ ။ အဲဒီတစ်ကြိမ် ရှာပြန်တုန်းကလည်း လူမတွေ့ခင်တုန်းကသာ 'လာပေ့စေ၊ မှတ်လောက်သားလောက်အောင် ဆုံးမလိုက်မယ်' တွေ ဘာတွေ လုပ်နေတာ၊ သူ့မြေးမျက်နှာလည်း မြင်ရော 'မပြောဘဲ သွားတာ ကောင်းသလား' လောက်နဲ့ တင် ပြီးသွားရော။

ငါကသာ ခေါင်းတစ်ချက်လောက် ခေါက်ပစ်တာ။ အံမယ် … သူ့အပြစ်နဲ့ သူ ဆိုတော့လည်း အဘွားကိုတောင် ပြန်မတိုင်ဘူး နော့။ ခေါင်းကလေး ပွတ်ပြီး မျက်နှာချိုသွေး ရယ်နေသေးတာ။

မနက်ကျတော့ လာပေ့စေ၊ ခေါင်းနှစ်ချက်၊ က်တယ်။ ဆေးပြီးသား ပန်းကန်တွေ အဝတ်နဲ့ သုတ်ပြီး မီးဖိုခန်းထဲက ပန်းကန်စင်ပေါ် တင်တယ်။ တံမြက်စည်း လှည်းတယ်။ သနပ်ခါးတုံးအဟောင်းပေါ် တင်ထွန်းထားတဲ့ ဖယောင်းတိုင်ကို အိမ်ရှေ့ယူလာတယ်။ စာကြည့်စားပွဲပေါ် တင်လိုက်တယ်။ ဘုရားစင်က ဖယောင်းမီးရောင်ရယ်၊ စာကြည့်စားပွဲက မီးရောင်ရယ် ပေါင်းပြီး အိမ်ရှေ့ခန်းက လင်းလင်းကျင်းကျင်း ရှိနေတယ်။

'ဟိုတစ်ခါကတော့ နင့်အမေ နေမကောင်းလို့ မဟုတ်လား၊ အခုက ဘာမှ လည်း မဖြစ်၊ ဘာလို့ ပြန်မလဲ၊ ပြန်စရာ အကြောင်းမရှိ ဘာမရှိ'

အဘွားဟာ ဝရန်တာမှာ ထိုင်ရင်း ကွမ်းအ

စိတ်က ကွမ်းရှက်ထုတ်၊ ကွမ်းယာဖို့ ပြင်ရင်းကနေ တဖျစ်တောက်တောက် ပြောနေပြန်တယ်။

'အံမယ်လေး အဘွားမြေး တာရာကလေ မြို့ထဲမှာ ရောင်းမကောင်းဘူးဆိုပြီး လေးလပိုင်း အစကတည်းက ကားလမ်းဘက်ရွာတွေမှာ သွားရောင်းနေတာ မဟုတ်လား အဘွားရဲ့ ၊ သစ်စုအထိတောင် ရောက်တယ်တဲ့ ၊ သစ်စုကျရင်သာ လှည့်ပြန်တာ သစ်စု ရောက်ရင်ပဲ ဟိုဘက်က ညောင်ပင်သာနဲ့ သိပ်မှ မဝေးတော့တာပြန်ချင် ပြန်မှာ ပေါ့'

သမီးသာ ဆိုရင်လည်း အဲဒီလောက်သာ ရောက်လို့ကတော့ ပြန်မှာ ပဲ ...။

ဒီစကားကိုတော့ ဝမ်းထဲပဲ ထားရတယ်။ ရွာကို ငါတို့ တမ်းတတယ် ဆိုရင် အဘွားက စိတ်ကောင်းရာတာ မဟုတ်ဘူး ။ ပညာရေးအဖွဲ့က် မိဘနဲ့ ခွဲလာရတဲ့ မြေးတွေကို သူ့အိမ်မှာ ၊ သူ့အနားမှာ ပျော်အောင် ထားချင်တဲ့ သူ၊ ပျော်စေချင်တဲ့ သူ။ ကျောင်းပိတ်ရက် တစ်လလောက် ပြန်ရင်တောင် လွမ်းပြီ ကျန်နေတတ်တဲ့ သူ မဟုတ်လား။

ငါတို့ အတွက်ကျတော့လည်း တခြားဘယ်သူက ကြင်နာတယ် ဆိုဆို ကိုယ့်မိဘကို သတိရ အောက်မေ့တာပဲ၊ ကိုယ့်ရဲ့ တကယ့်အိမ်ကို သတိရတာပဲ။ အဘွားရှေ့မှာ သာ ထုတ်မပြောကြပေမယ့် မောင်လေးတာရာရော ၊ ငါရော တစ်သဘောတည်းပဲ။ ပြောမယ့်သာ ပြောရတာ၊ ငါတို့ မောင်နှမဟာ အမေ့ရင်ခွင်မှာ တခြားကလေးတွေလို တကယ်ကပ်နေခွင့်၊ ချွဲနွဲ့ခွင့်ရတဲ့ အချိန် သိပ်ကြာလို

ကိတာ မဟုတ်ပါဘူး။

ငါဆိုရင် အမေနဲ့ စပြီး ခွဲရတုန်းက အသက် သုံးနှစ်တောင် မပြည့်တတ်သေးဘူးလေ။

***

အဲဒီတုန်းက အမေ တာဝန်ကျတဲ့ အုန်းတောရွာဟာ ခု ရောက်နေတဲ့ မန်ကျည်းစုလောက်တောင် မနီးသေးဘူး။ ချောင်းကနေ ဆန်တက်သွားရတဲ့ ရွာပေါ့။ ငါတို့ ရွာ ခေါ်တယ် ဆိုတာထက် ပိုခေါ်တယ်လို့ အမေက ပြောပြတတ်တယ် ။ ငါမွေးပြီးခါမှ အဲဒီရွာကို တာဝန်ကျတာ၊ ငါ့ကိုပါ ခေါ်ပြီး တစ်လတစ်ခေါက်လောက် ညောင်ပင်သာ ပြန်လာလိုက်၊ ကျောင်းပိတ်ရက် နှစ်ရက်နေပြီး အုန်းတော ပြန်လိုက်ဆိုတော့ ကလေးပေါက်စန ဘဝကတည်းက နေရာတစ်ခုခုမှာ အခြေတကျ မနေရတဲ့ ငါ့ဘဝ စတာပဲ။

ကျတဲ့ သူ ဆိုတော့ ငါတို့ သားအမိ မရှိတဲ့ အခါ ဆို ချောင်းကမ်းဘေးက အိမ်ကလေးမှာ သူ တစ်ယောက်တည်း ကျန်ရစ်ခဲ့တာပေါ့။

ငါတို့ အိမ်ကလေးက ချောင်းနံ့ဘေးအိမ်မို့ ခြေတံခပ်ရှည်ရှည်။ ထရံကာ သက်ငယ်မိုးတယ်။ လှေကားက တက်သွားရင် ဝရန်တာရယ်၊ အိမ်ရှေ့ခန်းရယ်၊ ဘေးမှာ တော့ အိပ်ခန်းရယ်၊ ပြီးတော့ နောက်ဖေး မီးဖိုချောင်ရယ်၊ ရေစင်ရယ်။ ရေစင်ဆိုတာ မီးဖိုချောင် ကြမ်းခင်းနဲ့ တစ်ပြေးတည်းရှိတဲ့ နေရာ၊ ဝါးလုံးကြီးတွေ အပြိုင်တင်ပြီး အဲဒီအပေါ်မှာ မှ ဝါးခြမ်းတွေ ကန့်လန့်ဖြတ်ခင်းထားတယ်။ ရေစင်မှာ ပဲ ရေပုံးတွေ ထားတယ်။ ရေသိုထားတဲ့ စဥ့်အိုးထားတယ်။ ဟင်းသီးဟင်းရွက်တွေ ထားတယ်။

အမေဟာ ကျပ်ခိုးစွဲနေတဲ့ မီးဖိုချောင်လေးနဲ့ ရေစင်ကို ကူးချည်သန်းချည်လုပ်ပြီး ငါတို့ အတွက် အရသာရှိတဲ့ ဟင်းတွေ ချက်ပြုတ်ကျွေးမွေးခဲ့တာပါပဲ။

တစ်ခါတလေဆို အမေ့နေရာမှာ အဖေက ဝင်ပြီး ချက်ပြုတ် ကျွေးတတ်ပြန်ရော။ တကွဲတပြားစီ နေရတော့လည်း အဖေဟာ သူ့အလိုလို ချက်ပြုတ်တတ်သွားတော့တာပဲ ထင်ပါရဲ့ ။ အုန်းတောကနေ အမေ ပြန်လာရင်တော့ အိမ်ဟာ အိမ်နဲ့ တူလာတော့တာပေါ့လေ။

အုန်းတောမှာ နေခဲ့ရတဲ့ ဘဝကို ငါ သိပ်မမှတ်မိတော့ဘူး။ အမေနဲ့ ခွဲရတဲ့ အချိန်ကိုလည်း မမှတ်မိပါဘူး အမေ့အပြောအရတော့ အဲဒီတုန်းက မောင်လေး မွေးပြီတဲ့ ။ မောင်လေး ကိုယ်

ဝန်ဆောင်ထားတဲ့ အထိ အမေဟာ ငါ့ကို အုန်းတော ခေါ်သွားနေကျပဲ။ မောင်လေး မွေးတဲ့ အခါကျတော့လည်း ကလေးနှစ်ယောက်ဆို မနိုင်တော့ ငါ့ကို ထားခဲ့ရသတဲ့ ။

'အဲဒီနေ့ကလေ အမေက လှေပေါ်မှာ နော့၊ သမီးတို့ လေးလေးကျော်လိုက်ပို့တာ၊ လှေက အိမ်ရှေ့ကမ်းကနေ ခွာရော၊ လှေဝမ်းထဲမှာ အမေက သမီးမောင်လေးကို အနီးနဲ့ ပိုက်ထားတာပေ့ါ၊ ဝရန်တာမှာ သမီးက ဟိုဘက်ဒီဘက် ခုန်ခုန် ပြေးပြီး အော်ငိုနေတာ၊ ရပ်လည်း မရပ်ဘူး၊ ဝရန်တာမှာ ပဲ ပြေးနေတာ၊ အဲဒီတုန်းက အမေလေ လှေပေါ်က ခုန်ချရမလို၊ ရေထဲဆင်းပြီး အိမ်ပေါ် ပြန်တက်လာရမလို ငိုချင်လိုက်တာလေနော့၊ ခု ပြန်စဉ်းစားရင်တောင် အခု ပြန်မြင်တယ်' လို့ အမေက ပြောပြတတ်တယ်။

ပြီးတော့ ... ပြီးတော့ အဲဒီတုန်းက မောင်လေးကို ငါ သိပ်မချစ်တတ်ဘူးလို့ လည်း အမေက ပြောပြတတ်တယ်။ ငါပိုင်တဲ့ အမေ့ရင်ခွင်ကို ပေးလိုက်ရတယ်လို့ ထင်ခဲ့မှာ ပေ့ါလေ။ မွေးစတုန်းကတော့ ကလေး နီတာရဲလေးကို ငါဟာ ဆွေ့ဆွေ့ခုန် အသည်းယားပြီး ချစ်လိုက်သေးသတဲ့ ။ နောက်တော့မှ သာ ဒီကလေးဟာ ငါ့နေရာကို ယူလာတာပဲလို့ နားလည်လာပုံနဲ့ စိမ်းစပြုလာသတဲ့ ။ အမေ ကလေးချီရင် ငိုယိုပြီး ဆန္ဒပြတတ်သေးတယ်ဆိုတော့ ငါ့မှာ ကြည်ပြာပေါက်စနလေးကို ပြန်မြင်ယောင်ရင်း ရယ်လိုက်ရတာ ဆိုတာ။

အင်း ..... နောက်တော့လည်း ငါဟာ အမေ့ကိုရော၊ အဖေ့ကိုရော၊ ချောင်းကမ်းက ငါချစ်

တဲ့ အိမ်ကိုရော ငါ မွေးပြီး မကြာခင် အဖေ စိုက်ခဲ့တယ်ဆိုတဲ့ ပျဉ်းမပင်ကိုပါ ထားခဲ့ရတော့တာပါပဲ။ အဖေဟာ သုံးနှစ် မပြည့်တပြည့် ကလေးတစ်ယောက်နဲ့ ကျောင်းဖွင့်ရာသီကို ပထမတော့ ကြိုးစားဖြတ်ကြည့်ပုံပဲ။ နောက်တော့လည်း ဘယ်လိုမှ မဖြစ်တာကြောင့် အမေနဲ့ တိုင်ပင်ပြီး အဘွားဆီ ပို့လိုက်ရော ဆိုပါတော့။

အဘွားကတော့ ကျေကျေနပ်နပ်ကြီးကို လက်ခံတာ၊ အဘွားရင်ခွင်ဟာ ငါ့အတွက် သိပ်နွေးခဲ့တာပါ။ အဘွားဟာ ငါ့ဘဝအတွက်တော့ ဒုတိယမိခင်။ ငါရယ်၊ အဘွားရယ်ကြားမှာ အပြန်အလှန် လိုအပ်မှု ဆိုတာ ကြိုးတစ်ချောင်းလို မြဲမြဲ ချည်ထားခဲ့တာပေါ့။

ငါ့အတွက်လည်း အဲဒီ နုနယ်တဲ့ ကာလမှာ နွေးထွေးတဲ့ မေတ္တာမရှိ မဖြစ်လိုတယ်။ မုဆိုးမလည်း ဖြစ်တဲ့ အဘွားကျပြန်တော့ သားနှစ်ယောက်က တစ်နေရာစီ အိုးအိမ်ထူထောင်နေကြတဲ့ အခါ တစ်ယောက်တည်း အထီးကျန်နေတာ မဟုတ်လား။ တီတီတာတာရှိတဲ့ မြေးမတစ်ယောက် အနားရောက်လာတာ မပျော်ဘယ်ရှိပါ့မလဲ။

မြေးတစ်ယောက်နဲ့ တင် ကျေနပ် နေပျော်နေတဲ့ အဘွားဟာ တာရာလေးရောက်လာတော့လည်း လှိုက်လှိုက်လှဲလှဲ ကြိုခဲ့တာပါပဲ။ တာရာကတော့ အဘွားအိမ် ရောက်လာရတဲ့ အချိန်၊ အမေ့ကို ခွဲလာရတဲ့ အချိန်မှာ ငါ့တုန်းကထက် နည်းနည်းကြီးပြီ။

ငါ့တုန်းကတော့ အမေက တာရာလေး မွေးလို့ ထိန်းဖို့ ပို့ရတယ်။ တာရာ့အလှည့်ကျတော့ မြ ိ့ကော ျာင ်းမ ,၁ ပညာသင်စေချင်လို့

အစ်မလည်း ရှိနေပြီမို့ ပို့ရတယ်။ အဲဒီတုန်းက တာရာက ငါးနှစ်ကျော်ကျော် သူငယ်တန်းတက်မယ့်အချိန်။ တာရာ သူငယ်တန်းမှာ ငါကတော့ နှစ်တန်း ကျောင်းသူ။ ၁၉၈၈ မှာ တစ်နိုင်ငံလုံး အရေးအခင်းဖြစ်တော့ ကျောင်းတွေ ပိတ်လိုက်သေးတာ၊ ကျောင်းတစ်နှစ် နားရတာဆိုတော့ မောင်လေး သူငယ်တန်း လာတက်တဲ့နှစ်၊ သုံးတန်း ရောက်နေရမယ့်နှစ်မှာ ငါက နှစ်တန်း ကျောင်းသူ။

မိဘနဲ့ အဝေးမှာ မို့ မောင်နှမနှစ်ယောက် တစ်မိုးအောက် အပြန်အလှန် မှီတွယ်ပြီး နေရမယ်ဆိုတဲ့ အသိကြောင့် ထင်ပါရဲ့ ။ ရှာမှန်တုန်းက အမေ့ရင်ခွင်လုလို့ မချစ်ဘူးလိုလို ဖြစ်ခဲ့ဖူးတယ် ဆိုတဲ့ မောင်လေးကို အဲဒီကျပြန်တော့လည်း ငါဟာ တုန်တုန်ခိုက်ခိုက် ချစ်နေပြန်ရောလေ။

မောင်နှမပီပီ တစ်ခါတလေကျ ကစားစရာလု၊ စားစရာလုရင်း ရန်ဖြစ်တာ၊ စိတ်ကောက်ကြတာ ရှိပေမယ့် ငါ့မောင်ကို တစ်ယောက်ယောက်လာထိရင် ငါ ဆတ်ဆတ်ထိမခံ စွာတော့တာပဲ။ ငါတို့ မောင်နှမဟာ အခါများ စွာ တပူးတွဲတွဲ။

ကျောင်းသွားတိုင်း သူ့ကို ငါ စောင့်ပြီး ခေါ်ရတယ်။ ငါ ငယ်တုန်းက တာရာ့အရွယ်မှာ အိမ်နီးချင်း အစ်ကိုတွေ၊ အစ်မတွေက စောင့်ခေါ်ခဲ့ကြသလိုပေါ့လေ။ အပြန်လည်း သူ့အတန်းနား သွားကြိုရတာပေါ့။

ငါတို့ ကျောင်းလမ်းဟာ ကုန်းပြေပြေလေး မြင့်သွားတော့ အဲဒီလမ်းကို တာရာက ပြေးတက်ချင်တယ်။ ငါက သူ့လက်ကို မလွှတ်ချင်ဘူး။

အတင်းဆောင့်ရုန်းလို့ လွှတ်ပေးလိုက်ရင်များ ခုန်ဆွဆွနဲ့ ပြေးတော့တာ မမောတတ်တဲ့ အတိုင်းပဲ။ ကျောင်းရှေ့ ကုက္ကိုပင်ကြီးနား ရောက်ရင်တော့ တအိအိ လျှောက်လာတဲ့ ငါ့ကို ရပ်စောင့်နေတတ်ပြန်ရော။

နှင်းတွေ မှုန်နေအောင် ကျတဲ့ ဆောင်းမနက်တွေဆို ကုက္ကိုပင်ကြီးနဲ့ မလှမ်းမကမ်းမှာ တာရာ ရပ်နေပုံ၊ ရယ်ရယ်ပြုံးပြုံးနဲ့ စောင့်နေပုံကို ဝိုးတဝါးမြင်ရတဲ့ မြင်ကွင်းဟာ ဘယ်အချိန်ပြန်တွေးတွေး လွမ်းစရာ သိပ်ကောင်းတာပါပဲ။ ပါးကလေးတွေ ရဲနေတတ်တဲ့ ဖြူဖြူကစ်ကစ် ကောင်လေးတစ်ယောက်ရယ်၊ ပိန်ပိန်ကပ်ကပ် အရပ်ရှည်ရှည်မို့ အတန်းထဲက ကျောင်းသားတွေက ငါးဖောင်ရိုးလို့ ခေါ်ကြတဲ့ သူ့အစ်မရယ် ဟာ မိဘနဲ့ အဝေးမှာ မို့ မောင်နှမလည်း ဟုတ်၊ ရဲဘော်ရဲဘက်လည်း ဟုတ်။ သူ့ကို တော်တွယ်ရ မယ်ဆိုတဲ့ အသိဟာ အရွယ်နဲ့ မမျှအောင် ငါ့ခိုတ်မှာ စွဲနေခဲ့တယ်။

တစ်ခါတော့ တာရာ တစ်တန်းနှစ် ထင်ပါရဲ့ ။ သူ့ဘေးခုံက ကောင်လေးရဲ့ ခဲတံကို ယူပြီး ပုံဆွဲရာက ပြန်မပေးဘူးတဲ့ ။ ဘေးက ကောင်လေးကလည်း ငိုယိုလို့ သူ့အစ်ကို၊ အစ်မတွေ သွားခေါ်လာတာပေါ့။ ငါ့ထက် အတန်းကြီးတဲ့ အစ်ကိုတစ်ယောက်၊ အစ်မတစ်ယောက် လိုက်လာကြတာပေါ့လေ။

တာရာဟာ ဘယ်လိုစိတ်ကူးများ ဝင်ခဲ့တယ် မသိဘူး။ ကုန်းကမူလေးပေါ်မှာ ရှိတဲ့ ငါတို့ အဆောင်ဘက် ပြေးလာဖို့ စိတ်မကူးဘူး။ ဟိုက ပြောဆိုသမျှ မျက်နှာငယ်နဲ့ ငုံ့ခံနေသတဲ့ ။ ပြီးတော့ ငိုသတဲ့ ။ ဒီသတင်းဟာ အိမ်သာသွား

ဟဲ့ သူငယ်ချင်းတွေသိကနေ ငါ့ဆီ ရောက်လာတယ်။

ငါလေ ကျောင်းဆောင် အပေါ်ထပ်ကနေ ဘယ်လို ပြေးဆင်းခဲ့တယ် မသိဘူး။ တာရာ့အခန်းထဲ အပြေးဝင်တယ်။ မုန့်စားဆင်းချိန်မို့ အတန်းထဲမှာ တခြားခုံတွေက ရှင်းလို့ ။ တာရာ့ခုံရှေ့မှာ ပဲ ဝိုင်းနေကြတယ်။ ကျောင်းသားတွေကြားထဲ ငါ တိုးဝင်ရပ်လိုက်တယ်။

'ဘာဖြစ်တာလဲ ဘာဖြစ်တာလဲ တာရာဟင်'

'ဘာဖြစ်ရမှာ လဲ နင့်မောင်ပေါ့၊ ငါ့မောင် ခဲတံယူပြီး ပြန်မပေးတာ၊ အိမ်မှာ ပြန်လာလာပြောနေတာ ကြာပြီ၊ တစ်ခါလည်း မဟုတ်၊ နှစ်ခါလည်း မဟုတ်ဘူး ၊ ဒါကြောင့် လာပြောရတာ'

တာရာ့ သူငယ်ချင်းလေးဟာ မထင်မှတ်ဘဲ ကြီးကျယ်သွားတဲ့ အမှုကြောင့် ထင်တဲ့ [illegible] က်စိမျက်နှာကို ပျက်လို့ ။ သူ့လက်ထဲမှာ တော့ ခဲတံလေးပတ်ပတ်လည်မှာ အရုပ်လှလှလေးတွေ ပါတဲ့ ခဲတံပြာလေး။ ဘေးက ကွန့်ပါဘူးထဲမှာ လည်း အဲဒီ အရုပ်ဆင်တူလေးတွေနဲ့ ပဲ ခဲတံ ရောင်စုံ။ ဒါမျိုး ခဲတံတွေဆိုတာ ရိုးရိုးခဲတံတွေထက် ဈေးနည်းနည်းပိုပေးရတာမို့ တာရာ့မှာ တော့ မရှိဘူးလေ။

'တာရာ သူတို့ ပြောတာ ဟုတ်လား'

တာရာက ခေါင်းညိတ်တယ်။ အဲဒီအချိန် ငါခံစားလိုက်ရတဲ့ ခံစားမှုက အစုံပါပဲ။ သူများ ဝိုင်းပြောတာ ခံရလေခြင်းလို့ ငါ့မောင်ကို သနားတာက တစ်ဖက်၊ သူများ အပြောခံရအောင် လုပ်ခဲ့တာကို စိတ်တိုတာက တစ်ဖက်နဲ့ ထူပူရင်း တာရာ့ခေါင်းကို ဒေါင်ခနဲ ခေါက်လိုက်မိတယ်။

တာရာဟာ သူခေါင်းလေးကို ပွတ်နေတယ်။ မျက်ရည်တွေ ထပ်လိမ့်ကျလာပြန်တယ်။ က လေးရဲ့ အစ်ကို၊ အစ်မဟာ ငါ့ဒေါသကြောင့် ဘာဆက်ပြောရမှန်း မသိဖြစ်နေပုံပဲ။

ငါ ဆံပင်ကုပ်ဝဲကို လှုပ်ခါအောင် သူတို့ ဘက် ဆတ်ခနဲ လှည့်ကြည့်တယ်။ ငါ့မျက်လုံးထဲ မျက်ရည် အိုင်လာတာကို သူတို့ ကြောင်နေတုန်းမှာ ပဲ

'တစ်ခုခုဆိုလည်း ဒီကလေးမှာ အစ်မ ရှိတာပဲ၊ ခေါ်ကြပါလား၊ လာပြောပါလား၊ လာ ဆုံးမမှာ ပေါ့၊ ဒီလို လာဝိုင်းပြောနေရမလား၊ မှတ်ထား၊ နောက်ကို ကျွန်မမောင်လေး ဘယ်တော့မှ ဒီလို မလုပ်စေရဘူး၊ ကျွန်မ မောင်လေးကိုလည်း ဝိုင်းအနိုင်ကျင့်ဖို့ မစဉ်းစားကြနဲ့ မှတ်ထား'

သူတို့ တွေ ကြောင်နေတုန်း ငါ ပြန်ထွက်လာခဲ့တယ်။ ကျောင်းဆောင်ဘက်ကို ပြန်လျှောက်နေရင်း မျက်ရည်ကျလာတယ်။ ငါဟာ ခပ်ငယ်ငယ်ကတည်းက အမေနဲ့ ခွဲခဲ့ရတဲ့ ကလေးမို့လား မသိဘူး၊ တစ်ခုခုဆို အင်မတန် ခံစားလွယ်တယ်။ မျက်ရည် သိပ်လွယ်တယ်။

ဟော ... အိမ်ပြန်ဖို့ တာရာ့အတန်းရှေ့ သွားစောင့်တဲ့ အခါ၊ မျက်နှာငယ်လေးနဲ့ ငါ့ကို ကြည့်ရင်း လျှောက်လာတာ မြင်ရတဲ့ အခါလည်း ငါ ငိုချင်လာပြန်ရော။ အနားကို တွန့်ဆုတ်ဆုတ် တိုးကပ်လာတော့ ငါ ခေါက်ခဲ့ဖူးတဲ့ ခေါင်းလေးကိုပဲ ကြင်ကြင်နာနာ ပွတ်လိုက်မိတယ် ။

'မမ ၊ အဘွားကို ပြန်တိုင်မှာ လားဟင်'

'မတိုင်ပါဘူးဟယ်၊ နင်သာ နောက်ကို

တာရာက ခေါင်းညိတ်တယ်။ တကယ်လည်း နောက်နောင် ဒါမျိုး အသံ ဘယ်တော့မှ မကြားရတော့ပါဘူး။ ထူးဆန်းတာက အဲဒီကောင်လေးနဲ့ တာရာဟာ နောင်တော့ အချစ်ဆုံးသူငယ်ချင်းတွေ ဖြစ်သွားကြတာပဲ။

အခုအချိန်ထိ မမေ့တာတစ်ခုက အဲဒီနှစ် သီတင်းကျွတ်ကျောင်းပိတ်ရက်တုန်းက ငါ စာအုပ်အငှားဆိုင် လုံးဝ မသွားခဲ့တာပဲ။ ငါ ဖတ်ချင်တဲ့ ကာတွန်းအသစ်တွေ ရောက်တယ်ဆိုလည်း သွားမငှားတော့ဘူးလေ။ အဲဒီအစား ဘာလုပ်သလဲဆိုတော့ ကျောင်းပြန်ဖွင့်တဲ့ အခါ မောင်လေးကို ခဲတံလှလှလေး တစ်ဒါဇင် ဝယ်ပေးလိုက်တာ။ မောင်လေး ဝမ်းသာအားရ ရယ်နေတာ မြင်ရတဲ့ အခါကျလုံး အိမ်နီးချင်း ကောင်မလေး ကာတွန်းဖတ်ပြီးတဲ့ အချိန် သွားထိုင်စောင့်ပြီး မျက်နှာချိုသွေးပြီး ငှားငှားဖတ်ခဲ့ရတာကို ငါ လွယ်လွယ်နဲ့ မေ့သွာတော့တာပါပဲ။

***

မောင်လေး ပြန်မလာတဲ့ ညက ငါလည်း တော်တော်နဲ့ မအိပ်မိဘူး။ ဘာလို့ မှန်းမသိ မျက်လုံးကြောင်နေတာနဲ့ အိမ်ရှေ့ခန်းမှာ ဖယောင်တိုင်း ရှေ့ချပြီး စာအုပ်ဖတ်နေမိတယ်။ အဘွားကတော့ အိမ်ခန်းထဲမှာ အိပ်နေပြီ။ အဘွားရဲ့ အသက်ရှူသံဟာ ဖြည်းဖြည်းမှန်မှန်။

လမ်းပေါ်မှာ တော့ ဖြတ်သွားဖြတ်လာ မရှိတော့ဘူး တိတ်ဆိတ်နေပြီ။ စောစောတုန်းက

တော့ ဗီဒီယိုရုံက ပြန်လာတဲ့ တစ်သိုက်ဟာ ဇတ်ကားအကြောင်း တစ်ယောက်တစ်ပေါက်ပြောရင်း ဖြတ်သွားကြသေးရဲ့ ။ ခုတော့ ပိုးကောင်လေးတွေရဲ့ အသံတစီစီပဲ ကျန်တော့တာ။ တစ်လောကလုံး ငြိမ်တိတ်သွားတော့လည်း ငါ့စိတ်က တစ်မျိုးပဲ။ စာထဲ စိတ်နှစ်နေလို့သာ မသိသာတယ်။ ဟော ... စာအုပ် ဘေးချလိုက်တော့လည်း စိတ်က ဟိုဟိုဒီဒီ တွေးမိရော။ အဘွား ခုလိုပဲ ပူပူပင်ပင် ဖြစ်ဖူးတဲ့ ဟိုတစ်ချိန်ကို စိတ်ရောက်ပြန်ရော။

ဟိုတစ်ချိန်ဆိုတာ အဖေ အိမ်က ရက်အတော်ကြာ ပျောက်တဲ့ အချိန်။ အိမ် ဆိုတာက ရွာက အိမ်၊ မြို့က အိမ် နှစ်အိမ်စလုံးကို ပြောတာပေါ့လေ။ အဲဒီတုန်းက အဖေ့သူငယ်ချင်း ဦးဦးစိုးထွန်းက အိမ်ကို လာပြီး အဘွားကို တိုးတိုး တိုးတိုးပြောတာ၊ နောက်ရက်တွေမှာ ဘကြီး ရောက် လာပြီး ကျိတ်ကျိတ် ကျိတ်ကျိတ် ပြောကြတာ တွေ့ရတာ မှတ်မိပါသေးရဲ့ ။ ဒါပေမဲ့လည်း အကုန်လုံးကို လိုက်မီနားလည်ဖို့ရာ ငါ သိပ်ငယ်ပါသေးတယ်။

လူကြီးတွေ ပြောတာ နားစွန်းနားဖျားတော့ ကြားသားပဲ။ သက်ဆွေ၊ အလံကိုင်၊ မြို့သစ်၊ ဖမ်းတာ စတဲ့ စကားလုံးတွေဟာ ငါ့အတွက် အဆန်းပဲ။ အဘွား မျက်နှာမကောင်းတာလည်း အဆန်းပါပဲ။ ဒါပေမဲ့ ကျန်တာ ငါ ဘာမှ နားမလည်ဘူး၊ ဘာမှ လည်း မမေးဘူး။

အိမ်မှာ ကလေးဆိုလို့ ငါတစ်ယောက်ပဲ ရှိသေးတဲ့ အချိန်ဆိုတော့လည်း အိမ်နီးချင်းကလေးချင်း စုပြီး အရုပ်တမ်း ကစားလိုက်၊ စစ်တိုက်တမ်း ကစားလိုက်၊ ညဆိုရင်လည်း ကာ

တွန်းစာအုပ်လေး ဖတ်လိုက်နဲ့ ငြိမ်းချမ်းနေတာပေါ့။ အပြင်မှာ တစ်နိုင်ငံလုံး ကမ္ဘာပျက်မတတ် အဖြစ်ဆိုးတွေ ကြုံနေတာ ကလေးတစ်ယောက်အနေနဲ့ ဘယ်သိနိုင်ပါ့မလဲ။ ငါ့အဖေလည်း အမှောင်ခန်း တစ်ခန်းထဲ ရှိနေတာ ငါ ဘယ်လိုလုပ် သိနိုင်ပါ့မလဲ။

နောက်တစ်ပတ်လောက် ကြာတဲ့ အခါကျတော့လည်း ဦးဦးစိုးထွန်း လာပြန်ရော၊ ဘကြီးလည်း လာပြန်ရော။ ဟိုတစ်ခါလို တိုးတိုးပြောကြပြန်ရော။ ငါ ကြားရပြန်တာ 'လွတ်ပြီ' ဆိုလား။ ဒီတစ်ခါတော့ အဘွားက ပြုံးလို့ ရွှင်လို့ ။ ဒါလည်း ငါ ဘာမှ မသိပြန်ဘူး။

နှောင် နှစ်တွေ ကြာတဲ့ အခါကျမှ အဖေဟာ အဲဒီတစ်ချိန်အကြောင်း ငါ့ကို ပြန်ပြောပြတော့တယ်။

'အဲဒီတုန်းက အဖေတို့ ရွာကနေ စက်လှေတွေနဲ့ ချီတက်လာကြတာပေါ့၊ စက်လှေတွေမှ အများကြီးပဲ၊ ဟိုရွာ ဒီရွာကနေ တောက်လျှောက် ချီတက်လာကြတာ၊ တာပိန်မြစ်ထဲမှာ စက်လှေသံ တထိုးထိုးနဲ့ ရေတွေလည်း လှုပ်လို့ လူတွေကလည်း တက်ကြွလို့ ၊ ဧရာဝတီမြစ်ကို ဝင်ပြီး မြိုင်သာယာဆိပ်ကမ်းကို ရောက်တော့ ကမ်းနားလမ်းမှာ လူစုတယ်၊ နဂိုရှိနေတဲ့ စစ်ကြောင်းနဲ့ ပေါင်းတယ်၊ လူတန်းရှည်ကြီး အဖေတို့ ချီတက်ကြတာပေါ့။

အဖေက အဖေတို့ ချောင်းရိုးရွာတွေ အဖွဲ့ ထိပ်ကနေ အလံကိုင်တယ်၊ 'စစ်အာဏာရှင်စနစ် ကျဆုံးပါစေ၊ ဒီမိုကရေစီ ရရှိရေး၊ ဒို့အရေး' ဆိုတာမျိုး ကြွေးကြော်သံတွေ တိုင်ပေးတယ်။

အဲဒီနေ့ပဲ တခြားလူတွေနဲ့ အတူ အဖမ်းခံရ တာပဲ၊ မြို့သစ်မှာ ဖမ်းထားတာ၊ တစ်ပတ်လောက် ဖမ်းထားပြီးတော့မှ ပြန်လွှတ်တယ်၊ လူလည်း ပေရေစုတ်ပြတ်လို့ ၊ တစ်နိုင်ငံလုံးလည်း အဖေတို့လို လွှတ်တဲ့ သူတွေလည်း ပြန်လွှတ်၊ တချို့လည်း နှစ်ရှည်လများ ထောင်ကျ၊ သေကြကျေကြပအေး

အဖေဟာ ၁၉၈၈ က ဩဂုတ်လဆီ ပြန်ရောက်သလိုပဲ မျက်နှာက မှ ိုင်းမှုန်လို့ ။ ငါ့မှာတော့ အဲဒီတစ်ချိန်တုန်းက အဖေ ပြန်မလာနိုင်လို့ အသွားဒေါင်းတောက်နေတာတွေ၊ အမေ ပူနေရတာတွေကို နည်းနည်းမှ မသိခဲ့ပါဘူး။ ခြံထဲမှာ တောင် လူစုပြီး တိုက်ပွဲတိုက်တမ်းဆော့နေခဲ့ကြတာ မဟုတ်လား။ ငါတို့ မသိတဲ့ အပြင်ကမ္ဘာမှာ တော့ တကယ့်တိုက်ပွဲကြီး တိုက်နေခဲ့တာလေ။

အင်း ..... အဖေ ပျောက်သွားဖူးတယ် ဆိုတဲ့ တစ်ညကို မောင်လေး ပြန်မလာတဲ့ ညမှာ ငါ ဘာလို့ သတိရမိတယ် မသိဘူး။ စာအုပ် ပြန်ဖတ်လည်း စိတ်က မပါ့တပါ။ ဖယောင်းတိုင် မီးညွန့်လေးကို ငေးနေတယ်။ ခဏနေတော့ ငါ ငေးနေတဲ့ ဖယောင်းတိုင် မီးညွန့်လေးဟာ လှုပ်လာပါရော။ လေတိုက် လာပြီ။ မိုးများ ရွာမလား မသိဘူးဆိုတဲ့ အတွေးနဲ့ ပြတင်းပေါက်တွေ လိုက်ပိတ်တယ်။

ပြတင်းပေါက်ပိတ်ပြီး ဘာကြာလို့ လဲ။ မိုးစရွာရော။ တစ်နေကုန် ရာသီဥတု ကြည်လင်နေတာ တကယ် မဟုတ်ခဲ့သလို မိုးသည်းသည်း ရွာရော။

ဒီအချိန်လောက်ဆို ရွာမှာ လည်း မိုးရွာနေ

မှာ ပေါ့လေ။ မောင်လေးဟာ အမေ့ဘေးမှာ တိုးတိုးဝှေ့ဝှေ့ နွေးနွေးထွေးထွေး အိပ်နေမှာ ပဲလို့ တွေးရင်း ငါ့မှာ မနာလိုစိတ်တောင် ဝင်လိုက်သေးတယ်။

အဲဒီညက မိုးသံကို နားထောင်ရင်း ငါ ဖြည်းဖြည်းချင်း အိပ်ပျော်သွားခဲ့တယ်။ အိပ်မက်လည်း မက်လိုက်သေးတယ်။ စိတ်ခွဲလို့ ထင်ပါရဲ့ ။ ငါ့အိပ်မက်ထဲမှာ နောက်တစ်ရက်လည်း မိုးလင်းရော မောင်လေးဟာ ခြံဝကနေ စက်ဘီးလေး စီးလို့ ၊ ဘဲလ်လေး တီးလို့ ဝင်လာတော့တာပဲတဲ့ လေ။

***

အိပ်မက်ဆိုတာ ပြောင်းပြန် အတိတ်ကောက်ရတဲ့ အခါလည်း ရှိတာပဲလို့ နောက်ရက်မှာ တင် ငါ နားလည်လိုက်ရတယ်။ မနက် ၁၀ နာရီသာ ထိုးသွားတယ်။ မောင်လေး ပြန်မလာဘူးလေ။ ဟိုတစ်ခါ ရွာပြန်သွားတုန်းကတော့ အဘွားကို စိတ်ပူမှာ စိုးလို့ ဆိုပြီး မနက် ၉ နာရီလောက် ရောက်အောင် ပြန်လာတဲ့ ကလေး ၊ ခုတော့ ဘယ်လို ဖြစ်ပါလိမ့်။

'အခုထိ ပြန်မလာသေးဘဲ ဘာလုပ်နေတယ် မဆိုနိုင်ဘူး၊ သက်ဆွေ တို့ ကလည်း ကလေး နေချင်ရင်လည်း ပြန်ခိုင်းတာ မဟုတ်ဘူးကော၊ ဒီမှာ ဘယ်လောက် စိတ်ပူနေကြမလဲ မသိဘူးလား' လို့ အဘွားက တဖျစ်တောက်တောက် ပြောနေပြန်တယ်။ နောက်ဆုံးတော့ စိတ်ပူလာတယ် ထင်ပါရဲ့ ။ ဦးဦးစိုးထွန်းကို ညောင်ပင်သာ လွှတ်ပါရော။

ဦးဦးစိုးထွန်းက အဖေနဲ့ လိုက်လိုက်သွားဖူး

တော့ အိမ်နီးချင်းတွေထဲမှာ တစ်ဦးတည်းသော ရွာလမ်းသိသူ။ ၁၀ နာရီလောက်တော့ ဦးဦးစိုးထွန်း ထွက်သွားတာပဲ။ အိမ်မှာ ငြိမ်ငြိမ်စောင့်ရင်းက နေမထိ ထိုင်မသာ ဖြစ်လာပုံရတဲ့ အဘွားဟာ ခဏနေတော့ ဘကြီးအိမ်ကို ထွက်သွားတယ်။ မောင်တာရာ ပြန်မလာကြောင်း သွားပြောတာ ဖြစ်မှာ ပါပဲ။

ငါ့အတွက်တော့ မောင်လေး ပြန်မလာသေးဘူးဆိုတဲ့ ကိစ္စက လွဲရင် အခါတိုင်း ပုံမှန် မနက်ခင်းတွေလိုပါပဲ။ အဘွား ဈေးသွားတုန်း ငါ ထမင်းအိုးတည်တယ်။ အဘွား ဖျော်ပေးထားတဲ့ လက်ဖက်ရည် သောက်တယ်။ ထမင်းကြမ်းကြမ်းလေး စားတယ်။ အိုးခွက်ပန်းကန်ဆေး၊ တံမြက်စည်းလှည်းတယ်။ အဘွား ပြန်လာတော့ ကြက်သွန်လှီးတာ၊ ငရုတ်သီး ထောင်းတာလိုမျိုး ဘေးက ကူဟယ် ။ မနက်ပိုင်းဆို ကျူရှင်လည်း သွားစရာမလိုဘူး။ ညနေခင်းမှ ကိုး။

ပြီးတာနဲ့ အချိန်လေးရတာနဲ့ ဘာလုပ်တုံးဆိုတော့ စက်ခုံမှာ ထိုင်ပြီး မပြီးသေးတဲ့ အင်္ကျီကို ဆက်ချုပ်ဖို့ စဉ်းစားတယ်။ ဒီနှစ် နွေရာသီမှာ ငါ စက်ချုပ် သင်ရတယ်။ အဘွားအပ်ပေးတာပါပဲ။ မိန်းကလေးဝတ် ဘလောက်စ်တို့၊ ယောကျ်ားလေးဝတ် ရှပ်အင်္ကျီတို့ အချုပ် သင်ရတယ်။ အခုဆို ကိုယ်တိုင် နည်းနည်းပါးပါး စမ်းချုပ်နိုင်ပြီပေါ့။ အစအသစ်တွေ ဝယ်မစမ်းနိုင်တော့ ငါ့လုံချည်ဟောင်း၊ အဘွားလုံချည်ဟောင်းတွေဟာ ငါ့အိမ်နေရင်း အင်္ကျီတွေ ဖြစ်ကုန်တာပဲ။

မနေ့ကတော့ မောင်လေးတာရာအတွက် ရှ

။ ဒီပိတ်စတော့ အသစ် ဝယ်လာတာပေါ့လေ။ ဈေးလည်း သိပ်မကြီးတဲ့ ပိတ်ကြမ်းစ ဆိုတော့ တစ်ခုခု လွဲလည်း ချုပ်ပျော်၊ ဝတ်ပျော်ပါတယ်။

မနေ့က ကိုယ်ထည်တစ်ခြမ်းခြင်း ကိုင်တယ်။ ကော်လံ ကိုင်တယ်။ ဒီနေ့တော့ လက်ကိုင်ရမယ်။ လက်တွဲ၊ ကိုယ်ထည် တွဲမယ်။ ဒါပြီးရင်တော့ ကင်းခြေလိုက်၊ ကြယ်သီးဖောက်ပေ့ါ။ ကိုယ့်ဘာသာ ချုပ်တာ ဆိုတော့လည်း အလျှင်မလိုပါဘူး။ သင်ချုပ် ဆိုတော့လည်း စမ်းစမ်းစမ်းစမ်းနဲ့ ပါပဲ။

'ငါ နင့်ကို ရှပ်အကၤ်ီတစ်ထည် ချုပ်ပေးမယ်သိလား' လို့ ပိတ်စလေးပြရင်း ပြောတော့ မောင်လေးတာရာက မယုံသလို ရယ်သေးတယ်။

'မမ အဲဒီလောက်တောင် ချုပ်တတ်နေပြီလားအေး'

'ဟာ တတ်နေပြီပေ့ါ၊ ဒီမှာ တွေ့လား၊ ဒါလည်း ငါ့ဘာသာငါ ချုပ်ထားတဲ့ အကၤ်ီ။'

အညိုရောင် ပါတိတ် ဘလောက်စ်ဟာ မူလက အဘွားလုံချည် အဟောင်း မှန်းသိတော့ မောင်လေးက ရယ်နေတယ်။

'ကျွန်တော့် အတွက် မချုပ်ပါနဲ့ မမရာ၊ ကျွန်တော့်မှာ အကၤ်ီတွေ ရှိသားပဲ'

'အံမာ ဘာအကၤ်ီ ရှိသားပဲလဲ၊ နင့်အကၤ်ီတွေကဖြင့် ကော်လာက စုတ်တဲ့ ဟာက စုတ်၊ ချိုင်းပြဲတဲ့ ဟာကပြဲ၊ လက်ရှည်တွေ ဆိုလည်း တချို့ဟာတွေလက်ဝမှာ ပြဲလို့ ဟာလို့ မဟုတ်လားအေး'

'မမကလည်း ဝတ်လို့ ရတာပဲဟာ'

ဒါတော့ မယုံမဖြစ် ယုံရမယ်။ မောင်လေးဟာ အဝတ်အစားကို ဟောင်းလေ ပိုဝတ်ချင်လေပဲ။ သူ့အပြောကတော့ နွမ်းမှာ အဟောင်းအပါးလေးတွေက ပိုအေးသတဲ့ ။

တစ်ခါတုန်းက သူ့အင်္ကျီတစ်ထည်ဟာ တံတောင်ဆစ်မှာ အတော်ပြဲနေပြီ။ ရင်ဘတ်မှာလည်း ဘာတွေ စွန်းပေထားမှန်း မသိ။ အဲဒီရုပ်အင်္ကျီကို ဝတ်တိုင်း ငါ ပြောရတယ်။ မဝတ်ပါနဲ့တော့ တာရာရယ် ဆိုလည်း မရ။ နောက်ဆုံးတော့ သူ့အင်္ကျီကို စောင်တို့ ၊ အိပ်ရာခင်းတို့ ပစ္စည်းပိုတွေ ထပ်ထားတဲ့ အောက်ဆုံးမှာ ထိုးပြီးဝှက်ထားလိုက်တယ် အေးရော။ ဒါတောင် 'ကျွန်တော့် ဟိုအင်္ကျီလေးဟာ ဘယ်ရောက်သွားလဲမသိဘူး' ဆိုပြီး ရှာနေသေးလို့ ငါ့မှာ ကျိတ်ရယ်နေရတယ်။

'လျှာမရည်နဲ့ ၊ ဒီတစ်ထည်ပဲ ချုပ်မှာ ၊ ထပ်လည်း မချုပ်ဘူးပဲ၊ ငါ စိတ်ကောင်းဝင်တုန်းပေးတုန်း ယူထား'

'ဒါဆို ကျောင်းဖွင့်ရင် မမကို ကျွန်တော်ကျောင်းစိမ်းလုံချည် ဝယ်ပေးမယ်'

'အလဲ့ ရေခဲချောင်း တော်တော်ရောင်းကောင်းတယ်ပေါ့လေ'

'မြို့အပြင် ရွာတွေက ရောင်းကောင်းတယ် မမရ၊ မြို့ထဲက ထွက်ရောင်းတဲ့ သူ မရှိဘူး၊ မြို့ထဲမှာ ပဲ ပတ်ရောင်းနေကြတာပ'

ပိုက်ဆံရော တော်တော် စုမိပြီလား

မောင်လေးက သူပိုက်ဆံကို မြေစုဘူးကြီးထဲမှာ စုထားတတ်တယ်။ တပေါင်းလ ဘုရားပွဲတုန်းက ပစ်တိုင်းထောင်ရုပ်ပုံစံ ဆေးခြယ်

ထားတဲ့ မြေစုဘူးကြီးတစ်ဘူး သူ့ ကိုယ်တိုင် ဝ ယ် လာပြီး စုတော့တာပဲ။

'ကျွန်တော် ကျူရှင်လခ ရလောက်ပြီ'

'ဒါဖြင့်လည်း နားတော့လေ တာရာရဲ့ ၊ ကျောင်းပဲ ဖွင့်တော့မယ့်ဟာ၊ ကျူရှင်တွေတော င် ဖွင့်နေပြီ'

'ဒီတစ်ပတ်ပဲ ရောင်းမှာ ပါ မမရာ၊ ဒီတစ်ပ တ် တအားကို ရောင်းကောင်းတာ၊ မနေ့ကဆို ကျွန်တော် တစ်ရွာရွာတည်းမှာ ရေခဲချောင်းပုံး တစ်ပုံးလုံး ရောင်းရတာပ၊ သစ်ခုတ်တဲ့ အဖွဲ့က တဲ့ အကုန်ဝယ်တာ'

'အံမယ်တယ်ဟုတ်ပါလား' လို့ ပြောရင်း ကို ယ်တိုင်း ယူဖို့ ပြင်ရတယ်။ တစ်သက်နဲ့ တစ်ကို ယ် အစ်မလုပ်သူက သူ့ကိုယ်တိုင်း တိုင်းတာ ပ ထမဆုံး ကြုံဖူးတာ ဆိုတော့ မောင်လေးက ဟု ဟိုဟိုနဲ့ ရယ်မဆုံးဘူး။ သူများ အိမ်မှာ ကိုယ်ဖို့ င်းတိုင်းရင် ငြိမ်သလောက် ငါ တိုင်းတော့ ဟို တွန့် ဒီတွန့်နဲ့ ။

အမြင်ကတ်ကတ်နဲ့ ချိုင်းဝတိုင်းရင်း ချိုင်းပါ ငါ ကလိထိုးပစ်တယ်။ သူ့ရယ်သံက အိ မ်ကလေးထဲမှာ ညံသွားတာပဲ။ အတိုင်းအတာ တွေ ယူလိုက်၊ စာအုပ်ထဲ ချမှတ်လိုက်နဲ့ ဝါရင့် စက်ချုပ်ဆရာပုံစံ ဖမ်းထားတဲ့ ငါ့ကိုမှ အားမ နာပါးမနာ ရယ်ကာ အကျီကို တလွဲ ချုပ်ပစ်ဦး မယ်လို့ ငါ တေးတယ်။ ဒါပေမဲ့ တကယ်တမ်း ချုပ်တော့လည်း စိတ်ပါလက်ပါ ချုပ်တာပါပဲ။

မနေ့ကတော့ သူ အိမ်က ထွက်မယ့်အချိန်မှာ ငါက စက်ခုံမှာ စက်ကုန်းန င်းနေတာ။ အနားလာရပ်တာ မြင်တော့ မော့ကြည့်တယ်။ ဈေးရောင်းထွက်တော့မယ့်

ပုံစံအပြည့်နဲ့ ဦးထုပ်တောင် ဆောင်းပြီးသား။ လွယ်အိတ်ကလေး စလွယ်သိုင်း လွယ်ပြီးသား ။

'မမ ကျွန်တော် သွားတော့မယ်'

'အေး အေး ' လို့ ပြောရင်း ငါ စက်ဆက်နင်းတယ်။ သူ ထွက်သွားတာ ထပ်မကြည့်ဖြစ်ဘူး။ စက်နင်းတာ ခဏနားလိုက်တုန်း အိမ်အောက်က စက်ဘီးသော့ခတ်ထားတဲ့ သံကြိုးဖြုတ်သံ ကြားတယ်။ မောင်လေး သွားတော့ မှာ ပဲ။ ဒီတော့မှ ပဲ 'ကျွန်တော် သွားတော့မယ်' ဆိုတာကို ငါ အံ့အားသင့်တွေဝေနေတယ်။ အရင်က မနက် မနက် ထွက်ခါနီးရင် ငါ့ကို အထူးအထွေ ဘာမှ လာမပြောခဲ့ဖူးပါဘူး။ ဒီနေ့မှ ထူးထူးဆန်းဆန်း။

ငါ စက်ခုံက ထပြီး အိမ်ခန်းထဲ ဝင်လာတယ်။ အိမ်ခန်း ပြတင်းပေါက်ကနေ လှမ်းကြည့်ရင်း ခြံဝကို အတိုင်းသား မြင်ရတယ်။ သနပ်ခါးပင်အကိုင်းလေးတွေ ရိပ်ရိပ်ကွယ်နေတဲ့ ကြားကနေ ခြံဝကို မြင်ရတယ်။

မောင်လေးက ခြံဝမှာ စက်ဘီးရပ်လိုက်ပြီး ဝါးလုံးတွေကို ဆွဲဖွင့်နေတယ်။ နောက်တော့ စက်ဘီးလေး တွန်းထုတ်တယ်။ ဝါးလုံးတွေကို ပြန်ပိတ်တယ်။ စက်ဘီးပေါ် တက်ပြီး စနင်းတယ်။ နင်းလည်း နင်းသွားပြီ။ သူ့ကျောပြင်လေးဟာ တဖြည်းဖြည်း ဝေးပြီး ပျောက်သွားပြီ။

အဲဒီတုန်းကတော့ မောင်လေး နှုတ်မဆက်စဖူး ဘာလို့ လာနှုတ်ဆက်သလဲဆိုတာ ငါ နားမလည်ခဲ့ဘူး။ ငါကရော ခြံဝကနေ သူ ထွက်သွားတာကို အမှတ်တမဲ့ မဟုတ်ဘဲ အိမ်ခန်းပြတင်းကနေ ဘာလို့ သွားကြည့်မိတယ်ဆို

တာ နားမလည်ခဲ့ဘူး။ ပြီးတော့ အဲဒါ ... အဲဒါ ဟာ သူ့ကို နောက်ဆုံး မြင်လိုက်ရတာပဲ ဆိုတာ လည်း ငါ မသိနိုင်ခဲ့ဘူးလေ။

***

အဖေရယ်၊ ဦးဦးစိုးထွန်းရယ်၊ မနက်စော စောကမှ ရွာက ရောက်လာတဲ့ အမေရယ်၊ ဦး လေးရယ် စက်ဘီးတစ်စီးစီးနဲ့ မောင်လေး အရှာထွက်တဲ့ မနက် စောစောကတည်းက စပြီးငါဘယ်လိုမှ ဆောက်တည်ရာ မရဘူး။ ငါ တင် မဟုတ်ပါဘူးလေ၊ အဘွားလည်း အတူတူ ပါပဲ။ အစကတော့ ရှာပြန်သွားမှာ ပဲ ဆိုတဲ့ အ ထင်ကို ငါတို့ ဆုပ်ကိုင်ထားတာ မဟုတ်လား၊ မနေ့ ညနေအဖေ ရောက်မလာခင်အထိ အဖေ တို့ နောက်မှာ မောင်လေး ပါလာလိမ့်မယ် ထင် ခဲ့ကြတာ မဟုတ်လားကွယ်။

မနေ့ညနေက ခြံဝကနေ စက်ဘီးလေး

တွန်းလို့ အဲဖေ တစ်ယောက်တည်း ဝင်လာတာကို မြင်ရတဲ့ အခါ ငါ့ရင်ဘတ်ထဲမှာ ဆန်ခါပေါက်အကြီးကြီးတစ်ပေါက် ပေါ်လာသလို ဟာသွားတာပဲ။ ငါ အိမ်ပေါ်ကနေ ဒုန်းစိုင်းပြေးဆင်းလာတယ်။ အဘွားရဲ့ 'ဟဲ့ လာကြပြီလား ' ဆိုတာတောင် မဖြေအားဘူး။ အဖေရယ် ငါရယ်ဟာ လမ်းကလေးရဲ့ အလယ်မှာ ဆုံကြတယ်။

အဖေ့မျက်နှာပေါ်က အပူကို ငါမြင်တယ်။ အဖေလည်း ငါ့မျက်နှာပေါ်က ထိတ်လန့်ရိပ်ကို မြင်မှာ ပါပဲ။ 'အဖေ ... အဖေ၊ မောင်လေးတာရာ' လို့ ပဲ ငါပြောနိုင်တယ်။ စကားမဆက်နိုင်ဘူး။

တစ်ညနဲ့ တစ်ရက်လုံးလုံး စိတ်အေးခဲ့တဲ့ ကြည်ပြာဟာ ကွယ်ပျောက်ခဲ့ပြီ။ အဲဒီအစား အန္တရာယ်တစ်ခုခုနဲ့ မောင်လေး ကြုံနေရပြီလို့ မိုး ထိတ်တဲ့ ကြည်ပြာပဲ ကျန်ရစ်ခဲ့တော့တယ်။

'ဘာမှ မပူနဲ့ သမီး၊ မောင်လေး ဘာမှ မဖြစ်စေရဘူး၊ အဖေတို့ မနက်ဖြန် မနက်လိုက်ရှာမှာ ၊ ပြန်ခေါ်လာခဲ့မှာ '

အဖေဟာ သူ့စကား သူတောင် ယုံရဲ့ လားမသေချာပါဘူး။

မျက်နှာအိုကျသွားလိုက်တာများ ငါ့ဘဝမှာ အဖေ့ကို ဒီလို မျက်နှာအမူအရာမျိုးနဲ့ တစ်ခါမှ တောင် မမြင်ဖူးဘူးလေ။

အဖေ ရှာပေးမယ် ဆိုတာ ယုံပါတယ်။ အဖေဟာ အခက်အခဲရှိချိန် ငါတို့ မိသားစုရှေ့က မားမားမတ်မတ် ရပ်မယ့်သူ ဆိုတာယုံပါတယ် ။ တစ်နှစ်တုန်းက ချောင်းရေလမ်းကြောင်း ပြောင်းလို့ မိုး ရေကျချိန်မှာ တောင် ရေပြန်မကျ

ဘဲ ရေပြင်ကျယ် ဖြစ်ကျန်ခဲ့တဲ့ အခါ ကမ်းနား က အိမ်ကို ငါတို့ ခွာရဖို့ ဖြစ်လာဖူးတယ်။ အဲဒီ တုန်းက အဖေဟာ 'ဘာမှ မပူနဲ့ ၊ ငါတို့ မြေရှာပြီး အိမ်ပြန်ဆောက်ကြမယ်' လို့ အမေ့ ကို အားပေးခဲ့သေးတာ မှတ်မိပါရဲ့ ။

ခုလည်း ငါ့ကို ဘာမှ မပူနဲ့ တဲ့ ။ ဘာမှ မပူနဲ့ ဆိုပေမယ့် ပူတာတော့ ဘယ်တတ်နိုင်မလဲ။ မိုး တွေ ရွာလာတာတောင် အဖေတို့ ပြန်လာမယ့် လမ်းကို မြင်ရတဲ့ နေရာကနေ ငါ မခွာနိုင်ဘူး။ သင်္ကြားပင်အောက်မှာ ထီးတစ်ချောင်းဆောင်း ပြီးရပ်ရင်း၊ ခြံအပြင်ကို ငေးရင်း ငါ စောင့်နေ တယ်။ ဘယ်တော့များ ကုန်းထိပ်တက်လာတဲ့ အဖေတို့ ကို မြင်ရလေမလဲ ငါ စောင့်နေခဲ့တ ယ်။ လူတစ်ယောက်ပြီး တစ်ယောက် တက် လာလိုက် မျှော်လင့်တကြီး ကြည့်လိုက်၊ လွဲလို က်ပေါ့လေ။

မွန်းလွဲကျော်ကျော်မှာ တော့ လူတစ်ယော က် စက်ဘီးလေး တွန်းလို့ တက်လာတာကို စမြင်ရပြန်ရော။ ပထမတော့ တခြားလူထင်လို့ ခပ်အေးအေးပဲ။ ဒါပေမဲ့ တဖြည်းဖြည်း ရုပ်လုံး ပေါ်လာတဲ့ သူက ဦးဦးထွန်းရယ် ..။

ငါလေ သင်္ကြားပင်အောက်ကနေ ခြံဝကို ပြေးတာပဲ။ ဝါးလုံးတွေကို ဝရုန်းသုန်းကား ဆွဲ ဖွင့်လိုက်တာပဲ ။ ဦးဦးထွန်းတစ်ယောက်တည်း တက်လာတာ မြင်ပေမယ့် အနောက်မှာ အဖေ ရယ်၊ အမေရယ်၊ မောင်လေးရယ်ဟာ စက်ဘီး တစ်စီးစီးနဲ့ ကုန်းအတက်မှာ ပေါ်လာကြဦးမှာ ပဲလို့ ငါ ထင်လိုက်တယ်။ မျှော်လင့်ချက်ဟာ ငါ့ ရင်မှာ မီးတောက်တစ်ခုလို။

'ဦးဦးစိုးထွန်း တာရာရော ... တာရာရော

ဟင်'

ဦးဦးစိုးထွန်းက ခြေရှေ့တည့်တည့်မှာ ပဲ စက်ဘီးကို အတွန်းရပ်လိုက်တယ် ။ငါ့ကို ကြည့်တယ်။ ဟင်.. ဘယ်လို အကြည့်လဲ။ ဘာလို့ ဒီလို မျက်လုံးမျိုးတွေနဲ့ ကြည့်ရတာလဲ ။ဦးဦးထွန်းဟာ အခုပဲ ငိုချတော့မယ့်လူလိုပဲ။

ငါ ပါးစပ်အဟောင်းသားနဲ့ ငေးနေတုန်းမှာပဲ ဦးဦးစိုးထွန်းက ခေါင်းကို ခပ်ဖြည်းဖြည်း ခါလိုက်တယ်။

'တာရာ သေပြီ သမီး၊ သမီးမောင်လေးတာရာ သူများ သတ်လို့ သေရာပြီ'

အားခနဲ အော်သံဟာ ငါ့ပါးစပ်ကနေ ရုန်းကန်တိုးထွက်လာတယ်။ မိုးသံကို ဖောက်သွားတယ်။ အဲဒီ တစ်ခဏမှာ ငါ ရူးသွားတယ် ထင်တာပဲ။ မျက်ရည်လည်း ချက်ချင်း မကျဘူး။ ဘာမှ လည်း သတိမရတော့ဘူး။ ရင်ဘတ်ကို ဆူးချွန်နဲ့ ခြစ်နေလို့ မခံမရပ်နိုင် ထွက်လာရတဲ့ အသံလိုပဲ နောက်တစ်ခွန်းထပ်အောက်ပြီး ငါ ထီးကို ပစ်ချလိုက်တယ်။ နောက် ကုန်းထိပ်ကို ပြေးလာတယ်။ မိုးတွေဟာ ငါ့အပေါ်ကို တပေါက်ပေါက်နဲ့ အပြေးတကြီး သည်းချလာသလိုပဲ။ မိုးရွာတာလည်း ငါ မသိတော့ဘူး။ ဘာမှ မသိတော့ဘူး။

ငါ့မျှော်လင့်ချက်ဟာ ကုန်းအောက်ဘက်က မြင်ကွင်းပဲ။ အဲဒီအောက်ဘက်မှာ မောင်လေး တာရာ စက်ဘီးလေး တွန်းပြီး တက်လာမနေဘူးလို့ ဘယ်သူ ပြောနိုင်လဲ၊ ဘယ်သူ ပြောနိုင်မလဲ။ မိုးရေတွေကြားထဲ ပြေးနေရာကနေ ကုန်းထိပ်မှာ ငါ တုံ့ခနဲ ရပ်လိုက်တယ်။ ငါ့ရှေ့က ကုန်းဆင်းအောက်ဘက်မှာ တော့ ဘယ်သူမှ ရှိ

မနေဘူး။ ဟာလာဟင်းလင်း ...။

အဲဒီနောက်တော့ ဆက်ပြီး ရပ်မရတော့လို့ ထိုင်ချလိုက်တာလား၊ လူကပဲ ညွတ်ကျသွားတာလား ငါ မသိတော့ဘူး။ မိုးရေတွေကြားထဲမှာ ...။ အိမ်နီးချင်းတချို့ ထွက် လာပြီး ထီးနဲ့ လာမိုးပေးကြတဲ့ အထိ၊ ဆွဲထူကြတဲ့ အထိ အရူးတစ်ယောက်လို အော်ဟစ်ငိုယိုနေတာပါ လားလို့ တောင် ကိုယ့်ကိုယ်ကိုယ် မသိတတ်လောက်အောင် ငါ့ရဲ့ စိတ်ကမ္ဘာဟာ အပျက်ကြီး ပျက်သွားခဲ့တာပါပဲ။

***

လူတစ်ယောက်ဟာ စိတ်နဲ့ ကိုယ်မကပ်တော့ဘူး ဆိုရင် သူ့ကိုယ်သူတောင် လုပ်မိလုပ်ရာ လုပ်နေပါလားရယ်လို့ မသိတတ်တာတွေ စီကာစဉ်ကာ လုပ်နေမိမှာ ပဲလို့ ကိုယ့်ကိုယ်ကိုယ် ပြန်ပြီးတည်ဆောက်လာနိုင်တဲ့ အခါ ငါ တွေးမိတယ်။

မောင်လေးကို ဆုံးရှုံးလိုက်ရတဲ့ အချိန်တုန်းကတော့ စိတ်နဲ့ ကိုယ်နဲ့ တစ်သားတည်း မရှိတော့တဲ့ ငါဟာ ဘာတွေ လုပ်နေမိတယ် ဆိုတာတောင် ကိုယ့်ကိုယ်ကိုယ် မသိတတ်နိုင်ခဲ့ဘူးလေ။ နောင်ကျမှ တစ်ပါးသူ အပြောတွေနဲ့ ပြန်သိရတာတော့ပါပဲ။ အဲဒီအထဲမှာ ငါ့မိသားစုအပြော ပါတယ်။ သူငယ်ချင်းတွေ အပြောပါတယ်၊ အိမ်နီးချင်းတွေအပြော ပါတယ်။ ဒီအပြောတွေ စုလိုက်တော့လည်း အတိတ်နေ့ရက်တွေထဲက ကြည်ပြာဆိုတဲ့ ကောင်မလေးတစ်ယောက်ကို မပီဝိုးတဝါး ပြန်မြင်ရတယ်။

မောင်လေး ဆုံးပြီလို့ သိပြီးတဲ့ နောက်ပိုင်း သင်္ချိုင်းကို ဘယ်လို ရောက်ခဲ့တယ်၊ ဘယ်သူ

ခေါ်လာတယ် ဆိုတာ ငါ မမှတ်မိဘူး။ ရောက် တာနဲ့ မောင်လေးအလောင်း ရှိတဲ့ နေရာကို မိုး ရေထဲက ဖြတ်ပြီး မျက်လုံး အကြောင်သားနဲ့ တန်းတန်းမတ်မတ် လျှောက်သွားတော့တာပဲ။ အလောင်းနား မရောက်ခင် 'သမီး ' လို့ ပူပူပင် ပင်ခေါ်သံနဲ့ အဖေ အနားကပ်လာတဲ့ အခါမှ ငါ စဝိုတာပဲ။ ဘယ်သူ့ကို အပြစ်ပြောရမှန်း မသိ တဲ့ ငါဟာ အဖေ့အပေါ် အပြစ်ပုံချမိတယ်။

'အဖေ ပြောတော့ ဘာမှ မပူနဲ့ ဆို၊ မောင် လေးကို ပြန်ခေါ်လာမယ်ဆို'

အဲဒီစကားက သချိုင်းကို ရောက်တဲ့ အချိန် ကနေစပြီး မောင်လေး အလောင်း မြေကျလို့ ပြန်တဲ့ အထိ ငါပြောခဲ့တဲ့ တစ်ခွန်းတည်းသော စကားပဲ။ ပြောပြီးတာနဲ့ မောင်လေးအနားကို ငါကပ်သွားတော့တာပဲ။ သုံးရက်တောင် ကြာပြီဆိုတော့ အသက်မရှိတော့တဲ့ ခန္ဓာ၊ သေ ရှိုးသေစဥ် မဟုတ်ခဲ့တဲ့ ခန္ဓာဟာ ဘယ်လောက် ရုပ်ပျက်နေခဲ့ပြီ၊ ဘယ်လောက် အနံ့အသက် ဆိုးနေပြီ ဆိုတာ ငါပြန်တောင် မပြောချင်ပါ ဘူး။

ဒါပေမဲ့ အဲဒီတုန်းကတော့ ငါ့အတွက် ဘာ ကမှ အရေးမကြီးဘူး။ မြေကျင်းထဲ မောင်လေး ကို မချလိုက်ခင် သူ့အနား နေနိုင်သမျှ နေရဖို့ တစ်ခုပဲ ငါ သိတော့တာ။ ငါ့လက်တွေဟာ တ ဆတ်ဆတ် တုန်နေတယ်။ သူ့မျက်နှာလေးနား ကိုပဲ ကပ်တော့မလိုလို၊ လက်ကလေးတွေကိုပဲ ထိတော့မလိုလို ခဏခဏ လုပ်မိတယ်။ မျက်ရ ည်တွေတွေကျနေတယ်။ 'မောင်လေး တာရာ ရေ' လို့ ငါ့ရင်ဘတ်ထဲမှာ အကျယ်ကြီး အော် ခေါ်တယ်။ ပါးစပ်ကတော့ ဘာစကားမှ မထွ

က်နိုင်ဘူး။

ငါ့အနား ရောက်လာတဲ့ အမေ့ကို ငုံ့ကြည့်မိတဲ့ အခါမှာ လည်း နာကျင်ပြိုကွဲနေတဲ့ ငါ့ကိုယ်ငါ ပြန်မြင်ရသလိုပါပဲ။ 'အမေ'လို့ ခေါ်ဖို့ ကြိုးစားတယ်။ ဒါပေမဲ့ အသံမထွက်နိုင်ဘူး။ နှုတ်ခမ်းတွေပဲ လှုပ်သွားတယ်။ အမေဟာ မောင်လေးကို တွေ့ပြီး ကြည့်နေရှာတယ်။ သူ့ဝမ်းနဲ့ လွယ်မွေးခဲ့တဲ့ သားကလေးကို ဆေးရုံမှာ ပိုင်ရှင်မဲ့အလောင်းအဖြစ် စတွေ့ရတဲ့ အခါ၊ ဒဏ်ရာဗရပွကို ရင်ဆို့ဆို့နဲ့ ၊ မကြည့်ရက် ကြည့်ရက် ကြည့်နေရင်းက ဒါ သားပါပဲလို့ အတည်ပြုလိုက်ရတဲ့ အခါ အမေလည်း ငါ့လိုပဲ ခဏလောက်တော့ ရူးသလိုလို ဖြစ်သွားခဲ့မှာ ပါပဲ။

'ငါ့သားလေး အဖြစ်ဆိုးလိုက်တာအေး'

ငါ့ကို ထွေးဖက်ရင်း၊ မျက်ရည်ကျ ရှိုက်ငင်ရင်း အမေ ဆို့ဆို့နင့်နင့် ပြောလိုက်တဲ့ အခါ ငါ မျက်လုံးအစုံကို မှိတ်လိုက်တယ်။ ပြီးတော့ ပြန်ဖွင့်တယ်။ လူတွေ ပြောကြသလိုဖြင့်ခုနေ ဒီနားမှာ မောင်လေး တရာရဲ့ ဝိညာဉ်ရှိနေမှာပေါ့။ မောင်လေးရေ ... ။ငါ ဟိုဟိုဒီဒီ လိုက်ကြည့်တယ်။ မျက်နှာတွေ အများကြီးတွေ့တယ်၊ ဒါပေမဲ့ မောင်လေး မပါဘူးလေ။

မောင်လေးကို ငါ ရှာမိတာဟာ အဲဒီတစ်ရက်တည်း မဟုတ်ပါဘူး။ မြေချပြီး ညကျတော့လည်း ရှာတာပါပဲ။ မောင်လေးရယ်၊ ငါရယ် စာအတူဖတ်နေကျ အိမ်အောက်မှာ ညဘက်ကျ ထိုင်စောင့်နေမိတာပဲ။ ငါ့ကို လာလှန့်ပါစေလို့ ခဏခဏ ဆုတောင်းတယ်။ လကွယ်ညမို့ အိမ်ပေါ်က အလင်းစနည်းနည်း ဖြာကျနေတာကလွဲပြီး ဝိန်းဝိတ်မှောင်နေတဲ့ အပြင်ကို လှည့်

ပတ်ငေးရင်း ငါမောင်လေးကို ရှာတယ်။ ဒါပေမဲ့ ငါ ... ငါ အရိပ်ကလေးတောင် မမြင်ရပါဘူး ။

မြေချပြီး နောက်တစ်ရက် မနက်မိုးလင်းတော့လည်း ရှာပြန်တာပဲ။ မိုးဖွဲဖွဲ ရွာနေရက်နဲ့ အဆောင်းမပါ ဘာမပါ ခြံဝမှာ ရပ်၊ ဝါးလုံးပေါ်မေးတင်ပြီး ငါကုန်းထိပ်ကို ငေးနေခဲ့တာ။

'မောင်လေးရေ ထပါတော့၊ ရောင်နီ လာလှပေါ့

ညီမလေးရေ ထပါတော့ ရောင်နီ လာလှပေါ့၊

တစ်ကျော့နှစ်ကျော့ တေးကိုသီ၊ ငှက်ကျားနှုတ်ပလီ'

လို့ ငါ တိုးတိုးလေး ဆိုနေမိတယ်။

'မောင်လေးရေ ထပါတော့ ၊ရောင်နီလာလှပေါ့' ဆိုတဲ့ တစ်ကြောင်းကိုပဲ လေး၊ ငါးခါလောက် ကျော့မိတယ်။ ခုနေ စက်ဘီးတွန်းပြီး ကုန်းအတက်ကလေးကနေ မောင်လေး ပေါ်လာပါစေ။ မောင်လေး တာရာ ပြန်လာပါစေ။

'ဘာလုပ်နေသလဲ သမီးရယ်၊ မိုးရွာကြီးထဲမှာ '

အမေ ငါ့နောက်ကျော ဘယ်အချိန် ရောက်လာပြီး ထီးမိုးလိုက်မှန်း မသိဘူး။ ငါ အမေ့ကို လှည့်ကြည့်တယ်။ ပြီးတော့ ကြောင်တောင်တောင် အသံနဲ့ ရယ်မိတယ်။

'မောင်လေးကို စောင့်နေတာ'

သူ့သမီးရဲ့ ရယ်သံ၊ မျက်နှာပေးနဲ့ စကားကို ကြားရတဲ့ အခါ အမေဘယ်လို ခံစားလိုက်ရမလဲလို့ နောင်တော့ ငါ ခဏခဏ တွေးမိတယ်။

အဲဒီတုန်းကတော့ မျက်ရည်တပေါက်ပေါက် ကျနေတဲ့ အမေနဲ့ အတူ အိမ်ဘက်ကို ကြောင်ငေးငေး မျက်လုံးတွေနဲ့ ငါ ပြန်လိုက်လာတာပဲ ။

မောင်လေး မရှိတော့တဲ့ နောက် ငါ့ပြဿနာတစ်ခုက ထမင်း ဘယ်လိုမှ စားလို့ မဝင်တာပါပဲ။ မောင်လေး နေ့လယ်စာ စားမသွားရဘူး၊ ငါလည်း ဘာလို့ စားမှာ လဲ ဆိုတာမျိုး အရူးတစ်ယောက်လိုပဲ တွေးမိတယ်။ ငါ့ကို ဘယ်သူမှ ထမင်းစား ခေါ်မရဘူး။ 'သမီး မစားရင် အဖေလည်း မစားဘူး' လို့ အဖေကိုယ်တိုင် မျက်ရည်ဝဲရင်း ပြောလာမှ သာ ထမင်းစားပွဲဝိုင်းမှာ ငုတ်တုတ်ဝင်ထိုင်တယ်။

အဖေ စားတာကို ငါကြောင်ငေးကြည့်နေတယ်။ 'စားလေ သမီး' လို့ အဖေ ထပ်ပြောတယ်။ ပထမဆုံး ထမင်းလုတ်ကို ငါ စဝါးတယ်။ နင်လိုက်တာ ...။ ထမင်းလုတ်ဟာ ငါ့လည်ချောင်းကို ကျော်ပြီး ဝင်နိုင်ပုံ မရဘူး။ လည်ချောင်းမှာ တစ်ခုခု ဆို့ထားသလိုပဲ။

ရှေ့က ဘဲဥဆီပြန်ဟင်းခွက်ကို ငါငေးနေတယ်။ ဘဲဥအခြမ်းလေးတွေ ဟင်းအနှစ်ထဲမှာ ရှိနေတာကို ငေးနေမိတယ်။ ဘဲဥဆီပြန်ဟင်း ချက်ရင် ငါတို့ တစ်ယောက်တစ်ခြမ်းပဲ စားကြရတာမို့ 'ကျွန်တော် လူကြီးဖြစ်ရင် ဘဲဥကို မခြမ်းဘဲ တစ်လုံးလုံး ချက်စားမယ်၊ နှစ်လုံး၊ သုံးလုံး စားမယ်' လို့ မောင်လေး တာရာခဏခဏ ပြောဖူးတာ ခေါင်းထဲ ဗြုန်းဆို ရောက်လာတယ်။ ထမင်းလုတ်ကို ငုံထားရင်းက ငါ ခေါင်းငိုက်စိုက်ချလိုက်တယ်။ အဲဒီနောက်တော့ ငါ့မျက်ရည်တွေဟာ ထမင်းနဲ့ ရောသွား

ခဲ့တော့တာပါပဲ။

နဂိုက ပိန်တဲ့ ငါဟာ အဲဒီ သုံး၊ လေးရက်မှ လှပ်လှပ်ကလေးပဲ ကျန်သတဲ့ ။ မျက်လုံးကြောင်နဲ့ အမြဲတွေ့ရတာမို့ ငါ ရူးသွားမှာ ကိုပဲ မိသားစုရယ်၊ ပတ်ဝန်းကျင်ရယ်က ပူခဲ့ကြသတဲ့ ။ သူတို့ သောကနဲ့ သူတို့ စိတ်ပင်ပန်းနေရှာတဲ့ ငါ့မိဘတွေက သမီးတစ်ယောက်ကို ထပ်ပူရတာနဲ့ အဲဒီကာလတုန်းက ဘယ်လောက်များ နာကျင် ကြေကွဲနေကြလိမ့်မလဲလို့ နောင်တော့မှ ငါပြန်တွေးမိပါရဲ့ ။

နောက်ပိုင်း ... နောက်ပိုင်းကာလတွေကတော့ ငါ့အတွက် ရှင်ရက်နဲ့ သေရသလို ချောက်ချားစရာ ကာလတွေပါပဲ။ ရက်လည်ပြီးတဲ့အခါ ကျောင်းဖွင့်ရက်လည်း နီးပြီမို့ ငါ့ကို စိတ်ပူနေတဲ့ ကြားက အဖေတို့ ရွှေ့ပြန်ကြတယ်။ အဘကြီး ဟာသွားတဲ့ အိမ်ဟာ ငါ့အတွက် ငရဲပဲ ။ ကျောင်းဖွင့်ရက်တွေဟာငါ့အတွက် ငရဲပဲ။ ကျောင်းလမ်းမှာ ငိုင်တိုင်တိုင် လျှောက်ရတယ် ။ စာသင်ချိန်တွေမှာ စိတ်ကို စုစည်းထားတာကလွဲရင် စာသင်ချိန် ပြင်ပမှာ တော့ ဘယ်သူနဲ့ စကား ဟက်ဟက်ပက်ပက် မပြောမိဘူး။ စာသင်ခန်းပြတင်းက မြင်ရတဲ့ ကုက္ကိုပင်ကိုပဲ ငေးမှန်းမသိ ငေးနေခဲ့ဖူးတယ်။

ကျောင်းပိတ်ရက်တွေ ဆိုရင် ခြံနောက်က မန်ကျည်းပင်ကြီးအောက်မှာ ငါသွားသွားထိုင်နေတတ်တာ လနဲ့ ချီ ကြာခဲ့တယ်။ လေတိုက်လို့ မန်ကျည်းကိုင်းတွေ လှုပ်နေရင် ငါ မော့ကြည့်တယ်။ မန်ကျည်းကိုင်းတွေပေါ်မှာ မန်ကျည်းရွက်နုး၊ မန်ကျည်းသီး နုးတဲ့ မောင်နှမနှစ်ယောက်ကို ပြန်မြင်တယ်။ သူတို့ ရယ်သံကို ပြ

န်ကြားတယ်။ အဲဒီအခါကျရင် 'မောင်လေးရေ' လို့ ခေါ်ပြီး ငါငိုမိတာပဲ။ အဘွားအိပ်ချိန်၊ စာကြည့်စားပွဲမှာ တစ်ယောက်တည်း စာကြည့်နေချိန်ဆိုလည်း ဘာကြောင့်မှန်းမသိ ရှုးရှုးနင့်နင့် သတိရလာရင် 'မောင်လေးရေ' လို့ တိုးတိုးခေါ်ရင်း ငါ ငိုမိတာပဲ။

တစ်ရက်မှာ တော့ မက်နေကျ မဟုတ်ဘဲ မောင်လေးကို အိပ်မက်မက်တယ်။ အိပ်မက်ထဲမှာ သူ ငါ့ကို စကားတစ်ခွန်း ပြောခဲ့တာ ခုထိ နားထဲက မထွက်ဘူး။ 'မမ ခဏခဏ မငိုနဲ့ ၊ ကျွန်တော် တအား ပူတယ်' တဲ့ ။

ဒီစကားဟာ ငါ့ကို မေ့လျော့ အိပ်ပျော်နေတဲ့ အတိတ်ဆိုးကနေ လှုပ်နှိုးလိုက်သလိုပဲ။ နောက်ထပ် ခဏခဏ မျက်ရည်မကျအောင် ၊ စိတ်ငြိမ်အောင် ကြိုးစားတတ်လာတယ်။ အဘွားကလည်း ငါ ငူငူငိုင်ငိုင် ဖြစ်တိုင်း သူကိုယ်တိုင် ဝမ်းနည်း မှုပျက်တဲ့ ကြားက နှစ်သိမ့်တတ်တယ်လေ။

'သမီးရေ ကံ၊ ကံ၏ အကျိုးပဲ၊ အဘွားတို့တွေမှာ အတိတ်ကံ ဆိုတာပါလာရင် ရှောင်လွှဲလို့ မရဘူးနော့၊ သမီးမောင်လေးဟာ သူ့အတိတ်ကံ ပါလာလို့ ဒီဘဝမှာ ဝဋ်ကြွေးဆပ်ရတာ၊ အဘွားတို့ သူ့ကို ဘာလုပ်ပေးရမလဲ ဆိုရင် သူ ကောင်းရာမွန်ရာ ရောက်ဖို့ ၊ ကောင်းမှုကုသိုလ်လုပ်ပြီး အမျှဝေဖို့ ပဲ၊ သမီးဒီလို ဖြစ်နေလို့လည်း မောင်လေး ပြန်ရှင်လာမှာ မဟုတ်ဘူးနော့၊ သမီးအဖေနဲ့ အမေ စိတ်မကောင်းဖြစ်ကြရုံ၊ အဘွား စိတ်ဆင်းရဲရုံပဲ ရှိတာပ၊ သမီးအဖေနဲ့ အမေအတွက် သမီးပဲ ရှိတော့တယ် ဆိုတာလည်း သတိရဦး'

ကိုယ့်ကိုယ်ကိုယ် ထိန်းနိုင်တယ် ဆိုတာလည်း အလုံးစုံတော့ မဟုတ်ပါဘူး။ ညနေ ညနေဆိုရင် ပန်းခြံထဲ လမ်းလျှောက်ရင်းက အနောက်ဘက် ကောင်းကင်ကို ငေးမိရင်၊ ငှက်ကလေးတွေ အိပ်တန်းပြန်တာကို ငေးမိရင် အဲဒီငှက်ကလေးတွေနဲ့ လိုက်သွားရင်း မောင်လေး ရှိနေတဲ့ နောက်ကမ္ဘာတစ်ခုကို ရောက်မလားလို့ ငါ စိတ်ရူးပေါက်ပြန်တယ်။ စိတ်လွတ်ကိုယ်လွတ် ငေးငိုင်မိပြန်တယ်။

စိတ်နဲ့ ကိုယ်နဲ့ ပြန်ကပ်တော့လည်း ငါဟာ မောင်လေး မရှိတော့တဲ့ ကမ္ဘာမှာ ၊ အမိ၊ အဖ အတွက် အသက်ရှင်ရဦးမယ်ဆိုတဲ့ အသိ ကပ်နေတဲ့ ပစ္စုပ္ပန်မှာ ခြေခိုင်ခိုင် ရပ်ပြီး ရှိနေတုန်းပါပဲ။

***

ငါ မန္တလေး နိုင်ငံခြားဘာသာတက္ကသိုလ်ကို ရောက်တော့ ၂၀၀၁ ဒီဇင်ဘာလ။ မောင်လေး ဆုံးပြီးလို့ သုံးနှစ်ကျော်အကြာ၊ အဖေ ဆုံးပြီးလို့ လနည်းနည်းပဲ ကြာသေးတဲ့ အချိန်မှာ ငါ သိပ်ဖြစ်ချင်တဲ့ တက္ကသိုလ်ကျောင်းသူဘဝကို ရတာပါပဲ။ ငယ်ကတည်းက မက်ခဲ့ရတဲ့ အိပ်မက်၊ မြိုင်သာယာထက်၊ ငါတို့ပြည်နယ်ထက်တိုးတက်တဲ့ ရန်ကုန်၊ ဒါမှ မဟုတ် မန္တလေးမှာ ပညာရှာမယ်ဆိုတဲ့ အိပ်မက်တကယ်ဖြစ်လာခဲ့တာပါပဲ။

အဲဒီတုန်းကတည်းက ကံကြမ္မာဟာ ငါ့ကို ဝမ်းသာစရာအဖြစ်တွေနဲ့ ပေတွေ့ရင်တောင် ဝမ်းနည်းစရာလေးတော့ အရင်ခံစားစေပြီးမှ ပေးတွေ့တာပဲလို့ ငါတွေးတတ်ခဲ့တာ။ မောင်

လေးကို လက်လွှတ်ရပြီး သုံးနှစ်လောက်ပဲ ကြာတဲ့ အချိန်မှာ အဖေ့ကို ထပ်ဆုံးရှုံးရတာ ဟာ ငါ့အတွက်တော့ နောက်ထပ် လက်သီးပန်းတစ်လုံးပဲ မဟုတ်လား။

အဖေဟာ သူ့ကြောင့်၊ သူ့အပေါ် ငြိုးတဲ့ လူတွေကြောင့် မောင်လေး သေရလေခြင်း ဆိုတဲ့ စိတ်က တရိရိ နှိပ်စက်တဲ့ ဒဏ်နဲ့ ငါတို့ ကို စောစောစီးစီး နှုတ်ဆက်သွားခဲ့တာ။ တကယ်တော့ သေခြင်းတရားကို စောစောစီးစီးလို့ ငါမ သုံးသင့်ပါဘူး။ ငါတို့ ဟာ မွေးလာကတည်းက သေဖို့ ရာ ရှိပြီးသားပဲ။ သေခြင်းတရားကို ငယ်ငယ်ရွယ်ရွယ်နဲ့ ငါ နားလည်ခဲ့ရသားပဲ။ ဒါပေမဲ့ အဖေ ဆုံးရတာကတော့ မောင်လေးစိတ်ကြောင့်ပါပဲလို့ ငါ တပ်အပ်ယုံတယ်။ ဒီယုံစိတ်ဟာ သေမင်းကိုတောင် အချိန်မတန်ဘဲ ခေါ်ရက်



လေခြင်းလို့ လက်ညှိုးထိုးချင်စိတ် ပေါက်လာ စေတာပဲ။

အဘွားရော၊ အမေရော မကြာ မကြာ ပြော ဆိုနားချဖူးတဲ့ အတိတ်ကံတွေ ဘာတွေတောင် မေ့ပြီး ငါဟာလူသတ်သမားကို အနာကြီး နာခဲ့ မိတာပဲ။

'သမီးတော့ သူ့သားသမီး တစ်ယောက် ယောက်ကို ပြန်သတ်ပြီးမှ ပဲ ကျေနပ်နိုင်မယ်' လို့ ငါပြောတဲ့ နေ့က အမေဟာ တော်တော်ပဲ ထိတ်လန့်သွားရှာတယ်။

'ဘာလို့ ဒီစကား ပြောသလဲ သမီးရယ်၊ ဘာလို့ အကုသိုလ်ယူနေရတာလဲ'

'အကုသိုလ်မက ဘာဖြစ်ဖြစ် သမီး ပြောမှာ ပဲ၊ သမီး မကျေနပ်ဘူး အမေ၊ ထောင် ဆယ်နှစ် ကျရက်နဲ့ ဘာလို့ သူလွှတ်ရမလဲ၊ လူတစ်ယော

က်ကို သတ်ပြီး ထောင် ဆယ်နှစ်ကျတယ် ဆို တုန်းကတောင် ဒီလောက်လေးပဲလားလို့ သမီး တွေးထားတာ၊ ခုတော့ သူက ဘာမှ မဖြစ်သလို လွတ်သွားပြီး ညောင်ပင်သာ ကနေတောင် ပြောင်းသွားလိုက်သေးတယ် မဟုတ်လား၊ သ မီးတို့ ကတောင့် မောင်လေး သေ၊ အဖေ သေရ တယ် မဟုတ်လား၊ မိသားစုဆိုတာ မရှိတော့ ဘူး မဟုတ်လား အမေရဲ့ '

ငါ့စိတ်မှာ ဒီလူ့မျက်နှာကိုပဲ ပြန်မြင်နေတ ယ်။ ခရိုင်တရားရုံးမှာ စီရင်ချက်ချတဲ့ နေ့က ငါ မြင်ဖူးလိုက်တဲ့ သူ့မျက်နှာကို ပြန်မြင်နေတယ်။

သူ့ကိုတော့ အရင်အရင်က ငါ မသိခဲ့ပါဘူး။ ငါက ညောင်ပင်သာသူဆိုပေမယ့် မြို့မှာ အနေ များ တော့ လူတိုင်းကို မသိနိုင်ခဲ့ဘူး။ ဒီတော့ သူ့ကို တွေ့တွေ့ချင်းမှာ ငါ့အတွက် သူစိမ်းတစ် ယောက်လိုပါပဲ။ သူဟာ အရေးနိမ့်တော့မယ် လို့ သူ့ဘာသာ မှန်းပြီးသားဖြစ်တဲ့ အမိန့်ချသံ ကို စောင့်နေရလို့ ထင်ပါရဲ့ ။ ရုပ်က အင်မတ န် ဘယ်လိုပဲ ဖုံးပေမယ့်၊ မျက်နှာမှာ အထင်း သား တွေ့ရတယ်။ ရုပ်က အင်မတန် တင်းမာ တဲ့ ရုပ်မျိုး၊ အငြိုးကြီးမယ့် ရုပ်မျိုးမို့ တွေ့လိုက် တာနဲ့ ငါ့ကျောထဲကတောင် စိမ့်သွားမိတယ်။

အဲဒီနောက် ခံစားလိုက်ရတာက ဒေါသပဲ။ ဒီလူဟာ ငါ့မောင်လေးကို သတ်တုန်းက ဘယ် လောက် သွေးဆာနေခဲ့မလဲ။ အောင်ပြီရယ်လို့ ရယ်ရင်လည်း ရယ်နေခဲ့မှာ ပေါ့။ အဖေ့ကို တ စ်သက်လုံး နာကျင်စေချင်လို့ သတ်တာပဲလို့ အ ဖေက ပြောပြတတ်တယ်။

တကယ်တော့ အဖေတင် မဟုတ်ပါဘူး။ ငါ တို့ တစ်မိသားစုလုံး နာကျင်ခဲ့ရတာပါ။ ငါဆိုရ

င် ရှုးမတတ် စိတ်အခြေအနေကနေ သိသိလေး လွတ်လာခဲ့တာပါ။

တရားရုံးမှာ ဒီအမှုကို စစ်တော့ အဖေနဲ့ အမေပဲ သွားကြတယ်။ ရွာကနေ မြို့သာယာကို လာ၊ မြို့သာယာကနေမှ မင်းကုန်းကိုသွား၊ အဲဒီလိုပေါ့။ စိတ်ပန်း လူပန်း။ အမှုရယ်လို့ ဖြစ်လိုက်ရင် တကယ်တော့ နှစ်ဖက်မိသားစု တသီးတတန်း ဒုက္ခရောက်ကြရတာ ငါ့ကိုယ်တွေ့ပါပဲ။ လူတစ်ယောက်ရဲ့ အမှန်း အငြိုးက တစ်ဖက်မိသားစုကိုတင် မဟုတ်ဘူး ၊ သူ့မိသားစုကိုလည်း ပြန်ဒုက္ခပေးခဲ့တာပါ။ သူ့မိန်းမဟာ မျက်နှာမကောင်းရှာဘူးလို့ အမေက ပြောပြတတ်တယ်လေ။ သူကတော့ ခပ်မာမာ ဆိုပါလား ။

ငါတို့ ဘက်ကတော့ စိတ်ပဲ မာနိုင်ခဲ့တာပါ။ ငွေရေးကြေးရေး နောက်ခံအင်အားက သူတို့လောက် မမာလေတော့ ရှေ့နေငှားရတယ်၊ အမှုရင်ဆိုင်တယ်၊ တရားရုံးစရိတ် သုံးရတယ် ဆိုတာတောင် ကျောင်းဆရာ ဇနီးမောင်နှံအတွက် မဟာစွန့်စားခန်းပဲ။ အမှုလည်း ပြီးရော အဖေတို့ ဟာ အကြွေးတွေကြားထဲ ကျန်ရစ်ခဲ့တာပါပဲ။

တရားရုံးကိုတော့ ငါ ရောက်ဖူးလိုက်တာ တစ်ကြိမ်ပဲ။ နောက်ဆုံး စီရင်ချက် ချတဲ့ နေ့ပဲ။ ငါဟာ အမေ့ဘေးမှာ ကပ်ထိုင်ရင်း တရားခံဆိုတဲ့ လူကိုပဲ မမှိတ်မသုန် ကြည့်နေတယ်။ စိတ်နဲ့ ပဲ ဒီလူ့ကို ပြေးသတ်တယ်။ နီရဲရဲ သွေးအိုင်ကြားထဲ သူ ခွေလဲနေတာကို စိမ်ပြေနပြေ ကြည့်တယ်။ တကယ်တမ်း လူကတော့ နေရာက မရွေ့ဘဲ မျက်ရည်ကျလုလုမို့ ကိုယ့်

ဘာသာ ထိန်းနေခဲ့ရတာ ငါ ဘယ်တော့မှ မမေ့ပါဘူး။

အမှုပြီးလို့ ဘာကြာလိုက်သလဲ၊ ပြည်နယ်ရုံးကနေ ကွင်းလုံးကျွတ် လွတ်လာသတဲ့ ။ ရွာမှာတော့ ငွေ ဘယ်လို သုံးပြီး လွတ်အောင်လုပ်ရကြောင်းတွေ ဟိုကပြော ဒီကပြောနဲ့ ပါပဲ ။ အဖေ့မှာ သားလည်း သေ၊ အမှုလည်း ရှုံးလေခြင်းလို့ ဝမ်းနည်းစိတ်၊ မခံချင်စိတ်နဲ့ တနုံ့နုံ့ ဖြစ်လိမ့်မယ်။ ဒီထက်ပိုတာက ကိုယ့်ကြောင့်သားသေရခြင်း ဆိုတဲ့ သောကပါပဲ။ ဒီသောကက နှိပ်စက်တော့ အဖေ့ကိုငါတို့ ဆုံးရှုံးရပြန်တယ်။

ငါ မေ့လျော့ဖို့ ကြိုးစားခဲ့ဖူးတဲ့ ဒေါသရယ်၊ အမုန်းတရားရယ်၊ အငြိုးရယ်ဟာ အဖေ့ကို မောင်လေးကို သတိရတိုင်း ခေါင်းထောင်ထလာတော့တာပါပဲ။

'တရားကို နတ်စောင့်ပါတယ် သမီးရယ်၊ အမှန်တရားက ဘာလဲဆိုတာ လူတိုင်း သိတာပဲ၊ သမီးမောင်လေးဟာ သူ့အတိတ်ကံကြောင့် ဒီလို ဖြစ်သွားရှာတာ၊ ဘဝဘဝက ပါလာခဲ့ပြီကိုး အေး၊ အမေတို့ ဘယ်တတ်နိုင်မလဲ'

'သမီးတို့ အမှုကို ဆက်မလိုက်နိုင်တာ ပိုက်ဆံ မရှိလို့ ပဲ အမေ၊ သူ လွတ်သွားတာလည်း ပိုက်ဆံရှိလို့ ပဲ၊ သမီး ကြီးလာရင် ပိုက်ဆံပဲ ရှာမယ်၊ သမီး ချမ်းသာလာတဲ့ အခါ သူ့သား၊ ဒါမှ မဟုတ် သူ့သမီးကို ပြန်သတ်ရမယ်၊ သူ အသက်ရှင်နေတုန်းမှာ ပဲ သတ်မယ်၊ ပြီးရင် သူ့လိုပဲ ငွေနဲ့ ဖုံးပစ်မယ်'

အဲဒီတုန်းက ငါ့မျက်နှာဟာ အမုန်းတရားတွေနဲ့ ဘယ်လောက်များ ကြောက်စရာကောင်းနေမှာ ပါလိမ့်။ အမေဟာ

ငါ့ကို ငေးရင်း ဝမ်းနည်းနေရှာပုံပဲ။

'ဘာလို့ ဒီလိုမျိုး စကားတွေ ပြောရသလဲသမီး၊ ဘာလို့ အကြွေးသစ်တွေ ယူမလဲ၊ သံသရာအထိ ဘာလို့ သယ်သွားမလဲ၊ သမီးမောင်လေးက ဘဝ ဘဝက အကြွေးကို ဆပ်သွားပြီ၊ သမီးက ဘာလို့ နောင်သံသရာအထိ အကြွေးပါအောင် ယူမလဲ၊ ဒီဘဝမှာ ကိုယ်က သူ့ကိုငြိုးလိုက်၊ နောင်ကျပြန်တော့ သူက ကိုယ့်ကို ပြန်ငြိုးလိုက် ဒီသံသရာ ဘယ်တော့ ဆုံးမလဲ၊ ရန်ကို ရန်နဲ့ တုံ့နေလို့ ကတော့ သံသရာက မဆုံးဘူး သမီး'

ငါ အမေ့မျက်နှာကို ပြန်ငေးနေတယ်။ သားကို ဆုံးခဲ့ရတဲ့ အမေဟာ အပူကို ဘယ်လိုများ ရင်ဆိုင်ခဲ့ရှာသလဲ။ ခင်ပွန်းကိုပါ ဆုံးရပြန်တဲ့ အခါ ဘယ်လိုစိတ်နဲ့ ဖြေရှာသလဲ။ တရားနဲ့ သူ့ကိုယ်သူ အေးငြိမ်းအောင် ကြိုးစားနေထိုင်တတ်သူမို့ အမေဟာ ငါ့လိုတော့ အပူတွေကြားထဲမြုပ်မနေဘူး။ တစ်နည်းအားဖြင့် လွတ်မြောက်နေသူပါပဲ။ သူ လွတ်မြောက်သလို၊ အေးငြိမ်းသလို ငါ့ကိုလည်း လွတ်မြောက်အေးငြိမ်းစေဖို့ တတ်နိုင်သမျှ ကြိုးပမ်းလိုပုံပါပဲ။

'ဤသူသည် ငါ့ကို ဆဲရေးဖူးပြီ ၊ ငါ့ကို ညှဉ်းဆဲဖူးပြီ၊ ငါ့ကို အောင်နိုင်ဖူးပြီ၊ ငါ့ဥစ္စာကို ဆောင်ယူဖူးပြီဟု ထိုသူ့အပေါ်၌ ရန်ငြိုးဖွဲ့ကုန်၏။ ထိုသူတို့ အား ဖြစ်ပေါ်လာသည့် ရန်သည် မငြိမ်းအေးနိုင်။

ဤသူသည် ငါ့ကို ဆဲရေးဖူးပြီး၊ ငါ့ကို ညှဉ်းဆဲဖူးပြီ၊ ငါ့ကို အောင်နိုင်ဖူးပြီ၊ ငါ့ဥစ္စာကို ဆောင်ယူဖူးပြီဟု ထိုသူ့အပေါ်၌ ရန်ငြိုးမဖွဲ့ကုန်၊ ထိုသူတို့ အား ဖြစ်ပေါ်လာသည့် ရန်သည်

ပြေငြိမ်းနိုင်၏။ ...လို့ ဓမ္မပဒမှာ ရှိတာပ သမီး။

တရားနဲ့ ဖြေပါဆိုတော့ အပြောတော့လွယ်တယ်၊ လိုက်တာရတာတော့ အင်မတန် ခက်တာမျိုး မဟုတ်လား၊ ဒါပေမဲ့ ဒီစကားက လွဲပြီး အမေ သမီးကို ပြောစရာ စကား ရှိသလား ဆိုတော့လည်း ဒီလောက် ပြည့်စုံတဲ့ စကား ဘယ်ရှိမလဲ ရန်ငြိုးတွေနဲ့ ငါ့သမီးရဲ့ စိတ်မှာ အညစ်အကြေးတွေ မစွန်းထင်းစေချင်ဘူး။

အသက်အရွယ်အရ အမေဟာ သမီးကို ထားခဲ့ရဦးမှာ ပဲ၊ ဒီရန်ငြိုးစိတ်၊ အကုသိုလ်စိတ်နဲ့ ပဲ သမီး အသက်ရှင် ကျန်နေခဲ့မှာ ၊ ဒီစိတ်နဲ့ ပဲ ဘဝကူးရမှာ ကိုမဖြစ်စေချင်ဘူးအေး။

ဘုရားဟောကို လိုက်နာ၊ အကုသိုလ် မလုပ်နဲ့ ၊ ကုသိုလ်ကို ပြည့်စုံအောင်လုပ်၊ စိတ်ကို ဖြူအောင်ထား၊ ဒါဆို အမေ့သမီးဘဝ ငြိမ်းချမ်းမယ်၊ အခုတော့ သမီး ငယ်သေးတယ်၊ အမေပြောတာတွေ အကုန် လက်ခံနိုင်ဦးမှာ မဟုတ်ဘူး ၊ သမီး ရင့်ကျက်လာတဲ့ အခါကျရင်တော့ သဘောပေါက်မှာ ပဲ'

အမေ့မျက်နှာက ကြည်လင်ငြိမ်းချမ်းတဲ့ အရိပ်ဟာ ငါ့ရင်က မီးတောက်ကို ရေနဲ့ ငြိမ်းလိုက်သလိုပါပဲ။ ငါ့စိတ်ဟာ တစ်ခဏတော့ အေးငြိမ်းသွားခဲ့တယ်။ တစ်ခဏဆိုမှ တကယ့်ကို တစ်ခဏပါပဲ။ ငယ်လည်း ငယ်သေးတော့ငါဟာ ဒဏ်ရာတွေကနေ ပြေးမလွတ်နိုင်ဘူး။ လက်စားပြန်ချေမယ်ဆိုတဲ့ အငြိုးစိတ်ကနေတော့ လွတ်မြောက်လာပါရဲ့ ။ ဒါပေမဲ့ အမုန်းကိုတော့ ငါ အလွန်ဆန်နိုင်ခဲ့ဘူး ။

ဒီစိတ်နဲ့ ပဲ ငါတက္ကသိုလ် ရောက်လာခဲ့တယ်

လေ။

***

မန္တလေးတက္ကသိုလ်နယ်မြေဟာ သူ့ရင်ခွင်ထဲ ဒဏ်ရာ ဗရပွနဲ့ ရောက်လာတဲ့ ကောင်မလေးတစ်ယောက်ကို နွေးနွေးထွေးထွေးပဲ ကြိုခဲ့တယ်။ သူ့ရဲ့ နာမည်ကျော် တိုင်လုံးဝါကြီးတွေဟာလက်တံရှည် ဆန့်ထုတ်လိုက်သလိုပဲ အဲဒီကောင်မလေးကို ကြင်ကြင်နာနာ ထွေးဖက်ထားတယ်။ လမ်းသွယ်တွေကို အုပ်မိုးထားတဲ့ ကုက္ကိုပင်တွေ၊ တမာတပင်တွေကလည်း လေပြည်ဖွေ့လိုက်တိုင်း အကိုင်းအခက်တွေ၊ အရွက်တွေကို ယိမ်းနွဲ့ပြီး ကောင်မလေးရဲ့ ဒဏ်ရာတွေကို ပွတ်သပ်ပေးကြတယ်။

အတိတ်ရဲ့ အရိပ်ဆိုးကနေ ထွက်ပြေး

လွတ်မြောက်ခွင့်ရတဲ့ နေရာမို့လား မသိဘူး။ ငါဟာ ကျောင်းပတ်ဝန်းကျင်ကို ဘယ်တော့မှ မေ့မရအောင် ချစ်ခဲ့မိတာပါပဲ။ မြို့ငသာယာမှာ ဆိုရင် အိမ်မှာ နေတာပဲ ဖြစ်ဖြစ်၊ အပြင်ရောက်တာပဲ ဖြစ်ဖြစ် ပြေးမလွတ်သာအောင် ဒဏ်ရာတွေက ငါ့ကို စစ်ခနဲ စစ်ခနဲ အသစ်ဖြစ်ကိုက်ခဲစေတာမျိုး။ ဒီမှာ တော့ နေရာတိုင်းဟာ ငါ့အတွက် အသစ်၊ ဘာမဆို အသစ်ပဲ။

ငါ့ဒဏ်ရာဟာ အရှင်းမပျောက်သေးပေမယ့် အရင့်အရင်လောက်တော့ အမုန်းတွေနဲ့ ပူလောင်မနေတော့ဘူးပေါ့လေ။ ကိုယ့်စိတ်ကိုယ် ဖြေသာအောင် နေတတ်စပြုလာတယ်။ စာဖတ်တယ်။ ကျောင်းစာလုပ်တယ်။ သူငယ်ချင်းတွေ ရုပ်ရှင်ရုံဆီ ခြေဦးလှည့်ရင် လိုက်သွားတယ်။ အဆောင်မှာ သူတို့ တွေ စကားဝိုင်းဖွဲ့ကြတဲ့ အခါ ဝင်ရတယ်။ သူတို့ ပြောသမျှ နားထောင်ရင်း သူတို့ ဟာသတွေကို ရယ်မောဖို့ ကြိုးစားရင်း။

တစ်ခါ တစ်ခါကျတော့လည်း ကျောင်းလမ်းက အုတ်ခုံတစ်ခုခုပေါ်ထိုင်ရင်း သစ်ရွက်တွေ ကြွေတာကို ငေးမိရင် ဒီကမ္ဘာမြေပေါ် မရှိတော့သူ၊ ငါ ချစ်ရသူတွေကို လွမ်းနေတတ်ပြန်ရော။

'မမ အဘွားကြီးဖြစ်မှ ကျောင်းတက် ရရင် ဘယ်လို လုပ်မလဲ' လို့ မောင်လေး ပြောဖူးတာကို အမှတ်ရလာပြန်ရော။

ကျောင်းသား အရေးအခင်းကြောင့် တက္ကသိုလ်တွေ ပိတ်ထားတုန်း ငါက ဆယ်တန်းတက်ရဖို့ ဖြစ်လာတာ မဟုတ်လား။ အခုတော့ သူ့အစ်မ တက္ကသိုလ်ကျောင်းသူ ဖြစ်လာတာကို

မောင်လေး မြင်မသွားရှာဘူး။ အင်း .... အဖေလည်း မြင်သွားရှာဘူး။

တက္ကသိုလ် နေ့ရက်တစ်လျှောက်မှာ တော့ ငါ့ရဲ့ အားလပ်ချိန် အတော်များများကို ကျောင်းစာထဲမှာ နစ်ထားမိတာပါပဲ။ အရင်လို ငွေရှာမယ် ဆိုတဲ့ ငယ်စိတ်ငယ်မာန် ပျောက်ရှခဲ့ပြီ။ အဲဒီအစား ပညာရှာမယ် ဆိုတဲ့ အတွေးပဲ တိုးလို့ဝင်လာခဲ့တာ။ မောင်လေးက ပညာသိပ်လိုချင်ခဲ့တာ မဟုတ်လား။ သူ့မှာ လည်း ငါ့လိုပဲ တက္ကသိုလ်အိပ်မက်ရှိခဲ့တာ မဟုတ်လား။ တစ်နေ့ကျရင် သူ့လို ပညာလိုလားတဲ့ ကလေးတွေကို ကူညီနိုင်တဲ့ သူဖြစ်လာဖို့ ပဲ ငါတွေးတော့တယ်။

မန္တလေးမှာ လေးလလုံးလုံး ဒဏ်ရာအသားသေသလို ဖြစ်ပြီး စိတ်ပြေလက်ပျောက် ရှိရသမျှ တကယ့်အခက်ကတော့ အိမ်အပြန်မှ စပေ[illegible] ပါပဲကွယ်။

မြိုင်သာယာ မြို့အဝင်လမ်းဟာ သင်္ချိုင်းကိုဖြတ်ရတာကိုး။ မြို့ဘက်ကို ကားဦးတည်ထားပြီးရင် သင်္ချိုင်းဟာ ကားရဲ့ဘယ်ဘက်ခြမ်းမှာ ။ တိုက်တိုက်ဆိုင်ဆိုင် ငါရတဲ့ ခုံကလည်း ဘယ်ဘက်ခြမ်းမှာ ။ ကားကလည်း မှန်လုံကားတွေ မဟုတ်သေးတဲ့ အချိန်ဆိုတော့ ခေါင်းလေး နည်းနည်းထုတ်ရင်း သစ်ပင်အုပ်အုပ်လေးတွေကြားက သင်္ချိုင်းတွေဆီသွားတဲ့ အဝင်လမ်းလေးကို ငေးရတယ်။ 'မောင်လေးရေ' လို့ စိတ်ထဲက အော်ခေါ်မိပြန်တယ် ။ နောက်တော့လည်း မျက်ရည်ဝဲမိပြန်တယ်။

မြိုင်သာယာလည်း ရောက်ရော အဘွားအိမ်မှာ တစ်ပတ်လောက်နေပြီးတာနဲ့ ငါ ရွာကို ပြ

န်ခဲ့တော့တာပဲ။ ငါ့စိတ်ထဲတော့ မြို့သာယာခြ
က ငါ့ကို ပိုပြီးလွမ်းစေတယ် ထင်တာကိုး။
ဒီခြံနဲ့ ဝေးရင် နည်းနည်းတော့ စိတ်သက်သာ
ရာ ရမယ်ထင်တာကိုး။ တကယ်တော့ မဟုတ်
ပါဘူးလေ။ ရွာပြန်တော့လည်း အဖေ့အုပ်ဂူ ရှိ
နေတဲ့ နေရာမို့ နောက်တစ်မျိုး လွမ်းရပြန်ရော
။

အမေ့ရှေ့ကျတော့လည်း ငါဟာ တက္ကသိုလ်
မ ,၁ အလွန်ပျော်မွေ့လာသယောင်
အတွေ့အကြုံတွေ ဖောက်သည် ချ
ပြုံးရွှင်နေရပြန်တယ်။ ချောင်းကမ်းနားက အိမ်
ကလေးအတိုင်း အဖေ ပြန်ဆောက်ထားတဲ့ ရွာ
လယ်လမ်းဆုံက အိမ်မှ အခုတော့ အမေ တစ်
ယောက်တည်းရယ်။ ဒဏ်ရာတွေဆီကနေ အ
ဝေးထွက်ပြေးမှ လွတ်မယ်လို့ ငါ ထင်ခဲ့ဖူးတ
ယ်။ ဒါပေမဲ့ အမေကတော့ ဒဏ်ရာတွေရဲ့ အ
နီးအနားမှာ တင် ငြိမ်းချမ်းအောင်
နေတတ်ခဲ့ပြီ။

တစ်ရက်တော့ ချောင်းကမ်းနားက နေရာ
ဟောင်းဆီ ငါထွက်လာခဲ့တယ်။ အရင်က ချော
င်းရေပြင်ကျယ် ရှိဖူးတဲ့ နေရာဟာ ခုတော့ မြေ
သားလွင်ပြင် ဖြစ်နေပြီ။ ချောင်းလမ်းကြောင်း
က ပြောင်းသွားခဲ့ပြီ။ ငါတို့ အိမ်ကလေးရှိခဲ့တဲ့
နေရာဟာ ထီးတည်း။ ပျဉ်းမပင်ဟာလည်း
ထီးတည်း။

ပျဉ်းမပင်အောက်အထိ လျှောက်သွားပြီး အ
ပင်ကို မော့ကြည့်မိတယ်။ ငါ့ကို မွေးတဲ့ အချိန်
မှာ အဖေ စိုက်ခဲ့တဲ့ အပင်။ ငါ့ဘဝလိုပဲ အခက်
အခဲတွေကြားထဲက ရှန်းထရတဲ့ သစ်ပင်။ ခြံနဲ့
ဝင်းနဲ့ မရှိတော့တာကြောင့် ထင်းလိုသူတွေက

ပင်စည်းငုံးတိုပဲ ကျန်အောင် အကိုင်းတွေ ခုတ်ယူသွားကြသေးသတဲ့ ။ ဒါပေမဲ့ ငါ ပြန်တွေ့တော့လည်း သစ်ပင်ပီပီသသ ဖြစ်နေပြန်ရော။

အသက်ပြင်းလှတဲ့ ဖွားဖက်တော် ပျဉ်းမပင်ဟာ လေအဝှေ့မှာ အသံပြုရင်း ငါ့ကို ငုံ့ကြည့်နှုတ်ဆက်နေသလိုပဲ။ တစ်ပါးသူ အချိုးအဖွဲ့ အဟန့်အတားလောက်နဲ့ ရည်မှန်းချက်ကို ဘယ်တော့မှ အပျက်မခံရဘူးလို့ ငါ့ကို ဆုံးမနေသလိုပါပဲ။

ငါ ပင်စည်ကို ခပ်ဖွဖွ ထိသပ်နေမိတယ်။ အဲဒီနောက်တော့ ဝမ်းနည်းနာကျင်နေတဲ့ အခိုက်ချစ်ခင်သူတစ်ယောက်ရှေ့ ရောက်နေရသလို ရွာပြန်ရောက်ပြီးခါမှ ပထမဆုံးအကြိမ် မျက်ရည်ကျမိတာပါပဲ။

***

'တာရာ အင်္ဂလိပ်စာသင်တန်းကျောင်း' ဆိုတဲ့ ဆိုင်းဘုတ်လေးကို ပျဉ်းမပင်နဲ့ ယှဉ်ပြီး ငါ မကြာမကြာ ရပ်ငေးဖူးတယ်။

တာရာ ဆိုတဲ့ စာလုံးလေးတွေက ခရမ်းရောင်လေးမို့ ပျဉ်းမတွေ ပွင့်ချိန်ဆိုရင် သိပ်လိုက်ဖက်တာပါပဲ။ ကျောင်းဖွင့်ဖို့ ခြံရှာတဲ့ အခါ တိုက်တိုက်ဆိုင်ဆိုင် အိမ်ရှေ့တည့်တည့်မှာ ပျဉ်းမပင်ရှိတဲ့ ခြံကိုမှ ငါရတာဟာ သိပ်လှတဲ့ ဇာတ်ကြောင်း။ တာရာ ဆိုတဲ့ နာမည်ကို ရွေးတာကတော့ သူများ တွေအတွက် အံ့သြစရာပေမယ့် ငါ့အတွက်တော့ သိပ်လှတဲ့ အဓိပ္ပာယ်။

ပညာကို ကိုယ်စားပြုတဲ့ နာမည်တစ်ခု စဉ်းစားတဲ့ အခါ မောင်လေးနာမည်ထက် ပြည့်စုံတဲ့ နာမည် ငါ မတွေ့ဘူး။ 'တာရာ' လို့ နာမည်

ပေးတာဟာ ငါ့ကိုယ်ငါ သတိပေးခြင်းလည်း မည်ပါရဲ့။ စစချင်းမှာ တော့ ပညာဒါန တတ်နိုင်သမျှ ပြုမယ် တွေးထားပေမယ့် တစ်နေ့နေ့ လောဘစိတ် ဝင်လာတဲ့ အခါ ဒီနှာမည်ကပဲ ငါ့ကို လမ်းပြန်ပြလိမ့်မယ်လို့ ယုံတယ်။

ကျောင်းစရိတ် မတတ်နိုင်တဲ့ ကလေး၊ ပညာလိုလားတဲ့ ကလေးတွေ တွေ့တဲ့ အခါ သူတို့ အတွက် မိုးတစ်ပေါက်မျှသော အကူအညီပဲ ဖြစ်ပါစေ ငါပြုလိုက်ချင်တယ်။ ဒါဟာ မောင်လေးအတွက် ငါ့ရဲ့ အလွမ်းပါပဲ။ အလွမ်းရဲ့ တစ်စိတ်တစ်ဒေသပါပဲ။

တာရာ့ကို သတိရတဲ့ အခါ ငါ လုပ်မိတဲ့ အလုပ်တွေထဲမှာ သူ့အင်္ကျီလေးတွေ ထုတ်ကြည့်တာလည်း ပါတယ်။ အင်္ကျီလေး နှစ်ထည်ပေါ့လေ။ တစ်ထည်ကတော့ ငါ သူ့ကို ချုပ်ပေးခဲ့တဲ့ ၊ သူ ဝတ်ခွင့်တောင် မရခဲ့တဲ့ အင်္ကျီ၊ နောက်တစ်ထည်ကတော့ မမြင်ရက်လောက်အောင် စုတ်နေပေမယ့် သူ တသသ ဝတ်ခဲ့တဲ့ ၊ နောက်တော့ ငါ မနေနိုင်လို့ ဖွက်ထားခဲ့ရတဲ့ အင်္ကျီ။

အင်္ကျီလေးတွေဟာ ပရုတ်လုံး ဘယ်လောက်ပဲ သုံးထားထား၊ အဟောင်းနံ့ကတော့ ရှိနေခဲ့ပြီ။ အင်္ကျီဟောင်းလေးဆို နွမ်းလုပြီ။ နှစ်ထည်စလုံးကို ခုအချိန်အထိ ငါ သပ်သပ်ရပ်ရပ် သိမ်းထားတုန်းပဲ။

နောက် အမှတ်တရ တစ်ခုကတော့ စက်ဘီးပဲ။ ဘကြီးဆီက စက်ဘီးဟောင်းလေးကို ငါ တောင်းယူထားခဲ့တယ်။ အခုထိ အိမ်အနောက်ဘက်က စတိုခန်းမှာ ရှိတုန်းပဲ။ မောင်လေးကို စက်ဘီး ပေးမစီးခဲ့မိဘူး ဆိုတာမျိုး ဒီစက်ဘီးလေး တွေ့တိုင်း နောင်တရတယ်။ တစ်ခု

ကောင်းကွက်ကတော့ ဒီသင်ခန်းစာဟာ ငါ့တစ်ဘဝဟာ ဖြစ်ခဲ့တာပဲ။ ဘယ်သူ့အပေါ်မှာ မှ ဒါလေး မလုပ်ပေးလိုက်ရခြင်းလို့ နောင်တမရအောင် ငါ နေထိုင်တတ်လာခဲ့တယ်။

မြိုင်သာယာခြံကတော့ အသွား မရှိတော့ကတည်းက ရောင်းလိုက်ပြီမို့ လွမ်းစရာ ခြေရာလက်ရာတစ်ခု လျော့သွားတယ်ပေါ့လေ။ ဒါတောင်ပဲ တစ်ခါတစ်ခါကျတော့ ဆိုင်ကယ်တစ်စီးနဲ့ အဲဒီခြံရှေ့က ပတ်ချင် ပတ်မိသေးတာ။ ခြံရှေ့ ရောက်ပြီးရင် ကျောင်းလမ်းဘက်က ဆက်သွားတာပဲ။ ကျောင်းရှေ့မှာ ခဏရပ်တယ်။ ကုက္ကိုပင်အောက်က ကလေးလေးကို ပုံဖော်ပြန်တွေးတယ်။

မောင်လေး ဆုံးခဲ့တဲ့ သစ်စုတောကိုတော့ တစ်ကြိမ်တောင် မရောက်ဖူးခဲ့ပါဘူး။ အဖေတို့ ၊ အမေတို့ သွားကြတုန်းကတော့ ငါ့ကို ဖခင်မခေါ်ခဲ့ကြတာ။ နောက်ပိုင်းကျတော့လည်း ငါကိုယ်တိုင်က မခံစားနိုင်လို့ မသွားခဲ့တာ။ အမေ ပြောပြသမျှ မြင်ကွင်းနဲ့ ပဲ ငါ့စိတ်မှာ အဲဒီတောကို အကြိမ်ကြိမ် မြင်တယ်။တောထဲက လူသတ်သမားရဲ့ ရယ်သံကို စိတ်နဲ့ ကြားရင်တောင် မျက်လုံးတွေကို ယောင်ပြီး မှိတ်ပစ်ရတယ်။

တစ်ခါတလေတော့ တွေးမိပါရဲ့ ။ အဲဒီတုန်းကများ ခရိုင်က စီရင်ချက်အတိုင်း အဲဒီလူထောင်ကျခဲ့တယ်ဆိုရင် အခုထက်များ ငါ ဖြေသာမိမလားလို့ ။ ဖြေသာဖို့ ဆိုတာ သိပ်တော့ မသေချာဘူးပေါ့လေ။ ဒါပေမဲ့ သေချာတာ တစ်ခုကတော့ ကျူးလွန်ခဲ့ပါရက်နဲ့ အပြစ်ကင်းသယောင် ရှောင်လို့ လွတ်ခဲ့တယ်ဆိုတာက ငါ့စိ

တ်ကို ပိုလို့ နာစေခဲ့တယ် ဆိုတာပါပဲ။

ကြီးပြင်းလာချိန် ပြင်ပကမ္ဘာကိုပါ စေ့စေ့ကြည့်လာတတ်တော့လည်း ငါကမှ ကံအဆိုးဆုံးလူပါလားဆိုတာမျိုး သိပ်မတွေးမိတော့ဘူးပေါ့လေ။ တစ်နိုင်ငံလုံး ဖြစ်လိုက်တဲ့ အမှုတွေဆိုတာ တချို့များ ကြားရက်စရာ မရှိဘူးကိုး။ မြေစာပင်လို ခံစားကြေကွဲကြရတဲ့ မိသားစုဝင်တွေလည်း မနည်းဘူးကိုး။ အင်း ... ငါတို့လို တရားခံလွတ်တာ ထိုင်ကြည့်နေရတဲ့ သူတွေလည်း မရှားဘူးကိုး။

အရင်ကတော့ တစ်ဦးချင်းကိုပဲ လက်ညှိုးထိုးလိုစိတ်နဲ့ ငါတွေးဖူးပေမယ့် သိတတ် နားလည်လာချိန်မှာ ဒီလိုဖြစ်အောင် ဖန်တီးခဲ့တဲ့ စနစ်ကိုလည်း မြင်တတ်လာတယ်။ ငါဟာ အများ ထဲက တစ်ယောက်ပါပဲလို့ တွေးလိုက်ရင်တော့ အပြစ်တင်လိုစိတ်တွေ အထိုက်အလျောက် လျော့ပြီး တဒင်္ဂတော့အေးငြိမ်းသူ ဖြစ်လာပြန်ရော။

ဒါပေမဲ့လည်း နွေ ရောက် လာပြီ ဆိုရင်တော့ ငါ့စိတ်ဟာ ဘယ်လောက်ပဲ တည်ငြိမ်တယ်ဆိုဆို အတိတ်ဆီ အပြေးရောက်သွားတော့တာပဲ။ 'တကယ်လို့ ' အစချီပြီး ကယောင်ကတမ်း တွေးမိတော့တာပါပဲ။

တကယ်လို့ အဲဒီတစ်ပတ်က တာရာ ဈေးဆက်မရောင်းတော့ရင် ....။

တကယ်လို့ အဲဒီရွာတွေဘက် သွားမရောင်းဘဲ မြို့ထဲမှာ ပဲ ရောင်းနေခဲ့ရင် ....။

တကယ်လို့ ဒီလို ဈေးလည်ရောင်းစရာ မလိုလောက်အောင် ငါတို့ မိသားစုမှာ ငွေကြေးပြည့်စုံနေခဲ့ရင် .....။

အို....တွေးရင်း ဆုံးပဲ မဆုံးနိုင်ပါဘူးကွယ်။ ဆက်တွေးရင် မျက်ရည်ကျလုလုမို့ အတွေးကို ရပ်လိုက်ရတာ ခဏ ခဏပါပဲ။

တစ်ခါတလေကျရင် တချို့ တချို့သော နာကျင်စရာ အဖြစ်အပျက်တွေကို အိပ်မက်ဖြစ်လိုက်ရင် သိပ်ကောင်းမှာ ပဲလို့ ငါတို့ တွေးတတ်ကြတယ်မဟုတ်လား။ တကယ်တော့ အဲဒီလို တွေးလိုက်ရတာကိုက ပိုပြီး နာကျင်စရာကောင်းတာပါ။

***

လှပ်၍ လွင့်သော ......

ငြိမ်းသည် ကုန်လွန်ခဲ့သော နှစ်အချို့က အရိပ်အယောင်များ ရေးရေးထင်ကျန်ဆဲရှိသော ဝါဝါကြွင်ကြွင် စာရွက်တို့ ကို စူးစိုက်ငုံ့ကြည့်နေသည် ။

စာရွက်တို့ တွင် အဟောင်းရနံ့ စွက်လျက်။ ခေါက်ရိုးလေးများ သည် ညှိုညစ်ရှိလျက်။ ထိုစာမျက်နှာဟောင်းတို့ ကို တစ်ရွက်ချင်းစီ လှန်လိုက်လေတိုင်း အဖွေ့မျက်နှာသည် ဝိုးတဝါးမှုန်သော ပုံသွင်နှင့် ပေါ်မြဲ။ အဖွေ့အကြည့်တို့ တွင် တင်းမာမှု မရှိ။ ဝမ်းနည်းရိပ် စွက်နေသလိုပါပဲ ။ စိတ်နှင့် မြင်သော ရုပ်သွင်မို့ ငြိမ်း၏ လက်တ

လော စိတ်ခံစားမှုကိုများ ကိုယ်စားပြုလေသလား။

'၁၉၉၂ ခုနှစ် အောက်တိုဘာလ ၂၂ ရက်နေ့ ။

၁၉၉၂ ခုနှစ်၊ ပြစ်မှုကြီး မှုအမှတ် ၁၇

ဦးသက်ဆွေနှင့် ဦးမောင်ပြေ'

ငြိမ်းသည် တရားခံ ဆိုသော အသုံးအနှုန်းနှင့် အဖေ့အမည် ယှဉ်တွဲလျက် ရှိနေပုံကို ရင်နာနာနှင့် ငေးနေပါသည် ။

စီရင်ချက်များကို စတွေ့စဉ်နေ့က ခံစားမှုထက် မလျော့သော ရင်ဆို့နာကျင်ခြင်းသည် သူ့လက်များမှာ ၊ သူ့မျက်လုံးအိမ်မှာ ၊ အထူးသဖြင့် သူ့စိတ်ဝိညာဉ်မှာ ပူးကပ်လျက်။ စာရွက်ကိုင်ထားသော လက်များမှာ မသိမသာ တုန်ယင်နေသည် ။ မျက်လုံးအိမ်သည် နာကျင်ခြင်းနှင့် တင်းမာသယောင်ရှိလိမ့်မည်။ သို့သော် မျက်ရည်ကျ မရှိုက်ငင်မိစေရန် တင်းမာခြင်းမျှသာတည်း။

ငြိမ်း၏ လက်ထဲမှ စီရင်ချက် စာရွက်တို့ မှ လွန်ခဲ့သော ၁၇ နှစ်က စီရင်ချက်ကို မိတ္တူပွားယူခဲ့သော စာရွက်များ သာ။ စီရင်ချက်မူရင်းတို့ကိုတော့ နေသားတကျ ပြန်ထားခဲ့ပြီးပြီ။

တကယ့် တကယ်တော့ ငြိမ်း၌ မိတ္တူပွားယူရန် စိတ်ကူးသည့် စီရင်ချက်များကို ဖတ်ကြည့်နေစဉ် ခဏအတွင်း ရုတ်ခြည်း ပေါ်ပေါက်ခဲ့သည် မဟုတ်ပါ။ အဖေ ပြန်မလာဦးမှာ သေချာသလောက်ရှိ၍ ခရိုင်ရုံးစီရင်ချက်နှင့် ပြည်နယ်ရုံးက အယူခံစာစီရင်ချက် နှစ်ခုစလုံးကို အဖေ့အ

ခန်းထဲမှာ_ပင် ခပ်သွက်သွက်_ဖတ်ကြည့်ခဲ့သေးသည် ။

အဖေ ပြောခဲ့သလိုပါပဲ .....။ ခရိုင်ရုံးက အဖေ့ကို ပြစ်မှုကျူးလွန်ကြောင်း ထင်ရှား၍ ဆိုတာ ထောင်ဒဏ် ၁၀ နှစ်ချခဲ့သည် ။ ပြည်နယ်ရုံးကတော့ မှားယွင်းမှု ဆိုကာ လွှတ်ခဲ့သည် ။ အဖေ ပြောခဲ့ပုံနှင့် တစ်သဝေမတိမ်း ။အမှုအခင်း ဖြစ်ပွားပုံ၊ နှစ်ဖက်လျှောက်လဲပုံ၊ သက်သေထွက်ဆိုပုံတို့ သည် သာ ငြိမ်းအတွက် အဆန်း။ သို့သော် တစ်ခုချင်း လိုက်ဖက်နေဖို့ တော့ အချိန် မရှိချေ။

ငြိမ်းသည် စာရွက်စာတမ်းများကို နဂိုအတိုင်း မဖြစ်စေကာမူ သပ်သပ်ရပ်ရပ် ရှိစေရန် ပြန်ထည့်ရသည် ။ အခြား စာရွက်စာတမ်းများကို အသေအချာ ပြန်ထည့်သော်လည်း စီရင်ချက်များကိုမူ ချက်ချင်း လက်မလွှတ်နိုင်။ အညိုရောင် အဝတ်အိတ်ကို ကိုင်ကာ တစ်ခဏမျှ တွေဝေနေသည် ။ ပြန်ထည့်ခဲ့ရမလား၊ ဒါမှ မဟုတ် ဘာလုပ်ရမလဲ။

စူးစမ်းလိုစိတ်သည် ငြိမ်းကို လှုပ်နှိုးလျက်။ သည် လို သာမန်ကာလျှံကာ မဟုတ်ဘဲ အေးအေးဆေးဆေး ဖတ်ကြည့်လိုသေးသည် ။ ဘာလုပ်ရမည်နည်း။ ငြိမ်း ဘာလုပ်ရမည်နည်း။

ငြိမ်းသည် အဖေ့အခန်းထဲ ဝင်ခဲ့သူ။ ဝင်ပြန်လျှင်လည်း အံဆွဲကို ခဏခဏ ဖွင့်၍ သင့်သည် မဟုတ်ပါ။ သည် တစ်ကြိမ်ကတော့ ခြေရာလက်ရာ ပျက်လည်း ကလေးကြောင့် ဆိုနိုင်လိမ့်မည်။ ငြိမ်းမှာ ရွေးချယ်စရာ တစ်လမ်းသာ ကျန်တော့သည် ။ မိတ္တူကူးထားမှ ပါပဲ ....။

သည် လိုနှင့်ပင် တစ်ထပ်တည်း ပွားယူ

သော စာရွက်စာတမ်းတို့ သည် ငြိမ်း၏ လက်ဝယ် ပိပိရိရိ ကျန်ရစ်ခဲ့ပါသည် ။ သည် နေ့အထိ အဖေ တစ်ခွန်းပင် မဟာသေး။ မကြည့်မိတာကြောင့်လည်း ဖြစ်ပါလိမ့်မည်။

မိတ္တူကူးစဉ်ကတော့ ဖတ်ကြည့်လိုစိတ်အပြင် ငြိမ်း၌ ထူးခြားသော စိတ်ကူးမရှိချေ။ အဖေ့အတိတ် အမှတ်မထင် ပေါ်ပေါက်ခဲ့သည် ၊ နောက်တော့ အဖေနှင့် သမီးအကြား သံသယတို့ ရှင်းလင်းခဲ့သည် ။ သည် မှုသာပဲ .....။ ဘဝသည် အရှိန်မပျက်စီးသော ရေစီးလို ရှိလိမ့်မည်။ သည် လိုသာ ငြိမ်း ထင်ခဲ့သည် ။

ခုတော့ မျှော်လင့်မထားသော အချိုးအကွေ့သည် ငြိမ်းအား ရေလှိုင်း တစ်ခုနှယ်အရှိန်နှင့် ရိုက်ခတ်ခဲ့ပြီ။ ငြိမ်းသည် ပြင်ဆင်ချိန်ပင် မရလိုက်သူမို့ လှိုင်းနှင့် လူးလိမ့်မျောပါရသည် ။ ရေမွန်းသည့်ဒဏ်၊ ကြောက်လန့်သည့်ဒဏ်နှင့် ထွေးလုံးရစ်နေသည် ။ အသက်ဆုံးတော့မလား ထင်၏။ နောက်တော့ ရေလှိုင်းကပင် တွန်းပို့သည် မို့ ကမ်းသို့ တင်ရပြန်သည် ။ လူသည် ခွေခေါက်မြဲ။ သဲပြင်ပေါ်က ရုတ်ခြည်းမထနိုင်။ ပန်းလှစွာ ရှိုက်ငင်မိပါသည် ။

ငြိမ်းအတွက် ရင်နှင့်နာ ရှိုက်ငင်လျက် နိုးထရသော မနက်ခင်းတို့ များ လှပြီ။ အိပ်မက်တို့သည် လည်း အမောပွမ်းသော အိပ်မက်များသာတည်း။ အိပ်မက်တွင် အမေ့ကို မကြာမကြာ မြင်မက်သည် ။ နောက် မမသက်ကို မြင်သည် ။ မကြာသေးခင်က အိပ်မက်တစ်ခုမှာ တော့ မကြည်ပြာကို မြင်သည် ။ အမေတစ်ယောက်သာ ငြိမ်းကို ချစ်ခြင်းအပြည့်သော မျ

က်လုံးများ နှင့် ကြည့်ဖော်ရသည် ။ အမေ့အပြ
င် အိပ်မက်မှာ ပါဝင်သူတို့ သည် ငြိမ်းအား ခ
က်ထန်သော၊ နာကြည်းသော မျက်ဝန်းများ နှ
င့်သာ စိုက်ကြည့် အပြစ်ပေးခဲ့ကြပေသည် ။

'အစ်မ မှားနေပြီ မကြည်ပြာရဲ့ ၊ ကျွန်မအ
ဖေ မ ၂၁ ဘာအပြစ်မှ မရှိခဲ့ပါဘူး'ဟု
တစ်ကြိမ်မှာ သွေးရူးသွေးတမ်းပင် အော်မိသ
ည် ။ ဖတ်ရှုစဉ်ကာလတစ်လျှောက်လုံး စိတ်လှု
ပ်ရှားခြင်း၊ ထိတ်လန့်ခြင်း ရောပြွမ်းလျက် ဖ
တ်ခဲ့ရသော၊ ပြီးဆုံးချိန်မှာ တော့ အဖေ့အပေါ်
ထားခဲ့သည့် ယုံကြည်မှု နည်းနည်းကလေးပင်
မယိုယွင်းသော်လည်း မွန်းကျပ်ပင်ပန်းခြင်း
ကျန်ရစ်စေခဲ့သော အညိုရောင် မှတ်တမ်းစာ
အုပ်ကို ရင်၌ တင်းတင်းအပ်ကာ ။ သူကတော့
ထုံးစံအတိုင်း သွေးအေးသော မျက်နှာပေးနှင့် '
ဒါဆို သက်သေပြလေ' တဲ့ ....။

စကားစ ရှာမရသူလို ' မဟုတ်ဘူး ၊ မဟုတ်
ဘူး ' ဟု အော်ဟစ်ရှိုက်ငင်ရင်းက ငြိမ်း လန့်နိုး
ခဲ့ရသည် ။ ကြီးကြီးများ နိုးသွားပြီလား။ ကပျာ
ကသီတေးသို့ ငဲ့ကြည့်သော် ငြိမ်းတစ်ယောက်
တည်း ထီးတည်း။ ဧည့်သည် အပေါင်းပြန်ပြီ
ဖြစ်၍ နဂိုအိပ်ခန်းသို့ ပြန်ရောက်နေရခြင်းကို
သတိရ ဝမ်းသာစိတ်ဝင်သည် ။ ခန္ဓာသည် ချွေး
စေးတို့ နှင့်။ အမှောင်ရိပ်မှာ ပင် ကျင့်သားရ
သော မျက်လုံးများ နှင့် ပြတင်းဘက်ဆီ ငေးမိ
သည် ။ အိပ်မက်က တစ်ခဏ
လွတ်မြောက်ခဲ့ပြီ။

သို့သော် အိပ်မက် မဟုတ်သော ပြင်ပမှာ
ရော ငြိမ်း ပျော်နိုင်ပါရဲ့ လား။ ဟင့်အင်း ...
ပျော်ရွှင်ခြင်းသည် နွေလေပူ၌ ကြွေသော

ရှက်ခြောက်များ နှယ် လွင့်ခဲ့ပြီ။ ငြိမ်း၏ ပတ်ဝန်းကျင်မှာ တော့ အခါများ စွာကနှင့် မတူသော အားငယ်ချောက်ချားခြင်းသည် လေရူးနှင့် ဝေ့ဝေ့လည်ဆဲ။ လူကြီးသူမများ ရှေ့မှာ ဟန်ဆောင်ပြုံးရယ်သည် ။ နောက်ကွယ်မှာ တော့ လူကဟန်နိုင်သည် မရှိ။ အိပ်ရာထက် အဝတ်ရပ်တစ်ရပ်နှယ် ပျော့ခွေကာ အခါခါ ဆိတ်ဆိတ် နေမိပြန်သည် ။

ဘယ်သူနှင့်မှ စကားပြောလိုစိတ် မရှိ။ အင်း... စကားပြောစရာ လူလည်း မရှိပါ။ မမသက်နှင့်ရော ဥက္ကာနှင့်ပါ အဆက်အသွယ် ပြတ်တောက်ခဲ့ပြီ။ မမသက်နှင့် ငြိမ်းကြားက နောက်ဆုံးကြိုးမျှင်ဖြစ်သော မကြည်ပြာ၏ မှတ်တမ်းစာအုပ်ကိုပင် လူကြုံနှင့်သာ ပြန်ပို့ခဲ့ရသည် ။ မမသက်သည် ငြိမ်းအား အတွေ့ခံလိုပုံမရသေးချေ။ တစ်ဖက်က ပြောသမျှ ၊ ရေးသားသမျှ အဖြစ်အပျက်တို့ သာ အမှန်ဟု စွဲစိတ်နှင့် ငြိမ်းအပေါ်၊ ငြိမ်းတို့ မိသားစုအပေါ် မုန်းတီးဖြစ်တောက်ခဲ့ကြောင်း နားလည် လက်ခံခဲ့ရပြီ။

ဥက္ကာဘက်ကိုတော့ ငြိမ်း အသေအချာ မသိပါ။ လုပ်ငန်းခွင်သစ်မှာ နေသားကျအောင် ကြိုးစားနေခိုက်မို့ ဖြစ်ကောင်း ဖြစ်မည်။ ဘယ်လိုပဲဖြစ်ဖြစ် ငြိမ်းသည် သူတို့ အိမ်သို့ ဝင်ထွက်ခွင့်အား လက်လွှတ်ခဲ့ရပြီ။ မထူးခြားတော့ပြီ။

စိတ်ငယ်ခိုက်မို့ ရည်မွန့်ကိုပင် တကူးတက ဖုန်းမခေါ်ဖြစ်။ မတွေ့ဖြစ်ပါ။ ငြိမ်းသည် နာကျင်လေလေ တစ်ယောက်တည်းသာ နေလိုလေလေ။

ခုလည်း တစ်ယောက်တည်း။ ငြိမ်း၏ အနီး

မှာ တော့ အဖြေရှာရဦးမည့် စာမျက်နှာများ ရှိနေပေသည် ။

***

'မြိုင်သာယာမြို့နယ် ညောင်ပင်သာရွာနေ ဦးသက်ဆွေမှ ၎င်း၏ သားဖြစ်သူ မောင်တာရာမှာ ရေခဲချောင်း ရောင်းရာမှ ပြန်မလာသည့်ကိစ္စအား ဦးစိုးထွန်းမှ သတင်းပေးပို့သဖြင့် သစ်စုကျေးရွာသို့ သွားရောက်စုံစမ်းရာ မြို့သစ်ဆေးရုံတွင် အလောင်းတစ်ခု ရောက်နေကြောင်း သတင်းရသဖြင့် သွားကြည့်ရာ မောင်တာရာ၏ အလောင်း ဖြစ်နေကြောင်း တွေ့ရသဖြင့် သားဖြစ်သူ မောင်တာရာအပေါ် သတ်သူအား အရေးယူပေးရန် ...'

မောင်တာရာ ..။ သည် အမည်ကို မကြည်ပြာ၏ နှုတ်ကလည်း ကြားဖူးသလို သူ့မှတ်တမ်းမှာ လည်း ဖတ်ခဲ့ရပါသည် ။ ကြီးကြီး အပြောနှင့်လည်း သိခဲ့ရပါသည် ။ နောက်တော့ ဒေါ်ဒေါ်ချိုထံက ...။ ဆုံးပါးချိန်မှာ ဖြင့် အသက် ၁၃ နှစ်ကျော်ကျော် ၁၄ နှစ်ထဲမှာ ဆိုပါလား ။ ဘုရား...။ ငယ်ရွယ် လိုက်လေခြင်း ....။

သည် အသက်အရွယ်တုန်းက ငြိမ်းသည် ပဲခူးနယ် သရက်တန်းမှာ ဆယ်ကျော်သက်ဘဝကို လွတ်လပ်ပေါ့ပါးစွာ ဖြတ်သန်းဆဲ ရှိသည် ။ ငြိမ်းတွင် အဖေ့ရှေ့ ခပ်ကုပ်ကုပ် နေရခြင်းမှ အပ အပူအပင် မရှိခဲ့။ စီးပွားဥစ္စာကလည်း အမိ၊ အဖတို့ အရှာအဖွေ၊ အစုအဆောင်းနှင့် ပြည့်စုံသည် ။ ပညာရေးမှာ လည်း အတော်ကြီး မဟုတ်စေကာမူ အလယ်အလတ်မှာ ရှိခဲ့သည် ။

ကျောင်းနှင့်အိမ်အကြား ကူးလူးရင်း နေပျော်သောဘဝတွင် ထပ်လောင်းသော ပြည့်စုံခြင်းမှာ ကား ထိုအသက်အရွယ်တိုင် ကလေးစိတ်မကုန်သေးသော အဖော်အပေါင်းတို့ ဝန်းရံနေခြင်းတည်း။ စာသင်ချိန် ကျူရှင်ချိန်မှ အပအားလပ်ချိန်မှာ ဆော့ကစားမြဲ။ ငြိမ်းအတွက်တော့ ရယ်သံသည် ၁၄ နှစ်အရွယ်၏ အမှတ်အသားသာ ဖြစ်ခဲ့သည် ။

တာရာ၊ တရာ့အတွက်တော့ လောကကို နှုတ်ဆက်ရသောအရွယ်။ ဘဝ၏ အညွန့်အဖူးတို့ တိခနဲ ဖြတ်တောက်ခြင်း ခံရရှာသူကလေးမှာ ဘယ်သို့သော မျှော်လင့်ချက်များ ပိုက်ထားခဲ့မည်နည်း။ သူ့အမိ၊ အဖတို့ မှာ ရော ဘယ်လို အိပ်မက်များ ရှိခဲ့မည်နည်း။

ငြိမ်းသည် အဖေ့အား စွဲဆိုခဲ့သော အမှုဆိုတာကိုပင် မေ့လျော့ကာ တစ်ခဏမျှ ငေးငိုင်မိပါသည် ။ အဖေနှင့်သာ မပတ်သက်ဘူး ဆိုပါစို့ ။ သည် စာမျက်နှာများကို ဖတ်စဉ်မှာ ရင်သည် ကျဉ်ခနဲ လှိုက်နေလိမ့်မည်။ ခုတော့ .... ခုတော့ ခံစားမှုကို ဘယ်လို့ အမည်တပ်ရမည်နည်း။ မအီမလည် ဆိုရမလား။ ဝမ်းနည်းစိတ် ဝင်လိုက်လျှင်ပင် သည် လူမှာ အဖေ့ကို စွပ်စွဲခဲ့သူ၊ သည် ကလေးမှာ အဖေ့ကို စွပ်စွဲခဲ့သူ၏ ရင်သွေးဆိုသည် ကို ငြိမ်း နာကျင်စွာ အမှတ်ရပြန်သည် ။ မသနားဘူးလည်း မဟုတ်။ ခက်ပဲ ခက်လိုက်လေ ..။

ခေါင်းသည် ခေါင်းတစ်ချက် ခါယမ်းကာ မင်းကုန်းခရိုင်တရားရုံး စီရင်ချက်၏ ပထမစာမျက်နှာမှ ဒုတိယ စာပိုဒ်ကို ငေးစိုက်နေသည် ။ ဩော် ...... အဖေ့ကို သည် နေရာကစလို့ စွပ်စွဲ

ပါပကော ....။

'တရားလိုနှင့် လိုပြသက်သေများ အစစ်ခံချက်တွင် သက်သေများ ၏ အစစ်ခံချက်များကို ကြည့်ပါက ဦးသက်ဆွေမှ ၎င်းနှင့်ဦးမောင်ပြေတို့ ကျောင်းဆောက်သည့် အရေးကိစ္စနှင့် ပတ်သက်၍ အဆင်မပြေမှု ဖြစ်ပြီး ဦးမောင်ပြေမှ ၎င်းအပေါ် ကျေနပ်မှု မရှိကြောင်း၊ တာရာ အသတ်ခံရပြီး နောက်ပိုင်းတွင် လည်း ၎င်းနှင့် ရင်ဆိုင်တွေ့လျှင် မျက်နှာလွှဲပြီး ရှောင်ရှားသွားကြောင်း ....'။

ဖြစ်ရလေ အဖေရယ် .... ။စွပ်စွဲလိုသူအတွက် စွပ်စွဲလောက်စရာ ကိစ္စတွေနဲ့ မှ တည့်တည့်တိုးပလေ ...။

ငြိမ်းသည် တစ်ချက်ရှိုက်ငင်ကာ စာရွက်များကို အိပ်ရာပေါ် ပစ်ချလိုက်သည် ။



အားအင်ယုတ်သူလို ခွေလုံ့ကာ ခြင်ထောင်အမိုးကို စူးစူး ကြည့်နေသည် ။ ပန်းနုရောင် ဓာကွက်ငယ်များ သည် တစ်ရစ်ချင်း ဆက်ကာ ပိတ်ကား သဖွယ် ထင်လာပြန်သည် ။ မကြည်ပြာနှင့် အမှတ်မထင် ဆုံရခြင်း၊ စကားတစ်စ ပွင့်ကျခြင်း၊ ကိုကိုထံ စကားစ မေးမြန်း အစ်အောက်ခြင်း နောက် ကိုကိုထံက အဖြေရသောနေ့မှာ ပင် အဖေကိုယ်တိုင် ဖွင့်ချခဲ့သော အဖြစ်သနစ်များ ၊ ဟော .. ခုနောက်ဆုံး မမသက်၏ အထင်အမြင် လွဲမှားမှု၊ ငြိမ်းထံ ရောက်လာခဲ့သော မှတ်တမ်းစာအုပ် ...။

ရုပ်ရှင်ပိတ်ကားကို စိတ်နှင့်ပင် ငြိမ်း ဖျောက်ဖျက်လိုက်ပြန်သည် ။ မကြည့်လိုတော့ ....။ မောလှပြီဟု သာ ဆိုနေကျလို ဆိုလိုက်ချင်တော့သည် ။

သည့် ရက်များ အတွင်း စိတ်မောလူမော ဖြစ်သမျှ နောက်ဆုံးရက်သမျှသော အဖြေသည် အတိတ်သို့ ခြေရာကောက်ခြင်းတစ်ခုသာ ဖြစ်ကြောင်း ငြိမ်း သိနားလည်ခဲ့ရပြီ။ ဖြစ်နိုင်လျှင် အမှုဖြစ်ပွားခဲ့ရာ အရပ်သို့တိုင် ခြေဆန့်လိုက်ချင်သည် ။ သို့သော် ဘယ်သို့ အစပြုသွားနိုင်မည် မသိသေး။ အိမ်ကို အသိပေး၍ မဖြစ်။ နည်းနည်းမျှ မဖြစ်။ နည်းလမ်းတစ်ခုတော့ ရှိကောင်းပါရဲ့ ။

အမှုအခင်း ဖြစ်စဉ်က တရားလို တရားခံဆိုသူများ အနက် အဖွဲ့အား စွပ်စွဲခဲ့သူ တရားလိုမှာ သက်ရှိထင်ရှား မရှိပြီ။ သည် တော့ ငြိမ်းအတွက် အခက်ကို ဖြေနိုင်မည့်သူများမှာ နောက်ထပ် နောက်ထပ် ပါရှိသော လူပုဂ္ဂိုလ်များသာ ရှိတော့သည် ။ အခေါ်အဝေါ်အရတော့ တရားလိုပြသက်သေ၊ တရားခံပြသက်သေများ ...။

ငြိမ်းသည် ပင့်သက်တစ်ချက် လေးလေးပင်ပင် ရှိုက်ချကာ စာရွက်များကို တစ်ဖန် ကောက်ကိုင်လိုက်ပြန်ပါသည်။

'ဦးဘမင်း (လိုပြ-၃) က တာရာ အသတ်ခံရသည့်နေ့တွင် တောသို့သွားရာ အလောင်းကို တွေ့သော လမ်းအတိုင်း သွားရာ လူစိမ်း (၂)ဦး တွေ့ပြီး (၁)ဦးမှာ ယခု ရုံးရှေ့ရှိ တရားခံဖြစ်သည် ဟု ထွက်ဆိုထားပါသည် ...'

ငြိမ်းသည် ဆတ်ခနဲ ထထိုင်ကာ ဘေးစားပွဲပေါ် ရှိနေတတ်သော မှတ်စုစာအုပ်ဆီ လက်လှမ်းမိသည် ။ ရေးလက်စနေရာမှာ ဘောပန်တစ်ချောင်းညှပ်ထားတတ်သော အကျင့်ရှိသူမို့ ဘောပန် သီးခြား ရှာနေရန် မလို။ သို့သော် မှ

တ်စု မှတ်ရန်၊ စာရေးရန်တော့ ခေါက်စားပွဲကို ခုတင်အောက်က ဆွဲယူရသည် ။ ဖုန်အနည်းငယ် သုတ်ကာ ခုတင်ပေါ်မှာ ပင်ဖြန့်ခင်းလိုက်ပါသည် ။ စီရင်ချက်များ ၊ မှတ်စုစာအုပ်နှင့် ဘောပဲန်တို့ နေသားတကျတင်ပြီးလျှင် စောစောက ဖတ်ခဲ့ပြီးသော စာမျက်နှာကို ပြန်၍ လှန်ရသည် ။ ငြိမ်း မှတ်သားထားရမည့် အမည်နာမပါပဲ။ ဦးဘမင်း....။ နေရပ်လိပ်စာတော့ မပါဝင်ပါ။ ထားတော့၊ စုံစမ်းယူရမည့် နည်းလမ်းတစ်ခုခု ပေါ်လာလိမ့်ဦးမည်။

ငြိမ်း၏ ထက်သန်သော မျက်ဝန်းများ သည် စာမျက်နှာပေါ်ဝယ် တဖျပ်ဖျပ် ရွှေ့၍ နေသည် ။ အတွင်းစိတ်၏ အမျိုးမျိုး အဖုံဖုံသော ရောင်ပြန်ဟပ်မှုသည် ထိုမျက်ဝန်းအစုံထဲ ယိုဖိတ်နေပေသည် ။

ဟော .....နောက်တစ်ဦး တွေ့ပါပကော .... ။

'ဦးထွန်းသာ (လိုပြ-၄) က လွန်ခဲ့သည့်နှစ် မေလ ၂၂ ရက်နေ့က သာယာကုန်းဈေးနေ့ဖြစ်ပြီး ဈေးမှ (၉) နာရီတွင် ပြန်ခဲ့ပြီး ဦးလှအောင်တဲကို ရောက်ရာ တဲပေါ်တွင် လူစိမ်း (၂)ဦးတွေ့ပြီး (၁)ဦးမှာ ယခုရုံးရှေ့ရှိ တရားခံဖြစ်နေကြောင်းနှင့် ၎င်းမေ့ကျန်၍ ပြန်ယူသော ဝါးဆစ်တုတ်မှာ ယခု ရုံးရှေ့တွင် ပြသထားသော တုတ်ဖြစ်ကြောင်း....'

ဘုရား ....။ တစ်ယောက်ပင်မက နောက်တစ်ယောက်ပါ အဖေ့အပေါ် သက်သေပြ အပြစ်ဖွဲ့ခဲ့သည် ကိုး။ ငြိမ်း၏ ရင်သည် ဆူးချွန်နှင့် ပင့်ထိုးလိုက်သလို မျက်ခနဲ ဖြစ်ရသည် ။ ဦးထွန်း

သာ ဆိုသော အမည်ကို ရန်သူတွေ့သည့်သဖွယ် စိန်းစိန်း ကြည့်နေမိသည်။ နောက်မှ သတိဝင်လာပြန်သလို မှတ်စုထဲ ရေးချလိုက်ရသည်။ (၁) ဦးဘမင်း၊ (၂) ဦးထွန်းသာ။

'ဦးလှအောင်တဲ' မှာ လမ်းတစ်ထောက် နားရာနေရာ ဖြစ်လိမ့်မည်။ ပိုင်ရှင်အမည်ကို အစွဲပြုထားသော တဲယ်ပါ။ သိပ်တော့ အရေးမကြီး။ သို့သော် သာယာကုန်း ဆိုသော အမည်ကိုတော့ ငြိမ်း မှတ်ထားဖို့ လိုလိမ့်မည်။ သစ်စုရွာ ဝန်းကျင်မှာ ပဲ ရှိလေသလား။

ဈေးနေ့ဆိုတာကတော့ ငြိမ်းတို့ နေထိုင်ခဲ့ရာ ညောင်ပင်သာနယ် တစ်ဝိုက်မှာ မရှိပါ။ ခရိုင်မြို့ဖြစ်သော မင်းကုန်းနှင့် မြိုင်သာယာအကြား ဆက်သွယ်ထားသည့် ကားလမ်း၏ ဘေးဝဲယာတစ်လျှောက်က ကျေးရွာများမှာ ၊ မြိုင်သာယာနှင့် မြို့သစ်တို့ အကြားက ရွာစဉ်တစ်လျှောက်မှာ တော့ ဈေးနေ့ဆိုတာ ရှိကြောင်း အမေ့ထံက ကြားဖူးပါသည်။

စာမျက်နှာပေါ်က ရက်စွဲတို့ ကိုလည်း ငြိမ်း ရေးမှတ်ရသည်။ ယခင် နှစ်ဆိုတော့ ၁၉၉၈ ခုနှစ်။ ပြီးတော့ မေလ ၂၂ ရက် ....။

ထိုနှစ်နွေတွင် ငြိမ်းရော ကိုကိုပါ သင်္ကြန်ပြီး ကတည်းက ကြီးကြီးအိမ်မှာ ရှိနေခဲ့ကြသည်။ လိုက်ပို့သူကတော့ အဖေ ကိုယ်တိုင်ပါပဲ။ ကျောင်းစိမ်းဂါဝန်သစ်၊ လွယ်အိတ်သစ် ဆင်ကာ သူငယ်ချင်းများ နှင့် ငြိမ်းတစ်ယောက် ပျော်ရွှင်မြူးထူးနေခဲ့သော ကျောင်းဖွင့်ရာသီမှာတော့ အဖေသည် စွပ်စွဲမှု သံသရာကြော၌ ကယ်သူမဲ့ မျောနေရှာလိမ့်မည်။

'၁၉၉၈ ခုနှစ်၊ မေလ ၂၂ ရက် ' ဆိုသည် ကို ဘောပဲန်နှင့်ပင် လေးထောင့်ဘောင်ခတ်ကာ အမှတ်အသား ပြုလိုက်သည် ။ သက်သေပမာ အဖေ အစစ်ခံသော အစစ်ခံချက်မှာ လည်း ရက်စွဲများ ပါဝင်ပေသည် ။

'ဦးမောင်ပြေ (ခံပြ-၁)က ၎င်းနှင့် ဦးသက်ဆွေတို့ ကျောင်းဆောက်ရာတွင် မည်သည့် ပြဿနာမျှလည်း မဖြစ်ခဲ့၊ တစ်ယောက်နှင့်တစ်ယောက်လည်း ရန်ငြိုးရန်စ မရှိကြောင်း၊ ၁၉ ရက်နေ့တွင် ဒေါ်လှကြိုင်၏ အိမ်၌ မီမီတို့ ခုတ်သောဝါးများကို ယင်းတံများ အချောသပ်နေကြောင်း၊ ဦးသက်ဆွေနှင့်လည်း ရန်ငြိုးရန်စ မရှိ၊ တာရာကိုလည်း သတ်ခဲ့ခြင်း မရှိကြောင်း စသဖြင့် အစစ်ခံ....'

တရားခံသက်သေ (၁) အဖြစ် ကိုယ်တိုင် အစစ်ခံခဲ့သော အဖေ့ကိုတော့ ပြန်လှန်မေးခွန်းတစ်ခုတလေလောက် မေးမြန်းကြည့်ရန်ပင် ငြိမ်းစိတ်မကူးချေ။ အဖေ စိတ်မကောင်းဖြစ်သိမ့်မည်။ ခုတစ်လော ကျန်းမာရေးက လှုပ်လှုပ်လှုပ်လှုပ် ဖြစ်နေရှာသည် မို့ အဖေ့စိတ်ကို ဒဏ်ထပ်မပေးရဲပါ။ အဖြစ်အပျက်တို့ ကို အရေလည်ဆုံး ရှင်းလင်းပြောပြနိုင်မည့် အမေကလည်း လောက၌ မရှိတော့ပြီ။ ငြိမ်းတွင် မသိတတ်နိုင်သော အကြောင်းအရာများ စွာ ...။

ဒေါ်လှကြိုင် ဆိုသူမှာ မည်သူနည်း။ သူသည် တရားခံပြသက်သေ (၃)အဖြစ် အဖေ တင်ခဲ့သူ ဖြစ်သည် ။ ပြီးတော့ အဖေ့ဘက်က အကောင်းဆုံး သက်သေလိုက်ပေးခဲ့သူ ဖြစ်သည် ။ ဦးသက်ဆွေဘက်က သက်သေအမည်နှစ်ခု

ခိုင်ခိုင်မာမာ တွေ့သော်လည်း အဖေ့မှာ တော့ သည် တစ်ဦးသာ ရှိခဲ့ပေသည် ။ ကျန်သက်သေ များ ၏ ထွက်ချက်ကဖြင့် 'အချင်းဖြစ်ကိစ္စနှင့် ပတ်သက်၍ ဘာမျှ မသိကြောင်း' ဆိုပါလား။ အဖေ့မှာ ပြင်ဆင်ချိန် ရလျက်နှင့် မပြင်ဆင်တ တ်ခဲ့လေသလား။ သည် တစ်ဦးလိုပင် နောက် ထပ် အခိုင်အလုံ သက်သေခံပေး နိုင်မည့်သူ အား အဖေ ဘာကြောင့် မရှာခဲ့ပါသနည်း။

ဒေါ်လှကြိုင်ကတော့ အဖေ့ကို အတတ်နိုင် ဆုံး ကာကွယ်ခဲ့ပေသည် ။

'ဒေါ်လှကြိုင် (ခံပြ-၃) မှ ဦးမောင်ပြေမှ မိမိ ၏ တူဖိုးနိုင်တို့ နှင့် ဝါးခုတ်သွားရာ (၂၁.၅.၁၉ ၉၈) ရက်နေ့တွင် ဝါးများ သယ်လာကြောင်း၊ ( ၂၂.၅.၁၉၉၈) ရက်နေ့တွင် မိမိ၏ နေအိမ်တွင် ဝါးသပ်နေကြောင်း ....'

'ဒေါ်လှကြိုင်' ဆိုသော အမည်ကို နံပါတ်စဉ် (၃)တွင် ငြိမ်း ရေးမှတ်လိုက်သည် ။ အဖေနှင့် ရင်းနှီးပုံထောက်တော့ ညောင်ပင်သာက ဖြစ် ကောင်း ဖြစ်လိမ့်မည်။ ငြိမ်းစိတ်ထဲ သည် အမ ည်ကို ကြားဖူးသလိုလို ဇဝေဇဝါ။

တစ်ခါက အဖေ ဖုန်းပြောတုန်း ထင်ပါရဲ့ ။ 'မလှကြိုင်' လို့ ခေါ်လိုက်သလိုလို။ သို့သော် မ သေချာပါ။ ကြီးကြီးကို မသိမသာ ကပ်မေးလျှ င်တော့ အဖြေရလိမ့်မည်။

ငြိမ်းသည် လေအေးပေးစက်ကို အအေး ထ ပ်တင်လိုက်ပါသည် ။ ပြင်ပက အပူရှိန် မြင့်ခဲ့ပြီ မို့ အခန်းတွင်း လေအေးပေးစက် ဖွင့်ထား သော်ငြား မအေးလှတော့။ အင်း ... ခုလို စိတ် တစ်ခုလုံး အပူဖုံးနေချိန်မှာ တော့ အအေးတု လည်း မတိုးသာ။ ရေခဲတောမှာ သာ မောမော

နှင့် ထိုင်နေလိုက်ချင်တော့သည် ။

ငြိမ်းသည် စီရင်ချက်ကို တစ်ရွက်ချင်း လှန်လျက်။ ဘောပဲန်ကိုင်ထားသော လက်မှာလည်း ငြိမ်နေသည် မရှိ။ စိတ်က လှုပ်သည် နှင့်အမျှ စားပွဲပြင်ကို တဘောက်တောက် တို့ ထိနေပေသည် ။

တာရာ့အလောင်းကိုတော့ သစ်စုရွာနှင့် ကျွန်တောအကြားမှာ တွေ့ခဲ့သတဲ့ ။ အလောင်းကို စတင်တွေ့ခဲ့သူ အမည်လည်း ငြိမ်း တွေ့ပါသည် ။ သို့သော် သူသည် အဖေ့ကို ယခင်သက်သေနှစ်ဦးလို တွေ့တွေ့ဆိုင်ဆိုင် စွပ်စွဲနိုင်သူ မဟုတ်။ သူ့အမည်ကတော့ ငြိမ်းအတွက် သိပ်အရေးမကြီးပါ။ သို့သော် လိုရမည်ရတော့ မှတ်ရမည်။ ဦးဖေအောင် ...။

'ယခု အမှုဖြစ်ပွားသော နေရာသည် လူသူကင်းမဲ့သော တောတွင်းတစ်နေရာ ဖြစ်ပါသည်။ ထိုသို့ လူသူမရှိသော နေရာတွင် အသတ်ခံရသဖြင့် သတ်သူနှင့် အသတ်ခံရသူတို့ သာလျှင် ရှိနေပေမည်။ သို့ဖြစ်၍ မျက်မြင်သက်သေ တစ်ဦးမျှ မရှိပေ။ ထို့ကြောင့် မျက်မြင်သက်သေ မရှိသော ယခုအမှုတွင် ပတ်ဝန်းကျင် သက်သေခံချက်များကိုသာ လေ့လာသုံးသပ်မှ သာလျှင် အမှန်မှန် ပေါ်နိုင်ပေမည် ....'

မျက်မြင်သက်သေ မရှိသော အမှုဖြစ်ပါလျက် ဘယ်သို့သော အချက်များ သည် အဖေ့အားသူတို့ ဆင်လိုသည့်နေရာသို့ မရောက်ရောက်အောင် တွန်းပို့ခဲ့ပါသနည်း။

ငြိမ်းသည် မျက်တောင်များကို တဖျပ်ဖျပ် ခတ်လိုက်သည် ။ သက်မချသည် ။ အကြည့်ကိုမူ

စာရွက်ပေါ်သို့သာ စိုက်ချထားပါသည် ။

'သေဆုံးသူ မောင်တာရာ၏ ဖခင် ဦးသက်ဆွေနှင့် တရားခံ ဦးမောင်ပြေနှင့် ရန်ငြိုးရန်စ ရှိ၊ မရှိကို လေ့လာရပေမည်။ ဦးသက်ဆွေ(လိုပြ-၁)မှ အလယ်တန်းကျောင်းဆောက်ရန်အတွက် ရန်ပုံငွေချရာတွင် တရားခံမှ ၎င်းကန်ထရိုက်ဖြင့် ဆောက်လုပ်ပေးလို၍ ပေးရန် ပြောရာ လက်သမားခ ညှိနှိုင်းရင်း တစ်ဦးနှင့်တစ်ဦး အဆင်မပြေ ဖြစ်ရာမှ ကျောင်းဆောက်လုပ်ရေးလုပ်ငန်း ပျက်ခဲ့ရကြောင်း၊ မိမိနှင့် ဝန်ထမ်း (၁)ဦး နေသော အိမ်များ ရေနစ်မြုပ်၍ ကျေးရွာလူကြီးထံ မြေတောင်းပြီး ကျေးရွာဥက္ကဋ္ဌမှ ချပေးသော နေရာတွင် အိမ်ဆောက်၍ နေသည်ကို ဦးမောင်ပြေမှ တိုင်ကြားရာ ဖြေရှင်းခဲ့ရကြောင်း ....'

စီးပွားကိစ္စ ၊ မြေကိစ္စတို့ သည် ညောင်ပင်သာမှာ နေစဉ်ကတည်းက အဖေနှင့် တွေးလားလုံးလား ရှိခဲ့ပေသည် ။ အဖေသည် အသက်ရလာချိန်မှာ ပင် စိတ်မာသူ၊ အပြောအဆို မနူးညံ့သူ။ သည့်ထက် ငယ်စဉ်ကတော့ သည့်ထက်မာန်ပိုခဲ့သည် ။ မိမိ လုပ်သမျှ ဖြစ်မည်ဆိုသောမာန်မျိုး အဖေ့မှာ ရှိခဲ့လိမ့်မည်။ ပြီးတော့ ... ပြီးတော့ ဒေါသလည်း ကြီးခဲ့လိမ့်မည်။ ထိုထိုသော အပြုအမူတို့ သည် အဖေ့အား သံသယချောက်သို့ တွန်းပို့ခဲ့ပါလိမ့်မည်။

မျက်မြင်သက်သေ မရှိသော အမှုဝယ် အဖေသည် ပြေးသော်လည်း မလွတ်လာသောအဖြစ်နှင့် ပထမတွင် လည်စင်းခံခဲ့ရပေလိမ့်မည်။ အယူခံမှာ တော့ သည် အားသာချက်နှင့် အပြစ်လွတ်ခဲ့ကြောင်း ငြိမ်း မှတ်မိပါသည် ။

သို့သော် ခရိုင်ရုံးမှာ တုန်းကတော့ အဖေသည် အမှုမလုပ်ပင် ရှုံးနိမ့်ခဲ့ပေသည် ။

ငြိမ်းသည် စာမျက်နှာ၏ တစ်နေရာသို့ ဘောပဲန်များနှင့် ထောက်လိုက်သည် ။ တရားရေး အခေါ်အဝေါ်အားဖြင့်တော့ သည် စာပိုဒ်များကို ဘယ်သို့ခေါ်သည် မသိ။ တရားသူကြီး၏ သုံးသပ်ချက် ခေါ်လေမလား။ တရားလိုပြသက်သေ၊ တရားခံပြသက်သေတို့ ၏ တွက်ချက်များ လွှန်သော် ထိုတွက်ချက်တို့ အပေါ် မူတည်သုံးသပ်ထားပုံရသော စာပိုဒ်များကို ငြိမ်း တွေ့ရပါသည် ။

တစ်နည်းအားဖြင့်တော့ အဖေ့ကို စွပ်သော ကြိုးကွင်းများ ။ အဖေ့ကို သာမက မိသားစုဝင်များ ၏ စိတ်ကိုပါ ယခုတိုင် နှောင်သော ပိုးကြိုးမျှင်များ ။

အဖြစ်အပျက်အလုံးစုံကို သိခွင့်ရတော့ငြိမ်း အသက် ၂၄ နှစ်ရှိခဲ့ပြီ။ ထို ၂၄ နှစ်၏ အရှေ့ပိုင်းကာလများကတော့ အမှောင်ခြမ်းကို သိခွင့်မရမီကာလမို့ အဖြူထည်။ ခုတော့ အဖြူထည်စိတ်သည် ဒဏ်သင့်ခဲ့ပြီ။ ထိုဒဏ်သည် ဘယ်အချိန်ကာလအထိတိုင် တည်မြဲဦးမည်နည်း။ ငြိမ်း မသိပြီ။

အမေ ....။ အမေ့မှာ ရော သည် လို စိတ်ဒဏ်ရာမျိုး နောက်ဆုံးနေ့ရက်အထိ စွဲကပ်ခဲ့ပါသလား။ ခုနေများ မေးခွင့်ရလျှင် ငြိမ်း မေးကြည့်ချင်ပါသည် ။ သို့သော် နေပါဦး၊ အဖြေ သိရတော့ရော ဘာများ ထူးခြားမည်နည်း။ ရင်နင့်နာရုံအပြင် ပိုမည် မဟုတ်။ သည် အတိုင်း မသိခြင်းက သာ၍ ကောင်းဦးမည်။

'တရားလိုများမှ ရန်ငြိုးရန်စ ရှိသည် ဟု အ

တိအကျ စွပ်စွဲခဲ့သော်လည်း တရားခံကမူ ရန်ငြိုးရန်စ မရှိကြောင်း ထုချေထားသည် ကို တွေ့ရပါသည် ။ ယခုအမှုတွင် တရားခံ ဦးမောင်ပြေသည် တရားလို ဦးသက်ဆွေအား ကျောင်းဆောက်ရာတွင် ကျေနပ်မှု မရှိ၊ မရှိနှင့်ပတ်သက်၍ ပြန်လှန်စစ်မေးခြင်း မရှိသော်လည်း အိမ်ဆောက်ရာတွင် တိုင်တန်းသည့်ကိစ္စကို ပြန်လှန်စစ်မေးထားသည် ကို တွေ့ရသဖြင့် ၎င်းအချက်မှာ နောက်မှ အကြံရသည့်ဟု မဆိုနိုင်သော်လည်း ကျောင်းဆောက်ရာတွင် ကန့်ထရိုက်ကိစ္စမှာ အတိအကျ ပြန်လှန် စစ်မေးထားခြင်း မရှိသဖြင့် နောက်မှ အကြံရသည် ဆိုရပေမည် ....'

ငြိမ်းသည် တစ်ကြိမ် တစ်ခါပင် မဖတ်ရသေးသူလို သိလိုစိတ်စောကာ နောက်တစ်မျက်နှာဆီ ဖျတ်ခနဲ လှန်လိုက်ပါသည် ။

'တရားခံပြသက်သေများ အနက် ဒေါ်လှကြိုင်တစ်ဦးတည်းကသာ အချင်းဖြစ်နေ့က ဦးမောင်ပြေ ၎င်း၏ အိမ်တွင် ရှိကြောင်း ထွက်ဆိုထားပြီး ကျန်သက်သေများက ယခု အချင်းဖြစ်သည့်ကိစ္စနှင့်ပတ်သက်၍ ဘာမျှ မသိကြောင်း ထွက်ဆိုထားပါသည် ။ ထိုသို့ ဆိုပါက ဒေါ်လှကြိုင်၏ ထွက်ချက်သည် အားကိုးလောက်သော ထွက်ချက်ဟုတ်၊ မဟုတ်ကို လေ့လာရပေမည်။ (၂၂.၅.၁၉၉၈) ရက်နေ့က သစ်စုတောတွင် တာရာအား ဦးမောင်ပြေ ရိုက်၍ သေသွားသည် ကို ကျွန်မ မသိပါဟု ထွက်ဆိုထားပါသည် ။ အကယ်၍ သာ ဦးမောင်ပြေသည် ၎င်း၏ နေအိမ်တွင် ဝါးများ အချောသပ်နေပါက ကျွန်မ၏ အိမ်တွင် ဝါးများ အချောသပ်

နေပါသည် ဟု အတိအကျ ထွက်ဆိုသင့်သည် ။ သို့သော် ထိုသို့ ထွက်ဆိုခြင်း မရှိပေ။ သို့ဖြစ်၍ (၂၂.၅.၁၉၉၈) ရက်နေ့က ဦးမောင်ပြေမှာ ဒေါ်လှကြိုင်၏ အိမ်တွင် ရှိနေသည် ဟု တထစ်ချ လက်ခံနိုင်စရာ မရှိပေ ....'

ဩော် ... ဖြစ်မှ ဖြစ်ရလေ။ စောစောတုန်းကဖြင့် ဒေါ်လှကြိုင်သာ အဖေ့ကို ကာကွယ်ပေးနိုင်သော သက်သေဟု ငြိမ်း မြင်ခဲ့မိသည် ။ ခုတော့လည်း မသေသပ်သော ဖြေဆိုပုံများကပင်အဖေ့ကို ကြိုးများ နှင့် တစ်ရစ်ပြီး တစ်ရစ် တိုး၍ ချည်နှောင်သည့်ပမာ ဖြစ်စေခဲ့ကြောင်း တွေးလာရပြီ။

ငြိမ်းသည် ဒေါ်လှကြိုင်၏ အမည်ဘေးမှာ ကြယ်ပွင့်အမှတ်အသား မှတ်လိုက်မိသည် ။ ရိုးသော တောသူ ဖြစ်လိမ့်မည်။ သူ့အိမ်မှာ အဖေ တကယ်ရှိခဲ့တာကိုပင် ရှင်းလင်းအောင် ပြောနိုင်ခဲ့ပုံ မရချေ။ သို့သော် ရုံးတော်ဆိုတာကိုက လူတို့ ကို အလိုလို ရှိန်တန့်စေတာ မဟုတ်လား။ ပြောရင်းဆိုရင်းက လိုရင်း ပျောက်တာမျိုး ဖြစ်ခဲ့မှာ ပေါ့။

မမြင်ဖူးလိုက်သော အတိတ်တရားခွင်ကို စိတ်မှာ မြင်ပြန်တော့ တရားခံနေရာမှာ တစ်သက် တစ်ခါအဖြစ် မျက်နှာအောက်ချ၍ အဖေ ရှိနေမည့်အသွင်မှာ ငြိမ်းအတွက် သည်းမခံနိုင်လောက်အောင် နာကျင်ဖွယ် ဖြစ်လေသည် ။ အဖေသည် စိတ်ဖိလိုက်ခြင်းကိုဟန်လုပ်ထားရမည်။ မျက်နှာလည်း နီးကောင်းနီနေလိမ့်မည်။ အသက်ရှူသံလည်း မြင်နေလိမ့်မည်။ အဖေသည် တတ်များ တတ်နိုင်လျှင် ငြိမ်း မကြာ မကြာ တွေးဖူးသလို အငွေ့ပြန် ပျောက်ဆုံးလိုစိတ်လ

ည်း ဖြစ်နေလိမ့်မည်။

အမေကတော့ လူအုပ်ကြားထဲမှာ ရှိမည်။ ချစ်လှစွာသော ခင်ပွန်းကို ဝမ်းနည်းနာကျင်စွာ ငေးနေလိမ့်မည်။ အမေ့မျက်ဝန်းတို့ မှာ ရစ်နေပေလိမ့်မည်။ မကြာမီ ကြားရတော့မည့် စီရင်ချက်ကို အဖေရော အမေပါ နားစွင့်ရင်ခုန်နေလိမ့်မည်။ စကားလုံးတစ်လုံးချင်းနှင့်အပြိုင် နှလုံးသည် လိုက်ပါခုန်နေလိမ့်မည်။ မြန်ဆန်ဆူညံစွာ ...။

'ယခုအမှုတွင် အချင်းဖြစ်သော နေရာသည် လူသူကင်းမဲ့သော တောတောင်ထဲတွင် ဖြစ်ပွားခြင်း၊ သေဆုံးသူမှာ ကျောင်းသားတစ်ဦး ဖြစ်ပြီး ရန်ငြိုးရန်စ ရှိသည် ဟု မတွေ့ရခြင်း၊ ဦးဘမင်းနှင့် ဦးထွန်းသာတို့ ၏ ထွက်ချက်များ အရ အချင်းဖြစ်နေရာတွင် တွေ့ရသော လူစိမ်းမှာ ဦးမောင်ပြေဖြစ်ကြောင်း သက်သေခံချက်များ အရ သုံးသပ်ရမည် ဖြစ်သဖြင့် တရားအား သတ်သူမှာ ဦးမောင်ပြေသာလျှင် ဖြစ်သည် ဟု သုံးသပ်ရမိသဖြင့် ဦးမောင်ပြေအပေါ် စွဲချက် တင်ခဲ့သော ပုဒ်မအရ အပြစ်ပေးရန် ဖြစ်ပေသည် '

ဘုရား ...။ ထိုခဏဝယ် လှပ်ခနဲ တုန်ခိုက်သွားသော စိတ်ခံစားမှုသည် ငြိမ်း၏ လည်မျိုကို တင်းတင်း ဆုပ်ညှစ် လိုက်လေသည် ။

'အမိန့် ....'

ငြိမ်းသည် တရားခွင်မှ တရားသူကြီး၏ မျက်နှာကို မမှိတ်မသုန် ငေးနေသည် ။ တည်ငြိမ်သော၊ စိတ်လှုပ်ရှားမှု၊ ခံစားမှု တစ်စုံတစ်ရာ ကင်းစင်သော မျက်နှာ။ တရားသူကြီးသည် ထို

မျက်နှာနှင့် ပင် အဖေ့ထံ တစ်ချက်လှမ်းကြည့်သည် ။ အဖေသည် သစ်သားလက်ရန်းကို လက်နှင့် တင်းတင်းဆုပ်မြဲ။ မျက်နှာအောက်ချပြီး ။ အသက်ရှူသံကိုပင် ငြိမ်း ကြားနေရသလို။

'မြိုင်သာယာမြို့နယ်၊ ညောင်ပင်သာ ကျေးရွာကနေ ဦးကျော်၏ သား ဦးမောင်ပြေ (အသက် ၄၈ နှစ်) အား ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၀၂ (၂) အရ အလုပ်ကြမ်းနှင့် ထောင် (၁၀)နှစ်၊ (တစ်ဆယ်နှစ်) ကျခံစေ။'

ငြိမ်း၏ ရင်၌ ဟာခနဲ ဖြစ်ကာ အတိတ်ကမ္ဘာက အမေ့ထံ လွင့်ခနဲ အပြေးရောက်သွားသည် ။ မခံမရပ်နိုင်လောက်အောင် ဝမ်းနည်းနာကျင်ဟန်နှင့် အမေ ငိုရှိုက်လိုက်ပုံမှာ ငြိမ်း၏ အသည်းအား ဆုပ်၍ ခြေလိုက်သည့်နှယ်။ မလှမ်းမကမ်းက အဖေ့ကို လှည့်ကြည့်ပြန်တော့ ရဲ သားတို့ သည် အရှုံးကြီး ရှုံးခဲ့ပြီ ဖြစ်သော အဖေ့အား ခေါ်ဆောင်ရန် အသင့်ဖြစ်နေပြီ။ အမေ့ထံ လှမ်းကြည့်သော အဖေ့မျက်ဝန်းများမှာ ယူကျုံးမရဖြစ်မှုကို ငြိမ်း အထင်းသား မြင်ရသည် ။ ထို့နောက် ချာခနဲ ကျောခိုင်းလိုက်ပုံ ...။

အဖေ ...။

ငြိမ်းသည် နှုတ်က အသံမထွက်မိသော်လည်း စိတ်နှင့်ပင် ဟစ်အော်ကာ အတိတ်မှ လွတ်မြောက်လာပြန်သည် ။ ပန်းလျှသော ရင်နှင့် လွတ်မြောက်ခြင်း။ ပြီးတော့ တကယ့်ကမ္ဘာကို မြင်သည် ။ ငြိမ်း၏ အခန်း ၊ ငြိမ်း၏ ကမ္ဘာငယ် ။

နံရံဝယ် အမှောင်ရိပ်တို့ ရေးရေးထင်လျက်။ အလင်းရောင် လျော့ခဲ့ပြီ။ အခန်းသည် လေအေးပေးစက်နှင့် အေးမြဆဲ။ လေသည် လတ်

ဆတ်သန့်စင်သည် ဟု ထင်ရမြဲ။

သို့သော် ငြိမ်း ဘာကြောင့်များ အသက်ရှူ မဝပါသနည်း။ လူသည် မောလိုက်လျက်။ စီရင်ချက်ကို လွှတ်ချလိုက်သည် ။ မှတ်စုစာအုပ် ပိတ်သည် ။ ဘောပဲန်ဖျားနှင့်လည်း ခုံကို မထောက်မိတော့။ ဘောပဲန်ကိုလည်း လွှတ်ချခဲ့ရပြီ။ လေသည် လည်ချောင်းမှ အောက်သို့ မဆင်းတော့သလို တစ်ဆို့လာသည် ။

ငြိမ်းသည် ခုတင်ပေါ်မှ အလောတကြီး ဆင်းမိသည် ။ လေအေးပေးစက်ကို ငြိုးသူရန်ဘက်သဖွယ် မော့ကြည့်ကာ ဖျတ်ခနဲ ပိတ်လိုက်သည် ။ နောက်တော့ ခြေရင်းက ပြတင်းတံခါးထံ လျှောက်သည် ။ လူသည် ဆောက်တည်ရာမရ။ တုန်လှုပ်သော လက်များ နှင့်ပင် ပြတင်းတံခါးကို ဖွင့်လိုက်သည် ။ ပြင်ပလေကို မောပန်းစွာ၊ တပ်မက်စွာ ရှိုက်ချသည် ။

စိတ်မောခြင်း ပျောက်လိုပျောက်ငြား မျက်လုံးများအား စေ့ပိတ်လိုက်သည် ။ သို့သော် လွန်ခဲ့သော ၁၇ နှစ်က လက်နှိပ်စက်ရိုက် စာလုံးတို့ သည် အာရုံတွင် ပျောက်မသွားချေ။

စာလုံးများမှာ လည်း ဆူးရှိကြောင်း ငြိမ်း သိခဲ့ပြီ။

***

ငြိမ်းသည် ရဲရဲနီသော နှင်းဆီတို့ ကို စုရှ် စည်းနှောင်ထားသည့် ပန်းစည်းကို တစ်ချက်မျှ လှည့်ပတ်ကြည့်ကာ နှိုးကို ဖြေသည် ။ တစ်ပွင့်ချင်း ခွဲယူကာ အောက်ခြေအရွက်များကို ဖယ်ရှားသည် ။ နောက်ဆူးတို့ ကို ဖယ်သည် ။

သင်းသော ရန့်ကို အမှတ်မထင် ရှူရှိုက်မိပါသည် ။ ဘုရားတင်မည့်ပန်းများ မဟုတ်သည် မို့ ဆက်၍ ပင် ရှိုက်လိုက်သည် ။ ဘုရားတင်မည့် ပန်းများ မဟုတ်သည် မို့ ဆက်၍ ပင် ရှိုက်လိုက်သည် ။ သင်းသော ရန့်သည် ငြိမ်း၏ နောက်သောစိတ်ကို အထိုက်အလျောက်တော့ ကြည်လင်စေလေသည် ။

'ဒီပန်းတွေများကွယ် စိတ်ရှည်လက်ရှည်နဲ့ ဘာများ လုပ်မလို့ လဲ သမီးရဲ့ '

ငြိမ်းသည် အသားဟင်း လုံးချက် ချက်ရန် ပြင်နေပုံရသည့် ကြီးကြီးထံ ငဲ့ကြည့်လိုက်ပါသည် ။ သည် နံနက်ခင်း ငြိမ်းတစ်ယောက် အထူးအဆန်းသဖွယ် ဈေးလိုက်ကတည်းက ကြီးကြီးက အံ့အားသင့်နေသည် ။ အသီးအနှံလေး နည်းနည်း၊ ပန်းကလေး တစ်စည်းသာ စိတ်ကူးပေါ်သလို ဝယ်လိုက်ပြီး ဈေးလမ်းတစ်လျှောက် ဆွဲခြင်းလေး ကူဆွဲကာ တကောက်ကောက် လိုက်ပါခဲ့ပုံကိုတော့ ကြည်နူးနေဟန်။

ကြီးကြီးသည် ခင်ပွန်းသည် ဆုံးပါးချိန်မှာ သားတောက်သမီးခံလည်း မကျန်ရစ်ခဲ့သူမို့ 'ငြိမ်းဟာ တူမလည်း ဟုတ်၊ သမီးလည်း ဟုတ်' ဟု မိတ်ဆွေများအား ပြောပြသည့်အတိုင်း တကယ်ပင် စွဲမှတ်နေရှာသူ။ စိတ်ပြေလက်ပျောက် လွှင့်ချင်ရာ လွှင့်လိုသည့် ငြိမ်း၏ အမူအရာကိုမူ အရိုးခံစိတ်သာရှိသူပီပီ အကဲခတ်မိပုံ မရချေ။

'ပန်းအိုးလေး ထိုးချင်လို့ ပါ ကြီးကြီးရယ်၊ ဧည့်ခန်းထဲ ထားချင်တာ၊ အဖေ ဧည့်ခန်းမှာ တီဗွီကြည့်ရင်း နားနားနေနေ နေတဲ့ အခါ နှင်းဆီ

'အံ့မယ်လေး၊ ခေတ်ကာလ သားသမီးတွေများ စိတ်ကူးယဉ်တာ အလွန်ပ' ဟု ကြီးကြီးက ရယ်မောနေသည် ။ ဟင်းအိုးကို မီးဖိုပေါ် တင်သည် ။ ခလုတ်ဖွင့်သည် ။

ရေဆေးပြီးသား နှင်းဆီပွင့်များကို အနီးတွင် အသင့်ချထားသော ဖန်ပန်းအိုးရှည်ထဲ တစ်ပွင့်ချင်း စီထည့်နေရာက ငြိမ်း ပြုံးလိုက်မိပါသည် ။ စိတ်ကူးယဉ်တာတော့ မဟုတ်ပါဘူး ကြီးကြီးရယ်။ အဖေ့ကို တတ်နိုင်သမျှလေး စိတ်ချမ်းသာစေချင်တာပါ။

သည် ကြားထဲ လေး၊ ငါးရက်ကြာမျှ အဖေ မကျန်းမာလိုက်ခြင်းသည် သားအဖနှစ်ဦးအကြားက လက်ကျန် စိမ်းသက်မှု အကာအရံအား ဖယ်ရှားလိုက်သည့် ပမာတည်း။





လေးနှင့် တုန်လှုပ်သော ငြိမ်းသည် အဖေ့အနီးက မခွာတတ်တော့သလို ပြုစုရသည် ။ ညရေး ညတာပင် စိတ်မချနိုင်။ တစ်ရက်တုန်းက တစ်ညလုံးနီးပါး စောင့်ရသည် ။ နောက်ရက်များမှာ လည်း စိတ်ထင့်တိုင်း အခန်းတံခါး လှပ်ကာ ခေါင်းကလေး တိုးဝင် ကြည့်တတ်သည် ။ အဖေ အိပ်ပျော်နေတာ မြင်လေမှ အခန်းဆီ စိတ်ချလက်ချ ပြန်နိုင်သည် ။ မနက်ခင်းများမှာ လည်း သည် အတိုင်း။

တကယ့် တကယ်တော့ ငြိမ်းတစ်ယောက်မှာ သာ အပြောင်းအလဲ ပေါ်ပေါက်သည် မဟုတ်။ အဖေ့မှာ လည်း အလွှာတစ်ခု ခွာချလိုက်သည့်ပမာ ငြိမ်းအပေါ် ပြောဆိုပြုမူပုံ ရှေးကထက်

နးညှို့ပျော့ပျောင်းလာခဲ့ပြီ။

စိတ် မည်မျှဆောင်သော်လည်း ခန္ဓာ နာသော တစ်ချိန် ရှိပုံကို အဖေ သိနားလည်ခဲ့လေသလား။ သို့တည်းမဟုတ် မမြဲခြင်းများ အနက်တစ်ခုသာ မြဲလေသော သေခြင်းတရားကို သိမြင်ခဲ့သလား။ အရင့်အရင်ကလို ဒေါသထန်ခြင်း တွေ့ရခဲလာသည် ။ အဖေ့သင်္ကေတအဖြစ် အကြွင်းအကျန်လေးများ ရှိမြဲ ဖြစ်သော်လည်း မာန်တော့ လျှော့သင့်သလောက် လျှော့လာသည် ။ ဘုရား တရားဘက် အာရုံစိုက်လာသည် ။ ကျန်းမာရေး ညှို့လာသော်လည်း အဆိုးထဲက အကောင်းများ အတွက် ငြိမ်းရော ကြီးကြီးပါ စိတ်ချမ်းသာရပါသည် ။

ငြိမ်းသည် ပန်းအိုးလေး ကိုင်ကာ ဧည့်ခန်းထဲ ဝင်လာသည် ။ အိမ်မှာ အဖေ မရှိပါ။ သမီး ကောင်းကောင်း [illegible] က် ထွက်ပြန်သည် ။ သည် အချိန်ဆို [illegible] လက်ဖက်ရည်ဆိုင်၌ မိတ်ဆွေများ နှင့် စကားစမြည် ဆိုရင်း ရှိနေမည်။ သတင်းစာ၊ ဂျာနယ်များ ရှေ့ချကာ ဟိုအရေးသည် အရေး ပြောနေဆိုနေကြပေမည်။

သည် လို အိမ့်ပြင်ပမှာ ရှိနေချိန်၊ မိသားစုဝင် မဟုတ်သူများ နှင့် စကားဆိုနေရချိန်မှာတော့ အဖေသည် စိတ်ဆင်းရဲ ကိုယ်ဆင်းရဲ ဖြစ်စေသော အကြောင်းတရားတို့ ကို အတန်အသင့် မေ့လျှော့ထားနိုင်မည် ထင်ပါသည် ။ ဥပမာ - ငြိမ်းလိုပေါ့။

စီရင်ချက်ကို ဖတ်ပြီးသော တစ်နေ့၊ အတိတ်ဆီ ခြေရာကောက်ရန်စ၍ ပြင်ဆင်သောတ

စ်နေ့က လူကို ပိတ်လှောင်ထားသည့်နယ် တည်ရှိခဲ့သော မွန်းကျပ်မှုသည် လည်းကောင်း၊ အဖေ မကျန်းမာစဉ် ကာလတစ်လျှောက် စိတ်ရောကိုယ်ပါ ပင်ပန်းခြင်းသည် လည်းကောင်း ငြိမ်းနှင့် ငြိမ်းမိသားစု၏ အဖြစ်အပျက် တစ်ခုတလေကိုသော်မျှ သိထားခြင်း မရှိသည့် မိတ်ဆွေတို့ နှင့် စကားဆိုရချိန်မှာ သောက မြူထည်ထဲက မြူတစ်လွှာတော့ဖြင့် လျော့ပါးသလို ရှိရလေသည် ။

ငြိမ်းသည် နှင်းဆီပန်းအိုးကလေးကို ဧည့်ခန်းစားပွဲမှာ တင်လိုက်သည် ။ နောက် အပေါ်စီး အမြင်မှ သည် ပွင့်ဖတ်နီနီနှင့် စိမ်းမြသော အရွက်အခက်တို့ ကို ငေးနေသည် ။

နှင်းဆီနှင့် ဆက်စပ်ခြင်း မရှိသော်လည်း စိတ်ရွှက်လေ့သည် မနေ့ညနေက မြင်ကွင်းဆီ တစ်ဖန် ရွှက်လွင့်ရလေသည် ။

သည် တုန်းက ငြိမ်းသည် ဗိုလ်ချုပ်လမ်းပေါ်က ရှမ်းခေါက်ဆွဲဆိုင်မှာ ကိုမိုးညဏ်နှင့် အတူရှိနေသည် ။ သည် ကြားထဲ အကြောင်းတရားမည်မည်ရရ မရှိပါဘဲ ငြိမ်း နေထိုင်ရာ အနီးတစ်ဝိုက်သို့ သူ ရောက်ရောက်လာတတ်ပုံသည် အထူးအဆန်း မဟုတ်တော့။ ကြာတော့ ငြိမ်းလည်း မျှော်တတ်လာသည် ။ အဖေ နေမကောင်း ဖြစ်စရက်များမှာ တော့ ငြိမ်းကိုယ်၌ က 'မလာပါနဲ့ ဦး' ဟု တားထားမိသော်လည်း အဖေ သက်သာစပြုလျှင်တော့ လမ်းထိပ်သို့ အကြောင်းရှာထွက်ကာ ဗိုလ်ချုပ်လမ်းပေါ်က တစ်ဆိုင်ဆိုင်သို့ ခြေဦးလှည့်စမြဲ။

ရေပြင်ကျယ်ထဲ ကူကယ်ရာမဲ့ နစ်သူပမာ ထီးတည်း ရှိသော ရက်များ အတွင်း သူသည်

ငြိမ်း၏ ကောက်ရိုးမျှင်သာတည်း။

မနေ့ညနေကတော့ ငြိမ်းသည် စကားဆိုနေရင်း ဘာကြောင့်မှန်းမသိ သူ့ကိုတော့ဖြင့် တစ်စွန်းတစ်စ ပြောပြတိုင်ပင်လိုစိတ် ဝင်ကာ 'သကြံန်ပြီးရင် မြိုင်သာယာ ခဏပြန်ဦးမယ် ကိုမိုးညကျ်ရယ်' ဟု ဆိုလိုက်မိသည်။

'ပြန်ပေါ့ ငြိမ်းရဲ့ ၊ ဟိုတစ်ရက်က ပြောတာ ငြိမ်း မပြန်တာ ကြာပြီဆိုလားလို့ '

'ဟုတ်ပ ...ကြာပြီပေါ့'

ခုတော့ဖြင့် သူ သုံးစွဲတတ်သော နာမ်စားသည် 'ခင်ငြိမ်းချမ်း' မှ သည် 'ငြိမ်း' ဖြစ်ခဲ့ပြီ။ အခြားသူတို့ နှုတ်က ကြားရတတ်သော 'ငြိမ်း' နှင့် သူ့နှုတ်က ကြားရသည့် 'ငြိမ်း' ဘာကြောင့်များ မတူညီသလို ခံစားရပါသနည်း။

ရှမ်းခေါက်ဆွဲ အရည်ဖျော်ကို တစ်ချက်၊ နှစ်ချက် မွှေရင်းက ငြိမ်း ပြုံးမိပေသည်။

'ကြာပြီဆိုပေမယ့်လည်း ငြိမ်း မြိုင်သာယာ ရောက်ရင် အရင်လိုပဲလို့ ခံစားရမယ် ထင်တာပါပဲ၊ အဲဒီက လူတွေ ပြောတာတော့ မြိုင်သာယာဟာ လွန်ခဲ့တဲ့ ဆယ်စုနှစ်တွေကနဲ့ ယှဉ်ရင် သိပ်မပြောင်းလဲခဲ့ဘူး ဆိုတာပဲ၊ နယ်စပ်နဲ့ အရှင်းအဝယ် လုပ်ငန်း နည်းနည်း ပိုတွင် ကျယ်လာတာ၊ လမ်းပန်းဆက်သွယ်ရေးဆိုလည်း ရွာတွေဘက်အထိ သွားနိုင်လာနိုင် ရှိတာလာ အဲဒီလိုမျိုးတော့ ရှိတာပေါ့၊ ဒါပေမဲ့ မြို့ရဲ့ တည်ဆောက်ပုံရော၊ အများ စုရဲ့ လူနေမှုပုံစံရော သိပ်မပြောင်းလဲဘူး ဆိုကြတယ်'

ငြိမ်းသည် သူ့စကားကို နားစိုက်ထောင်ရင်း အတွေးစခန်း ဖွင့်နေပါသ

ည် ။ မြင်သာယာကို သူ အကျွမ်းတဝင် ရှိနေကြောင်း သိခွင့်ရတာဟာ တစ်ချိန်ချိန်မှာ ငြိမ်းအတွက် အသုံးဝင်ရာ အချက်တစ်ခု ဖြစ်လာလေမလား။ မြင်သာယာကို ခုနေ မျက်လုံးထဲ ပြန်ဖော်လျှင်ပင် ဆိပ်ကမ်း၊ လမ်းသွယ်များ ကြီးကြီးအိမ်၊ စာသင်ကျောင်းတို့ မှ လွဲ၍ ငြိမ်း မမြင်တတ်ပါ။ အတိတ်နောက် ခြေရာကောက် လျှင်ပင် ထိုထိုသော ရွာတို့ ထံ ဘယ်လို သွားရမည် မသိ။

ညောင်ပင်သာက အမျိုးအဆွေတို့ ထံတော့ နည်းနည်းပင် သတင်းအရောက်မခံပါ။ ငြိမ်းကို မသိသော၊ ငြိမ်းကလည်း မသိသော သူစိမ်းတို့ နှင့်သာ ခြေရာကောက်ရလိမ့်မည်။ ထိုသူစိမ်းသည် သူက တစ်ဆင့် ချိတ်ဆကပ်ပေးနိုင်မည့် ဒေသခံ ဖြစ်ရမည်။ သို့သော်သူ့အား မည်သို့ မည်ပုံ အသိပေးရမည်နည်း။

ငြိမ်း တွေဝေဆဲမှာ ပင် သူ့ဘက်က စကားစလိုက်ပါသည် ။

'သင်္ကြန်အပြီး သွားမယ်ဆိုတော့ ရက်ကောသတ်မှတ်ပြီးပြီလား'

'အဲဒီလိုတော့လည်း မဟုတ်ပါဘူး၊ စဉ်းစားနေတုန်းပဲ'

'ဩော် အမျိုးတွေဆီပဲပေါ့နော်'

ငြိမ်းသည် တူကို ချကာ သူ့အား တည့်တည့်ပင် ရင်ဆိုင်ကြည့်လိုက်ပါသည် ။

'အမျိုးတွေဆီ မဟုတ်ဘူး ၊ ငြိမ်း အမှုတစ်ခု နောက် လိုက်မလို့ '

'အမှု' ဟု သူက အံ့အားသင့်ဟန်နှင့် ရေရွတ်လိုက်သည် ။

သူ့ကို ပြောတော့ပြောရမည်။ သို့သော် ဘယ်လို ပြောရပါ့။

ငြိမ်းသည် ဦးနှောက်ထဲ စကားလုံးများ အပြေးအလွှား ရွေးစီရင်းက ဟန်ကိုယ်ဖို့ ဆိုရမလို့ ရယ်မောလိုက်သည် ။ သူသည် ထိုအပြုံးကိုပင် မမြင်ဖူးသလို ငေးနေပေသည် ။

'လွန်ခဲ့တဲ့ ဆယ့်နှစ်နှစ်လောက်က အမှုပါလေ၊ စိတ်ဝင်စားစရာကောင်းတဲ့ အမှု၊ လူသတ်မှုပေါ့ ကိုမိုးညကြ်ရယ်၊ တရားခံတော့ မမိခဲ့ဘူး ဆိုပါတော့၊ ငြိမ်းက အမှုဖြစ်ခဲ့တဲ့ နေရာတွေ ဘာတွေ ပြန်သွားပြီး စုံစမ်းချင်တာ'

'တကယ့်စုံထောက်ပါလား ဒေါ်ခင်ငြိမ်းချမ်းရဲ့ ၊ ကဲ ... ထားပါလေ၊ စုံစမ်းပြီးတော့ ဘာလုပ်ဖို့ တုံး'

သည် တစ်ကြိမ်တော့ သူ သုံးနှုန်းလိုက်သော အမည်နာမကြောင့် ငြိမ်းတကယ်ပင် လိုက်လိုက်လှဲလှဲ ရယ်မောမိပါသည် ။

'အမှုက စိတ်ဝင်စားစရာ မဟုတ်လား၊ ပြီးတော့ ကိုယ့်ဒေသ ဆိုတော့ အလည်သွားရင်း လေ့လာရင်း အဆင်ပြေရင် ဝတ္ထုလေး ဘာလေး ရေးတာပေါ့'

'ငြိမ်းက ဝတ္ထုရေးတယ်'

သူ့လေသံမှာ မေးခွန်းဆန်ဆန်။

'အခုမှ စာလေး တစ်ပုဒ်၊ နှစ်ပုဒ် ရေးစမ်းရုံပါပဲ၊ မဂ္ဂဇင်းတိုက်တွေ ဘာတွေတော့ မပို့ရသေးပါဘူး၊ စိတ်တိုင်းမကျသေးတာနဲ့ ပဲ၊ အရင်ကတော့ ကဗျာလေး ဘာလေးပဲ နည်းနည်းပါးပါး ရေးဖူးတာ၊ အထင်တော့ မကြီးနဲ့ ဦး အဲဒါလည်း ဘယ်မှ မပို့ဘူး၊ ကိုယ့်ဝေါ်လ်ကိုယ် တက်ရေးတာ'

အမှန်တရားတစ်ဝက်၊ လိမ်ညာခြင်းတစ်ဝက် ရောနေသောစကားအတွက် လိပ်ပြာမလုံစိတ်သည် ငြိမ်း၏ ရင်မှာ လေပွေနှယ် ဝေ့နေပေသည် ။ စာရေးနေတယ်ဆိုတာကတော့ မှန်ပါရဲ့ ။ စာလေးပေလေး ရေးချင်စိတ် လှစ်ခနဲ လှစ်ကနဲ ပေါ်လာတဲ့ အခိုက် မရေးရ မနေနိုင်ဆိုသလို ရေးမိတာလည်း မှန်ပါရဲ့ ။

ရေးတတ်သမျှသည် ဝတ္ထုမမည်၊ စာညွန့်လည်း မဆိုသာ။ ပြီးတော့ မိမိဘာသာပင် စိတ်တိုင်းမကျလှသော စာများ သာ ဖြစ်၍ မဂ္ဂဇင်းတိုက်ဆီ ပို့ရလောက်အောင် ငြိမ်းမှာ ဝံ့ရဲခြင်း မရှိ ။ ခံစားရသမျှ ချရေးရခြင်းကိုသာ နှစ်လိုသူ။

သို့သော် ဝတ္ထုရေးမည်ဆိုသော အကြောင်းပြချက်တစ်ခုကလွဲ၍ လည်း မြိုင်သာယာခရီးအတွက် လုံလောက်သင့်တင့်သော ဆင်ခြေမျိုး ငြိမ်းမပေးတတ်ပါ။ သည် ဆင်ခြေကိုပင် မြိုင်သာယာ ပတ်ဝန်းကျင် မှုခင်းဖြစ်ပွားရာ နေရာ တစ်လျှောက် သွားသောသည့်အခါမှာ လည်း ငြိမ်း အသုံးပြုရလိမ့်မည်။

'ဟာ ဘယ်လို ရေးရေးပါ ငြိမ်းရဲ့ ၊ ဘယ်မှာပါမှ ရယ် မဟုတ်ပါဘူး၊ ကျွန်တော်ဖြင့် ကိုယ်မရေးတတ်တော့ ရေးတယ်ဆိုတဲ့ သူတွေ့ရင်ကို အားပေးချင်တာပဲ၊ နေပါဦး၊ အခု ငြိမ်း လိုက်စုံစမ်းမယ် ဆိုတဲ့ အမှုက လွန်ခဲ့တဲ့ ဆယ့်ရှစ်နှစ်က ဟုတ်လား'

ငြိမ်း ခေါင်းညိတ်လိုက်ပါသည် ။

'ဒါဆို ရှာရမခက်ဘူးလား ငြိမ်းရယ် မှုခင်းများ ငြိမ်း - ရေးချင်ရင် ဒီဘက်ခေတ်တွေမှာ လည်း ပေါလို့ ပါ၊ ရန်ကုန်က အမှုတွေ ရေးမလား နယ်က အမှုတွေ

ရေးမလား ရေးလို့ တောင် ကုန်မှ မဟုတ်ဘူး '

' မဟုတ်ဘူး ကိုမိုးညက်ရဲ့ ၊ ဒီတစ်ခုက တရားခံအစစ်က အပေါ်ခဲ့ဘဲ တရားခံ မဟုတ်တဲ့ သူက တရားခံလို စွပ်စွဲခံခဲ့ရတာ ရှိလို့ ပါ၊ အမှုနောက်ကြောင်းက ဘယ်လို ရှိခဲ့တာလဲ ဆိုတာငြိမ်း သိချင်လို့ ၊ အဲဒါကြောင့်ပါ'

'ဩော် .... ဒီလိုဆိုတော့လည်း စိတ်ဝင်စားစရာ ကောင်းသားပဲ'

ငြိမ်းသည် အအေးပိုက်ကို လှုပ်ခတ်မွှေရင်း၊ ဖန်ခွက်ရှည်ထဲ သစ်သီးဖတ်လေးများ ၊ ရေခဲတုံးလေးများ ဝေ့လည်နေပုံကို စူးစိုက်ငေးငိုင်ရင်း နှုတ်က ထွက်သမျှ စကားလုံးတို့ အဖြစ်မှန်နှင့် ဖြောင့်ဖြောင့်ကြီး ဆန့်ကျင်နေပုံကို အတွေးရောက်လျှင် သူ့အပေါ် မဖြစ်စဖူး အားနာစိတ် ဝင်မိပါသည် ။ ယုံကြည်သော မျက်ဝန်းများ နှင့် စိတ်ဝင်တစား ငေးစိုက်နားထောင်လျှင် ဒါသည် ပင် ငြိမ်းအတွက် မလုံမလဲ အနေခက်စရာ ဖြစ်လာသည် ။

ပင့်သကင်တစ်ချက် ရှိုက်ကာ ခေါင်းကို မော့လိုက်လျှင်တော့ သူသည် ငြိမ်းထံ အဖြေဖွေရှာသော မျက်ဝန်းများ နှင့် ငေးရီရီ ရှိနေပေသည် ။

'မျက်နှာလည်း မကောင်းပါလား ငြိမ်းရယ်၊ ခုနက အကောင်း၊ ခု ဘယ်လို ဖြစ်တာတုံး'

'ဘာရယ် မဟုတ်ပါဘူး ကိုမိုးညက် ၊ အမေ့ကို ရုတ်တရက် သတိရသွားလို့ ၊ အမေနဲ့ အတူတူ သွားလို့ ရရင် သိပ်ကောင်းမှာ ပဲလို့ တွေးမိလို့ ပါ'

ဒါလည်း အမှန်တစ်ဝက်၊ မုသားတစ်ဝက် ပါတဲ့ စကားပါလေ။ ခုနေခါ အမှန်တရားကို

ရာနှုန်းပြည့် မပြောပြနိုင်သေးတဲ့ ငြိမ်းကို ခွင့်လွှတ်ပါ။

'စိတ်မကောင်းစရာတွေ မတွေးပါနဲ့ ဒေါ်ခင်ငြိမ်းချမ်းရာ၊ အခုအရေးကြီးတာက သက်ြန်ပြီးရင် သွားဖို့ ရာ ခင်ဗျား ဘယ်လိုစီစဉ်ထားလဲပြောပါဦး'

'ဒေါ်ခင်ငြိမ်းချမ်း၊ ' 'ခင်ဗျား' ဆိုသော အသုံးအနှုန်းများကြောင့်ပင် ငြိမ်း၏ မလုံစိတ်က ကြည်လာပြန်သည် ။ တစ်ဝက်မျှသာ စားလိုက်နိုင်သော ခေါက်ဆွဲပန်းကန်ကို ဘေးသို့ တွန်းလိုက်ပါသည် ။

'ငြိမ်း ဒီကနေတော့ တစ်ယောက်တည်းပဲ သွားမယ်၊ အဲ...ဟိုရောက်တဲ့ အခါတော့ ငြိမ်းသွားချင်တဲ့ နေရာတွေ ရွာတွေက မရောက်ဖူးတဲ့ နေရာတွေချည်းပဲဆိုတော့ သွားရင် လမ်းညွှန်လိုက်ပို့နိုင်မယ့်သူ တစ်ယောက်လုံမှာ ပဲ၊ ရွာရမှာ ပေါ့လေ၊ ကိုမိုးဉာဏ်မှာ အဲဒီလိုလူမျိုး အသိရှိလားဟင်၊ အမျိုးသမီးပဲ ငြိမ်း ရချင်တယ်'

သည် သည် တွေ၍ စဉ်းစားဟန် ပြုနေပါသည် ။ တစ်ခဏမျှ ကြာလျှင် အတွေးပေါ်ဟန်ဖြင့် -

'အင်း ... ကျွန်တော်တို့ သွားတုန်းက လမ်းညွှန်လုပ်ပေးတဲ့ အစ်ကိုတစ်ယောက်တော့ ရှိတယ်၊ သူ့အမျိုးသမီးကလည်း သူနဲ့ တစ်ရက်၊ နှစ်ရက်တော့ လိုက်ပေးသေးတယ်၊ သူ့လိုပဲ ဒေသ ကျွမ်းကျင်ပါတယ်။ ပုံမှန် လုပ်နေကျတော့ မဟုတ်ဘူး ပေါ့လေ၊ ဒီပြင်လည်း အမျိုးသမီးလမ်းညွှန် ရဖို့ ခက်မှာ ပဲ၊ အဲဒီအစ်မကိုပဲ ရအောင် ကျွန်တော် ပြောပေးပါ့မယ်'

'ကျေးဇူးပါပဲ ကိုမိုးညာဏ်ရယ်၊ နောက်တစ်ခုလည်း အကူအညီ တောင်းချင်သေးတယ်'

'ပြော ...'

သူ့မျက်လုံးအစုံသည် ရယ်ရွှင်ရိပ်နှင့် နူးညံ့လာပြန်ပါသည် ။ တစ်ကြိမ်တုန်းကလည်း ဒီလိုစကားမျိုး အွန်လိုင်းမှာ ပြေဖူးပါရဲ့ ။ အဲဒီတုန်းက သူ ပြန်ပြောပုံက 'တစ်သက်လုံး ကူညီရလည်း ဖြစ်တယ်' ဆိုပဲ့လား။

ငြိမ်းသည် ကိုယ်လိုရာ ဆွဲပြောရဦးမည့်အရေးကို တွေးကာ အားနာစိတ်နှင့်ပင်ရိပ်ရိပ်ပြုံးလိုက်ပါသည် ။

'ဖြစ်နိုင်ရင် သူတို့ နဲ့ ဆက်သွယ်တဲ့ အခါ သူတို့ ဆီ လာမယ့် ငြိမ်းက မြိုင်သာယာဇာတိ ဆိုတာ ထည့်မပြောပါနဲ့ လားဟင်'

နွေပန်းများ ဖြစ်သော ငုဝါ၊ ပျဉ်းမတို့ သာ အပြိုင်းအရိုင်း ပွင့်ဆဲ ပိတောက်တို့ ၏ အရိပ်အယောင် ရေးရေးမျှပင် မမြင်ရသေးသည့် ကာလမှာ 'သင်္ကြန်ပြီးရင် ရှမ်းပြည်ဘက် ခရီးထွက်ဦးမယ်' ဟု ငြိမ်း ကြေညာတော့ အဖေရော ကြီးကြီးပါ အံ့အားသင့်ခြင်း မဖြစ်ကြပေ။ ဘွဲ့ရပြီး အလုပ်စလုပ်သည့်နှစ်မှ စကာ တစ်နှစ်လျှင် တစ်ကြိမ် နွေရာသီတိုင်း ခြေစကြာ ဖြန့်ချိနေကျမို့ မထူးခြားသော စကားတစ်ရပ် ကြားရသည့်ပမာ 'ဘယ်သူနဲ့ သွားမလဲ ' ဆိုတာသာ အရေးလုပ် မေးတတ်ကြတော့သည် ။

သည် နှစ်တော့ အဖေသည် ငြိမ်းနှင့် ခရီးအတူ သွားမည့်သူစာရင်းမှ မမသက်အိ ဖယ်ထားပြီး ဖြစ်လိမ့်မည်။ မမသက်နှင့် ဖုန်း အဆက်အသွယ်ပါမက လူချင်းပါ လုံးလုံးဝေးကွာခဲ့ပြီဟု အဖေ တွေးမိလိမ့်မည်။ သည်တော့ တစ်ဦးတည်းကျန်တော့သော ခရီးဖော် ဟာ ရည်မွန်ပဲဟု အဖေ တွက်လိမ့်မည်။

'ရည်မွန်တို့ နဲ့ မဟုတ်လား' ဟု ငြိမ်း ထင်သည့်အတိုင်း အဖေက မေး၏။ ခေါင်းညိတ် အဖြေပေးဆဲမှာ ပင် အဖြစ်အပျက် တစ်စွန်းတစ်စပင် မသိခဲ့လေသော ကြီးကြီးက 'သက်ထားတို့ နဲ့ ဒီနှစ်မသွားဘူးပေါ့' ဟု မေးပြော ပြောလေသည် ။

ငြိမ်းသည် အဖေ့ထံ အကြည့်ရောက်ရသည် ။ မမသက်တို့ မြိုင်သာယာ သွားမည့်အကြောင်း ပြောသင့်သလား၊ မပြော

သင့်သလား။ ခုနေတော့ 'မြိုင်သာယာ' ဆိုသော စကားတစ်ခွန်း ကြားလျှင်၊ မမသက်နှင့် မကြည်ပြာကို ဆက်စပ်တွေးမိလျှင် အဖေ့နှလုံးလုပ်ခန်း ခုန်တော့မှာ ငြိမ်း စိုးရိမ်ပါသည် ။ မပြောတော့ပါဘူး။

'မမသက်တို့ က မြိတ်တဲ့ ၊ မလိုက်တော့ပါဘူးလို့ ပြောလိုက်တယ်၊ ရည်မွန်တို့ က ရှမ်းပြည်ဘက် ဆိုတော့ အဲဒီဘက်ကို ပိုပြီး စိတ်ဝင်စားလို့ ကြီးကြီးရဲ့ ၊ အင်းလေး၊ တောင်ကြီး သွားမယ်၊ ပင်းတယ သွားမယ် အစုံပဲ'

'အံမယ်လေး ပင်ပန်းလိုက်မယ့်အမျိုး'

'ဟာ ... ကြီးကြီးကလည်း ခရီးသွားတဲ့ အရသာဆိုတာမျိုးက ခရီးသွားရတာကို ကြိုက်တဲ့ သူချင်းပဲ နားလည်တာ၊ တစ်နှစ်လုံး မောသမျှ ဟာ အဲဒီလို စိတ်လွတ်ကိုယ်လွတ် ခရီးလေး သွားလိုက်ရင် အကုန်ပျောက်ရော၊ နောက်ပြန် လုပ်ရမယ့် အလုပ်တွေအတွက် အားတွေ ရှိလာရော'

ငြိမ်း၏ အသံမှာ လိုတာတက်ပို၍ ရွှင်နေပါသည် ။ လုပ်ယူထားသော ရွှင်ခြင်းမျိုး။ ကြီးကြီး မရိပ်မိသော်လည်း အဖေကတော့ ရိပ်မိလိမ့်မည်။ မမသက်တို့ နှင့် မလိုက်ဖြစ်၍ ငြိမ်း မှုပျက်နေတာပဲ ထင်လိမ့်မည်။

သို့သော် ငြိမ်းမှာ တော့ ကိုယ့်သောကနှင့် ကိုယ်ပါ။

ရန်ကုန်မှ မြိုင်သာယာသို့ သွားရမည့်ခရီးအတွက် လိုအပ်သမျှ အချက်အလက်၊ ပစ္စည်းပစ္စယတို့ အား အခန်းထဲ ငြိမ်ဝပ်ကာ မှတ်စုစာအုပ်ထဲ ချရေးလျှင်ပင် နံရံကို ထွင်းဖောက်ကာ တစ်ယောက်ယောက် ဖတ်နေမလို စိတ်က ထင်

နေသည် ။ ရေးပြီးသမျှ စာလုံးတို့ ကို လွတ်နေသော လက်တစ်ဖက်နှင့် အလိုလို လိုက်ဖုံးနေမိသည် ။ အခန်းတံခါး ချက်ကျ မကျ သုံး၊ လေးခါပင် ပြန်ပြန်စစ်မိသည် ။ နောက်တော့လည်း စိတ်အမောကြီး မောကာ အိပ်ရာထက် ခန္ဓာကို ဖျော့ကာ ပုံချမိတော့သည် ။

မမသက် တစ်ယောက်နှင့်ပင် သင်ခန်းစာရခဲ့သော၊ လျှို့ဝှက်ခြင်းမက လျှို့ဝှက်ရန်သာ စိတ်ပိုင်းဖြတ်လိုက်ရသော ငြိမ်းသည် ရန်မွန့်ကိုလည်း ကိုမိုးညဏ်နှင့်တုန်းက အသိပေးခဲ့သလိုသာ အသိပေးရသည် ။ အိမ်ပြင်ပ တစ်နေရာဝယ် သတ်သတ် ဆုံကာ စည်းဝါးရိုက်ရပါသည် ။

ရည်မွန်တို့ ကတော့ ရှမ်းပြည် သွားရန် စီစဉ်နှင့်ပြီးသားမို့ ပုံမှန်လို သွားကြမည်။ သူတို့သွားသောနေ့မှာ ပင် ငြိမ်းလည်း အိမ်က ထွက်ရန်။ မထွက်မီ လူကြီးများ ကြားနိုင်စေဖို့ ဖုန်းအဆက်အသွယ် လုပ်ကြရန်။

'မြိုင်သာယာ ပြန်တာများ ဟယ် နှင့်အိမ်ကို ပြောသွားပေါ့ သမီးဝတ္ထုရေးချင်းလို့ လိုက်စုံစမ်းမယ် ဘာညာပေါ့'

'ဟာ ... နင်ကလည်း ငါ့အဖေလား စာရေးမယ် ပြောရင် ကြိုက်မှာ ၊ စာဖတ်တာတောင် ဒီလောက် ပွစိ ပွစိ ပြောနေတဲ့ ဟာ။ ပြီးတော့လည်း တစ်ယောက်တည်း သွားတယ်ဆိုပြီး လွှတ်ပါလိမ့်မယ် အားကြီး'

'နင် ယောက်ျားနောက် လိုက်တာတော့ မဟုတ်ပါဘူးနော်'

'ပေါက်ပေါက်ရှာရှာ လိုက်စရာလား '

'အေးလေ ဟုတ်ပါရဲ့ ၊ လိုက်ရင်တော့ နင် မြိုင်သာယာ လိုက်စရာမှ မလိုဘဲ၊ စစ်ကိုင်းလိုက်ရမှာ မဟုတ်ဘူး လား'

'ရည်မွန် အစုတ်ပလုတ် ' ဟု ငြိမ်း မျက်စောင်းခဲမိပါသည် ။

'အကောင်းပြောတာ ငြိမ်းရဲ့ ၊ သူနဲ့ ဆိုရင်တောင် ငါ စိတ်ချဦးမယ်၊ အခုက နင်တစ်ယောက်တည်း ငါ စိတ်မချဘူးဟဲ့'

'စိတ်ချပါဟာ၊ ဟိုမှာ ငါ့အသိတွေနဲ့ ငါ ချိတ်ပြီးသားပါ၊ ပြီးတော့ ငါ့မြေပါဟယ်၊ ငါ ရောက်နေတာ အမျိုးတွေ သိမှာ စိုးလို့ ၊ အဖေ ပြန်သိမှာ စိုးလို့ သာ မဆက်သွယ်ချင်တာ၊ အရေးဟယ် အကြောင်းဟယ်ဆို ငါ ဆက်သွယ်မှာ ပေါ့၊ တစ်ယောက်တည်း မဟုတ်ပါဘူး'

သည် စကားကတော့ ငြိမ်းကိုယ်ငြိမ်း အားတင်းခြင်းမျှပင်။

'ပြီးရော၊ နောက်နှစ်တော့ ငါနဲ့ လိုက်ဖြစ်အောင်လိုက်ရမယ် ဒါပဲ'

ရည်မွန်အသံမှာ ခပ်တိမ်တိမ်။ စောစောတုန်းက ရယ်မောစနောက်နေတာ သူ မဟုတ်ပြန်သလို။

ငြိမ်းသည် ဖြူသည့်စိတ်နှင့် ချစ်ရှာသော သူငယ်ချင်းကို အားနာစွာ ငေးနေသည် ။ ကိုမိုးညက်နှင့် တွေ့သောနေ့က ခံစားမှု တစ်ဖန်နိုးထသည့်ပမာ ချွတ်စွပ်ပါပေ။ ဘယ်လို ပြောရပါ့။ တစ်ဖက်က ယုံကြည်လေလေ သိုဝှက်သူမှာ အားနာစိတ် ဝင်ရလေလေ။ အတွင်းစိတ်ကပင် ခွင့်လွှတ်ဖို့ ရန် ကျိတ်တောင်းပန်ရသည် ။

အကြောင်းစုံသိသော တစ်နေ့မှာ တော့ သူတို့ ခွင့်လွှတ်ကြလိမ့်မည်။ ခွင့်လွှတ်မည် မျှော်

လင့်ရပေသည်။

***

သစ်စုရွာ ...။

ငြိမ်းသည် မှတ်စုစာအုပ်ထဲ သည် အမည်ကို အသေအချာ ထပ်ရေးကာ ပထမဦးဆုံး ခရီးဦး တည်ရမည့် နေရာအဖြစ် ကြယ်ပွင့်အမှတ်အသား ပြလိုက်ပါသည်။

တရားလိုပြသက်သေ နှစ်ဦးစလုံး သစ်စု ကျေးရွာသားများ ဖြစ်ကြောင်း ငြိမ်း သိခွင့်ရခဲ့ပြီ။ သည် လို သိခွင့်ရခြင်းမှာ အလွယ် တကူတော့ဖြင့် မဟုတ်ခဲ့ပါပေ။ ကြီးကြီးကို ဟို ဟိုသည် သည် ရောက်တတ်ရာရာ ရွာအကြောင်း၊ အမျိုးများ အကြောင်း ပြောရင်းက လှည့်ပတ်မေးယူရသည်။ လှစ်ခနဲ အငိုက်မိသော မေးခွန်းမို့အဖြေသည် လည်း အမှန်စင်စစ်ဖြစ်ကြောင်း သံသယဝင်စရာ မရှိပါ။

'အဖေ့အမှုတုန်းက ဟိုဘက်က သက်သေလိုက်ပေးတဲ့ သူတွေက သမီးတို့ ညောင်ပင်သာ ကပဲလားဟင် အတော်ရက်စက်တဲ့ ဟာတွေ'

ငြိမ်း၏ မေးခွန်းသည် မထင်မှတ်သော အချိန်မှာ ဖောက်ဝင်လာရုံမက ဇာတိရပ်ရွာ ညောင်ပင်သာကိုပါ အနည်းငယ် ထိခတ်ပုံ ပြသည် မို့ ကြီးကြီးက ဆတ်ခနဲ ဖြစ်သွားသည်။ ခါတိုင်းလို အမှုအကြောင်း အစဖော်ရပ့ါမလားဟု စိုးရိမ်စိတ် မဖြစ်အားဘဲ ညောင်ပင်သာကို ကာကွယ်လိုပုံနှင့် မျက်လုံးအစုံပင် တဖျပ်ဖျပ် တောက်လာပေသည်။

'ဘယ်ကလာ၊ ညောင်ပင်သာကမဟုတ်ပါဘူး သမီးရဲ့ ၊ သစ်စုတဲ့ ၊ သူတို့ သက်သေတွေက သစ်စုရွာက လူတွေချည်းပဲ'

'သစ်စု' ဟု ငြိမ်း သံယောင်လိုက်လိုက်ပါသည် ။ ခုမှ ကြားဖူးသော လေသံယူ ကြီးကြီး ယူဆလိမ့်မည်။

'သစ်ဆု ဆိုတာကွယ် ကြီးကြီးတို့ ရွာတွေက မြိုင်သာယာအထက်ဘက် မဟုတ်လား၊ ရေကြောင်းကို ဆန်ရင် ရောက်တဲ့ ရွာတွေ၊ ကုန်းလမ်းလည်း ရတာပေါ့၊ ဒါပေမဲ့ ရေကြောင်းက ပိုသုံးကြတယ်၊ အဲဒီသစ်စုတို့ သာယာကုန်းတို့ ၊သုံးမိုင်တို့ ကျတော့ မြို့သစ်နဲ့ မြိုင်သာယာကြားမှာ ရှိတာ သမီးရဲ့ ၊ ကားလမ်းဘေးက ရွာတွေ'

သာယာကုန်း….။ စိတ်ချက်ထဲက အမည်ကို ငြိမ်း မှတ်မိပါသည် ။

'အဲဒီသစ်စုပေါ့၊ ဟိုကောင်လေး အလောင်းတွေ့တယ်ဆိုတဲ့ နေရာ။ အဲဒီရွာနားက တောထဲမှာ တွေ့တာ ဆိုလား'

ကြီးကြီးသည် ပြောရင်းဆိုရင်း အရှိန်ရလာပုံရပါသည် ။ 'သစ်စုနဲ့ ညောင်ပင်သာ ဒါလောက် ဝေးတာများ စွပ်စွဲကြတယ်၊ ဘယ်လို သွားလုပ်မလဲ၊ အံ့သြပါ့' ဟု ဆက်လက် ရေရွတ်နေပေသည် ။

'အဲဒီသက်သေတွေ ရုံးမှာ တွေ့ခဲ့ရတာ ခုထိ မှတ်မိသေးတယ်၊ တကယ့်လယ်သမား ယာသမားတွေပါ သမီးရယ်၊ မျက်နှာတွေကတော့ ရိုးပုံပေါက်ပါရဲ့ ၊ ဒါပေမဲ့ တစ်ဖက်က ဘယ်လို စည်းရုံးထားတယ် မဆိုနိုင်ဘူး၊ မောင်ပြေကိုပဲ လက်ညှိုးထိုးတော့တာ၊ သမီးအဖေရဲ့ မျက်နှာ

ပေါ်မှာ အမာရွတ်ရှိတာ တွေ့တယ် မဟုတ်လား၊ အဲဒီအမာရွတ်နဲ့ မျက်နှာကို မှတ်မိတယ်ချည်း ပြောတာပဲ၊ နှစ်ယောက်စလုံး ... နှစ်ယောက်စလုံးက ပြောတာ'

ထိုတရားလိုပြသက်သေ နှစ်ယောက်၏ အမည်ကိုတော့ ကြီးကြီး မှတ်မိပုံမရပါ။ ငြိမ်းလည်း အစမဖော်။ ဖော်လိုက်လျှင် ဘယ်က သိသနည်း ဆိုသော မေးခွန်းကို ဖြေရမည်။ စီရင်ချက်အကြောင်း ငြိမ်း ပြော ပြရလိမ့်မည်။ မကြာခင် သည် စကား အဖေ့ထံ ပေါက်လိမ့်မည်။

ငြိမ်းသည် ပခုံးကို ဆတ်ခနဲ တွန့်ကာ ရတတ်သမျှသော အဖြေကို ကျေနပ်စိတ်နှင့်ပင် ပြုံးလိုက်ပါသည် ။ 'ဟဲ့ - ဘယ်သူမှ လျှောက်ပြောမနေနဲ့ ဦး၊ ကြီးကြီး ပြောတာတွေ' ဟု အလန့်တကြား တားမြစ်လျှင် 'စိတ်ချပါ ကြီးကြီးရဲ့ ' ဟု ပြုံးမြဲပြုံးပင် ကတိပေးမိပါသည် ။

တကယ်လည်း ဘယ်သူ့မှ မပြောပါ။ ပြောရန်လည်း စိတ်ကူး မရှိပါ။ ခုလို မှတ်စုစာအုပ်ထဲ ချရေးရုံလောက်ပါပဲ။

မြိုင်သာယာသည် မြို့ကြီးမဟုတ်။ အဓိကလမ်းမကြီးရယ်လို့ နှစ်ခုသာရှိသတဲ့ ။ ကျန်တာကတော့ လမ်းသွယ်များ မြေမျက်နှာသွင်ပြင်သည် ကုန်းဆင်းကုန်းတက် များ တာမို့ လမ်းတို့သည် ငြိမ်း မှတ်မိသမျှ မြွေလိမ်မြွေကောက်များ ချည်းသာ။သစ်စရှာကို ဘယ်လို သွားရမလဲ။ ငြိမ်း မသိပါ။

ငြိမ်းတို့ ငယ်ငယ်ကတော့ ဘယ်သွားသွား ဘယ်လာလာ စက်ဘီးတစ်ခုသာ အားကိုးရာဖြစ်ရသည် ။ ခုနေခါတော့ အရင်ကနှင့်မတူ ဆိုင်ကယ်ဆိုတာ စကားထဲ ထည့်ပြောစရာ မလို

လောက်အောင် ပေါများ နေလိမ့်မည်။ သစ်စုရွာဘက်အထိတော့ ကားနှင့်သွား၍ အဆင်ပြေ၊ မပြေ မသိရသေးပါ။ ဆိုင်ကယ်လည်း သုံးကောင်း သုံးရလိမ့်မည်။ သို့သော် ငြိမ်းကတော့ ဆိုင်ကယ်မစီးတတ်ပါ။

ခုထိတော့ ငြိမ်း စီစဉ်ပြီးသမျှမှာ ရန်ကုန်မှ မြိုင်သာယာအထိ သွားရမည့် ခရီးအတွက်သာတည်း။ မြိုင်သာယာ ဟိုဘက်အတွက်မပါ။ လမ်းခရီး အခြေအနေကို စေ့စေ့ငငလည်း မသိနိုင်သေး၍ အတိအကျ မစီစဉ်သာ။ အကြမ်းဖျင်းမျှသာ စိတ်ကူးထားရပါသည် ။

ကိုမိုးညဏ် ဆက်သွယ်ပေးမည် ဆိုသော အမျိုးသမီးနှင့်တော့ မနေ့ကမှ စကားပြောဆိုကြရသည် ။ ငြိမ်း သူ့ကို မှာကြားထားသလိုပင် မြိုင်သာယာသူဆိုတာ တစ်ဖက်ကို အသိပေးမထား။ စာလာရေးမည်၊ ရွာအချို့ထံ သွားလိုသည် ၊ ယခင် အဖြစ်အပျက်ဟောင်းအချို့ကို လေ့လာလိုသည် ဟု သာ ပြောပြထားပေသည် ။ မှူခင်းဟု ပင် ဆိုမထားချေ။ နှုတ်လုံမှုအတွက် သူ့ကို ငြိမ်း ကျေး ဇူးတင်ရပါသည် ။

ငြိမ်း၏ လမ်းညွှန်သူ ဖြစ်လာမည့် အမျိုးသမီးအမည်မှာ မသန္တာခိုင် ခေါ်ပါသတဲ့ ။ အသက် ၃၀ ဟု ဆိုသည် ။ မြိုင်သာယာသူမဟုတ်။ မြစ်ကြီးနားသူ။ အိမ်ထောင်ကျပြီးခါမှ မြိုင်သာယာ ရောက်လာသူ။ မြို့နေသက်အားဖြင့် ၁၀ နှစ်ပင် မပြည့်သေးပါဆိုတော့ ငြိမ်း ကျိတ်ဝမ်းသာရသည် ။

သည် ပုံအတိုင်းဆို ငြိမ်းဘက်က လိုတာထက်ပို၍ ဖုံးဖိ လျှို့ဝှက်စရာ လိုမည်မဟုတ်။ စ

အားပြောရိုးရှင်းပုံကိုလည်း ဖုန်း နှစ်ကြိမ်၊ သုံးကြိမ် ပြောရုံနှင့်ပင် ရိပ်မိကျေနပ်ရပါသည်။

ခရီးအတူ သွားရင်းနှင့်တော့ ငြိမ်း မေးမြန်းပြောဆိုသမျှကို သိကြားနေမည်ဖြစ်၍ အခြေခံအကြောင်းအရာကို တစ်ရက် နှစ်ရက်မျှနှင့်ပင် ရိပ်မိလိမ့်မည်။ သို့သော် ကိစ္စမရှိ။ မှူခင်းတစ်ခုနောက် လိုက်နေသည် ဆိုတာတော့ သူ စိတ်ဝင်စားလည်း စိတ်ဝင်စားပါစေပေါ့။ သည့်ထက် ပြောပြဖို့ ရာတော့ စိတ်မကူးပါ။ တစ်နည်းအားဖြင့် ငြိမ်းသည် ထိုမှူခင်း၏ ကာယကံရှင်တစ်ဦးဖြစ်ကြောင်း ဘယ်လိုနည်းနှင့်မျှ သူ့ကို ဖွင့်ပြောမည် မဟုတ်ပါ။

မတတ်သာ၍ တစ်ဖက်က ရိပ်မိသွားလျှင်တော့ မီးစဉ်ကြည့်ကရပေလိမ့်မည်။

'သင်္ကြန်ပြီးတာနဲ့ ငြိမ်း ထွက်လာပါ့မယ် မသန္တာ၊ ဒီကနေ့ မန္တလေးကိုကားနဲ့ သွားပြီး မန္တလေးကနေမှ မင်းကုန်းကား ပြောင်းစီးလာမယ်လေ၊ မန္တလေးကနေ ထွက်လာရင်တော့ ငြိမ်း ဖုန်းဆက်မယ်'

'မန္တလေးကားတွေက မင်းကုန်းကိုရောက်ရင်လည်း ခပ်စောစောပဲ၊ မြို့ငသာယာကိုလည်း မနက်အစောကြီး ရောက်တာပဲ၊ တစ်ယောက်တော့ လာကြိုခိုင်းရမယ်၊ အဲဒီလိုမှ မဟုတ်ရင် ဆိုင်ကယ်တက္ကစီတွေ ဝိုင်းနေတာနဲ့ ခင်ငြိမ်းချမ်း အဆင်ပြေမှာ မဟုတ်ဘူး '

'ဟုတ်၊ အဆင်ပြေသလို စီစဉ်ပေးပါ အစ်မရယ်၊ ကျေးဇူးပါ'

'ရပါတယ် ခင်ငြိမ်းချမ်းရဲ့ ၊ ပြီးတော့ နေဖို့ အစ်မ ဘယ်လို စီစဉ်ပေးရမလဲ'

'တည်းခိုခန်း နည်းနည်းကောင်းတာ ငှား ပေးပါ အစ်မရယ်'

'တည်းခိုခန်းတွေ ဘာတွေ မတည်းဘဲ အစ်မတို့ အိမ်ပဲ တည်းပါလား၊ တစ်ခုခု လိုအပ်တဲ့ အခါကျတော့ အစ်မတို့ နဲ့ လှမ်းနေမှာ စိုးလို့ ၊ ပြီးတော့ တည်းခိုခန်းမှာ ခင်ငြိမ်းချမ်း တစ်ယောက်တည်း ဖြစ်ပါ့မလားလို့ နော့'

ငြိမ်းသည် နှုတ်ခမ်းကို ဖိကိုက်ကာ ခဏမျှ ငြိမ်နေပါသည် ။ သူစိမ်းအိမ်မှာ နေရတာထက် သီးခြားနေရာတစ်ခုမှာ သာစိတ်လွတ်ကိုယ်လွတ် နေချင်သည် ။ တစ်ယောက်တည်း နေမှသာ စိတ်ကို ရှင်းရှင်းဖွင့်ကာ တွေးချင်ရာ တွေးနိုင်မည်။ စီရင်ချက်များ ရှေ့ချကာ အလုပ်ရှုပ်မည် ဆိုလျှင်လည်း ဘယ်သူ့မှ ငဲ့ကြည့် စိုးရိမ်ရန်မလို။

'တည်းခိုခန်းပဲ ငှားပေးပါ အစ်မ၊ ငြိမ်း နေတတ်မှာ ပါ'

'နေတတ်မှာ ပါ' ဆိုသော စကားမှာ အမှန်သာတည်း။ ငြိမ်းသည် အိမ်မဟုတ်သော ခရီးလမ်းတစ်လျှောက် နေရေးစားရေးမှာ အထူးတလည်အာရုံ ထားတတ်သူမဟုတ်။ အဆင်ပြေသလို ကြည့်နေ၊ ကြည့်စားလိုက်မည်ဆိုသော စိတ်ကို ခရီးသွားရာမှာ မွေးမြူထားတတ်သည် ။ စောင်ပါးတစ်ထည်၊ ခေါင်းအုံးအသေးတစ်ခုပင် အပိုယူသေးတာမို့ ကျောတစ်ခင်းစာရလည်း ဖြစ်သလို နေတတ် အိပ်တတ်ပါသည် ။

တစ်ခုတည်းသော ငြိမ်း၏ မက်မောရာမှာ စိတ်နှလုံး လွတ်လပ်ခြင်းပါပဲ။ စိတ်လွတ်လပ်သမျှ ဘယ်အရပ်၊ ဘယ်နေရာမျိုးမှာ မဆို လူ

ကာ နေပျော်မည်။ သည် လိုသာ အပြည့်အဝ ယုံကြည်ပါသည် ။

ငြိမ်းသည် မှတ်စုစာအုပ်ကို ပိတ်ရန် ပြင်သော်လည်း ချက်ချင်းမပိတ်ဖြစ်။ တစ်ခဏမျှ တွေဝေကာ ငြိမ်နေသည် ။ တစ်ခု ကျန်သေးသည် ။ စီရင်ချက်ထဲက ချရေးပြီးသမျှ အမည်များ၏ နေရပ်ကို အနီးစပ်ဆုံး အဖြေရှာရာမှ တစ်ယောက်တော့ ကျန်နေသေးသလိုလို။

ဩော် ... ဒေါ်လှကြိုင်။ ဒေါ်လှကြိုင် နေတာ ဘယ်ရွာပါလိမ့်။

ငြိမ်းသည် စိတ်ပျက်လက်ပျက်နှင့် သက်ပြင်းချလိုက်ပေသည် ။

စောစောတုန်းက ကြီးကြီး အရှိန်ရနေတုန်း 'အဖေ့ဘက်က သက်သေကကော' လို့ စကားဆက်လိုက်ရ အကောင်းသား။

ခုမှ တော့ ဘယ်လိုက ဘယ်လိုစကား ထပ်ဖန် စရမည်နည်း။ ကြာလျှင် ကြီးကြီး သံသယဝင်လာတော့မည်။ 'ဟဲ့ မောင်ပြေ၊ နင့်သမီးကလေ' ဟု အစချီကာ ငြိမ်း စပ်စုနေကြောင်း စကားစလိုက်ရင် မခက်ပါလား။

ခုတစ်လောတော့ အဖေ ဒေါသမာန် ထမည် မဟုတ်ပါ။ ဒါတော့ ငြိမ်း ယုံပါသည် ။ သို့သော် စိတ်မကောင်း ဖြစ်လိမ့်မည်။ ဒေါသထွက်ပုံကို မထိတ်လန့်တတ်တော့သလောက် အရေထူနေသော ငြိမ်းသည် အဖေ့မျက်ဝန်းများ နာကျင်ရိပ်နှင့် မှိုင်းသွားပုံကိုတော့ မကြည့်ရက်၊ မမြင်ရက်ပါချေ။

"အင်း ..ဘယ်သူ့ မေးရပ့ါ" ဟု အသံများ ထွက်၍ ပင် ရေရွတ်ကာ အိပ်ရာပေါ် လှဲချလိုက်သည် ။ ပန်းနုရောင် ခြင်ထောင်မိုးကို ငေးနေ

သည်။

ငြိမ်းသည် ခဏမျှကြာလျှင် မျက်နှာတစ်ခုကို ဖျတ်ခနဲ မြင်ယောင်ကာ ဝေါင်ခနဲ ထထိုင်လိုက်သည်။ မှတ်စုစာအုပ် ဘေးတါင် ချထားသော ဖုန်းကို ကောက်ယူကာ တစ်ခုသော နာမည်ကို ခပ်သွက်သွက် ရှာရသည်။ ဟော ... တွေ့ပြီ။

တစ်ဖက်က ဝမ်းသာအားရ လေးလေးပင်ပင်နှင့် 'ဟယ်လို' ဟု အရယ်စွက်ကာ ထူးလိုက်သံကို ကြားလျှင်တော့ ငြိမ်းသည် ရှေ့ဆက်ပြောရမည့် စကားလုံးများကို စိတ်နှင့် စီနှင့်ကာ 'နေကောင်းလား ဒေါ်ဒေါ်ချို' ဟု နှုတ်ဆက်လိုက်ပါသည်။

***

ဧပြီလဆန်းပိုင်း ရက်များ သည် အမ်ဖွင်တစ်ကိုယ်တည်းသာ သိသောခရီးအတွက် ကိုတ်စီစဉ်ခြင်းနှင့်ပင် တရွေ့ရွေ့ ကုန်လွန်ခဲ့ပေသည်။ သယ်နေကျ ခရီးဆောင်အိတ်က အလတ်စားအရွယ်မို့ တစ်အိတ်သာယူရန် ပြင်သည်။ မြိုင်သာယာသည် ငြိမ်း မှတ်မိသမျှတော့ ရာသီဥတု သင့်တင့်မျှတရာ အရပ်။ ဧပြီလကုန်အထိ အေးအေးမြမြ ရှိတတ်သည်။ နွေသည် မပီပြင်လှ။

ခုတော့ ရာသီ ပူနွေးခဲ့ပြီတဲ့။ တရုတ်နယ်စပ်နှင့် နီးစပ်ရာမို့ သစ်တောပြုန်းတာက ပိုမြန်ခဲ့လေသလား။ ရာသီပူနွေးပြီဆိုတာ တစ်ခုနှင့်ပင် ပေါ့ပေါ့ပါးပါးရှိသည့် ချည်ထည်အင်္ကျီများသာ ဦးစားပေး ထည့်ဖြစ်သည်။ နောက်လက်ရှည်အပေါ် လိုရမည်ရ နှစ်ထည်။

ချည်လုံချည်များ ၊ ချည်သားဘောင်းဘီရှည်များ ။ ညဝတ်နှင့် အခြားအဝတ်အထည်၊ အသုံးအဆောင်များ ။ အိမ်သုံးဆေးဝါးကတော့ ခေါင်းကိုက် ဖျားနာလျှင် သုံးစွဲနေကျ ဆေးနှစ်မျိုးလောက် ဆောင်ရသည် ။

ပိုအရေးကြီးတာကတော့ ငွေရေးကြေးရေးဖြစ်သည် ။ ဟိုမှာ ဘယ်လောက် ကြာမည်၊ ငွေကုန်ပေါက်က ဘယ်လို ဘယ်လို ပေါ်လာမည်ငြိမ်း မသိပါ။ ငွေသား များများ စားစားလည်း လမ်းခရီးမှာ မသယ်ရဲ။ ဘဏ်စာအုပ်သာ ထည့်ရသည် ။ မြို့သာယာမှာ ပုဂ္ဂလိကဘဏ်ရှိ၊ မရှိ ငြိမ်း အသေအချာ မသိ။ တစ်ခုခု ဆိုရင်တော့ အနီးဆုံး ခရိုင်မြို့ မင်းကုန်းဆီ ပြေးတာပေါ့။

ငြိမ်းသည် စီရင်ချက်များကိုတော့ ခရီးဆောင်အိတ်၏ အတွင်းအိတ်မှာ ထည့်လိုက်သည် ။ လိုအပ်သည့်အချက်များကို မှတ်စုစာအုပ်ထဲ အသင့်ကူးထည့်ထားခဲ့ပြီ။ လိုမှ သာ စီရင်ချက်များကို ပြန်ကြည့်ရမည်။ တကယ့်တကယ်တော့လည်း ပြန်ကြည့်စရာ လိုလောက်မည် မဟုတ်ပါ။ အကြောင်းအရာတိုင်းသည် ငြိမ်း၏ ခေါင်းထဲ၊ နှလုံးထဲ တစ်သက်စာ စွဲသည့်သံမှိုနှင့် ရိုက်လိုက်သည့်ပမာ မြဲမြဲလှပေသည် ။

သကြံန် စလျှင်ပင် ငြိမ်းသည် ခရီးဆောင်အိတ်ကို ဇစ်ပိတ်ကာ ခုတင်ခြေရင်း မှန်တင်ခုံအနီးတွင် ကပ်ထောင်ကာ အဆင်သင့် ဖြစ်၍ နေသည် ။ နှစ်စဉ်ပြုမြဲလိုပင် သကြံန်ဆိုလျှင် လုံးလုံးလျားလျား အနားယူသည် ။ စာဖတ်တာ၊ ရုပ်ရှင်ကြည့်ကာနှင့် နားနေရခြင်းကို သကြံန်

လည်ပတ်ရခြင်းထက် ငြိမ်း ပိုမက်ပါသည် ။

ကြီးကြီးကတော့ နှစ်စဉ်လိုပင် ခုနှစ်ရက် တရားစခန်း ဝင်သည် ။ ကြီးကြီးကိုယ်စား အဖေ့ဝေယျာဝစ္စတို့ ကို ငြိမ်း တာဝန်ယူထားရပါသည် ။ မီးဖိုချောင်မှာ တော့ ကြီးကြီး ရှိစဉ်က လို ဟင်းလျာတို့ သည် ဖွယ်ဖွယ်ရာရာ မရှိ။ ပြီးတော့ အရသာလည်း မရှိလှပေ။ သို့သော် အဖေသည် ငြိမ်း ပြင်ဆင်ချက်ပြုတ်ပေးသည့်အတိုင်း မည်းမည်ု စားသောက်မြဲပါပဲ။

နွေလယ်နွေခင်း အားလပ်လျှင်တော့ ငြိမ်းသည် ပြုမြဲလိုပင် အခန်းထဲ ဆိတ်ဆိတ်နေကာ၊ အိပ်ရာထက် လဲလျောင်းကာ အတွေးနှင့် ခြေဆန့်သည် ။ အတွေးနှင့်ပင် မြိုင်သာယာ ရောက်သည် ။ မြိုင်သာယာ ဆိပ်ကမ်းမှာ ရပ်သည် ။ ကုက္ကိုပင်၏ အရိပ်မှာ ။ ရှစ်နှစ်အရွယ်ကလေးမလေး ငြိမ်းတစ်ယောက် စက်လှေ[illegible]ယ် ခုန်ဆွခုန်ဆွ ဖြစ်နေပုံကို စီးမိုးငုံ့ကြည့်နေသည် ။ နှုတ်ခမ်းတို့ သည် မပြုံးတုံ့ ပြုံးတုံ့။

စိတ်ကူးနှင့် ခရီးဆန်တော့လည်း ဘာမဆိုလွယ်လှသည် ။ သစ်စုကိုလည်း အလွယ်ပင်ရောက်သည် ။ ဦးဘမင်း၊ ဦးထွန်းသာတို့ နှင့်တွေ့သည် ။ ပြီးတော့ သူတို့ ထံမှ ဝန်ခံစကားကြားရသည် ။ နောက်တော့ စိတ်သည် တာရာသင်တန်းကျောင်းသို့ ရောက်သည် ။ အဖြစ်မှန်ကို ငြိမ်း သက်သေပြနိုင်ပြီဖြစ်၍ မကြည်ပြာ တောင်းပန်စကားဆိုရန်။ အပြစ်ဒဏ်သင့်ခဲ့ဖူးသော၊ ခုတော့ စိတ်ဒဏ်ရာကို ပိုက်ထားရသော အဖေ့ကို တောင်းပန်စကား ဆိုရန်။ သည် တစ်ခုပါပဲ။ ကျန်တာ ဘာမှ မလို။ ရန်ကို ရန်ချင်း မတုံ့နှင်းလို။

မကွယ်လွန်မီအထိ ကျင်လည်နေထိုင်ရသော ကမ္ဘာသစ်မှာ လိပ်ပြာလုံလုံနှင့် အဖေ နေသွားစေ့ချင်သည် ။ အင်း .... ငြိမ်းလည်း နေသွားချင်သည် ။ တစ်ယောက်ကအစ တစ်ရာဆိုသလို ဟိုကသိ ဒီကသိ အဖြစ်မျိုးနှင့် အဖေ့ကို မနေစေချင်။ ငြိမ်းလည်း မနေချင်ပါ။

ကျီးလန့်စာစား အသက်ရှင်နေရခြင်းသည် ရုပ်ရှင်ထဲမှာ သာ သည်းထိတ်ရင်ဖိုနှင့် အင်မတန် ကြည့်ကောင်းသည် ။ ပြင်ပမှာ တော့ မောလှပေသည် ။

ငြိမ်း၏ စိတ်ကူးသည် ဝါဂွမ်းနှင့် ပေါ့ပါးလွင့်မျောကာ အတော်ပင် ခရီးရောက်ခဲ့ပြီ။ ပြင်ပမှာ တော့ နေ့ရက်များအား လက်ချိုးရေရဆဲ။

သင်္ကြန်ပြီးတော့ အိမ်မှာ လူစုံပြီ။ ကြီးကြီး၏ အတွေ့အကြုံ ရှင်းလင်းသံ၊ မီးဖိုချောင်မှာ ထုံးစံအတိုင်း စီမံချက်ပြုတ်သံနှင့်ပင် အိမ်မှာ အသက်ဝင်လာပြန်ပေသည် ။

သင်္ကြန်ကာလသည် ငြိမ်းအပါအဝင် လူအတော်များများ အတွက် အိပ်မက်ကို ခဏပိုင်ရသည့် အချိန်အခါ။ မိမိ စိတ်ကူးကို စိတ်ကြိုက်ဖန်တီးကာ ဖြတ်သန်းရသည့်ကာလ။ ဟော ... သင်္ကြန်ပြီးလျှင်တော့ ပြင်ပကမ္ဘာ တကယ့်ဘဝက စောင့်ကြိုနေပြီ။ သင်္ကြန်တွင်းက ဖန်တီးရှင်သန်ခဲ့သောဘဝနှင့် တကယ့်ဘဝက ခြားနားခဲ့ပြီ။

ငြိမ်းသည် လည်း သင်္ကြန်ပြီးသည် နှင့် ဘဝအစစ် ဖြစ်သော ခရီးသွားရန် အရေးကိစ္စဆီ စိတ်နှင့် မဟုတ်မှုဘဲ လှုပ်ရှားမှုများ ဖြင့် အစပြုရပါသည် ။ ခရီးဆောင်အိတ်ကို ပြန်စစ်ရသည် ။ လိုအပ်သေးသော ပစ္စည်းတို့ ဖြည့်ရသည်

အိမ်က ထွက်မည့် တစ်နေ့မှာ တော့ ထုံးစံအတိုင်းပင် ကြီးကြီးနှင့် အဖေ့ကို ငြိမ်း ကန်တော့သည်။ ဧည့်ခန်းမှာ ပင်။

ငြိမ်းသည် ဦးသုံးကြိမ်ချ ကန်တော့ရင်း ရင်၌ လှိုက်ကာ ဆို့နေပါသည်။ မျက်လုံးတို့ ကို မှိတ်မြဲလို မှိတ်ကာ ပြန်ဖွင့်လိုက်လျှင်ပင် မျက်ရည်ကျတော့မလို စိုးထိတ်နေသည် ။ မျက်ရည်ကျ၍ မဖြစ်။ ဘယ်နည်းနှင့်မျှ မဖြစ်ပါ။

ခုချိန်အထိ လူကြီးသူမတို့ သည် ငြိမ်းအပေါ် သံသယ ရှင်းမြဲ။ မျက်ရည်ကျလျှင်တော့ ယခင့်ယခင် ခရီးသွားတိုင်း ရွှင်နေတတ်သော ရုပ်သွင်နှင့် ကွာလှပုံကို အံ့အားသင့်ကြလိမ့်မည်။ နောက် သံသယဝင်လိမ့်မည်။ အထူးသဖြင့် ကြီးကြီးထက် အတွေးများ သော အဖေက ဦးစွာ ရိပ်မိပါလိမ့်မည်။

ငြိမ်းသည် စိတ်ကို အဆုံးစွန်အထိ သံပတ်ပတ်ထားရသည် ။ ကြီးကြီး၏ ဆုပေးသံကျယ်ကျယ်၊ အဖေ့ ဆုပေးသံ မတိုးမကျယ်ကို မျက်လုံးစေ့ပိတ်ငြိမ်သက်ကာ လက်အုပ်ချီမိုးလျက် နားစိုက်နေပါသည် ။

ကြီးကြီး၏ ဆုပေးသံ ဆုံးလျှင် အဖေ့အသံမှာ ကျန်ရစ်ဆဲ။ အဖေသည် ပထမဆုံးအကြိမ်အဖြစ် ဆုပေးစကားကို ခပ်ရှည်ရှည် ဆိုနေသည် ။

'ငါ့သမီး လမ်းခရီးတစ်လျှောက် ဘေးရန်ကင်းရှင်းပါစေ' ဆိုကာ အဖေ အဆုံးသတ်သည် ။

ငြိမ်းသည် မျက်လုံးအစုံကို ဖွင့်ကာ ပြုံးကာ 'ပေးတဲ့ ဆုနဲ့ ပြည့်ပါစေ' ဟု နှုတ်မှ ဆိုနေကျလို့ ဆိုလိုက်သည် ။ အတွင်းစိတ်ကမူ 'အမှန်တ

ရားလည်း ပေါပေါက်ပါစေ' ဟု လိုက်လှဲခြင်းနှ
င့် ထပ်တိုးဖြည့်စွက် လိုက်လေသည်။

***

ငြိမ်း လိုက်ပါလာသော ဆိုင်ကယ်သည် တ
ည်းခိုခန်းရှိရာ လမ်းသွယ်ဘက်မှ လမ်းမကြီး
ပေါ်သို့ ချိုးကွေ့လိုက်ပါသည်။ တည်းခိုခန်းမှ
မထွက်မီကပင် အရှိန်မပြင်းဖို့ မှာ
ထားသောကြောင့် ဆိုင်ကယ်မှာ မနှေးမမြန်။
တရိပ်ရိပ်။ ငြိမ်းသည် ဆိုင်ကယ်မစီးတတ်ရုံမ
က နောက်က ထိုင်လိုက်ကျင့်ပင်မရှိပါ။
အရှိန်ပြင်းရင်ဖြင့် ခက်ရချေရဲ့။ ဆိုင်ကယ်စီး
ဦးထုပ်ကို သတိဝိရိယဖြင့် ကယ်ရီကောင်လေး
ထံက တောင်းကာ ဆောင်းထားရပါသည်။

တည်းခိုခန်းက ဝန်ထမ်းတို့ သည် ငြိမ်း၏
နောက်ကျောကို စူးစမ်းလိုစိတ်ဖြင့် ငေးမော

ကာ ကျန်ရစ်ခဲ့ပေလိမ့်မည်။

ပြည်နယ်တွင်း၊ ခရိုင်တွင်းမှာ ပင် တစ်မြို့နှင့် တစ်မြို့ ကူးချည်သန်းချည် ကုန်ရောင်းကုန်ဝယ် လုပ်ကြကုန်သော ဒေသခံတို့ မှ အပ သူစိမ်းဧည့်သည် လာခဲလှသည့် မြို့ကလေးကို ရောက်လာသော ငြိမ်းသည် သူတို့ အမြင်မှာ ဒေသခံအသွင်လုံးလုံး မရှိကြောင်း သိသာနေမည်။ 'အောက်သူ' ဟု သူတို့ အလွယ်ခေါ်သောမြို့ကြီးသူ သူစိမ်း ဧည့်သည် ။ အခန်းငှားပေးထားသူ အမျိုးသမီးကတော့ 'လိုအပ်တာရှိရင် ကူညီလိုက်ပါဦး' မှာ ထားပါရဲ့ ။ သို့သော် တစ်နေ့ခင်းလုံးပင် အခန်းထဲက မထွက်။ အစားအသောက်ပင် အဝယ်မခိုင်း။

ဟော ...ညနေပိုင်း နေနည်းနည်း ကျတာနှင့် တစ်ကြိမ်ပင် ရောက်ဖူးပုံမရသော မြို့ထဲသို့ ထွက်ရန် ပြင်တော့သည် ။ ဆိုင်ကယ် ငှားခိုင်းတော့သည် ။ ဘယ်သွားမည်နည်း။ သွားရအောင် လမ်းရော သိသလား။ သူတို့ တွေးကြလိမ့်မည်။ တွေးနေကြကြောင်းကိုလည်း တည်းခိုခန်းဧည့်ခန်းက အဖြတ် ဆိုင်ကယ်ကယ်ရီပေါ်အတက် အမှတ်မထင် ငဲ့ကြည့်စဉ်မှာ ရိုးတိုးရိပ်တိတ် မြင်ရပေသည် ။

ငြိမ်းသည် နောက်ခုံအစွန်းက လက်ကိုင်ကို တင်းတင်းဆုပ်ထားသည် ။ ဆိုင်ကယ်ဦးထုပ်ရှေ့မှန်ကို ပင့်တင်ကာ မြင်ကွင်းတို့ ကို ငေးလာသည် ။

လွန်ခဲ့သော ၁၆ နှစ်က မြင်ကွင်းတို့ ကို ငြိမ်း ရေးရေးပင် မမှတ်မိတော့ပြီ။ အပြောင်းပြီး ပြောင်းခဲ့သလား၊ နဂိုအတိုင်းပဲလား မသေချာ။ ဒေသစာ ခေါက်ဆွဲဆိုင်များ ၊

လက်ဖက်ရည်ဆိုင်၊ သစ်သီးဆိုင်တန်း၊ အထည်ဆိုင်၊ လူသုံးကုန်ဆိုင်။ ဆိုက်ကား သုံး၊ လေးစီး။ ဟော ..ဟိုမှာ သုံးဘီးတွေ။ ကားတော့ အတွေ့ရကျဲသည် ။ ကားဟု ဆိုရမည်လား မရေရာသော သစ်သားနှင့် သံကိုယ်ထည် စပ်ထားသည့် ယဉ်တစ်စီး၊ နှစ်စီးလည်း တွေ့ရသေးသည် ။ ရွာများ ဘက်သို့ ခရီးနှင်သည့်ယာဉ်ဖြစ်ပါလိမ့်မည်။

မြိုင်သာယာသည် သည် နယ်အတွင်းက မြို့နယ်များ လိုပင် တစ်ကျော့ပြန် ပြည်တွင်းစစ်၏ ဒဏ်ကို အထိုက်အလျောက် ခံခဲ့ရသည် ၊ ကုန်ရောင်းကုန်ဝယ်တန့်ခဲ့ရသည် တဲ့ ။ ခုထိလည်း ပျပျသာ ထင်သော ငြိမ်းချမ်းရေးအလင်းတိုင်အောက်ဝယ် မြိုင်သာယာသည် မှိုင်မှိုင်ဝေဝေ ရပ်ဆဲ ဖြစ်လေသည် ။

ကမ်းနားလမ်းသို့ ဆိုင်ကယ် ချိုးကွေ့လိုက်လျှင် လှပ်ကနဲ ခုန်သောရင်နှင့် မမြင်ရသော နှစ်များ စွာကြာသော၊ အိပ်မက်မှာ ပင် တမ်းတရသော ဆိပ်ကမ်းကို တမေ့တမြော ငေးမိပေသည် ။ ဧရာဝတီသည် တငြိမ့်ငြိမ့်စီးလျက်။ အဝေးမှာ တော့ သောင်ခုံတန်းများ ။ ကုက္ကိုပင်တို့သည် စိမ်းညို့ရိပ်ဆိုင်းသော အသွင်ဖြင့် လေတွင် အကိုင်းအခက်တို့ ငေ့ကာ ယမ်းကာ ငြိမ်းအား နှုတ်ဆက်နေသလိုတည်း။ လက်ကျန် ပန်းနုရောင် အပွင့်ငယ်လေးများကတော့ ရွက်စိမ်းများ အကြားဝယ် တအိအိ မြုပ်ချည် ပေါ်ချည်။

ကမ်းအောက်ဘက်ဆီတော့ လှမ်းမြင်ရ။ စက်လှေများ ဟိုယခင်လို အထပ်ထပ် ဆိုက်ကပ်ထားဆဲလား။ စက်လှေပေါ်က ကလေးမ

လေး၏ အရိပ်ကိုမြင်ရဦးမလား။ အင်းလေ .... အပြန်ကျမှ ပဲ ဆိုင်ကယ် ခဏရပ်နိုင်းပြီး အလွမ်းပြေ ကြည့်တာပေါ့။

နဂိုတုန်းကတော့ မြိုင်သာယာ ရောက်ရောက်ချင်း ဘာလုပ်မည် ဆိုတာ ငြိမ်းမှာ တကျသော အစီအစဉ်မရှိ။ သို့သော်လည်း နေ့လယ်ခင်း အိပ်ရာကနိုးလျှင်နိုးချင်း နေရာတစ်ခု၏ အမည်က ခေါင်းထဲ တန်းခနဲလို တိုးဝှေ့ရောက်လာတော့သည် ။ သွားရမလား။ မသွားရဘူးလား တစ်ခဏ တွေဝေသည် ။

ခဏချင်းမှာ ပင် တွေဝေစိတ်ကို သွားလိုစိတ်က အလဲထိုး အနိုင်ယူလိုက်တော့သည် ။ ခုတော့ ထိုနေရာဆီ ငြိမ်း ဦးတည်နေပြီ။

***

မနက်တုန်းဆီကတော့ မြိုင်သာယာကို မြေချလျှင် ငြိမ်း၏ ရင်၌ ဝမ်းနည်းဝမ်းသာ ခံစားမှုကို ရုတ်ခြည်း ပိုက်မိပေသည် ။ ၁၆ နှစ်မျှ ဝေးကွာခဲ့သော မိခင်မြေကို ပိုင်ပိုင်နိုင်နိုင် ရောက်လာခဲ့ရ၍ ဝမ်းမြောက်ခြင်း။ တစ်ဖက်မှာ တော့ ကောင်းသောလာခြင်း မဟုတ်၍ ဝမ်းနည်းနာကျင်ခြင်း။

ငြိမ်းသည် ကောင်းစွာ မလင်းကျင်းသေးသော ပတ်ဝန်းကျင်ကို ဟိုဟိုဒီဒီ ဝေ့ဝဲကြည့်မိပါသည် ။ နှစ်ထပ်အိမ်အိုများ ၊ တိုက်တာအချို့။မြွေလိမ် မြွေကောက် လမ်းသွယ်များ ။ ဆည်လည်း သံတချွင်ချွင်နှင့် ဘုရားစေတီများ ။

ငြိမ်း လိုက်ပါစီးနင်းလာသောကားသည် လမ်းသွယ်ကလေး၏ ထိပ်မှာ ဆိုက်ရပ်ထားသည်

။ ခရီးသည် တို့ သည် အထုပ်အပိုးတို့ ကို ဆွဲ ကာ အချင်းချင်း ခေါင်ငင်ကာ ကားပေါ်က တိုး ဝှေ့ဆင်းနေကြသည် ။ ငြိမ်းသည် သူတို့ နှင့် ရောထွေး၍ ဆင်းလာကာ လူသူတို့ မရှုပ်သော နေရာလွတ်မှာ ရပ်နေမိပါသည် ။ နောက်တော့ လိုက်ဟာသောခံစားမှုကို အမှတ်မထင် ပိုက်မိပြီမို့ လူသူအပေါင်း၏ ကျွတ်ကျွတ်ညံခြင်းကိုပင် မေ့ရလေသည် ။

ဆိုင်ကယ်ကယ်ရီ၊ သုံးဘီးတို့ ကမ်းလှမ်းခြင်းကို ခေါင်းမခါ၊ ခေါင်းမညိတ်မိ။ အိပ်ရေးမဝခြင်း၊ ကြမ်းသော လမ်းဝယ် ပန်းခဲ့ခြင်းတို့ နှင့် အပြိုင်လိုက်ကျင်ခြင်းက ငြိမ်းကို ဖိစီးထားသည် ။ လူသည် ငူငိုင်ငိုင်။

'ခင်ငြိမ်းချမ်းလား ဟင်' ဟု အမျိုးသမီးတစ်ဦး အနီးသို့ တိုးကပ်လာတော့မှ ရုတ်ခြည်း အ သိဝင်ပါသည် ။ မသန္တာခိုင် ...။

လူမမြင်ဖူးသေးသော်လည်း အသံကို ကျက်မိသူ၊ သည် မြေမှာ ငြိမ်းကို သိကျွမ်းသည့် တစ်ဦးတည်းသောသူမို့ တွေ့လျှင်တွေ့ချင်း မသန္တာခိုင်ပါပဲဟု ငြိမ်း အတပ်တွေးမိသည် ။ စကားအပြောအဆို ရိုးရှင်းခဲ့သလို မလင်းလှသေးသောအမြင်မှာ ပင် ရိုးသားပုံအပြည့်အဝ ရှိသည့် မျက်နှာရိပ်က ငြိမ်း၏ စိတ်ကို ကြည်လင်စေသည် ။ နှစ်လိုလှစွာ နှုတ်ဆက် ပြုံးရယ်မိပါသည် ။

မသန္တာခိုင်သည် ငြိမ်းအား ဆိုင်ကယ်နှစ်စီးနှင့် အကြိုလာပေသည် ။ တစ်စီးကို သူကိုယ်တိုင် စီး လာပြီး နောက်တစ်စီးကိုတော့ မောင်ငယ် စီးလာပါသတဲ့ ။ ငြိမ်းနှင့် မတိမ်းတယိမ်း ဖြစ်မည့် လူငယ်သည် မသန္တာခိုင်၏ နောက်

ကျောတွင် ရပ်ကာ ငြိမ်းထံ မဝံ့မရဲ ရှုးစမ်းနေသည် ။

"ပစ္စည်းတွေ ပါသေးတယ် မဟုတ်လား" ဟု မသန္တာခိုင် ဆိုတော့မှ ခရီးဆောင်အိတ်တစ်လုံး ထုတ်ယူရန် ကျန်သေးတာ သတိရသည် ။ လက်မှာ ကိုင်ဆွဲထားသော အစားအသောက် အိတ်ကို မသန္တာခိုင်ထံ အပ်သည် ။ လူများ အုံထိုးရာ နေရာဆီ တိုးကပ်ကာ အညိုရောင်အိတ်ကို လက်ညှိုးညွှန်ရသည် ။

မသန္တာခိုင်၏ မောင်သည် ငြိမ်းအတန်တန် တားသည့်ကြားက ခရီးဆောင်အိတ်ကို အားနာစဖွယ် လက်ပြောင်းယူလိုက်ပေသည် ။

"ကိုဘုန်းက အိတ်တင်ခဲ့၊ မခိုင် ခင်ငြိမ်းချမ်းကို တင်ခဲ့မယ်၊ ရွှေရောကို မောင်းနော်' ဟု မသန္တာခိုင်က စီမံနေသည် ။

လမ်းသွယ် သုံးခုမျှ ဖြတ်ပြီးသော် ဟာည်းမိုခန်းသို့ ရောက်လာသည် ။ တည်းခိုခန်းသည် နှစ်ထပ် အဆောက်အအုံမျှသာ။ ဝင်းအပြည့် အိမ်အပြည့် ဆောက်ထားသော နှစ်ထပ်တိုက် ဖြစ်ပါသည် ။ ငြိမ်း ရသော အခန်းကတော့ အပေါ်ထပ်မှာ ပင်။ 'အခန်း ညံ့မှာ စိုးတယ်' ဟု မသန္တာခိုင် အတန်တန် ပူပန်ခဲ့သော်လည်း အမြင်မှာ တော့ ငြိမ်း ထင်ထားသလောက် မဆိုးပါပေ။

တစ်ယောက်အိပ်ခုတင်နှင့် ၊ စားပွဲငယ်နှင့် ကုလားထိုင်နှင့်။ ပြီးတော့ လေအေးပေးစက်ပါသည် ။ ကောင်း၊ မကောင်းတော့ မသေချာ။ ခုတင်ခြေရင်းမှာ တီဗွီနှင့်၊ ရေခဲသေတ္တာငယ်တော့ မပါ။ ထားတော့ .... ငြိမ်းက ဘယ်လိုဖြစ်ဖြစ် နေတတ်မည့်သူ။ ရေချိုးခန်း အိမ်သာ သ

ပ်ရပ်ခြင်းကိုပင် ဝမ်းသာနေပါသည် ။

"အခုတော့ နားပေါ့ကွယ်၊ နေ့ခင်းတို့ ညနေတို့ ကျတော့ ဘာလုပ်ချင်သလဲ၊ မခိုင် လာခဲ့ရဦးမလား"

'ရတယ် မခိုင်၊ မနက်ဖြန်ကျတော့မှ ငြိမ်းတို့ တွေ့တာပေါ့'

"အစားသောက်ကတော့ မြို့ကြီးတွေက ဟိုတယ်တွေမှာ လို မှာ စားလို့ မရဘူးပေါ့ကွယ်၊ ဒါပေမဲ့ ကောင်လေးတွေ ခေါ်ပြီး ဝယ်ခိုင်းလို့ ရတယ်၊ ဒီနားမှာ ထမင်းဆိုင်ရှိတယ်၊ ခေါက်ဆွဲဆိုင် ရှိတယ်၊ စားချင်တာ ဝယ်ခိုင်းပေါ့၊ တစ်ခုခု လိုရင်လည်း အစ်မကို ဖုန်းဆက်ပေါ့ နော့"

ခုမှ ပင် စိတ်အားလူအား ရှိပြီမို့ မသန္တာခိုင်၏ မြစ်ကြီးနားနှင့် မြိုင်သာယာ ရောစပ်ထားသော လေသံကို အကဲခတ်မိပေသည် တစ်မျိုးဆန်းသည် ။ သို့သော် နှစ်လိုဖွယ်။ ဘဲဥပုံ မကျတကျ မျက်နှာထက်ဝယ် မျက်ခုံးတို့ ကပုံကျကျ ကွေးညွတ်လျက်။ မျက်လုံးမှာ ကြည်လှပါသည် ။ နှုတ်ခမ်းကတော့ အပြုံးကို ဆောင်ထားတတ်သူမို့ လှပသူရယ်လို့ မဆိုသာသော်လည်း မြင်လိုက်တာနှင့် စိတ်ချယုံကြည်မှုကို ခံစားရစေမည့် မျက်နှာပိုင်ရှင်ပါပဲ။

ငြိမ်းသည် ကိုမိုးညဏ်ကို ဖျတ်ခနဲ သတိရ ကျေးဇူးတင်စိတ်ဝင်၍ ပြုံးလိုက်မိပေသည် ။ ခရီးဆောင်အိတ်ကို ဆွဲကာ ခုတင်တစ်ဖက်သို့ နေရာချလိုက်သော မသန္တာခိုင့်မောင်ကိုရော အခန်းကို လှည့်ပတ်ကြည့်ကာ ဘာများ လို့ ပါဟု ဖွေရှာနေပုံရသော မသန္တာခိုင်ကိုပါ ကျေးဇူးစကား ဆိုရပါသည် ။

သူတို့ မောင်နှမ နှုတ်ဆက်၍ ပြန်သော်

ငြိမ်းသည် ကားပေါ်ဝယ် ဝတ်ဆင်လာခဲ့သော အဝတ်တို့ ကို ချည်သားဘောင်းဘီပွပွ၊ တီရှပ် တစ်ထည်နှင့် လဲလှယ်ရသည် ။ မျက်နှာသစ် ကိုယ်လက်သန့်စင်သည် ။ ဆံပင်တို့ ကို ဖြေချ ရှင်းလင်းရသည် ။ လေအေးပေးစက် ဖွင့်လိုက် ပါသည် ။

နောက်တော့ အဖွေးကြီး မဟုတ်သော်လည်း သန့်သော အိပ်ရာခင်းပေါ် ကိုယ်ကို ဖျော့ကာ လှဲချမိပေသည် ။ အိမ်မှာ လို မော့လိုက်လျှင် ခြင်ထောင်အမိုး မမြင်ရ။ သို့ သော် လေးထောင့်ကွက်များ အစီအရီ တည်သ ည့် မျက်နှာကြက်ကို မြင်ရသည် ။

ဖျတ်ခနဲ ပေါ်ပြန်သည့် ရုပ်ရှင်ပိတ်ကားဝယ် မြင်ကွင်းစုံကို မြင်ရပြန်သည် ။ အတိတ်သည် မှောင်ခြင်းကို ဖိတ်ခေါ်ကာ ထင်းလင်းပေါ်သ ည် ။ ပစ္စုပ္ပန်ကတော့ ဝေဝါးသော အရောင်ကို ဆောင်ကာ မှိန်ချည် လင်းချည်ပါပဲ။ အနာဂ တ်ကရော ....။ အနာဂတ်ကား မြူတို့ ဖုံးထား သည့်သဖွယ် ဘယ်အရာကိုမှ ရှင်းလင်းစွာ မမြ င်ရ။

ငြိမ်းသည် တစ်ကွက်ချင်းစီ သီးခြားတည် သော အတိတ်၊ ပစ္စုပ္ပန် အနာဂတ် ရုပ်ရှင်တို့ ကို ငေးကာ သက်မတစ်ချက်လေးပင်စွာ ချလို က်၏။

နောက် လမ်းခရီးတစ်လျှောက် စောသောစိ တ်နှင့် အိပ်မပျော်ချိန်သာ များ ခဲ့၍ ကျိန်းစပ်လျက်ရှိသည့် မျက်လုံးများကို စေ့စေ့ပိ တ်လိုက်ပါသည် ။

***

လေအတိုးကြောင့် မှတ်လိုက်မိသော မျက်လုံးများကို ဖျတ်ခနဲ ဖွင့်လိုက်လျှင် ဆိုင်ကယ်သည် မူလတန်းကျောင်းတစ်ခု အနီးမှ ဖြတ်နေပြီ။

မြေနေရာ ကျယ်လွှင့်လွှင့်ပေါ်ဝယ် ဟောင်းနွမ်းသော်လည်း စာသင်ကျောင်းဆိုသော ဟိတ်ဟန် အငွေ့အသက်ပြည့်နေဆဲ ကျောင်းဆောင်များ တည်ရှိနေပုံ၊ မိုးကာလလောက် မစိမ်းမြသော်လည်း အစိမ်းကဲသေးသည့် မြက်ခင်းများ၊ သက်တမ်းရင့် ကုက္ကိုပင်၊ ပျဉ်းမပင်တို့ ဝန်းရံနေပုံသည် ငြိမ်းအား ငယ်စဉ်က တက်ခဲ့ဖူးသည့် အမှတ် (၂) ကျောင်းဝင်းကို မြင်ယောင်လာစေသည်။ ငြိမ်းသည် ထိုကျောင်းမှာ ပင် ရှစ်တန်းအောင်ချိန်အထိ နေရလိမ့်မည် ထင်ခဲ့သည်။ သို့သော် ခွဲခဲ့ရပေသည်။

မြို့ငသာယာ၏ လေပြည်သည် ရန်ကုန်နှင့် လုံးလုံးမတူ။ လတ်ဆတ်လှသည်။ ဆီနံ့၊ မီးခိုးနံ့ နည်းပါးလှသည်။ နွေမို့ ဖုန်တော့ရှိသည်။ လမ်းသွယ်များ ထက်တွင် လမ်းလျှောက်သွားလာတူ နည်းသည်။ ဆိုင်ကယ်သာ အသုံးများပါသည်။

လမ်းဘေး မုန့်ဆိုင်လေးတစ်ဆိုင်နားက ဖြတ်တော့ ငြိမ်း လည်ပြန်ငေးမိသည်။ အပူငွေ့တက်နေသော ဟင်းရည်အိုး၊ ခေါက်ဆွဲဖက်များ၊ တို့ ဟူးကြော်၊ ပန်းကန်ခွက်ယောက်များ၊ ခုံပေါ် တည်ခင်းထားသော ငရုတ်သီးခွက်၊ မှုန်ချဉ်ခွက်။ မြင်ရုံနှင့်ပင် ခံတွင်းစိုလှပါရဲ့။

"အစ်မ တာရာကို ရောက်တော့မယ်ဗျ၊ အဲဒီရှေ့မှာ ရပ်ပေးရမလား"

ငြိမ်းသည် ငေးမောနေရာက ဖျတ်ခနဲ အသိဝင်လျှင် အရှေ့သို့ မျှော်ကြည့်လိုက်ပါသည် ။ လမ်း၏ ဘယ်ဘက်လား ညာဘက်လား မသိပြီ ။

"အဲဒီတော့ မသွားတော့ပါဘူး၊ နောက်ရက်မှ လာရမှာ ဆိုတော့လေ၊ ဒီနေ့က နေရာသိအောင် လာကြည့်တာပါ"

"ဩော်" ဟု ကယ်ရီကောင်လေးက ရေရွတ်လိုက်ပါသည် ။ ဆိုင်ကယ်အရှိန်ကို နည်းနည်းထပ်လျှော့လိုက်သည် ။ ဆိုင်ကယ်နောက်က လိုက်ပါလာသူကို အိမ်ထဲကဝင် သေတောင့်သေချာ မြင်လိုက်နိုင်သော နှေးပုံမျိုး။

ငြိမ်းသည် ဆိုင်ကယ်စီးဦးထုပ်၏ ရှေ့မှန်ကို ဆွဲချလိုက်ပါသည် ။ တဖျပ်ဖျပ် ရွှေ့သော မျက်လုံးများက မျက်နှာချင်းဆိုင်ဘက်ခြမ်းက သင်တန်းကျောင်းကို လှမ်းမြင်သည် ။ တာရာ ...။ ခရမ်းရောင်ပေါ်ဝယ် အဖြူရောင် စာလုံးနှင့် ရေးထားသည် ။ ရှေးက ကုန်ပစ္စည်းအမှတ်တံဆိပ် ရေးပုံမျိုးပါ။

ကျောင်းတည်ရာ ခြံဝင်းသည် သိပ်တော့မကျယ်။ အုတ်ဖိနပ် ခံကာ ပျဉ်ထောင်ပျဉ်ခင်းသော နှစ်ထပ်အိမ် ဖြစ်ပါသည် ။ စာရွက်သံတို့သည် အောက်ထပ်ဆီက ထွက်ပေါ်လာ၏။ နွေညနေမှာ စည်သော ညီသော အသံများ ။ စာသင်ခန်းမှာ မကြည်ပြာ ရှိလိမ့်မည်။

ခု ငြိမ်း ဘာလုပ်ရမှာ ပါလိမ့်။ ထွက်လာကတည်းကလို ရည်ရွယ်ချက် ထူးထူးခြားခြား မရှိ ။ ရောက်ဖူးရုံ၊ ကြည့်ချင်ရုံ သက်သက်ပါပဲ။ မကြည်ပြာနှင့် မတွေ့လို။ မတွေ့လိုသေးပါ။

ခုအတိုင်း ဆိုင်ကယ်ကို တစ်ပတ်ပြန်လှည့်

ခိုင်းရမလား။ ဒါမှ မဟုတ် ရင်လည်း ....။

"ဒီဘက်မှာ ပဲ ခဏ ရပ်လိုက်ပါလားဟင်"

ကံအားလျော်စွာပင် မျက်စောင်းထိုးနေရာ မ ကျတ ကျမှ ခေါက်ဆွဲဆိုင်လေးတစ်ဆိုင် တွေ့ပြန်ပါသည် ။ မြို့သာယာမှာ တော့ တစ် ခေါလောက်ဝေးသော နေရာတိုင်းလိုလိုမှာ ခေါက်ဆွဲဆိုင် တွေ့နိုင်သည် ။ သည် တစ်ချက် ကို ခုမှ ပင် လွမ်းစဖွယ် သတိရလာသည် ။ ပြီး တော့ ငြိမ်း တမ်းတခဲ့ရသော ဒေသစာ။ တစ်ချ က်ခုတ် နှစ်ချက်ပြတ်ပါပဲ။

ငြိမ်းသည် ဆိုင်ကယ်ဦးထုပ်ကို ချွတ်ကာ ခေါက်ဆွဲဆိုင်သို့ ဝင်သည် ။ ကောင်လေးက တော့ ဆိုင်ကယ်ပေါ်မှာ သာ ထိုင်စောင့်မြဲ။ 'စားပါဦး' ဟု ခေါ်သော်လည်း ပြုံး၍ သာ လက်ကာပြသည် ။ ကွမ်းယာသာ ထုတ်ဝါးနေတာ မြင်ရပါသည် ။

'မှျစ်ချဉ်ခေါက်ဆွဲတစ်ပွဲ' ဟု ညွှန်သည် ပုံစံ အပြည့် ရှိပါလျက် ကျွမ်းဝင်ပုံနှင့် မှာ ကြား တော့ ဆိုင်ရှင်အမျိုးသမီးက မျက်လွှာပင့်ကြည့် သည် ။ နောက်တော့ ခေါက်ဆွဲဖက်များကို တ စ်ပွဲစာ မှန်းကာ ရေနွေးပူထဲ ထည့်ပြုတ်ကာ။

မြို့သာယာ ပြောင်း လာပြီးနောက်မှာ လ ည်း အမေ လုပ်ကျွေးတတ်တာမို့ ငြိမ်းတို့ မော င်နှမသည် ဒေသစာတို့ နှင့် ဝေးသည် မရှိပါ။ သို့သော် 'ကုန်ကြမ်း' မတူတော့ အရသာမတူ ဘူး ဟု အမေက ပြောတတ်သည် ။ ဥပမာ မှျစ် ချဉ် ခေါက်ဆွဲ ဆိုပါစို့။ မှျစ်ချဉ်၏ အရသာကို က မတူ။ ဦးဦးမျိုးတင် အိမ် လာပြီ ဆိုလျှင် တော့ မှျစ်ချဉ်၊ ငါးချဉ် စသည် ဖြင့် သယ်လာတ တ်ရာ အလွမ်းပြေ စားရတတ်သည် ။ ဒါလည်း

တစ်နှစ် တစ်ကြိမ်တောင် မဟုတ်ပါ။

ငြိမ်းသည် လမ်းကို ကျောပေးထားသော နေရာလွတ်များ ရှိသော်လည်း လမ်းနှင့် ဘေးတိုက်အနေအထား ပြုသည့် ခုံတွင် သာ ထိုင်ပါသည် ။ တကူးတက လည်မဆန့်ရပါဘဲ ကျောင်းကို မြင်နိုင်သည့်နေရာလေ ..။

ရေနံချေး ဝနေသော အိမ်ကလေးသည် အေးချမ်းငြိမ်ဝပ်သော အသွင်နှင့် နေချင့်စဖွယ် ဖြစ်သည် ။ အပေါ်ထပ်မှာ တော့ လူနေပုံရပါသည် ။ အိမ်ရှေ့ကြိုးတန်းမှာ လှန်းထားသော အင်္ကျီအချို့။ လှေကားနှင့် ကပ်လျက် အခန်းက တော့ အိပ်ခန်း ဖြစ်လိမ့်မည်။ ခန်းဆီးဖြူစလေး လွင့်လျက်။

တာရာ...။ သည် အမည်နာမကို တစ်ကြိမ်ကြားတိုင်း တစ်ကျော့ပြန် နာကျင်ရမည်ဖြစ်ပါ လျက် သည် အမည်ကိုမှ မကြည်ပြာဘာကြောင့် ရွေးရသနည်း။ အခြား အမည်များစွာ ပေးရန် ရှိပါလျက် ဘာကြောင့်များ 'တာရာ ' ဆိုတာကို မရှောင်လွှဲပါသနည်း။

ခြံဝင်းအဝင်မှာ တော့ ပျဉ်းမပင်သည် ခရမ်းသွေး ပန်းပွင့်များ ဆင်ကာ နွေကို တုလျက် ရပ်နေပေသည် ။ ပျဉ်းမ၏ ခရမ်းပန်းချီသည် ဆိုင်းဘုတ် အောက်ခံအရောင်က ခရမ်းနှင့် တစ်ထပ်တည်း။ မကြည်ပြာက ပျဉ်းမပန်းကြိုက်သူလား။ ဆန်းလည်း ဆန်းတဲ့ အမျိုးသမီး ...။

ငြိမ်းသည် ရှေ့သို့ ချလာသော ခေါက်ဆွဲပန်းကန်က ငွေ့ငွေ့တက်သည့် ရနံ့ကို ရတော့လည်း အာရုံက ဖျတ်ခနဲ ပြောင်းရသည် ။ ခေါက်ဆွဲပူပူကို တူနှင့်မွှေသည် ။ ငရုတ်သီးထည့်သည် ။ မှုစ်ချဉ်ထည့်သည် ။ တစ်ချက်နှစ်ချက် မှု

တ်ကာ တစ်လုတ်မျှ စားမိလျှင်တော့ မျက်လုံးများကိုပင် ယောင်ယမ်း၍ ဖျတ်ခနဲ မှတ်မိပါသည် ။ ကောင်း လိုက်လေ .... အလွမ်းပြေ လိုက်လေ ...။

"ဟော ... ကျောင်းလွှတ်ပြီ"

စားသုံးနေသူ အမျိုးသမီး နှစ်ဦး ၊ သုံးဦးထဲက ဘယ်သူ ပြောလိုက်သည် မသိ။ ငြိမ်းသည် နေ့လယ်စာ ကောင်းစွာ မစားရသေးသူမို့ မေ့မေ့လျော့လျော့ ဆာဆာလောင်လောင် စားနေရာက ခေါင်းထောင်ကြည့်မိသည် ။ ဟုတ်ပါရဲ့ .... ။အောက်ထပ် ကျောင်းခန်းထဲက ကျောင်းသား၊ ကျောင်းသူများ တစ်စုပြီး တစ်စု ထွက်လာကြပြီ။ ၄ဂ၊ ၅ဂ တော့ ရှိပါလိမ့်မည်။

"ပညာဒါန ကျောင်းပေါ့နော်"

ငြိမ်း၏ နှုတ်က မေးပြော ပြောသံကြောင့် ဆိုင်ရှင်ရော စားသုံးသူ အမျိုးသမီးပါ တစ်ချက် လှမ်းကြည့်ပါသည် ။ စူးစမ်းကြည့်ကို မြင်ရတော့ မလုံမလဲ။ ဘာကြောင့်များ စကားစမိပါလိမ့်။ သို့သော် သူတို့ မျက်ဝန်းများ ထဲမှာတော့ သံသယ မမြင်ရပါ။ ဖြိုင်သာယာ၏ အထိမ်းအမှတ်အဖြစ် ရိုးသားမှုကိုသာ မြင်ရပါသည် ။

"ဟုတ်ပ၊ နွေဆို ပညာဒါနကျောင်း ဖွင့်တာ နှစ်တိုင်းပဲ၊ သိပ်တော်တဲ့ ဆရာမလေး"

ဆိုင်ရှင့်အပြောကို 'ဪ' ဟု ဆိုကာ ဆိတ်ဆိတ်နေလိုက်ရသည် ။ ခေါက်ဆွဲကိုသာ မဲ၍ စားလိုက်ရပါသည် ။ သည့်ထက်တော့ စကားမစပ်လို။ အနီးအပါးမှာ တော့ သည် တစ်ဆိုင်သာ မြင်တာမို့ ခေါက်ဆွဲဆိုင်နှင့်မကြည်ပြာ အဆက်အစပ် ရှိကို ရှိရမည်ဟု မှန်းဆမိပါသည် ။

မနက်စာ၊ သို့မဟုတ် နေ့ခင်းစာများ အတွက် မြိုင်သာယာသူမှန်လျှင် ခေါက်ဆွဲကိုသာ ရှာတတ်ကြသည် မဟုတ်လား။

တစ်ရက်များ လာစားတယ် ဆိုပါစို့။ 'ဟိုတစ်နေ့က ကောင်မလေး တစ်ယောက်နှင့်အကြောင်း မေးတယ်' ပြောလိမ့်မယ်။ ပုံစံကို ပြောပြလျှင် ဒါဟာ ငြိမ်းပါပဲဟု မကြည်ပြာတွေးလိမ့်မည်။ မဖြစ် ။ သို့၍ မဖြစ်ပါ။

ဟင် ... နေပါဦး ....ဒီနေ့ကော ၊ အခုကော မလာနိုင်ဘူးလား။

'ဟော' ဟု ဆိုင်ရှင်က သဲ့သဲ့ ရေရွတ်တော့ ငြိမ်း၏ အထိတ်အလန့် မျက်လုံးများ သည် တာရာ ခြံဘက်သို့ ဖြုန်းခနဲ ရောက်ရပါသည် ။ တူမှာ နှုတ်တွင် တန်းလန်း။ ပါးစပ်ထဲ ရောက်နှင့်ပြီးသော ခေါက်ဆွဲတို့ ကို မျိုချရမလို၊ ရပ်ထားရမလို။

ခဏတော့ အကြည့်က ဝေ့ဝေ့ဝေဝေနေသည့် ။ ကောင်းစွာ မမြင်ဟု ထင်၏။ စိတ်ငြိမ်ငြိမ်ထားခါမှ ပင် ထင်းထင်း မြင်ပါသည် ။ အင်္ကျီအဖြူ ဝတ်ထားသော အကြည်ပြာမှာ ဝရန်တာတွင် ရပ်လျက်။ ခေါက်ဆွဲဆိုင်ဘက် လှမ်းကြည့်လျက်။ တစ်ကြိမ်သာ တွေ့ဖူးသော်လည်း အိပ်မက်မှာ ပင် စွဲရသူမို့ ငြိမ်း ကောင်းစွာ မှတ်မိပါသည် ။ မိန်းကလေးတစ်ယောက်သည် ချိုင့်တစ်ခုဆွဲကာ ဆိုင်ဘက်သို့ လျှောက်လာနေသည် ။ မကြည်ပြာသည် မိန်းကလေးကို တစ်ခုခု လှမ်းမှာ ကာ ဆိုင်ဘက် ကြည့်မြဲလို ကြည့်နေပြန်ပါသည် ။

ဘုရား ... မြင်များ သွားပြီလား။

ပါးစပ်ထဲက ခေါက်ဆွဲတို့ ကို ဝါးကာ၊ ခေါ

င်းငုံ့ချကာ ဟင်းရည်ကိုသာ ဟန်မပျက် သောက်ရသည် ။ ရင်သည် တဒိတ်ဒိတ် ခုန်လှုပ်လျက်။ နိုးထုပ်နိုးထည်နှင့် မိတော့မည့်သူတစ်ဦးကို မသိမသာ တုန်ယင်လျက်။

အိမ်ဘက်ဆီ တစ်ချက်မျှ လှမ်းကြည့်လျှင်တော့ ဝရန်တာမှာ သူ မရှိတော့ပြီ။ ခန်းဆီးလွှင့်သော အခန်းမှာ လည်း ပြတင်းပိတ်လိုက်ပြီ။

ငြိမ်းသည် ခေါက်ဆွဲအပူကြောင့်လား၊ စိတ်ကြောင့်လား မဝေခွဲနိုင်ဘဲ နဖူးပြင်ဝယ် ချွေးစများ သီး၍ လာသည် ။ တစ်ရှူးထုတ်ကာ သုတ်လိုက်ရပါသည် ။ စောစောက နှစ်နှစ်လိုလို လွမ်းတကာ စားလိုက်သော ခေါက်ဆွဲ၏ အရသာကို ခုတော့ မဖမ်းဆုပ်နိုင်ပြီ။ တူကို လွှတ်ချကာ ရေတစ်ခွက် ငုံ့သောက်ရသည် ။ တော်ပြီလေ ...။

"ကြီးကြီးရေ မမကြည်ပြာက မျှစ်ချဉ်မပါဘဲ ဆွဲ နှစ်ပွဲတဲ့ ၊ မျှစ်ချဉ်ဖတ်က ခါတိုင်းထက် များ များ တဲ့ ၊ ငါးဖယ်ရော၊ တို့ ဟူးကြော်ရော တစ်ပွဲစီတဲ့ "

ဆိုင်ရှင်သည် မိန်းကလေး ကမ်းပေးသော ချိုင့်ကို လှမ်းယူလိုက်လျှင် အလောတကြီးဟန်လည်း မပေါက်စေရဘဲ 'ဘယ်လောက်ကျလဲ ဟင်' ဟု ငြိမ်း မေးလိုက်ပါသည် ။ ပိုက်ဆံ ရှင်းကာ ဆိုင်ကယ်ဘက် ပြန်လျှောက်လာတော့ ခြံ တစ်ဝိုက်စီ ယောင်၍ ပင် ငဲ့မကြည့်ဖြစ်တော့ပေ။

ငြိမ်းသည် 'ဒီအတိုင်း ပြန်ကွေ့လိုက်တော့နော်၊ တည်းခိုခန်းပဲ ပြန်တော့မယ်' ဟု ကယ်ရီကောင်လေးကို မှာ ရသည် ။ 'တာရာ' ကို ကျောပေးလွှန်မြောက်ခါမှ သက်ပြင်းတစ်ချက်

ဟင်းခနဲ ရှိုက်ချမိလျှင် ကိုယ့်ကိုယ်ကိုယ် အားမလို အားမရ ဖြစ်စပြုလာပါသည် ။

တကယ်တော့ သူနှင့် တွေ့ရမှာ ကြောက်စရာ ဘာအကြောင်းများ ရှိသနည်း။ ငြိမ်းဟာ အများကျူးလွန်ထားသူမှ မဟုတ်တာ။ တွေ့လည်းရဲရဲပေါ့။ သို့သော် ...သို့သော် တွေ့ရန် အချိန် မတန်သေးပါဘူး။ လက်ဆုပ်လက်ကိုင် ပိုင်ပိုင် ပြနိုင်သည့် တစ်နေ့ကျမှ သူ့ရှေ့မှာ ဘွားခနဲ ကိုယ်ထင်ပြရမည်။

ငြိမ်းသည် အလာတုန်းက တွေးခဲ့သလိုပင် မြစ်ကမ်းနားမှာ ခဏနားသည် ။ ရေစပ်သို့ ဆင်းပါသည် ။

ညနေ နေညိုတော့မည်မို့ စက်လှေနည်းပါးခဲ့ပြီ။ ရေလှိုင်း လှုပ်လျှင် စက်လှေတို့ ယိမ်းပုံကို ငေးသည် ။ မြစ်ပြင်ကို ငေးသည် ။ နေလုံးနီသည် မြစ်ပြင်အနားသတ်နှင့် ထိစပ်တော့မည်။

မြင်မြင်လေရာ လွမ်းစဖွယ် အသွေးဆောင်သော ဧရာဝတီသည် ကုက္ကိုင်ပင်၏ အမြစ်ဆုံပေါ် ထိုင်ချကာ ဘယ်ဆီဘယ်ဝယ် မသိသော အဝေးသို့ မျှော်ငေး၍ မျက်ရည်ဝဲဟန်ရှိသည့် မိန်းကလေးအား အံ့အားတသင့် ပြန်လည် ငေးမောနေပေသည် ။

***

"ငြိမ်း မနေ့က အပြင်သွားသေးတယ်ဆို"

ငြိမ်းသည် ခရီးတစ်လျှောက် ပခုံးထက်က မချစတမ်းကို လွယ်လာခဲ့သည့် အညိုရောင်အိတ်ရှည်ထဲ တစ်နေ့တာ ခရီးအတွက် မရှိမဖြစ် လိုအပ်မည့် ပစ္စည်းပစ္စယများ ပါ ၊ မပါ အခြားသော လိုအပ်ဖွယ်ရာ တိုလီမိုလီပစ္စည်းငယ်များ စုံ၊ မစုံ စစ်ဆေးနေရာက မသန္တာခိုင်ထံ လှမ်းကြည့်လိုက်ပါသည် ။

မသန္တာခိုင်သည် ခုတင်ထက်မှာ ထိုင်လျက်။ ကချင်ထည် အထက်အောက်ဆင်တူ ဝတ်စုံနှင့်သာ မနေ့က တွေ့ခဲ့ရတာမို့ နက်ပြာရောင် ထဘီနှင့် အဖြူရောင်ပေါ် မိုးပြာပွင့် ခပ်ကြီးကြီး ကျဲကျဲ ပက်သော ချည်သားလက်ရှည်ခါးရှည် အင်္ကျီကို တွဲဖက်ဝတ်ဆင်ထားပုံမှာ ငြိမ်း၏ အမြင်၌ ဆန်းသစ်နေသည် ။ ပို၍ နုပျိုနေပေသည် ။ နေပူဒဏ်ခံနိုင်အောင်များ ရည်ရွယ်လေသလား မသိ။ သနပ်ခါးပါးကွက် ညီညီ ကွက်ထားသည် ။ ငြိမ်းကို ပြောပြီးခါမှ စပ်စုရာ ရောက်ပြီလားဟု စိုးရိမ်ဟန်ကို သူ့မျက်နှာဝယ် အထင်းသား တွေ့ရပါသည် ။

"ဟုတ်ပါတယ် မခိုင်ရေ၊ မနေ့က ဟိုဟိုဒီဒီ လေး လျှောက်ကြည့်ချင်တာနဲ့ ထွက်သွားလိုက်တာ၊ သိပ်တော့မကြာပါဘူး၊ ခဏပါပဲ"

ဘာမှ မထူးခြားလေဟန် ရယ်ကာမောကာ စကားတုံ့ပြန်ရသည် ။ ငြိမ်း၏ ခေါင်းထဲမှာတော့ အတွေးတို့ က တဆတ်ဆတ် လူးလွန့်နေပါသည် ။ ဘယ်သူများ ပြောပါသနည်း။ က

ယ်ရှိကောင်လေးကများ တည်းခိုခန်းဝန်ထမ်း တစ်ဦးထံမှာ စကားတစ်ခွန်းတလေ ပြောမိ ဆို မိသလား။ အဲဒီဝန်ထမ်းကပဲ မသန္တာခိုင်ကို ပြောပြလေသလား။ ပြောပြီ ဆိုပါစို့။'တာရာကို သွားတာ' လို့ များ ထည့်ပြောလိုက်သလား။ တစ်ကြိမ်ပင် မရောက်ဖူးဟန်၊ မသိမရှိလေဟန် ပြထားပါလျက် ခုမှ သိနေသယောင်များ ဖြစ်တော့မလား။

လေအေးပေးစက် ဖွင့်ထားသော အခန်းဝယ် အပူငွေ့များ ရုတ်ခနဲ သည်းပတ်လိုက်သလို ငြိမ်း ပူထူလာသည် ။ အိတ်ကို ဇစ်ပိတ်ရင်း မသန္တာခိုင်၏ မျက်နှာကို အကဲခတ်ရသည် ။ ငြိမ်းကို ပူပန်စေမည့် သံသယအရိပ်အယောင်မျိုး သူ့မျက်နှာထက် စင်းစင်း မတွေ့ရ။ မေးရိုးမေးစဉ်ထက် ပိုဟန် မရှိပါ။

"ဪ ...ဒါကြောင့်မနေ့က ကိုဘုန်းက ပြောတာကိုး၊ သူတို့ လက်ဖက်ရည်ဆိုင်မှာ ထိုင်နေတော့ မငြိမ်းကို တွေ့လိုက်တယ်တဲ့ ၊ ဆိုင်ကယ် ကယ်ရီနဲ့ ဖြတ်သွားတာတဲ့ "

"အဲဒီတော့ မခိုင်က စိတ်ပူသွားရောပေါ့ ဟုတ်လား"

မခိုင်က ရယ်လျက်နှင့်ပင် ခေါင်းညိတ်လိုက်ပါသည် ။

"ပထမတော့ စိတ်ပူသွားတာပေါ့လေ၊ မိုးညက သချာ အပ်ထားရဲ့ နဲ့ ကိုယ်က ဂရုစိုက်ရမယ့်ဟာလေးတွေ မမှာ ခဲ့မိဘူး ဆိုပြီးပေါ့၊ နောက်တော့မှ ငြိမ်းက ဒီတည်းခိုခန်းကို မမေးဘဲနဲ့ တော့ ဆိုင်ကယ် မငှားလောက်ဘူးလို့ တွေးပြီး နည်းနည်း စိတ်အေးသွားတာ၊ ဒီမှာက ဆိုင်ကယ်ကယ်ရီက လူစုံပေါ့လေ၊ ကိုယ်က

မျက်နှာစိမ်း ဆိုတော့ သတိတော့ ထားရတာပေါ့၊ ဒါပေမဲ့လည်း မခိုင်တို့ မရှိတဲ့ အချိန် ငြိမ်းသွားချင်တာ ရှိရင် တည်းခိုခန်းက ကလေးတွေသာ ခေါ်ခိုင်းနော့ ၊ သူတို့ စိတ်ချရတဲ့ သူ ခေါ်ပေးလိမ့်မယ်"

'မိုးညာဏ်' ဆိုသော အမည်ပါလာတာကြောင့် ငြိမ်း၏ အပြုံးဝယ် တစ်စုံတစ်ရာသော အရိပ်ကလေး ဖြတ်ပြေးသွားလိမ့်မည် ထင်ပါသည်။

ကိုမိုးညာဏ်ကတော့ဖြင့် ရောက်လေရာအရပ်မှာ ဆွေမျိုးပမာ ရင်းနှီးသူတို့ ချန်ရစ်ခဲ့ပုံ ရပါသည် ။ သူ့အပေါ် အလုပ်သဘောအရ တွေ့ရသူဟု မသန္တာခိုင်ရော သူ့ခင်ပွန်း ကိုနိုင်ဦးပါ သဘောပိုက်ပုံမရ။ မြိုင်သာယာက ပြန်ပြီးနောက်မှာ လည်း သူတို့ နှင့် အဆက်အသွယ် မပြတ်ပါတဲ့ ။ ဒါကြောင့်ပဲ ငြိမ်း ရောက်လာသည့်အခါ မသန္တာခိုင် လိုက်ပါကူညီဖို့ ဖြစ်လာသည်။

အမှန်တော့ မသန္တာခိုင်သည် ခင်ပွန်းသည်၏ အလုပ်မှာ လိုအပ်လျှင် ကူရုံက လွဲပြီး ဘယ်ခရီးမှ လက်ခံတာဝန်ယူလေ့ မရှိ။ ငြိမ်းသည် သူ့အတွက် တော့ ပထမဆုံးသော ခရီးဖော်ပါ။

သည် နံနက်တော့ အနည်းငယ် စိမ်းသက်သော အရိပ်အငွေ့ လွှမ်းသည့် 'ခင်ငြိမ်းချမ်း' မှသည် 'ငြိမ်း' အဖြစ် အခေါ်အဝေါ် ပြောင်းခဲ့ပြီ။ ငြိမ်းသည် လည်း 'မခိုင် 'ဟု သုံးနှုန်းမိခဲ့ပြီ။ အမှတ်မထင် ရေစက်ဆုံရသူတို့ နှင့် သည်ခရီးမှာ အချိန်ဘယ်လောက်ကြာကြာ အတူရှိရဦးမည် မသိ။ တစ်ဖက်က အလုပ်သဘောမဆန် မေတ္တာထားဟန် ပြမှ တော့ ငြိမ်းဘက်ကလ

ည်း ပြောင်းလဲရွေးထွေးရန် ဝန်လေးခြင်း မရှိပါ။ သီးသန့်နေတတ်လေလေ ငြိမ်းသည် ခုတော့လည်း သူစိမ်းများ နှင့်ပင် မပတ်သက်မဖြစ် ပတ်သက်ခဲ့ရပေပြီ။

'အင်္ကျီလက်ရှည်လေး ဝတ်နော်၊ အပြင်မှာ ပူနေပြီ' ဟု မသန္တာခိုင်မှာ ကြားတော့ ချည်သားဘောင်းဘီရှည်နှင့် ချည်သားအင်္ကျီလက်ရှည်ကိုသာ ဝတ်ဆင်မိသည် ။ ဆံပင်ကို မလျော့တလျော့ စည်းနှောင်းရသည် ။

ကြေးမုံပြင်ဝယ် ပေါ်သော ငြိမ်း၏ မျက်နှာသည် စိတ်လှုပ်ရှားခြင်း၊ မျှော်လင့်စိတ်စောခြင်း အရိပ်တို့ ပြည့်နှက်လျက်။ မနေ့က ကောင်းစွာ အိပ်စက်မပျော်တာကြောင့် မျက်နှာအနည်းငယ် ကျကာ မျက်လုံးများ ကျိန်းစပ်လျက်။ လူကမလန်းချင်။ သို့သော် အဖေ့လိုပင် စိတ်ဟာ ဆောင်နေပေသည် ။

အဖေ .... ။ ငြိမ်းသည် နဖူးထက် ကျလာသော ဆံလျှော်စတို့ ကို သပ်တင်ကာ ပြုံးလိုက်မိသည် ။

မနေ့ညကတော့ အဖေနှင့် ဖုန်းပြောရသည် ။ ညောင်ရွှေသို့ ကောင်းစွာ ရောက်ကြောင်း နှုတ်သွက်သွက်နှင့် ပြောမိပါသည် ။ မနက်ဖြန် ဆိုလျှင်တော့ အင်းလေးကန်တစ်ဝိုက် အလည်အပတ် စမည့်အကြောင်း ရွှင်သောလေနှင့် ပြောပြရသည် ။ ပြန်ခါနီးမှ ပင် ဖုန်းဆက်မည်ဟု ကိုယ့်ဘက်က တာကို လုံအောင် ပြုခြင်းပမာ ညာရသည် ။ ဖုန်းချလျှင်တော့ 'ခွင့်လွှတ်ပါ အဖေရယ်' ဟု တိုးတိမ်စွာဆိုရင်း ငြိမ်း မျက်ရည်ကျရလေသည် ။

တစ်သက်မှာ တစ်ကြိမ်အဖြစ် အဖေ့ကို ညာခဲ့ပြီ။ အညာကြီး ညာခဲ့ရပြီ။ သို့သော် အမှန်တရားကို ဖော်ထုတ်ခြင်းမျှသာ ဖြစ်၍ တစ်နေ့နေ့ပြန်သိရလျှင်လည်း အဖေ ခွင့်လွှတ်ပါလိမ့်မည်။

မှန်ထဲက ငြိမ်းသည် ပြင်ပက ငေးသော ငြိမ်းအား ပြုံးပြနေသည် ။

"ပြီးရင် သွားကြမယ်လေ ငြိမ်း၊ နေမြင့်ရင် ပိုပူလာတော့မှာ "

"ငြိမ်းတို့ အခု ဒီကနေ သစ်စုကို ဆိုင်ကယ်နဲ့ ပဲ တန်းသွားမှာ ပေါ့"

"ဟုတ်ပ့ါ၊ ဆိုင်ကယ်နဲ့ ပဲ သွားရမှာ ပေ့ါ၊ သစ်စုရောက်ရင် ငြိမ်း တစ်ခါတည်း စုံစမ်းချင်ရင်လည်း စုံစမ်း၊ အနေအထား အရင်ကြည့်ချင်တယ် ဆိုရင်လည်း ကြည့်ပေ့ါ၊ နောက်ရက်တွေလည်း အချိန်ရှိသေးတာပဲဟာ၊ စာရေးဖို့ ဆိုရင် တစ်ရက်၊ နှစ်ရက်နဲ့ ငြိမ်း ဘယ်ပြီးမလဲ"

"ဟုတ်တယ်နော်" ဟု ဆိုကာ ငြိမ်းသည် အိတ်ကို လွယ်၏။ နောက် စကားမပြတ်သေးသည့်ပမာ 'သစ်စု၊ သစ်စု' ဟု ရေရွတ်ရင်း အခန်းထဲက လေအေးပေးစက်၊ မီးခလုတ်တို့ ကို တစ်ခုချင်း ပိတ်သည် ။

အမှောင်ရိပ်ကဲသော အခန်းနံရံထက်ဝယ် စီရင်ချက်ထဲက စကားလုံးများ ပြေးလွှားပေါ်ပေါက်သည့်ပမာ ငြိမ်း ပြန်လည်မြင်ယောင်လာသည် ။ ပြီးတော့ သူ့ မှတ်စုစာအုပ်မှာ ပင် ချရေးခဲ့သော စာလုံးများ ။ သစ်စုကျေးရွာ ဦးဘမင်း ... . ဦးထွန်းသာ ....။

ပြီးတော့ ...ပြီးတော့ ...၁၉၉၈ခုနှစ် မေလ ၂၂ ရက်။

ငြိမ်းသည် အချိန်ယာဉ်နှင့် နောက်ကြောင်းပြန်ခရီးစမည့်သူ၊ ဖြစ်ရပ်အစ အဆုံးအား ကိုယ်တိုင် တစ်ဖန် မြင်တွေ့ခွင့်ရမည့်သူပမာ ရင်တဒိတ်ဒိတ် ခုန်စပြုလာပေသည်။

***

မြိုင်သာယာ မြို့တွင် လမ်းမများ လောက် မဟုတ်စေကာမူ မြို့ပြင်လမ်းမသည် လည်း ကုန်းတက် ကုန်းဆင်းတော့ ရှိလျက်ပင်။ ကတ္တရာလမ်းသည် များ စွာ မကျယ်။ ကားတစ်စီးနှင့် တစ်စီးရှောင်လိုလျှင် တစ်စီးက လမ်းဘေးသို့ အနည်းငယ် ဖဲ့ဆင်းပေးရ၏။

လမ်းတစ်လျှောက်ကတော့ဖြင့် တရုတ်နယ်စပ်နှင့် ကုန်ကူးရာလမ်း၊ မြစ်ကြီးနားနှင့် ဆက်သွယ်ထားသော လမ်းမို့ ကားအသွားအလာ မပြတ်လှပေ။ သို့သော်လည်း တစ်မိုင်မျှ ဖြတ်မိလျှင်ပင် ကားတစ်စီး မတွေ့အောင် ရှင်းလင်းနေသည့်အခါလည်း ရှိတတ်ပါသည်။

ငြိမ်းသည် မသန္တာခိုင်၏ ဆိုင်ကယ်နောက်က ထိုင်လိုက်လာသည်။ ဆိုင်ကယ်သည် လေကို ခွင်းလျက် နက်ကျောသော ကတ္တရာ လမ်းပေါ်ဝယ် မနှေးမမြန် အရှိန်နှင့် ပြေးနေပေသည်။

လမ်းဘေးဝဲယာတစ်လျှောက်မှာ တော့ ကျွန်းစိုက်ခင်းများ လည်း တွေ့ရ၏။ စိမ်းစိမ်းစိုစို။ မြို့ပြင်ရွာများ တစ်လျှောက်မှာ တော့ သက်ငယ်မိုး၊ ထရံကာ၊ သွပ်မိုး ပျဉ်ထောင် စသည့် အိမ်ငယ်လေးများ သည် စိမ်းမြသော သစ်ပင်ရိပ်များ အကြားမှာ နေဒဏ်ကာလျက် ရပ်နေကြ

တာ မြင်ရသည် ။

နောက်ဘက်သို့ မျှော်ကြည့်လျှင်တော့ မြိုင်သာယာသည် အတော်ဝေးဝေးမှာ ကျန်ရစ်ခဲ့ပြီ ။ မြိုင်သာယာကို လွန်ခဲ့ပြီဆိုသော အသိသည် အမှန်စိမ်းသက်သော နယ်မြေသို့ ချင်းနင်း ဝင်ရောက်ပြီဖြစ်ကြောင်း ငြိမ်းအား လက်တို့ သတိပေးသည့်ပမာတည်း။

ငြိမ်းတို့ ငယ်စဉ်က သည် ဘက် မရောက်စဖူး။ မင်းကုန်းကိုတော့ဖြင့် တစ်ခေါက်လား၊ နှစ်ခေါက်လား ရောက်ဖူးပါရဲ့ ။ မြိုင်သာယာက ပြောင်းတုန်းက သူတို့ တစ်တွေ မင်းကုန်းဆိပ်ကမ်းမှာ သင်္ဘောစီးကြရတာ မှတ်မိသည် ။ ထိုစဉ်က မန္တလေးနှင့် မင်းကုန်းမှာ ကားလမ်း မပေါက်သေးပါ။

ခုတော့ မန္တလေးမှ တစ်ဆင့် မြိုင်သာယာသို့ ကားလမ်းအတိုင်း လာမည်ဆိုလျှင် မင်းကုန်းကိုအရင်ဖြတ်ရသည် ။ ခရိုင်မြို့ဆိုတော့လည်း မြိုင်သာယာထက် ကျယ်ဝန်းစည်ကားသည် ။ သို့သော် သူလည်း မြို့ငယ်မျှပါပဲ။ ခရီးသည်များ သည် မင်းကုန်းကသာ များ တာမို့မြိုင်သာယာ လာမည့်သူဆိုလျှင် မင်းကုန်းမှာ ခဏစောင့်ရသည် ။ မင်းကုန်း ခရီးသည် များ ဆင်းပြီးခါမှ ကားက မြိုင်သာယာသို့ ဆက်ပို့ပေးပါသည် ။

မြစ်ကြီးနားသို့ ခရီးဆက်မည် ဆိုလျှင်တော့ မင်းကုန်းမှ သည် မြိုင်သာယာကို ဖြတ်ကာ ငြိမ်းတို့ ခုရှိနေရာ လမ်းက သွားရမည်။ ငြိမ်းအတွက်တော့ မန္တလေးမှ ကားနှင့် ဖြတ်လာရသည့် လမ်းတစ်လျှောက် မြင်ကွင်းသည် အသစ်အဆန်း။ ခုလည်း အဆန်းပါပဲ။

'မောင်တာရာမှာ ရေခဲချောင်း ရောင်းရာမှ ပြန်မလာသည့်ကိစ္စအား ....'

မြွေလိမ်မြွေကောက် ကတ္တရာလမ်းလေးထက်ဝယ် သည် ကောင်လေး ရေခဲချောင်းပုံးတင်ကာ စက်ဘီးနင်းနေမည့် မြင်ကွင်းကို ငြိမ်း မြင်ယောင်ကြည့်မိသည် ။ သစ်စု .... သစ်စုအထိ ဆို တစ်နာရီခွဲလလောက်တောင် စီးရမလား။ ကုန်းဆင်းတွေဆို တော်သေးရဲ့ ။ ကုန်းတက်တွေ ကျရင် ထိုင်နင်းနေရာက ထပြီး ကုန်းပြီး အားစိုက်နင်းရရှာမှာ ပဲနော်။ တစ်ရက် တစ်ရက် သည် လမ်းသည် ခရီးကို ချွေးပြိုက်ပြိုက်ကျအောင် အသွားအပြန် လုပ်ခဲ့ရရှာမှာ ပဲ။ နောက်တော့လည်း သူ့ခမျာ သစ်စုမှာ ဘဝဆုံးခဲ့ရှာသည် ။

'ဩော်.... သနားတော့လည်း သနားစရာကောင်းလိုက်တာ၊ ကျောင်းပိတ်ရက်မှာ ကျောင်းစရိတ် ရအောင် ရောင်းရသတဲ့ ၊ ဘုရား ... ဘုရား အရွယ်နဲ့ မမျှအောင် သိတတ်လိုက်တာ'

ရင်၌ လှိုင်းခတ်မြည်သည့် စကားသံတို့ ကို ငြိမ်း မျက်ကွယ်မပြုနိုင်ပြီ။ ဘယ်လိုပင် အဖေ့ကို စွပ်စွဲခဲ့သည် ဆိုဆို၊ ဘယ်လိုပင် မခံချင်စိတ် ရှိသည် ဆိုဆို သည် ကလေးအကြောင်း တွေးမိလျှင်တော့ စာနာစိတ်က လူကို ယိုင်ခန်နဲနေအောင် ရိုက်ခတ်မြဲပင်။

ငြိမ်းသည် မျက်လုံး ကျိန်းစပ်နေဆဲမှာ လေတိုးတာကြောင့်လား၊ တာရာ့အကြောင်း ခေါင်းထဲ ရောက်လာတာကြောင့်လား မဝေခွဲနိုင်ဘဲ မျက်ရည်ရစ်ဝဲလာပါသည် ။ မျက်လုံးအစုံကို ဖျတ်ခနဲ ဖိမှိတ်ကာ အာရုံပြောင်းရသည် ။ လေသံ၊ ဆိုင်ကယ်စက်သံ၊ ကားသံ တစ်စ။ မျက်လုံး

အစုံကို ပြန်ဖွင့်လှျင်တော့ ရွာတစ်ရွာကို ဖြတ်ကျော်နေတာ တွေ့ရပါသည် ။

သစ်သားတိုင်များ စိုက်ထောင်ကာ သံဆူးကြိုး ကာရံသော မူလတန်း ကျောင်းကလေး၏ အမည်ကို ဖတ်မိတော့ သာယာကုန်း ကျေးရွာ တဲ့ ။ သာယာကုန်းဆိုသော အမည်ကလည်း ငြိမ်းနှင့် ရင်းနှီးသော အမည်ပါပဲ။ သာယာကုန်းဈေးနွေ့ ဆိုတာ စီရင်ချက်မှာ ပါပါသည် ။

"သာယာကုန်း ပြီးရင် သစ်စုပဲလေ"

မသန္တာခိုင်သည် ငြိမ်း၏ စိတ်ထဲက အတွေးကို သလိုက်သည့်ပမာ နောက်ဘက်သို့ ဖျတ်ခနဲလှည့်ပြီး ဆိုလိုက်သည် ။

"တစ်ရွာနဲ့ တစ်ရွာ လှမ်းတော့ လှမ်းတယ်နော်"

"ဒီဘက်က ရွာကျဲတယ်လေ"

"ငြိမ်းတို့ အထက်ပိုင်းက ..."

ငြိမ်းသည် စကားကို တိုးလိုးတန်းလန်း ရပ်လိုက်ရသည် ။ 'ငြိမ်းတို့ အထက်ပိုင်းက ရွာတွေကလည်း ကျဲတာပဲ ...။ ' ဘုရား .... ပြောမိတော့မလို့ နည်းနည်းလေးပဲ လိုတော့တာပါလား။

"ဘာလဲဟင် " ဟု မသန္တာခိုင်က အသေအချာ မကြားလိုက်သည့်သဖွယ် မေးပါသည် ။ ဆိုင်ကယ် လေတိုးသံကိုပင် ကျေးဇူးတင်ရသည် ။

"ဪ .... ငြိမ်းတို့ ပဲခူးဘက်က ရွာတွေလည်း ဒီလိုပဲလို့ "

သည် တစ်ခွန်းကိုတော့ဖြင့် လေတိုးသံကို

လွှမ်းအောင်_အသံမြှင့်ကာ ပြောလိုက်ရသည်။

"ငြိမ်းက ပဲခူးသူပေါ့၊ မခိုင်က မသိဘူး၊ ရန်ကုန်သူ မှတ်နေတာ"

ငြိမ်းသည် တိကျသော အဖြေမပေးဘဲ "ကိုမိုးညာဏ် ပြောတာလား" ဟု စကားရောဖောရောနှင့် ရယ်မောနေပါသည်။

မသန္တာခိုင်သည် စကားမဆက်ဘဲ တစ်ချက်ရယ်လိုက်သည် ။ လမ်းအချိုးအကွေ့အတိုင်း ညင်သာစွာ ချိုးကွေ့လိုက်သည် ။ ဆိုင်ကယ်သည် ရွာကို တရိပ်ရိပ် ဖြတ်ကျော် လွန်လာသည် ။ သစ်ပင် အစုအစုများ ။ နောက် ဝါရုံးအုပ်များ ။ အချို့နေရာများမှာ တော့ ချုံပင်များ ။

နွေဦးမို့ပေလား။ လိမ္မော်ရောင်၊ ခရမ်းရောင် ပန်းပွင့်ငယ်လေးများ သည် ပန်းရိုင်း၊ တောပန်းဆိုသော အမည်ကိုပင် အားနာစရာကောင်းလောက်အောင် လှပလန်းဆတ်စွာ ဖူးပွင့်နေကြပေသည် ။

ငြိမ်းသည် စူးသော နေရောင်ကြောင့် တဖြည်းဖြည်း ပူလာသည့်လက်ခုံကို အင်္ကျီသားနှင့် ထိကပ်လိုက်သည် ။ ဖောင်းမို့သော လက်ဖဝါးပြင် ပေါ်လာသည် ။ လက္ခဏာ အရေးအကြောင်းများကို ရည်ရွယ်ချက် မရှိပါဘဲ ငုံ့ကြည့်မိသေးသသည် ။ အသက်လမ်းကြောင်းက ခပ်ရှည်ရှည်။ အင်း... တရော့မှာ တော့ အသက်လမ်းကြောင်း တိုလေသလား။ ပြီးတော့ .. ပြီးတော့ သူတစ်ပါးသတ်ဖြတ်မှုကြောင့် သေရမည့် ပုံသွင်ကိုရော လက္ခဏာက ပြသေးသလား။

သစ်စုရွာအနီး တဖြည်းဖြည်း တိုးကပ်လာ၍ ပေလား။ အဖေ့အကြောင်း ခေါင်းထဲက တ

စ်ခဏ ပျောက်ကာ တာရာ့အကြောင်းက အမှတ်မထင် ရောက်ရောက်လာသည် ။ ဝေဝေဝါးဝါးနိုင်သော အတွေးတို့ ကို ဖျောက်ရန် ခေါင်းကို တစ်ချက်မျှ၊ နှစ်ချက်မျှ ယမ်းခါလိုက်သည် ။

သည် ခဏဝယ် မသန္တာခိုင်က 'ဟော' ဟု ရေရွတ်လိုက်၍ ငြိမ်း၏ ကိုယ်လေး ဆတ်ခနဲ မတ်သွားရပါသည် ။

"သစ်စု ရောက်ပြီ ညီမရေ"

***

တိုက်တိုက်ဆိုင်ဆိုင်ပါပဲ။ ဟိုတစ်နေ့ကလည်း စောင့်ကြည့် စုံစမ်းစရာလေး ရှိတော့ ခေါက်ဆွဲဆိုင်မှာ ငြိမ်းထိုင်ခဲ့ရသည် ။ ခဲတစ်လုံးနှင့် ငှက်နှစ်ကောင် ပစ်သလို အကဲခတ်လိုသော မကြည်ပြာ၏ သင်တန်းကျောင်းကိုလည်း တွေ့ရသည် ။ အနှစ်နှစ်အလလက အောက်မေ့ခဲ့သော မျှစ်ချဉ်ခေါက်ဆွဲလည်း စားခွင့်ရသည် ။

ဟော .... ခုလည်း သစ်စုရွာကို ဝင်လျှင်ဝင်ချင်း ဆိုင်ကယ်နှင့် တစ်ပတ်မျှ ပတ်ပြီးလျှင် ကုက္ကိုပင်ရိပ်အောက် အသင့်တွေ့သော ခေါက်ဆွဲဆိုင်မှာ ပဲ ထိုင်ကြရပြန်ပြီ။ သည် မှာ ပဲ စားရင်း သောက်ရင်း နှစ်ယောက်သား တိုင်ပင်ကြမည်၊ ဆိုင်ရှင်အမျိုးသမီးထံက လောလောဆယ်ဆယ် ရသလောက် သတင်းစုံစမ်းမည် ဆုံးဖြတ်ကြရပါသည် ။

သစ်စုမှာ မသန္တာခိုင်နှင့် သိကျွမ်းသူ မရှိ။ ရွာထဲကိုပင် ခုမှ ဝင်ဖူးရုံဆိုပါသည် ။ အရင့်အ

ရင်ကတော့ ရွာအပြင် ကားလမ်းမပေါ်ကသာ ဖြတ်ခဲ့ဖူးပါသတဲ့ ။ သည် လိုဆိုတော့လည်း ငြိမ်းနှင့်ထူး၁၀ မကွာဘူး ထင်စရာ ရှိသည် ။

သို့သော် ဘယ်လိုပင် ယှဉ်စေဦး၊ငြိမ်းမှာ ဒေသခံအသွင် မရှိ။ တွေ့လျှင်တွေ့ချင်း မိတ်ဖွဲ့ကာ တောင်ပြောမြောက်ပြော ပြောဖို့ ရာ၊ စကားအစ်အောက်ဖို့ ရာ အခက်တွေ့လောက်သည့် သူစိမ်းရုပ်ရည်မျိုးပါ။

မသန္တာခိုင်ကတော့ သည် နယ်တစ်ဝိုက်မှာ နေထိုင်သူမှန်း အသွင်အပြင် လေသံနှင့်ပင် အလွယ်သိကြမည်။ ပြီးတော့ ဒေသသူ ဒေသသားချင်း ဘယ်လို စကားစရမည်မှန်း ကောင်းစွာသိသူ။

ဆ ိုင ်မ ၂၁ ထိုင်ပြီး ခဏမျှအကြာ ခေါက်ဆွဲပွဲများ သူတို့ ရှေ့မှောက် ရောက်လျှင် ပင် ဆိုင်ရှင်အမျိုးသမီးနှင့် မသန္တာခိုင်က ဧည့်ပေးဖြောင့်စပြုပြီ။

ငြိမ်းသည် သူတို့ ရင်းနှီးမှု တည်ဆောက်နေပုံကို အကဲခတ်ရင်း ခေါက်ဆွဲစားရင်းက မျက်နှာချင်းဆိုင်တစ်ဝိုက်မှာ မြင်နေရသည့် ရွာမြင်ကွင်းကို အကဲခတ်နေပါသည် ။

သစ်စုသည် အိမ်ခြေ မနည်းလှ။ သို့သော် ရွာကြီးလည်း မဟုတ်ပါ။ သည်နားတစ်ဝိုက်မှာ တော့ အောင်မြင်ရွာဆိုတာ အကြီးဆုံးပါပဲ ။ အလယ်တန်းကျောင်း ရှိသောရွာ၊ သစ်စုမှာ ကတော့ သာယာကုန်းလိုပင် မူလတန်းကျောင်းသာ တွေ့ရသည် ။

အိမ်များ သည် လမ်းတစ်လျှောက် ငြိမ်းတွေ့ခဲ့သည့် ရွာများမှာ လိုပင် သက်ငယ်မိုး၊ထရံကာ မြေစိုက်အိမ်ကလေးများ လည်း ရှိသည်

။ သက်ငယ်မိုး၊ ထရံကာ ခြေတံ မရှည့်တရှည် အိမ်လေးများ လည်း ရှိပါသည် ။ ပျဉ်ထောင်သွပ်မိုးအိမ်လည်း အချို့အချို့။ တိုက်ခံအိမ်ကတော့ လေးအိမ်လား၊ ငါးအိမ်လား တွေ့ရသည် ။ ရွာ့မျက်နှာဖုံးပေါ့လေ။

ရွာလယ်လမ်းကတော့ ကွန်ကရစ် ခင်းထားပေသည် ။ ကျန်သော လမ်းများကတော့ မြေလမ်းများ သာ ။ ငြိမ်းတို့ ညောင်ပင်သာမှာ လည်း မြေလမ်း ပါပဲ။ မြေလမ်းတို့ သည် နွေဆို ဖုန်ထ၏။ မိုးအခါများ ဆိုလျှင်တော့ ရေနှင့် ရောနှူးကာ ဗွက်အသွင် ဆောင်ကြလေသည် ။ လယ်ထဲ ဆင်းကြမည့် လူများ ရော နွားများ ပါ ဗွက်များ ထဲက တစွပ်စွပ် ရုန်းကာ ဖြတ်ကြရသည် ။ ငြိမ်းတို့ ကတော့ ကျောင်းနေစဉ် မိုးအခါဆိုလျှင် ရွာမှာ မရှိသလောက်မို့ ဗွက်လမ်းများ ပေါ် ဖြတ်ရသည့် အတွေ့ကို ငယ်တုန်းကသာ ကြုံဖူးလိုက်ပေသည် ။

ဆိုင်တည်နေရာကတော့ ကွန်ကရစ်လမ်းမ၏ ဘေးမှာ ဖြစ်သည် ။ နေရောင်သည် ကုက္ကိုပင်ရိပ်အောက်မှာ တစ်စွန်းတစ်စမျှသာ ဖြာကျလျက် လမ်းပေါ်မှာ တော့ ထင်းထင်းစူးစူး ရှိနေပါသည် ။ ငြိမ်းတို့ ငယ်တုန်းက လူကြီးများ ဆူတာတတ်သလို လသာတယ် ထင်ပုံရသော ကလေး သုံး၊ လေးဦးသည် ချစ်ချစ်တောက်မျှ ပူနေမည့် လမ်းပေါ်ဝယ် တွန်းထိုးအော်ဟစ်ရင်း ရယ်ရယ်မောမော ပြေးလွှားနေကြသည် ။

"ဒီညီမလေးကရန်ကုန်က လာတာလေ၊ ဒီဘက်တွေ လာလေ့လာတာ"

"ဩော်" ဟု ဆိုင်ရှင်အမျိုးသမီးက ရေရွတ်လိုက်၍ သူ့ဘက် လှည့်ကာ ပြုံးပြရပါသည် ။

603/97

အမျိုးသမီးမှာ အသက် ၅၀ ကျော်ကျော် ဖြစ်မည်။ အသားညိုညို။ သနပ်ခါးပါးကွက်တို့ သည် မဝိုင်းတဝိုင်း ရှိသော မျက်နှာထက်ဝယ် ဝင်းဝင်းဝါဝါ နေရာယူလျက်။ မျက်နှာထားက ခပ်ပြုံးပြုံး။

ငြိမ်းနှင့် မသန္တာခိုင်သည် မျက်လုံးချင်း စူးစိုက်ဆုံကာ စက္ကန့်ပိုင်းမျှ အသံတိတ် စကားဆိုနေမိကြသည် ။ နောက် နှစ်ဦးသာ နားလည်သော ဘာသာစကားနှင့် ငြိမ်း ခေါင်းညိတ်ပြလိုက်သည် ။

သို့သော် မသန္တာခိုင်က ပါးစပ်ပြင်လိုက်ရုံရှိသော ဆိုင်ရှင်အမျိုးသမီးက " လာလေ့လာတာလား" ဟု စကားဆက်ရန် အစပျိုးလိုက်ပါသည် ။

" လာလေ့လာမှာ လဲ၊ စပါးစိုက်တာလား၊ တောင်ယာ လုပ်တာလား၊ ခေါက်ဆွဲ ရောင်းတာ ဆိုရင်တော့ အဒေါ် ပြောပြမယ်လေ"

ဆိုင်ရှင်သည် သူ့ဘာသာ ပြောကာ ရယ်မောနေပါသည် ။

"စပါးစိုက်တာ၊ တောင်ယာလုပ်တာလည်း ပါမှာ ပေါ့၊ ခေါက်ဆွဲရောင်းတာလည်း ပြောပြရင် ကောင်းတာပေါ့ နော့ ငြိမ်းရယ်"

ငြိမ်းသည် ပြုံးလျက်ပင် -

"အဲဒါတွေလည်း ကျွန်မ သိချင်ပါတယ် အဒေါ်၊ ဒါပေမဲ့ တကယ်တမ်း ကျတော့ ကျွန်မ ရေးချင်တာက တခြားအကြောင်းပါ"

"ဟယ် .... ရေးချင်တယ်ဆိုတော့ စာရေးဆရာလား"

မွန်းတည့်ချိန်ပင် ရောက်တော့မည်မို့

ဆိုင်မှာ ငြိမ်းတို့ ကလွဲ၍ စားသုံးသူမရှိပါ။ သ
ည် တော့လည်း ဆိုင်ရှင်မှာ အားလုပ်နေပုံနှင့်
စကားဆိုရန် အသင့်ဖြစ်နေဟန် ရှိပါသည် ။ မ
တ်မတ်ရပ်ကာ ခေါက်ဆွဲဖတ်များကို မကပ်စေ
ရန် အသာဆွဲခါရင်းနှင့်ပင် ငြိမ်း၏ စကားကို
စောင့်စားနေဟန်။

"မဟုတ်သေးပါဘူး အဒေါ်ရယ်၊ ခုမှ ရေးမ
လို့ ကြိုးစားနေတာပါပဲ ဒီက ပြန်တော့
ရေးမှာ ပေါ့"

"ဒါဖြင့် တို့ သစ်စုရွာအကြောင်းပေါ့ နော့"

"သစ်စုရွာလည်း ပါမှာ ပေါ့ အဒေါ်ရဲ့ "

"ဝမ်းသာလိုက်တာကွယ်၊တို့ ရွာအကြောင်း
ဆိုရင်တော့ စာအုပ်လေး ပို့လိုက်ဦး၊ ဖတ်ရ
အောင်"

ငြိမ်းသည် ပြုံး၍ ငြိမ်နေသော ဆိုင်ရှင်ကိုပင်
စကားဆက်ပြန်ပါသည် ။

"ပြောမယ့်သာပြောတာ သမီးရဲ့ ၊ အဒေါ်တို့
က စာတွေ ဘာတွေလည်း မဖတ်ဖြစ်ပါဘူး၊ ဖ
တ်လည်း ဖြည်းဖြည်းပဲ ဖတ်နိုင်တာ၊ အဒေါ်တို့
ငယ်တုန်းကတော့ နှစ်တန်းလောက်နေပြီး ရေး
တတ် ဖတ်တတ်ရင်ပဲ ကျောင်းထွက်ရတာ မ
ဟုတ်လား"

"ဖတ်တတ်ရင်ပဲ ဝမ်းသာစရာပေါ့ အဒေါ်ရ
ယ်၊ ကျွန်မအဘွားဆို သေသာသွားတယ်၊ စာတ
စ်လုံးတစ်လုံး ပုတ်လောက် ရေးပြရင်တောင်
ဘာမှန်းမသိဘူးကော"

မသန္တာခိုင့် အပြောကို ငြိမ်းရော ဆိုင်ရှင်ပါ
ပြုံးမိကြသည် ။

"အခု မြေးတွေအလှည့်ကျတော့ ကိုယ့်တုန်း

ကလို၊ သမီးတွေတုန်းကလို မဖြစ်စေချင်ဘူး လေ၊ ဒါကြောင့် အဘွားကရော၊ မိဘကရော ကြိုးစားပြီး ကျောင်းထားတာ စာကြိုးစားပါ ပြောပြောနေရတယ်၊ အံမယ် မြေးအကြီးကော င်က ခု သုံးတန်းတောင် ရောက်ပြီလေ"

'သုံးတန်းတောင်' ဆိုသောစကားသံကို ငြိမ်း သဘောကျနေသည် ။ အတန်းကသာ သုံး တန်း၊ လေသံကတော့ 'ဘွဲ့ရပြီလေ' ဟု ပြောရ သည့်သဖွယ် ဂုဏ်ယူသံအပြည့်ပါကာ ချစ်စဖွ ယ် ရှိလှပေသည် ။

ဆိုင်ရှင် ရောက်တတ်ရာရာ ဆက်ပြောနေ သည် ကို မသန္တာခိုင်က စကား ထောက်ထော က်ပေးနေသည် ။ နာရီဝက်မျှ ကြာမြင့်သည့် ဆို င်ထိုင်ချိန်မှာ ခေါက်ဆွဲတစ်ပွဲစီ ကုန်သည် ။ တို့ ဟူးကြော် နှစ်ပွဲ စားလိုက်ကြသည် ။ မှာ စားရ တာနှင့် မကာမိအောင်ပင် ဆိုင်ရှင်နှင့် ရင်းနှီးမှု ကို ငြိမ်းတို့ ရခဲ့ပြီ။

ငြိမ်းတစ်ယောက်တည်းဆိုလျှင် သည် စခန်းအထိ ဆိုက်မည်မဟုတ်။ ဒေသခံတစ် ယောက်ဆိုသော အရှိန်နှင့် မသန္တာခိုင်အပေါ် ယုံကြည်မှုက ငြိမ်း အတွက် တစ်တပ်တစ်အား ဖြစ်စေပါသည် ။

"သူ ရေးချင်တဲ့ အကြောင်းက ဟိုတုန်းက အကြောင်းပေါ့ အဒေါ်ရယ်၊ ဒီရွာမှာ ရှိတဲ့ လူကြီးတွေ သူတွေ့ချင်တာ ရှိတယ်၊ အဲဒါ အ ဒေါ်များ သိမလား၊ သိရင်လည်း ပြောပြကူညီ လိုက်ပါဦး နော့"

ငြိမ်းသည် လေသံဝဲဝဲနှင့် ဆိုနေသော မသ န္တာခိုင်၏ စကားသံများကို ရေနွေးပူပူ မှုတ် သောက်ရင်းက နားစွင့်နေပါသည် ။

မီး၊ အဒေါ် သိရင် မကူညီဘဲ ဘယ်နေမလဲ၊ ကိုယ့်ဆီ လာတဲ့ ညှေ့သည် ကို"

ဆိုင်ရှင့်အကြည့်မှာ ငြိမ်းထံ ရွေ့လာ၏။ ငြိမ်းသည် အိတ်ကို ဇစ်ဖွင့်၍ မှတ်စုစာအုပ် ထုတ်လိုက်သည် ။ ဘောပဲန်နှင့် ညှပ်ထားသော နေရာသို့ တန်း၍ လှန်လိုက်ပါသည် ။

တရားလိုပြသက်သေ၏ အမည်ကို အရင်ပြောရမည်။ အလောင်းတွေ့သူကတော့ ငြိမ်း ဆုံးဖြတ်ခဲ့ဖူးသလိုပင် သိပ်အရေးမကြီးလှ။ ဆိုင်ရှင်ထံက ရသည့် အချက်အလက်ကိုတော့ သည် စာမျက်နှာလွတ်မှာ စမှတ်ရလိမ့်မည်။

"တစ်ယောက်က ဦးဘမင်းတဲ့ အဒေါ်ရဲ့ ၊ နောက်တစ်ယောက်ကတော့ ဦးထွန်းသာ ဆို

"ဦးဘမင်း၊ ဦးထွန်းသာ" ဟု ဆိုင်ရှင်က တစ်ခွန်း ရေရွတ်သည် ။ မျက်မှောင်ကြုတ်သည် ။ နောက်တော့ လက်ခနဲ ပြုံးကာ

"သိတာပေါ့၊ မသိ ရှိမလား၊ ရွာမှာ က အမျိုးဟုတ်ရင် ဟုတ်၊ မဟုတ်ရင်လည်း အမျိုးလို နေတဲ့ သူချည်းပဲ"

ငြိမ်းသည် ဆိုင်ရှင့်မျက်နှာကို စူးစိုက်ကြည့်ကာနေသည် ။ တစ်ချက် အကြည့်မလွှဲ။ အတွင်းစိတ်၌ လှုပ်ရှားစပြုလာပုံကိုမူ ကိုယ့်ဘာသာ သိနေသည် ။

မျှော်လင့်ခဲ့သောအချိန်အခါသည် ငြိမ်းရှေ့မှောက်သို့ မကြာမီ ဆိုက်ရောက်ပေတော့မည်။

***

ဝါးလုံးကြီးနှစ်လုံးကို ဘေးတစ်ဖက်တစ်ချက်က ရံကာ အလယ်တွင် ပျဉ်ခင်းနှောင်ပြီး သစ်သားချောင်းများအား အထစ်သဏ္ဍာန် ပြုလုပ်ထားသော၊ လက်ရန်းမပါသော လှေကားပေါ် သတိထား တက်လာရသည့်ငြိမ်းသည် ကြမ်းပြင်ပေါ် ရောက်၍ ဝမ်းသာအားရ ခြေချမိခါမှ ဝါးကြမ်းခင်းမို့ လူက အိခနဲ ယိုင်ခနဲပင် ဖြစ်ရလေသည် ။ ဝါးကြမ်းခင်းသည် ခြေချလိုက်တိုင်းပင် ကျွိခနဲ မြည်၏။

လှေကားက တက်လျှင် တက်ချင်းပင် ညှော်ခန်း ဆိုရမလား မသေချာသောအိမ်ရှေ့ခန်းသို့ တန်း၍ ရောက်တော့သည် ။ အိမ်ဦးက တိုင်မှ

စင်ရိုက်၍ ပြုလုပ်ထားသော ဘုရားစင်ကို တွေ့ရသည် ။ ဘုရားပုံတော်ရှေ့က ညောင်ရေအိုးများမှာ တော့ သပြေပန်းတို့ သည် လန်းဆန်းလျက်။

ညဆိုလျှင် ခင်းကာချကာ အိပ်၍ နေ့ခင်းဘက်မှာ ပုံကာထပ်ကာ သိမ်းထားဟန်တူသော အိပ်ရာ၊ စောင်၊ ခေါင်းအုံးတို့ ကိုတော့ အခန်းထောင့်မှာ အပုံလိုက် တွေ့ရလေသည် ။ အားလုံးသည် ဟောင်းနွမ်းခြင်းကို အသရေလိုဆောင်လျက်။ အိမ်ရှေ့ခန်းတွင် ဖျာတစ်ချပ် ချခင်းထားသည် ။ ဖျာပေါ်မှာ တော့ ကွမ်းအစ်တစ်လုံး တွေ့ရသည် ။ လူကတော့ အရိပ်အယောင်ပင် မမြင်ရ။

ပိတ်ပါးစ ခန်းဆီး ကာရံသော အိပ်ခန်းသို့ ငြိမ်းတို့ ပြိုင်တူလိုပင် လှမ်းကြည့်မိကြသည် ။

သို့သော် ထိုအခန်းမှာ လည်း လူတစ်ဦးတစ်ယောက်မျှ မရှိသလိုပင် တိတ်ဆိတ်လျက်။

အိမ်နောက်ဘက်မှာ တော့ အိမ်ရှေ့ခန်းထက် တစ်ထွာကျော်ကျော် နိမ့်ထားသည့် မီးဖိုခန်းရှိသည် ။ မီးဖိုခန်းခေါင်မိုးမှာ ကျပ်ခိုးနှင့် မှောင်လျက်။ မီးဖိုခုံတစ်ဝိုက်တွင် ပြာမှုန်တို့ ထူထူလွှင့်လွှင့်။ မီးတော့ ငြိမ်းထားပြီ။ ဖိုခနောက် ထက်ဝယ် မည်းမည်းမှောင်သော ကရားအိုးတစ်လုံး တင်ထားတာ တွေ့ရသည် ။

"ဦးလေး ဦးဘမင်းရေ" ဟု မသန္တာခိုင်က အသံပြုလိုက်ပါသည် ။

အခန်းထဲက လူပ်ရှာသံသဲ့သဲ့။ 'ဟော' ဟု ငြိမ်းတို့ နှစ်ဦး အသံပြုမိကြသည် ။ သို့သော် အသံမှာ ငြိမ်သွားပြန်သည် ။ မသန္တာခိုင်က နောက်တစ်ကြိမ် အသံပြုလိုက်ပြန်ပါသည် ။

"ဘာကိစ္စ ရှိလို့ လဲ"

အသံသည် အခန်းတွင်းက မလာ။ ခြံဝက လာပေသည် ။

အိမ်ရှေ့ခန်းမှာ ဝါးကပ်ကို ခပ်ကျဲကျဲ ကာရံထားသည် ဖြစ်၍ ခြံဝမှ အမျိုးသမီးတစ်ယောက် ဝင်လာပုံကို မြင်ရပါသည် ။ အသက် ၄၀ ဝန်းကျင်ဖြစ်မည်။ ဝါးခမောက်ဆောင်းကာ ပခုံးထက်မှာ တော့ ခြင်းတောင်းနှစ်လုံးကို ထမ်းပိုးနှင့် ရှေ့နောက် ချိတ်ထမ်းကာ မောပန်းသည့် အသွင်ဖြင့် ခြံဝင်းအတွင်းသို့ ဝင်လာပေသည် ။

အမျိုးသမီးသည် ခြင်းတို့ ကို အိမ်အောက်မှာ ထားကာ လှေကားက တက်လာနေပြီမို့ နှစ်ဦးသား လှေကားဘက်ကိုပင် မျက်နှာမူ၍ စောင့်ဆိုင်းနေမိကြသည် ။

"ဘာကိစ္စရှိလို့ လဲ"

ဟု ကြမ်းပေါ် ခြေချလျှင် ချချင်းပင် အမျိုးသမီးက ထပ်မေးလိုက်ပါသည် ။

"ဦးလေးဦးဘမင်းနဲ့ တွေ့ချင်လို့ ပါ အစ်မရေ၊ ကျွန်မက မြိုင်သာယာကပါပဲ၊ သန္တာခိုင်လို့ ခေါ်ပါတယ်၊ ဒီက ညီမလေး ခင်ငြိမ်းချမ်းကတော့ ရန်ကုန်က လာတာပါ၊ ဒီညီမလေးက ဦးလေးဦးဘမင်းနဲ့ တွေ့ချင်တယ်ဆိုလို့ ကျွန်မ လိုက်ပို့တာပါ"

"ဩော်" ဟု ဆိုလိုက်သော အမျိုးသမီး၏ မျက်နှာပေါ်ဝယ် အံ့သြမှုသည် အရိပ်များ သဖွယ် တဖျပ်ဖျပ် ပြေးနေသည် ။ ရန်ကုန်နှင့် သူ့ဖခင်ကို အပြင်းအထန် ဆက်စပ် စဉ်းစားနေပုံနှင့် မျက်မှောင်များ ပင် ကြုတ်လျက်။ နှာခေါင်းကို အသံမြည်အောင်ပင် တစ်ချက် ရှုံ့လိုက်ပါသည် ။

"ကျွန်မ အဖေကို ဘာဖြစ်လို့ တွေ့ချင်ရတဲ့ လဲ"

အင်း .... ဆန်းပဲ ဆန်းတဲ့ စကားပြောပုံ။

သူသည် ငြိမ်းကို တည့်တည့်မမေး။ မသန္တာခိုင်ကိုသာ မေးပါသည် ။ 'တဲ့ လဲ' ဆိုသော နေရာရောက်တော့မှ ငြိမ်းထံ လှမ်းကြည့်ပါသည် ။ ခုချိန်အထိ မျက်မှောင်ကြုတ်ပုံ မပျောက်။ ဆန်းလှချည့်ဟု တွေးနေလေမလား။

"ကျွန်မ က ဟိုးအရင်က ဒီနေရာမှာ ဖြစ်ခဲ့ဖူးတဲ့ အမှုတစ်ခုအကြောင်း ပြန်လေ့လာနေတာပါ အစ်မ၊ အဲဒီအမှု ..... အဲဒီအမှုန်တုန်းက ဦးလေးဦးဘမင်းက မျက်မြင်သက်သေဆိုလို့ နည်းနည်း မေးကြည့်လို့ ရမလားလို့ ပါ"

အမျိုးသမီး မျက်မှောင်ကြုတ်မြဲ ကြုတ်ကာ စဉ်းစားဟန်ပြုသည် ။ နောက်တော့ အဖြေရ

617/97

သွားသလို 'ဩော်' ဟု ရေရွတ်လိုက်ပါသည် ။ နဖူးပြင်ဝယ် စို့နေသော ချွေးတို့ ကို လက်ဝါးနှင့်သပ်ချကာ 'ထိုကြဦး' ဟု တိုတိုတုတ်တုတ်ဆိုပြီး မီးဖိုခန်းသို့ ဆင်းသွားသည် ။ ခမောင်ကို ဝါးထရံမှာ ထိုးစိုက်ထားသည့် တုတ်ချောင်းတွင် ချိတ်လိုက်သည် ။

ငြိမ်းသည် မီးဖိုပေါ်ရှိ ကရားအိုးထဲက ရေနွေးဖြူကို နောက်ကရားအိုးတစ်ခုထဲသို့ အမျိုးသမီး ဖြည့်နေပုံ၊ ရေနွေးခွက်ကို ပန်းကန်စင်က လှမ်းယူကာ ကြွေရည်သုပ် လင်ပန်းတစ်ချပ်ပေါ်တွင် တင်ပြီး အိမ်ရှေ့ခန်းသို့ ပြန်တက်ကာ ပုံကို ငေးနေသည် ။ ငြိမ်းတို့ ထိုင်နေရာဖျာပေါ်သို့ပင် 'ရေနွေးသောက်ကြပါဦး' ဆိုကာချပေးလိုက်ပါသည် ။

"ကျွေးစရာတော့ ဘာမှ လည်း မရှိဘူး"

သူ့စကားမှာ ဟန်လုပ်ကာ ပြောခြင်း မဟုတ်။ တကယ့် ဝမ်းထဲက အသံ။ သို့သော် လေသံသည် ပျော့ပျောင်းခြင်း မရှိပါ။ မျက်နှာအမူအရာမှာ လည်း ပျော့ပျော့ပျောင်းပျောင်း မရှိလှပါ ။ တစ်သက်တာပတ်လုံး သည် အသံ၊ သည် ဟန်တို့ နှင့်ပင် ကြီးပြင်းကျင်လည်ခဲ့ပုံရပါသည် ။

မသန္တာခိုင်သည် ရေနွေးခွက်များ ထဲ ရေနွေးဖြည့်ကာ တစ်ခွက်စီ ကမ်းပေးသည် ။ အခန်းထဲက လှုပ်ရှားသံတစ်ချက် ထပ်ပေါ်တော့ နှစ်ဦးသား မျက်လုံးချင်း ဆုံမိကြသည် ။ အခန်းထဲက ဘယ်သူများပါလိမ့်။ ဦးဘမင်းကိုခုထိ မတွေ့ရ။ ဘယ်မှာ နည်း။ ဦးဘမင်း ဘယ်မှာ ပါသနည်း။

အမျိုးသမီးသည် အိပ်ခန်းဘက်သို့ တစ်ချက်ကြည့်ကာ 'ကျွန်မအဖေ နေမကောင်းဘူး'

ဟု စကားချိုးပင် မခံဘဲ ဆိုလိုက်ပါသည်။

"ဦးလေးဦးဘမင်း နေမကောင်းဘူး"

"ဟုတ်ပ့ါ၊ နေပါဦး နင့်နာမည်က ခင်ဘယ်သူ ..."

"ခင်ငြိမ်းချမ်းပါရှင့် "

"ဪ အေး ... ခင်ငြိမ်းချမ်း၊ ကျွန်မကတော့ မခင်ရီတဲ့ ၊ ပြောပါဦး ကျွန်မအဖေအကြောင်းကို ဘယ်လို လုပ်သိသလဲ၊ ဒီအမှု ဆိုတာရော ဘယ်က ကြားလို့ တဲ့ လဲ "

ကြိုတင် တွေးမထားသော မေးခွန်းများ မို့ ငြိမ်း တစ်ချက်မျှ တွေဝေရပါသည် ။ စိတ်ကူခရီးနှင့်တုန်းကတော့ သူကသာ မေးခွန်းများ မေးလိုက်မည်၊ တစ်ဖက်က မေးလျှင် ဘာပြန်ဖြေရပါ့ဆိုတာမျိုး မပါ။ 'တဲ့ လဲ' ဆုံးပေ မယ့် ငြိမ်းကိုပင် တည့်တည့်ကြည့်ကာ မေးနေသူမို့ အကြည့်ချင်း ရင်ဆိုင်ရင်းကပင် စိတ်ထဲ စကားလုံးများ အပြေးအလွှား စီရသည် ။

မသန္တာခိုင်သည် ငြိမ်းတစ်ယောက် စိတ်ရှိတိုင်း အေးအေးလူလူ ပြောနိုင်ရန် ရည်ရွယ်လေသလား မသိ။ အိမ့်အပြင်သို့ ငေးဟန် ပြုနေပါသည် ။

"မြိုင်သာယာက ပြောင်းလာတဲ့ အသိတစ်ယောက်ဆီက သိရတာပါ အစ်မ၊ သူကလည်း အဲဒီတုန်းက စိတ်ဝင်စားလို့ တရားရုံးမှာ အမှုစစ်တော့ သွားသွားနားထောင်တယ်တဲ့ ၊ တရားရုံးက စာလည်း ကူးထားတာပေါ့လေ၊ သူ့ဆီက ရတဲ့ စီရင်ချက်ထဲက လူတွေကို ကျွန်မ လာမေးတာပါ"

ငြိမ်းသည် ဖြစ်လိုရာ ဖြစ်စေတော့ဟု စိတ်ပိုင်းဖြတ်ကာ ပါးစပ်ထဲ ရောက်လာသောစကားများကို ပြောချလိုက်ရပါသည် ။ မခင်ရီသည် ခေါင်းတညိတ်ညိတ်နှင့် 'သြော်' -ဟု ဆိုသည် ။ ငြိမ်း၏ စကားကို လက်ခံပုံပြပါသည် ။

"အခုလို လာမေးတော့ အဖေတစ်ယောက်တည်းကို မေးဖို့ လား"

" မဟုတ်ဘူး ရှင့်၊ ဦးလေးဦးထွန်းသာကိုလည်း မေးမှာ ပါ"

"ဦးထွန်းသာက ဒီမှာ မှ မနေတော့ဘဲ၊ ချောင်းဖြူကို ပြောင်းသွားတာ ကြာပဲ ကြာလှပေါ့၊ တို့ သစ်စု လွန်ပြီး နှစ်ရွာလောက် ကျော်ရင် ချောင်းဖြူရောက်တယ်၊ မိန်းမဆုံးပြီးကတည်းက သမီးအိမ် သမက်အိမ် လိုက်နေတာပ"

"ဟုတ်ကဲ့၊ ခေါက်ဆွဲဆိုင်က ဒေါ်အုံ ပြောပြပါတယ်၊ ဒီအိမ်ကိုလည်း သူပဲ ညွှန်လိုက်တာ"

"သြော် ... ဒေါ်အုံ ပြောသလား"

ငြိမ်း ခေါင်းညိတ်လိုက်ပါသည် ။

"အေးလေ မေးချင်တယ်ဆိုတာက ဟုတ်ပြီ၊ အဖေက နေမကောင်းတော့ ဘယ်လို မေးရမှန်းတောင် မသိဘူး"

"ဘယ်လို နေမကောင်းတာလဲဟင်၊ မထနိုင် မပြုနိုင် အဲဒါမျိုးလား"

"လေဖြန်းတာလေ၊ တစ်နှစ်လောက် ရှိပြီ၊ စကားပြောရင် ဗလုံးဗထွေးနဲ့ ၊ ကျွန်မတစ်ယောက်ပဲ မနည်း နားထောင်လို့ ရတာ၊ ဒါလည်း တစ်ခွန်း၊ နှစ်ခွန်းပဲ ပြောတာပဲ၊ သိပ်မပြောဘူး တစ်ခါ တစ်ခါကျ အဖေလည်း သူပြောချင်ရာ ပြော၊ကျွန်မလည်း ကိုယ် ကြားချင်တာ ကြား

တာပဲ အေးရော"

ငြိမ်းသည် စတွေ့သည့် မှ ပထမဆုံးအကြိမ် အဖြစ် ရှားရှားပါးပါး တစ်ချက် ပြုံးလိုက်သော မခင်ရီ၏ မျက်နှာကို ဟာခနဲ ဖြစ်သော ရင်နှင့် ကြောင်ငေးနေပါသည် ။ ဒေါ်အုံကလည်း နေမကောင်းတာ ကြာပြီ ပြောလိုက်သား။

သို့သော် ဘယ်လို အဖြစ်မျိုးနဲ့ ကြုံရဖို့ ခတ္ ငြိမ်း မမျှော်လင့်ခဲ့ချေ။ နှစ်ဦးတည်းသာ ရှိသော သကာသ်သေမှာ တစ်ဦးနှင့် တွေ့ခွင့်ရဖို့ ခရီးထပ်ဆက်ရဦးမည်။ တစ်ဦးကလည်း စကားမပေါက်လှပါတဲ့ ။ ငြိမ်း ဘာလုပ်ရမည်နည်း။

"နေဦး၊ အဲဒီအမှုက ကြာပဲ ကြာလှပြီကော"

ငြိမ်း ခေါင်းညိတ်ရပြန်ပါသည် ။

"ဟုတ်တယ် အစ်မ၊ ဆယ့်ရှစ်နှစ်ကြာပါပြီ"

"မေးတာတော့ ဟုတ်ပါပြီ၊ မေးပြီး ဘာလုပ်မလဲ"

"ကျွန်မ စာရေးမှာ ပါ"

မခင်ရီ၏ မျက်လုံးများ တစ်ချက်မျှ လက်၏ ။

"စာရေးဆရာပေါ့ နော့"

"အဲဒီလိုလည်း မဟုတ်သေးပါဘူး အစ်မရယ်၊ ကြိုးစားတုန်းပါ"

"ဟုတ်ပါပြီလေ၊ မေးတာက ထားပါဦး၊ တခြားဟာ ရေးလို့ မရဘူးလား၊ ဒီဟာမှ လား"

"ကျွန်မကလည်း ဒီအမှုကို စိတ်ဝင်စားတာကိုး အစ်မရဲ့ ၊ ငယ်တုန်းက စာဖတ်ရင်လည်း စုံထောက်ဝတ္ထုတွေ ဘာတွေမှ ဖတ်ချင်တာ၊ မှုခင်းတွေ ဘာတွေဆိုရင် ပိုပြီး စိတ်ဝင်စားတယ်

ဒါကြောင့်ပါ"

မခင်ရီသည် 'သြော် သြော်' ဟု အာမေဍိတ်ကို နှစ်သံဆင့်လိုက်ပါသည်။

ငြိမ်းသည် သူ့မျက်နှာကို စူးစိုက်သည်လည်း မဆိုသောစေရဘဲစကားပြောရင်း အကဲခတ်နေသည်။ ရိုးစင်းပုံလည်း ရ၊ သဘောမနေကောင်းပုံလည်း ရပါရဲ့။ သို့သော် စိမ်းသက်သော အငွေ့အရိပ်လည်း အရှင်း မပျောက်သေး။ သူစိမ်းညှို့သည် တို့ အပေါ် ယုံကြည်စိတ်ကို မရဲတရဲ ထားကြည့်နေပုံရပါသည်။

"အခု ကျတော့ အစ်မ အဖေကစကားများများ မပြောနိုင်ဘူးဆိုတော့ ကျွန်မအားကိုးရမယ့်လူက အစ်မပဲ ကျန်တော့တယ်"

"ဦးထွန်းသာကိုလည်း မေးဦးမလို့ ဆို"

"တစ်ယောက်တည်းတော့ ဘယ်လိုမေးရမလဲ အစ်မရယ်၊ များများ မေးနိုင်လေ ကောင်းလေပေါ့၊ အစ်မလည်း မှတ်မိမှာ ပါ၊ နည်းနည်းချင်းပဲ ဖြစ်ဖြစ် ပြောနိုင်သလောက် ပြောပေးပါလားဟင်"

မခင်ရီသည် ဖျာစကို လက်နှင့် ခြစ်နေသည်။ တွေဝေနေပုံ ရပါသည်။ တစ်ခဏမျှ ကြာလျှင် "ပြောတာက ဘာဖြစ်မလဲ၊ စိတ်မကောင်း စရာမို့လို့ ပြန်မပြောချင်တာပဲ ရှိတာ၊ အဝေးကြီးက လာတာဆိုတော့လည်း အားနာလို့ ပြောပြလိုက်ပါ့မယ်လေ"ဟု စကားစလိုက်ပါသည်။

ငြိမ်းသည် ခါးကို ဆတ်ခနဲ မတ်ကာ မျက်တောင်ပင် မခတ်တတ်တော့သလို မခင်ရီ၏ မျက်နှာကို ခပ်စူးစူး ငေးစိုက်နေသည်။

"အေး... အဲဒီတုန်းက ကျွန်မ အသက် နှစ်

ဆယ်ကျော်ပေါ့၊ ရွာမှာ ဒါမျိုး လူသတ်ပြီး ပစ်ထားတယ်ဆိုတာ မရှိဖူးဘဲကိုးနော့၊ တစ်ခါတည်း တစ်ရွာလုံး တစ်နေကုန် ဒီအကြောင်းပဲ ပြောကြတာ၊ ညညဆို အဲဒီတောထဲက ဘယ်သူမှ မဖြတ်ချင်ကြဘူး၊ ညနေစောင်းလို့ လယ်တောက ပြန်ရင်တောင် လူစုပြီး ပြန်ကြတာပေါ့"

မခင်ရီသည် သူ တွေ့မြင်ဖူးခဲ့သော အတိတ်ဆီ ပြန်ငေးသလိုပင် ထရံကွက်ကျဲကြားမှ ခြံဝသို့ မျှော်သည် ။ နောက် စကားဆက်လိုက်ပြန်သည် ။

"သေတဲ့ ကလေးလေးက အဲဒီတုန်းက နှစ်လလောက်ရှိ ထင်တာပ။ ကျွန်မတို့ ရွာမှာ ရေခဲချောင်း လာလာရောင်းတာလေ၊ ကျွန်မတို့ ရွာတင် မဟုတ်ဘူး ၊ အောင်မြင်၊ သာယာကုန်းက နေ စရောင်းလာတာဟဲ့ ၊ ရွာထဲမှာ ကလေးငယလင်နဲ့ အသံကြားပြီဆို သူ လာပြီပဲ၊ ကလေးလေးတွေဆို အိမ်ထဲကနေ ပြေးထွက်ရောပဲ ရေခဲချောင်း စားဖို့ လေ၊ ကျွန်မတောင် ခဏ ခဏ ဝယ်စားဖူးသေးတယ်၊ ကြိုက်လို့ တော့ မဟုတ်ပါဘူး၊ ဒီကလေးကိုမြင်ရင် ဘာလို့ မှန်း မသိဘူး ဝယ်ပေးချင်လို့ နော့၊ သူ့ကို မေးတော့ မြိုင်သာယာက လာတာတဲ့ ၊ ဒီလောက် အဝေးပြီး ပင်ပန်းတာပေါ့ ဆိုတော့ မြိုင်သာယာမှာ ရောင်းတဲ့ သူ များ တယ်၊ ရောင်းမကောင်းဘူး၊ အမြတ်နည်းတယ်တဲ့ ၊ ဒီဘက်ကျတော့ ဈေးလည်း နည်းနည်းပိုရတယ်၊ အကုန် ကုန်တယ်တဲ့ ၊ ဒီလောက် ပိုက်ဆံရှာချင်တာ ဘာလုပ်ဖို့ လဲ ဟယ် ဆိုတော့ ကျွန်တော်က ကျောင်းပြန်ဖွင့်ရင် ရှစ်တန်းတဲ့ ၊ ကျူရှင်တက်ရမှာ တဲ့ ၊ အဖေနဲ့ အမေက ဆင်းရဲတော့ မတောင်းချင်ဘူးတဲ့ ၊

ဟယ် ကျွန်မနားထဲမှာ သူ့အသံလေး ခုထိ မတွေ့ က်ဘူး၊ သူ သေတယ် ဆိုတဲ့ နေ့က အလောင်း တော့ မတွေ့လိုက်ရပါဘူး၊ ဓားဒဏ်ရာတွေ ရော၊ တုတ်ဒဏ်ရာတွေရော ပွလို့ တဲ့ ၊ အဖေ တို့ ပြောပြတာ ကြားရတာနဲ့ တင် ကျွန်မ ငို တာပ"

ပြောရင်း ဆိုရင်းပင် အသံ တုန်ခိုက်ကာ မျက်ရည်ဝဲလာပါပကော။ ခုပင် ထရံကွက်ကြားက မြင်ရသော လမ်းမထက် ရေခဲချောင်း ရောင်းသူလေး ပေါ်လာတော့မလိုလို။ ရေခဲချောင်း ခေါင်းလောင်းသံလေး ကြားရတော့မလိုလို။ မခင်ရီသည် ရီရီမှုန်မှုန် ငေးလျက်ပင်။

ငြိမ်းသည် အလာခရီးတုန်းက စိတ်မှန်းနှင့် မြင်ခဲ့ဖူးသော ကောင်ကလေးကို တစ်ဖန် မြင်ယောင်ကာ နောက်ခံစကားပြော စွက်သည့် ရုပ်ရှင်ဇာတ်ဝင်ခန်းတစ်ခု ကြည့်နေရသလို ရင်၌ ဆို့ဆို့နင့်နင့် ဖြစ်လာပါသည် ။

ငြိမ်းတို့ စောစောက ဖြတ်လာခဲ့သော လမ်းသွယ်များ ထက်ဝယ် သူ စက်ဘီးကလေး နင်းလာလိမ့်မည်။ ရေခဲချောင်းပုံးလေး တင်ကာ လက်တစ်ဖက်တော့ ခေါင်းလောင်းကလေး ခေါက်ကာ ခေါက်ကာ ။ ခေါင်းလောင်းသံသည် သူ့စက်ဘီးကလေး တွန်းသွားသည့်နောက်မှာလည်း လေထဲဝယ် အချိန် အတန်ကြာ လွင့်နေခဲ့မှာ ပင်။

"အဲဒီတုန်းက ... အဲဒီတုန်းက အစ်မအဖေက အလောင်းပါ တွေ့လိုက်တာပေါ့နော်"

"တွေ့တာပေါ့၊ ဒါပေမဲ့ အလောင်းစတွေ့တာ အဖေတော့ မဟုတ်ဘူး ၊ ရဲတွေ ဘာတွေ သွားခေါ်တုန်း ရွာက လူတွေနဲ့ အလောင်း စော

ငွေပေးကြတာပေါ့၊ အဖေဆိုတာလေး တစ်ပတ်၊ နှစ်ပတ် ဒီအကြောင်း ပြောမပြီးဘူး၊ အဖေတင် မဟုတ်ပါဘူးလေ၊ တစ်ရွာလုံးပါပဲနော့၊ အဲဒီက လေးလေးအကြောင်း နေ့တိုင်းလိုလိုပဲ ပြောကြတာပဲ၊ ကျွန်မဆို ဖြစ်ပြီးပြီးချင်း သုံး၊ လေးရက်ဟာ ဘယ်လိုမှ အိပ်မပျော်ဘူး၊ သူ မျက်လုံးပိတ်အောင် ရယ်တာလေးပဲ ပြန်မြင်နေတယ်၊ ဩော် ... အခုနေတော့ သူ့ခမျာ ဘဝ ဘဝက ပါလာတဲ့ ဝဋ်ကြွေးဆပ်ရတာပဲလို့ တွေးတတ်ပြီပေါ့၊ အဲဒီတုန်းကတော့ ဒါမျိုး ဘယ်တွေးမလဲ၊ လူသတ်သမားကို ပြန်သေစေချင်လိုက်တာ ဆိုတာ မပြောပါနဲ့ တော့"

'လူသတ်သမား' ဆိုသော စကားလုံးကို ကြားမှ ပင် ငြိမ်သက်နေရာက ငြိမ်း ဆတ်ခနဲ လှုပ်ရှားလာရပါသည် ။ လာရခြင်း အကြောင်းရင်းကိုပင် မေ့တော့မလို့ စကားပြောရာ မျှောခဲ့ပြီ။ အာရုံကို တစ်ဖန် စုစည်းကာ စီရင်ချက်ထဲက စကားလုံးတို့ ကို တွေးယူရသည် ။

'ဦးဘမင်း(လိုပြ-၃) က တာရာ အသတ်ခံရသည့်နေ့တွင် တောသို့သွားရာ အလောင်ကို တွေ့သော လမ်းအတိုင်း သွားရာ လူစိမ်း (၂)ဦး တွေ့ပြီး ....'

"အစ်မအဖေက လူသတ်သမားကို တွေ့ခဲ့တာဆို၊ ဟုတ်လား"

မခင်ရီသည် ခြံဝသို့ ငေးမျှော်နေသော မျက်လုံးများကို ငြိမ်းထံ ရွှေ့လိုက်ပါသည် ။ သူ့မျက်လုံးအိမ်တွင် မျက်ရည်ဝေဆဲ။ သူ့မျက်လုံးအိမ်တွင် မျက်ရည်ဝေဆဲ။ အတိတ်ကို နာနာကျင်ကျင် ပြန်သတိရဆဲ ဖြစ်မည်။ သွေးမတော် သားမစပ် ကလေးတစ်ယောက်အပေါ် နှစ်များ

ကွာ ကြာအောင် သတိရနေပုံမှာ ငြိမ်းအတွက် ဆန်းလည်း ဆန်း၊ ခံစားမှုလည်း တစိမ့်စိမ့် ကူးလူးရပါသည် ။ သူတို့ နယ်ဒေသဝယ် ဝမ်းန ည်းကြေကွဲဖွယ် ဖြစ်ရပ်သည် ရုပ်ရှင်ပမာ ဖြစ် ပွားပေါ်ပေါက်ခဲ့သည် မို့ နှစ်အတန်ကြာလည်း နှုတ်ထဲ စိတ်ထဲ စွဲကျန်ရစ်ခဲ့ပါလိမ့်မည်။

စောစောက ဒေါ်အို့ မျက်လုံးမှာ လည်း သ ည် ဝမ်းနည်းမှုကို ငြိမ်းတွေ့ခဲ့ရပါရဲ့ ။ ဒေါ်အို့မှာ တော့ မခင်ရီလောက် အမှတ်တရ မ များ ။ ကလေးနှင့် ကိုယ်တိုင် မြင့်ရသည့်ပမာ အသံတုန်ခိုက်လျက် ဆိုခဲ့သေးတာ။

မသန္တာခိုင်သည် စိတ်ဝင်စားဖွယ် အပိုင်းကို ရောက်လာတာကြောင့်ပဲလား ။ မခင်ရီ၏ မျ က်နှာဆီ ငေးကာ နားစွင့်နေပုံ။

"ဟုတ်ပ့ါ၊ အဖေကိုယ်တိုင် မြင်ခဲ့တာ"

"ဘယ်လို မြင်ရသတဲ့ လဲ၊ အဖေ သိခဲ့ ပြောပြတာ မှတ်မိသလောက် ပြန်ပြောပြပါ လားဟင်"

မခင်ရီသည် အိပ်ခန်းဘက်သို့ တစ်ချက်မျှ လှမ်းကြည့်ပါသည် ။ နောက် သက်ပြင်းချကာ-

"အဖေ ကိုယ်တိုင် ပြန်ပြောပြနိုင်ရင်တော့ အကောင်းဆုံးပေါ့ဟယ်၊ ဟိုဘက်နှစ်ကသာ လာရင်တော့ ပြောပြနိုင်ဦးမှာ ၊ အင်း ... အဲဒီ တုန်းက အဖေက ဘာပြောသလဲဆိုတော့ တောသွားတော့လေ ..... တောသွားတယ် ဆို တာ ရွာကနေ လယ်တော သွားတာပေ့ါ၊ မနက် ၈ နာရီလောက် ဖြစ်မယ်၊ အဲဒီကလေးသေတဲ့ နေရာက တောသွားတော့ လမ်းမှာ လူနှစ် ယောက်ဆိုတား အဖေ တွေ့တယ်တဲ့ ၊ နှစ် ယောက်စလုံး လူစိမ်းပဲတဲ့ ။ ကျွန်မတို့ ဘက်မှာ

က ကိုယ့်ရှာက မဟုတ်ရင် ကိုယ့်ရှာနားက မ
ဟုတ်ရင် ချက်ချင်းသိကြတယ်၊ သူစိမ်းဆိုရင် တွေ့တာနဲ့ ချက်ချင်း သိတာပဲ"

"အင်း ဟုတ်ပါ့၊ဒီဘက်တွေက အဲဒီလိုပဲ"

ဟု မသန္တာခိုင်က စကားထောက်လိုက်သည်။

"အေးလေ၊ သူစိမ်းဆိုရင် စပ်စုသလိုလို ပိုပြီး ကြည့်မိရော မဟုတ်လား၊ အေး ... အဲဒီနေ့က အဖေကလည်း အဲဒီလိုပဲ၊ သူစိမ်းမှန်း သိတော့ စပြီးမြင်ကတည်းက ကြည့်တာပဲတဲ့ ၊ တောလမ်းက ကျဉ်းတော့ တည့်တည့်ဖြစ်သွားတဲ့ အခါ လမ်းကိုတောင် ရှောင်ပေးလိုက်ရသေးတယ်တဲ့ ၊ ရှေ့ကလူကို အဝေးမှာကတည်းက ကြည့်တာ အနားက ကပ်ကျော်တော့လည်း ကြည့်မိတာပဲတဲ့ ၊ ကိုယ်စောင့်နတ်က နိုးဆော်သလို ကြည့်မိတာတဲ့ ၊ ပြီးတော့ သူ့ရုပ်ကို နှစ်ဘယ်လောက်ကြာကြာ မမေ့ဘူးတောင် ပြောသေးတာ နော့"

"ဘာဖြစ်လို့ တဲ့ လဲ"

'တဲ့ လဲ' ဟု မခင်ရီ၏ လေသံအတိုင်း ငြိမ်းသုံးနှုန်းမိပြီ။

"သူ့ရုပ်က ရှားတဲ့ ရုပ်မျိုးတဲ့ အဖေ ပြောတာပဲ၊ ကြည့်သာ ကြည့်ရတယ်၊ ကျောထဲက စိမ့်တောင် စိမ့်တယ်တဲ့ ၊ အင်း... ကျန်တာတော့ အစ်မလည်း သိပ်မမှတ်မိ"

"တစ်ခု မေးချင်သေးတယ် အစ်မရယ်"

"မေး"ဟု မခင်ရီက သံပြတ်နှင့်ဆိုသည် ။

ထရံမှာ ထိုးထားသော ယပ်တောင်များကို ကုန်းကွယူကာ ငြိမ်းတို့ ထံ ကမ်းပေးသည် ။ ငြိ

ပ်းသည် ယပ်တောင် တဖျပ်ဖျပ် ခတ်ရင်းက မေးရမည့် စကားလုံးတို့ ကို အပြေးအလွှား တွေးနေပါသည် ။

ငြိမ်း ဖတ်ခွင့်ရခဲ့သည့် စီရင်ချက်အရတော့ အရေးကြီးသော မျက်မြင်သက်သေများ တွင် ဦးဘမင်းလည်း တစ်ယောက် အပါအဝင် ဖြစ်ခဲ့သည် ။ သို့သော် ဖြစ်စဉ်ကို မြင်ခဲ့သူ မဟုတ်ပါ။ လူစိမ်းတွေ့ ရှိမှုနှင့် သည် လူ ဖြစ်ရမည် ကောက်ချက်ချခဲ့ခြင်း ။ ရုံးတော်မှာ တရားခံအဖြစ် အဖေ့ကို ပြသည့်အခါ 'တောထဲ အမှတ်မထင် တွေ့ခဲ့ပါသည် ဆိုသော သူစိမ်းဟာသည် လူပါပဲ' ဟု ဘာကြောင့်များ အပ်ကျမပ်ကျ ပြောရပါသနည်း။ အင်း ... သည် မေးခွန်းကိုတော့ သတိထား၍ မေးရလိမ့်မည်။

ခုထိတော့ ငြိမ်းတို့ သည် မခင်ရီ၏ ယုံကြည်မှု ၊ ရင်းနှီးမှုကို ရသင့်သလောက် ရနေပြီး သို့သော် စကားတစ်ခွန်း အပြောမှားတာ်လျှင် အရာရာအဖတ်ဆယ်မရအောင် ပျက်စီးရလိမ့်မည်။ မြိုင်သာယာ ဒေသတစ်ဝိုက်က လူများ သည် သစ္စာတရားကို စောင့်ထိန်းတတ်သလောက် သူတို့ အပေါ် စော်ကားမော်ကား ပြုသူများ အားအရေးကြီးလျှင် တစ်ချက်ပင် လည်ပြန်ငဲ့မကြည့်သလောက် ဥပေက္ခာပြုတတ်ကြလေသည် ။

"ရုံးတော်မှာ တရားခံကို ပြတဲ့ အခါကျတော့ ဒီလူက တောထဲမှာ တွေ့ခဲ့တဲ့ သူစိမ်းလို့ ဦးလေးဦးဘမင်းက မှတ်မိတယ်ပေါ့နော်"

မခင်ရီသည် မေးခွန်းကို ရုတ်ခြည်း မဖြေပါ ။ မျက်မှောင်တစ်ချက်ကြုတ်လိုက်ပါသည် ။ မျက်လုံးအိမ်ကို အနည်းငယ် မှေးကျဉ်းကာ စဉ်း

ဘားဟန် ပြုသည် ။ နှာခေါင်းကို အကျင့်ပါနေ... သလို အသံပြည်အောင် ရှုံ့လိုက်ပေသည် ။

"မှတ်မိတယ်တဲ့ "

ဘုရား ..။ ငြိမ်းသည် ရင်ထဲ တုန်လျက် မခင်ရီကို ငေးနေမိသည် ။ ရုတ်ခြည်း စကား မတုံ့ပြန်နိုင်။ ဘာဖြစ်လို့ မှတ်မိတာလဲ။ မေးခွန်းမှာ လည်ချောင်းဝ၌ တန့်လျက်။

ငြိမ်းကိုသာ ဘေးမှ ကြည့်လျှင်တော့ ယပ်တောင်ကို တလှူပ်လှူပ် ခတ်ကာ ဘာမေးရပ့ါ ဟု စဉ်းစားနေသူ သာမန်အသွင်နှင့်သာ မြင်ရလိမ့်မည်။ မမြင်သာသော ရင်အံဝှက်မှာ တော့ ဗလောင်းဆူလျက် ။ မျက်နှာပျက်၍ မဖြစ်။ အဖြစ်အပျက်နှင့် မည်သို့မျှ မသက်ဆိုင်လေဟန် အသွင်ယူ လာပြီးခါမှ မျက်နှာပျက်၍ မဖြစ်ပေ။

"ကြားထဲ တစ်ခါမှ မတွေ့တာအဘသင်း မှတ်မိတယ်ပေ့ါနော်"

မခင်ရီသည် ငြိမ်းအား တစ်ချက် ဒူးခနဲ ကြည့်သည် ။ သူ့အကြည့်မှာ သံသယအရိပ် မတွေ့ရ။ သို့သော် ငြိမ်း ရင်မှာ တော့ ထိတ်ရပေသည် ။

"မှတ်မိမှာ ပ၊ အဖေက လူမှတ်တာတော့ တအားမှတ်ဉာဏ်ကောင်းတယ်၊ သူငယ်ငယ်တုန်းက စာသင်ပေးခဲ့တဲ့ ဆရာကို သူ့အသက် ငါးဆယ်မှာ တွေ့တာ ချက်ချင်း မှတ်မိတာတဲ့ ၊ အဲဒီလိုမျိုး"

သည် တစ်ကြိမ် လေးလေးပင်ပင် ပင့်သက်ချမိခြင်းကိုတော့ ငြိမ်း မထိန်းလိုက်နိုင်ချေ။ အမောသည် စိတ်အတွင်းက တရိပ်ရိပ် တိုးထွက်လာအသံ မတိုးမကျယ် ရှိသော ပင့်သက်စထဲ

မျှောကာလိမ့်ကာ ပါသွားပုံရသည်။ သို့သော် အကုန်အစင် ဟုတ်ဟန်မတူ။ မောလျှဆဲပါပဲ။

အဖေ ….။ အဖေ့မျက်နှာကို မြင်ယောင်တော့ ငြိမ်း ပိုမောရသည် ။ နှစ်များ စွာ ကြာခဲ့သည့်မှုခင်းနောက် လိုက်လာခဲ့ရတာဟာ အဖေ့သိက္ခာကို ပြန်ဆယ်ဖို့ ပါပဲ။ သည် အထဲ ကိုယ့်အတွက်ပါ ထည့်တွက်သော အတ္တ ဘယ်နှရာခိုင်နှုန်း ပါလေမလဲ။ ငြိမ်း မသိပါ။ အဖေ့ကို လိပ်ပြလုံစွာ အသက်ဆက်ရှင်စေချင်တာကတော့ မှန်သောသစ္စာ။

အတိတ်က အရိပ်သည် အဖေ့အပေါ်မှာ အုပ်အုပ်မိုးမိုး မရှိစေရ။ ယခင်ရှိခဲ့ဖူးလျှင်တောင် နောက်နောင် မရှိစေရ။ ငြိမ်း အသက်ရှင်သန်နေသရွေ့ ထိုအရိပ်ကို တက်စွမ်းသမျှသောအားနှင့် ဖယ်ရှားရလိမ့်မည်။

အခန်းသည် လေအေးပေးစက်သံမှ အပအခြား အသံ တစ်စွန်းတစ်စပင် ထွက်ပေါ်ခြင်းမရှိသော တိတ်ဆိတ်ခြင်းမျိုးနှင့် ဆိတ်ငြိမ်လျက် ရှိလေသည် ။ မီးချောင်းနှစ်ချောင်း ရှိသည့်အနက် တစ်ချောင်းသာ ဖွင့်ထားသည် ။ အိပ်ခန်းသည် အဖြူစွက်သော အလင်းရောင်အောက်မှာ ငြိမ်ဝပ်လျက်။

ငြိမ်းသည် ခုတင်ပေါ်ဝယ် မလှုပ်ယှက် ငြိမ်နေသည် ။ ခွေခွေလျော့လျော့ လဲလျောင်းကာ နဖူးပေါ် လက်တင်ကာ မျက်နှာကြက်ကို ငေးနေသည် ။ အကွက်အကွက် ဖွဲ့စည်းအပ်သော မျက်နှာကြက်ဖြူဖြူတွင် နေ့ခင်းက မြင်ကွင်းတို့ သည် တရိပ်ရိပ် ထင်လာ၏။ အသံတို့ သည်

ပိုတာစ္စ သည့် တစ်စ။ ဗလုံးဗထွေး မပီမသ ကြားလိုက်ရသောစကားသံသည် အခန်းထဲ လေအေးတုနှင့်အတူ စီးမျောနေဆဲလိုလို။

မျက်ခုံး ... ဒေါသ ...။ အို ... သွားစမ်းပါ။

မျက်လုံးကို ဖျတ်ခနဲ ဖိမှိတ်လိုက်ပါသည် ။ အားငယ်စိတ်၊ တွယ်ရာမဲ့ စိတ်၊ မခံချင်စိတ်သည် နှလုံးအိမ်ကို ဆုပ်ကာ ဆုပ်ကာ ခြေနေသလို ရှိလှသည် ။ ဟစ်၍ ဟစ်၍ သာ အော်လိုက်ချင်သည် ။ အဆုံးမထင်သော လမ်းပေါ် ခြေဦးတည့်ရာ လျှောက်သွားလိုက်ချင်သည် ။ မြစ်ကမ်းနားမှာ ထိုင်ကာ မြစ်ပြင်ကို ငြိုးမာန်နှင့် ငေးကာ ဘယ်သူ့ကိုရယ်လို့ မဟုတ်ပါဘဲ ဒေါသလှိုင်းအပြည့်နှင့် ဟစ်လိုက်ချင်သည် ။ အော်ရုံမျှနှင့် စိတ်မပြေလျှင် ရေထဲသို့ ဆင်းသွားလိုက်ချင်သည် ။ ရေပြင်ကျယ်တို့ အဆုံးမှာ အမေ့ရင်ခွင် ရှိလိမ့်မည်။ ထိုရင်ခွင်ထဲ တိုးဝင်ကာ သံသုံးသတ်အနေနှင့် ရှိုက်ကာရှိုက်ကာ မတိတ်တတ်တောသလို ငိုရမည်။

မျက်လုံးအစုံကို ဖွင့်လိုက်တော့လည်း ငြိမ်းဟာ မှုရင်းနေရာမှာ တည်မြဲလျက်ပါပဲ။ ဒဏ်ရာမြင်ကွင်းတို့ ကို မြင်လျက်၊ အသံတို့ ကို ကြားလျက်ပါပဲ။

ငြိမ်းသည် စိတ်အတွေးဝယ် သစ်စုရွာသို့ ပြန်ရောက်သည် ။ ဦးဘမင်း၏ နေအိမ်ပေါ် ပြန်ရောက်သည် ။ ဦးဘမင်း၏ သမီး မခင်ရီနှင့် ပြန်တွေ့သည် ။ သူ ပြောပြသည့် စကားသံတို့ ကို တစ်ဖန် ပြန်ကြားသည် ။ ပြီးတော့ ... ပြီးတော့ ဦးဘမင်းကို တွေ့ပါသည် ။

"အဖေနဲ့ တွေ့ဦးမလား"ဟု မခင်ရီက မေးစဉ် ငြိမ်းမှာ ဝမ်းသာအားရ ခေါင်းညိတ်ပြခဲ့ရသ

ည် ။ မသန္တာနိုင်သည် မမျှော်လင့်ပါဘဲ စကားများ ရှာ ငြိမ်းရလေပြီ တွေးပုံနှင့် 'အဆင်သင့်လိုက်တာ ငြိမ်းရယ်' ဟု အခန်းတွင်း ဝင်သွားသော မခင်ရီ၏ နောက်ကျောကို ငေးကာ ဆိုသည် ။ ပြုံး၍ နေသည် ။

အခန်းတွင်းက စကားပြောသံမှာ တစ်စွန်းတစ်စ။ လှုပ်ရှားသံအချို့။ နောက်တော့ မခင်ရီ ပြန်ထွက် လာလေသည် ။

"အဖေ့ကို အပြင် ပွေ့ခေါ်လာရမလား၊ အခန်းထဲ ဝင်လည်း ရတယ်၊ အထဲမှာ တအားရှုပ်ပွနေတော့ အားနာလို့ ပ"

"အထဲဝင်ကြတာပေါ့ နော် ငြိမ်း"

ဟု မသန္တာနိုင်က အဖြေညှိသလို ဆိုတော့ ငြိမ်း ခေါင်းညိတ်ရပါသည် ။ နှစ်ဦးသား မခင်ရီ နောက်ကပင် လိုက်ဝင်လာကြသည် ။ ကြမ်းခင်းပေါ် ခြေနင်းသံတို့ သည် [illegible] ။

အခန်းသည် အမှောင်ကဲလျက်ရှိလေသည် ။ ဝင်ဝင်ချင်း မျက်လုံးကျင့်သား မရလှ။ တင်းပေါက်တည်းသာ ရှိသော ပြတင်းတံခါးကို မခင်ရီ လှပ်လိုက်တော့မှ တိုးဝင်သော အလင်းစအောက်ဝယ် အခန်းမြင်ကွင်းကိုး တွေ့ကြရသည် ။ အခန်းသည် မခင်ရီ အားနာပါးနာ ဆိုခဲ့သလို ပွပွရောင်းရောင်း ပါပဲ။ ဝါးလုံးတန်းထက်၌ အဝတ်များကို သည် အတိုင်း အလွယ်ပင် ပစ်တင်ထားသည် ။ အချို့ကတော့ခုပင် လျှော်ကျတော့မလို တွဲလောင်းကျလျက်။ အခန်းထောင့်၌ ဝါးနှင့်ရက်သော တောင်းနှစ်လုံးသည် ကျပ်ခိုးမျှင်ပိုးမျှင်များ ။

ငြိမ်းသည် ဝင်လျှင်ဝင်ချင်း အိပ်ရာပုံ တင်ပုံ

နှင့် ဘည့်ကည့်ပါးသည် ။ အကြည့်ကို ထပ်ရွေ့လျှင်တော့ တစ်ဖက်သော နံရံနှင့် ကပ်သည့်နေရာမှာ စောင်ပုံ အလိပ်လိပ်ကို ကျောမှီလျက် ခွေနေသော ပိန်ချည့်ချည့် အဘိုးအိုတစ်ဦးကို တွေ့ရသည် ။ ခေါင်းအုံးပေါ် ချထားသော ခေါင်းကို မတ်မိတ်ထောင်ကာ ကြည့်လိုဟန် ပြသည် ။ သို့သော် ခေါင်းမထူနိုင်။ ပါးစပ်ကလည်း မပီမသလေသံများ တိုးထွက်လျက် ရှိပါသည် ။

"ဒါ ကျွန်မ အဖေလေ"

ဟု မခင်ရီက ပြောပြောဆိုဆို အနီးသို့ တိုးကပ်သွားသည် ။ ငြိမ်းတို့ သည် ဦးဘမင်း၏ အိပ်ရာဘေးက ဖျာပေါ်ဝယ် ခပ်ကျုံ့ကျုံ့ ဝင်ထိုင်လိုက်ကြသည် ။

မခင်ရီသည် ဦးဘမင်း၏ နားရွက်များ အနီးသို့ တိုးကပ်ကာ ....

"အဖေ၊ ဒါ ကျွန်မ ပြောတဲ့ ဧည့်သည် လေး ဒီကောင်မလေးက အဖေ သက်ခေသချုပ်ခဲ့တဲ့ အမှုအကြောင်း လာမေးတာလေ"

"သြော်"ဟု ပြောလိုက်တာ ပြစ်မည်။ ငြိမ်း၏ နားထဲတော့ 'ခလူး' ဟု သာ ကြားလိုက်ရပေသည် ။

"အဲဒီတုန်းက အဖေ ဟိုလူ့ကို မြင်လိုက်တာ မှတ်မိသေးလား"

ဦးခေါင်းသည် ဆတ်ခနဲ လှုပ်ရှား၏။ ခေါင်းညိတ်တာ များ လား။

"မှတ်မိတယ်တဲ့ "

ဟု ထင်သည့်အတိုင်း မခင်ရီက ဘာသာပြန်ပြလိုက်ပါသည် ။

ငြိမ်းသည် အသက်မျှပင် မရှူတတ်တော့သ

သို့ ဦးဘမင်းကို ဒေးနေမိသည် ။ ဝေဒနာကြောင့် မင်ပန်းလျက်ရှိသည့် ရုပ်သွင်မှာ မကြည့်ရက်စဖွယ်တည်း။ မျက်လုံးတို့ သည် စကားပြောရန်၊ လှုပ်ရှားရန် အားယူချိန်မှ အပ အရောင်ဖျော့တော့လျက်။ နှုတ်ခမ်းတို့ အမှာ အနည်းငယ် ရွဲ့စောင်းလျက်။ စကားပြောရန် ပြင်လျှင် သွားရည်တို့ သည် ခေါင်းစောင်းနေသည့်ဘက်ရှိ နှုတ်ခမ်းထောင့်က စီးကျလာပေသည် ။

မခင်ရီသည် အသင့်ချထားပုံရသော အဝတ်နှင့် သွားရည်တို့ ကို သုတ်လိုက်သည် ။

ထိုခဏမှာ ပင် ဦးဘမင်း၏ နှုတ်က ဗလုံးဗထွေး စကားသံများ တိုးထွက်လာ၍ မခင်ရီသည် ဖခင်၏ ပါးစပ်အနီးသို့ သူ့နားရွက်ကို အကျင့်ပါနေသလိုပင် ဖျတ်ခနဲ တိုးကပ်လိုက်ပါသည် ။

"ဘာ ...ဘာ .... အင်း"

ဟု မခင်ရီက ခေါင်းတညိတ်ညိတ် ပြုနေသည် ။

"သြော် ... မျက်လုံး ... အင်း .... မဟုတ်ဘူး၊ မဟုတ်ဘူး ... မျက်ခုံး မျက်ခုံး ..အင်း ...အင်း၊ သိပြီ ....သိပြီ"

မခင်ရီ၏ တစ်ဆက်တည်း ပေါ်ပေါက်သော အသံကြောင့် ဇြိမ်း၏ အာရုံမှာ သူ့ထံမှာ သာ စိုက်နေရသည် ။

"မျက်ခုံးကို မှတ်မိတယ်တဲ့ ၊ မျက်ခုံးထူတယ်တဲ့ ၊ အမာရွတ်လည်း ရှိတယ်တဲ့ ၊ အဖေ ဘယ်ဘက်လား၊ ညာဘက်လား .... သြော် ... အင်း ... အင်း အဲဒါတော့ အမှတ်မိဘူးတဲ့ လေ"

မျက်ခုံးထူတယ်၊ အမာရွတ်ရှိတယ် ....။

လေသံသည် ထရံကွက်ကာသော နံရံကို မှ ...... သည်။

န်ကာ ငြိမ်းထံသို့ အရှိန်နှင့် လွင့်လာသည့်ပမာ ထိထိခိုက်ခိုက် ရှိလှသည်။ လူပင် ယိုင်ခနဲ ဖြစ်သွားသလို ထင်လိုက်သည်။ သို့သော် မဟုတ်။ ထိုင်နေပုံအတိုင်း မလှုပ်မယှက် ရှိမြဲ။

စိတ်အလိုအားဖြင့်တော့ လွင့်မိလွင့်ရာ လွင့်ရင်းကပင် အိမ်ဆီ ရောက်သည်။ အဖေ့ကို မြင်သည်။ မျက်ခုံးထူထူ ဆိုသော အင်္ကျီတပိုင်သည့် အဖေ့ မျက်နှာကို မြင်ပါသည်။ ထူနက်သော မျက်ခုံးတို့ သည် ငြိမ်းမှာ ရော ကို့ကို့မှာပါ အမွေဆက်ခံသလိုပါလာခဲ့သည်။ ပြီးတော့ ...ပြီးတော့ အဖေ ဘယ်ဘက်မျက်ခုံး ဘေးမှာ စင်းစင်း ထင်းထင်းပေါ်သော အမာရွတ်။

ဟင့်အင်း ...။ ငြိမ်းသည် လှိုက်သောစိတ်နှင့် မျက်လုံးမှိတ်လိုက်သည်။ နောက် ပြန်ဖွင့်

ဦးဘမင်းသည် ငြိမ်းအား မှုန်သီသော မျက်လုံးအစုံနှင့်ငေးလျက်။ လွင့်သော စိတ်ကို ဘံသယပြန်တင်းရသည်။ 'တခြား ဘာမှတ်မိသေးလဲဟင်' ဟု မတုန်လှုပ်သော လေသံမျိုး ကြိုးစားဖန်တီးကာ ငြိမ်း ဆိုရသည်။ သို့သော် အဖျားခတ် တုန်သွဲ့ခြင်းကိုတော့ နည်းနည်းပင် မထိန်းလိုက်နိုင်ပါ။ ဘေးက ကြားလျှင်တော့ စိတ်ဝင်စားစရာ အစိတ်အပိုင်းမို့ ငြိမ်း လှုပ်ရှားလာတယ် ထင်မည်။ ငြိမ်းမှာ တော့ ကိုယ့်သောကနှင့် ကိုယ်ပါ။

"အဖေ၊ တခြား ဘာမှတ်မိသေးလဲတဲ့ "

မခင်ရီ၏ ခပ်ကျယ်ကျယ်ရှိသော လေသံမှာ အခန်းလေးထဲ လွင့်သွားသည်။ ဖခင်၏ နှုတ်ခမ်းအနီးသို့ သူ့နားရွက်ကို ကပ်လိုက်ပြန်သည်

"ဒေါသထွက်နေတယ်လို့ ထင်ရတဲ့ မျက်နှာ

"အင်း ... အင်း ... ဘာတဲ့၊ ခေါမ ခေါမ ဟုတ်လား .. ဪ မဟုတ်ဘူး ...အင်း...အင်း သိပြီ... သိပြီ ဒေါသ ဒေါသ ဟုတ်တယ်နော် အဖေ"

ဦးဘမင်းသည် ဦးခေါင်းကို အားယူကာ လှုပ်လိုက်သည် ။ ခေါင်းညိတ်တာ ဖြစ်မှာ ပဲ။ နောက်တော့ မောလျှဟန်နှင့် မျက်လုံးများကို မှိတ်လိုက်သည် ။မျက်လုံးပြန်ဖွင့်လျှင်တော့ ငြိမ်းထံ ငေးမြငေးကာ။

"ဒေါသဆိုတာ ဘာများ ပြောတာလဲ မသိဘူး"

မခင်ရီ၏ တွေးတွေးဆဆ ရေရွတ်သံ။ ငြိမ်းသည် သက်မချကာ စိတ်တင်းကာ ကိုယ်ကိုရှေ့သို့ အနည်းငယ် ညွတ်ကိုင်းလိုက်ပါသည် ။

မျိုးလားဟင်"

"ဒေါသကြီးတဲ့ ရုပ်မျိုးလားတဲ့ "

ဟု မခင်ရီက ခပ်တိုတို ခပ်ကျယ်ကျယ် ဘာသာပြန်လိုက်သည် ။

ထို့နောက် ... ထို့နောက်မှာ တော့ ဆတ်ခနဲ ညိတ်ဟန်ပြုလိုက်ပြန်သော ဦးခေါင်းလှုပ်ရှားမှု။ တခူးခူး မြည်သံသဲ့သဲ့။ နှုတ်ခမ်းထောင့်က စီးကျသော သွားရည်စများ ။ မခင်ရီ၏ လက်က အဝတ်သို့ ကပျာကသီ ရောက်ဟန်။

ငြိမ်းသည် ကြည့်လျက်နှင့် မမြင်။ နားစွင့်လျက်နှင့် မကြား။ လူသည် ထိုင်လျက်နှင့်ပင် တဒင်္ဂမျှ အသက်လွင့်ပြန်သည့်ပမာ ဦးဘမင်း၏ မျက်နှာဆီ ငေးနေပါသည် ။ သည့်ထက်မက မေးခွင့်ရချင်ပါရဲ့ ။ အဖေဟု ပင် ယူဆရမ

ည့် သည့် ရုပ်သွင်ကို နှစ်ကာလရှည်ကြာအောင် ဘာကြောင့် မှတ်မိနေရမည်နည်း။ ဦးသက်ဆွေဘက်က အဖေ့ရုပ်ရှည် ၊ထူးခြားချက်တို့ကို မှတ်မိနေအောင် နှုတ်တိုက်ပြောပြခဲ့တာမျိုး၊ စည်းရုံးခဲ့တာမျိုး ရှိသလား။ တစ်စုံတစ်ရာသော အကြောင်းတရားကြောင့် သည် နေ့အထိတိုင် သစ္စာခံနေသလား။

သို့သော် မေးခွင့် မသာပြီလေ။ လူမမာသည် မောပန်းဟန်ပြကာ မျက်လုံး စေ့ပိတ် ငြိမ်သက်လျက်။ စကားပြောဆိုနိုင်ပြီပဲ ရှိပါစေဦး။ ငြိမ်း၏ မေးခွန်းသည် ဦးဘမင်းအဖို့ ရိုက်ချခံရသလို ထိပါးသော မေးခွန်းသာ ဖြစ်လိမ့်မည်။ လောလောဆယ် မေးရမည့် အချိန်အခါလည်း မဟုတ်သေးပါ။

အသွေးစုံလှသော ခံစားမှုအပေါင်း တစ်ပြုံတည်း ထိုးနှက်ခံရသလို နာကျင်ရသည့် ထိုထိုသော ခဏငယ်သည် တည်းခိုခန်းအိပ်ခန်းတွင် ငြိမ်းတစ်ဦးတည်း ကျန်ရစ်ချိန်မှာ ပင် အကြိမ်ကြိမ် ကိုယ်ထင်ပြသည် ။ ငြိမ်း၏ လတ်တလော စိတ်အနေသည် ဦးဘမင်းထံက စကားတစ်ခွန်းချင်းကို
တစ်ဆင့်ပြန်ကြားလိုက်ချိန်ကအတိုင်း လတ်ဆတ်မြဲ။

သည် ပုံအတိုင်း ဆိုရင်ဖြင့် ငြိမ်း အစကောက်မိသော ခြေရာသည် အဖေ့ဘက်သို့ ခိုင်ခိုင်မာမာ လက်ညှိုးညွှန်ပြဦးမည့် ခြေရာလေလား ။ တစ်ဖက်က စွပ်စွဲသူ အမှန်လို့ များ ငြိမ်း တွေးရတော့မလား။

ဟင့်အင်း ... သည် အတွက်တော့ အဖြစ်အ

ပျက်အလုံးစုံ ခြေရာခံရမည့် နောက်ဆုံးအချိန် အထိ ငြိမ်း တွေးမည် မဟုတ်ပါ။ လက်လျှော့မ ည်မဟုတ်ပါ။

ခုချိန်အထိ ငြိမ်းဘက်၌ မားမားမတ်မတ် ရပ်မြဲ အဖော်မှာ အဖေ့အပေါ် ထားရှိခဲ့သော ယုံကြည်မှုသာ ဖြစ်ပါသည်။

***

စောစောတုန်းဆီက တသဲသဲ ရွာလိုက်သေးသော မိုးသည် နံနက် ၁၁ နာရီဝန်းကျင်မှာတော့ လုံးလုံးတိတ်စပြုလေပြီ။

ကောင်းကင်သည် မိုးတိမ်တိုက်နှင့် ပြည့်နှက်ဆဲ။ ပြာလွင်ကြည်စင်ခြင်း မရှိသေးချေ။ သို့သော် ပတ်ဝန်းကျင်တစ်ခွင်ကတော့ လင်းလင်းကျင်းကျင်း ရှိခဲ့ပြီ။ ဝေသီမှုန်သော မိုးနံနက်သည် မြိုင်သာယာက ခွာစပြုပေပြီ။ မိုးရိပ်မိုးငွေ့ ရံဆဲမှာ ပင် ကြည်လင်ရိပ်သန်းသော နေ့ခင်းက ဆိုက်ရောက်လာခဲ့ပြီ။

ငြိမ်သည် ခန်းဆီစကို ကိုင်ကာ မှန်သားပြင်ကို ထွင်းသောအကြည့်နှင့်အပြင်သို့စူးစိုက်နေသည်။ မိုးငွေ့များ မှုန်ရီတုန်းကလည်း သည်ပြတင်းအနီးမှာ တစ်ကြိမ် ရပ်ခဲ့သည်။ ခန်းဆီးစကို အကာအကွယ်ပမာပြုကာ ရပ်မိလျှင် လူသူရှင်းသော လမ်းသွယ်များကို မိုးစက်များအောက်မှာ ဆိတ်ဆိတ်ငြိမ်ငြိမ် တွေ့ခဲ့ရသည်။ ခုတစ်ကြိမ် ပြတင်းနား ပြန်ရောက်တော့ မိုးစဲတာကြောင့် ထင်ပါရဲ့။ လမ်းသွယ်ပေါ်မှာ စည်စပြုပြီ။

ငြိမ်း၏ အခန်းနှင့် မျက်နှာချင်းဆိုင်လောက်

မှာ ရှိသော လက်ဖက်ရည်ဆိုင်သည် လည်း လူ......ခံပြည့်လူပြည့်။

စည်ကားခဲ့ပြီ။ ကားဂိတ်၊ ဆိပ်ကမ်းတို့ နှင့် မဝေးလှသော နေရာမို့ အလုပ်သမား၊ ကယ်ရီသမား ဖြစ်ပုံရသူများ သည် ဝန်းကျင်တစ်ဝိုက်နေပုံရသည့် အဖေတို့ အရွယ် လူကြီးများ ၊ လူငယ်အချို့။ ပြတင်းတံခါးကို ဖွင့်မည်ဆိုလျှင်တော့စကားသံ၊ ရယ်သံများ ပင် သည် အခန်းဆီသို့ လျှံတက်လာမည် ထင်ရ၏။

လက်ဖက်ရည်ဆိုင်လေး ဘေးမှာ တော့ ထမင်းဆိုင်တစ်ဆိုင်။ အုတ်တံတိုင်းဘေးမှာ ပင်တာလပတ်မိုး၍ ဖွင့်သော ထမင်းဆိုင်ပါပေ။ သေသပ်စွာ တိုက်ချွတ်ဆေးကြောထားပုံရသော ဒန်အိုး၊ စတီးအိုး အရွယ်စုံမှာ ပြောင်လက်လျက်။ စားသုံးသူများ အတွက် စားပွဲရှည်နှစ်လုံး ဆက်ကာ ချထားသည် ။ မိုးတိတ်ပြီမို့

ခုထိတော့ ပတ်ဝန်းကျင် မြင်ကွင်း၌ တစ်စုံတစ်ရာ ငြိမ်းရှာမတွေ့ချေ။ လက်ဖက်ရည်ဆိုင်မှာ ရော ထမင်းဆိုင်မှာ ပါ တည်းခိုခန်းရှိရာဘက်သို့ စိတ်ဝင်တစား စောင့်ကြည့်သူ တစ်ဦးတစ်ယောက်ပင် မရှိပါ။ သာမန် သူလို ကိုယ်လိုထိုင်နေကျ လူတွေလိုပါပဲ။

ဒါဖြင့် ... ဒါဖြင့် ....စာတစ်စောင်သည် ဘယ်အရပ်ကများ ခြေထောက်ပေါက်ကာ တည်းခိုခန်းဆီ ၊ ငြိမ်းဆီ ရောက်လာရသနည်း။ ဘာကြောင့်များ စောင့်ကြည့်သူ တစ်ဦးတစ်ယောက် သေချာပေါက် ရှိလေဟန် ငြိမ်း ထိတ်လန့်ရအောင် ဖန်တီးခဲ့ပါသနည်း။

ငြိမ်းသည် မနက်တုန်းက ခံစားခဲ့ရသော စိုးရိမ်မှု၊ ထိတ်လန့်မှုအပေါင်းခုပင် တစ်ဖန် ဆိုက်

ရောက်သလို တုန်ယင်လာသည် ။ ကြက်သီး မွေးညင်း ထလာသည် ။ နှုတ်ခမ်းကို ဟကာ မောပန်းလျှလျှ ရှိုက်လိုက်ပါသည် ။ ရပ်နေရင်းက ခြေမမြဲတော့သလို ပြတင်းအနီးမှ ခွာကာ ခုတင်ပေါ် တုန်တုန်ယင်ယင် ထိုင်ချလိုက်ရသည် ။ မျက်နှာကို လက်ဝါးနှစ်ဖက်နှင့် အုပ်ကာ ခဏမျှ ငြိမ်၍ နေသည် ။

မြိုင်သာယာ ရောက်ကတည်းက ပထမဆုံး အကြိမ်အဖြစ် အားငယ်ခြင်းကို သည် နံနက်မှာ ငြိမ်း မှတ်မှတ်ထင်ထင် ခံစားသိရသည် ။

ဟိုယခင် အိပ်မက်က လန့်နိုးစဉ် သိမှတ်ကျန်ရစ်မှုများ အတိုင်း လူသည် တွယ်ရာမဲ့မျောနေရသလို။ ကပ်စရာ ကမ်းမရှိ၊ ခိုနားစရာ သစ်ပင်မရှိတော့သလို။

သည် လို ဖြစ်စေရန် ဘာတစ်ကောင်ကို ငြိမ်းအား စေစားခဲ့သည် ဆိုလျှင်တော့ ကြားရသူအပေါင်းအတွက် အံ့ဩဖွယ်ရာ ဖြစ်လိမ့်မည်။

သို့သော် တကယ်ပင် ဖြစ်ခဲ့ပြီ။

***

မနေ့ညကအထိတော့ အရာရာသည် ငြိမ်း စိတ်ကူးနှင့် စီမံထားသည့် အတိုင်းသာ တစ်ခုမယွင်း လည်ပတ်စီးဆင်းမြဲသာတည်း။

ငြိမ်းနှင့် မသန္တာခိုင်တို့ ချောင်းဖြူရွာဆီ ရောက်သည် ။ ဦးထွန်းသာကို ရှာလျှင် အိမ်ကိုမူကား အသင့်ပင် တွေ့ရသည် ။ သို့သော် ဦးထွန်းသာရော သူ့သမီးလင်မယားပါ မရှိပါ။ မြိုင်သာယာ သွားကြသည် ဟု သာ သတင်းရပါသည် ။ ဘာကြောင့် သွားမှန်း၊ ဘယ်သွားမှန်းလည်း အိမ်နီးချင်းတို့ က ရေရေရာရာ မပြောနိုင်။ ဈေးဝယ် ထင်တာပဲဟု တစ်ဦးက ဆိုသည် ။ နောက်တစ်ဦးကတော့ 'ဦးထွန်းသာကြီး ဆေးခန်းပြတာ ဖြစ်မှာ ပေါ့' တဲ့ ။ ဒါနှင့်ပင် အကျိုးအကြောင်းကို အကြမ်းဖျမ်း ပြောပြကာ မနက်ဖြန် ထပ်လာမည် စကားပါးခဲ့ရသည် ။

မသန္တာခိုင်က ပြန်ကြပါစို့တဲ့ ။ သို့သော် တစ်နေ့တာကို သည် မျှနှင့် ငြိမ်း အဆုံးမသတ်လိုပါ။ ချောင်းဖြူဆိုတာ သစ်စုကနေ နှစ်ရွာသာ လှမ်းတာပဲ။ ထင်ထင်ရှားရှား မှုခင်းတစ်ခုကို ချောင်းဖြူကနေလည်း မသိဘဲ မနေနိုင်။ စကားစလေး နည်းနည်းပဲ ဖြစ်ဖြစ် ရလိုရငြား ကြိုးစားကြည့်ချင်သေးသည် ။

ရှားရှားပါးပါး တွေ့ရသော လက်ဖက်ရည်ဆိုင်ငယ်မှာ နှစ်ဦးသား နေ့လယ်စာ စားကြစဉ် ဆိုင်ရှင်နှင့် စကားစမြည်ဆိုရန် ငြိမ်း စိတ်ကူးခဲ့သည် ။စိတ်ကူးကိုလည်း တကယ်ပင် အကောင်အထည်ဖော်ခဲ့လေသည် ။

အသက် ၅၀ ဝန်းကျင်ဟု မှန်းရသော ဆိုင်ရှ ကလေးမရဲ့"

င်သည် ချောင်းဖြူရွာသားပင် မဟုတ်။ သာယာကုန်းရွာသားပါပဲ။ သစ်စုနှင့် ရွာချင်းကပ်လျက်မို့ အမှုဖြစ်သည့်ကာလ မြင်ကွင်း အဖြစ်အပျက်တို့ ကို အလုံးစုံမဟုတ်သော်ငြား အစိတ်အပိုင်းအတော်များများ မှတ်မိသူပါပေ။

လွန်ခဲ့သော ၁၈နှစ်က အမှုအကြောင်း စာရေးရန် လာလေ့လာပါသည် ဆိုသော ငြိမ်းအပေါ် ဆိုင်ရှင်က တစ်ပြန်တစ်လှည့်ပင် အတော်စိတ်ဝင်စားပုံပြနေသည် ။ ဆိုင်ထဲမှာ လည်း ငြိမ်းတို့ ဝိုင်းအပြင် အေးအေးလူလူ ထိုင်နေပုံရသော ရွာခံဝိုင်းနှစ်ဝိုင်းသာ ရှိတာမို့ စကားဧည့်ထောက်ခံရန် အချိန်ရဟန်နှင့် ခုံတစ်လုံး ဆွဲကာ ကျောက်ချရန် ပြင်တော့သည် ။

"ဒီအမှုအကြောင်းမှ လာလို့ ရေးချင်ရသလဲ

"စိတ်ဝင်စားလို့ ပါ ဦးလေးရယ်၊ တရားခံမမိခဲ့ဘူး ဆိုတာက စိတ်ဝင်စားစရာ မဟုတ်ဘူးလား၊ ပြီးတော့ သေတာက ကလေးလေ၊ ကျောင်းသားလေးလေ၊ သူ့ကို ဘယ်သူက ဘာလို့ ဒီတော ၁ကြိ းထ` မ၂၁ လာသတ်ရတာလဲဆိုတာ တော်တော်စိတ်ဝင်စားစရာကောင်းတယ် မဟုတ်လား၊ အဲဒါကြောင့်ပါ"

"အင်းလေ၊ ဒါတော့လည်း ဟုတ်သားပဲ၊ တို့တောင် အခုထိ သစ်စုတောထဲက ဖြတ်မိရင် တစ်ခါတလေ ပြောမိကြတာပဲ၊ တောဆိုပေမယ့်လည်း ကွယ် အရင်ကတော့ တောကနက်တာ၊ ခုတော့ သစ်ပင် သိပ်မှ မရှိတော့ဘဲ၊ တရတ် ရောက်ကုန်ရောပေါ့"

ဆိုင်ရှင်သည် သူ့စကားသူ သဘောကျလေ

ဟန် ကွမ်းစားထားသော သွားများ ပေါ်အောင်ပင် တဟားဟား ရယ်လိုက်ပါသည် ။ နောက် နှုတ်ခမ်းထောင့်ကို လက်ဖမိုးနှင့် တို့ သုတ်ကာ ..

"တရားခံက မမိဘူးတော့ မဟုတ်ဘူးကွ၊ မိတော့ မိတယ်ဆိုလား၊ အချုပ်ကျသေးတယ်တဲ့ ၊ သစ်စုဘက်မှာ သက်သေ သွားလိုက်တဲ့ သူတွေ ရှိတာကိုး၊ နောက်တော့ မဟုတ်ဘူး ဆိုပြီး လွတ်သွားရောတဲ့ "

"အဲဒီလူက ဟုတ်ရက်နဲ့ လွတ်သွားတယ်လို့ ဦးလေး ထင်လို့ လား"

ညိုတိုတို သူ့မျက်လုံးအစုံသည် ငြိမ်း၏ မျက်နှာထက် စူးစိုက်လျက်။

"သတ်တာကိုတော့ ဘယ်သူမှ တွေ့တာမှ မဟုတ်ဘဲကွာ၊ ဒီလူလို့ တော့ ဘယ်လိုပြောမလဲ ဟုတ်တယ် မဟုတ်လား၊ ဒါပေမဲ့ သူ့ရွာကနေ ဒီလောက် ဝေးတဲ့ နေရာမှာ ဘာလို့ သူ ရှိနေရတာလဲ၊ ပြီးတော့ ကလေးနဲ့ တို့ ဘက်ရွာက လူတွေဆိုတာ အဆက်အစပ် ရှိတာတောင် မဟုတ်ဘူး ၊ ပြီးတော့ ကလေးကလည်း ချစ်စရာလေးကွ၊ ဘယ်သူ လုပ်ရက်မလဲ၊ တစ်ခုပြီးတစ်ခု ကွင်းဆက်လိုက်ရင် ဒီလူပဲ ထင်ကြတာပဲ၊ ဒါပေမဲ့ ဘာလို့ လွတ်တယ်တော့ မသိဘူး"

ဒီလောက် ဝေးတဲ့ နေရာမှာ ...။

ညောင်ပင်သာနှင့် သစ်စုက သူပြောသလို အတော်ဝေးပါရဲ့ ။ ကုန်းကြောင်းအတိုင်းဆို သစ်စုကနေ ရွာအချို့ ဖြတ်ရဦးမည်။ ချောင်းဖြူပြီး နောက် တစ်ရွာ ကျော်လျှင် မြို့သစ်ရောက်မည်။ မြို့သစ်ဆိုတာ မြို့ငယ်လေးပမာရှိသည့် ရွာကြီးတစ်ရွာပါပဲ။ အထက်တန်း

ကျောင်း ရှိ၏။ ဈေးရှိ၏။ ဆေးရုံရှိ၏။

မြို့သစ်ကို ရောက်လျှင်တော့ ကားလမ်းအတိုင်း မလိုက်ရ။ မြေလမ်းကို ဖြတ်ဆင်းကာ စက်ဘီးလမ်းအတိုင်း လယ်ကွင်းများ ဖြတ်ရမည်။ ရွာသုံးရွာလောက် ဖြတ်ရမည်။ ပြီးလျှင် ညောင်ပင်သာ ရောက်ပြီ။ ရွာစဉ်တစ်လျှောက် မြေပုံကြမ်းကိုတော့ ပြည်နယ်မြေပုံ၊ မြို့နယ်မြေပုံများကို ကိုးကားကာ ငြိမ်းဘာသာ ပြန်ဆွဲယူထားရပါသည် ။ မြို့သစ်ကိုတော့ ကြယ်ပွင့် အမှတ်အသားပြထားခဲ့သည် ။ တာရာ့အလောင်းကို မြို့သစ်ဆေးရုံမှာ တွေ့ခဲ့သည် လေ။

ညောင်ပင်သာနှင့် သစ်စု ..။ သည် မျှကွာဝေးသောခရီးမှာ ၊ ထိုနေ့က အဖေ သစ်စုမှာ အမှန်တကယ် ရောက်နေခဲ့သလား။ မရောက်ပါဘဲလျက် အဖေ့ရုပ်သွင်ကို ပြောယူခဲ့တာရော မဖြစ်နိုင်ဘူးလား။ အဖေ့ကို မေးခွင့်ပါရခဲ့ပေသော မေးခွန်းကို အဖေ့ဘက်က သက်သေဖြစ်သည့် ဒေလုကြိုင်နှင့် တွေ့ရာမှ မေးခွင့်ရမည့် မျှော်လင့်ရပေသည် ။

"မျက်မြင်သက်သေ မခိုင်လုံလို့ လို့ ပြောပါတယ် ဦးလေး"

"ကလေးမက ဘယ်လိုသိ"

"အသိတစ်ယောက်ဆီက ကျွန်မ အယူခံစီရင်ချက် ဖတ်ရပါတယ်"

"အေးလေ ငါတို့ လည်း ဒါမျိုး တရားဥပဒေ အကြောင်းတော့ ဘယ်လိုလုပ် သိမလဲ၊ တရားရုံးက အပြစ်မရှိဘူး ထင်လည်း မရှိဘူးပေါ့ကွာ ၊ တရားခံမပေါ်တဲ့ အမှုများ တော့ကွာ ဒီတစ်မှုတည်းတင် မဟုတ်ဘူး ဟော့၊ ငါတို့ သာယာကုန်းမရောက်ခင် အောင်မြင်ရွာဆိုတာ တွေ့ခဲ့တ

ယ် မဟုတ်လား၊ အေး...အဲဒီအောင်မြင်မှာ တစ်နှစ်တုန်းက နှစ်ယောက်ပေါင်း မုဒိန်းကျင့်ပြီး လူသတ်တာဖြစ်ခဲ့တာပ၊ ကောင် မလေး ငယ်ပါသေးတယ်ကွာ၊ လယ်တောက တစ်ယောက်တည်း ပြန်လာတာတဲ့၊ လမ်းတင် ဖြစ်တာပ၊ တရားခံဆိုတဲ့ ကောင်တွေကို ရုံး တော့တင်တာပဲ၊ ပြီးတော့ ပြန်လွတ်သွားတာပဲ၊ ငါတို့ နယ်ကတောင် မဟုတ်တော့ ဒီကောင် တွေ ခု ဘယ်ရောက်လို့ ဘယ်ပေါက်နေပြီလဲ တောင် မသိဘူး။ ငါ့သဘောသာဆို သေစား သေစေတောင် ပေးပစ်မှာ "

ဆိုင်ရှင်သည် ခုပင် တရားခံတို့ ကို မျက်နှာ ချင်းဆိုင် တွေ့နေရသလို စက်စက်ဆုပ်ဆုပ် အားပါးတရ ပြောရင်း ရေနွေးခွက်ထဲ ရေနွေး ငှဲ့လိုက်သည် ။ ကရားထဲမှာ အတန်ကြာ ရှိနေ သည် မို့ ရေနွေးမှာ အပူငွေ့ပင် မရှိ။ တစ်ခွက် စာကို တစ်ငုံတည်းနှင့် ငုပ်ခနဲ မော့သောက် လို က်လေသည် ။

ငြိမ်းသည် ကြက်သီး ဖြန်းခနဲ ထ၏။ မုဒိမ်း မှု၊ လူသတ်မှု ဆိုသော စကားလုံးတို့ ကို ခါးသီး လှသည် ။ ဘာကြောင့်များ လူဖြစ်ရသည့် ခဏ တာဝယ် သည် မျှ ဆိုးရွားသော အမှုတို့ ကို ကျူးလွန်ရသနည်း။ ဆင်ခြင်ဉာဏ်မဲ့မှုကြောင့် လား၊ တဒင်္ဂပေါ်ပေါက်လာသော စိတ်မိုက်ကြောင့်လား။

ငြိမ်းတို့ မှာ ထားသော ကော်ဖီက ခုမှ ပင် ရောက်လာတော့သည် ။ မသန္တာခိုင်သည် နှ စ်ဦးစာ ကော်ဖီကို အထုပ်ဖောက်ကာ ဖျော်နေ သည် ။ ကျေးဇူးစကားကို ဖွင့်ဟ မဆိုဖြစ်ပါ။ အပြုံးနှင့်သာ ပြမိပါသည် ။

"အဲဒီနေ့က အကြောင်းတွေ ဦးလေး ဘာမှတ်မိသေးလဲဟင်"

အမှန်တကယ် လာရင်းကိစ္စဆီ ငြိမ်း စကားဦးသန်းရပြီ။ ဆိုင်ရှင်သည် မျက်လုံးအစုံကို တစ်ချက် မှေးစင်းရင်း အတိတ်ကို ပြန်စဉ်းစားသယောင် ပြုနေပါသည် ။ ပြီးမှ -

"အဲဒီတုန်းက ... အဲဒီတုန်းက ငါက မင်းကုန်းကနေ ပြန်ရောက်စ ဘာအလုပ်မှ မလုပ်သေးဘဲ အိမ်မှာ ပဲ နေနေတဲ့ အချိန်ပေါ့ကွာ၊ အိမ်ထောင်တောင် မကျသေးဘူး၊ နောက်မှ အိမ်ထောင်ကျပြီး အခု မိန်းမရွာမှာ အခြေချတာ ၊ အဲ ... ထားပါတော့လေ၊ အဲဒီနေ့က နေ့ခင်းကျတော့ သစ်စုက လူတစ်ယောက် တို့ ရွာလာတယ်၊ လာတော့ သတင်းကလည်း သတင်းထူး မဟုတ်လား၊ သူက စပြောတာ တစ်ရွာလုံး ပြန့်ပါလေရောဟေ့၊ အဲဒီကောင်မလေးတို့ တစ်ရွာလုံးသိနေကြတာဆိုတော့ စုတ်တသပ်သပ်နဲ့ ပေါ့ကွာ၊ တချို့လည်း သစ်စုအထိ သွားကြည့်ကြတယ်၊ ဒါပေမဲ့ အလောင်းက ဆေးရုံသယ်သွားပြီ ဆိုတော့ မတွေ့ခဲ့ရဘူးတဲ့ ၊ စကားတွေတော့ ပြန်သယ်လာတာပေါ့ကွာ၊ ဘယ်လို သတ်ထားတယ် ဘာညာဆိုပြီး ငါ မှတ်မိတာလည်း ဒီလောက်ပဲအေး"

"အခုလောက် သိရတာလည်း ကျေးဇူးပါ ဦးလေးရယ်၊ ကျွန်မ မနက်ဖြန် ဒီကို ပြန်လာဦးမှာ ပါ၊ အဲဒီကျရင်လည်း ဆိုင်ဝင်ခဲ့မယ်နော်"

"လာဟေ့၊ အချိန်မရွေးလာနိုင်တယ်။ နေပါဦး မနေ့က သစ်စုလည်း ရောက်သေးဆို၊ စောနတုန်းက ပြောတာ"

"သက်သေတွေနဲ့ သွားတွေ့တာပါ၊

ဦးဘမင်းတစ်ယောက်ပဲ တွေ့ခဲ့ရတာ၊ ဦးထွန်းသာကိုတော့ မနက်ဖြန်မှ ကျွန်မ ပြန်လာတွေ့ရမယ်"

"ငါတို့ ချောင်းဖြူက ဦးထွန်းသာလား၊ ၊ အ ရင် သစ်စု နေတာ"

ငြိမ်း ခေါင်းညိတ်လိုက်ပါသည် ။

"အဘိုးကြီးတွေ မှတ်ကော မှတ်မိသေးလို့လားကွာ"

"အေးလေ၊ အဲဒီတုန်းက ငါတို့ လည်း သူတို့ကို တွေ့ရင် ဒါပဲ မေးကြတာပဲ၊ အံမယ် ... အဲဒီတုန်းက သူတို့ တွေ့ခဲ့တဲ့ ရုပ်တွေဘာတွေ ပြောပြတာများ ကြက်သီးထစရာကြီး ကလေးမရဲ့ "

"သူတို့က တကယ်တွေ့ခဲ့တာပြောနေ"

"ဟ ... တွေ့ခဲ့တာပေါ့ သစ်စုတောထဲမှာ တွေ့တာတဲ့ ၊ လူကလည်း လူစိမ်းဆိုလို့ အဲဒီလူတွေပဲ ရှိတာ"

ဘုရား ...။ တကယ်ပဲ ရှင်းလေ ရှုပ်လေ ဖြစ်တော့မလား။

အစည်အနှောင် ဖြေရန် ကြိုးစားမိသော ကြိုးစတို့ သည် ခုတော့ ငြိမ်းကို တစ်ပြန် ပတ်တော့မည့်ပမာ။ သက်ပြင်း ခိုးရှိုက်ရသည် ။မျက်နှာတွင် အပြုံးကို ဆင်ကာ မှတ်စုစာအုပ်ထဲ စာသားအချို့ ရေးမှတ်ရပါသည် ။ စိတ်က လှုပ်တော့ ညာဘက်ချောင်းလေးများက မသိမသာ တုန်ယင်နေသည် ။ လက်ရေးကလည်း ပျက်ယွင်းချင်ချင်ပါပဲ။

"အဲဒီကောင်လေးရဲ့ အစ်မ မြိုင်သာယာမှာ

ကျောင်းဖွင့်ထားတယ်၊ အဲဒါရော သိလား"

မမျှော်လင့်ဘဲ ထွက်ပေါ်လာသည့် ဆိုင်ရှင့်စကားသံ။

"သိပါတယ် ဦးလေး၊ တာရာဆိုတာ မဟုတ်လား"

"ဟုတ်ပ့ါ" ဟု ဆိုင်ရှင် ဆိုဆဲ မသန္တာခိုင်သည် ငြိမ်းထံ ဖျတ်ခနဲ လှမ်းကြည့်သည် ။ ဘာမှတော့ စကားမထောက်ပါ။ မနေ့က သစ်စုအပြန်ခရီးတည်းက ငြိမ်းနှင့် ပတ်သက်ပြီး နည်းနည်းတော့ အတွေးဆန့်ခဲ့လောက်ပြီ။ ငြိမ်းသည် ကိုမိုးညက် ပြောထားသလို မြိုင်သာယာနှင့် လုံးလုံး အဆက်အစပ် မရှိသူ မဖြစ်နိုင်ဟု တွေးကောင်းတွေးလိမ့်မည်။ သူ့အမြင်ဝယ် ပထဝီဝင်နေအထားနှင့်ပတ်သက်၍ ခုမှ ရောက်ဖူးသော သူစိမ်းညှော်သည် တို့လို စိမ်းသက်ခြင်းသိပ်မရှိဟု မြင်လိမ့်မည်။ မြိုင်သာယာနှင့် တစ်နည်းမဟုတ်တစ်နည်းတော့ ပတ်သက်လိမ့်မည်ဟု ရိပ်မိစပြုရော့မည်။

သို့သော် တစ်ခွန်းမမေးပါ။ ရံခါ ဝင့်လာသော မျက်လုံးများမှ အပ ငြိမ်းအား စိတ်အနှောင့်အယှက် တစ်စုံတစ်ရာ မဖြစ်စေ။

ခုလည်း ငြိမ်း ကြိုသိဟန်ပြပုံကို အံ့အားသင့်သော်ငြား အံ့အားသင့်မှုဆိုသော နေရာမှာသာ ရပ်ထားသည် ။ ဆိုင်ရှင်က တာရာသင်တန်းကျောင်းအကြောင်း ပြောနေတာကိုပင် ငြိမ်းနှင့်အတူ စိတ်ဝင်တစား နားစွင့်ဟန် ပြသည် ။

ငြိမ်းတို့ သည် အချိန်လည်း လင့်တော့မည်မို့ ဆိုင်ရှင်ကို နှုတ်ဆက်ကာ ချောင်းဖြူက ခွာရန် ပြင်ရပါသည် ။ ဆိုင်ရှင်က နာမည် မေးပြန်တာကြောင့် ထပ်ပြောရ၏။ 'ရွှေရော' မှာ တ

ည်းကြောင်းလည်း ပြောပြရသည် ။

ချောင်းဖြူရွာကို ကျောခိုင်းတော့ မွန်းလွဲနေခြည်သည် ကတ္တရာလမ်းကို စူးရှကြဲပတ်နေခဲ့ပြီ။ ငြိမ်းသည် မသန္တာခိုင်နှင့်ပင် စကားမဆိုဖြစ်ဘဲ ဆိတ်ဆိတ်ငြိမ်နေခဲ့သည် ။ သူ့မှာ တွေးဆစရာ များ စွာ။ ထွက်ပေါက် မတွေ့သေးသော ဝက်ပါထဲ ရောက်နေသူပမာ အမောအနွမ်း များ စွာ။

သစ်စုရွာကို ဖြတ်လျှင်တော့ ငြိမ်း၏ အကြည့်သည် ရွာအနောက်ဘက် တောထံ ရောက်မိပါသည် ။ သစ်ပင်နည်းပါးခဲ့ပြီဆိုသော တောမြင်ကွင်းသည် ထိုက်သင့်သလောက်တော့ စိမ်းရိပ်ဆင်ဆဲ။ အရင့်အရင်က ... လွန်ခဲ့သော ၁၈ နှစ်က သည့်ထက် စိမ်းညို့ရိပ်ဆိုင်းခဲ့လိမ့်မည်။

လှသော တော....။ နက်သော တော ...။

ထိုတောသည် ကလေးတစ်ယောက်၏ အသက်ကို ခြွေခဲ့ရာ နေရာ။ ပြီးတော့ လူတစ်ယောက်၏ ဘဝကိုလည်း အရိပ်မည်းအောက် မရောက်ရောက်အောင် ကပြောင်းကပြန် ပြုခဲ့ရာနေရာ ။

***

သုံးချက်ဆင့်ကာ ထွက်ပေါ်သော တံခါးခေါက်သံကြောင့် မလှုပ်မယှက် ငြိမ်နေသည့် ငြိမ်း၏ ခန္ဓာကိုယ် ဆတ်ခနဲ လှုပ်ရပါသည် ။ သည်အချိန် သည် တံခါးကို ဘယ်သူခေါက်မည်နည်း။ မနက်က စာရလျှင် ရချင်း ဖုန်းလှမ်းဆက်ထားတာကြောင့် မသန္တာခိုင် လာတာ ဖြစ်နိုင်သည် ။ ပြီးတော့ နေ့လယ်စာ ဝယ်၊ မဝယ် လာမေးသည့် ဝန်ထမ်းကောင်လေးလ

ည်း ဖြစ်နိုင်ပါသည် ။ ပြီးတော့ ... ပြီးတော့

ကော ...။

ငြိမ်းသည် သက်မမောကို လွှတ်ချလိုက်ပါသည် ။ စိုးထိတ်မှုသည် ရင်ထဲ လှိုက်၍ နေကာ အိပ်ရာခင်းကိုပင် အားကိုးရာတစ်ခုလို ဆွဲဆုပ်ထားသည် ။

"ဘယ်သူလဲ"

ငြိမ်း၏ အသံမှာ ခပ်ကျယ်ကျယ် ။ ခုတင်နှင့် အခန်းဝက သိပ်မလှမ်းပါ။ အခန်းပြင်က ကြားနိုင်လိမ့်မည်။ ခုနေတော့ မမေးဘဲ တံခါးမဖွင့်လို့။ မသန္တာခိုင်ကလည်း သည် လိုပင် ငြိမ်းကို မှာ ထားခဲ့သည် ။

"မခိုင်ပါ ငြိမ်းရေ၊ တံခါးဖွင့်ပါဦး"

ငြိမ်းသည် အရိုက်ခံရမည့်ဘေးကို

ဝေးကြောက်နေခုက အားကိုးမြည့်သူ ရှာ တရက် ရောက်လာသော ကလေးလို တံခါးအနီးသို့ လွင့်ခနဲရောက်သည် ။ တံခါးချက်ကို ဆွဲဖွင့်သည် ။ မသန္တာခိုင်သည် ပူပန်စိတ် ဖွက်သော မျက်နှာနှင့် ရပ်လျက်။ ငြိမ်း၏ လက်ကို ဆုပ်ညှစ်လိုက်ကာ ..

'မိုးသည်းလို့ ခဏစောင့်နေရတာ ငြိမ်းရယ်၊ ငြိမ်းနဲ့ ဖုန်းရကတည်းက စိတ်ပူတာ မပြောပါနဲ့ တော့'

သက်ပြင်းရှိုက်သံ ခပ်ကျယ်ကျယ်သည် မသန္တာခိုင်ထံက ထွက်ပေါ်လာပေသည် ။

"မခိုင်လည်း ငြိမ်းကြောင့် စိတ်ပင်ပန်း လူပင်ပန်း ဖြစ်ရပြီနော်" ဟု တံခါးပိတ်ရင်း ဆိုမိသည် ။

"ရပါတယ် ငြိမ်းရယ်၊ ကဲ ...ဟိုစာ ပြပါဦး"

ငြိမ်းသည် စားပွဲအနားသို့ လျှောက်လာသည်။ ဖုန်းနှင့် ဖိထားသော စာခေါက်ကလေးကို ယူကာ မခိုင်ထံ ကမ်းပေးသည် ။ မခိုင်သည် ခုတင်ပေါ် ထိုင်ချကာ စာခေါက်ကို ဖွင့်လိုက်ပါသည် ။ စာရွက်ပေါ်၌ မျက်လုံးအကြည့် တဖျပ်ဖျပ်ရွေ့လျက်။ 'ဘုရား ဘုရား ဘယ်သူကများ ' ဟု ရေရွတ်သံ။

စာက သိပ်မရှည်။ တိတိကျကျ ပြောရလျှင် နှစ်ကြောင်းတည်းပါပဲ။

'ဒုက္ခမရောက်ချင်ရင် ဘာမှ ဆက်မစုံစမ်းနဲ့ ။

ကိုယ့်နေရာကို ပြန်ပါ' ...။

သည် စာကို နံနက်ခင်းကပင် ရသည် ။ မိုးတစ်ချို့ စဲစဉ်မှာ ဝန်ထမ်းကောင်လေးတစ်ယောက် ရောက်ချလာခဲ့သည် ။ အစ်မအတွက် စာတွဲ

...။သည် ခေတ် သည် အခါမှာ ပို့သော စာ မှ ဘာစာမှန်း မသိခင်ကပင် ဦးစွာ အံ့အားသင့်ရသည် ။ ဖုန်းနှင့်စာတို အလွယ်ပို့နိုင်သောခေတ်သည် အခါမှာ စာဆိုတာ ပို့လေ့ပို့ထနည်းပါးခဲ့ပြီ။ ဒါက တစ်ချက်။ နောက်တစ်ချက်ကတော့ မြိုင်သာယာမှာ ငြိမ်းကို စာပို့မည့်သူ မရှိပါ။

'စာ' ဆိုကတည်းက အံ့အားသင့်မှုနှင့် လက်ခံလိုက်ရသော ငြိမ်းသည် အခန်းထဲ တစ်ယောက်တည်း ရှိချိန်၊ စာအိတ်ကို ဖွင့်ကာ ဖတ်မိချိန်မှာ တော့ ချောက်နက်ထဲ ဝုန်းခနဲ လွင့်စဉ်ကျရသူလို ကြောက်ရွံ့မှုသည် လည်မျိုကို ဆုပ်ညှစ်ထားသည့်ပမာ။ ခဏမျှ အသက်ရှူရပ်သည် ။ နောက်တော့ မောပန်းတကြီး ရှူရှိုက်သည် ။ မခံနိုင်သည့်အဆုံးဝယ် မိုးသည်းလာပြန်သည့် မြ

ကြောင်းကြောင့် အားနာစိတ် ဖစ်းလျက်ကပင် မ

သန္တာခိုင်ထံ ဖုန်းခေါ်မိခဲ့ပေသည် ။

"ဒီအမှုနဲ့ ပတ်သက်တဲ့ သူ တစ်ယောက်ယောက် ဖြစ်ပါလိမ့်မယ် မခိုင်၊ ဖြစ်နိုင်တာကတော့ တရားခံနဲ့ ပတ်သက်လိမ့်မယ် ထင်တယ် ၊ ငြိမ်း အစပြန်ကောက်တာကို တစ်နည်းနည်းနဲ့ သိသွားပုံပဲ"

"ဟုတ်လိမ့်မယ် အစ်မတို့ ဟိုတစ်နေ့က သစ်စု ရောက်တယ်၊ မနေ့က ချောင်းဖြူ ရောက်တယ်၊ ရွာတွေဆိုတာက မခိုင်တို့လို ဒီနယ်က မဟုတ်တဲ့ သူတွေသာ မသိတာ၊ သူတို့ဘက်ကျတော့ ဟိုလေးတစ်ကျော် ဖြစ်ခဲ့မှာ ကိုး ၊ တစ်ယောက်ပြော တစ်ယောက်ပြောနဲ့ သတင်းအတော် ပြန့်သွားမှာ ပဲ၊ ဒီတော့ အမှုနဲ့ ပတ်သက်တဲ့ သူတစ်ယောက်ယောက်က သိသွားနိုင်

ပြောပြနေ့

"ဟုတ်တယ် ၊ပြီးတော့ ...ပြီးတော့ ငြိမ်း ဒီမှာ တည်းတာကို နှစ်နေရာ စလုံးမှာ ပြောခဲ့မိတယ်"

ငြိမ်းသည် ကုလားထိုင်ထက် ဝင်ထိုင်ကာ မျက်လုံးအစုံကို ဖိမှိတ်လိုက်သည် ။ နောက် ပြန်ဖွင့်သည် ။ မသန္တာခိုင် အခြေအနေကို တွက်ချင့်အဖြေထုတ်နေဟန် မျက်ဝန်းများ နှင့် ငြိမ်းထံ ငေးနေပါသည် ။

"မနက်က စာလာပေးတော့ ငြိမ်း မေးကြည့်တဲ့ အခါ လာပေးတဲ့ သူက နာမည်မသိဘူးတဲ့ ၊ စာဖတ်ပြီးတဲ့ အခါကျမှ လူပုံစံ သွားမေးတော့လည်း သူတို့ သေချာမမှတ်မိဘူး ဖြစ်နေတာ၊ ဖြစ်နိုင်တာက ငြိမ်း တည်းတဲ့ နေရာကိုပဲ သိလိမ့်မယ်၊ နာမည် မသိဘူး၊ ဒါပေမဲ့ ရန်ကုန်က ဧ

ညှဲသည့် မိန်းကလေးလို့ ပြောပြီး မေးရင် ငြိမ်း
တစ်ယောက်ပဲ ရှိတော့ စာပေးဖို့ က လွယ်တာ ပေါ့"

"ငြိမ်း ဘယ်လို လုပ်ချင်သလဲဟင်၊ ကိုနိုင်ဦးကိုလည်း ဖုန်းဆက်ထားတယ်၊ သူတို့ လည်း မြစ်ကြီးနားကနေ နှစ်ရက်၊ သုံးရက်ဆို ပြန်ရောက်မှာ ပြီးတော့ ...ပြီးတော့ မိုးညဏ်ကိုလည်း မခိုင် ဖုန်းဆက်ထားတယ်"

"ဟာ .... မခိုင်ကလည်း ကိုမိုးညဏ်ကို ဘာလို့ ဆက်လိုက်ရတာလဲ"

ငြိမ်း၏ လေသံမှာ စိတ်ဆက်သူတို့ အလောတကြီး ထွက်ကျတတ်သောလေသံ။ မသန္တာခိုင် မျက်နှာ ကွပ်ခနဲ ပျက်ပြန်တော့ ကိုယ့်အမှားကိုယ် သတိရကာ စိတ်မကောင်း ဖြစ်ရလေသည် ။ ခုတင်အနီးသို့ ခုံကိုတိုးကပ်လိုက်သည် ။ မျ

ကိုလိုးအမယ် မျက်ရည်ရစ်လော့ခြင်းကိုတော့ မထိန်းလိုက်နိုင်။ ထိန်းလိုစိတ်လည်း မရှိတော့ပါ ။

"ဆောရီး မခိုင်၊ ငြိမ်း မခိုင် စေတနာကို သိပါတယ်၊ ဒါပေမဲ့ ငြိမ်းကြောင့် အခု မခိုင်တို့ ကို၊ ပြီးတော့ ကိုမိုးညဏ်တို့လို ဘေးလူတွေ စိတ်အနှောင့်အယှက် မဖြစ်စေချင်လို့ ပါ"

သည် စကားဟာ မှန်သော သစ္စာပါပဲ၊ ငြိမ်း အမှန်ကိုသာ ဆိုကြောင်း မျက်ဝန်းများအားဖြင့် မသန္တာခိုင် နားလည်ပါလိမ့်မည်။

"မခိုင်တို့ စိတ်အနှောင့်အယှက်ဖြစ်မှာ ကို မပူနဲ့ ၊ စိတ်အနှောင့်အယှက်လည်း မဖြစ်ဘူး၊ မခိုင် တစ်ခုပဲ ငြိမ်းကို အကြံပေးချင်တယ်"

"ပြောပါ မခိုင်"

မသန္တာခိုင်သည် ငြိမ်း၏ မျက်ဝန်းများ ထဲ
စူးစိုက်နေသည် ။ နောက်ပင့်သက်ရှိုက်လိုက်သည် ။ တစ်ဖက်လူ နားဝင်အောင် အပြောခက်မည့်စကား ။သို့သော် မပြောမဖြစ် စကားတစ်ခွန်း ပြောရတော့မည့်သူလို။

"ငြိမ်း ပြန်ပါ၊ ငြိမ်း ရန်ကုန်ပြန်ပါ"

"ရှင်"

"ဟုတ်တယ်၊ ကိုနိုင်ဦးရော မခိုင်ရော တစ်သဘောတည်းပဲ၊ မိုးညဏ်ကလည်း ဒီလိုပဲ ပြောလိုက်ပါတဲ့ ၊ မခိုင်တို့ ငြိမ်းကို မကူညီချင်တော့လို့ မဟုတ်ဘူး နော်၊ ငြိမ်းအတွက် ပြောတာ၊ ငြိမ်း ပြန်ပါတော့"

ငြိမ်းသည် ခေါင်းလည်း မညိတ်။ ခေါင်းလည်း မခါမိချေ။

ငြိမ်းတို့ စာရေးတဲ့ အကြောင်းတော့ မခိုင်လည်း သိပ်မသိဘူး။ ဒါပေမဲ့ ရေးစရာ အမှုတွေဟာ မြို့ပြင်သာယာမှာ မှ မဟုတ်ဘူး ငြိမ်း၊ တစ်နိုင်ငံလုံးမှာ ရှိတာပဲ၊ ငြိမ်း ပြောသလို တရားခံအစစ် မပေါ်ခဲ့တဲ့ အမှုတွေလည်း အများကြီးရှိတာပဲ၊ အဲဒါတွေ ငြိမ်းရေးနိုင်သားပဲ၊ ပြီးတော့ အစစ်အမှန် မဟုတ်လည်း စိတ်ကူးပြီး ငြိမ်း ရေးနိုင်တာပဲ၊ ဘာလို့ ဒီလို အန္တရာယ်ပေးနိုင်တဲ့ အမှုနောက် လိုက်မလဲ ညီမရယ်"

စကားတစ်ခွန်းတိုင်း အခွန်းတိုင်းသည် ပြောသူ၏ ရင်ထဲက လှိုက်ကာ လှိုက်ကာ ထွက်ကျလာသည့်ပမာတည်း။ မေတ္တာအပြည့်နှင့် ပြောသူက ပြောတော့လည်း နားထောင်သူမှာ ကိုယ့်ခံစားချက်နှင့်ကိုယ်မို့ ရင်ဆို့နင့်နာရသည် ။ စကားတစ်စတလေမျှ မတုံ့နိုင်အောင် ငြိမ်း

ခေါင်းငုံ့တစ်ကုကကျရပါသည် ။ ဘာလို့ လာ ငြိမ်းရယ်

'ဟင် .... ငြိမ်း .... ရန်ကုန်ပြန်မယ် မဟုတ်လားဟင်'

"ဟင့်အင်း"

ငြိမ်းသည် ခေါင်းကို သွက်သွက်ပင် ခါယမ်းကာ မသန္တာခိုင်ကို ဆတ်ခနဲ မော့ကြည့်လိုက်သည် ။ မျက်ဝန်းများ ထဲ တစ်စစ ရစ်အိုင်ဖွဲ့သီလာသော မျက်ရည်စတို့ ကို မသန္တာခိုင် ဘယ်လိုများ အမည်တပ်နည်း။ ထိတ်လန့်မှုကြောင့်ဝေသောမျက်ရည်လား။ ဟင့်အင်း ... အန္တရာယ်ကို ငြိမ်း မထိတ်ပါ။ လှည့်ပြန်ရမည် ဆိုတာထက် မထိတ်လှပါ။

ရှေ့ခရီးတစ်လျှောက် ခယောင်း ခင်းဦးမည်ဆိုလျှင်တောင် ထိုလမ်းကို ငြိမ်း ဆက်နင်းပါလိမ့်မည်။

ငြိမ်းသည် မျက်နှာကို လက်ဝါးနှင့် အုပ်လိုက်သည် ။ ပါးပြင်ထက် တလိမ့်လိမ့် စီးကျလာသော မျက်ရည်တို့ ကို မထိန်း။ ထို့အတူ စကားတစ်ခွန်းကိုလည်း မထိန်းတော့။ မျက်ရည်နှင့်အတူ လွှတ်ချလိုက်ပါသည် ။

"အဖေ့အတွက်ပါ၊ ငြိမ်းအဖေအတွက်ပါ"

***

မနေ့ကတော့ သည် အိမ်ကို မတွေ့မီအထိ မသန္တာခိုင်ခမျာ ရွာအဝင်လမ်းတစ်လျှောက် ဆိုင်ကယ်ကို မကြာမကြာ ရပ်ကာ ဟိုမေး သည် စမ်း ပြုခဲ့ရသည် ။ ခုတော့ တစ်ကြိမ် ရောက်ခဲ့ဖူးပြီမို့ ရွာအဝင်လမ်းမှာ အိမ်ဝင်းရှေ့ထိ

တိုင် တန်းတန်းမတ်မတ်ပင် ခေါင်းငိုက်လာပါ...

သည် ။

ငြိမ်းသည် ခြံဝင်းရှေ့ ရပ်လျှင်ရပ်ချင်း အသံပြုမည် ပြင်၏။ သို့သော်လည်း မနေ့က မှာ ထားသော စကားကြောင့်လား၊ ဆိုင်ကယ် သံကြောင့်ပဲလား ။ အမျိုးသားတစ်ဦး လှေကား ထိပ်မှ ခေါင်းပြူလာပါသည် ။ 'ညီ့သည် တွေ ထင်တယ်၊ လာ. လာ ' ဟု ဆိုကာ အိမ်ထဲဘက် ပြန်ဝင်သွားသည် ။

အိမ်သည် သစ်စု ဦးဘမင်း၏ နေအိမ်လို ခ ေခာ်ခန့် မဟုတ်ပါ။ ပျဉ်ထောင်၊ သွပ်မိုးနှင့် ခိုင် ခံ့သောအိမ်။သို့သော် လှေကားထိပ်မှ အိမ်ရှေ့ခ န်းသို့ ရောက်လျှင်ရောက်ချင်း မြင်ရသော မြင် ကွင်းများကတော့ များ စွာ မကွာခြားလှပါပေ။ အိပ်ခန်း၊ ဧည့်ခန်းရယ်လို့ သီးသန့် မရှိတတ်

သော ကျေးရွာများ ပေါ်မှ အမိုးအပုံကို အခန်း ထောင့်မှာ အတိုင်းသား တွေ့ရပါသည် ။

ဦးထွန်းသာသည် ဖျာပေါ်ဝယ် အသင့်စောင့် နေပုံနှင့် အေးအေးသက်သာ ထိုင်ကာနေသည် ။ ကွမ်းသီး စိတ်နေသည် ။ ငြိမ်းတို့ ကို မြင်လျှင် ကြိုဆိုဟန် ပြုံးပြပါသည် ။ ဦးဘမင်းနှင့် အသ က်ချင်း မတိမ်းတယိမ်း ဖြစ်လိမ့်မည်။ အဖေ့ထ က် လေး ၊ငါးနှစ် ကြီးလိမ့်မည်။ ကျန်းမာပုံ တော့ ရသူပါပေ။

"မနေ့က လာသွားတဲ့ ကလေးမတွေလား ဟုတ်လား"

ငြိမ်းသည် နာမည်နှင့် လာရသော အကြော င်းအရာကို အကြမ်းဖျင်း ပြောပြ မိတ်ဆက်ရပါ သည် ။ ပြောဖူးလက်စ ရှိပေမယ့် ပြန်ပြောတိုင်း ငြိမ်းအတွက် အသစ်ဖြစ်သော စ

ကားများ ။ သစေ့ ... တာရာ ... လွန်ခဲ့တဲ့ ဒါနေ့ ——— သက်ကြီးပိုင်းရောက်ချိန်မှာ ပင် ဦးထွန်းသာ၏

စ်။

ဦးထွန်းသာ၏ မျက်လုံးတို့ မှာ တဖျပ်ဖျပ်လက်နေသည် ။ ငြိမ်း၏ စကားအခွန်းတိုင်းဝယ် စူးစူးစိုက်စိုက် နားစွင့်နေပုံ။ လက်ထဲက ကွမ်းညှပ်ကို ချကာ ကွမ်းအစ်ကိုပါ ဘေးသို့ ရွှေ့လိုက်ပါသည် ။

မျက်မြင်သက်သေ တစ်ဦးကို ကျန်းကျန်းမာမာ တွေ့ရ၊ စကားပြောခွင့်ရသော အဖြစ်သည် ငြိမ်းအား စိတ်လှုပ်ရှားစေပါသည် ။ ပြောရင်းမှာ လည်း ဦးထွန်းသာ၏ မျက်နှာရိပ်မျက်နှာကဲကို အကဲခတ်ရသည် ။ ပြန်ပြောလိုစိတ်ကော ရှိပါ့မလား၊ အသေအချာကော မှတ်မိပါတော့မလား။ ကြီးကြီး ပြောဖူးသလိုပင် ရိုးပုံရသော လယ်သမား ယာသမား ရုပ်ရည်သည် မျက်နှာထက် ထင်းထင်း တည်မြဲပင်။

"ကျွန်မ ဖတ်ခဲ့ရတာကတော့ အဲဒီနေ့က ဦးလေးက သာယာကုန်းဈေးနေ့က ပြန်လာတာလားလို့ "

"အေး ... အဲဒါတွေက ကြာပါကြာလှပေါ့ကွာ၊ အကုန်ကြီးလည်း မှတ်မိမှာ မဟုတ်တော့ဘူး"

"မှတ်မိသလောက်ပေါ့ ဦးလေးရယ်"

ဦးထွန်းသာ၏ သမီးဖြစ်ပုံရသူသည် ရေနွေးကရား၊ ရေနွေးခွက် ထန်းလျက်ပေါက်ပေါက် ပန်းကန်တို့ ထည့်ထားသော ဗန်းကို စကားဝိုင်း အလယ်ချပေးကာ၊ မိတ်ဖွဲ့ပြုံးပြုံးပြကာ မလှမ်းမကမ်း၌ ဝင်ထိုင်လိုက်ပါသည် ။"

"ဈေးနေ့ ... ဟုတ်တာပေါ့ ဈေးနေ့ အခါ ... ဈေးနေ့ကို အိမ်က ငှက်ပျောသီးတွေ သွားရောင်းတာ ထင်တာပဲ၊ အပြန်ကျတော့ကာ ဝယ်စရာ ခြမ်းစရာ ရှိတာတွေ ဝယ်လာတာပ၊ တောလမ်းကပဲ ပြန်လာတာပေါ့ကွာ၊ လမ်းကျတော့ ခဏနားတာ တဲမှာ လေ၊ အဲဒီမှာ ကျတော့ လူစိမ်းတွေ တွေ့တာပ"

"တစ်ယောက်လား၊ နှစ်ယောက်လား ဦးလေး"

နှစ်ဦးဟု စိရင်ချက်မှာ ပါပါလျက် ငြိမ်း မသိယောင်ပြုကာ မေး၏။

"နှစ်ယောက်ထင်တာပ၊ သူတို့ လည်း နားနေကြတာ ဖြစ်မှာ "

"ဆက်ပြောပါဦး ဦးလေး" ဟု ငြိမ်း စကားထောက်လိုက်ပါသည်။

ငါလည်း သူတို့ ကို ကြည့် သူတို့ လည်း ငါ့ကို ကြည့်ပေါ့ကွာ၊ ဘာစကားမှ တော့ မပြောဖြစ်ကြဘူးနော့၊ သူတို့ က စပြောရင်လည်း ငါလည်း ပြောမှ ပ၊ သူတို့ က သူတို့ ဟာနဲ့ သူတို့ ဆိုတော့ ငါလည်း အမောပဲဖြေနေတာပဲ၊ ခဏနေတော့ သူတို့ ထွက်သွားရော ..."

ဦးထွန်းသာက စကားမဆက်ဘဲ စဉ်းစားဟန် ပြုနေသည် ။

"သူတို့ တစ်ခု မေ့ခဲ့တယ် မဟုတ်လား"

ဟု ငြိမ်းက စကားထောက်ရပြန်ပါသည် ။

"အေး ...ဟုတ်ပ ဟုတ်ပ၊ သူတို့ ဝါးရင်းတုတ်တစ်ခု မေ့ကျန်ခဲ့တာကိုးကွ၊ ဘာလုပ်ဖို့ ရာ တုတ်ယူလာသလဲလို့ ငါ စဉ်းစားလိုက်သေးတယ်၊ ခဏနေတော့ သူတို့ ပြန်လာယူတာပဲ၊ နေ့ခင်းကျတော့ကွာ တောထဲမှာ ကလေးအလော

င်း တွေ့တယ်ဆိုပြီး ဖြစ်တော့တာပါ တူး.....

ဦးထွန်းသာသည် အဖြစ်အပျက်တို့ ကို ခုပင် ပြန်မြင်ရသလို လေပူတစ်ချက် မှုတ်ထုတ်လိုက်ပါသည် ။ ရေနွေးတစ်ခွက် ငှဲ့ကာ သောက်သည် ။ " ရေနွေးသောက်၊ ပေါက်ပေါက်လည်း စားကြဦး " ဟု ဧည့်ခံသည် ။ ပခုံးထက် တင်ထားသော သဘက်ဖြင့် နဖူးပြင်၊ လည်ပင်းတို့မှ ချွေးကို သုတ်နေပါသည် ။

"တရားရုံးကျတော့ အဲဒီလူစိမ်းကို ပြန်တွေ့တာပဲလား"

"တွေ့တာပ"

"ဦးလေး မှတ်မိတာပဲလား"

"မှတ်မိတာပ၊ မမှတ်မိဘဲ ဘယ်နေမလဲ"

ငြိမ်းသည် ပင့်သက်ရှိုက်၏ မသန္တာခိုင်ထံ

အကြည့်ရှောင်လျှင် အဖြစ်အပျက် အလုံးစုံကို

သိခဲ့ပြီမို့ ဦးထွန်းသာ၏ အဖြေတို့ အပေါ် ငြိမ်းကိုယ်စား မောလျှပုံ၊ စိတ်မသက်သာ ဖြစ်နေပုံကို တွေ့ရလေသည် ။

"ဘာလို့ မှတ်မိတာလဲဟင်၊ ပြီးတော့ တရားခံက ဒီလူပဲ လို့ ဦးလေး ဘာလို့ ပြောနိုင်တာလဲ"

"ဟ နင်မေးတာကလည်း စုံထောက်ကျနေတာပဲ"

ဟု ဦးထွန်းသာက ရယ်မောလိုက်ပါသည် ။

"ပုံမှန်ဆို ငါလည်း မှတ်မိချင်မှ မှတ်မိမှာ ပ၊ အခုက တုတ်ကျန်တယ်ကွာ၊ ပြန်လာယူတယ်ကွာ၊ နှစ်ခါစလုံးမှာ အဲဒီတုတ်ကိုင်တဲ့ လူရဲ့ မျက်နှာကို ငါ သေချာကြည့်မိတာပ၊ ပြီးတော့ ... ပြီးတော့ အင်း.. ဘာလို့ ဒီလူလို့ ပြောသလဲ ဟု

တဲလား၊ အဲဒီတုန်းက ဒီတောထဲမှာ ငါတို့ ရှာရ ယ်၊ ရွာနားကလူတွေရယ် ဖြတ်သွားဖြတ်လာ လုပ်တာကလွဲရင် သူစိမ်းဆိုလို့ သူတို့ ရှိတာ အေး၊ ပြီးတော့ ကလေးနဲ့ အဆက်အစပ်ရှိတာ သူတို့ ပဲ ရှိတာအေး၊ သူတို့ ကို မပြောလို့ ဘယ် သူ့ကို ပြောမလဲ၊ ပြီးတော့ ကလေးမှာ ဝါးရင်း တုတ်နဲ့ ရိုက်ထားတဲ့ အရာရှိတယ်ကွ၊ လည်ပင်းမှာ ရယ်၊ ကျောကုန်းမှာ ရယ်"

ဘုရား ...။ ငြိမ်းသည် ခုပင် အရိုက်ခံလိုက် ရသလို လည်ပင်းသို့ ရုတ်ခြည်း လက်ရောက်ရ သည် ။ မွန်းကျပ်ရသည် ။ မမြင်ဖူးလေသော ကလေးကို မြင်ယောင် နာကျင်လျက် တစ်ဖက် မှာ တော့ သံသယမြူထည်ကြားထဲ ရောက်ရရှာသည် အဖေ့အတွက် ယူကျုံးမရ ဖြစ်ရလေသည် ။

အသည် တစ်ချက် သိစဖူးတော့ အဖေ တကယ်ရှိခဲ့သလား၊ မရှိခဲ့ပါဘဲ အဖေ့မျက်နှာ လို့ ထင်ယောင်ထင်မှား ဖြစ်အောင် ဖန်တီးသူ ရှိခဲ့သလား။ အဖေ့ကိုသာ မေးခွင့်ရလျှင်တော့ သည့်ထက် ရှင်းလင်းလိမ့်မည်။ သို့သော် အဖေ့ ကိုတော့ မေးမြန်းနိုင်သူစာရင်းက ငြိမ်း ပယ်ဖြ ပယ်ထားရပါလိမ့်မည်။

အတွေးနှင့် ခဏမျှ ငြိမ်ကျချိန်မှာ 'ငြိမ်း ဘ ယမေးဦးမလဲ' ဟု မသန္တာခိုင်က သတိပေးသ လိုဆိုလာသည် ။ ငြိမ်းသည် ဖွဖွဖျော့ဖျော့ ပြုံး ကာ ၊ မှတ်စုစာအုပ်က စာရွက်ကို နောက်တစ် မျက်နှာဆီ လှန်ကာ ဦးထွန်းသာထံ အကြည့် ရွေ့လိုက်ပြန်သည် ။

"အဲဒီအမှု ဖြစ်ပြီးတော့ဆရာဦးသက်ဆွေ သစ်စုကို လာသလားဟင်"

"ကလေးရဲ့ အဖေလား"

"ဟုတ်ပါတယ်"

"လာတာပ၊ အလောင်းတွေ့တဲ့ နေရာလည်း ငါတို့ ပဲ လိုက်လိုက်ပို့ရတာပ၊ အဲဒီဆရာလည်း တအား သနားစရာ ကောင်းတာပါပဲကွာ၊သူ့ သား အလောင်းချထားဖူးတဲ့ နေရာမှာ အကြာကြီးပဲ ထိုင်ထိုင်နေတာ၊ တစ်ခါတုန်းက ဆို တောကလည်း လေတွေတိုးလို့ အသံတွေ ဆူညံနေတာပဲ၊ မိုးတွင်းလည်း မိုးတွင်းဆိုတော့ စိတ်ထဲ ဘယ်လို ဖြစ်လာတယ် မဆိုနိုင်ဘူး၊ ဘ မင်းရေ သူ့အဖေ လာတယ်ဆိုမှ တော့ ကလေး ရဲ့ ဝိညာဉ်လည်း ဒီနားပဲ ရှိမှာ ပဲလို့ တောင် ငါ ပြောမိသေးတယ်ကော"

ငြိမ်းသည် တာရာဖခင်၏ တနာဖွယ် မြင်ကွင်းနောက် ကောက်ကောက် မပါမိစေရန် စိတ်တင်းထားရသည်။ သနားစရာကို သနားစရာ ဆိုသော အဆင့်မှာ သာ တန့်ထားရမည်။ အလုပ်ကို အလုပ်လိုသာ သဘောထားရမည်။ အင်း .... မေးခွန်းလည်း ဆက်မေးရလိမ့်မည်။

"ဦးလေးတို့ ကို သက်သေလုပ်ပေးဖို့ ဆရာဦးသက်ဆွေက ပြောတာလား"

"ဟုတ်ပ"

"ရွာ ခဏ ခဏ လာတာပေါ့နော်"

"လာတာပ"

"အဲဒီ တရားခံဆိုပြီး သူ ပြောတဲ့ လူအကြောင်းရော ပြောပြလား၊ ဥပမာ သူနဲ့ အငြိုးရှိတယ်တို့ ဘာတို့ ပေါ့လေ"

ဦးထွန်းသာက စဉ်းစဉ်းစားစား ပြုဟန်ဖြင့် ခေါင်းညိတ်လိုက်သည် ။ နောက် လည်ချောင်း

ရှင်းကာ တွေးခဲ့သည့် ချက် တွေးချလိုက်ပါသ ည်။

"အဲဒီလူပုံစံကိုရော ပြောပြလားဟင်"

သည် မေးခွန်းကတော့ကိုယ့်ဘက်ကို စတင်ဆွဲယူရာ မေးခွန်းပါပဲ။ တစ်ဖက်သားက အပြည့်အဝ နားလည်နိုင်လျှင်တော့ မယုံကြည်မှုကို အတိုင်းသား တွေ့ရမည့် မေးခွန်းမျိုး။ သို့သြော် ချဲ့မတွေးလျှင်တော့ သာမန်ဟု ထင်စရာ။

"အင်း ... ပြောတာ မဟုတ်ဘူး ကွ၊ မေးတာ ငါတို့ တွေ့တဲ့ လူက အရပ်နည်းနည်း မြင့်တယ်၊ ဗလကောင်းတယ် မဟုတ်လားလို့ မေးတယ်ထင်တယ်၊ အေး ... ဟုတ်တယ်လို့၊ နောက် သူ့မျက်နှာက လေးထောင့်လိုလို ဟုတ်လားတဲ့၊ အဲဒါလည်း ဟုတ်တယ်လို့ မျက်ခုံးထူတယ် မဟုတ်လားတဲ့၊ အေး..... ထူတာပလို့ အမာရွတ်

[illegible] ည့်တော့လည်း အမာရွတ် ရှိသလိုပဲကွ၊ တရားရုံးရောက်တော့ အေး ... အဲဒီလူ ပါပဲကွာ"

သြော် ... သူတို့ တစ်တွေ မြင်ခဲ့သည် ဆိုသောသူစိမ်းနှင့် အဖေ့ကို တစ်ဖက်က မရအရ ဆက်စပ်ခဲ့လေသလား။ ပြောသူက အခါခါ ပြောမှ တော့ နားထောင်သူမှာ လည်း အဖေ့ပုံရိပ်ကို မသိစိတ်တိုင် စွဲခဲ့လေသလား။

ရှင်းလေ ရှုပ်လေဟု ဆိုရမည့်ပမာ တွင်းနက်ထဲ ခြေတစ်လှမ်းပြီး တစ်လှမ်း ကျွံလာသူလို ငြိမ်း အသက်ရှူမဝ ဖြစ်လာပါသည် ။ တွင်းနှုတ်ခမ်းဝမှာ ကြိုးတစ်စ ကျလာသလို မြင်လိုက် အားကိုးတကြီး ဆွဲလိုက်နှင့်။ သို့သော် ထိုကြိုးတို့ သည် လည်း ငြိမ်း၏ လည်ပင်းကို ရစ်သော ကြိုးများ သာ ဖြစ်လာပေသည် ။

"ဦးလေး အခု အဲဒီလူကို တွေ့ရင် မှတ်မိမ
လား"

"အခုတော့ မှတ်မိတော့မယ်
မထင်ပါဘူးကွာ"

ဦးဘမင်းကတော့ မှတ်မိတယ် ဆိုခဲ့ပေသ
ည်။

***

မွန်းလွဲနေခြည် ရူးရှဆဲမှာ ပင်
ချောင်းဖြူရွာသည် နောက်ကျောဝယ် ကျန်ရစ်
ခဲ့ပြီ။ ဖြတ်ရုံက လွဲ၍ တစ်ကြိမ်ပင် မဝင်ဖူး
သေးသော သာယာကုန်းမှာ နှစ်ဦးသား ခရီးတ
စ်ထောက် နားကြသည်။ တို့ ဟူးသုပ်မှာ ကာ၊
ကော်ဖီမှာ ကာ။

ငြိမ်းသည် တို့ ဟူးသုပ် စားရင်း လမ်းဘက်
ဆီ တွေတွေ ငေးနေဆဲ 'တကယ့်ကို သိသိလေး
ပါလား ငြိမ်းရယ်' ဟု မသန္တာခိုင် သတိတရ ပြ
န်ပြောင်းပြောလိုက်ပုံကို
သဘောတူသောအားဖြင့် လည်ပြန်ငဲ့ကာ ပြုံး
လိုက်မိပါသည်။ ဟုတ်ပါရဲ့။ တကယ့်ကို သိ

သလေ။ ပြောသူ၏ တကယ့်စကားအနက်ကို
နားထောင်သူက ကောင်းစွာ အဓိပ္ပာယ်ကော
က်တတ်လျှင် မီးခိုးမဆုံးသော စကားများ ၊ ဖြစ်
ရပ်များ ပေါ်ပေါက်လိမ့်မည်။ သို့သော် နား
ထောင်သူက ရိုးသားတော့လည်း ပြဿနာဆို
တာသည် အငွေ့မျှပင် မဖြစ်တည်ခဲ့ပေ။ အကျ
ပ်အတည်းထဲက ငြိမ်းတစ်ယောက် သီသီက
လေး လွတ်မြောက်ခဲ့လေသည် ။

"ငြိမ်းလေ အမှန်တော့ သစ်စုမှာ တုန်းကတ
ည်းက ဒီလိုပဲ စကားမှားတော့မလို့ နည်းနည်း
ပဲလိုတာ၊ အဲဒီတုန်းက ...."

ငြိမ်းသည် ပြီးခဲ့သည့်တစ်ရက်တုန်းဆိက
မပြောမဖြစ်သောအခြေအနေ ဆိုက်ခဲ့ပြီမို့ အ
တိတ်ဖြစ်ရပ်တို့ ၏ တစ်ယောက်သော ကာယ
ကံရှင်ဟာ ကိုယ်တိုင်ပါပဲဟု ဖွင့်ဆိုခဲ့ရပြီ။ မသ

[illegible]
၍ မူမျှပက်ခဲ့သူ။ ငြိမ်းအပေါ် စာနာဟန်သည်
သူမျက်နှာဝယ် သည် ကနေ အထိတိုင် ဖွဲသော
အမူအရာသာတည်း။

"အဲဒီတုန်းကတော မခိုင်က ငြိမ်းရဲ့ တက
ယ့်အဖြစ်ကို မသိဘူးမဟုတ်လား၊ ဒီတော့ တစ်
ခုခု ပြောမယ်၊ မေးမယ် ဆိုရင် ထိန်းတယ်၊ ခု
တော့ သိနေပြီးပြီဟာ မထူးပါဘူးလို့ လည်း ငြိ
မ်းတွေးတယ်၊ နောက်ပြီး ... နောက်ပြီး ငြိမ်း စိ
တ်ထဲမှာ ဘယ်ကမှန်း မသိတဲ့ တားတဲ့ သူက
လည်း ပေါ်လာတော့ လုပ်စရာရှိတာ မြန်မြန်
လုပ်မှ ပါပဲဆိုပြီး ပြောသင့်၊ မပြောသင့် မချိန်
တော့ဘဲ နဂိုကတည်းက ပြောချင်နေတဲ့ စကား
ကို ပြောချလိုက်တာပါပဲ"

ငြိမ်း၏ စိတ်အစုံသည် ပြီးခဲ့သည့် နာရီပိုင်း

ဆဲ တစ်ဖန်ရောက်ရသည် ။ ဦးထွန်းသာ၏ စ ကားတို့ ကို နားထောင်နေစဉ်မှာ ငြိမ်းသည် မပြောအပ်သော စကားတစ်ခွန်းကို မေးခွန်းအဖြစ် မေချခဲ့မိပေသည် ။ ထိုအချိန်က တော့ မပြောအပ်ဟု ငြိမ်း မတွေးခဲ့ပါ။ ဦးသက်ဆွေ သစ်စုရွာဆီ အခါခါ ရောက်တယ်ဆိုတာကို စိတ်ထဲက မလိုလားနိုင်။ ပြီးတော့ သူ ထင်မြင်ရာ တရားခံ၏ အသွင်ဆိုတာကို တောလမ်းမှာ တွေ့ခဲ့ပါသည် ဆိုသော သူစိမ်း၏ ရုပ်သွင်အဖြစ် မေးခွန်းများ နှင့် သည် လူကြီးတို့ အကြား နှောင်ဖွဲ့မှု တစ်စုံတစ်ရာ ရှိကိုရှိလိမ့်မည်ဟု စိတ်မှာ တထစ်ချ ယုံသည် ။

ငြိမ်းသည် အတွေးအဆင့်မှာ တင် မရပ်။ နှုတ်က ဖွင့်ဟမိသည် ။

"ဦးဘမင်းရယ် ဦးလေးရယ်၊ ပြီးတော့ ဆရာဦးသက်ဆွေရယ် ပြီးတော့ သာလေးတို့ကြား မှာ ကျေးဇူးသစ္စာစောင့်သိစရာ ကိစ္စမျိုးရှိလား ဟင်"

"ဟိုင်"

'ဟင်' လည်း မဟုတ်။ သို့သော် 'ဟင်' လို့ ဆိုလိုဟန် အာမေဍိတ် တစ်မျိုးပါပဲ။ ဦးထွန်းသာသည် နားမလည်ပုံနှင့် နဖူးပြင်က အရေးအကြောင်းတို့ ပိုမို ပေါ်လွင်အောင် မျက်ခုံးရှုံ့ကာ စဉ်းစားဟန်ပြုနေပေသည် ။ မသန္တာခိုင်က 'ငြိမ်း' ဟု ဟန့်သလို ဆိုကာလက်ကို ဖမ်းဆုပ်လိုက်ပါသည် ။

စောစောတုန်းက လှစ်ခနဲ ထသွားသော ဦးထွန်းသာ၏ သမီးလည်း မီးဖိုခန်းက ပြန်ထွက်လာပြီ။ သူ့ရှေ့မှာ သာ စောစောက မေးခွန်းကို မေးမိလျှင်တော့သောချာပေါက် နားလည်လိမ့်မ

ည်။ ဖခင်လုပ်သူကို စောကားရပ်မလားဟု အ
မ်ပေါ်ကပင် နှင်ချလိမ့်မည်။ တည်ဆောက်ခဲ့သ
မှု ရင်းနှီးမှု၊ ကြိုးစားမှုတို့ ပျက်ရမည်။ ငါ့နှယ်
... ပြောလိုက်ရင် မဆင်မခြင် ..။

"ဘာမေးလိုက်တာလဲ စောနတုန်းက"

ငြိမ်းသည် မသန္တာခိုင်၏ ပူပန်ကြောင့်ကြ သော မျက်နှာကို လှမ်းကြည့်ကာ မျက်လုံးနှင့် အပြုံးနှင့်ပင် စကားဆို ကတိပေးရသည် ။ စောစောက မေးခွန်းနှင့် ဆင်သော်လည်း အန က်ရှိုးစင်းသည့် မေးခွန်းကို ပြောင်းမေးရမည်။

"ဩော် ... ကျွန်မ ခုနက မေးတာက ဦး လေးတို့ ဦးဘမင်းတို့ နဲ့ ဦးသက်ဆွေက တော် တော်ရင်းနှီးတာလား၊ သိကြတာလားလို့ "

"ဟာ .. ဘယ့်နှယ်လုပ် သိမလဲ ကလေးမရဲ့ ၊ သူတို့ ရွာနဲ့ ငါတို့ ရွာက ဒီလောက်ဝေးတာ

တစ်ခါမှ ကောင်း မမြင်ဖူးဘူး၊ အမှုဖြစ်တော့မှ ဒီဆရာရွာရောက်ဖူးတာကွ၊ အမှုမှာ သက်သေ လိုက်တော့လည်း ခင်သွားတယ်ပေါ့ကွာ၊ အမှုပြီးတော့လည်း တစ်ခါတစ်လေ ရွာလာပါ တယ်၊ ရွာလာတိုင်းလည်း တောထဲ သွားတာပါ ပဲ၊ မသွားပါနဲ့ ဆရာရယ် ပြောလည်း မရ၊ နောက်ကျတော့ ...အင်း ...ခဏပဲ အသက်ရှင်ရှာ ပါတယ်ကွာ၊ ကလေးစိတ်နဲ့ ပဲ ဆုံးတာပဲ"

ဦးထွန်းသာ၏ မျက်နှာသည် စိတ်မကောင်း ဟန်နှင့် မှိုင်းရီရီ။ သူ့မျက်ဝန်းအစုံသည် ဝေး သော အတိတ်သို့ မျှော်ဟန်ရှိသည် ။ သားက လေး ဆုံးပါးခဲ့ရာ နေရာဝန်းကျင်ဆီ မကြာမကြာ လာတတ်သော၊ သားချစ်သော ဖ ခင်တစ်ဦးကို မျှော်ဟန် ရှိပါသည် ။

ဦးဘမင်း ...။ ဦးဘမင်း၏ မျက်နှာပေါ်က

/15/971

အရိပ်တို့ ကို ခုမှ ပင်ငြိမ်း အမှတ်ရသည် ။ စ ကားမဆိုနိုင်သော်လည်း မှုန်ရီသော မျက်ဝန်းများ နှင့် ငြိမ်းအား ငေးနေခဲ့ပုံ။

တာရာ့ဖခင်အား သူတို့ မကြာ မကြာ လိုက်ပို့ခဲ့ဖူးသော တောနက်ထဲ အကြောင်းကိစ္စ တစ်စုံတစ်ရာနှင့် ဖြတ်ရလေတိုင်း စိမ်းမြသော သစ်ပင်အုပ်အလယ်မှာ ၊ သားကလေးအလောင်း ရှိခဲ့ဖူးသည့်နေရာမှာ သားကလေးကို ခုပင် ပြန်တွေ့တော့မည့်ပမာ ဖွေရှာပုံရသော သနားစရာဖခင်၏ အရိပ်ကို နှစ်များ စွာ ကြာသည် အထိ သတိရ မြင်ယောင်နေခဲ့ကြလိမ့်မည်။

"အဖေတင် မဟုတ်ဘူး ၊ သူ့အမေလည်း တအား သနားစရာကောင်းတာပဲ၊ ရွာကို တစ်ခါပဲ လိုက်လာဖူးတယ်၊ လာတော့ အဲဒီတောထဲပဲ သွားပို့ရတာပ၊ ရောက်လည်း ရောက်ရော ငါ့သားလေး အဖြစ်ဆိုးလိုက်တာတဲ့ ၊ ဒါတစ်ခွန်းပဲ ပြောပြီး အဲဒီနေရာက မထဘဲ ငိုနေတာ အကြာကြီးပ၊ ဝမ်းနဲ့ လွယ်မွေးခဲ့တဲ့ သားလေးကွာ၊ ဆယ့်သုံးနှစ်၊ ဆယ့်လေးနှစ်သားလေးကွာ၊ ဖျားနာပြီး သေရင် ဖြေသာမယ် ဟုတ်လား၊ အခုတော့ ဘယ်လို ရိုက်လိုက်ပါလိမ့်၊ ဘယ်လို ခုတ်လိုက်ပါလိမ့် ၊ ငါ့သားလေး ဘယ်လိုများ အော်ပါလိမ့် သူတို့ ခဏ ခဏ တွေးကြမှာ ပဲ၊ သတိရတိုင်းတွေးကြမှာ ပဲ၊ သြော် ... ဒုက္ခ... ဒုက္ခ"

ပြောလည်း ပြောတတ်ပါပေရဲ့ ။ ငြိမ်းမှာ လာရင်းအဖြစ်ကိုပင် မေ့ကာ မျက်ရည်ဝဲရသည် ။ ရင်၌ ဆို့ရပါသည် ။ မြင်ကွင်းကို ဖွဲ့ပြတတ်သူက ပြောတော့လည်း အတိတ်သည် မဝေး

ရာ့မိခင်၊ ဖခင်တို့ သည် ရောက်နေသလိုလို။ ပြီးတော့ ညို့ညို့ဆိုင်းသော တောထဲမှာ လေ။ မမကြည်ပြာ ... မကြည်ပြာသာ သည် စကား တို့ ကို ကြားလျှင်ဘယ်လို နေမည်နည်း။ ထိုင် နေဖို့ ရာ မစွမ်းသာတော့သလို လဲပြိုလိမ့်မည် ထင်သည် ။ အငိုမတိတ်တော့သလို ရှိုက်ကာ ရှို က်ကာ ငိုလိမ့်မည်ထင်သည် ။

"ငြိမ်း" ဟု အနီးကပ်၍ မသန္တာခိုင် ခေါ်လို က်သံကြောင့် စိတ်သည် ချောင်းဖြူက ခွာကာ သာယာကုန်းသို့ ရောက်လာရပြန်သည် ။ တို့ ဟူးဆိုင်မှာ မြဲမြဲမြံမြံ ရှိရပြန်ပါသည် ။

"အခုထိ ငြိမ်း ရသမျှအချက်အလက်က ငြိမ်းအတွက် အားကိုးလောက်စရာ ဖြစ်ရဲ့ လားဟင်"

ည် ။

"လာတုန်းကတော့ အားအပြည့်နဲ့ ပေါ့ မခိုင် ရယ်၊ ငါ မျက်မြင်သက်တွေကို မေးလိုက်မယ်၊ အစ်လိုက်မယ်၊ သူတို့ မြင်တဲ့ လူစိမ်းဟာ အဖေ မဟုတ်ပါဘူးလို့ ဝန်ခံတဲ့ စကား ရအောင် ကြိုး စားမယ်လို့ တွေးထားတာ၊ ရလည်း ရမှာ ပဲလို့ ယုံထားတာ၊ တရားခံအစစ်ပေါ်ဖို့ တွေ ဘာ တွေ ငြိမ်း မတွေးပါဘူး၊ အဲဒီလောက်လည်း မ လုပ်နိုင်ပါဘူး၊ ငြိမ်းဘက်က သက်သေ ခိုင်ခိုင် လုံလုံ ရရင် မကြည်ပြာကို သွားတွေ့ပြီး သူတို့ မိသားစုကိုယ်စား အဖေ့ကို တောင်းပန်ပေးဖို့ နောက်နောင် ရွာကလူတွေ ဒီအကြောင်း ပြော တာနဲ့ ကြုံတဲ့ အခါ အဖေ့အပေါ် သံသယရှင်း အောင် သူကိုယ်တိုင် ပြောပေးဖို့ တောင်းဆိုမ

လို့ ပါပါ ခုတော့ .....

ငြိမ်းသည် စိတ်ငယ်လျှင် လုပ်မိလုပ်ရာ လုပ်သလို နှုတ်ခမ်းကို လက်နှင့် အုပ်မိသည် ။အသံသဲ့သဲ့ ကျအောင်ပင် တစ်ချက် ရှိုက်လိုက်ပါသည် ။

"အခုကျတော့ ရှင်းလေလေ ရှုပ်လေလေပဲ၊ ဦးထွန်းသာကို ငြိမ်းမေးတာ တစ်ခု မှတ်မိလား ၊ ဦးလေးတို့ တရားရုံးလာတော့ လမ်းစရိတ်တွေဘာတွေ ဦးသက်ဆွေ ပေးလားလို့ ၊ ဒီ့ထက်လည်း မေးလို့ မကောင်းတော့ဘူး မခိုင်ရယ် သက်သေလုပ်ဖို့ ငှားခဲ့သလားလို့ ငြိမ်း ဘယ်လို မေးမလဲ၊ အဲဒီတော့ သူဘယ်လို ပြန်ဖြေသလဲ ဆိုတာ မခိုင် တွေ့တဲ့ အတိုင်းပဲ၊ ငါတို့ မယူပါဘူးကွာ ကိုယ့်စက်ဘီး ကိုယ်နင်းပြီး သွားကြတာပါပဲ၊ ငါရော ၊ ဘမင်းရောတဲ့ ၊ ကဲ ...."

ပြောကာ တွေ့သော ရေသသည် ငြိမ်း၏ နှုတ်ဖျားက မသက်မသာ တိုးထွက်လာသည် ။ '

ဟုတ်ပါရဲ့ ' ဟု ဆိုကာ မသန္တာခိုင်က သက်ပြင်းချသည် ။

'ငြိမ်း ထင်တာတော့ သူတို့ တစ်ခါပဲ တွေ့ဖူးတဲ့ လူကို တရားရုံး ရောက်တဲ့ အချိန်အထိ ဘယ်နည်းနဲ့ မှ မှတ်မိမနေဘူး၊ ဒါပေမဲ့ မှတ်မိနေတယ် ထင်ရအောင် ဦးသက်ဆွေ ကြိုးစားခဲ့ပါလိမ့်မယ်၊ မေးခွန်းတွေ မေးရင်း သင်မှန်းမသိ သင်ခဲ့လိမ့်မယ်၊ ပြောရင်း ပြောရင်းက ဒါအမှန်ပဲလို့ သူတို့ စိတ်ထဲ စွဲခဲ့မှာ ပေါ့၊ ခုထိလည်း စွဲနေပုံပဲ ၊ဒါပေမဲ့ ဒါလည်း ငြိမ်းအထင်ပဲလေ၊ ငြိမ်းအထင် မှန်တဲ့ အကြောင်း သူတို့ ဆီက ဝန်ခံစကား အစအနလေးတောင် မရသေးဘူး၊ ကာယကံရှင် ဦးသက်ဆွေကိုယ်တိုင်လည်း ရှိ

တော့တာ မဟုတ်တော့ ဘယ်သူ့ကို မေးရမလဲ အမှန်အတိုင်း ပြောရရင် ငြိမ်းမှာ ခုထိ အားကိုးလောက်စရာ ဘာသက်သေမှ မရခဲ့သေးပါဘူး မခိုင်ရယ်၊ စိတ်ညစ်ညစ်နဲ့ လျှောက်တွေးတော့လည်း မနက်က လာပို့တဲ့ စာတစ်ခုပဲ ပြစရာရှိတယ်'

'ကြံကြံဖန်ဖန်ကွယ်' ..။ မသန္တာခိုင်သည် ငြိမ်း ရယ်စရာလုပ်ပြောသည် ဟု သဘောထားပုံမရဘဲ မျက်စိမျက်နှာ ပျက်လာ၏။

"ဒီနေ့ စောစော ပြန်ရအောင်ကွယ်၊ သိပ်မမှောင်စေချင်ဘူး၊ ပြီးတော့ ....ပြီးတော့ ငြိမ်း ဒီည မခိုင်နဲ့ လိုက်အိပ်ပါလား နော့၊ အိမ်မှာ ကိုဘုန်းရော ကိုနိုင်ဦးရော ရှိတာ မဟုတ်ဘူး ၊ လွတ်လွတ်လပ်လပ်ပါပဲ"

သူ့မျက်နှာဝယ် မြိုင်သာယာတုန်းကလိုပင် ပူပန်မှုကို အဆုံးသတ် တွေ့ရပြန်သည်။ မသိ င်မှတ်ဘဲ သောကသံသရာသို့ ဆွဲခေါ်မိခဲ့ပြီ။ ငြိမ်း ဘာလုပ်ရမည်နည်း။ တစ်ပါးသူအိမ် မနေလိုတာကတော့ ပကတိစိတ်ပါပဲ။ ဒီလိုဆိုတည်းခိုခန်းမှာ ရော ဆက်နေရဲပါရဲ့ လား။ အမှန် ဝန်ခံရလျှင် မရဲလှချေ။

သို့သော် ကြောက်လန့် ထွက်ပြေးရသည့် အလုပ်ကိုတော့ မလုပ်လိုပါ။ အဖေ့ထံက တစ်ခုတည်းသော အမွေဖြစ်သည့် ခေါင်းမာခြင်းသည် အရေးကြုံတော့ဖြင့် ကိုယ်ထင်ပြလျက်။ ပူပန်သူကိုပင် ဖွဖွ ပြုံးပြမိလေသည် ။

"ရပါတယ် မခိုင်ရယ်၊ အခန်းက လုံခြုံသားပဲဟာ၊ တည်းခိုခန်းမှာ ပဲ ငြိမ်း နေပါရစေ၊ ဘယ်သူ တံခါးခေါက်ခေါက် ငြိမ်း မဖွင့်ဘူးလေ၊ မခိုင်ရှိတုန်း စားစရာ အပြည့်အစုံ

မနက်ဖြန် မနက်ရော မခိုင် မလာမချင်း အပြင် သုံးဝ မထွက်ဘူး ကတိပေးတယ်"

"ဖြစ်ပါ့မလား ငြိမ်းရယ်"

ငြိမ်းသည် ခေါင်းညိတ်လျက်သာ အဖြေပေးမိပါသည်။ စကားဆက်မည် ပြင်ပြီးခါမှ ဖုန်းမြည်သံသဲ့သဲ့ ကြား၏ စိတ်မှာ ထိတ်ရပြန်သည်။ အဖေလား ....။ ပြန်ခါနီးမှ ဖုန်းဆက်လိုက်မည် ပြောထားပါလျက် သည် ကြားထဲ အဖေ့ဘက်က စဆက်လာလျှင်တော့ ကသောင်းကနင်းနှင့် လိမ်ရပြန်ဦးမည်။

ဖုန်းမျက်နှာပြင်က အမည်ကို တွေ့လျှင်တော့ ပူပန်မှုသည် ငြိမ်းထံက ဗြုန်းခနဲ လွင့်၏။ ထိုအစဟား အေးငြိမ်းမှုသည် လူကို တစိမ့်စိမ့် ရစ်ပတ်လွှမ်းခြုံလျက်။ နှိုင်းရလျှင်တော့

စီးသံ သာယာပုံကို နားစွင့် ညွတ်နူးနေရသလိုပါပဲ။

ကိုမိုးညာဏ်ရယ်လေ ....။

***

တလွင်လွင်သော ခေါင်းလောင်းသံသည် ဘယ်အရပ်ဆီက ပေါ်လာပါသနည်း။ ပထမတွင် ခပ်သဲ့သဲ့။ နောက်တော့ တိုး၍ တိုး၍ ကျယ်လာပါသည်။ ဇေ့ဝဲတိုက်သော လေပြည်ဝယ် ဟီးလေးခိုကာ စိမ်းမြမြ သစ်ပင်ရိပ်၌ ဝဲကာ ယိမ်းကာ။ လေအတိုးနှင့် လှုပ်သော သစ်ရွက်များ သည် ခေါင်းလောင်းသံကို တစ်ခဏ ပိုက်ထွေးကာ နောက်တော့လည်း လွင့်လိုက လွင့်စေတော့ဟု လွှတ်ချလိုက်ပုံရသည်။

လောင်းသံ တန္ဒဲ့န္ဒဲ့ ပုံ့လေသည် ။

ငြိမ်းသည် တောလမ်းကလေးထက်ဝယ် လျှောက်နေရာက လည်ပြန်ငဲ့ကာ ရပ်မိသည် ။ မနေ့ညက တစ်ချီ ရွာလိုက်သေးသော မိုးကြောင့် လူတစ်ယောက် လျှောက်လာရုံ၊ ဆိုင်ကယ်တစ်စီး ဖြတ်နိုင်ရုံ တစ်တောင်နီးနီးသာ ရှိသည့်လမ်းမြေသားမှာ ခပ်ပျော့ပျော့။ ရေအိုင်ငယ်ကိုပင် ကွင်းက ရပ်လိုက်ရပါသည် ။

နောက်ကျောတွင် ကျန်ရစ်ခဲ့သည့် လမ်းသည် အဆုံးပင် မမြင်ရပါ။ ကွေ့သော ကောက်သော တောရိပ်သို့ ဝင်သည် ။ မိုးရေနှင့်ဆေးကြောထားပြီမို့

ညို့ညို့စိမ်းသောသစ်ပင်မြင့်တို့ သည် လမ်းကိုအုပ်ကာ ကိုင်းကာ ထီးတည်း ရပ်နေကြပေသ

ဟော .. နှုတ်က ထွက်မကျသော်လည်း စိတ်ထဲ ရင်ထဲ ပွဲတင်ထပ် လွင့်သည့် အာမေဋိတ်ပါပေ။

ခေါင်းလောင်းသံသာသာကို တီးခတ်ခဲ့သူသည် တောလမ်းအချိုးအကွေ့မှာ ဘွားခနဲ ပေါ်လာပေပြီ။ စက်ဘီးလေး တစ်စီး၊ ကလေးတစ်ယောက်။ တောလမ်းအကွေ့အတက်မို့ အားစိုက်နင်းလျက်ရှိသည့်ကြားက လက်တစ်ဖက်ကိုလွှတ်ကာ ခေါင်းလောင်းတီးလိုက်ပြန်သည် ။ နောက် လက်ကိုင်နှစ်ဖက်ကို တင်းတင်းပြန်ဆုပ်ကာ ခုံမှ ကြွကာ ကုန်း၍ နင်းသည် ။ လမ်းပြေလျှင်တော့ ခုံထက်ဝယ် ထိုင်ကာ နင်းလိုက်ပြန်သည် ။ စက်ဘီးနောက်ခုံမှာ တော့ ပုံးငယ်တစ်ခုကို ခိုင်ခိုင် နှောင်၍ တင်ထားလေသ

ည်။

အတော်လှမ်းစဉ်က မသဲကွဲသော ရုပ်ရည်
သည် အနည်းငယ် နီးကပ်လာချိန်မှာ တော့ ထ
င်းထင်းရှင်းရှင်း မြင်ရပြီ။ အသားဖြူဖြူ၊ မပိန်
မဝ ခန္ဓာနှင့်။ အရွယ်နှင့်လိုက်အောင် အရပ်ထွ
က်သူ ဖြစ်ပုံရသည် ။ ပုဆိုး တစ်ပွတ်နွမ်းလေ
ကို ခပ်တိုတို ဝတ်ကာ နွမ်းသော ရှပ်အင်္ကျီလ
က်ရှည်ကိုပင် ဆင်ထားသည် ။ အဝတ်အားဖြင့်
ပေါ်ပေါက်သော နွမ်းမှုသည် ကလေး၏
မျက်နှာထက်က အပြုံးကြောင့်ပင်
အရောင်ပြောင်းကာ လင်းနေသည့်ပမာ။

အင်း .... အတော်ဖြူ၊ အတော်ရှင်းသော
အပြုံးပါပဲ။ ရှေ့မှာ လူမြင်လို့ ပဲ ပြုံးလေသလား
။ နဂို ပြုံးနေကျလို ပြုံးလေသလား။ နဂိုကပင်
မကျယ်လှသော ပုံရသည့် မျက်ဝန်းတို့ သည်

ထိုမျက်ဝန်းမှေးပုံကပင် အပြုံးကို ပို၍ ချစ်စရာ
ကောင်းစေပါသည် ။

ပို၍ ပို၍ နီးလာလျှင် ငြိမ်းသည် အပြုံးကို
သာမက မျက်လုံးလေးများကိုပါ သတိမူမိသည်
။ ဘယ်လို ပြောရမှာ ပါလိမ့်။ တစ်ပါးသူအပေါ်
ယုံကြည်လွယ်မည့်၊ ချစ်ခင်စာနာစိတ် ရှိမည့် မျ
က်ဝန်းများ ၊ ထိုမျက်ဝန်းတွင် ရိုးသားမှုသည်
လှသော အရိပ်ပမာ ခိုကပ်လျက်။

ကလေးသည် လက်ကိုင်ကို လွှတ်မြဲလို လွှ
တ်ကာ ခေါင်းလေးတီးလိုက်ပြန်သည် ။ ခေါင်း
လောင်းသံမှာ တလွင့်လွင့် လွမ်းစဖွယ်။

"တာရာ"

ငြိမ်း၏ သဲ့သဲ့မျှသော ခေါ်သံသည် ခေါင်း
လောင်းသံ၌ မှုန်ရီဝေဝါးပျောက်ဆုံးရသည် ။

လေးသည် ငြိမ်းဘက်သို့ ငဲ့ကြည့်၏။

ထိုခဏ၌ ငြိမ်း၏ မျက်လုံးထက်ဝယ် မျက်ရည် ရစ်နေလိမ့်မည်။ သို့သော် သူ့ကို တုံ့ပြန်ပြုံးမိသည် ။ သူ့စက်ဘီးလေး အနီးက ကပ်ကျော်ကာ တောလမ်းလေးတစ်လျှောက် တလိမ့်လိမ့် ဝေးပုံကို လိုက်ပါငေးမိသည် ။

ငြိမ်း၏ ရင်သည် ဟာလျက်၊ လှိုက်လျက်။ ခံစားမှုကို နှိုင်းပြစရာ စကားလုံး မရှိ။ ခုပင် ငိုချလိုက်ရမလို တုန်တုန်ယင်ယင် ။သူ့စက်ဘီးကလေးကို လှမ်းဆွဲလိုက်ချင်စိတ်သည် ငြိမ်း၏ ရင်ဝယ် လှုးလာခတ်နေပါသည် ။ ခုနေသာ သူ့ကို တန့်လိုက်လျှင်တော့ အဖြစ်ဆိုးက ကယ်နိုင်တော့မည်၊ မှောင်သော အတိတ်မှ သူ့ကို ဆယ်နိုင်တော့မည်။ တာရာ ..တာရာရေ ...။

ဟုတ်ဘူး ဗျ။ ရွာထဲတင်ရောင်းပြီး ပြန်တာပဲ၊ ကျွန်တော်တို့ ရွာဟာ သူ နောက်ဆုံး ရောင်းတဲ့ ရွာပဲ၊ ဒါပေမဲ့ ဆုံးခါနီး သုံးရက်လောက်မှာတော့ ရွာကို ဝင်ရမယ့်ဟာ မဝင်ဘဲ ဒီတောဘက်ကို ဝင်သွားတာ တွေ့ရတယ်လို့ တချို့က ပြန်ပြောကြတယ်"

လူလေးဦးရှိနေသော မြင်ကွင်းနှင့် စိုးစဉ်းမျှ မတူအောင် ငြိမ်တိတ်နေရာက တိုးထွက်လာသော ဦးဖေအောင်၏ စကားသံသည် အတိတ်ရုပ်ရှင်ဆီ လွင့်မျောသည့် ငြိမ်းအား လှုပ်နှိုးလိုက်ပေသည် ။ ငြိမ်းသည် တုန်ယင်ရှိုက်ငင်ကာ ဦးဖေအောင်၏ မျက်နှာဆီ စူးစိုက်ကြည့်မိသည် ။ အငြိမ်းစားကျောင်းဆရာပီပီ တည်ငြိမ်ရင့်ကျက်သော ဟန်ပန်သည် ဦးဖေအောင်၏ မျက်

နှာယက်လွှမ်းလျက် ရှိလေသည်။ [illegible]

သည် တစ်နေ့ အစီအစဉ်တွင် မူလကတော့ ဦးဖေအောင်နှင့် တွေ့ဖို့ ဆိုတာ မပါ။ သစ်စုကို ဆပ်လာရုံ၊ ဦးဘမင်း၏ နေအိမ်ကို ဝင်ရုံ၊ မခင်ရီနှင့် တွေ့ရုံသာ။ ဖြစ်နိုင်လျှင်တော့ တောထဲ ခအသွားကြည့်မည်။ သည် မျှပါပဲ။ ဦးဖေအောင်ဟာ အလောင်းကို မူလကနဦး တွေ့သူ၊ တရားလိုပြသက်သေများ ထဲ ပါသူပေမယ့် လူစိမ်းကိုတွေ့ခဲ့သူ မဟုတ်၊ အဖေ့ကို လက်ညှိုးထိုးခဲ့သူ မဟုတ်တာကြောင့် မတွေ့မဖြစ် တွေ့ရမည့်သူဟု ငြိမ်း သဘောမပိုက်ခဲ့ချေ။

သို့သော် ညကပင် မခင်ရီက ဖုန်းဆက်လာသည် ။ ဆရာဦးဖေအောင်က ငြိမ်းကို တွေ့လိုပါသတဲ့ ။ စာရေးမည့်သူအတွက် သူပြောပြနိုင်တာမျိုးလည်း ရှိပါသတဲ့ ။ အမှန်တော့ သည် ရ

အဖေ့အတွက် လက်ဆုပ်လက်ကိုင် ပြနိုင်သောသက်သေများ လည်း မဟုတ်၍ စိတ်ပျက်အားလျော့နေခဲ့ပြီ။ ပထမတော့ ငြင်းမည်စိတ်ကူးပြီးခါမှ မထူးဇာတ်ခင်းကာ 'တွေ့တာပေါ့' ဟု အကြောင်းပြန်လိုက်မိပါသည် ။

ခုတော့ ဦဖေအောင်သည် ငြိမ်းအား တာရာသေဆုံးခဲ့သော တောထဲခေါ်လာခဲ့ပြီ။ ငြိမ်းတွေ့ခဲ့ဖူးသော တရားလိုပြသက်သေများ ထက်တာရာ့အကြောင်း၊ အမှုအသွားအလာအကြောင်းပို၍ ပြောပြနိုင်သူအဖြစ် သိခွင့်ရခဲ့ပြီ။ သူ့ကျေးဇူးနှင့်ပင် ငြိမ်းသည် အတိတ်ကတာရာ့ကို မြင်ခဲ့လေပြီ။

"ပထမရက်က တောထဲ မဝင်ခင် လူတစ်ယောက်နဲ့ စကားပြောနေတယ်လို့ ကလေးတ

ပြောပြတယ်၊ အဲဒီလူက ရှေ့က စက်ဘီးတစ်စီး
နဲ့ ၊ တာရာက သူ့စက်ဘီးလေးနဲ့ နောက်က လို
က်နင်းပြီး တောထဲ ဝင်သွားကြသတဲ့ ၊ ကျွန်
တော် မှန်းတာကတော့ အဲဒီ သုံးရက်ဟာ က
လေးနဲ့ ရင်းနှီးမှုရအောင် သူတို့ ကြိုးစားတာ ဖြ
စ်ပါလိမ့်မယ်၊ မင်း ငါတို့ နဲ့ တောထဲ လိုက်ခဲ့
ဟိုမှာ အဖွဲ့တွေရှိတယ်၊ ရေခဲချောင်း အကုန်ဝ
ယ်မယ် စသဖြင့် ဆွယ်ပြီး ခေါ်သွားတာ ဖြစ်လိ
မ့်မယ်၊ နောက်ရက်ဆို မင်း
ဘယ်အချိန်လာဆိုပြီး ချိန်းမှာ ပဲ၊ အဲဒီလို
ယုံကြည်မှု ယူလိုက်တော့ တကယ်ဖြစ်တဲ့ ရက်
မှာ တာရာဟာ သူ့ဘာသာသူပဲ ဒီတောထဲ ဝင်
နေကျလို ဝင်လာမှာ ပဲ၊ ရှေ့မှာ သုံးရက်လော
က် လာပြီးပြီ ဆိုတော့ သူ့စိတ်ထဲ
ထူးဆန်းနေမှာ စိမ်းနေမှာ မဟုတ်ဘူး ၊ အဲဒီ...

င်းဘူး၊ သစ်စုမှာ လည်း မရောင်းဘူး ဆိုတော့
တာရာက သူ့ရေခဲချောင်းပုံးတစ်ပုံးလုံးကို ဒီ
တောထဲ လာပို့ရတာ ဖြစ်လိမ့်မယ်၊ အသတ်ခံရ
မယ့် နေ့အထိပေါ့လေ"

"သူတို့ ... သူတို့ ဆိုတော့ တစ်ယောက်ထ
က် မကဘူးလို့ ဆရာတွက်တာပေါ့"

ဆိုင်ကယ်တစ်စီး ဖြတ်လာတာကြောင့် ဦး
ဖေအောင်ရော ငြိမ်းပါ လမ်းဘေးသို့ တိုးကပ်ရ
ပ်လိုက်ပါသည် ။ ဦးဖေအောင်နှင့် လိုက်ပါလာ
သော သူ့တပည့်ဆိုသူကတော့ ဆိုင်ကယ်ပေါ်
တွင် ပင် ထိုင်ကာ ဖုန်းသုံးကာ။ ငြိမ်းနှင့် မသ
န္တာခိုင်ကမူ ဦးဖေအောင် ပြန်ဖြေမည့် စကားကို
ငံ့လင့်လျက်။

"သတ်တာတော့ တစ်ယောက်တည်းလည်း

ဖြစ်ကောင်း ဖြစ်လိမ့်မယ်၊ ဒါပေမဲ့ ကူညီတဲ့ သူ က သုံး၊ လေး ယောက် ရှိမယ်လို့ ကျွန်တော်ထင်တယ်၊ ပထမရက်တွေမှာ ရင်းနှီးမှု ယူတုန်းကတည်းက လူသတ်သမားက အတူရှိကောင်း ရှိမယ်၊ မရှိဘဲ သူ ခိုင်းထားတဲ့ သူတွေက အရင် လုပ်ထားနှင့်တာလည်း ဖြစ်ရင် ဖြစ်လိမ့်မယ်၊ သတ်မယ့်နေ့ကျတော့လည်း အဲဒီကူတဲ့ သူတွေလည်း ရှိကိုရှိလိမ့်မယ်၊ ဒီလမ်းဘေးကနေ ဖဲ့ဆင်းသွားတဲ့ ဟောဟို လျှိုဘက်မှာ သူတို့ သတ်တာ၊ အဲဒီမှာ ရှုန်းကန်ထားတဲ့ ခြေရာ လက်ရာတွေ ကျွန်တော်တို့ တွေ့တာကိုး၊ အဲဒီနေရာ ရောက်အောင် ခေါ်တဲ့ သူက ကလေးကို ခေါ်သွားတဲ့ အချိန်မှာ လူတွေ ဖြတ်သွား ဖြတ်လာရှိ မရှိ ဒီလမ်းတစ်ဝိုက်မှာ စောင့်တဲ့ သူ ရှိကို ရှိရလိမ့်မယ်လို့ ကျွန်တော်တော့ ယူဆတာပဲ"

"ဖြစ်နိုင်ပါတယ် ဆရာ" ဟု ငြိမ်း စိုးသားထောက်လိုက်ပါသည် ။ အမှုအခင်း ဖြစ်ပျက်စဉ်က နီးစပ်ပတ်သက်သူ ဖြစ်တာအပြင် ပညာသိစိတ်နှင့် ဆင်ခြင်တွေးတတ်သူမို့ ဦးဖေအောင် ပြောလေရာရာ စကားတို့ သည် ငြိမ်းအတွက်တော့ အသစ် အသစ်သော သိစရာများ ပွားပေးလိုက်သည့်နှယ်။

ငြိမ်းသည် အလောင်းတွေ့ပါသည် ဆိုသောနေရာသို့ စောစောက ရောက်ခဲ့ပုံကို ပြန်သတိရနေသည် ။ လမ်းက ဖဲ့ဆင်းသွားရသော နေရာ၊ ချောင်းငယ်နှင့် မလှမ်းမကမ်းရှိ သစ်ပင်တို့၏ အလယ် မြေနေရာလွတ်မှာ ဖြစ်သည် ။ ထိုနေရာသည် ခုထိလည်း မြေနေရာလွတ်အဖြစ်ရှိနေဆဲ။ မိုးတွင်းဆိုလျှင်တော့ ချုံနွယ်ပိတ်ပေါင်းတို့ တောထကောင်း ထနေလိမ့်မည်။ ခု

ထိုနေရာမှာ တာရာ့ခန္ဓာကို သူတို့ ချထားခဲ့သတဲ့ ။ ဒဏ်ရာအပေါင်းနှင့် သနားစဖွယ် ပြိုလဲ အက်မဲ့နေသော တာရာသည် မြက်ပင်များ ရွက်ကြွေများ ပေါ်ဝယ် အိပ်စက်နေသည့်ပမာ ရှိပါသတဲ့ ။ လူသတ်သမားသည် ရေချောင်းထဲက ရေနှင့် သူ့ကိုယ်ပေါ် သူ့ကိုယ်ပေါ်၊ အဝတ်ပေါ်က သွေးတို့ ကို ဆေးကြောနိုင်ရန် ချောင်းနှင့် နီးသောနေရာသို့တိုင် သယ်လာပုံသည် ဟု ဦးဖေအောင်က မှန်းပါသည် ။ သို့သော် ဘာကြောင့်များ အလောင်းကို မဖျောက်ဖျက်ဘဲ ချထားခဲ့ပါသလဲ။ ငြိမ်း၏ သည် မေးခွန်းကိုတော့ 'တွေ့စေချင်တယ်လို့ ထင်တယ်၊ နောက်တစ်ခုက နေ့ခင်းဆိုရင် ဒီလမ်းက ဈေးရောင်းပြန်တဲ့ လူတွေ ဖြတ်တော့မှာ ဆိုတော့ သူတို့ ပြီးတော့ လူရှင်းမယ့်အချိန်ကို သူတို့ တွက်ပြီးသား ဖြစ်လိမ့်မယ်' ဟု ဦးဖေအောင်က ဖြေခဲ့ပါသည် ။

"ဘာကြောင့် သတ်တယ်လို့ ဆရာ ယူဆသလဲ"

"အငြိုးအတေး တစ်ခုကြောင့်ပါ၊ ဘာကြောင့် ဒီလို ပြောရသလဲဆိုတော့ သူတို့ ဒီလို လုပ်ဖို့ရာ ကြိုတင်ပြင်ဆင်ထားတယ်၊ သေချာ အစီအစဉ် ဆွဲပြီးတော့မှ လုပ်တယ်၊ နောက် ငွေယူချင်လို့ လားလို့ ပြောရအောင်ကလည်း ကလေးတစ်ယောက်ရဲ့ ရေခဲချောင်း ရောင်းရတဲ့ ငွေက ဘယ်လောက် ရှိမှာ မို့လဲ၊ ပြီးတော့ သူတို့ ဆီလာတဲ့ အချိန်ဆိုရင် ကလေးက ဈေး လုံးဝ မရောင်းဘဲ တန်းလာတာလေ၊ ဘယ်ရွာမှ မဝင်

ဘဲ တန်းလာတာလေ၊ ဒါက ဥပမာ ပြောတာပါ၊ ဘယ်ဘက်ကပဲ တွေးတွေး ရန်ငြိုးကြောင့်လုပ်တာပဲ ဆိုတာ အသိသာချည်းပါ"

"ကလေးကို ငြိုးတာလို့ ဆရာထင်လား"

ဦးဖေအောင်သည် ငြိမ်းအား ဆတ်ခနဲ လှမ်းကြည့်ပါသည်။ မသိနားမလည်လွန်းလှချည့် ဆိုသော အရိပ်အကြည့်ပေ။ မတတ်နိုင်။ လှပသော အဖြေတစ်ခု ရဖို့ ရာတော့ သည်မျှအကြည့်ကို ငြိမ်း ရင်ဆိုင်နိုင်ပါသည်။

"ဒီအရွယ် ကလေးတစ်ယောက်မှာ အငြိုးရှိမယ် ဆိုရင်လည်း ကလေးတွေပဲ ရှိမှာ ပေါ့ ခင်ငြိမ်းချမ်း၊ ကလေး ဆိုရင်တော့ မကျေနပ်ရင် လက်သီးချိန်းထိုးတဲ့ အဆင့်ပေါ့၊ တုတ်တွေ၊ ဓားတွေ သေချာယူ လာပြီး ပြင်ဆင်ပြီး လုပ်တာကို ကြည့်ရင် ဒီအငြိုးဟာ ကလေးကို ငြိုးတာ မဟုတ်ဘဲ ကလေးနဲ့ သက်ဆိုင်သူ သွေးသားရင်းချာကို နာကျင်စေချင်လို့ လုပ်တယ်ဆိုတာ သိသာပါတယ်"

ငြိမ်းသည် စိတ်မသက်သာ ပင့်သက်ခိုးရှိုက်၏။

"ဦးသက်ဆွေကို ငြိုးတာပေါ့ ဆရာ"

"အစစ်ပေါ့၊ ဘာလို့ ဦးသက်ဆွေလို့ ပြောရသလဲ ဆိုတော့ ဆရာ့ဇနီးဟာ ဒီလို အငြိုးအတေး ကိစ္စမျိုးတွေနဲ့ ကင်းမယ့်သူမျိုးမို့လိုပါ၊ စကားနည်းတယ်၊ အေးဆေးတယ်၊ ဦးသက်ဆွေကတော့ ကင်းမှာ မဟုတ်ဘူး လို့ ကျွန်တော်ထင်တယ်၊ ဘာလို့ ဆို ဆရာဟာ မှန်တယ်ထင်တဲ့ ဘက်မှာ ခေါင်းမာမာရပ်ဖို့ ဝန်မလေးဘူး၊ ဥပမာ မြေလုတဲ့ အမှုတစ်ခု ဖြစ်တယ် ဆိုပါစို့၊ မှန်လည်း မှန် ၊ မျက်နှာမွဲလည်း ဖြစ်တဲ့ ဘက်က

ရပ်လိမ့်မယ်၊ တစ်ဖက်က မုန်းမှာ လည်း မဟုတ်ဘူး၊ ဒါမျိုးတွေ လုပ်ဖူးတဲ့ သူ ဆိုတာက တစ်ချက်၊ နောက်ပြီး သူ့အားနည်းချက်က စိတ်ရင်းဖြောင့်တဲ့ သူ တော်တော်များများမှာ ရှိတတ်သလိုပေါ့၊ နှုတ်မချိုဘူး၊ အရပ်စကားနဲ့ ပြောရင် အပေါက်ဆိုးတယ်၊ ဒါကလည်း တစ်ချက်၊ အဲဒါတွေ စုလိုက်တဲ့ အခါ ဦးသက်ဆွေကိုပဲ ငြိုးလိမ့်မယ်လို့ ကျွန်တော် သေချာပေါက်ပြောရဲတယ်"

"ဦးသက်ဆွေက ဆရာနဲ့ ရင်းနှီးတယ်ပေါ့"

"ဆရာချင်းပဲဗျာ၊ လစာထုတ်ဖို့ လာတဲ့ အခါတို့ အစည်းအဝေးရှိတဲ့ အခါတို့ ဆုံဖူးပါတယ်၊ ခင်စရာကောင်းတဲ့ လူပါပဲ၊ တာရာ့ကိုတော့ သူ့သားဆိုတာ ကျွန်တော် မသိခဲ့ဘူး၊ ကလေးကို ရွာမှာ သာ တွေ့တွေ့နေတာ၊ ဆုံးတော့မှ သူ့သားမှန်း သိတော့တယ်ဗျာ၊ အင်း ...ဦးသက်ဆွေခမျာလည်း ကလေးဆုံးတာတောင် ချက်ချင်း သိတာ မဟုတ်ဘူး ၊ သူတို့ က ရွာမှ နေ၊ ကလေးတွေက မြို့က အဘွားအိမ်မှာ နေတာကိုး၊ ကလေး ဆုံးတာ မပြောနဲ့ ၊ ပျောက်တာတောင် နောက်တစ်ရက်နေတော့မှ သိတာကိုး၊ အဲဒီအချိန်က ရွာတွေဘက်မှာ ဖုန်းမရှိ၊ ဘာမရှိ၊ ဆက်သွယ်ရေးလည်း ခက်တဲ့ ခေတ်၊ ဥပမာ အင်္ဂါနေ့ သေတယ်ဆိုပါစို့၊ ဗုဒ္ဓဟူးနေ့မှ ကလေးပျောက်တာ သူတို့ သိတာ၊ ကြာသပတေးနေ့မှ သူတို့ စ ရှာတော့မှ ဆေးရုံမှာ အလောင်းတွေ့တာ အဲဒီလိုမျိုးဗျ"

ငြိမ်းသည် မြင်ဖူးရန် အခွင့်မကြုံလိုက်သော ဦးသက်ဆွေဆိုသူကို မှန်းဆ မြင်ယောင်နေသည် ။ ညောင်ပင်သာ အလယ်တန်းကျောင်းက

ကျောင်းဆရာတဲ့ ။ စီရင်ချက်ထက အချက်အ

လက်အားဖြင့်တော့ အဖေနှင့် သူ့အကြားပြဿနာအချို့ ပေါ်ပေါက်ခဲ့လိမ့်မည်။ တစ်ဖက်ကလည်း လူဖြောင့်စိတ်တို။ အဖေကလည်း ဒေါသကြီးသူ။ ထိပ်တိုက်တွေ့ဖွယ်သော ကိစ္စတို့ သည် အမှိုက်ကစ ပြာသာဒ်မီးလောင် ဆိုသလို ဆက်စပ်ကာ အငွေ့တလူလူ လိုက်နေခဲ့လိမ့်မည်။ သည် တော့ ရန်ငြိုးကြောင့် ဖြစ်ရပါသည် ဆိုသော အမှုမှာ အဖေ့ကို လက်ညှိုးထိုးရ အင်မတန် လွယ်ခဲ့ပေလိမ့်မည်။

ဦးသက်ဆွေ့မှာ အဖေ့အပြော အခြားအခြားသော ငြိုးသသူ ရန်ဖွဲ့သူလည်း ရှိခဲ့မှာပါပဲ ။ သို့သော် အဖေ့လောက် လူသိထင်ကြားပြဿနာ ဖြစ်ခဲ့သူ ဟုတ်ပုံမရ။ အဖေ့ခမျာ ကံကွက်ကျားခံပုံရပါသည် ။

"ဟိုလေ ... အမှုကို စီရင်ချက်ချတော့ ခရိုင်ရုံးက အပြစ်ပေးလိုက်တဲ့ တရားခံကို ဆရာ သိလားဟင်"

"ကျွန်တော် တရားရုံးမှာ တွေ့ဖူးပါတယ်၊ လူချင်းတော့ မသိဘူး"

မသန္တာခိုင်သည် အနေခက်ပုံနှင့် တောအုပ်ဘက်သို့ ငေးနေပါသည် ။

"ဟုတ်ကဲ့၊ အဲဒီလူကို ခရိုင်ရုံးက ထောင် ဆယ်နှစ်ချတယ်လို့ ကျွန်မ သိထားတယ် ဆရာ၊ ပြီးတော့ အဲဒီလူက အယူခံဝင်တော့ လွတ်သွားတယ်လို့ လည်း သိထားပါတယ်၊ ဆရာ့ဘက်ကရော ဒီလူဟာ သေချာပေါက် တရားခံပဲ၊ မလွတ်သင့်ပဲ လွတ်သွားတယ်လို့ ကော မြင်သလား"

အင်း ...ဒီမေးခွန်းကတော့ ကိုယ့်လည်ပင်း

ကိုယ် ကြိုးကွင်းစွပ်တာပါပဲ။ စကားအသွားအလာအရ တစ်ဖက်ကို ယိမ်းတော့မည်မှန်း သိသိနှင့် မေးမိပြီ။ မေးလျှင်ရမည့်အဖြေကိုလည်း တစ်စွန်းတစ်စမက မှန်းနိုင်ပါရဲ့ ။ သို့သော် မမေးဘဲလည်း မနေနိုင်။ ရတတ်သမျှသော ကြိုးစတို့ ကိုတော့ ငြိမ်း ဆွဲထုတ်ခဲ့ရပါလိမ့်မည်။

"နေပါဦး၊ ခင်ငြိမ်းချမ်း အခု မေးလိုက်တဲ့ မေးခွန်းကို ကျွန်တော်က ဖြေပြီ ဆိုပါတော့၊ ဒီစကားတွေကို စာထဲ ထည့်ရေးမလို့ လား"

"မေးရုံပါ ဆရာရယ်၊ မရေးပါဘူး " ဟု စိတ်သက်သာရာ ရသောအားဖြင့် ရယ်ကာမောကာ ငြိမ်း ဖြေရပါသည် ။

"ကျွန်တော်ဖြေမယ်၊ တစ်အချက်ကတော့ တရားရုံးက ဒီလိုဆုံးဖြတ်ပါပြီ ဆိုတာကို ကျွန်တော် ဝင်မစွက်ချင်ဘူး၊ ခရိုင်ရုံးက အပြစ်ချတယ်၊ အိုကေ ... ဒါ အပြစ်ရှိတယ်လို့ တရားသူကြီးက ယူဆသုံးသပ်တယ်၊ အပြစ်ရှိလို့ ထောင်ဒဏ်အပေးခံရတယ်၊ ဒီလိုပဲ ယုံတယ်။ နောက် ပြည်နယ်ရုံးမှာ အယူခံဝင်လို့ လွတ်ပြီဆိုတဲ့ အခါကျတော့ ဪ ....ခရိုင်ရုံးက သုံးသပ်တာမှာ ဟာကွက်တွေ ရှိနေတယ်ဆိုပြီး ပြန်စိစစ်လို့ ၊ တရားခံ .... အင်းအယူခံမှာတော့ တရားလိုပေါ့လေ၊ တရားလိုရှေ့နေက ကြိုးပမ်းလို့ လွတ်သွားတာ ဖြစ်မှာ ပဲလို့ ဝင်မစွက်သောအားဖြင့် တွေးတယ်။ နှစ် အချက်ကတော့ အလွတ်သဘောအားဖြင့် တရားဥပဒေကို ဝင်စွက်တာ၊ မစွက်တာ မဟုတ်ဘဲ ဘေးကနေ ခေတ်ကို ဆင်ခြင်တဲ့ သူတစ်ယောက် နေရာပဲ ကျွန်တော် ပြောမယ်"

'ဟုတ်' ဆိုသော အသံမှာ ငြိမ်း၏ လည်ချောင်းမှ ခြောက်ကပ်တိုးတိမ်စွာ ထွက်ပေါ်လာပေသည်။

"ပြီးခဲ့တဲ့ ဆယ်စုနှစ်တွေအတွင်းမှာ ကျွန်တော်တို့ ဟာ တရားဥပဒေ စိုးမိုးတဲ့ ခေတ်၊ ကိုယ်စိတ်နှပါး လုံခြုံတဲ့ ခေတ်မှာ နေခွင့် ရခဲ့သလား၊ နေခွင့်မရခဲ့ဘူးလား ဆိုတာ ကြုံဖူးတဲ့ သူတွေ သိမယ်၊ တရားရေးမဏ္ဍိုင် ဘယ်လောက်ယိုင်နဲ့ ခဲ့သလဲဆိုတာ ကြုံဖူးတဲ့ သူတွေ သိမယ်၊ အဂတိလိုက်စားမှု ဆိုတာမျိုးတွေလည်း ကင်းမဲ့မှာ မဟုတ်ဘူး ၊ ငွေကြေးတစ်ခုတည်း ပြောတာ မဟုတ်ပါဘူး၊ တခြား တခြားသော ငဲ့စရာအကြောင်းတရားတွေလည်း ရှိခဲ့မှာ ပေါ့လေ၊ ထားပါတော့၊ ကျွန်တော်တို့လို သာမန်ပြည်သူတွေ အမြင်မှာ တော့ အမှုရယ်လို့ ဖြစ်တဲ့ အခါ တကယ့်တရားခံကို အပြစ်ကျစေချင်တာပါပဲ၊ ဒါပေမဲ့ တစ်ဖက်က တရားရေး ဝန်ထမ်းတွေဘက်မှာ အမိန့်တစ်ခု ချဖို့ ရာ ဘယ်လောက်အခက်အခဲ ရှိမယ်ဆိုတာ ကျွန်တော်တို့ မသိနိုင်ဘူး၊ ကျွန်တော့်အမြင်ကတော့ ရှင်းပါတယ်၊ တရားဥပဒေစိုးမိုးတဲ့ ခေတ်ကိုပဲ လိုချင်တယ်၊ တရားဥပဒေ မစိုးမိုးဘူးဆိုရင် ဘယ်နေရာမှာမှ မတည်ငြိမ်နိုင်ဘူး၊ မတည်ငြိမ်တာနဲ့ အမျှ ကျွန်တော်တို့ ပြည်သူတွေ ဆိုတာလည်း နေ့နေ့ညည ကျီးလန့်စာစား အသက်ရှင်နေကြမှာ ပဲ"

ငြိမ်းသည် လွန်ခဲ့သော ၂၆ နှစ်ခန့်က သစ်စုမှ စတင်တာဝန်ထမ်းဆောင်၊ သစ်စုမှာ ပင်အိမ်ထောင်ကျကာ ခုတော့ အငြိမ်းဘဝကို အေးအေးလူလူ ဖြတ်သန်းနေပုံရသည့် ဦးဖေအောင်နှင့် သူ့အိမ်က စာအုပ်စင်ကို ယှဉ်၍ မြင်

ယောင်နေသည် ။ ဂျာနယ်ပုံ အထပ်ထပ်ကို အ မှတ်ရနေသည် ။ အဖေကတော့ သည် လောက် စာမဖတ်ပါ။ သည် လောက်လည်း စကားရှည် ရှည်ဝေးဝေး ပြောတတ်သူ မဟုတ်ပါ။ ပြီး တော့ စီးပွားရေးအကြောင်းလောက်သာ စိတ် ဝင်စားတတ်သူပေ။

"တစ်ခါတလေကျတော့ ကျွန်တော် ဘာ တွေးမိသလဲ သိလား၊ ပြီးခဲ့တဲ့ ခေတ်ကာလတ စ်လျှောက် တစ်နိုင်ငံလုံး ဖြစ်လိုက်တဲ့ မှုခင်း တွေမှာ တရားခံအစစ်ကို အပြစ်ပေးနိုင်ခဲ့တာနဲ့ အပြစ်မပေးနိုင်ခဲ့တာ ဘယ်ဟာက ရာခိုင်နှုန်း ပိုများ သလဲ ဆိုတာ စစ်တမ်းများ ကောက်နိုင် ရင် သိပ်ကောင်းမှာ ပဲလို့ ၊ ကျွန်တော်တို့လို ဝေးဝေးလံလံဒေသတွေက မှုခင်းတွေမှာ တ ရားခံမပေါ်တာ၊ ပေါ်ရက်နဲ့ လွတ်တာ မပြောနဲ့ ဦး၊ ရန်ကုန်လို မြို့ကြီးတစ်မြို့က အဆောင်တွေ ဖြစ်ခဲ့တဲ့ အမှုတွေ ကျွန်တော်တို့ ဗဟောင်တွေ မှာ ဖတ်ရတာ ရှိတယ် မဟုတ်လား၊ တချို့လူ သတ်မှုကြီးတွေဆို ခုထိ တရားခံပေါ်တဲ့ သတ င်းအစအနတောင် မကြားကြရဘူး မဟုတ် လား၊ နောက်ပြီး ကျွန်တော်တို့ သတင်းတွေ ဖ တ်မိတိုင်း အံ့သြရတာတစ်ခုက ပိုင်ရှင်မဲ့ ဘိန်းဖြူတွေ၊မူးယစ်ဆေးတွေ၊ ဆေးပြားတွေ ဖ မ်းမိတဲ့ ကိစ္စပေါ့ဗျာ။ သိန်းနဲ့ သန်းနဲ့ ချီ တန်ဖိုး ရှိပေမယ့် ပိုင်ရှင်မဲ့ ဆိုတာမျိုးပေါ့ဗျာ"

ဦးဖေအောင်သည် ဟာသတစ်ပုဒ် ပြောလို က်ရသူလို ရယ်မောနေပါသည် ။ ငြိမ်းမှာ တော့ လိုက်ပါ မရယ်မောနိုင်ချေ။

'တရားခံ မပေါ်တာ၊ ပေါ်ရက်နဲ့ လွတ်တာ ' ဆိုသော စကားကိုပင် အနက်ဖွင့်နေမိသည် ။

သည် စကားက ပြောရိုးပြောစဉ် ပြောလိုက်တာပဲလား။ သည် ထက် ပိုသလား။ မသန္တာခိုင်သည် ငြိမ်း၏ စိတ်မသက်သာဟန် မျက်နှာကို စာနာကြည့်နှင့် ငေးနေပေသည် ။

"ကျွန်မ မေးချင်သေးတယ် ဆရာ၊ ဆရာ ပြောသွားတာ ဟိုသင်း ...နည်းနည်းရောနေလို့"

"မေးဗျာ မေး"

"အခု အမှုမှာ တရားခံပေါ်ခဲ့တယ် ဒါပေမဲ့ အဲဒီ ... အဲဒီတရားခံပြန်လွတ်သွားခဲ့တယ်လို့ ဆရာ ယူဆသလား"

"အဲဒီလိုလည်း ယတိပြတ်တော့ ယူလို့ မရဘူးဗျ။ ကျွန်တော်က ဒီအမှုမှာ မျက်မြင်သက်သေ မဟုတ်ဘူး လေ၊ အမှုမှာ ရှိခဲ့တဲ့ မျက်မြင်သက်သေ နှစ်ယောက်ဆိုတာကလည်း သတ်တဲ့ အချိန် မြင်တာတောင် မဟုတ်ပြန်ဘူး၊ ဒါကြောင့် အယူခံမှာ တရားခံ ပြန်လွတ်တော့ အဲဒီသံသယအကျိုးနဲ့ ပဲ လွတ်လာတာ ဟုတ်တယ် မဟုတ်လား"

"ဟုတ်ပါတယ် ဆရာ"

ငြိမ်းသည် စိတ်ပေါ့ပါးမှုကို ညွှန်းသော ပင့်သက်အား ခိုးကာ ရှိုက်ချလိုက်သည် ။ မှတ်စုစာအုပ်ကို ဖွင့်က စောစောက မှတ်လိုသည်များ ကျန်နေရစ်သည် များကို ရပ်လျက်ပင် ရေးမှတ်လိုက်ပါသည် ။

ဦးဖေအောင်သည် ငြိမ်းအား မှတ်သားရန် အချိန်ပေးသလို စကားမဆက်ဘဲ အလောင်းတွေ့ခဲ့သော နေရာတစ်ဝိုက်ဆီ လည်ပြန်ငေးနေသည် ။ သူ့စိတ်ဝယ် လွန်ခဲ့သော ၁၈ နှစ်က သာယာကုန်း ဈေးနေ့မှ အပြန် ချောင်းစပ်ဆီ

ရေကူး ရေဖြည့်ရန် ဆင်းမိရင်းက တာရာအ လောင်း တွေ့ခဲ့ရပုံကို ပြန်ပြောင်းမြင်နေပေလိမ့်မည်။

ငြိမ်းသည် သံသယအကျိုးဆိုသော စကားကို သီးခြားရေးမှတ်လိုက်သည် ။မှတ်စုစာအုပ်၏ တစ်ခုသော နေရာသို့ ဖွင့်လိုက်သည် ။ ထိုနေရာမှာ တော့ ပြည်နယ်ရုံး၏ အယူခံစီရင်ချက်က အဓိက အကျဆုံးသော စာပိုဒ်နှစ်ခုကို ကူးယူထားပါသည် ။ တစ်နည်းအားဖြင့်တော့ တွင်းနက်ထဲမှ ငြိမ်းအား အပေါ်သို့ ပြန်တက်နိုင်ရန် ချပေးခဲ့သော ကူကယ်ရာ ကြိုးနှစ်စပေါ့လေ ....။

'အချင်းဖြစ်နေ့တွင် မူလမြင်သက်သေ တစ်စုံတစ်ရာ မရှိချေ။ သေသူသေဆုံးရခြင်းနှင့် စပ်လျဉ်း၍ အယူခံတရားလို (မူလရုံးတရားခံ) ကကျူးလွန်နိုင်ဖွယ်ရာ ရှိသည် ဟု သံသယဖြစ်ဖွယ် သက်သေခံချက်များ ရှိစေကာမူ သေသူသေဆုံးရသည့် အကြောင်းရင်းမှာ တရားခံ၏ ပြုလုပ်ကျူးလွန်မှုဖြစ်ကြောင်း တထစ်ချ ကောက်ယူနိုင်သည့် သက်သေခံချက် အထင်အရှား မရှိချေ။ ဤကဲ့သို့ ကြီးလေးသည့် ပြစ်ဒဏ် ချမှတ်လိုက်သည့် အမှုမျိုးတွင် ပြစ်မှုကျူးလွန်သူသည် တရားခံသာလျှင် ဖြစ်ကြောင်း၊ သို့တည်းမဟုတ် တရားခံမှ တစ်ပါး အခြားသူ မဖြစ်နိုင်ကြောင်းကို သံသယ လုံး၀ ရှင်းသည် အထိ သက်သေခံချက်များ ရှိမှ သာလျှင် ပြစ်မှုထင်ရှား စီရင်ထိုက်ပေသည် ။ တရားခံသည် ပြစ်မှုကျူးလွန်နိုင်ဖွယ် ရှိသည် ဟု သံသယဖြစ်ရုံမျှနှင့် ကြီးလေးသည့် ပြစ်ဒဏ်ကို ချမှတ်ခဲ့သော မူလရုံးအမိန့်မှာ ဥပဒေနှင့် ညီညွတ်သည် ဟု မဆိုသာသဖြင့် ဤအယူခံမှုတွင် ပယ်ဖျက်

755/97

ထို့ကြောင့် အယူခံတရားလိုအပေါ် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၀၂(၂) အရ ပြစ်မှုထင်ရှားတွေ့ရှိကြောင်း အလုပ်ကြမ်းနှင့် ထောင်ဒဏ် (၁၀) နှစ် ချမှတ်ခဲ့သော မင်းကုန်းခရိုင်တရားရုံး၏ အမိန့်ကို ပယ်ဖျက်လိုက်ပြီး အယူခံ တရားလို ဦးမောင်ပြေအား ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၂၅၈(၁) အရ အပြီးအပြတ် လွှတ်လိုက်သည်။'

***

တစ်ချိန် တစ်ခါတုန်းဆီကတော့ တရားခံပြသက်သေအဖြစ် အစစ်ခံချိန်မှာ တစ်ဖက်ရှေ့နေ စစ်မေးသမျှ လည်လည်ပတ်ပတ် မဖြေတတ်ခဲ့တာ၊ အဖေ့ကို ကာကွယ်သလို ဖြေရင်းကျ

ရတာဟာ တရားရုံးအရှိန်ကြောင့်ပါပဲဟု ဒေါ်လှကြိုင်အပေါ် ငြိမ်း ထင်မြင်ခဲ့ဖူးပါသည်။ သို့သော် တကယ့်တကယ် ဆိုရချိန်မှာ တော့ အထင်နှင့် အမြင်သည် တက်တက်စင်အောင် လွဲခဲ့ရပြီ။

ဒေါ်လှကြိုင်သည် တရားရုံးမှ မဟုတ်၊ ပြင်ပမှာ လည်း လည်လည်ဝယ်ဝယ် ပြောတတ်သူတစ်ယောက် မဟုတ်ပါပေ။ သူ နားလည်သိတတ်သမျှမှာ တော့ အတိတ်ကို ဘူးခံငြင်းခြင်း တစ်ခုပါပဲ။ ငြိမ်းကို အဖေ့သမီးမှန်းမသိခင်က အမှုနှင့်ပတ်သက်၍ အလုံးစုံ ဘူးခံသည်။ အဖေ့သမီးမှန်း သိတော့မှ သာ စောစောကထက် ပြောရဲဆိုရဲ ရှိလာသည်။ ဒါတောင်ပဲ သိပ်မထူးဟု ဆိုရမည်။

ကနဦးမှာတော့ ငြိမ်းသည့် သစ်စုမှာ ၊ ချော င်းဖြူမှာ တုန်းကလိုပင် သမားရိုးကျ လေ့လာ သူ တစ်ယောက်အသွင်သာ ယူလိုက်ပါသေးသ ည်။

သို့သော် မြိုင်သာယာကနေ မြို့သစ် ကျော် ကာ သူ နေထိုင်ရာ ချောင်းကွေ့ရွာအထိ လိုက် လာခဲ့ရသော ခရီးရှည်ကိုမှ မထောက်ညှာ 'ဘာ မှ မပြောနိုင်ဘူး၊ ဘာမှ မသိဘူး' ဟု သာ ဒေါ် လှကြိုင်က ခါးခါးသီးသီး ငြင်းခဲ့ပေသည် ။ အ တန်ကြာ လှည့်ပတ်ပြော ဆိုသော်လည်း မ အောင်မြင်။ လှည့်ပြန်ရမလို အခြေအနေ ဆို က်လျှင်တော့ အဖေ့နာမည် ထုတ်သုံးရပြီ။

အမှန်တော့ အဖေ့နာမည်ကို ငြိမ်း သုံးလိုခြ င်း မရှိချေ။ ဒေါ်လှကြိုင်နှင့် အဖေ အဆက်အ သွယ် ရှိကို ရှိလိမ့်မည်မှန်း ငြိမ်း ထပ်အပ်သေချာ သိနေပါသည် ။ သည် နေ့ သည် နေ နေမစောင်းမီ၊ ငြိမ်းတို့ မြိုင်သာယာ မရော က်မီပင် အဖေ သည် သတင်းကို သိလိမ့်မည်။ ငြိမ်း မြိုင်သာယာ ရောက်နေကြောင်း၊ အမှု နောက် လိုက်နေကြောင်း သိလိမ့်မည်။

သို့သော် မတတ်နိုင်ပြီ။ နောက်မှ မီးစဉ်ကြ ည့်ကရလိမ့်မည်။

"မောင်ပြွေသမီး လုပ်ပြီး ဘာလုပ်မလို့ သိချ င်နေရတာလဲကွယ်"

"အဒေါ် သိတဲ့ အတိုင်း အဖေက နာမည်ပျ က်ခဲ့ရတယ် မဟုတ်လား၊ ညောင်ပင်သာကနေ ပြောင်းသွားရတယ် မဟုတ်လား၊ အခု ရန်ကုန် မှာ တောင် သိတဲ့ သူတွေက သိကုန်ပြီ၊ သမီးဆို ဒိအကြောင်း ဘာမှ သိခဲ့တာ မဟုတ်ဘူး လေ၊ ဟိုတစ်လောလေးကမှ သမီးလည်း သိ၊အပြင်

လူတွေလည်း သိသွားတော့ အဖေ စိတ်ဆင်းရတာပေါ့"

"သမီးကို ဘယ်သူပြော"

"မကြည်ပြာ၊ မကြည်ပြာဆိုတာ ဦးသက်ဆွေ သမီးလေ"

"သြော် သူ ပြောတာလား၊ အင်း ..ဒုက္ခ ဒုက္ခ၊ သမီး မေးချင်တယ် ဆိုလည်း အခေါ်တော့ ဘာမှ လည်း မမှတ်မိတော့ဘူး ဘာမှ လည်း မသိတော့ဘူး၊ မမှတ်မိဆို နှစ်တွေ ဘယ်လောက်ကြာပြီလဲအေး"

အဖေ့သမီးမှန်း သိချိန် အင်မတန်လိုက်လှဲပျူငှာကာ အိမ်ပေါ် အတင်း တက်ခိုင်းပါသော်လည်း ခြေတံရှည်အိမ်အောက်က ကွပ်ပျစ်ကိုသာ နှစ်ဦးသား မျက်စိကျသည် ။ ကွပ်ပျစ်မှာ ဝင်ထိုင်မိကြပါသည် ။ လေပြည်သည့် အမိုးတိုင်များ အကြားမှ လွင့်လာပြီး တိုးဝင်နေသည် မို့ ယပ်တောင်ပင် မလိုပေ။

ငြိမ်းသည် လေပြည်အတိုးကို စက္ကန့်အနည်းငယ်မျှ မျက်လုံးလေးမှိတ်ကာ ခံယူမိသည် ။ ညောင်ပင်သာနှင့် သိပ်မဝေးတော့ဘူးဆိုသော သိမှုသည် စိတ်ကို တယိမ်းယိမ်း လှုပ်စေသလို။ ပြီးတော့ အဖေနှင့် သိကျွမ်းရင်းနှီးသူ အဖေ့အမှုတုန်းက တက်စွမ်းသမျှ ကာကွယ်ပေးခဲ့သူနှင့် ဆုံရတာမို့လည်း စိတ်ထဲ တစ်မျိုးတစ်ဖုံ ဆန်းသယောင် ရှိနေသည် ။

ဘာဧည့်ခံရပါ့ဟု ပူပင်နေသော ဒေါ်လှကြိုင်ကို ကွပ်ပျစ်မှာ အတင်းဝင်ထိုင်ခိုင်းရသည် ။ အဖေ့အကြောင်း၊ ကြီးကြီးအကြောင်း သာကြောင်း မာကြောင်းများ မေးသည် ကို အတိုချုပ် ဖြေရသည် ။ အချိန်သိပ်မရတော့၍

မေးခွန်းများ မေးရန် ပြင်ရပါသည်။ မသန္တာခိုင်ကလည်း မေးတော့လေ ဆိုသော သဘောနှင့် မေးဆက်ပြသည်။

ဒေါ်လှကြိုင်မှာ ခုချိန်အထိ 'ဘာမှ မသိဘူး' သာ လုပ်မည့်ပုံပြသည် မို့ စကားအလိမ္မာ သုံးရမည့်မှန်း ငြိမ်း သိခဲ့ပြီ။ စိတ်ထဲ ဝင်နီ့ကိုပင် ပြေး၍ သတိရသည်။ ဝင်နီသည် တဲ့ တိုးဆုံးမ၍ ရသော ကလေး မဟုတ်။ ဆုံးမမှန်းမသိသာသော ဆုံးမမှုမျိုးကိုမှ နားလည် လက်ခံယူလေ့ရှိသည်။ ခုလည်း ဒေါ်လှကြိုင်သည် မေးမှန်းမသိသော မေးခွန်းမျိုးကိုမှ ဖြေမည့်ပုံသွင် ရှိပေသည်။

"မောင်ပြေလည်း စိတ်ညစ်နေရောပ"

"စိတ်ညစ်တာတော့ ပြောမနေနဲ့ တော့ အဒေါ်ရေ၊ အဖေဆို အဲဒီစိတ်နဲ့ တစ်လောကဆို နေတောင် မကောင်းဘူးလေ၊ ဒါကြောင့် အဖေ့အတွက် တစ်ခုခု လုပ်ပေးမှ ပဲလို့ စဉ်းစားပြီး သမီး လာတာပေါ့"

"ဩော် အဲဒီလောက်တောင် ဖြစ်သလား၊ အင်း .... ဒုက္ခ ဒုက္ခ၊ နေပါဦး သမီး လာတော့ ကော ဘာလုပ်လို့ ရမလဲ ကဲ"

"ဩော် ... အခု မျက်မြင်သက်သေတွေနဲ့ သမီး လိုက်တွေ့တာပေါ့၊ သူတို့ ဘာကြောင့် စွပ်စွဲခဲ့တာလဲ၊ ဘာကြောင့် ပြောခဲ့တာလဲ ဆိုတာ မေးရတာပေါ့၊ အခုက သေသေချာချာ မြင်တဲ့သူ မရှိဘူး မဟုတ်လား၊ အထင်နဲ့ ပဲ ပြောခဲ့ကြတာ မဟုတ်လား အဒေါ်ရဲ့ ၊ သမီးဘက်က ရလာတဲ့ အဖြေတွေ စုပြီးတဲ့ အခါကျရင် ဒါက ဒီလိုဒီလို ရှိတယ် သေချာထောက်ပြပြီး မကြည်ပြာဘက်ကနေ အဖေ့ကို တောင်းပန်ခို

င်းမှာ ပေါ့၊ ရွာက လူတွေကိုလည်း သူပဲ ဖြေရှင်းပေးဖို့ ပြောရမှာ ပေါ့"

"ဒါမျိုး ဖြစ်ကော ဖြစ်မလားကွယ်"

ကိုယ်တိုင်ပင် မယုံကြည်လှသော်လည်း 'ဖြစ်မှာ ပေါ့ အဒေါ်ရယ်' ဟု ခပ်တင်းတင်းပင် ငြိမ်း ဆိုလိုက်ပါသည် ။

ခုထိ အားကိုးလောက်စရာ သက်သေရယ်လို့ ဘာမှ မရခဲ့ပုံကို မေ့ဖျောက်မြဲလို မေ့ဖျောက်ရသည် ။ ဆရာ ဦးဖေအောင် ပြောခဲ့သော စကားများ ဆိုလျှင် နားထဲက ခုထိ မထွက်။ နောက်ဆုံး ပြောလိုက်သော 'သံသယအကျိုး' ဆိုတာ တစ်ခုသာ အားကိုးစရာရှိသည် ။ ကျန်သော စကားများကတော့ တရားလိုပြသက်သေ နှစ်ဦး၏ စကားလိုပင် အဖေ့အတွက် ကူကယ်ဖွယ်ရာ မဖြစ်ခဲ့ပါပေ။

ခု ဒေါ်လှကြိုင်ကိုရော ငြိမ်းဘယ်ရွေ့ ဘယ်မျှ အားကိုးရမည်နည်း။

"အဲဒီတုန်းက အမှုဖြစ်တာ မေလ နှစ်ဆယ့်နှစ်ရက်နေ့ပေါ့ အဒေါ် ရယ်၊ အဲဒီနေ့က အဒေါ် အိမ်မှာ အဖေ ရှိခဲ့တယ် ဆိုတာ တကယ်ပါနော် "

"အေး ရှိခဲ့တာပ"

"အဒေါ့်အိမ်ကို အဖေ မကြာ မကြာ လာတတ်တယ်ပေါ့"

"လာတာပ"

"သမီးတို့ နဲ့ အဒေါ်နဲ့ က အမျိုးပဲလား ဟင်၊ သမီးက ဒီဘက်နဲ့ ဝေးတာ ကြာတော့ အမျိုးလည်း သိပ်မသိဘူး"

ဒေါ်လှကြိုင်သည် ပုံ့ပုံ့ထိုင်နေရာက အားမ

ရတော့ဟန် ဒူးတစ်ဖက်ထောင်လျက်ထိုဒူးပေါ်ဝယ် လက်နှစ်ဖက်ကို ယှက်လိုက်ပါသည်။

"အဒေါ်နဲ့ သမီးအဖေ မောင်ပြေနဲ့ ဆိုတာ အမျိုးစပ်ရင် တအားသာမရင်းတာ အမျိုးလည်း မကင်းဘူး သမီးရဲ့ ၊ ပြီးတော့ မောင်ပြေဟာအဒေါ်တို့ မိသားစုအပေါ် တအားကောင်းတယ်၊ ဟော ... အိမ်ပေါင်ထားတယ်၊ မရွေးနိုင်ဘူး ဖြစ်နေတုန်းက မောင်ပြေပဲ ပြန်ရွေးပေးတာပ၊ ပိုက်ဆံလိုလို့ ချေးရတာတော့ ဘယ်နှခါမှန်းတောင် မသိဘူး၊ ခုတောင် တချို့အကြွေးတွေ ကျန်သေးတာလေ၊ မောင်ပြေက ဆပ်နိုင်ရင်လည်း ဆပ်၊ မဆပ်နိုင်ရင်လည်း ဆပ်မနေနဲ့ တဲ့ ၊ အဲဒီလောက် ကောင်းတာ"

ငွေရေးကြေးရေးနှင့် ပတ်သက်၍ အဖေ့သဘောထားကို ငြိမ်း အလုံးစုံ မမှန်းဆတတ်ပါ။ သို့သော် သည် မျှ ပျော့ပျောင်းသော သဘောနှင့် ဆက်ဆံခဲ့သူမှာ အဖေ့ဘဝတွင် အတော်နည်းလိမ့်မည်။ အမျိုးနီးစပ် ဆိုသော အရှိန်လည်း ပါပေမည်။

"အမှုဖြစ်တဲ့ နေ့က အဖေ ဒီမှာ ရှိတယ်ပေါ့နော်"

"အင် .... ဘာ"

ဒေါ်လှကြိုင်သည် မေးခွန်းကို နားမလည်လိုက်ပုံနှင့် မျက်မှောင်တွန့်ကာ ငြိမ်းအား ကြည့်၍ နေသည် ။ သည် အကြည့်မျိုးနှင့် တစ်ဖက်ရှေ့နေအား အကြိမ်မည်မျှ ကြည့်ခဲ့မည်နည်း။ ငြိမ်းသည် ပြုံးလိုစိတ်ကို ထိန်းကာ မေးခွန်းပြောင်းလိုက်ရပါသည် ။

"ဪ ...အဲဒီနှစ် ပေ နှစ်ဆယ့်နှစ်ရက်က

အဖေ အဒေါ်အိမ်မှာ ရှိတယ်ပေါ့၊ ဒီချောင်းကွေ့ အိမ်မှာ ရှိတယ်ပေါ့နော်"

"ရော ... ရှိပါတယ်ဆိုကွယ်"

"ဦးသက်ဆွေသား အသတ်ခံရတာ အဒေါ် ဘယ်တော့သိလဲ"

"နောက်ရက် ထင်တာပဲ"

"ဘယ်သူ ပြောပြတာလဲ ဟင်"

"မောင်ပြေ ပြောလို့ပ"

"အဲဒီတုန်းက အဖေ အိမ်မှာ ဘယ်နှရက် နေလဲဟင်"

"ဒီအိမ်မှာ လား"

ငြိမ်းသည် ခေါင်းကို ဆတ်ခနဲ ညိတ်လိုက်သည် ။ မျက်မှောင် ရေးရေးတွန့်လျက် တွေဝေစဉ်းစားဟန်ပြုနေသည့် ဒေါ်လှကြိုင်ကို စူးစူးစိုက်စိုက်လည်း မဆိုသာအောင် ငေးကြည့်နေပါသည် ။

"ဘယ်နှရက်လဲတော့ မမှတ်မိတော့ဘူး"

"နှစ်ရက် နေတာလား"

"အဲ ..... ဟုတ်လိမ့်မယ်"

"အဖေတို့ က တောထဲ သွားကြတာဆို ၊ ထင်းခွေလား မသိဘူးနော်"

"ဟိုသင်း ...အင်း... ထင်းခွေတာ ထင်တာပ"

အင်း ....နှစ်တွေ ကြာမှ တော့ ဝါးခုတ်တာနဲ့ ထင်းခွေတာလည်း ရောတော့မှာ ပေါ့၊ ရှိပါစေလေ...။

"အဲဒီကလေးရဲ့ အဖေ ဆရာဦးသက်ဆွေကို အဒေါ် နဂိုကတည်းက သိသလား ဟင်၊ ဘယ်

လိုလူမျိုးလဲ သမီး မသိလို့ ပြောပြပါဦး"

"ဒီဆရာလား၊ သိပ်၊ မသိနေမလား သမီး၊ မြိုင်သာယာသား၊ တို့ ညောင်ပင်သာမှာ ဆရာလာလုပ်ရင်း အိမ်ထောင်ကျတာပ၊ တို့ ရွာသူနဲ့ပဲ ဒီလူဟာ အားကြီး ဆရာလုပ်ချင်တယ်၊ နေရာတကာ ဆရာလုပ်ချင်တယ်"

ဒေါ်လှကြိုင်သည် ခုတော့လည်း စောစောက စိတ်မပါလက်မပါ ပြောနေတာ သူ မဟုတ်တော့သလို အားတက်သရော ပြောနေပြန်ပါသည်။

"အဖေလည်း အဲဒီလို ပြောဖူးတယ်၊ အဖေနဲ့လည်း မတည့်ဘူးတဲ့"

မှသားသည် စကားချူလိုသော ငြိမ်း၏ နှုတ်မှ ရှောရှောရှူရှူပင် ထွက်ကျလာပေသည်။

"ဟုတ်တာပ၊ မောင်ပြေနဲ့ တော်တော်မတည့်ဘူး၊ မောင်ပြေကလည်း စိတ်ကြီးတယ်၊ အမှတ်ကြီးတယ်၊ ဟိုဆရာကလည်း စကားပြောအားကြီး အပေါက်ဆိုးတယ် မတည့်တာ ဘာဆန်းလဲ"

"ဆရာဦးသက်ဆွေနဲ့ တခြား မတည့်တဲ့ သူတွေလည်း ရှိမှာ ပဲနော်"

"ရှိမှာ ပ၊ မရှိဘဲ ဘယ်နေမလဲ"

"အဖေ့လောက် မတည့်တဲ့ သူ ရှိဦးမလား နော့"

ဟု ရယ်သံစွက်ကာ ငြိမ်း ဆိုလိုက်လျှင် ဒေါ်လှကြိုင်သည် 'ဟုတ်ပ' ဟု ရယ်ကာမောကာ ထောက်ခံလိုက်ပါသည်။ ဟုတ်ပ ....။ ဒါ ... ငြိမ်း လိုချင်ခဲ့သော အဖြေ မဟုတ်ပါ။ အပြုံးတို့ ခဏမျှ တန့်ရသည်။ လေပူတစ်ချက် မှုတ်ထုတ်

မိသည် ။ 'အဆင်ပြေလား' ဟု မသန္တာခိုင်က နှုတ်ခမ်းလှုပ်ရုံ မေးသည် မို့ အဖြေလည်း မမည်သော အပြုံးနွမ်းသာ ပြုံးပြမိတော့သည် ။ မောလှပြီ။ ဘာကြောင့်မှန်းမသိ သစ်စုမှာ ၊ ချောင်းဖြူမှာ တုန်းကထက် သည် မှာ ပိုမောရသည် ။

"အဒေါ်ကို သက်သေလိုက်ပေးဖို့ အဖေပြောတာပဲလား"

"အေးပေါ့၊ မောင်ပြေပဲ လာပြောတာပေါ့ သမီးရယ်"

"အဖေ လာပြောတာနဲ့ အဒေါ်က သဘောတူလိုက်ရောပေါ့"

"ပထမတော့ မလုပ်ချင်ဘူး ပြောရတယ်လေ နော့၊ မောင်ပြေ ငါ တရားရုံးတွေ ဘာတွေ မသွားချင်ဘူး ပြောတာပဲ၊ မရဘူး၊ မောင်ပြေက ကျွန်တော့်မှာ လူမရှိဘူး၊ အစ်မ လုပ်မှ ဖြစ်မယ် ဆိုတာကိုး၊ နောက်တော့ လိုက်ရတော့တာပ"

"ရှေ့နေ မေးခွန်းတွေ မေးတော့ စိတ်ညစ်တာပေါ့"

"ညစ်တာပကွယ် " ဟု ဒေါ်လှကြိုင်က ခုပင် ရှေ့နေ တွေ့သည့်ပမာ မျက်နှာကို ရှုံ့လိုက်ပါသည် ။

ထိုခဏဝယ် ပေါ်ပေါက်သော ဖုန်းမြည်သံကြောင့် ဆက်မေးလုလုမေးခွန်းကို တန့်ကာ အိတ်ကို ဖွင့်ရသည် ။ အဖေ့ဖုန်းများလား ပူပင်စိတ်သည် လက်ချောင်းများကို မသိမသာ တုန်ယင်စေသည် ။ ဖုန်းမျက်နှာပြင်ကို တွေ့တွေ့ ဆိုင်ဆိုင် တွေ့တော့လည်း အဖေ မဟုတ်ပြီ...။ ဟင်ခနဲ သက်ပြင်းချမိရသည် ။ မ

သန္တာခိုင်ထံ ဖုန်းကမ်းပေးကာ 'ကိုမိုးဘုတ်ဲ ဆက်တာ မခိုင်၊ ပြောပေးထားပါဦး' ဟု ဆိုရသည် ။ ကွပ်ပျစ်ပေါ်က ထကာ အိမ်ဦးခန်း အောက်ဘက်ဆီ မသန္တာခိုင် လျှောက်သွားပုံကို လှမ်းကြည့်ပြီးမှ အမေးဆက်ပြန်ပါသည် ။

"အဒေါ်ကို ရှေ့နေက ဘာတွေမေးလဲ"

"မေးတာတွေတော့အကုန် မမှတ်မိတော့ပါဘူး။ မောင်ပြေ ငှားထားတဲ့ ရှေ့နေက အိမ်မှာ ရှိတယ် ဆိုတာကို သေချာပြောလို့ သင်ထားတာ အဲဒီလိုပဲ ပြောတာ ဖြေတာပ"

"သစ်စုတောထဲမှာ တာရာ့ကို အဖေ သတ်လို့ ...."

ငြိမ်းသည် စကားမဆက်နိုင်သည့်သဖွယ် ခဏမျှ ရပ်လိုက်ရသည် ။ ပြီးလျှင် စိတ်တင်းပြန်ကာ-

"တာရာ့ကို အဖေ သတ်လို့ သေသွားပြီ၊ မသိဘူး ဖြေလိုက်သေးတယ် မဟုတ်လား၊ အိမ်မှာ ရှိပါတယ် မပြောဘဲနဲ့ လေ"

"အေး ...ဟုတ်လား .. မသိတော့ပါဘူး သမီးရယ်"

ဒေါ်လှကြိုင်၏ မျက်နှာဝယ် အမှန် မသိတော့သော အရိပ်ကို တွေ့ရပါသည် ။ ဖုံးကွယ်ခြင်း မဟုတ်ပါ။ အရိုးခံအတိုင်းသာ ပြောနေပုံရပါသည် ။

"ရွာမှာ တော့ ဒီကလေးကို အဖေ သတ်တာပဲလို့ ပြောနေကြတုန်းပဲလားဟင်"

"ဧော် သူတို့ ဘက်ကလူကတော့ သူတို့ စကားပေါ့၊ မောင်ပြေဘက်က လူတွေလည်း ရှိတာပဲ"

အင်း...ကြီးကြီးကလည်း သည့်စကားမျိုး ဆန်ဆန် ပြောခဲ့ဖူးပါသည် ။

"အဒေါ့်စိတ်ထဲမှာ ရော အဖေ သတ်တာလို့ နည်းနည်းမှ မထင်ခဲ့ဘူးပေါ့နော်၊ အဖေ မသတ်ဘူးလို့ ယုံလို့ သက်သေလိုက်ပေးတာပေါ့နော် ဟုတ်လား ဟင်"

အတန်တန် ထိန်းသည့်ကြားကပင် စိတ်လှုပ်ရှားခြင်း၏ သင်္ကေတအဖြစ် ငြိမ်း၏ လေသံမှာ မသိမသာ လှိုက်ခတ်တုန်သဲ့ရပေသည် ။

ဒေါ်လှကြိုင်သည် မသန္တာခိုင်ရှိရာသို့ တစ်ချက် လှမ်းကြည့်လိုက်ပါသည် ။ ဘယ်လို အကြည့်လို့ ဆိုရမှာ ပါလိမ့်။ သူစိမ်းရှေ့ မလုံမခြုံ ခံစားရသော အကြည့်လေလား။

"ဘာလို့ ကိုယ့်အဖေကို ဒီလို ပြောရသလဲ သမီး၊ သူများ ကြားလို့ လည်း မကောင်းဘူး မဟုတ်လားအေး"

"အခု သမီး မေးတာလည်း အဖေ့အတွက်ပဲ ဟာ၊ အဖေ့ကို ကာကွယ်ပေးဖို့ အတွက်ပဲဟာ"

"အေး မောင်ပြေက သက်သေလိုက်ပေးဆိုလို့ အဒေါ် လိုက်ပေးတာပ၊ သူကို ယုံသလားဆို ယုံတာပ၊ ကိုယ့်အပေါ် ဒီလောက်ကောင်းတဲ့ သူကို မယုံရင် ဘယ်သူ့ ယုံမလဲ၊ သူ ကူညီခဲ့တာ နည်းသလား၊ ကိုယ့်ဘက်က ဒီတစ်ခါပဲ ကူညီရတာ မဟုတ်လား သမီး၊ ဒါကြောင့်ပဲ အဒေါ် ကြောက်တဲ့ ရုံးကနားကို လိုက်ခဲ့ရတာပအေး"

ဘယ်လို အဓိပ္ပာယ်ကောက်ရမည့် အဖြေမျိုးပါနည်း။ အဖေ မကျူးလွန်ခဲ့သောအမှုကို ဟုတ်တိုင်းမှန်ရာဘက်က သက်သေလိုက်ခဲ့တယ် မဆို။ သူ့အပေါ် ကောင်းသူမို့ ယုံပါသ

တဲ့ ။ အခါခါ ကူညီခဲ့သူမို့ တစ်ပြန်တစ်လှည့် ကူညီသော သဘောနှင့် သက်သေလိုက်ခဲ့ပါသတဲ့ ။

ဘုရား ... ။ ငြိမ်း၏ အဖြစ်သနစ်သည် စိတ်သက်သာရာ ရစရာလား၊ တစ်ရစ်ပြီး တစ်ရစ် ဖြေရှင်းကပင်တစ်ပြန် တစ်လှည့် ပတ်ရစ်လာသည် လား မရေရာပြီ။ ဝဲဂယက်တစ်ခုထဲ နစ်တော့မည့်သူပမာ ကိုယ့်ကိုယ်ကိုယ် ထင်လာပါသည် ။ ခုနေများ သည် မျက်နှာကို ဒေါ်လှကြိုင် ဖြစ်စေ၊ မသန္တာခိုင် ဖြစ်စေ အကဲခတ်နိုင်မည် ဆိုလျှင်တော့ ဝက်ပါထဲ လမ်းပျောက်နေသူ၏ မျက်နှာရိပ်ကို တွေ့ရလိမ့်မည်။ ဦးထွန်းသာထံက ရလမ့်မည် အထင်နှင့် မျှော်လင့်တကြီး မေးခဲ့ဖူးသော အဖြေသည် ခုတော့ဖြင့် ဒေါ်လှကြိုင်၏ နှုတ်က အမှတ်မထင် ထွက်ကျခဲ့ပြီကော။

ငြိမ်းသည် သက်မ ရှိုက်ကာ ဒေါ်လှကြိုင်၏ မျက်နှာကိုတည့်တည့်စူးစူး ရင်ဆိုင်ကြည့်လိုက်ပါသည် ။

"အမှုဖြစ်တဲ့ နေ့က အဒေါ်အိမ်မှာ အဖေ တကယ်ရှိခဲ့တယ်နော်"

"ရှိပါတယ် ဆိုကွယ်"

"ကျွန်မ မကြည်ပြာနဲ့ စကားပြောဖို့ လိုလာရင် အဒေါ် ကျွန်မနဲ့ လိုက်ပေးနိုင်မလား၊ အခုလိုပဲ အဖေ အိမ်မှာ ရှိတယ် ဆိုတာကို သေချာသက်သေပြပေးဖို့ ပဲ"

"အို ... ဘာလုပ်မလဲကွယ် ရှုပ်ရှုပ်ယှက်ယှက်၊ သူတို့ နဲ့ သွားမပတ်သက်ပါနဲ့ တော့လား သမီးရယ်"

ဟု ဒေါ်လှကြိုင်က ထိတ်လန့်ဟန်စွက်သော

မျက်ဝန်းများ နှင့် ပြုံးပြုံးပျာပျာ ဆိုပါသည်။

"အင်းလေ ..... အဲဒါက လိုချင်မှ လည်း လိုမှာ ပါ၊ အဒေါ့်စိတ်ထဲ တအားကြီး ထားမနေနဲ့ဦး၊ အရေးကြီးတာက အခု ကျွန်မ လာမေးတာတွေ အဖေ့ကို ပြန်မပြောရဘူးနော် အဒေါ်၊ ပြီးတော့ ကျွန်မ မြိုင်သာယာ လာတာလည်း အဖေ မသိစေချင်ဘူး နော် ပြန်မပြောပါနဲ့ နော်"

"အေး ...အေး " ဟု ဒေါ်လှကြိုင်က တိုတိုတုတ်တုတ် ဆိုပါသည် ။ ပြီးပြီးရောများ သဘောပိုက်လေသလား။

ငြိမ်းသည် နာရီကို ဖျတ်ခနဲ တစ်ချက် ငုံ့ကြည့်သည် ။ မွန်းလွဲ ၂ နာရီသာသာ။ ပြန်ကြမှ ပါပဲ ။ သည် နေ့ ခရီးနည်းနည်း ပိုဝေးသည် မို့ လမ်းမှာ မနားလျှင်ပင် ညနေ ၄ နာရီနီးပါးမှ မြိုင်သာယာ ပြန်ရောက်လိမ့်မည်။ မသန္တာခိုင်လည်း အနီးပြန်ရောက်ပြီမို့ ပြန်ကြပါစို့ မခိုင်ရေ့ယ် ဆိုရသည် ။

"ပြန်တာပေ့ါ ငြိမ်း၊ နေလည်း ကျတော့မှာပဲဟာ၊ ဒါနဲ့ အခု မိုးညဏ်ဆက်တာကလေ၊ ဒီည မန္တလေးကား စီးလာမယ်တဲ့ ၊ မနက် ရောက်မယ်တဲ့ အဲဒါ လှမ်းပြောတာ၊ ပြီးတော့ ထုံးစံအတိုင်း ဟိုမေး ဒီမေးပေ့ါကွယ်"

စိတ်ရှုပ်ထွေးစရာ လတ်တလော အခြေအနေကိုပင် မေ့လျော့မယောင် လှုပ်ရှားယိမ်းနွဲ့ခြင်း တစ်စုံတစ်ရာ စွက်သော ခံစားမှုသည် ငြိမ်း၏ စိတ်ဝယ် လူးလာခတ်နေပေသည် ။ စိတ်ပမှုပါနဲ့ ၊ မလာပါနဲ့ ဟု အတန်တန် ပြောပါလျက် ဘာကြောင့်များ လာရပါသနည်း။ ခုနေ သူ့ကို တွေ့ချင်သလား မေးလျှင်လည်း ငြိမ်း ခေါင်းညိတ်မိမည်။

သို့သော် မတွေ့ချင်သေးဘူး ဆိုရမည်။ ကိုယ်တိုင် မရှင်းလင်းသေးသော ပြဿနာများအကြား သူရောက်မလာစေလိုပါ။ အင်းလေ ... . ခုမှ တော့ တားလည်း ပဲ နောက်ကျခဲ့ပြီ။ လာလိုသူက လမ်းခရီးမှာ ရှိနေခဲ့ပြီ။ တွေ့ရုံပေါ့။ ရင်ဆိုင်ရုံပေါ့။

ငြိမ်းသည် စိတ်တုံးတုံးချကာ ဒေါ်လှကြိုင်ကို မြိုင်သာယာ ပြန်မည့်အကြောင်း နှုတ်ဆက်ရသည် ။ ပြောခဲ့သမျှ စကားတို့ ကို စိတ်ထဲမှာ ပင် ပြန်ကျော့တွေး.ကာ ကွပ်ပျစ်က ထရသည် ။ ဒေါ်လှကြိုင်သည် ခုတော့လည်း စာမေးပွဲ ဖြေပြီးသည့် ကလေးပမာ ရွှင်ရွှင်ပျပျ စကားဆိုမဆုံး ရှိပေသည် ။

ငြိမ်းသည် ရန်ကုန်အိမ်နှင့် ပတ်သက်သမျှ ဒေါ်လှကြိုင် မေးသည် ကို ဖြေနေရင်းက တစ်ဖက်က မဆုံးသော စကားတို့ ကို အပြုံးနှင့် နားစိုက်ထောင် နေသည် ။ စိတ်ကမူ စောစောက စကားတို့ ကိုသာ အဖန်ဖန် တွေးကာ ။ စကားသံနှင့် အမူအရာကိုပါ စိတ်မှာ ပြန်ဖော်ရသည် ။ တစ်ခုသော နေရာ အရောက်မှာ တော့ အပြုံးက တန့်ရသည် ။ ခဏမျှ အသက်အောင့်မိသည် ။

ဘုရား ...။ ဟာကွက် ... သည် နေရာမှာ ဟာကွက်တစ်ခု ရှိနေပါပကော ။

"အဒေါ် ... အဒေါ် ခုနက ပြောတာ ဦးသက်ဆွေသား သေတာကို သေပြီး နောက်ရက် သိတယ် ဆိုလားလို့ ၊ ဟုတ်လား"

"အေး ... ဟုတ်တာပ"

ခပ်တိုတို ဆိုသည့် အဖြေစကားသည် ငြိမ်း၏ လွင့်ခနဲ ဟာသော စိတ်ကို သစ်စုတောသို့

ရောက်အောင် ပို့လိုက်တော့သည်။

ထိုနေရာမှာ သစ်ပင်ရိပ် အုပ်ဆိုင်းလျက်။ လွန်ခဲ့သော ၁၈ နှစ်က ဦးဖေအောင် တာရာ့အလောင်း တွေ့ခဲ့သည့် နေရာ။ မနေ့တုန်းဆီက အတိတ်ကို သတိရ ပြန်ပြောင်းပြောဆို ညွှန်ပြခဲ့ရာ နေရာ။

ပြီးတော့ ဦးဖေအောင် ပြောခဲ့သည့် စကားသံ တစ်ခွန်းတစ်စကို ငြိမ်း ပွဲတင်ထပ်မျှ ပြန်လည် ကြားယောင်သည် ။ ဘာတဲ့ ...။

'ကလေး ဆုံးတာ မပြောနဲ့ ၊ ပျောက်တာတောင် နောက်တစ်ရက်နေတော့မှ သိတာကိုး၊ အဲဒီအချိန်က ရွာတွေဘက်မှာ ဖုန်းမရှိ၊ ဘာမရှိ ဆက်သွယ်ရေးလည်း ခက်တဲ့ ခေတ် မဟုတ်လား၊ ဥပမာ -အင်္ဂါနေ့သေတယ် ဆိုပါစို့၊ ဗုဒ္ဓဟူးနေ့မှ ကလေးပျောက်တာ သူတို့ သိတာ၊ ကြာသပတေးနေ့မှ သူတို့ စရှာတော့မှ မနေ့ရှ မှာ အလောင်းတွေ့တာ၊ အဲဒီလိုမျိုး'

သစ်စုတောက လွင့်သော စကားသံသည် ဆူညံနှံရှိသော လက်နက်ပမာ ရင်ကို အရှိန်နှင့် တိုး၍ ဆောင့်လျှင်တော့ ငြိမ်းမှာ မျက်လုံးအစုံကိုသာ နာနာကျင်ကျင် ဖိမှိတ်လိုက်ရပါသည် ။

***

ပေါက်စတုန်းကတော့ ထိခိုက်ကျန်ရစ်သူမှာ ကိုယ်တိုင်ပဲမို့ ထိတ်လန့်စိတ်၊ အားငယ်စိတ်တို့ အရပ်လေးမျက်နှာမှာ ဝန်းရံနေသလို ခံစားခဲ့ရပါရဲ့ ။

ခုတော့ဖြင့် သည့်ထက် လေးနက်သော နောက်ထပ် ခေါင်းစဉ်တစ်ခုက တိုက်စားဖြိုချလိုက်ပြီမို့ ဆိုင်ယ်တိုက်မိမလို ဖြစ်ရခြင်း ခြေခေါက်လဲရခြင်း မသန္တာခိုင် သူ့နေအိမ်မှ တည်းခိုခန်းသို့ ပူပူပင်ပင် ရောက်လာရခြင်း ၊ တိုင်းရင်းဆေးခန်းသို့ ရောက်ကာ ဆေးစည်းရခြင်း စသော စသော အရေးကိစ္စ တို့ သည် ငြိမ်းအတွက် တစ်ခုမျှ စိုးရိမ်ဖွယ် မဟုတ်တော့သည့်နှယ်တည်း။

***

မွှန်သော စူးသော ဆေးနံ့သည် အခန်းတွင်းဝယ် ပျံ့လျက် ရှိလေသည် ။

ထိုဆေးနံ့သည် ငြိမ်း၏ ညာဘက် ခြေထောက်၊ အတိအကျ ဆိုရလျှင် ခြေချင်းဝတ်ပတ်လည်က လာသည် ။ ခြေချင်းဝတ်မှာ သာ ဆေးလူးကာ ပတ်တီးစည်းထားသော်လည်း အနံ့တို့မည်သည် မှာ ဆီးတားနိုင်ခြင်းလုံးစံမရှိတာကြောင့် တစ်ခန်းလုံး သည် အနံ့တစ်ခုသာ လွှမ်းလျက်။

ငြိမ်းသည် စောင်ခေါက်ပေါ် တင်ထားသော ခြေထောက်ကို စိတ်မသက်မသာ လှမ်းကြည့်နေသည် ။ အဖြစ်အပျက်တို့ အမှတ်မထင် ပေါ်

ငြိမ်းသည် ချောင်းကွေ့ရွာက ပြန်လာသည့် လမ်းတစ်လျှောက်လုံးပင် စိတ်အေးလက်အေး မရှိခဲ့ချေ။ ဒေါ်လှကြိုင်၏ ခပ်လွယ်လွယ် ပေးလိုက်ပုံရသော ကတိကို မယုံစားစိတ်နှင့် 'ခဏနေရင် အဖေ သိတော့မှာ ပဲ' ထင်ခဲ့ရသည် ။ မြိုင်သာယာ မရောက်ခင် လမ်းခုလတ်မှာ တင် ဖုန်းလာလိမ့်မည် အထင်နှင့် စိတ်စောခဲ့ရသည် ။

ပထမတစ်ကြိမ် ဖုန်းဝင်တော့ အဖေပဲဟု ထင်လိုက်သည် ။ ဆိုင်ကယ်ကို ခဏရပ်လိုက်ကာ ဖုန်းထုတ်၏။ သို့သော် ဖုန်းခေါ်လာသူမှာ ဥက္ကာသာတည်း။

ရက်များ စွာအတွင်း ပထမဆုံးအကြိမ် အဆက်အသွယ် ရသောသူငယ်ချင်းသည် ငြိမ်းနှင့် သူ့အစ်မအကြားက အဖြစ်အပျက်တို့ ကို တစ်စွန်းတစ်စပင် သိခဲ့ပုံမရ။ သိခဲ့ပုံ မရဟု ပင် ငြိမ်း ထင်ပါသည် ။ ပေါ့ပါးသော သူ့ရယ်သံကို ကြားရလျှင်တော့ ချောင်းကွေ့မှာ တုန်းက မရှင်းမလင်း လေးပင်ခဲ့သော ခံစားမှုကိုပင် မေ့ကာ ပြုံးရပါသည် ။

"နှင်ကလည်း ခရီးထွက်တာတောင် လှမ်းမပြောဘူး"

"ငါ အဲဒီတစ်လောတုန်းက မအားသေးလို့ပါ ဥက္ကာရယ်"

"နှင် မအားဘူး ဆိုတော့ ငါကရော အားလို့လား မိငြိမ်းရယ် ငါ့မှာ အလုပ်ခုမှ စလုပ်တာဆိုတော့ ဟိုဟာလည်း သင်ရ၊ ဒီဟာလည်း သင်ရနဲ့ နင် ငါ့လည်း လာကြည့်ဦး၊ အရိုးပဲ ကျန်တော့တယ် ၊ဒါတောင် ငါလို နဂိုရုပ်ရှိတဲ့ သူမို့ ဘယ်လောက် ပင်ပန်းပင်ပန်း ခံ့ညားတာ မပျ

ကဘဲ ခံသာနေတာ သလား"

ငြိမ်းသည် အသံထွက်အောင်ပင် တဟားဟား ရယ်မောမိ၏ ။ ငြိမ်းထံမှ ပွင့်လင်းလွတ်လပ်သည့် ရယ်သံမျိုး ကြားထားဖူးပုံမရသော မသန္တာခိုင်သည် ဆိုင်ကယ်ပေါ် ထိုင်လျက် ဖုန်းသုံးနေရာက တစ်ချက်ငဲ့ကြည့်လာသည် ။

"အေးပါဟယ် စိတ်ချမ်းသာသလိုသာ ပြော၊ နင် စိတ်ချမ်းသာရင် သဃ်န်းကျွန်းတစ်မြို့လုံး အေးချမ်းမှာ ပဲ"

'အစုတ်ပလုတ်' ဟု ငြိမ်းကို မကြာမကြာ ဆိုဖူးသော အသုံးနှင့်ပင် ဥက္ကာက ရေရွတ်လိုက်ပေသည် ။

"မသက် နေကောင်းရဲ့ လားဟင်"

မေးနေကျလိုပင် ငြိမ်း မေးယူရပါသည် ။

"မမလား ကောင်းမှာ ပေါ့ အခု ရှိန်ကုန်မှာ မရှိဘူးလား၊ မြိုင်သာယာရောက်နေတယ်၊ ဒီနေ့ပဲ ရောက်တယ်တဲ့ ၊ နောက် သုံးရက်လောက် နေရင် မြစ်ဆုံ သွားမလို့ တဲ့ နင့် မပြောဘူးလား"

ဩော် ....မမသက်က ခု မြိုင်သာယာမှာကိုး။

မမသက်သည် တာရာသင်တန်းကျောင်းမှာ ရှိလိမ့်မည်။ မကြည်ပြာနှင့်အတူ ရှိပါလိမ့်မည် ။ သွေးသားရင်းချာပမာ ချစ်ခင်ရသူ တစ်မြေတည်းမှာ ရှိနေပြီဆိုသော အသိလောက် ငြိမ်းချမ်းစေတာ မရှိ။ အင်.... တွေ့ခွင့်မရမှာ သေချာနေသော အသိလောက် ဝမ်းနည်းစေတာလည်း မရှိပါ။

"အင်း ....ဟိုတစ်လောကတော့ ပြောပါတ

ယ်လေ"

ချစ်ခင်သူတို့ ရှေ့ ဟန်ဆောင်နိုင်ခဲ့လှပါရဲ့ ။ ငြိမ်း၏ အသံသည် ဟန်လုပ်ထားသော အသံ ခပ်လေးလေးသာဖြစ်နေလိမ့်မည်။ ဥက္ကာ မရိပ်မိပါစေနှင့်။

"မိငြိမ်း နင်နဲ့ မမ ဒီကြားထဲ ဘာဖြစ်ကြသေးလဲ"

"ဟင် ... ဘာမှ မဖြစ်ပါဘူး ...ဘာမှ မဖြစ်ပါဘူး ဥက္ကာရဲ့ "

ငြိမ်း၏ လေသံမှာ အလောတကြီး။

"ငါ့ကို မညာပါနဲ့ မိငြိမ်းရယ်၊ ငါ ကုန်သိပြီးပါပြီ"

ခုတော့လည်း ပေါ့ပါးလွတ်လပ်စွာ ရယ်မောတတ်သော ဥက္ကာတစ်ယောက် ပျောက်ဆုံးခဲ့လေပြီ။ သည့်အစား လူကြီးဆန်သော၊ တည်ငြိမ်သော လေသံကို အနီးကပ် ပြောသလို ကြားရပြီ။

ငြိမ်းသည် ချောင်းကွေ့မှာ ကတည်းက ခိုကပ်ပါခဲ့သော တွယ်ရာမဲ့ ခံစားမှုက ခုပင် လူကိုထိုးနှက်လာသလို ဝမ်းနည်းစိတ်က ရုတ်ခြည်းခေါင်းထောင်လာသည် ။ သံယောဇဉ်ရှိသူတို့အသံကို ဝမ်းနည်းချိန်မှာ မကြားနာနိုင်ဘူးပြောတတ်ကြတာ မှန်လွန်းပါရဲ့ ။ ဥက္ကာကိုမမြင်ရစေကာမူ သူ့လေသံ နားစွင့်ရင်းပင် ငြိမ်း မျက်ရည်ဝဲလာသည် ။ အဖြစ်အပျက် အလုံးစုံ ဥက္ကာ သိပြီးပြီ ဆိုတာကို အံ့အားသင့်စိတ်ထက် သိပြီးချိန်မှာ ပင် တည်ငြိမ်သော လေသံရှိမြဲရှိတာ၊ သံယောဇဉ်ရိပ်ကို တွေ့မြဲ တွေ့ရတာဟာ ငြိမ်းကို ပို၍ ထိခိုက်စေပါသည် ။

"ငါပြောမယ် မိငြိမ်း ငါကတော့ မကြည့်ပြော ... ဘူး မိငြိမ်း ကြားလား"

သူငယ်ချင်းလည်း မဟုတ်ဘူး ၊ ဒီတော့ ငါ့ဘက်က ရှင်းတယ် ငါ နင့်အတွက်ပဲ စဉ်းစားတယ်၊ နင်လည်း ရုတ်တရက် သိရတဲ့ နင့်အဖေအတိတ်အတွက် ဘယ်လောက်စိတ်ဆင်းရဲနေမလဲလို့ ပဲ ငါတွေးတယ်၊ သားသမီးမကောင်း မိဘခေါင်း ဆိုတာ အခါခပ်သိမ်း မမှန်ဘူး မိငြိမ်းရဲ့ တစ်ခါတလေမှာ မိဘရဲ့ အမွေကို သားသမီးတွေက လက်ခံရသေးတာလည်း ရှိတာပဲ၊ နင့်အဖေမှာ အပြစ်ရှိခဲ့တယ် ငါ မပြောဘူး၊ ငါ မသိဘူး၊ ဒါပေမဲ့ နင့်မှာ ဘာအပြစ်မှ မရှိခဲ့ဘူး၊ အပြစ်ရှိခဲ့တာပဲ ဖြစ်ဖြစ် မရှိခဲ့တာပဲ ဖြစ်ဖြစ် နင်ဟာ အရင်ကလည်း ငါ့သူငယ်ချင်း၊ အခုလည်း ငါ့သူငယ်ချင်း နောက်လည်း ဘယ်တော့မှ ပြောင်းလဲဖို့ မရှိဘူး၊ နင် ငါ့ကို အဆက်အသွယ် ဖြတ်လိုက်စရာ ဘာအကြောင်းမှ မရှိဘူး မိငြိမ်း ကြားလား"

"ငါ ...ငါ"

နှုတ်ဖျားမှ တိုးထွက်ရန်ပြင်သည့် စကားတို့သည် အဆက်မပြတ် လိမ့်ကျလာသော မျက်ရည်စတို့ အောက် ဖုံးအုပ် လွှင့်ပျောက်ရပါသည် ။

ငြိမ်းသည် လမ်းဘက်သို့ မျက်နှာချင်း ဆိုင်နေရာက သစ်ပင်အုပ်ရှိရာ တစ်ဖက်သို့ မျက်နှာမူလိုက်သည် ။ ခေါင်းငုံ့ကာ ဖုန်းကိုင်ထားရင်းက မျက်ရည်တပေါက်ပေါက် ကျလာပုံကို မထိန်းလိုက်နိုင်။ မသန္တာခိုင် အံ့အားသင့်လိမ့်မည်။ ရှိပါစေတော့ ...။

"အစုတ်ပလုတ်မလေး ငိုနေတာလား၊ ဟာ ... မငိုနဲ့ လေ မိငြိမ်းရ၊ နင် ငိုအောင် ငါ ပြောတာမှ မဟုတ်တာ ၊ငိုစရာ ဘာရှိလို့ လဲဟ"

ငြိမ်းသည် တအိအိ ရှိုက်ရင်းက တစ်ခဏမျှ ကြာလျှင် ငြိမ်သက်စ ပြုလာပါသည် ။ စကား တစ်ခွန်းမျှ မဆိုဘဲ ဥက္ကာ ငြိမ်သက်စွာ စောင့် ပေးပုံကိုလည်း စိတ်ထဲက တစိမ့်စိမ့် ကျေးဇူး တင် အားနာစိတ်ဝင်နေသည် ။ ငြိမ်းဟာ ကံဆိုးခဲ့သူပဲ။ သို့သော် သူငယ်ချင်းကောင်း၊ မိတ်ဆွေကောင်းများ ရှိခဲ့တာ တစ်ခုနှင့်ပင် မသကျည်းခဲ့သောကံကိုလည်း အပြစ်ဆိုချင်စိတ် မရှိပြီ။

"ငါ ... ငါလေ ငိုစရာမို့ ငိုတာ မဟုတ်ပါဘူး ဥက္ကာရယ်၊ ငါ့မှာ ဒီလို နားလည်ပေးတဲ့ သူငယ်ချင်း ရှိတယ်ဆိုတာ သိရလို့ ဝမ်းသာလို့ ပါ"

"ဝမ်းသာတာနဲ့ မျက်ရည်ကျစရာလားဟ ... အရူးမ"

ဥက္ကာအစစ်ကို တွေ့ရပြန်ပြီ။ ငြိမ်းသည် မျက်ရည် ပွတ်သုတ်ကာ ရေးရေးမျှ ပြုံးမိပေသည် ။

မသန္တာခိုင်သည် အဝင်ဖုန်းတစ်ခု လက်ခံပြောရင်း ငြိမ်း မျက်ရည်ကျရပုံ၊ နောက်တော့ ပြုံးမြပုံကို စိတ်ဝင်စားဟန်ရှိသော်လည်း အပြန်လမ်းတစ်လျှောက် တစ်ခွန်းပင်မမေးပါ။ သူ့အလေ့အတိုင်းတစ်ဖက်သား ပြောစကားကျမှ သာ အလေးစိုက် နားထောင်တတ်သူ ။ ရွှေစရာ ပြန်ရောက်လျှင်တော့ ငြိမ်းကို ပူပန်ကြောင့်ကြစွာ မှာ ကြားမှု အတန်တန်ပြုကာ ထားရစ်ခဲ့ပေသည် ။

ငြိမ်းသည် မသန္တာခိုင် လိုက်ဝယ်ပေးသော အစားအသောက်အိတ်တို့ ကို ဆွဲကာ အခန်းဆီ တက်လာ၏။ စိတ်အတွေးမှာ တော့ ရေမိုးချိုးမည်၊ ညစာစားမည်၊ အနားယူမည် သည် မျှပါပဲ။

သို့သော် အခန်းထဲ ပြန်ရောက်လျှင်တော့ ဘယ်လိုက ဘယ်လို စိတ်ပြောင်းပြန်သည် မသိဘဲ တာရာသင်တန်းကျောင်းဆီ သွားလိုစိတ်ကို ထိန်းမရ။ မမသက်ကို အပြင်ကနေ ဖျတ်ခနဲလေးပဲ တွေ့ရ တွေ့ရ တွေ့လိုက်ချင်သည် ။ စကားပြောဆို နှုတ်ဆက်ဖို့ ရာ အခြေအနေ မဟုတ်တော့သော်လည်း အစ်မရင်းပမာ ချစ်ခဲ့ရသူကို ဝက်ပါကြားထဲ ရောက်နေချိန်မှာ ခဏပဲဖြစ်ဖြစ် မြင်ခွင့်ရချင်သည် ။

သည် စိတ်တစ်ခုနှင့်ပင် ငြိမ်းသည် ဆိုင်ကယ်ကယ်ရီ ကောင်လေးကို ဖုန်းဆက်ခေါ်ကာ တည်းခိုခန်းက ခွာလာပေသည် ။

"တာရာရှေ့က ဖြတ်မောင်းပေး၊ အဲဒီရှေ့ရောက်ရင် ဖြည်းဖြည်းမောင်းပေးနော်"

ကယ်ရီကောင်လေးသည် ဟိုတစ်နေ့ကလိုပင် တာရာခြံထဲလည်း မဝင်ပါပဲ အဖြတ်နိုင်းပြန်သူမို့ အံ့အားသင့်ဟန်ရှိသည် ။ သို့သော် ဘာမှ မမေးပါ။ ဆိုင်ကယ်ကို မနှေး မမြန်မောင်းလာသည် ။ လမ်းအချို့ ဖြတ်သည် ။ တာရာရှိသောလမ်းသွယ်ပေါ် ရောက်သည် ။ တာရာနှင့် နီးလေလေ ဆိုင်ကယ်အရှိန်က နှေးလေလေ။

ငြိမ်းသည် ဆိုင်ကယ်ဦးထုပ်က လေကာမှန်ကို စိုက်စိုက်ချကာ အိမ်ဘက်ဆီ ငေးနေသည် ။ ပျဉ်းမပန်းတို့ သည် စိမ်းသော သစ်ရွက်များအကြား ခိုကာ ညနေ နေခြည်ဝယ် ငြိမ်၍ နေ၏။

စာရွက်သံ ဆိတ်ခဲ့ပြီ။ ဝရန်တာမှာ တော့ အဝတ်အချို့ လှန်းထားပုံ။ လှေကားနှင့် ကပ်လျက်အခန်းက ခန်းဆီးကလေး လွင့်နေပုံ။

ဟော .. ငြိမ်းသည် မှန်ကွယ်နေတာကိုပင်

မမသက် ... မမသက်ရယ်လေ။

မမသက်နှင့် မကြည်ပြာသည် ဝရန်တာတွင် ထိုင်ကာ လမ်းဘက်ဆီ ငေးကာ စကားဆို နေကြပါသည် ။ သစ်သားကွက် ဝရန်တာမှ သူတို့ ကို ငြိမ်း ရှင်းရှင်းလင်းလင်းတော့ မမြင်ရပါ။ သို့သော် သူတို့ ဘက်က အမြင်မှာ တော့ လမ်းကို ရှင်းရှင်း တွေ့ရလိမ့်မည်။

ငြိမ်းသည် ဆိုင်ကယ် ရှိရာဆီ နှစ်ဦးစလုံး လှမ်းကြည့်သည် ထင်လိုက်ကာ မလုံစိတ် ဝင်သည် ။ သို့သော် အိမ်ကို လွန်ပြီမို့ ပင့်သက်ချမိသည် ။ 'ပြန်မပတ်နဲ့ တော့၊ ရွှေစရာပဲ ပြန်ပို့ပေး' ဆိုရသည် ။ ပြန်တော့မည်လေ .....။ သည် မျှနှင့်သာ ကျေနပ်ပြီ။ မြင်လိုသူကိုမြင်ခဲ့ရပြီ ။ အင်း .... မမြင်လိုသူကိုလည်း မြင်ခဲ့ရပြီ။

ကယ်ကို ရပ်ခိုင်းလိုက်သည် ။ စတိုးဆိုင်ဝင်၍ တိုလီမုတ်စအချို့ ဝယ်ရသည် ။ ပလတ်စတစ်အိတ်ကို လက်က ကိုင်ဆွဲကာ လမ်းဖြတ်ကူးရန် ပြင်လိုက်သော ငြိမ်းသည် ထိုခဏအတွင်း အဖြစ်အပျက်များ မြန်ဆန်လှ၍ အသေးစိတ် မမှတ်မိပြီ။

ဆိုင်ကယ်သံ ကျယ်ကျယ်လောင်လောင်ကို အနီးကပ်လို ကြားလိုက်ရတာ သိသည် ။ 'အမေ့' ဟု အာမေဍိတ်သံနှင့်အတူ အနောက်ဘက်ဆီယိမ်းကာ ရှောင်လိုက်မိတာ သိသည် ။ နောက်တော့ ဗတ်ဝန်းကျင်က ဟာခနဲ အသံများ ။စက္ကန့်ပိုင်းမျှ အသိလွတ်သွားသလို ထင်လိုက်သည် ။

လွင့်သော စိတ်က ခန္ဓာသို့ ပြန်ကပ်လျှင်

တော့ လမ်းဘေးမှာ ခွေခေါက်လဲနေတာသာ သိတော့သည် ။ လက်ဖက်ရည်ဆိုင်ထဲက အချို့ ထွက်လာကာ ထူဖို့ ကြိုးစားကြသည် ။ မြင်လိုက်ပုံရသော ဝန်ထမ်းတစ်ဦး၊ နှစ်ဦးပြေးလာတာ မြင်သည် ။ သူတို့ အကူအညီနှင့်ပင် တည်းခိုခန်းဆီ ပြန်ရောက်သည် ။

ထို့နောက် ထို့နောက်မှာ တော့ ငြိမ်း၏ ခြေချင်းဝတ်မှာ ပတ်တီးဖြူတစ်စ ရောက်ခဲ့ပြီ။

ဆေးခန်းက စိတ်ပူစရာ မရှိပါ ပြောလိုက်သော်လည်း မသဏ္ဍာခိုင်မှာ တော့ စိတ်မအေးနိုင်ချေ။ ကာယကံရှင်ထက် ပူနေရှာသည် ။

"ဘယ်နည်းနဲ့ မှ သွေးရိုးသားရိုး မဖြစ်နိုင်ဘူး"

ဟု နှုတ်က တဖွဖွ ရွတ်နေပေသည် ။

"ငြိမ်း အဲဒီဆိုင်ကယ်သမားကို မြင်ပုံရဲ့လား"

"မမြင်ဘူး အစ်မရဲ့ ၊ အသံအကျယ်ကြီး ရုတ်တရက် ကပ်လာတာပဲ သိလိုက်တယ်"

ငြိမ်းသည် ပူပန်တတ်သူကို စကားကုန်မပြောလိုပေ။

"အဝေးတုန်းက ဖြည်းဖြည်း မောင်းလာသလားလို့ ၊ ကလေးမလေး အနားရောက်မှ အရှိန်တင်လိုက်သလိုပဲ၊ ဒါပေမဲ့ တိုက်မိအောင် လုပ်တာလည်း မဟုတ်ဘူး ၊ လူကိုလည်း မမှတ်မိလိုက်ဘူးပ၊ ဆိုင်ကယ်ဦးထုပ်ကို လုံအောင်ဆောင်းထားတာရော အရှိန်မြန်တာရော"

ဟု အမျိုးသားကြီးတစ်ဦးက ဆိုခဲ့ပုံကို ဝမ်းထဲမှာ သာ သိရလေသည် ။

တိုက်မိအောင် လုပ်တာမဟုတ် ဆိုသော စကားကိုတော့ ငြိမ်း ယုံပါသည် ။ တိုက်ချင်ရင် အလွယ်ပေးပါပဲ။ လန့်စေချင်ရုံသက်သက် ဖြစ်လိမ့်မည်။ ရည်ရွယ်သူဆန္ဒ ပြည့်တယ်ပဲ ဆိုရမလို ငြိမ်း ထိတ်လန့်ခဲ့ပါရဲ့ ။ မသန္တာခိုင်ရောက်မလာခင် အခန်းထဲ တစ်ယောက်တည်း ရှိနေချိန်မှာ ပြောမပြတတ်အောင် အားငယ်လိုက်ပါရဲ့ ။

အမှုနောက် စလိုက်ပါပြီ ဆိုကတည်းက ပထမတစ်ကြိမ် သတိပေးစာ ရောက်လာသည် ။ ခု ဒုတိယတစ်ကြိမ်ကတော့ ဆိုင်ကယ်နှင့် တိုက်တော့မလို အခြောက်အလှန့် ခံရသည် ။ မထိတ် ဘယ်သူ ရှိပါ့မလဲ ....။

သို့သော် သွေးအေးအေး ရှိချိန် တစ်ခုချင်း ပြန်တွေးလျှင်တော့ ခံစားချက်သည် ပြောင်းပြန်ဖြစ်စ ပြုလာသည် ။

သည့် ကနေ့ ချောင်းကွေ့ရွာခရီးစဉ်မှာ ဒေ၊ လုကြိုင်ထံက ရလာသည့် အဆိုးရွားဆုံး သက်သေထွက်ချက်များ သည် ငြိမ်းအား မျှော်လင့်ချက်မရှိတော့သော တွင်းနက်ထဲ တွန်းချလိုက်သလို ရှိခဲ့သည် ။ တရားခံ ဆိုသော ဂုဏ်ပုဒ်နှင့် အဖေ့အား တစ်သက်တာ မခွဲခြားနိုင်တော့မည့် ပမာ ရှိခဲ့သည် ။

သံသယအကျိုးဆိုသော စကားလုံးကိုသာ ရေနစ်သူ ကောက်ရိုးမျှင် ဆွဲလွဲသည့်ပမာ ပိုင်ပိုင်ဆုပ်ရင်း ကိုယ့်ကိုယ်ကိုယ် အားပေးရင်း မြို့သာယာအရောက် ပြန်လာခဲ့ရသည် ။ နောက်တစ်နေ့ အစီအစဉ်ကိုပင် မသန္တာခိုင်အား မပြောလိုက်နိုင်။ဘယ်ရွာ ထပ်သွား ထပ်သွား ထူးတော့မည် မဟုတ်။ ငြိမ်းမှာ ငြင်းချက်ထုတ်စရာ တစ်ချက်တလေပင် မရှိပြီ။

သည် လိုလို မကြည်ပြာနှင့် မတွေ့ပါဘဲ ရန်ကုန် ပြန်ရတော့မလား။ သူတို့ ဘက်က စွပ်စွဲခဲ့သမျှ တစ်သက်လုံး ခေါင်းမဖော်သာဘဲ လည်စင်းခံရတော့မလား။ အတွေးများ စွာ ကိုယ့်ကိုယ်ကိုယ် ပြန်မေးသော မေးခွန်းများ စွာနှင့် တွေဝေငေးမောရင်းက လမ်းကူးစဥ်မှာ အန္တာရယ်နှင့် ထိပ်တိုက်ဆုံခဲ့ခြင်း။

"ငြိမ်းမှာ သက်သေဆိုလို့ ဒါတွေပဲ ရှိပါတော့တယ် မခိုင်ရယ်"

ဟု ဟာသ မဟုတ်သည် ကို နာကျင်စွာ ရယ်မောရသည်။ အိမ်မှာ တည်းခိုဖို့ ရာ ငြိမ်းကို ခေါ်ငင်မရ၍ နောက်ဆံငင်လျက်ကပင် အိမ်ပြန်ရန်ပြင်သည့် မသန္တာခိုင်ကတော့ ပြောနေကျလို "ကြံကြံဖန်ဖန် ငြိမ်းရယ်" တဲ့ ။

ပူပန်သော မျက်နှာကို တံခါးချပ်လေး မစေ့မီ နောက်ဆုံးစက္ကန့်မှာ ပင် မြင်လိုက်ရသည် ။ ကြံကြံဖန်ဖန် မဟုတ်ပါဘူး မခိုင်ရယ် .....။ ငြိမ်းစိတ်ထဲ ဒီလိုပဲ တွေးတော့တယ် .....။

မြင်သာယာ ခရီးစဥ်တစ်လျှောက် အမောကြီးမောရသမျှ ခြမ်းခြောက်သူရှိသည် ဆိုသော အချက်တစ်ခုသာ ငြိမ်းအတွက် စိတ်ဖြေရာ၊ အဖေ့အတွက် ကူကယ်ရာ။

သမီးလုပ်သူမှာ တော့ ဖအေ့အတွက် အတိတ်ဆီ အပြေးလိုက်နေရသည် ။ အမောတကော လိုက်နေရသည် ။ ချောက်ထဲ လိမ့်ကျလျှင်ပင် အားတင်းကာ တစ်ဖန် ပြန်တက်ရသည် ။ ဆူးခြစ်ရာ၊ အပ်ရာတို့ နှင့် နှလုံးသည်းပွတ်မှာ ပင် သွေးစိမ်းရှင်ရှင် ကျခဲ့ဖူးပြီ။

သို့သော် အဖေသည် ငြိမ်း လုပ်နေသမျှကို

နားမလည်။ 'ပြန်လာခဲ့' ဆိုသော စကားတစ်ခွ န်းကို ဖုန်းဆက်လာစဉ်မှာ အထပ်ထပ် ပြောခဲ့ ပေသည်။

"အဖေ့ကံနဲ့ အဖေ ရှိပေ့စေ သမီး၊ ဘာလုပ် ဖို့ ဒါတွေ လိုက်စုံစမ်းနေမလဲ၊ အခုမှ လိုက်စုံစ မ်းတော့ ဘာထူးမလဲ၊ အကုန်ထားခဲ့တော့၊ မန က်ဖြန် ရတဲ့ ကားနဲ့ ပြန်လာခဲ့၊ ချက်ချင်း ပြန် လာခဲ့"

ငြိမ်းသည် ခုတင် ခေါင်းရင်းတွင် ခေါင်းအုံး ထောင်၍ ခပ်လျှောလျှော မှီကာ ညာဘက်ခြေ ထောက်ကို နေရာရွှေ့ရန် ကြိုးစားနေရာက အ ဖေ့စကားသံကို ငြိမ်လျက် နားစိုက်နေသည်။ မျက်နှာကို မမြင်ရစေကာမူ စိတ်မကောင်းခြင်း က ဒေါသကို ဖုံးလွှမ်းထားကြောင်း ငြိမ်း ခံစား သိနေသည်။

ဒေါ်လှကြိုင်ထံက ဖုန်းရစဉ်မှာ အမေသည် အငိုက်မိ လဲပြိုခဲ့လိမ့်မည်။ သူ့ကို မလိမ်ညာဖူး သော သမီးသည် လိမ်မယ့်လိမ်တော့လည်း အကြီးကျယ် ဆုံးသော လိမ်ညာခြင်းကိုမှ ပြုခဲ့ပြီ တွေးလေမလား။ ဒေါသလည်း ထွက်ခဲ့ လိမ့်မည် အခန်းထဲ၊ သို့မဟုတ် ဧည့်ခန်းထဲ ဆောက်တည်ရာမရသလို လှည့်ပတ်နေလိမ့်မ ည်။ နောက်တော့ ဒေါသရောင်ရင့်ရင့်ကို စိတ် မကောင်းခြင်းက အုပ်မိုးလိမ့်မည်။ သည် အချိ န်မှာ ဖုန်းခေါ်တာ ဖြစ်ပါလိမ့်မည်။

အဖေ့အသံသည် ငြိမ်းတစ်သက်တာ ကြား ဖူးသမျှထဲ အားအင် အနည်းပါးဆုံး အသံပါပဲ။ ပူပန်ခြင်း အရိပ်လည်း ပါသည်။ ဝမ်းနည်းခြင်း အရိပ်လည်း ပါသည်။

သည် အသံကို ကြားတော့လည်း စောစော

ကာ ကြုံရသော အန္တရာယ်မျိုး မပြောနှင့်၊ ဘယ်အရာကိုမျှ မမှတ်တော့သလို ငြိမ်း၍ ကာကွယ်လိုစိတ် ဝင်လာရပါသည်။

"သမီး တစ်ရက်၊ နှစ်ရက် နေဦးမယ် အဖေ"

"မနေ့ ပြန်လာခဲ့လို့ အဖေ ပြောနေတယ်"

"ဟင့်အင်း ၊ ရောက်လက်စနဲ့ ခဏနေဦးမယ် ပြီးတော့ .... ပြီးတော့ ကိစ္စတွေလည်း ပြီးတော့မှာ ပဲဟာ"

"ကိစ္စတွေ ...."

အဖေသည် ငြိမ်း၏ စကားကို သံယောင်လိုက်ကာ ခဏမျှ ငြိမ်နေပါသည်။ ပြီးမှ ....

"ကိစ္စတွေဆိုတာ ဘာကို ပြောတာလဲ"

"သမီး သစ်စုရွာလည်း ရောက်တယ် အဖေ၊ ဟိုဘက်က သက်သေတွေနဲ့ သမီးသွားတွေ့တာ၊ ပြီးတော့ ဒေါ်လှကြိုင်နဲ့ လည်း တွေ့ခဲ့တာ အဖေ သိသားပဲ၊ သမီး လိုချင်တဲ့ အချက်အလက်တွေ စုနေတာ၊ ရရင် ... ရပြီဆိုရင် မကြည်ပြာနဲ့ သွားတွေ့မယ်၊ အဖေ့ကို သူ့အဖေကိုယ်စား တောင်းပန်ခိုင်းမယ်၊ ရွာမှာ ပြောပြောနေကြတဲ့ သူတွေကို ရှင်းခိုင်းမယ်၊ ဒါပဲ သမီးလုပ်ချင်တာ"

"ဟာ" ဟု စိတ်မရှည်ပုံပြသော အသံကို ကြားရသည်။ နောက်တော့ သက်ပြင်းရှိုက်သံ သဲ့သဲ့။

"ဘာလုပ်ဖို့ ဒါတွေ လုပ်နေမလဲ၊ မလိုဘူး သမီး ၊ ပြောပြီးပြီ မဟုတ်လား အဖေ့ကံပဲ"

"ကံဆိုပြီး ပုံချထားလို့ ရမလား အဖေရယ်၊ အရင်က သမီးမသိခဲ့ဘူး အခု သမီး သိပြီ၊ ဒီကိ

စွက တအုံနွေးနွေးနဲ့ နှစ် ဘယ်လောက်ကြာကြာ ပြီးမှာ မဟုတ်ဘူး ၊ အဖေက ကံဆိုပေမယ့် သမီးက ဒီအတိုင်း မထားနိုင်ဘူး၊ ရှင်းကို ရှင်းရမယ့် ကိစ္စမို့ ရှင်းရမှာ ပဲ"

မျက်နှာချင်းဆိုင် တွေ့ရတာ မဟုတ်တော့လည်း ပြောဖွယ်ရှိသော စကားတို့ သည် ငြိမ်း၏ နှုတ်မှ တစိမ့်စိမ့် ကျလာပေသည် ။ မျက်နှာမြင်ရလျှင် သည် မျှ ပြောထွက်မှာ မဟုတ်ပါ။ အထူးသဖြင့် စူးစိုက်သော မျက်လုံးအစုံနှင့် အဖေ ကြည့်လာလျှင် ထိတ်စိတ်နှင့် ခြေဖျား လက်ဖျား အေးစက်မြ အေးစက်လျက် စကားတို့ ပျောက်ဆုံးရလိမ့်မည်။

ခုတော့ဖြင့် ကိုယ်တိုင်ပင် မယုံနိုင်လောက်သော ရဲစိတ်သည် ငြိမ်းအား ရစ်ပတ်လျက် ရှိလေသည် ။ အဖေ ဘယ်လို ပြောသည် ဖြစ်စေ၊ ငြိမ်း နောက်ဆုတ်မည် မဟုတ်။ ပြန်သင့်ပြီ ယ်တိုင် ယူဆသော အချိန်မှ သာ လှည့်ပြန်ရပါလိမ့်မည်။

"အဖေ ပြောမယ် သမီး၊ အယူခံမှာ အဖေ နိုင်တယ်၊ မှားယွင်းမှုလို့ သတ်မှတ်တယ် ဆိုကတည်းက အမှုက ပြီးနေပြီ၊ အဖေ တရားခံ မဟုတ်ဘူး လို့ တရားရုံးက သိက္ခာဆယ်ပေးလိုက်ပြီ၊ ကျန်တာ ဘာမှ လုပ်ဖို့ မလိုတော့ဘူး"

"ဒါပေမဲ့ ခရိုင်ရုံးက စီရင်ချက်ကို လူတွေ ခုထိမှ မမေ့ကြသေးဘဲ အဖေရဲ့ ၊ တရားရုံးက ဆုံးဖြတ်တိုင်း မှန်တယ်လို့ ယုံကြည်လို့ ရတဲ့ ခေတ်မှာ ဒီအမှု ဖြစ်ခဲ့တာမှ မဟုတ်တာ၊ အဲဒီလို ယုံကြည်ရတဲ့ ခေတ် ဆိုလို့ ကတော့ အခုလို ရှင်းဖို့ သမီး ကြိုးစားနေစရာတောင် မလိုဘူး၊ ဒီလိုဒီလို စီရင်ချက်ချတယ် ဆိုရင် လူတွေက

ဒါမှန်လို့ပဲလို့ ယုံကြမှာ ပါ၊ အခုကျတော့.... အခုကျတော့ ခုချိန်အထိ ဒီအမှုအကြောင်း ပြောရင် အဖေ့ကိုပဲ တရားခံလို့ မြင်နေကြတုန်းပဲ မဟုတ်လား၊ အယူခံမှာ အဖေ နိုင်တယ် ဆိုတာတောင် လူတွေက အသိအမှတ်ပြုလို့ လား"

"အသိအမှတ်ပြုချင်ပြု၊ မပြုချင်နေ အဖေ ဂရုမစိုက်ဘူး သမီး"

"ဒါပေမဲ့ သမီးကတော့ ဂရုစိုက်တယ်၊ အဖေက အဖေ့ဂုဏ်သိက္ခာ၊ အဖေ့နာမည်ကို ပြန်ဆယ်ခွင့်ရှိတယ်၊ အဖေ ပြန်မဆယ်ရင်လည်း သမီး ရအောင် ပြန်ဆယ်ရမယ်၊ မကြည်ပြာတို့ဘက်က မှားခဲ့ပါတယ် ဆိုပြီး တောင်းပန်လာအောင် သမီး ကြိုးစားရမှာ ပဲ၊ ကြိုးစားမှာ ပဲ"

"သမီး ..."

အဖေ့အသံသည် ဒေါသရိပ်လွှမ်းကာ တုန်ယင်လျက်။

"အဖေ့ လူ့လောကမှာ အနှစ် ခြောက်ဆယ်ကျော် နေခဲ့ပြီးပြီ၊ အလွန်ဆုံး နေရရင် နောက်ဆယ်နှစ်၊ ဆယ့်ငါးနှစ်ပဲ ဒါလည်း သိပ်သေချာတာ မဟုတ်ဘူး ၊ အေး .... မနက်ဖြန် သန်ဘက်ခါလည်း လူဆိုတာ သေချင် သေသွားမှာ ပဲ၊ သမီးပြောတဲ့ ဂုဏ်သိက္ခာတွေ၊ နာမည်တွေ ဘာသွားလုပ်ရမလဲ၊ အဖေ ဘာလို့ မက်မောနေရမလဲ၊ အဖေ့ သားသမီးတွေ လူပြောသူပြောနဲ့ ဂုဏ်ငယ်မလား ဆိုတာကလွဲပြီး ဒီအမှုကြောင့်လူတွေ အဖေ့ကို ဘယ်လို ထင်မလဲ၊ ဘယ်လို ပြောမလဲ အဖေ မတွေးဘူး"

"အဖေ မတွေးလည်း သမီးတွေးတယ် သေသွားရင် ... သေသွားရင်တောင် အဖေ့နာမည်

ဟာ ဒီလို နာမည်ဆိုးနဲ့ မကျန်စေရဘူး အဖေ"

"ဒီမှာ သမီး၊ ဒီကိစ္စဟာ အဖေ့ကိစ္စပဲ၊အဖေ့ကို စွပ်စွဲခဲ့ကြတာပဲ သမီးနဲ့ မဆိုင်ဘူးထားလိုက်တော့"

"ဒီအမှုဟာ အဖေတစ်ယောက်တည်း စွပ်စွဲခံခဲ့ရတာ ဆိုပေမယ့် တစ်မိသားစုလုံးနဲ့ ဆိုင်တယ်၊ သမီးနဲ့ လည်း ဆိုင်တယ် အဖေ၊ မိသားစု ဆိုတာ ဆိုးလည်း အတူ ကောင်းလည်း အတူတူဆို၊ အဖေ့ဆီက ကောင်းတာတွေပဲ အကုန်သမီး ယူလို့ ဖြစ်မလား၊ အဖေ သိက္ခာကျခဲ့ဖူးတယ် ဆိုရင် အဲဒါ သမီးသိက္ခာလည်း ဟုတ်တယ်။ အဖေ နာမည်ပျက်ခဲ့ဖူးရင် အဲဒါ သမီးနာမည်ပဲ၊ အဖေ့ကို စွပ်စွဲတယ် ဆိုတာလည်း သမီးနဲ့ ဆိုင်တယ်"

"မငြိမ်း ..."

ငြိမ်းသည် နှုတ်ခမ်းကို ပြုတ်လုမတတ် ကိုက်ထားမိသည် ။ ဝမ်းနည်းလှသည် ။ သူ့ဘက်က သည် လောက် ပြောပြတာတောင် အဖေ လက်မခံ၊ နားမလည်ဘဲ ဒေါသနှင့် အော်လိုက်တာကို ဝမ်းနည်းလှပါသည် ။

"ငါ ထပ်ပြောမယ်၊ အားလုံး ထားခဲ့တော့၊ ပြန်လာခဲ့တော့၊ ငါ့ဟာငါ နေရင် ဘာမှ မဖြစ်ဘူး၊ နင် လုပ်လိုက်မှ အားလုံး ပိုဆိုးကုန်မယ်။ မြန်မြန် ပြန်ခဲ့ မိငြိမ်း"

ဒေါသတွင် အမောပါ ဆင့်လိုက်သံကြောင့် ငြိမ်း ဆတ်ခနဲ ဖြစ်သွားသည် ။ ရင်၌ ခိုသည့် ဝမ်းနည်းစိတ်ကို ထိတ်လန့်စိတ်က ဖုံးလွှမ်းလိုက်ပါသည် ။ စိတ်အတက်အကျ မဟုတ်လား။ ဒါကိုငြိမ်း ဘာကြောင့်များ မေ့လျော့ခဲ့ပါလိမ့်။ ဘာကြောင့် အတိုက်အခံ စကားဆိုမိပါလိမ့်။

ခုနေ ဒေါသထွက်လေလေ ထိုဒေါသကပ အဖေကျန်းမာရေးကို ထိခိုက်လေလေ ဖြစ်ရလိမ့်မည်။

ဘုရာ ....။ အဖေ ဘာမှ မဖြစ်ပါစေနဲ့ ။

လက်မလျှော့ ၊ လှည့်မပြန် ဆိုသော ရည်ရွယ်ချက်ကို တင်းတင်းဆုပ်လိုသော်လည်း ခြေတစ်လှမ်းမျှ ပြန်ဆုပ်ရမည်။ ငြိမ်းသည် ပင့်သက်ခိုးရှိုက်ကာ လေသံကို အတတ်နိုင်ဆုံး ပျော့ပျောင်းစေရန် ကြိုးစားလိုက်ပါသည်

"အဖေ သမီး ပြောပြမယ် ၊ သမီးပြန်လာမယ်၊ တစ်ရက်၊ နှစ်ရက်ပဲ ထပ်နေမယ်၊ ဘယ်မှ ထပ်သွားဘူး ကတိပေးတယ်၊ မကြည်ပြာနဲ့လည်း တွေ့ဖို့ မကြိုးစားဘူး လုပ်ခဲ့သမျှ အားလုံး ရပ်လိုက်မယ်လို့ ကတိပေးတယ်၊ ဒါပေမဲ့ သမီး ချက်ချင်း ပြန်လာလို့ မရဘူး၊ ဒီနေ့ညနေ ပ သမီး ခြေခေါက်လဲထားတယ်၊ စောစောတုန်းက အဖေ စိတ်ပူမှာ စိုးလို့ မပြောတာ၊ အဲဒါ ဆေးစည်းထားရလို့ မနားလို့ မဖြစ်ဘူးလေ"

"ဟင် " ဟု အဖေ ဆိုလိုက်သည် ။ တိုးတိမ်တုန်ခိုက်စွာ။

"ဘယ်လို ဖြစ်ရတာလဲ သမီး၊ ခြေထောက်က တော်တော်ထိသွားတာလား"

ခုလို ကျပြန်တော့လည်း အဖေသည် စောစောက အဖြစ်အပျက်နှင့် ဒေါသစိတ်ဟူသမျှကို မေ့လျော့သလို သမီးအတွက် ပူပန်သော ဖခင်တစ်ယောက်၏ လေသံအစစ်သာ ထွက်ကျလာခဲ့ပြီ။ မိုင်ရာချီ ဝေးကွာသော အရပ်က ချစ်ခြင်းမေတ္တာသည် လေလှိုင်းဝယ် တငြိမ့်ငြိမ့် ခိုကာ ငြိမ်းထံပါးသို့ သိမ်သိမ်မွေ့မွေ့ ထိတွေ့တိုးကပ်

သည် ။ ကြည်နူးစိတ်နှင့်ပြုံးရလေသည် ။

***

"ငြိမ်း ပြောတော့ ဘယ်မှ မသွားတော့ဘူး၊ တစ်ရက်၊ နှစ်ရက်နားပြီး ပြန်တော့မယ်ဆို အကုန်လွှတ်ချလိုက်ပြီဆို၊ အခု ဘယ်လိုဖြစ်ရတာတုံး"

ငြိမ်းသည် အနာရှိန် ကျန်ရစ်နေဆဲ ခြေတစ်ဖက်ကြောင့် မသန္တာခိုင်ကို အားပြုကာ ဆိုင်ကယ်အနီးသို့ ဆုတ်ဆိုင်းဆိုင်း လျှောက်ရင်းက ကိုမိုးညဏ်ကို ငဲ့ကြည့်လိုက်ပါသည် ။

ကိုမိုးညဏ်သည် ဘယ်လိုပြောပြော လက်မလျှော့ဘဲ ငြိမ်း၏ အိတ်ကိုပါ သူ့အိတ်နှင့်အတူ လွယ်လာတာမို့ အိတ်အရှည်နှစ်လုံး ယိမ်းကာ ရှုပ်သယောင် ရှိနေသည် ။ တစ်ခု တော်သေးတာက ငြိမ်း၏ အိတ်မှာ မိန်းမ မဆန်။ နို့မို့ဖြင့် သည့်ထက် ရယ်စရာ ဖြစ်ရလိမ့်မည်။

"ဟာ မေးနေတာ မဖြေဘူး၊ ဘာပြုံးရပြန်တာတုံး"

"အိတ်နှစ်လုံး လွယ်ထားတာ ရယ်ချင်လို့ "

မသန္တာခိုင်က ခုမှ ပင် ငဲ့ကြည့်ကာ တခိခိ ရယ်ပါသည် ။ သည် နံနက်တော့ ကိုမိုးညဏ် ရောက် လာပြီမို့ သစ်စုရွာဆီ အသွားခရီးမှ လူ တစ်ဦး ပို လာပြီ။ သူသည် မြင်းသာယာကို ငြိမ်းတုန်းကလို နံနက်စောစောပင် ရောက်လာသည် ။ အကြိုထောက်သော ကိုနိုင်ဦးနှင့်အတူ သူတို့ အိမ်သို့ လိုက်တည်းကာ နံနက်စာစားမည့်အချိန် ၊ ငြိမ်း နိုးလောက်မည့် အချိန်မှ သာ မသန္တာခိုင်နှင့်အတူ ဆိုက်ကယ်တစ်စီးစီးနှင့်

ရောက်လာကြလေသည် ။

တွေ့လျှင် တွေ့ချင်း ငြိမ်း၏ ခြေအနာကို သာ တဖွဖွပူပင်မဆုံးသူ။ နားပါမည်ဆိုသော စကားကို ထောက်ခံခဲ့သူ။ ခုတော့ သစ်စု သွားပြန်ဦးမည် ငြိမ်း ဆိုသည့်အခါ ကျေနပ်ပုံ မရချေ။

"အေးပါဗျာ ရယ်ကြပေါ့၊ ကျွန်တော့်မှာ ဖြင့် လမ်းလျှောက်ရတာ နည်းနည်းလေးပဲ ဖြစ်ဖြစ် အဆင်ပြေပါစေတော့လို့ စဉ်းစားပေးရတာ"

"ဟာ သိပါတယ် ၊ သက်သက်နှောက်နေတာကို"

ငြိမ်းသည် ရယ်သံနှင့်ပင် ရောနှောဆိုကာ ဆိုင်ကယ်အနီး ရောက်ပြီမို့ ရပ်လိုက်သည် ။ မသန္တာခိုင်၏ လက်တစ်ဖက်ကိုတော့ ထိန်းသည့် အနေနှင့် ကိုင်မြဲ ကိုင်ထားပါသည် ။

"ကျွန်တော် မေးတာ ဖြေဦးလေ ငြိမ်းရေ၊ စောစောက ပြောတော့ နားမလို့ ဆို"

ကိုမိုးဉာဏ်သည် ဆိုင်ကယ်သော့ဖွင့်ကာ ဝင်ထိုင်ရင်းက စောစောက တန့်သွားသော စကားကို အရပ်မခံဘဲ ဆက်ရန်ပြင်သည် ။ တစ်ညလုံး ကားပေါ်မျာ ကောင်းကောင်း မွန်မွန် အိပ်စက်ခဲ့ရပုံပါပဲ။ သူ့အသွင်မှာ လန်းဆတ်နေပါသည် ။ ငြိမ်းဆီ လိုက်လာဖို့ ရာ ခွင့်ယူပါသတဲ့ ။ သို့သော် အဆင်ပြေချင်တော့လည်း မြစ်ကြီးနား သွားရမည့်ကိစ္စပါ ဝင်နိုးဦးဦးက ခိုင်းလေတာမို့ အလုပ်ကိစ္စနှင့် လာသောခရီးပမာ သန်ဘက်ခါဆိုလျှင် သ ခရီးဆက်ရမည်။

ငြိမ်းနှင့် သူသည် တစ်မြို့တည်းမှ သည် တစ်ရက်တည်းမှာ ပင် ခရီးစရလိမ့်မည်။ သူက တော့ မြစ်ကြီးနားဆီ။ ငြိမ်းကမူ ရန်ကုန်ဆီ၊ အ

ဖေ့ဆို။

တကယ့် တကယ်တော့ နားမည်၊ ပြီးတော့ ပြန်မည်ဆိုတာ အလိမ်အညာ စကား မဟုတ်ပါ။ ငြိမ်းဘက်က မဖြစ်မနေ ဆက်လိုက်ချင်သော နောက်ကြောင်းပေမယ့် အဖေသိချိန်။ အဖေ့စိတ်ကို ထိခိုက်ချိန်မှာ တော့ ရပ်ဖို့ အရေး မဖြစ်မနေ ဆုံးဖြတ်ခဲ့ရပြီ။

ရှင်သန်နေရသော ဘဝမှာ သိက္ခာသည် အရေးကြီးပါရဲ့ ။ အဖေ့ အတွက် ကူကယ်ရာလည်း ဖြစ်စေချင်ပါရဲ့ ။ ညောင်ပင်သာဆီ တစ်နေ့နေ့မှာ အဖေနှင့်သမီး လိပ်ပြာသန့်စွာ၊ စိတ်လက်ချမ်းသာစွာ တစ်ခေါက် တစ်ခါ အတူ ရောက်လာချင်သားပဲ။ မွေးရပ်မြေဆီ အဖေ့ကို ပြန်စေချင်သလို ငြိမ်းလည်း ပြန်ချင်သားပဲ။

သို့သော် အဖေ့ကို ထိရှနာကျင်စေမည့် ဆိုတာလောက ဘယ်ဆန္ဒကမှ အရေးမကြီးပြီ။ ခေါင်းမာတတ်သော ငြိမ်းမှာ အရေးကြုံတော့လည်း ခေါင်းမမာနိုင်ပြီ။

ရန်ကုန်မှာ ငြိမ်း ကျင်လည်ရသမျှ အသိုင်းအဝိုင်းတစ်ခုလုံး သိသွားလည်း ရှိပါစေ။ အဖေပြောသလို ကံပါပဲ တွေးရတော့မည်။ ရောက်ရာအရပ်က လှည့်ပြန်ရမည်။ အခန်းထဲ ဟိုဟိုသည် သည် အကြည့်ရွေ့ကာ မအားလပ်တိုင်း ဖွမိသယောင် ဖြစ်ခဲ့ရသော ပစ္စည်းများအား ဖြည်းဖြည်းချင်း သိမ်းဖို့ ပင် စိတ်ကူးလိုက်သေးသည် ။ ကားလက်မှတ် ဝယ်မှ ပဲ တွေးလိုက်ပါသေးသည် ။

သို့သော် ကံဇာတ်ဆရာသည် ငြိမ်းအား သည် မျှနှင့်ပင် ကားလိပ်တင်ခွင့်ပေးလိုပုံ မရချေ။

"ဟုတ်ပါတယ်၊ ဒါပေမဲ့ အခုက မသွားလို့

မဖြစ်လို့ မခိုင်ကိုတော့ ခုနကပဲ ပြောပြပြီးပြီ၊ ငြိမ်းဆီ ခုနလေးတင်ကပဲ ဆရာဦးဖေအောင် ဖုန်းဆက်တယ်၊ ဦးဖေအောင်ဆိုတာ ကိုမိုးညက်ကို ပြောပြဖူးသားပဲ၊ ကလေးအလောင်းတွေ့တဲ့ သူ ဆိုတာ"

သူက ဆတ်ခနဲ ခေါင်းညိတ်လိုက်ပါသည် ။ မသန္တာခိုင်ကို ပြောပြသည့်နေ့က သူ့ကိုလည်း အလုံးစုံ ဖွင့်ဟခဲ့ပြီမို့ ထူး၍ ကွယ်ဝှက်စရာ မလိုပြီ။

"ဆရာ ဦးဖေအောင်က သက်သေတစ်ယောက်နဲ့ တွေ့ပေးချင်လို့ တဲ့ "

"ငြိမ်းပြောတော့ သက်သေတွေ အကုန်တွေ့ပြီးပြီဆို"

"တွေ့ပြီးပြီလေ၊ ဒီတစ်ယောက်က.."

ငြိမ်းသည် ဦးဖေအောင် ပြောခဲ့သော စကားတို့ ကို ပြန်တွေးရသည် ။ ပြောသူကိုယ်တိုင် စိတ်လှုပ်ရှားရသလို နားထောင်သူမှာ တော့ စိတ်လှုပ်ရှားရုံမက အံ့အားသင့် ဝမ်းမြောက်ခဲ့ရသည့် စကားသံသည် အာရုံ၌ ပီပီသသပင် ပေါ်ပေါက်လာပါသည် ။

"ဒီသက်သေက တရားရုံး မလိုက်ခဲ့တဲ့ တစ်ယောက်၊ မလိုက်ရဲခဲ့တဲ့ တစ်ယောက်တဲ့ ကိုမိုးညက်ရဲ့ ၊ ပြီးတော့ ...ပြီးတော့ ကလေးကို သတ်တဲ့ အချိန်က မြင်ခဲ့တဲ့ တစ်ယောက်တဲ့ လေ"

***

## လှုပ်၍ လွင့်သောကမ္ဘာ

တစ်နေ့တုန်းဆီကတော့ စက်ဘီးကလေး လွန်သည့်အခါ သူ့စက်ဘီးကလေး လှမ်းဆွဲလိုက်လျှင် တာရာ့ကို အဖြစ်ဆိုးမှ ကယ်နိုင်လိမ့်မည် ဩမ်း တွေးခဲ့သည် ။ သည် တစ်နေ့ကျပြန်တော့ လှမ်းဆွဲဖို့ နေနေသာသာ အငိုက်မိကြောက်ရွံ့သောစိတ်နှင့်ပင် ထိတ်လန့်တုန်လှုပ်စွာ နှုတ်ဆိတ်နေမိသည် ။

ဩမ်း မြင်ခဲ့သော တောလမ်းကလေးကို သူဖြတ်လာခဲ့လိမ့်မည်။ သတ်မှတ် ချိန်းဆိုထားသော နေရာအရောက်မှာ တော့ စက်ဘီးကို ရပ်လိမ့်မည်။ အသင့်စောင့်နေသူ၏ နောက်က လုကကာ အနည်းငယ် ပုန်ကသော တောသို့ ပင်ခဲ့လိမ့်မည်။ လျှိုတစ်ခု၏ အောက်ခြေနှင့် မလှမ်းမကမ်းမို့ အကာအကွယ် ယူထားသယောင် ရှိနေသောနေရာ၊ လမ်းနှင့် ခပ်လှမ်းလှမ်းမျှ ဝေးကွာသော နေရာ။

ပထမတွင် တာရာသည် ထိုလူတို့ ကို မစိမ်းသက်သည် မို့ ပတ်ဝန်းကျင်ကိုလည်း ထိတ်လန့်ခြင်း အလျှင်းမရှိ။ သူ့စက်ဘီးကလေးကို ရပ်လိုက်သည် ။ ဦးထုပ်ချွတ်သည် ။ ခေါင်းလောင်းလေးကို လက်ကိုင်ကြားထဲ ညှပ်လိုက်သည် ။ နောက်တော့ ပြုံးပြုံးရယ်ရယ် မျက်နှာပေးလေနှင့်ပင် ရေခဲချောင်းပုံးကို ဖွင့်လိုက်ပေသည် ။

စောစောက ရပ်နေသော လူသုံးဦးအနက်က တစ်ဦးသည် လမ်းဘက်ဆီသို့ ရှေးရှု ထွက်

သွားသွားတော့သည် ။ ကျွန်နှစ်ဦး အချင်းချင်း မျက်စပစ်လိုက်ပုံကို မြင်ရသည် ။ တာရာ့မျက်နှာတွင် ခုချိန်အထိ အပြုံးမပျက်။

စက္ကန့်ပိုင်းမျှအတွင်းမှာ ပင် ချိုးကူသံလို အချက်ပေးသံ တစ်ချက် ထွက်ပေါ်သည် ။ လူတစ်ဦးသည် စက်ဘီးအနီးက တာရာ့ကို ဆွဲလွဲကာ ရှေ့သို့ တွန်းလွှတ်တော့သည် ။ ရှေ့မှာ တော့ ဝှက်ထားသော ဝါးရင်းတုတ်ကို အသင့် ကိုင်လိုက်သူ ရှိနေပြီ။ တာရာ့ မျက်နှာတွင် ပထမတော့ အံ့ဩမှု။နောက်တော့ ကြောက်ရွံ့မှုသည် တလိပ်လိပ် တက်လာသော လှိုင်းများ နှယ်။

"ကျွန်တော့်ကို ဘာလုပ်ကြမလို့ လဲ .... ဘာလုပ်ကြမလို့ လဲ"

တာရာသည် လှည့်ပြေးရန် ပြင်လိုက်သည် ။ သို့သော် နောက်ကျခဲ့ပြီ။ ဝါးရင်းတုတ်နှင့် လူသည် ကလေးတစ်ယောက်ကို ရိုက်နေရပြီလားဟု မတွေးတော့သည့်သဖွယ် အားနှင့် တစ်ချက် လွဲရိုက်လိုက်တော့သည် ။ ခွေခနဲ လဲကျသော တာရာ့အော်သံသည် ကြားရသူ၏ အသည်းစိုင်ကို ဆွဲယမ်းလိုက်သည့်ပမာ။ နာကျင်မှုဟူသမျှ စုကာ ရင်မှ ပွင့်ထွက်လာသော အော်သံ။

တာရာရေ ....။ ငြိမ်း၏ ခေါ်သံသည် နှုတ်ဖျားမှ လေသံမျှ တိုးထွက်ကာ ။ချုံနွယ်တစ်ခုကို အကာအကွယ်ယူကာ ပုန်းလိုက်သော အမျိုးသမီး၏ နောက်ကျောတွင် ကပ်ရပ်ကာ မြင်ကွင်းကို ကြောင်ငေးနေသည် ။ ဘုရား ... ဘုရား ။ လုပ်ရက်လိုက်ကြတာ ... ရက်စက်လိုက်ကြတာ။

ဝါးရင်းတုတ်သည် ဆက်၍ ဆက်၍ မြောက်

တကဲသွားသည် ။

"အဖေရေ၊ အမေရေ၊ ကယ်ပါဦး... ကျွန်တော့်ကို ကယ်ပါဦး"

တာရာသည် ပြေးလည်း မပြေးနိုင်။ ထလည်း မထနိုင်။ မြက်ပင်၊ သစ်ရွက်ကြွေတို့ ရောသော မြေပြင်ဝယ် ပြုလဲလူးလိမ့်နေရှာသည် ။ သူ့စိတ်ဝယ် အဝေးကအိမ်ကို အတကြီး တနေ လိမ့်မည်။ ခုနေသာ အဖေ ၊သို့မဟုတ် အမေ ရောက်လာလျှင် သူ့ကို ကယ်နိုင်မှာ ပဲ ထင်နေလိမ့်မည် ။ နာလှပြီ ... နာလှပြီ။ သို့သော် ခဏပါပဲ ...။ အဖေတို့ ...အမေတို့ ရောက်လာတော့မှာ ပါ။ 'အဖေရေ ....အမေရေ' ထပ်ခေါ်သည် ။ တောသည် လေတိုးသံမှ အပ မလှုပ်။ရိုက်နှက်သူ၏ ရယ်သံသာ ကြားရသည် ။ ရက်စက်သော ...သွေးဆာသော မျက်နှာ။

"ကျွန်တော့ကို မလုပ်ကြပါနဲ့ ၊ ကျွန်တော် ကြောက်ပါပြီ ...ကျွန်တော် ကြောက်ပါပြီ"

အဆမတန် နာကျင်လွန်းချိန်မို့ အသည်းထဲက လှိုက်ကာ လှိုက်ကာ ပေါ်လာသလို ငိုသံနှင့် ရောသော နာကျင်သွေးပျက်စဖွယ် တောင်းပန်သံသည် ကလေးထံက ထွက်လာပေသည် ။ထို အသံသည် ငြိမ်း၏ နားစည်မှ သည် နှလုံးသို့ ထုတ်ချင်းပေါက် ဝင်ကာ မွေ့ယမ်းနေသည့်ပမာ နာနာကျင်ကျင် ရှိလှသည် ။ မျက်ရည်ရစ်ဝိုင်းကာ လူက တဆတ်ဆတ် တုန်ယင်လာသည် ။ တော်ပါတော့.... တော်ကြပါတော့။

ထိုလူသည် ဝါးရင်းတုတ်ကို လွှတ်ချသည် ။ အသင့်ချထားပုံရသော ဓားကို ကောက်ယူကာ တာရာ့အပါးသို့ ချဉ်းကပ်လိုက်သည် ။ ရှန်းကန်နေသော တာရာ့ကို အပေါ်စီးက အုပ်မိုးကာ လ

ကဲကို ချုပ်လိုက်သည် ။ 'အလိုလေး' ဟု အမျိုးသမီး၏ အသံသဲ့သဲ့ ထွက်လာသည် ။ ယောင်၍ လှုပ်လှျင် ခြေထောက်က သစ်ရွက်ခြောက်ကို ဖိသည် ။ စောစောက ကလေးကို တွန်းလွှတ်သော လူ သည် ဘက်သို့ အကြည့်ရောက်သည် ။ အမျိုးသမီးသည် အသံတစ်စ ထပ်မထွက်ရအောင် ငြိမ်လိုက်သည် ။ လေတိုးသံ...၊ ရှန်းကန်အော်ဟစ်သံ။

"နောက်တော့ ဓားနဲ့ ထိုးတာပနော့၊ ဘယ်နှချက်လဲတောင် မသိဘူး၊ ကျွန်မလေ မကြည့်ရဲလို့ မျက်လုံးမှိတ်ထားတယ်၊ နားလည်း ပိတ်တယ်၊ ဘယ်လောက်ပိတ်ပိတ် ကလေးအော်သံကို ကြားတာပ၊ ကျွန်မ တုန်နေတာပဲ၊ငိုလည်း ငိုချင်တယ်၊ကြောက်လည်း ကြောက်တယ်၊ ဒါပေမဲ့ မငိုနိုင်ဘူးနော့၊ တုန်ပဲ တုန်နေတယ်၊ နောက်တော့ ကလေးက မအော်နိုင်တော့ပါဘူး ၊ ကျွန်မ မျက်လုံး ပြန်ဖွင့်တော့ ဒဏ်ရာတွေနဲ့ သွေးတွေလည်း အိုင်လို့၊ ချက်ချင်းလည်း အသက်မထွက်ဘူး၊ လှုပ်နေသေးတာပ အဲဒါကို လူသတ်သမားက ငုံ့ကြည့်နေသေးတာ၊ နောက်တော့ ကလေးက ငြိမ်ကျသွားရော နော့"

ငြိမ်းသည် အတိတ်မြင်ကွင်းထဲ နစ်နေရာက ဆရာဦးဖေအောင်၏ အိမ်ပေါ်သို့ ပြန်ရောက်လာသည် ။ တစ်ဦးတည်းသော မျက်မြင်သက်သေ ဖြစ်ခဲ့သည် ဆိုသော မရီ၏ ရှေ့မှောက်သို့ ပြန်ရောက်လာသည် ။ အသက် ၄၀ ကျော်မျှရှိမည့် မရီသည် လွန်ခဲ့သော ၁၈ နှစ်ကအမှုအခင်းမှာ ကိုယ်တိုင် ကြုံရသူပေမယ့် ခင်ပွန်းကိုသာ ဖွင့်ပြောခဲ့သူ။မျက်မြင်သက်သရာကြစဉ်မှာ အသံမထွက်ဘဲ ဆိတ်ဆိတ်နေခဲ့

သူ။ အမှုအခင်း ဖြစ်ပြီး လေးငါးနှစ် ကြာတော့မှ သာ မိခင်ထံ သူကိုယ်တိုင် မြင်ခဲ့ဖူးကြောင်း တစ်စွန်းတစ်စ ပြောထွက်လာသူပေ ။သူ့မှာ ဘယ်သို့သော နောက်ခံအကြောင်း ရှိသနည်း။ ဒါကိုတော့ ငြိမ်း ဖြည်းဖြည်းချင်းမေးယူရလိမ့်မည်။

"ကျွန်မလေ တစ်လ၊နှစ်လ ကြာတယ်နော်၊ ညညဆို တော်တော်နဲ့ အိပ်လို့ မရဘူး၊ ကလေးရဲ့ အော်သံကိုပဲ နားထဲ ကြားနေတယ်၊ အဖေရေ ....အမေရေလို့ သူ အော်လိုက်တဲ့ အသံကို မေ့လို့ ကို မရဘူး"

မရီသည် နဖူးက ချွေးကို လက်ခုံနှင့် တို့ သုတ်လိုက်ပါသည် ။ ခုပင် လွန်ခဲ့သော ၁၈ နှစ်သို့ ပြန်ရောက်သည့်သဖွယ် မျက်နှာဝယ် ထိတ်လန့်မှု၊ ကြေကွဲမှုကို ရောယှက်လျက်။ ထိုတစ်နေ့က ထင်းခွေ သွားစဉ် အမှတ်မထင် ကြုံရသော မြင်ကွင်း၊ ချုံနွယ်ပိတ်ပေါင်းနောက် ပုန်းအောင်းကာ တစ်သက်တစ်ခါ ဆိုသလို မြင်ခဲ့ရသော မြင်ကွင်းသည် နှစ်များ စွာ ကြာသည့်တိုင် သူ့စိတ်ဝယ် သည်းသည်းထန်ထန် စွဲထင်နေပေလိမ့်မည်။

အင်း .... မကြည်ပြာဟာ သည် အမျိုးသမီးနှင့်တစ်ကြိမ်ပင် ဆုံဖူ့ဖူးမှာ မဟုတ်ပါ။ ဘေးလူပင် မျက်ရည်ဝဲရသည့် ထိုထိုသော စကားတို့ကို သူနားနှင့် ဆတ်ဆတ် ကြားရလျှင် ဘယ်လိုမှ ခံနိုင်ရည်ရှိမှာ မဟုတ်ပါ။

"ပြီးတော့ သူတို့ ဘာဆက်လုပ်ကြသလဲ ဆိုတာလည်း ပြောပြလိုက်ဦး"

ဟု ဦးဖေအောင်က စကားထောက်လိုက်ပါသည် ။

"ဘာဆက်လုပ်သလဲဆိုတော့ အလောင်းကို လမ်းဘက်က မဟုတ်ဘဲ လှို့အောက် ကပ်ရက် လမ်းကနေဘဲ သယ်ကြတာပ ဆရာရဲ့ ၊ ကျွန်မ လေ သူတို့ အလောင်းသယ်ဖို့ တို့ ၊ ခြေရာလက်ရာဖျက်ဖို့ တို့ လုပ်နေတုန်းကများ ကြောက်လိုက်တာ မပြောနဲ့ တော့၊ ငါ့ဘက်ကို လျှောက်လာရင် ငါ သေပြီပဲဆိုပြီး ရွတ်လိုက်ရတဲ့ ဘုရားစာ ဆိုတာ၊ပြီးတော့ လူက ကုန်းပြီးပုပြီး ထိုင်ထားရတာ ကြာတော့ ညောင်းလိုက်တာ ဆိုတာလေ၊ ပြီးတော့ အဲဒီတုန်းက ကလေးက သုံးလလောက်မို့လို့ ပေါ့၊ ငါးလေ ၊ခြောက်လဗိုက်နဲ့ ဆိုရင် ဘယ်လို ဖြစ်မလဲတောင် မဆိုနိုင်ဘူးအေး"

"သူတို့ ထွက်သွားတော့ အစ်မလည်း ချုံထဲက ထွက်လာရောပေါ့"

စိတ်တည်ငြိမ်စပြုပြီမို့ ငြိမ်း မေးခွန်း စမေးရပါသည် ။

"ချက်ချင်း ဘယ်ထွက်ရဲမလဲ၊ အသံ လုံးဝ တိတ်သွားတော့ စောင့်ရတာပ၊ ပြီးတာနဲ့ ဘာထင်းမှ လည်း မကောက်နိုင်တော့ဘူး၊ တောလမ်းပေါ်အမြန်သွားပြီး ရွာကို ဒုန်းစိုင်းလာခဲ့ရော၊ အိမ်ရောက်တော့ ကျွန်မ ငုတ်တုတ်ထိုင်ပြီး ကြောက်နေတာ အကြာကြီးပဲ၊ ကျွန်မကို ဘယ်သူမှ မမြင်ဘူးနော်၊ ဒါပေမဲ့ အိမ်လိုက်လာမှ တွေးတွေးပြီး ကြောက်လိုက်တာ ဆိုတာ"

ရိုးစင်းသော မရီ၏ မျက်နှာကို ငေးကာ တွေ့ရတာ ကံကောင်းလှချည်ရဲ့ ဟု ငြိမ်း တွေးနေပါသည် ။ သစ်စုရွာဆီ ငြိမ်း ရောက်လာကြောင်း ကြားသည့်နေ့က နောက်

ရက်လာလျှင် ပြောပြရန်း၊ မပြောရန်း အတော် စဉ်းစားခဲ့ရတယ် ဆိုပါသည် ။ မနေ့ကမှ ဦးဖေအောင်နှင့် တိုင်ပင်ကာ ငြိမ်းထံ ဆက်သွယ်ခဲ့ပေသည် ။

"အစ်မ အဲဒီတုန်းက မြင်ခဲ့တာကို ဘာဖြစ်လို့ တခြားသူတွေကို မပြောပြတာလဲ၊ ဥပမာ ရွာက တခြားလူတွေ သက်သေလိုက်တုန်းက အစ်မ ဘာလို့ သက်သေမလိုက်ခဲ့တာလဲ"

မရီသည် ခုပင် သတ်သူကို မြင်လိုက်ရသည့်ပမာ တုန်ယင်လျက် ...

"အဲဒီတုန်းက ဘယ်လို ပြောရမလဲ၊ ကလေးလေးတစ်ယောက်ကိုတောင် ကိုယ့်ရှေ့မှာ တင်ရက်ရက်စက်စက် သတ်တာ မြင်လိုက်ရတာမဟုတ်လားအေး၊ ပြောလိုက်လို့ ကျွန်မကို လာမသတ်ဘူးလို့ ဘယ်သူ အာမခံမလဲနော့၊ ပြီးတော့ ကျွန်မက ဗိုက်ထဲမှာ လည်း ကလေးနဲ့၊ ဘယ်လိုပြောပြော ကြောက်တာပ၊ ကျွန်တော်ယောကျ်ားကလည်း ပြောတယ်လေ၊ နင် သိတာ နင့်ဝမ်းထဲထား၊ လျှောက်မပြောနဲ့ တဲ့ ၊ ငါတို့ နေတာက ရွာစွန်မှာ အိမ်ထဲဝင်သတ်သွားရင်တောင် လူ သိလိုက်မှာ မဟုတ်ဘူး တဲ့ "

အင်းလေ .... ကြောက်ရွာမှာ ပေါ့။ လူတစ်ယောက်ကိုကြက်ကလေး၊ ငှက်ကလေး သတ်သလို သတ်တာ မြင်ခဲ့ဖူးတော့လည်း ရိုးသားသော တောသူတောင်သားပီပီ ကြောက်ရွာမှာ ပေါ့။ ကြောက်သူက ကြောက်ခဲ့တော့လည်း တကယ့်မျက်မြင်သက်သေအစစ်ကို ဦးသက်ဆွေ ရရန် အခွင့်မကြုံခဲ့။ သည် တော့ အဖေ့ခမျာလည်း ကံဆိုးခဲ့ရသည် ။

တစ်ချိန်တုန်းကသာ မရီကို သက်သေအဖြ

စံ ခေါ်ယူနိုင်ခဲ့လျှင် အမှုဘယ်လို ပြောင်းမည်န ည်း။

"ကလေး သေပြီးနောက်ပိုင်းကော အစ်မ မြ င်ခဲ့တာကို တစ်ယောက်ယောက် သိသွားသေး သလား"

"ရော် ကျွန်မ ဘယ်သူ့ကိုမှ မပြောတာ၊ အ မေ့ကိုတောင် ပြောတာ ဘာကြာသေးလို့ လဲ"

"အခုကျတော့ ကျွန်တော်တို့ ကို အစ်မ ဘာ လို့ ပြောပြတာလဲ၊ မကြောက်တော့ဘူးလား"

မေးခွန်းမှာ ကိုမိုးညာဏ်ထံက လာပေသည် ။

သူနှင့် မသန္တာခိုင်နှစ်ဦး အတူပါလာတာကို ပင် တဒင်္ဂ မေ့သယောင် မရီကိုသာစူးစူးကြည့် နေမိရာက သူတို့ ဘက်သို့ ငြိမ်း ခေါက်ငဲ့လိုက် ပါသည် ။ မသန္တာခိုင်ကတော့ မျက်မြင်သက် သေများ နှင့် ငြိမ်း စကားပြောဆိုမေးမြန်းတာ သုံး၊ လေးကြိမ် ကြုံဖူးပြီ။

သို့သော် သည် တစ်နေ့ စကားဝိုင်းကတော့ ပြီးခဲ့သည့်ရက်များကထက် ထူးနေပြီမို့ မသန္တာ ခိုင်၏ မျက်ဝန်းတို့ သည် ငြိမ်းလိုပင် တောင်လျှ က်။ ပထမဆုံး ကြုံဖူးလေသော ကိုမိုးညာဏ်၏ မျက်နှာထက်မှာ လည်း စိတ်အားထက်သန်မှု က အထင်းသား။

သူသည် ငြိမ်း၏ ရင်တွင်းက မျှော်လင့်ချက် ကို သိလိမ့်မည်။ မရီသည် နောက်ဆုံးသော ကောက်ရိုးမျှင်ဟု နားလည်လိမ့်မည်။

ပုပန်မှုမြူများ ဖုံးလွှမ်းသည့် ငြိမ်းထံ ဘာကူ ရပ့်ါဟု ငေးတတ်သော မျက်ဝန်းများကို တစ်နံ နက်လုံး ကျေးဇူးတင်စွာ မြင်ခဲ့ရပြီ။ ခုလည်း ငြိ

မိးနှင့် မျက်လုံးချင်း အဆုံမှာ သူသည် ပြုံးမြလို ပင် နူးညံ့သောအပြုံးကို ဆောင်လျက်ရှိလေသည် ။

"အစကတော့ ကြောက်လို့ မပြောတော့ပအေး၊ အခုကျတော့ နှစ်လည်း ဘယ်လောက်ကြာပြီလဲ၊ မကြောက်ဘူးတော့ မဟုတ်ဘူး နော့၊ ဒါပေမဲ့ တစ်သက်လုံး မပြောလိုက်ရရင် ကျွန်မမှာ အပြစ်ကြီးတစ်ခု ရှိနေသလိုပ ဒါကြောင့် ပြောပြတာ အဲဒီတုန်းကတော့ ကျွန်မတို့ ရွာထဲက သက်သေတွေ ရှိတယ် မဟုတ်လား၊ သူတို့ တောင် ကျွန်မ သိတာ မသိကြဘူး"

"အမှုပြီးတော့ကော နည်းနည်းလေးတောင် မပြောမိဘူးလား"

ဟု ငြိမ်းမေးရပြန်ပါသည် ။

"အမှုပြီးတော့ လုံးဝ မပြောတော့ဘူး၊ ပိုတောင် ကြောက်သွားသေးတယ်"

"ဘာလို့ ပိုကြောက်သွားတာလဲ ဟင်"

"ကြောက်တာပေါ့၊ တရားခံက လာဘ်ထိုးပြီး လွတ်သွားတကိုး"

ဟင်..။ ငြိမ်းသည် မျက်လုံးအစုံ ပြူးကျယ်ဝိုင်းစက်ကာ မရီကို အကြောင်သား ငေးနေမိပါသည် ။ စကား အပြည့်အစုံ ကြားပါလျက်က မကြားလိုက်ရသလို၊ မသိလိုက်ရသလို။ ပြီးတော့ အလုံးစုံ နားမလည်လိုက်သလို။ တရားခံ .. တရားခံ လာဘ်ထိုးပြီး လွတ်သွားတယ်။ အို .... မဖြစ်နိုင်တာ။

ထိုတဒင်္ဂဝယ် ငြိမ်းသည် ဘာမှ မသိသေးသော ဦးဖေအောင် ရှေ့မှာ လည်း ဟန်ဆောင်ထိုရာ လုံးလုံး သတိမရ။ အကြောင်းစုံ သိပြီး

845/97

သူ နှစ်ဦးရှေ့မှာ လည်း တည်ငြိမ်အောင် မထိန်းသာ။ စိတ်လွတ်သည် ။ စက္ကန့်ပိုင်းမျှ စိတ်လွတ်ခဲ့မိသည် ။

သတိဝင်လျှင်တော့ ငြိမ်းသည် အသက်ကို ပြင်းပြစွာ ရှူလျက်။ ဝန်းဝိုင်းသော မျက်ရည်ဝဲသော မျက်ဝန်းများ ဖြင့် မရီကို ငေးလျက်။ နှုတ်ကို တရွရွ လှုပ်သည် ။ စကားကိုမူ ရုတ်ခြည်း မဆက်နိုင်။ ရင်၌ အောင့်မျက်နာစ ပြုလာသည် ။ သည် အဆုံးသတ်ကို ငြိမ်း မမျှော်လင့်ခဲ့ပါ။ ဘယ်တုန်းကမှ မမျှော်လင့်ခဲ့ပါ။

အိပ်မက်ပါ ... ။ဒါ အိပ်မက်ပါ.... ။ ခုနက ကြားလိုက်ရတာ တကယ်မဟုတ်ခဲ့ပါဘူး ...။

ငြိမ်းသည် ဆန်းသော အမူအရာအား အံ့အားသင့်ပုံပြသည့် ဦးဖေအောင်အား မမြင်ယောင်ပြုလိုက်သည် ။ မရီကိုသာ ငေါ့ငေါ့ဆိုင်ဆိုင် ကြည့်လိုက်ပါသည် ။ မရီသည် ဘာများ မှားသွားပါလိမ့်ဟု တွေးဟန်နှင့် မျက်မှောင်တွန့်ကာ ငြိမ်းအား မရွံ့မရဲ တုံ့ပြန်ကြည့်နေပေသည် ။

"ငြိမ်း" ဟု ခေါ်ကာ အနီးသို့ ကိုမိုးဉာဏ် ရွှေ့ထိုင်လိုက်ပုံကို မျက်လုံးထောင့်က ရိပ်ခနဲ မြင်သည် ။ သို့သော် ငဲ့မကြည့် ။ မရီကိုသာ စူးစူး ကြည့်မြဲ။

"အစ်မ ခုနကပြောလိုက်တာ တရားခံ လွတ်သွားတယ် ဟုတ်တယ်နော်၊ တရားရုံးက အပြစ်ချလိုက်သေးတဲ့ တရားခံကို ပြောတာ မဟုတ်လား"

"အေး ...ဟုတ်တယ်လေ သူပ"

"အစ်မ ဘာလို့ သူ့ကို တရားခံလို့ ပြောရ

တာလဲ သူ ပြည်နယ်ရုံးမှာ လွတ်ခဲ့တယ်လေ၊ အမှုက မှားလို့ ဆိုပြီး လွတ်ခဲ့တယ်လေ၊ မဟုတ်လို့ လွတ်တာပေါ့၊ ဘာဖြစ်လို့ ဒီလူက တရားခံပဲလို့ အစ်မ ပြောနိုင်ရတာလဲ"

မရီသည် ငြိမ်း၏ အကြည့်တို့ ကို မရှုံ့မရဲ လွှဲဖယ်ကာ ဦးဖေအောင်ထံ လှမ်းကြည့်လိုက်ပါသည် ။ စိတ်ရှုပ်ထွေးဟန် မြင်ရသည် ။ တစ်ဖက်သားသည် မှု စိတ်လှုပ်ရှားနေခြင်းကိုလည်း နားလည်နိုင်ပုံ မပေါ်။

"ဖြေ လိုက်လေ မရီ၊ ခင်ငြိမ်းချမ်းကလည်း စိတ်ငြိမ်ငြိမ် ထားပြီး မေးပါဗျာနော်၊ မရီက နဂိုက ပြောရဲဆိုရဲ ရှိတဲ့ သူ မဟုတ်ဘူး ၊ ကူညီချင်လို့ သာ လာတာ"

ဟု ဦးဖေအောင်က ဆိုသည် ။

ငြိမ်းသည် လေပူတစ်ချက် မသက်မသာ မှုတ်ထုတ်ကာ ခေါင်းညိတ်လိုက်ရပါသည် ။ မရီ စကားအဆက်ကိုစောင့်ရမည်။ အရေးကြီးသော သက်သေမို့ လှည့်ပြန်မှာ စိုးရသည် ။ စိတ်ရှည်ရလိမ့်မည်။ တရားရုံးမှာ တင်သော တရားခံနှင့်တောတွင်းက လူ မတူခဲ့တာကို ငြိမ်း သူ့ထံကဖော်ထုတ်ရမည်။

မရီသည် ငြိမ်းဘက်ကို လှည့်လိုက်ပြန်သည် ။

"ကျွန်မလေ ဒီလူ့ကို အခုပြရင်လည်း အခုသိမှာ ပ၊ သူ့မျက်နှာကို အိပ်မက်ထဲတောင် ခဏခဏ ထည့်မက်အောင်ကို ကြောက်ခဲ့တာပဲ၊ အဲဒီမျက်နှာကို ဘယ်တုန်းကမှ မမေ့ဘူး၊ လွတ်သွားတော့ ကြောက်လည်း ကြောက်၊သြော် ငါ မပြောကူလို့ လွတ်သွားတယ် ဆိုပြီး စိတ်မကောင်းလည်း ဖြစ်ရတာပဲနော့"

"လွတ်သွားတယ်ဆိုတော့ ဒီလူ တရားခံအစစ်ပဲလို့ အစ်မ ပြောချင်တာလား"

"ရော် .... ပြောချင်တာ မဟုတ်ဘူး လေ၊ အစစ်ပဲဟာ"

ငြိမ်းသည် အသက်ရှူမြန်လာပြန်သည် ကိုမထိန်းနိုင်။

"ဘာကြောင့် တရားရုံးက လူနဲ့ အစ်မ မြင်ခဲ့တဲ့ တောထဲကလူ အတူတူပဲလို့ အစ်မ သိရတာလဲ၊ သူများ တေါ ပြောတာ ကြားလို့ ဒီလူ့ပုံစံကို မှန်းကြည့်တာ မဟုတ်လား"

ဟု အလောတကြီးပင် ပြောချလိုက်သည် ။

ထို့နောက်တော့ မျက်ဝန်းတို့ သည် မရီ၏ မျက်နှာပေါ် တွေတွေဆိုင်ဆိုင် စူးစိုက်ကာ။ စကားသံကို ငံ့လင့်ကာ။

"ကျွန်မ ကိုယ်တိုင် တွေ့တာပဲဟာ"

ထိုတဒင်္ဂဝယ် ငြိမ်း၏ ရင်ခုန်သံမှာ ပေါက်ကွဲထွက်တော့မည့်ပမာတည်း။ နှလုံးသွေး ပူနွေးမြန်ဆန်စွာ လှည့်ပတ်စီးဆင်းနေတော့သလို မျက်နှာပြင်မှာ ၊ ရင်တွင်းမှာ ပူလောင်လာသည် ။ လက်သီးကို တင်းတင်း ဆုပ်လိုက်မိသည် ။

"တောထဲမှာ တွေ့တာကို ပြောနေတာ မဟုတ်လား"

မရီက ခေါင်းကိုခါယမ်းလိုက်ပါသည် ။

"တရားရုံးမှာ တွေ့တာလေ"

"ရှင် ..."

"ဟုတ်တာပဲ၊ တရားရုံးမှာ အမိန့်ချတဲ့ နေ့က ကျွန်မတို့ ရွာက လူတွေ သွားနားထောင်ကြ

တယ်လေ၊ ကျွန်မယောကျ်ားရော ကျွန်မရော လိုက်သွားတာ အဲဒီမှာ တွေ့တာပ၊ အဲဒီလူမှ အဲဒီလူ အစစ်ပဲ ဘာလွဲမလဲ"

အို ... ။ ငြိမ်းသည် နားနှစ်ဖက်ကို ယောင်ယမ်း ဖိပိတ်တော့မလို လက်ကို ကြွလိုက်သည် ။ သို့သော် နားဆီသို့ မရောက်။ မျက်နှာဆီ ရောက်သည် ။ မျက်နှာကို ဖိကပ်မိသည် ။ နောက်တော့ 'ငြိမ်း' 'ခင်ငြိမ်းချမ်း' ဟု ပူပန်သော ခေါ်သံများကို မကြား။ ပူပန်ကြည့်များကို မမြင်။ မမြင်လို၊ မကြားလိုတော့ပြီ။

ဘယ်သူမှ မမြင်သော၊ ဘယ်သူ့ ဘယ်သူမှ တွေ့စရာ မလိုတော့သော အရပ်သို့သာ ပြေးသွားလိုက်ချင်သည် ။ လူက နေမြဲ။ စိတ်က လွင့်သည် ။ အတိတ်သို့ ရောက်သည် ။

တစ်မိုးအောက် အတူရှင်သန်ခဲ့သော နှစ်များ အတွင်း စိမ်းစိုသော အချစ်ကိုခံစားခဲ့ရသည်။ ချစ်ခင်စိတ်လည်း တွယ်ရသည့် မွေးသဖခင်ကို ပြန်မြင်သည် ။ လုံခြုံရာ အမိုးအကာအောက်က မိသားစု၏ ပြာလွင်လှသော နေ့ရက်များ နူးညံ့နယ်သော ငြိမ်းကလေး၏ ရယ်သံ၊ အမေ့ချော့မြူသံများ ၊ အဖေနှင့် ကိုကိုတို့ ၏ စကားဆိုသံ၊ ရယ်မောသံများ ။ လှပနှစ်လိုဖွယ်ရာရှိခြင်းသည် အတိတ်၏ ပုံရိပ်ယောင်ပမာ။

ငြိမ်းသည် စိတ်အလွင့်တွင် သစ်စုတောကို ခြေချသည် ။ သနားစရာ တာရာ့ကို မြင်သည် ။ နောက်တော့ .... နောက်တော့ မကြည်ပြာကို မြင်သည် ။ စာအုပ်ဟောင်းလေးထဲက မကြည်ပြာ၏ စာမျက်နှာများ ၊ နှလုံးအိမ်မှ ယိုစီးလာသော သွေးစက်နှင့် ချရေးထားသလို နာကျင်ခြင်းအတိပြီးသည့် စာလုံးလေးများ ။ ထို

စာလုံးများမှ ပင် ရေးရေးထင်သည့် ရှိက်သံစ။

အတိတ်မှ လွင့်ခနဲ ပြန်ရောက်ရာက ပစ္စုပ္ပန်ကို တော့တော့ဆိုင်ဆိုင် မြင်လျှင်တော့ တစ်ခုသော နားလည်ယူလိုက်နိုင်သည် ။

သေခြင်းနှင့် မခြားသော ဘဝကို ငြိမ်း ရခဲ့ပြီ ။

***

မေလ ဝထမပတ်၏ ပူနွေးသော ညနေနေခြည်သည် ပျဉ်းမပင်ပေါ်မှာ ၊ သစ်သားအိမ်ကလေးထက်မှာ ကြဲဖြန့်လျက်ရှိလေသည် ။ ခရမ်းရောင်ပန်းပွင့်တို့ သည် ငြိမ်း မြင်ခဲ့ဖူးသလိုပင် စိမ်းသော သစ်ရွက်တို့ ကြားမှ ခေါင်းပြူကာ မျက်နှာမကောင်းလှသော သူစိမ်းညှို့သည် ကို စူးစမ်းနေဟန် ရှိသည် ။ အဝေ့ငွေ ...သော မျက်လုံးတို့ ကို တွေ့လေသလား။ နှောင်တ၊ အပြစ်မကင်းမှုတို့ ရောစွက်နေသော မျက်နှာရိပ်ကို တွေ့လေသလား။

ပျဉ်းမပွင့်သည် လေအဝှေ့ဝယ် သစ်ရွက်စိမ်းများ အကြားသို့ သူ့ကိုယ်သူ ဝှက်လိုက်ပေသည် ။

ခြံဝသို့ ရောက်သည် အထိ ငြိမ်း အသံတစ်ချက်ပင် မပြုမိပါ။ ဆိတ်ဆိတ်သာ ရပ်၍ နေမိသည် ။ အိမ်ပေါ်က လွင့်လာသော မသေကဲ့၏ စကားသံသဲ့သဲ့။ နောက် မကြည်ပြာ၏ လိုက်သော ရယ်သံ။ မဝံ့ရဲစိတ်နှင့် ပင့်သက်ရှိုက်ချလိုက်မိသည် ။

သည် တစ်သက် မကြည်ပြာကိုမှ မတောင်းပန်လိုက်ရလျှင် သူ့အပြစ်တင်စကားတို့ ကို

နားမထောင်လိုက်ရလျှင် ငြိမ်း ဖြေသာတော့မည် မဟုတ်။ တစ်သက်တာပတ်လုံး မလုံသော လိပ်ပြာနှင့်သာ နေသွားရလိမ့်မည်။ ရင်မဆိုင်လို၊ ထွက်ပြေးလိုစိတ်နှင့် ကိုယ်စား အပြစ်ဝန်ခံတောင်းပန်လိုစိတ်တို့ အဖန်ဖန် လွန်ဆွဲကာ နောက်ဆုံးတော့ တာရာသို့ ငြိမ်း ရောက်ခဲ့ရပြီ။

သည် အိမ်ဆီ ထွက်လာမည့်အကြောင်း ကို မိုးညဏ်ကိုရော မသန္တာခိုင်ကိုပါ ငြိမ်း အသိမပေးခဲ့။ အသိပေးလိုစိတ်လည်း မရှိချေ။

သစ်စုက ပြန်ရောက်လျှင် ရောက်ချင်းတော့ တည်းခိုခန်းမှာ တစ်ယောက်တည်း မချိန်ရစ်လို၊ ပူပူပန်ပန် အရိပ်ကြည့်လိုသူတို့ ကို 'လောလောဆယ် ငြိမ်းဘာသာငြိမ်း အေးအေးဆေးဆေး နေပါရစေ၊ တစ်ယောက်တည်းပဲ နေပါရစေ' တောင်းပန်ခဲ့ရသည် ။

တတ်နိုင်လျှင်တော့ အပေါ်သူနှင့် [illegible] မျက်နှာချင်းဆိုင်လိုခြင်း မရှိချေ။ အပြစ်ကင်းသူ တစ်ဦးကို အကာအကွယ်ပေး ကယ်တင်နိုင်တော့မလို ခွန်အားအပြည့် ရှိခဲ့ဖူးသော နေ့ရက်တို့ သည် ခုတော့ တွေးလိုက်တိုင်း ရှက်ဖွယ်အတိ ပြီးသလို။ သူတို့ နှင့် စကားဆိုရလျှင်၊ သူတို့နှင့် မျက်နှာချင်းဆိုင် နေရလျှင် သစ်စုတောက အရိပ်တို့ သည် ငြိမ်းအား ခြောက်လှန့်ကြလိမ့်မည်။

ငြိမ်းသည် ပူပန်သော မျက်လုံးတို့ ကို မမြင်ယောင်ပြုကာ ခံစားမှု ကင်းမဲ့သယောင် မျက်နှာနှင့်ပင် ထီးတည်း နေရစ်ခဲ့သည် ။

တည်းခိုခန်းက အခန်းသည် လည်း လတ်တလောမှာ တော့ ငြိမ်ပါပဲ။ ရှက်စိတ်သည် သွေးများ ထဲမှာ ပင် ပွက်ပွက်ထ၍ နေသည် ။

တစ်ယောက်တည်း ကျန်ချိန်မှာ နာနာကြည်းကြည်း ငိုရသည်။

အဖေ့ကို နှင့်နှင့်နာနာ ပြောချလိုသည့် ဖြစ်တင်စကားတို့ သည် ငြိမ်း၏ ရင်၌ ခုချိန်အထိ ဗလောင်ဆူလျက်။ အဖေဟာ ဘာမဟုတ်တဲ့ အငြိုးအတွက် ကလေးတစ်ယောက်ကို ရက်ရက်စက်စက် သတ်ရက်တယ်၊ တစ်ပါးသူ မိသားစု ဘဝကို ဖျက်ဆီးရက်တယ်။ ဘာအပြစ်မှ မရှိခဲ့တဲ့ သူလို အဖေ တစ်သက်လုံး ညာခဲ့တယ်။ ငြိမ်းတို့ ကို ညာခဲ့တယ်။

ခုတော့ ... ခုတော့ အဖေ့ကိုကာကွယ်မယ် ဆိုတဲ့ ငြိမ်းဟာ ကလေးကို အဖေ သတ်ခဲ့တဲ့ နေရာမှာ ပဲ အရှက်ကွဲခဲ့ပြီ။ တစ်သက်လုံးလည်း အပြစ်မကင်းစိတ်နဲ့ အသက်ရှင်ရလိမ့်မယ်၊ဒါတွေ အဖေ သိရဲ့ လား၊ သိရဲ့ လား ဟင် ...။

ငြိမ်းသည် ဖုန်းကို ပိတ်လိုက်ပြီ။ အိမ်က ဖုန်းဆက်လာလျှင် သည် စကားတို့ ပွင့်ကျသွားမှာ မည်။ မပြောသင့်၊ မပြောအပ်ဟု သိသည် နှင့် အမျှ နာကျင်ရသည် ။ မပြောဘဲလည်း မနေနိုင်။ ဘာလုပ်ရမည်နည်း။ မွေးသဖခင်နှင့် တရားခံအဖြစ်သားသည် ဘာကြောင့်များ တစ်ဦးတည်း ဖြစ်နေရသနည်း။

ပြီးတော့ ... ပြီးတော့ အပြစ် ကျူးလွန်ရုံမက ကျူးလွန်ခဲ့သော အပြစ်မှ လည်း တိမ်းရှောင်ခဲ့သူ။ မိသားစုတစ်စု ဘဝပျက်နေချိန် သူကမူ နေရာသစ်မှာ ဘဝသစ် စခဲ့သူ။ သူစိမ်းအနေနှင့် ဆိုလျှင် အင်မတန် စက်ဆုပ်ရွံမုန်းစရာဟု ငြိမ်း ဆိုမိမည့်သူ။

ခုတော့ ...ခုတော့ ထိုလူဟာ ဖခင်ပါတဲ့ ။

[illegible]ဆရာသည် ငြိမ်းအပေါ် မည်မျှ ရက်စက်လိုက်ပါသနည်း။

တာရာ ...။ ငြိမ်းသည် ခရမ်းရောင်ပေါ်က အဖြူရောင် စာလုံးလေးများကို လည်ပြန်ငေးနေသည် ။ မျက်ရည်သည် မျက်လုံးအိမ်မှ တလိမ့်လိမ့် ယိုစီးကာ ရင်၌ မွန်းကျပ်ဆို့ကျင်လာပြန်သည် ။

သစ်စုတောထဲက သစ်ရွက်တို့ ၏ လွမ်းစဖွယ် တေးသံကို ပြန်ကြားသည် ။ ထိုတေးသံသည် တာရာ့အကြောင်း ပြောပြသော တေးသံ။ သစ်စုတောသည် သာယာသော ခေါင်းလောင်းသံနှင့် လွမ်းစဖွယ် တေးသံကို လက်ခံသိမ်းပိုက်ကာ နှစ်များ စွာတိုင် လွှင့်ပျံစေခဲ့သည် ။ သို့သော် နာကျင်သွေးပျက်ဖွယ် အော်သံ၊ ငိုညည်းသံတို့ ကိုမူ သစ်မြစ်များကြားသို့ သိုဝှက်ကာ မြေကမ္ဘာ၏ အနက်ရှိုင်းဆုံးနေရာ [illegible] ဆည်းခဲ့လေသည် ။

တွေ့ကောက်သော တောလမ်းကလေးသည် ရုပ်သွင်သဖွယ် ငြိမ်း၏ အာရုံ၌ အရိပ်ထင်လာပြန်သည် ။ မြင်ခဲ့ဖူးသော နေရာဟောင်း၊ မမြင်ခဲ့ဖူးသော ကောင်ကလေးတစ်ယောက်၏ ပုံရိပ်များ ....။

ငါ့ကို ခွင့်လွှတ်ပါ တာရာရယ် .... ။ အခမ့်အပြစ်တွေအတွက် ငါ တောင်းပန်ပါတယ်။ နှင် သိပ်နာကျင်ခဲ့ဖူးသလို၊ နင့်မိသားစုဝင်တွေဝေဒနာ ခံစားရသလို ခု ပြန်သိရတဲ့ အချိန်မှာ ငါလည်း သွေးပျက်ရပါတယ်။

"ငြိမ်း"

ငြိမ်းသည် ခေါ်သံကြောင့် လှေကားထိပ်ဆီ မော့ကြည့်လိုက်သည် ။ မမသက်သည် ငြိမ်းတံ

ပုံအသေးသင့်သော မျက်ဝန်းများ နှင့် ဝေးကာ နေလေသည် ။

မမသက်၏ မျက်နှာထက်မှာ အမုန်းတရားကို ကယောင်ကတမ်းရှာမိ၏။ မတွေ့။ တဒင်္ဂ ပေါ်ပေါက်ခဲ့သော အမုန်းသည် နဂိုတည်မြဲဖြစ်သော ချစ်ခြင်းမေတ္တာအောက် လွင့်ပါးခဲ့ပြီလား ။ ငြိမ်း မသိပြီ။ အဆွေအမျိုးသဖွယ် ချစ်ခင်အားကိုးရသူကို ဝမ်းနည်းနာကျင်ချိန်မှာ မှ တွေ့လာရပြီမို့ လှိုက်သော စိတ်နှင့် တိုး၍ ရှိုက်ကာ ရှိုက်ကာ ငိုချလိုက်မိပါသည် ။

"အို ... ဘယ်လို ဖြစ်ရတာလဲ ငြိမ်းရယ်၊ လာ လာ အိမ်ပေါ်တက်၊ ကြည်ပြာရေ ငြိမ်းရယ် ဒီမှာ "

ကြည်ပြာရေ ...တဲ့ ။ မကြည်ပြာ ငြိမ်းကို တွေ့ချင်ပါ့မလား ဟင်။

တွန့်ဆုပ်ဆွေးစေခြင်းသည် မည်သည့် အချိန်က ဟု နှင့် ဝင်ရောက်လာပြန်သည် ။ ဒုနဲ့ လှည့်ပြန်ရမလား။ မကြည်ပြာဟာ ငြိမ်းကို တွေ့ရင် ဘယ်လို တုံ့ပြန်လိုက်မှာ ပါလိမ့်။

ငြိမ်းသည် ခြေလှမ်းကို ရုတ်ခြည်း မခနိုင်၊ မမသက်၏ မျက်နှာကိုသာ တွေတွေဒေဝေ မော့ကြည့်နေသည် ။ အသံတိတ် မေးသည့် မျက်ဝန်းများ နှင့် ဆိတ်ဆိတ် ဖြေသော မျက်ဝန်းတို့ သည် လမ်းခုလတ်မှာ ထိထိခတ်ခတ် ဆုံမိကြပေသည် ။

မမသက်၏ အားပေးဟန်အပြုံးသည် လှေကားထိပ်ဆီက လွင့်ကာ ငြိမ်း၏ နှလုံးအိမ်သို့ နွဲ့နွဲ့ညင်သာ ပြေးကပ်သည် ။ တွေဝေခြင်းသည် အခိုးအငွေ့သဖွယ် လွင့်ပါးရသည် ။ အို ... မကြည်ပြာကို တောင်းပန်ခဲ့ရမှ သာ ငြိမ်း အ

သေဖြောင့်ပါလိမ့်မယ်....။

နာကျင်ဆဲ ခြေထောက်ကို ဖြည်းညင်းစွာ ထိန်း၍ နင်းကာ နေခြည်အထိအတွေ့နှင့် နွေးနေဆဲ လှေကားထပ်များကို ငြိမ်း နင်းဖြတ်လာသည် ။ မကြည်ပြာ ... မကြည်ပြာနှင့် တွေ့ရတော့မည်။

မမသက်သည် ငြိမ်း၏ ပခုံးကို နွေးထွေးစွာ ဆီးဖက်လိုက်သည် ။ 'မမသက် ငြိမ်းလေ ... ငြိမ်း' ဟု စကားပင် မဆက်နိုင်ဘဲ ဆို့နင့်ရပ်နေသည် ။

အိမ်အတွင်းဘက်ဆီမှာ တော့ ခြေသံသဲ့သဲ့။ လှည့်ကြည့်လျှင်တော့ မကြည်ပြာ။ မကြည်ပြာ၏ မျက်နှာတွင် ရန်ကုန်မှာ တွေ့ခဲ့ရတုန်းကလို ခက်ထန်ရိပ် မရှိပြီ။

သို့သော် နွေးထွေးခြင်းသည် မမည်ပါ။ ရှိပါ

စေ .. မနွေးထွေးလည်း ရှိပါစေ၊ ခုနေများ ဆီး၍ ပါးတစ်ဖက် ရိုက်မည်ဆိုလျှင်ပင် ငြိမ်း ရှောင်မိမည် မဟုတ်ပါ။

"မကြည်ပြာ ... မကြည်ပြာ၊ ငြိမ်း ...ငြိမ်း သိခဲ့ပါပြီ"

ငြိမ်း၏ အသံမှာ တုန်တုန်ယင်ယင်ပင် တိုးကာ ထွက်လာသည် ။

"တာရာ့ကို ... တရာ့ကို အဖေ တကယ်သတ်ခဲ့တယ်ဆိုတာ ငြိမ်း သိခဲ့ပါပြီ မကြည်ပြာရယ်၊ ငြိမ်း တောင်းပန်ပါတယ် ... ငြိမ်း တောင်းပန်ပါတယ် ၊ အဖေ့အပြစ်တွေအတွက် ငြိမ်း တောင်းပန်ပါတယ်"

ရပ်နေရာက မစွမ်းသာတော့သလို ပြိုကျတော့မည့်အသွင်ကို ရိပ်မိပုံနှင့် မမသက်သည် ငြိမ်း၏ ကိုယ်ကို ဖေးမကာ ထိုင်စေ၏။ ပြီးလျှ

င် အနီးမှာ ပင် ဝင်ထိုင်သည် ။ မကြည်ပြာသည် မတ်မတ်ရပ်မြဲ။ ငြိမ်းကို စူးစိုက်ကြည့်မြဲ။

မျက်ရည်သည် ငြိမ်း၏ ပါးပြင်ကို ဖြတ်ကာ နှုတ်ခမ်းသို့တိုင် ထိစပ်လာသည် ။ နှုတ်ခမ်းကို တင်းတင်းကိုက်လျက် ခေါင်းငုံ့ထားမိသည် ။ ကြမ်းပြင်ကို တွေကာ စိုက်ကြည့်နေသည် ။ အိမ်ခန်းသည် လူသုံးဦး ရှိမနေသလိုပင် ရှိုက်သံမှ အပ ဆိတ်ငြိမ်နေလေသည် ။

ငြိမ်း၏ ရှိုက်သံ။ ပြီးတော့ ...ပြီးတော့ ...။

ငြိမ်းသည် ခေါင်းကို ဆတ်ခနဲ မော့လိုက်သည် ။ ရှိုက်သံ ထွက်ပေါ်ရာဆီ ကြည့်မိလျှင်တော့ မကြည်ပြာသည် မတ်မတ်ရပ်မြဲကပင် ငြိမ်းအား စူးစူးကြည့်ကာ မျက်ရည် တပေါက်ပေါက် ကျဆင်းလျက်ရှိပြီ။ လက်နှစ်ဖက်ကို ကျစ်ကျစ်ပါအောင် ဆုပ်၍ တဆတ်ဆတ် တုန်ယင်လျက်။ နောက်တော့ ငြိမ်းထံက အကြည့်လွှဲ၏။

ဒဏ်ရာခိုသော ထိုမျက်နှာသည် ငြိမ်းအား တိုး၍ တိုး၍ နာကျင်စေပါသည် ။

"ငြိမ်း တောင်းပန်ပါတယ်၊ တောင်းပန်လို့လည်း ဘာမှ မထူးဘူး ဆိုပေမယ့် ငြိမ်း တောင်းပန်ပါရစေ၊ မကြည်ပြာ ငြိမ်းကို ရိုက်ချင်လည်း ရိုက်ပါ၊ အခုနေ သတ်ရင်လည်း ငြိမ်း သေရဲပါတယ်"

"အစ်ပွားယ် မရှိတာ"

မကြည်ပြာက ဆတ်ခနဲ လှည့်ကာ ဆိုလိုက်သည် ။ လေသံတွင် ဒေါသငွေ့ငွေ့ပါ၏။ မျက်လုံးနှစ်ဖက်သည် အတာန်ကြာမျှ စိုက်ဆုံနေကြပေသည် ။

"အခိုကတာဝန်ရှိခဲ့တဲ့ သူက ဘယ်တုန်းက မှ တောင်းပန်ဖို့ မကြိုးစားခဲ့ဖူးဘူး၊ အခု သူ့သမီးက လာတောင်းပန်တယ်၊ ငါ့ကို ဘယ်လို ပြောစေချင်လို့ လဲ ဟင်၊ ခွင့်လွှတ်ပါတယ်လား "

"မဟုတ်ပါဘူး .. မဟုတ်ပါဘူး ... ခွင့်လွှတ်ဖို့ လာပြောတာ မဟုတ်ပါဘူး၊ ခွင့်မလွှတ်ပါနဲ့ ၊ အဖေ့ကိုလည်း ခွင့်မလွှတ်ပါနဲ့ ၊ ငြိမ်းကိုလည်း ခွင့်မလွှတ်ပါနဲ့ "

ငြိမ်းသည် မကြည်ပြာ၏ မျက်နှာကို စေ့စေ့ကြည့်မိလျှင် မျက်ခုံးအစုံကျုံ့ကာ။ မျက်လုံးတင်းတင်းမှိတ်ကာ မျက်ရည်တွေတွေ ကျဆင်းပြီး ထိုမျက်နှာသည် အဝေးမှ အရှိန်နှင့် လွင့်လာသော ကျောက်သားတစ်စလို ရင်ကို လှိုက်ခနဲ နာကျင်အောင် ထိခတ်လေသည် ။

"မကြည်ပြာ ခံစားခဲ့ရသလို ငြိမ်းလည်း ... ငြိမ်းလည်း .."

ငြိမ်းသည် ခေါင်းငိုက်စိုက်ကျကာ ဆိုတော့ ငြိမ်နေသည် ။ မျက်ရည် ပေါက်တို့ တဖြည်းဖြည်း စဲစပြုပြီ ။ ရှိုက်သံကတော့ ကြွင်းကျန်ရစ်မြဲ။ လေပြည်သည် သောကနှင့် ပူနေသော မိန်းမသားနှစ်ဦးအကြားက ခပ်သာသာ ဖြတ်၍ တိုက်လာသည် ။ သို့သော် မအေးမြနိုင်ပြီ။

"ငါ ခံစားခဲ့ရသလို ခံစားရဖို့ ဆိုတာ မဖြစ်နိုင်ပါဘူး ခင်ငြိမ်းချမ်းရယ်၊ နှစ်ပေါင်းများ စွာ ငါ ခံစားခဲ့ရသလို မင်းတို့ မိသားစု မခံစားနိုင်ပါဘူး"

မမသက်သည် "ကြည်ပြာ ထိုင်ပါလားကွယ် " ဆိုကာ လက်ကို လှမ်းဆွဲလိုက်သည် ။ မကြ

ညိုပြာသည် မျက်ရည်သုတ်ကာ သက်ပြင်းမော ရှိုက်ချကာ မမသက်အနီးမှာ ထိုင်ချလိုက်ပါသည်။

ခုတော့ဖြင့် အတိတ်၏ အရိပ်အောက်မှာ လူနှစ်ဦး၊ တစ်နည်းအားဖြင့် ဆန့်ကျင်ဘက် စာမျက်နှာ တစ်ခုစီမှာ ရှိခဲ့သူတို့ ၏ နှစ်ဦးသော မျိုးဆက်သည် မျက်နှာချင်းဆိုင် ရှိခဲ့ပြီ။ တွေ့တွေ့ဆိုင်ဆိုင် ရှိနေခဲ့ပြီ။

စူးရှသော၊ နာကျင်ရိပ် ရောပြွမ်းသော မျက်ဝန်းများ သည် ငြိမ်း၏ မျက်နှာပေါ်ဝယ် လူးလာခတ်ကာ။ ထိုမျက်ဝန်းတို့ တွင် အမုန်းတရားမှု မရှိ။ သို့သော် နာကျင်ခြင်းကတော့ လက်လက်ပပ နေရာယူဆဲ။

"လူတစ်ယောက်ဟာ နောက်တစ်ယောက်ရဲ့ နေရာမှာ ထပ်တူခံစားနိုင်တယ်ဆိုတာ ဘယ်တော့မှ မဖြစ်နိုင်ပါဘူး၊ စာနာနိုင်တယ် ဆိုတာလောက်ပဲ ဖြစ်လိမ့်မယ်၊ မင်း ငါခံစားခဲ့ရသလို မခံစားနိုင်ပါဘူး၊ ငါလေ ...ငါနှစ်တွေ အများကြီး ကြာတဲ့ အထိ အရူးတစ်ယောက်လိုပဲ၊ အခုအထိ ငါ့မှာ တစ်ခါတလေ အရူးလိုပဲ၊ ငါ့နေရာမှာ သာ မင်းဆိုရင်လည်း မင်း ရူးသွားမှာပဲ၊ လူတစ်ယောက်ကို ခွင့်လွှတ်ပါတယ် ပြောဖို့ ဘယ်လောက် ခက်ခဲတယ် ဆိုတာ မင်း သိသွားမှာ ပါပဲ၊ ငါ့ဘဝမှာ လေ ငါသိပ်ချစ်ရတဲ့ မောင်လေးကို ဒီနည်းနဲ့ စွန့်လွှတ်ရလိမ့်မယ်လို့ ဘယ်တုန်းကမှ မတွေးခဲ့ဖူးဘူးသိရဲ့ လား"

မကြည်ပြာသည် ပျဉ်းမပင်ထံ မှုန်ရီရီ ငေးနေသည် ။ စကားတစ်ခွန်းပင် ထပ်မဆက်။ ဝေးလွင့်ခဲ့ပြီ ဖြစ်သော အတိတ်နေ့ရက်တို့ ကို ပြန်လည်မြင်ယောင်နေပါသလား။ ခြံဝလမ်း

ကလေးမှ သည့် စက်ဘီးကလေးနှင့် ထွက်သွား ခဲ့ဖူးသော မောင်လေး၏ ကျောပြင်ကို ပြန်မြင် နေပါသလား။ မောင်လေး ပြန်မလာနိုင်တော့ သော နေ့ရက်ပေါင်းများ စွာကို လွမ်းတနေပါ သလား။

ဘေးတစောင်း အနေအထားနှင့် ငြိမ်း မြင် နေရသော ထိုမျက်နှာဝယ် ခံစားမှုအရိပ်တို့ မှ အသွေးအရောင် စုံလှပေသည် ။

"မကြည်ပြာ ရေးထားတဲ့ မှတ်တမ်း ငြိမ်း ဖ တ်ဖူးပါတယ်"

မကြည်ပြာသည် မမသက်ထံ ဆတ်ခနဲ လှ ည့်ကြည့် လိုက်လေသည် ။

"ဟုတ်တယ် မကြည်ပြာ၊ အဲဒီတုန်းက တို့ လည်း တော်တော်လေး ဒေါသထွက်နေတဲ့ အ ချိန်မို့လို့ မင်းပို့ပေးတဲ့ စာအုပ်ကို ငြိမ်းဆီ ဆက် ပို့လိုက်တာ၊ သူ တင်နေတာတွေနဲ့ တကယ့်ဖြစ် ရပ်မတူဘူး ဆိုတာ သိစေချင်လို့ ပို့လိုက်တာ"

"ဩော်" ဟု မကြည်ပြာက ခပ်တိုးတိုး ရေရွ တ်ကာ အခန်းထောင့်တစ်နေရာဆီ လှမ်းကြ ည့်လိုက်သည် ။ သူ အကြည့်ရွေ့ရာဆီ လိုက်ပါ ကြည့်မိလျှင်တော့ စာအုပ်စင်တစ်ခု ရှိနေတာ တွေ့ရသည် ။ ပုံထပ်ထားသော စာအုပ်များ အကြားဝယ် ပိုင်ရှင်ထံ ပြန်ရောက်နေလောက်ပြီ ဖြစ်သော မှတ်တမ်း စာအုပ်လေး ရှိပါလိမ့်မည်။

"ငြိမ်း အဲဒီစာအုပ် ဖတ်တုန်းကလေ အဖေ့ ကို မဟုတ်ဘဲ စွပ်စွဲတယ် ထင်တဲ့ စိတ်နဲ့ ဖတ် တာတောင် တော်တော် စိတ်မကောင်းဖြစ်ခဲ့ရ တာပါ၊ ကလေးလေး တစ်ယောက်ကို အငြိုးတ စ်ခုအတွက် ခုလိုလုပ်ရက်လိုက်တာလို့

တွေးပြီး ......... စိတ်မကောင်းဖြစ်ခဲ့ရတာပါ မကြည်ပြာရယ်၊ အခုလို ....အခုလို အဖြစ်မှန်ကို သိရတော့...."

ငြိမ်းသည် စကားစ ရှာမတွေ့သူလို ပြောလက်စကို ရပ်လိုက်ပေသည် ။ သေဝပ်ငြိမ်းချမ်းသော အိမ်ငယ်ကလေးထဲမှာ ရုတ်ခြည်း အနေကျုံ့လာသလို မွန်းကျပ်လာသည် ။ ဓာအုပ်စင်ဘေးက ဗီရိုပုလေးဆီ အကြည့်ရောက်လျှင်တော့ တစ်ခဏမျှ အသက်အောင့်လိုက်မိသည် ။ တာရာ ...။

မြင်လိုက်ရုံနှင့် တာရာ ဖြစ်လိမ့်မည် မှန်းသာသော ဓာတ်ပုံသည် ငြိမ်း၏ အာရုံကို ညို့ယူလိုက်ပေသည် ။ ကိုယ်တစ်ပိုင်းပုံ အဖြူအမည်းဓာတ်ပုံဟောင်းထဲက ကလေးငယ်သည် ငြိမ်းထံ ဖြူစင်သော အပြုံးနှင့် ငေးနေသည် ။ စိတ်ကူးထဲ မကြာ မကြာ မှန်းမြင်ဖူးသော ရုပ်ရည်နှင့် တကယ့်ပြင်ပက ရုပ်ရည်ဟာ ကွာတော့ ကွာပါရဲ့ ။ သို့သော် တူညီတာကတော့ အပြုံးပါပဲ။ အပြစ်ကင်းစင်သော တစ်ပါးသူအပေါ် ယုံကြည်ချစ်ခင်တတ်သော အပြုံး။

ထိုအပြုံးသည် ငြိမ်း၏ စိတ်အလျဉ်ကို တစ်ခဏ တန့်စေ၏။ စကားလုံးတို့ ကို တိုက်စားဖြိုချလိုက်သည် ။ မျက်ရည်စတို့ သည် နှလုံးအိမ်ကို စီးဖြတ်လာတော့မလို။ သက်ပြင်းတစ်စ ရှိုက်ချကာ စကားတစ်ခွန်းကို အနိုင်နိုင် အားယူပြောချလိုက်ရပါသည် ။

"ငြိမ်း အိမ်မပြန်တော့ဘူး"

"ဘယ်လို ပြောလိုက်တာလဲ ငြိမ်းရယ်"

မမသက်သည် ငြိမ်း၏ အပါးသို့ အနည်းငယ် တိုးကပ်လာသည် ။

ငြိမ်းသည် မမသက်ကို ငုံ့မကြည့်။ ဝရန်တာကို ကျော်လွန်ကာ ပျဉ်းမပင်ထံ ငေးနေသည် ။

မကြည်ပြာကတော့ ပြောခဲ့ပါရဲ့ ။ အခက်အခဲကြားထဲက ရုန်းထနိုင်တဲ့ သစ်ပင် ...။

ငြိမ်းမှာ တော့ ပျဉ်းမလောက်ပင် သတ္တိရှိမည် မဟုတ်။ ဘဝမှာ လည်း သည် မျှကြီးမားသော အခက်ဆိုတာ ရှိမည် မဟုတ်ပါ။ သည်တော့ ဘာလုပ်ရမည်နည်း။ ရင်မဆိုင်နိုင်သူအဖို့ အကောင်းဆုံးသော လမ်းမှာ အဝေးသို့ ပြေးခြင်းသာ ဖြစ်လိမ့်မည်။

"ငြိမ်း မပြန်ချင်တော့ဘူး မမသက်ရယ်၊ အဖေ့ကို ငြိမ်း မတွေ့ချင်ဘူး၊ အဲဒီလို ပြောလို့ ငြိမ်း ငရဲကြီးမှာ ပဲနော်၊ ဒါပေမဲ့ အခု လောလောဆယ် ငြိမ်း ဘယ်လိုမှ တွေ့နိုင်မှာ မဟုတ်ဘူး ၊ ငြိမ်း..ငြိမ်း အိမ်မပြန်ချင်ဘူး"

လေပြည်တစ်ချက် ဝှေ့ခနဲ တိုက်လျှင် ပျဉ်းမရွက်တို့ သည် တလဲ့လဲ့ လှုပ်နေကြပြန်သည် ။ ခရမ်းရောင်ပန်းပွင့်တို့ သည် နေခြည်၌ လက်ပကာ။

ငြိမ်းသည် မမသက်၏ နွေးထွေးသော လက်များ အုပ်မိုးခြင်းကို သိလိုက်သည် ။ နွေးထွေးမှုသည် လက်ဖျားမှ သည် ရင်သို့ ရောက်သည် ။ ရင်၌ ခိုသော မျက်ရည်တို့ သည် ချစ်ခင်နွေးထွေးခြင်းကိုမှ ဆက်လက် မခံယူနိုင်တော့သည့်သဖွယ် စီးကျလာတော့သည် ။ မဆုံးနိုင်သော ငိုခြင်းကို တစ်ကျော့ ရှိုက်ကာ ရှိုက်ကာ ငိုမိပြန်ပါသည် ။

"တော်ပြီ ငြိမ်းရယ်၊ ငြိမ်း တအားပင်ပန်းနေပြီ၊ ပြန်နားလိုက်ပါလား၊ မမသက် ပြန်လိုက်ပို့ပေးမယ်"

"ငါ ပြန်ပို့ပေးလိုက်မယ် သကဲထား"

ငြိမ်းသည် မကြည်ပြာထံသို့ အကြည့်ရောက်သည် ။ မျက်လုံးနှစ်စုံသည် အတန်ကြာ စိုက်ဆိုင်လျက်။

အတိတ် တစ်ချိန်တုန်းဆီကလည်း ဖခင်နှစ်ဦးသည် ဤသို့ ဤနှယ် အကြည့်ချင်း ဆုံခဲ့ကြလိမ့်မည်။ ထိုမျက်ဝန်းတို့ တွင် အမုန်းတရား ရှိမည်။ မခံချင်စိတ် ရှိလိမ့်မည်။ အကျိတ်အခဲငယ်များ သည် ဖွဲမီးသဖွယ် တငွေ့ငွေ့ လိုက်နေခဲ့လိမ့်မည်။ တရားခွင်မှာ တရားခံနှင့် တရားလိုအဖြစ် ဆုံချိန်ကျပြန်တော့ နာကျင်မှုတို့ သည် ဦးသက်ဆွေ၏ မျက်ဝန်းများ ဝယ် ခုနေမည်။ အမုန်းလည်း ရှိပါလိမ့်မည်။

အဖေ့မှာ တော့ .... အဖေ့မှာ တော့ ကျူးလွန်ခဲ့သော အမှုအတွက် အားရကျေနပ်ခြင်းလည်း ရှိကောင်းရှိလိမ့်မည်။ ပြီးတော့ အဖြစ်အပျက်မည်ကို စိုးထိတ်ခြင်းလည်း ရှိလိမ့်မည်။

ခုတော့ဖြင့် အတိတ်တရားခွင်မှ တရားလိုနှင့် တရားခံ၏ သမီးတို့ သည် တစ်မိုးအောက်မှ လူချင်း ဆုံကြရပြန်သည် ။ မျက်လုံးချင်း ဆုံကြရပြန်သည် ။ စကားများ စွာ ပါဝင်သော မျက်ဝန်းများ ။

မကြည်ပြာ၏ မျက်ဝန်းများ တွင် တင်းမာရိပ်၊ အမုန်းရိပ် မတွေ့ရပါ။ နွေးထွေးခြင်းကို ရှာမတွေ့သော်လည်း စိမ်းသက်ခြင်းလည်း မရှိပါ ။ ထိုမျက်ဝန်းများ ၌ စာနာမှုကို လှစ်ခနဲ တွေ့လျှင် ငြိမ်းသည် အပြစ်မကင်းသူ တစ်ယောက်လို မဝံ့မရဲ ဖြစ်ရပြန်ပါသည် ။ ငြိမ်း၏ မျက်ဝန်းများ ထဲ ခုသော တိုးလျှိုးတောင်းပန်ရာ အရိပ်ကိုလည်း မကြည်ပြာ တွေ့ပါလိမ့်မ

ည်။

"ရပါတယ် မကြည်ပြာရယ်၊ မပို့ပါနဲ့ ၊ အခု လောက် စကားလက်ခံ ပြောတာပဲ ကျေးဇူးတင်လှပြီ၊ အမှန်တော့ ငြိမ်းကို အိမ်ဝကတည်းက ရိုက်ထုတ်ရမှာ ၊ ရိုက်ထုတ်ရင်လည်း ငြိမ်း ခံရမှာ ပါပဲ၊ မကြည်ပြာ နေရာမျာ ငြိမ်းသာဆိုရင် ငြိမ်း ဒီအိမ်ပေါ်တောင် တက်လာရမှာ မဟုတ်ဘူး "

မကြည်ပြာသည် ငြိမ်းနှင့် စဆုံချိန်အတွင်း ပထမဆုံးအကြိမ်အဖြစ် ဖွဖွဖျော့ဖျော့ ပြုံးလိုက်ပေသည် ။

"တို့ ရဲ့ မူရင်းစိတ်ကိုက အဲဒီလို အပြုအမူမျိုးနဲ့ တုံ့ပြန်ဖို့ ခွင့်မပြုပါဘူးခင်ငြိမ်းချမ်းရယ်၊ ဦးမောင်ပြေကိုပဲ ဖြစ်ဖြစ်၊ ဦးမောင်ပြေ မိသားစုဝင်ကိုပဲ ဖြစ်ဖြစ် ဘာမှ မ တုံ့ပြန်ပါဘူးလို့ အမေ့ကို ကတိပေးခဲ့ပြီးသားပဲ ဟာ၊ ရန်ကုန်မှာ မင်းနဲ့ အမှတ်မထင် တွေ့ရတော့ တို့ ဘယ်လိုမှ မထိန်းနိုင်ခဲ့ဘူး၊ ဒါကြောင့် နောက်တစ်ရက် မင်း တွေ့မယ်ဆိုပြီး လာတဲ့ အခါ အဲဒီလို အမုန်းစကားတွေ ထပ်ပြောမိမှာ စိုးလို့ ရယ်၊ မောင်လေး မွေးနေ့ ဖြစ်လို့ ရယ် တို့ ရှောင်လိုက်တာ"

မကြည်ပြာ သုံးစွဲသော နာမ်စား ပြောင်းလာပုံကို ငြိမ်း တဖြည်းဖြည်း သတိပြုမိလာသည် ။ အတွင်းစိတ်သို့တိုင် လှိုက်ခနဲ နွေးရပါသည် ။

"သက်ထားကိုတောင် တို့ အတွက်နဲ့ ဘာလို့ မင်းကို အဲဒီလောက် ပြောလိုက်ရသလဲလို့တောင် တို့ ပြောလိုက်မိသေးတယ်၊ မပြောပါနဲ့ ၊ မုန်းလည်း မမုန်းပါနဲ့ လို့ မင်းမှာ ဘာအပြစ်မှ

မရှိခဲ့ဘဲ၊ မင်းဟာ မိဘရဲ့ အပြစ်အားလုံးကို လည်စင်းခံဖို့ တာဝန်ရှိတယ်လို့ တို့ သတ်မှတ်ရင် မောင်လေးတာရာကို တကယ်မချစ်ရာ ရောက်မှာ ပေါ့ မဟုတ်ဘူး လား၊ မောင်လေးဟာ အဖေ့ကို ငြိုးတဲ့ လူကြောင့် သေရသလို တို့ ကလည်း မင်းကို စိတ်နဲ့ သတ်သလို ဖြစ်မသွားဘူးလား"

"မကြည်ပြာ မသတ်လည်း ငြိမ်းရဲ့ စိတ်က သေခဲ့ပါပြီ မကြည်ပြာရယ်၊ ဘယ်တော့မှ ပြန်ရှင်မယ် ဆိုတာလည်း ငြိမ်း မသိပါဘူး"

မမသက်သည် ငြိမ်း၏ လက်များကို တစ်ချက် ဆုပ်ညှစ်လိုက်ပေသည် ။ အရင့် အရင်က အားပေးစဉ် ပြုံးဖူးသော အပြုအမူမို့ ငြိမ်း၏ ရင်၌ ကြည်နူးစိတ်သည် ဝမ်းနည်းမှုနှင့် တစ်ပြန် တစ်လှည့်စီ အားပြိုင်ကာနေသည် ။

"တစ်ချိန်တုန်းက တို့ ဖြေခဲ့ဖူးသလိုပဲ ပြန်ဖြေပါ ခင်ငြိမ်းချမ်း၊ တို့ စိတ်ဆင်းရဲကြရတယ်၊ စိတ်ဆင်းရဲစရာ ကြုံကြရတယ် ဆိုတာတွေ အားလုံးဟာ အကြောင်းရှိခဲ့လို့ အကျိုးဖြစ်လာတာပါပဲ၊ သံသရာတစ်ကွေ့မှာ ဒီမိသားစုဟာ ပတ်သက်မှု ရှိခဲ့ဖူးလို့ ပါပဲ၊ တို့ အမေက တို့ သံသရာကြွေး သယ်သွားမှာ ကို သိပ်ကြောက်ခဲ့ရှာတာ၊ အမေ ကြောက်တဲ့ အလုပ်ကို တို့ ဘယ်တော့မှ မလုပ်ပါဘူး၊ အကြွေးရှိရင် ဒီဘဝတင် ကျေပါစေတော့လို့ ပဲ တို့ အမြဲ ဆုတောင်းခဲ့တယ်၊ ကျေလည်း ကျေပြီလို့ ယူဆပါတယ်လေ"

ငြိမ်းကတော့ မကျေသေးဘူး ထင်ပါရဲ့ ။ ဘယ်အချိန်အထိများ ဒီသောကကို ပိုက်ပြီး နေသွားရမလဲဟင် ...။

"တစ်ခုတော့ ရှိတာပေါ့လေ၊ အခုအချိန်အထိ ဦးမောင်ပြေကို မျက်နှာချင်းဆိုင် တွေ့ခွင့် မကြုံသေးတာလည်း တို့ ကံကောင်းတယ်ထင်တာပဲ၊ အခုနေသာ ဥပေက္ခာပြုပြီး တို့ နေနိုင်တာ၊ မျက်နှာချင်းဆိုင် တွေ့ရရင်တော့ ဘယ်လို တုံ့ပြန်မိမယ် မသိနိုင်ဘူးလေ၊ လူဆိုတာ သူများ စိတ် မပြောနဲ့ ကိုယ့်စိတ်ကိုယ်တောင် ကြိုတွက်လို့ မရဘူး မဟုတ်လား"

ငြိမ်းသည် အဖေ့မျက်နှာကို ရေးရေးမြင်လျှင် ပြင်ပဋ္ဌ တွေ့ရသူပမာ ယောင်ယမ်းကာ မျက်နှာလွှဲ၏။ အသနားခံသော အကြည့်ကိုပင် အဖေ့မျက်နှာထက် မြင်လိုက်သေးသလိုလို။

သို့သော် သနားစိတ်သည် ငြိမ်း၌ လတ်တလောတော့ ပျောက်ချင်းမလှ ပျောက်ဆုံးနေလေသည်။

"မကြည်ပြာတင် မဟုတ်ပါဘူး၊ ငြိမ်းလည်း အဖေနဲ့ မျက်နှာချင်းဆိုင် မိရင် ဘာတွေ ပြောဖြစ်မယ် မသိဘူး၊ ပြောမိမှာ လည်း ငြိမ်း ကြောက်တယ်၊ ဒါကြောင့် ...ဒါကြောင့် အိမ်မပြန်ချင်တာ"

"မဟုတ်တာ ငြိမ်းရယ်"

ဟု မမသက်က ဝင်ကာဆိုလိုက်သည်။

"ပြန်ရမှာ ပေါ့ ငြိမ်း အိမ်မပြန်လို့ ကော ဒီကိစ္စတွေက ပြီးသွားမယ် တဲ့ လား၊ အခု မပြန်ချင်သေးလည်း တစ်နေ့တော့ ငြိမ်း ပြန်ကို ပြန်ရမှာ ပဲ၊ ငြိမ်း အဖေနဲ့ အခု ငြိမ်းမတွေ့ချင်သေးလည်း တစ်နေ့ကျတော့ ငြိမ်း တွေ့ကို တွေ့ရမှာ ပဲ၊ ဘယ်လိုပဲ ဖြစ်နေနေ၊ အဲဒါ ငြိမ်း အဖေလေ"

"အဖေဆိုတာနဲ့ ပဲ အပြစ်စကား တစ်ခွန်း

တောင် မပြောဘဲ ငြိမ်း အောင့်နေရမလားဟင် ၊ အဖေ အပြစ်ကျူးလွန်ခဲ့ဖူးတယ်ဆိုတာ သိသိကြီးနဲ့ ဘယ်သူ့ကိုမှ မပြောဘဲ ငြိမ်းကပါ အဖေ အပြစ်ကင်းပါတယ်လို့ မသိချင်ယောင် နေရမလား၊ အဲဒါ ငရဲကျတာနဲ့ အတူတူပါပဲ မမသက်ရယ်၊ အဲဒီလို နေရမယ် ဆိုရင် အိမ်ဟာ ငရဲပါပဲ၊ ငြိမ်း မပြန်ပါရစေနဲ့ "

"အခု မပြန်ချင်သေးရင်လည်း မမသက် ပြန်တော့မှ အတူလိုက်ပြန်ဟုတ်လား၊ မမသက်တို့ မြစ်ကြီးနား သွားရင် ငြိမ်း တစ်ခါတည်း လိုက်ရင် လိုက်ခဲ့လေ နော်"

'ဟင့်အင်း ' ဟု ငြိမ်းခေါင်းခါယမ်းလိုက်ပါသည် ။

ဝေ့ဝေ့ဝေသော ငြိမ်း၏ အကြည့်သည် ခြံရှေ့သို့ ရောက်ပြန်သည် ။ သင်တန်းကျောင်း၏ ဆိုင်းဘုတ်ကို နောက်ကျောက မြင်ရပါသည် ။ အဖြူရောင်စာလုံးလေးများ သည် ငြိမ်းအား ငေးမောနေသည့်ပမာ။

'တာရာ' ဆိုသော အမည်သည် ပညာလိုသူတို့ အပေါ် လောဘစိတ် မဝင်စေဖို့ ကိုယ့်ကိုယ်ကိုယ် အသိပေးရာ ဖြစ်ပါသတဲ့ ။ မကြည်ပြာက ဆိုခဲ့သည် ။ သည် လိုဆိုရင်ဖြင့် အကောင်အထည်လိုက် မြင်နေရသော ငြိမ်းသည် မကြည်ပြာအတွက် အဖေ့အား အစဉ် သတိရ နာကျင်စေရာသာ ဖြစ်လိမ့်မည်။ အေးငြိမ်းရာ အေးငြိမ်းကြောင်း ဥပေက္ခာတရားနှင့် နေထိုင်ရန် ကြိုးစားခဲ့သူမှာ ငြိမ်းကို တွေ့လေတိုင်း သူ့ကိုယ်သူပင် မသိနိုင်သော ပူလောင်ခြင်း ဖြစ်ရလိမ့်မည်။

ငြိမ်းကို မြင်ရ၊ တွေ့ရတာ ဒီနေ့ နောက်ဆုံး

ပ် ဖြစ်ရပါစေမယ် မကြည်ပြာ ...။ နောင် မကြ ည်ပြာရေ့ကို ငြိမ်း ဘယ်တော့မှ ပြန်ပေါ်လာမှ မဟုတ်တော့ပါဘူး ...။

သည် စကားကိုတော့ ဖွင့်ဟ မဆိုမိခဲ့။

သို့သော် အပြန်အလှန် စိုက်ဆုံငေးမော သော မျက်ဝန်းများအားဖြင့် မကြည်ပြာ နားလ ည်ခဲ့ပါလိမ့်မည်။

***

နေလုံးနီနီသည် မြစ်ပြင်နှင့် ထိစပ်တော့မ ည်။

ရွှေအိုရောင်၊ လိမ္မော်ရောင်၊ ခရမ်းရင့်ရောင် ၊ မီးခိုးရောင်ရောသော တိမ်အုပ်သည် နေလုံးနီ ကို နောက်ခံထားတာ အနောက်ဘက် ကောင်း ကင်ဝယ် တန်ဆာဆင်နေကြလေသည်။

ထိုထိုသော အရောင်စုံတို့ သည် မြစ်ပြင်သို့ အရိပ်ထင်ကာ လှုပ်သော လှိုင်းဝယ် လူးကာ လိမ့်ကာ ။ ဧရာဝတီမြစ်ပြင်သည် အစဉ်လှမြဲ ဖြစ်သော်လည်း နေဝင်ချိန်မှာ တော့ ထိုအလှ က အပြည့်စုံဆုံး ဖြစ်ပါလိမ့်မည်။

ကမ်းနားတွင် တော့ မော်တော်၊ စက်လှေများ နည်းပါးခဲ့ပြီ။ ကမ်းနားမှ ညစ် သော ရေပြင်ဝယ် ကလေးတစ်သိုက် ရေဆော့ နေကြသည် ။ မော်တော်အကြီးတစ်စီးတလေ ဖြတ်လိုက်လျှင် ရေပြင်သည် လှုပ်ခတ် လှိုင်းထ လျက် ကျန်ရစ်ခဲ့တတ်သည် ။

ရေသည် ကမ်းစပ်က မြေသို့ ပုတ်ကာ တစ် ဖန် လိမ့်ဆင်းကာ အဆင်းအတက် ခြေရာများ စွာသည် ဆိပ်ကမ်းမြေဝယ် နစ်ထင်လျက်။

ငြိမ်းသည် ကုက္ကိုမြစ်ဆုပေါ် ငူငူငိုင်ငိုင် ထိုင်၍ နေသည် ။ မြစ်ကို ငေးငေးရီရီ။ စိတ်သည် ကုက္ကိုရွက်လေးများ ကြွေသက်သလိုပင် လွင့်လျက်။

စက်လှေတစ်စီးသည် မြစ်ကို ဆန်တက်စပြုနေသည် ။ တာပိန်မြစ်ထဲသို့ ဝင်လိမ့်မည်။ ထို့နောက်တော့ မြစ်လက်တက် ဖြစ်သော ချောင်းငယ်များ သို့ဝင်ကာ ချောင်းရိုးတစ်လျှောက်က ရွာတစ်ရွာရွာတွင် ခရီးဆုံးလိမ့်မည်။ ထိုစက်လှေပေါ်ဝယ် အိမ်အပြန် ခရီးနှင်နေကြသူများ ပါလိမ့်မည်။ မြို့သို့ ဈေးရောင်းလာသူ ပါမည်။ ဈေးဝယ်ပြန်သူလည်း ပါလိမ့်မည်။ သူတို့ သည် ရွာသို့ ရောက်လျှင် ခရီးဖော်ချင်း စကားပြောဆို နှုတ်ဆက်ကာ နေအိမ်များ သို့ ဦးတည်ကြလိမ့်မည်။ ထိုအိမ်များ တွင် တော့ သူတို့ အပြန်ကို မျှော်နေသူ အိမ်သူအိမ်သားများ ရှိပလိမ့်မည်။

ငြိမ်းသည် နှုတ်ခမ်းကို တင်းတင်းစေ့ကာ စက်လှေကလေး တဖြည်းဖြည်း ဝေးသွားပုံကို မှုန်မှုန်ရီရီ ငေးနေသည် ။ ထိုခရီးသွားတို့ မှာ ပြန်စရာအိမ်ရှိသလို သူ့မှာ မရှိဟု ဘာကြောင့်ခံစားရပါသနည်း။

ယုတ်စွအဆုံး ကုက္ကိုရွက်ကြွေများ ပင်ကြွေသက်ကျဆင်းစရာ မြေပြင်ရှိသေးသည် ။ ငြိမ်းမှာ တော့ ရွက်ကြွေလို မျောလျှင်ပင် ဘယ်မြေပြင်သို့လွင့်လွင့် ကြွေရမည်နည်း။

ငြိမ်းမှာ အိမ်မရှိ။ အိမ်မရှိဟု တွေးလိုက်ရသော အချိန်လောက် နာကျင်စရာ ကောင်းတာမရှိပါ။ စိတ်နှလုံး လွတ်လပ်ပေ့ပျော်နိုင်ခြင်း ရှိတော့မည် မဟုတ်သော အဆောက်အအုံသည်

ငြိမ်းအတွက် အိမ် မဟုတ်တော့ပြီ။

ခုချိန်အထိ အိမ်ပြန်ဖို့ ရာ ငြိမ်းမတွေးနိုင်။ အိမ်ရောက်လျှင် အဖေ့မျက်နှာကို ဘယ်လို ရင်ဆိုင်ရမည်ဆိုတာ ငြိမ်း မသိတတ်နိုင်။ သိခဲ့ပြီဖြစ်သော အမှန်တရားသည် ရင်၌ ပြင်းပြင်းထန်ထန် ရိုက်ခတ်ဆဲ။

အဖေ့နေရာမှာ သာ အခြားသူစိမ်းတစ်ယောက် ဆိုလျှင် ငြိမ်း အင်မတန် စက်ဆုပ်မိလိမ့်မည်။ လုပ်ရက်လေခြင်းရယ်လို့ လက်သျှိုးငေါက်ငေါက် ထိုးကာ ပြစ်တင်စွပ်စွဲမိလိမ့်မည်။ လွန်ကျူးခဲ့သော အပြစ်တို့ ကို ခုပင် ဖော်ထုတ်ကာ အပြစ်တစ်ဖန် ကျသင့်လိုက်စေချင်သည်။

ခုတော့ ထိုသူ .... ထိုသူသည် ဖခင် ဖြစ်နေခဲ့ပြီ။ အမှန်တရားကို ချစ်မြတ်နိုးစိတ်နှင့် ဖခင်ဟု သိတတ်စိတ်သည် ငြိမ်း၏ ရင်၌ ဖြောင်းဖြန်အောင် လွန်ဆွဲလျက် ရှိလေသည်။

ရန်ကုန် ရောက်သည် အထိ သည် ခံစားချက် ပြောင်းလိမ့်မည် မဟုတ်။ အဖေ့မျက်နှာကို မြင်သည် အထိ ပြောင်းလိမ့်မည် မဟုတ်ပါ။ သည် တော့ ဘာဖြစ်မည်နည်း။

တစ်ချိန်က တာရာ့ကို သတ်ခဲ့ချိန်တုန်းက တာရာ နာကျင်သလို တာရာ့မိသားစု နှစ်များစွာ ကြိတ်မှိတ်ခံစားခဲ့ရသလို အဖေသည် ငြိမ်း၏ စကားလုံးများအားဖြင့် ထပ်တူထပ်မျှ နာကျင်ရပေလိမ့်မည်။

မွေးသဖခင်အား ထိုထိုသော စကားများကို ငြိမ်း မည်သို့ မည်ပုံ ပြောထွက်မည်နည်း။ ပြောရက်မည်နည်း။ မပြောနိုင်သည် နှင့်အမျှ လက်ခံသိုဝှက် ရသူမှာ စက္ကန့်နှင့်အမျှ ဆင်းရဲခြင်း ဖြ

စရမည်။

အိမ်သည် ငရဲပမာ ပူလောင်သောအရပ် ဖြစ်လာလိမ့်မည်။

သည် တော့ ငြိမ်းမှာ အိမ်ပြန်လိုစိတ် မရှိ။

***

ခြေချင်းဝတ် ထမီအနားစမျှသည် ပေါင်လယ်အထိ မြစ်ရေဖြင့် စွတ်စိုလျက်။ ခြေချင်းဝတ်က ပတ်တီးသည် လည်း ရေစိုကပ်လျက်။ လေပြေသွဲ့သွဲ့တိုးတော့ ခန္ဓာက အေးလှသည်။

ငြိမ်းသည် ချွတ်ထားခဲ့သော ဖိနပ်ကို ပြန်စွပ်ကာ သစ်မြစ်ဆုံဝယ် ထိုင်မြဲလို ထိုင်ချလိုက်ပြန်သည်။

ကလေးတို့ သည် မြစ်ရေထဲ တရွှေ့ရွှေ့ ဆင်းကာ ပေါင်လယ်ခန့်ရှိသော ရေပြင်မှာ တွေတွေရပ်လျက် ငိုင်ငေးကာ နောက်တော့ ကမ်းအပေါ်ပိုင်းသို့ တအိအိ ပြန်တက်သည့် ငြိ

မ်းထဲ အနံ့အားတသင့် ငေးမောနေကြဟန် ရှိပါသည် ။

ကလေးတွေမှာ သာ မဟုတ်။ ငြိမ်းလည်း ကိုယ့်ကိုယ်ကိုယ် နားမလည်ပါပေ။ ဘာကြောင့် ရေထဲ ဆင်းမိမှန်း မသိ။ ရေထဲရောက်တော့လည်း တွေတွေရပ်ရင်းက တွေ့လိုက်မည်ဆိုသော စိတ်မျိုးပါကောင်းပါလိမ့်မည်။ ဝေဝေဝါးဝါး။ ပြန်တက်ချိန်မှာ တော့ သေခြင်းတရားကို ကြောက်စိတ်နှင့်လည်း မဟုတ်။ ဘာများ ပါလိမ့်။ နှစ်လိုဖွယ် မဟုတ်တော့သော ဘဝကို မစွန့်ရက် စွန့်ရက် တွယ်တာမှုလေလား။

ငြိမ်း မသိပြီ။

မြစ်ကမ်းနားက ကုက္ကိုပင်ရိပ်မှာ ထိုင်ကာ မြစ်ကို ငေးမောပြန်တော့ မြစ်ပြင်က ညှို့နေသလို စိတ်က ထင်လာပြန်သည် ။ ကုက္ကိုဖြစ်အသားကို လက်နှင့် ဖွဖွတို့ ထိမိသည် ။ အမြစ်ဆိုင်နှစ်ခုအကြားမှာ တော့ ကုက္ကိုရွက်ကြွေလေးများ ။ တစ်ရွက်ကို ကောက်ယူကာ လက်ဝါးပေါ် တင်ကြည့်မိသည် ။ သည် ရွက်ကြွေမှာ အချိန်တန်၍ ကြွေသော ရွက်ကြွေလား။ အချိန်မတန်ပါဘဲ ကြွေလိုစိတ် သက်သက်ကြောင့် ကိုယ့်ကိုယ်ကိုယ် ခြွေချခဲ့တာလား။

ငြိမ်းသည် ကုက္ကိုရွက်လေးကို တစ်ဖန် ပစ်ချလိုက်သည် ။ အပင်ထက်က ဝဲလွင့်လာပြန်သော ရွက်ကြွေများကို လိုက်လံ ငေးမေနေသည် ။ မြစ်ပြင်မှာ တော့ နေလုံးနီနီသည် သူ့အလင်းကို သိမ်းစပြုပြီ။ မကြာခင် မှောင်ရိပ်ိုးတဝါး ညဦး ဆိုက်ရောက်တော့မည်။ လမ်းမီးများ လင်းတော့မည်။

ကလေးတစ်သိုက်သည် ရေထဲက တက်လာကြသည် ။ သူတို့ အဝတ်လဲရန် ပြင်နေကြသည် ။ စောစောက အဝတ်လျှော်နေသော မိန်းမတစ်ဦးသည် အဝတ်ဇလုံကိုပိုက်ကာ လှေကားထစ်များ တစ်လျှောက် တက်လာသည် ။ ကလေးတို့ သည် လည်း လှေကားထစ်သို့ ဦးတည်လာသည် ။

သူတို့ အိမ်ပြန်ကြတော့မည်။ ငြိမ်းကကော ဘယ်ပြန်ရမည်နည်း။ ငြိမ်း၏ အိမ်သည် ဘယ်အရပ်မှာ နည်း။

အမေ ... အမေ ....။

ရင်၌ ဟစ်ကာ ဟစ်ကာ အော်ချင်စိတ်သည် ဘူရှုးပမာ ရုန်းကြွကာ ပြန်သည် ။ အပူသောက ငြိမ်းကို အမေ မြင်သလား။ အဖြေရှာရန် လာပါလျက်က ကိုယ်တိုင်ပင် အဖြေ မရတော့သလို ဝက်ပါအရပ်၌ အထပ်ထပ် ပိတ်မိနေသော သမီးကို အမေ မြင်ပါသလား။

အမေသည် တိမ်ရောင်စုံတို့ နောက်မှာ ပုန်းခိုနေရာက မျက်နှာပြလိုက်သလို ငြိမ်း ထင်လာသည် ။ တိမ်ရှိရာအရပ်သို့ ပြုံးကာ ကြည့်မိသည် ။ အမေ့ အပြုံးမှာ ဝမ်းနည်းရိပ်လည်း ထင်သားပဲနော်။ အမေဟာ ငြိမ်းထက် စောပြီး အမှန်တရားကို သိခွင့်ရခဲ့မှာ ပေါ့ ...။ အမှန်တရားကို သိလိုက်ရတုန်းက အခုငြိမ်း နာကျင်ရသလို အမေ နာကျင်ခဲ့မှာ ပဲ ...။ခုတော့ အမေ့သမီးငြိမ်းဆီ သံသရာဟာ တစ်ပတ်လည်ခဲ့ပါပြီ။

"ငြိမ်း"

ခေါ်သံသည် ဘယ်အရပ်ဆီက လာပါသနည်း။ တိမ်တို့ ဆီကလား။ ဒါမှ မဟုတ် အိပ်တန်းပြန် ငှက်တွေကြားကလား။

ငြိမ်းသည် အဝေးသို့ပင် ငေးကြောင်မြ။

'ငြိမ်း' ဟု ဒုတိယအကြိမ် ခေါ်သံထွက်ပေါ်လာတော့မှ တိမ်၊ ငှက် စသော အဝေးမြင်မှ သည် အနီးသို့ စိတ်ရောက်သည် ။ မော့ကြည့်မိသည် ။ မထင်မှတ်သူကို မြင်သည် ။

ငြိမ်းသည် မျက်လုံးအစုံ ဝန်းဝိုင်းကာ ကိုမိုးညဏ်အား မော့ကြည့်နေပါသည် ။ မျက်ရည်ရစ်သော၊ အသက်မဲ့သူပမာ ငေးတိငေးကြောင်နိုင်သော မျက်လုံးများကို မြင်လေသလား။ သူသည် အရိုက်ထိသူပမာ။

"ဘယ်လိုက ဘယ်လို"

ငြိမ်း၏ အသံမှာ တွန့်ဆုတ်ဆုတ်။ အချိန်အတန်ကြာ မေ့မျောနေရာက သတိလည်သူပမာ မျက်ဝန်းများ အသက်ဝင်စပြုလာသည် ။ သူတို့ရှေ့မှာ တင် အမှန်တရား ပေါ်ပေါက်ခဲ့ဖူးကြောင်း သတိရလာသည် ။

သစ်စုရွာ၊ ဦးဖေအောင်၊ မရီ ...။

ရှက်စိတ်၊ ဝမ်းနည်းစိတ်နှင့်စကားမျှ မဆက်နိုင်ပြီ။ မြစ်ကိုသာ ငေးမိပြန်သည် ။ အနီးတွင် သူ ဝင်ထိုင်မှန်း သိလိုက်သည် ။ သို့သော် ငဲ့မကြည့်။

"တော်သေးတာပေါ့၊ တည်းခိုခန်းကနေ မပြန်ခင်ကတည်းက ဘယ်သွားတယ်၊ ဘယ်လာတယ် သေချာကြည့်ထားပေးပါလို့ မနိုင်ကမှာ ခဲ့လို့ သာပေါ့၊ တာရာက ပြန် လာပြီး ကမ်းနားမှာ ဆင်းနေခဲ့တယ်လို့ ကယ်ရီကောင်လေးက ပြန်ပြောသတဲ့ ၊ တည်းခိုခန်းက ဖုန်းလှမ်းဆက်တာနဲ့ ကျွန်တော် လိုက်လာတာ၊ ညကျရင် မခိုင်ရယ်၊ ကိုနိုင်ဦးရယ် လိုက်လာလိမ့်မယ်"

"မလာကြပါနဲ့ ၊ ငြိမ်း ဘယ်သူ့မှ မတွေ့ချင်

ဘူး"

"ဒီလို မပြောပါနဲ့ ငြိမ်းရယ်၊ ကျွန်တော်က တော့ ထားပါ၊ သူတို့ ဆို တွေ့ရတာ ဘယ်လောက် ကြာသေးလို့ လဲ၊ ငြိမ်းအပေါ် ညီမလေးတစ်ယောက်လို သဘောထားကြတယ် မဟုတ်လား "

အို ... ။ ငြိမ်းဟာ မေတ္တာတရားနဲ့ နည်းနည်းမှ မထိုက်တန်တဲ့ သူပါ။

ရှက်ကြွေတို့ သည် ဝေကာ ဝဲကာ မြစ်ပြင်သို့ ဆင်းသက်ပြန်သည် ။ ရေပြင်သည် ငြိမ်းအား ညို့ပြန်သည်ပမာ။ ဇောဇောတုန်းက မြစ်ထဲက ဘာကြောင့်များ ပြန်တက်လာရသနည်း။ လောကမှာ အသက်ရှင်ဖို့ ရာ လုံလောက်သော အကြောင်းပြချက် ကျန်သေးသလား။

မကြည်ပြာတုန်းကတော့ အမေနှင့် အမေ

ကို သတိရတာ ရူးလုလု နေ့ရက်များ ထက် ငွတ်လာပါသတဲ့ ။ ခုတော့ ငြိမ်းဟာ ဘယ်သူ့အတွက် အသက်ရှင်ရမလဲ။ အဖေ့အတွက်လား ...။

"မှောင်တော့မယ် ငြိမ်းရယ်၊ ပြန်ရအောင်၊ ကြည့်စမ်း၊ ရေတွေလည်း စိုလို့ ၊ ရေထဲ ဆင်းထားတာ မဟုတ်လား၊ အအေးပတ်လိမ့်မယ် ပြန်ရအောင်နော် ငြိမ်း"

သူ့အသံသည် အခါခါ ကြားဖူးစဉ်ကထက် နူးညံ့လိုက်လှဲလျက်ရှိသည် ။ နားနှင့် ဆတ်ဆတ် ကြားရသော်လည်း မယုံ။ အိပ်မက်ဟု ပင် စိတ်က ထင်သည် ။ ငြိမ်း၏ ဘဝအမှန်ကို သိပြီးသော်လည်း ဘာကြောင့်များ ငြိမ်းအား စိတ်မပျက်သနည်း။ တဒင် စိတ်ချမ်းသာအောင်ပဲ ဟန်ဆောင်ပေးနေသလား။ မလိုအပ်ပြီလေ။

ငြိမ်း ကျေနပ်နိုင်လိမ့်မည်။ ငြိမ်းသည် ထိုထိုသော တုံ့ပြန်မှုများ နှင့်သာ ထိုက်တန်သူ။ အဖေ့အပြစ်အတွက် သည် မျှတော့ ပေးဆပ်ရလိမ့်မည်။ သည် ခဏမှာ ဟန်ဆောင်နှစ်သိမ့်၊ နောက်တော့ တည်သောကမ္ဘာ၊ မပျက်သယောင် ယုံကြည်မိခါမှ ရှောင်ခွာပြေးလျှင် ပိုနာရလိမ့်မည်။

ထားမယ့် ထားတော့လည်း ခုကတည်းက ထားခဲ့လိုက်ပါတော့ ...။

သံသယရန့်များ စွက်သော လေပြည်သည် နှစ်ဦးအကြား တိုက်ခတ်နေသည့်နှယ်တည်း။ ငြိမ်းသည် သူ့မျက်နှာဆီ အဖြေရှာသော မျက်လုံးများ နှင့် စေ့စေ့ကြည့်နေသည် ။ နူးညံ့သော မျက်ဝန်းအစုံကို မြင်ပါလျက် အကာအရံတစ်ခု

"ငြိမ်း မပြန်ချင်ဘူး"

"မပြန်ချင်ရင်လည်း ခဏ ထိုင်နေဦး ခြေထောက် နာနေသေးတယ် မဟုတ်လား၊ ကျွန်တော် ပြန်ပို့ပေးမယ် စောင့်ပေးမယ်"

"မစောင့်နဲ့ ပြန်၊ မလိုဘူး အခုလည်း မစောင့်နဲ့ ဘယ်တော့မှ လည်း မစောင့်နဲ့ ငြိမ်းအနားကိုလည်း ဘယ်တော့မှ မလာနဲ့ ၊ နောက်ထပ် မတွေ့ချင်ဘူး"

မယုံ့ဘူးလား ...။ ဒီစကား ပြောလိုက်သူက ငြိမ်းလို့ မယုံ့ဘူးလား။

ငြိမ်းသည် သူ့မျက်ဝန်းထဲက အံ့အားသင့်မှု၊ အလစ်အငိုက်အထိုးခံလိုက်ရသလို နာကျင်မှုကို အရသာရှိရှိ စိုက်ကာ ကြည့်နေသည် ။ ကို

ယ်တိုင်နာကျင်ရဖန်များ တော့ တစ်ပါးသူ နာ
ကျင်တာကို မြင်ရရက်ရေ စောင့်ကြည့်လိုစိ
တ် ခေါ်မလား။ တစ်မျိုးတစ်ဖုံသော စိတ်သည်
ငြိမ်းတွင် ထူး၍ ပေါ်ပေါက်နေပေသည် ။

"ဘယ်လိုများ ပြောလိုက်ရတာလဲ ငြိမ်းရယ်
"

"ကြားတဲ့ အတိုင်းပဲ"

"အခုပြောတဲ့ စကားဟာ ငြိမ်းရဲ့ တကယ့်စိ
တ်ထဲက လာတာမဟုတ်ပါဘူး၊ ကျွန်တော် သိ
ပါတယ်၊ ငြိမ်း မညာပါနဲ့ "

"အိုး .... ငြိမ်း အမှန်အတိုင်း ပြောနေတာ၊
ညာစရာ ဘာအကြောင်းမှ မရှိဘူး"

ငြိမ်းသည် အကြည့်ကို ဆတ်ခနဲ လွှဲကာ မြ
စ်ရေစပ်ကို ကြည့်သည် ။ ထို့နောက် ရေယ်က

သဲသောင်ကျွန်းသို့ ရောက်သည် ။ အနောက်ဘ
က် ကောင်းကင်အနားသတ်ကို အကြည့်ရွှေ့သ
ည် ။ နေလုံး ပျောက်ခဲ့ပြီ။ အနီရောင်၊ ခဲရောင်
အသွေးတို့ သည် လက်ကျန်အဆင်းဖြင့် မရဲတ
ရဲ ဝင်းပကာ။

မြစ်ရေနှင့် ကောင်းကင် အနားသတ် ထိစပ်
နေသော နေရာသို့တိုင် လျှောက်သွားရလျှင် ထို
အရပ်၌ အေးငြိမ်းလွတ်မြောက်မှုများ ရှိလေမ
လား။

"ကျွန်တော် ငြိမ်းအပေါ် ထားတဲ့ သံယောဇ
ဉ်ကို သိရက်နဲ့ ဒီစကားမျိုး ငြိမ်း ပြောထွက်တ
ယ်နော်၊ ကျွန်တော့်မှာ ဘာအပြစ်ရှိခဲ့လို့ လဲ
ပြောပါဦး"

ဟင့်အင်း ...။ ဘာအပြစ်မှ မရှိခဲ့ပါဘူး။
အပြစ်ရှိချင်းရှိရင် ငြိမ်းမှာ သာ ရှိပါတယ် ...။

"သဲယောဇဉ်လည်း ထားမနေပါနဲ့၊ ငြိမ်းတို့ဟာ နဂိုကတည်းက သူစိမ်းတွေပဲ၊ မတွေ့တာကြာတဲ့ အခါ ဒီလိုပဲ မေ့သွားကြမှာ ပဲ"

"ရမလား ငြိမ်း ဟင်၊ ခင်ဗျား အဲဒီလို ပြောရုံနဲ့ ကျွန်တော်က အခု ကျွန်တော့်ခြေလှမ်းတွေ အကုန်ရုပ်ပြီး အရင်လို ဘာမှ မပတ်သက်ကြတဲ့ သူစိမ်းတွေလို နေလိုက်ရမယ် အဲဒီလိုလား"

ဟော ... မြစ်ရေမှာ ပေါ်လာတာ ရုပ်ရှင်ပိတ်ကားလားကွယ်။

ထိုပိတ်ကားပေါ်ဝယ် ငြိမ်းကိုယ်ငြိမ်း ပြန်မြင်သည် ။ ယောကျ်ားသား တစ်ဦးအတွက် ဆန်းသော ခံစားစိတ်နှင့် မပြုံးစဖူး ညွတ်ညွတ်နူးနူး ပြုံးခဲ့သော ငြိမ်းကိုယ်ငြိမ်း ပြန်မြင်သည် ။ သဲယောဇဉ်၏ ခြယ်သမှုနှင့် ဆေးရောင်စုံလာခဲ့သော ငြိမ်းကိုယ်ငြိမ်း ပြန်မြင်ရသည် ။

မှတ်တမ်းရုပ်ရှင်က ပုံရိပ်တစ်စ၊ မျက်ရည်ပြီးတော့ မှောင်ရိရိပ်က နူးညံ့သော မျက်ဝန်း၊ အဖန်ဖန် ပေါ်ပေါက်ဖူးသော အမှတ်မဲ့ ဓာတ်ကွက်များ တရွေ့ရွေ့ နီးကပ်ဖူးသော ခြေလှမ်းများ ဗိုလ်ချုပ်လမ်းက ပန်းနုရိပ်ရိပ် ညနေခင်း နောက်တော့ နေ့နေ့ညည မမြင်ရစေကာမူ စိတ်ချင်း စာချင်း ဆက်သွယ်ခဲ့ဖူးသော နေ့ရက်များ ။

မြိုင်သာယာကို သူ ရောက်လာတဲ့ ဒီမနက်တုန်းကများ ဘယ်လောက်တောင် စိတ်ခွန်အား ရခဲ့သလဲ။ သူ့မျက်နှာ မြင်ရတဲ့ အခိုက်အတန့်ဟာ အခက်အခဲ မှန်သမျှ ရင်ဆိုင်နိုင်တော့မလိုပဲ။ အတိတ်ဝက်ပါကြားကနေ ခေါ်ထုတ်ဖို့ရာ သူ ရောက်လာသလိုပဲ။ သစ်စုအသွား ခရီးတုန်းကဆို သူ့ဆိုင်ကယ်နောက်က

ထိုင်လိုက်ပြီး ကျောပြင်ကို ခဏဖြစ်ဖြစ် မှီချင်စိတ်တောင် ပေါက်ခဲ့သေးတယ်။ ခုတော့ ....ခုတော့ အရာရာ ရပ်တန့်ဖို့ ရာ ထုတ်ပြောရတာ ဘယ်လောက် ရင်နာစရာကောင်းပါလိမ့်...။

ငြိမ်းသည် နောက်ဆုံးတော့ ဆက်လက်မြင်နိုင်စွမ်းမရှိသော ပိတ်ကားကို ဖျောက်ရပြန်သည် ။ ခေါင်းငိုက်စိုက်ချမိသည် ။ သူ့ထံ မော့ကြည့်လိုစိတ်မှ မရှိ။ တွေတွေငေးငေး ကြည့်သော သူ့မျက်ဝန်းများကို ရင်ဆိုင်နိုင်မည် မဟုတ်ပါ။ ထိုမျက်ယန်းများ နှင့် ရင်ဆိုင်တွေ့လျှင် အားအင်မရှိတော့သူပမာ သူ့ပခုံးကို မှီမိလိမ့်မည်။

"အခု ခင်ဗျား ပြောနေတာက ခင်ဗျား စိတ်ထဲက ပါတဲ့ စကားတွေ မဟုတ်ပါဘူး ငြိမ်းရယ် ၊ ကျွန်တော် သိပါတယ်၊ အမှတ်မထင် သိလိုက်ရတဲ့ ကိစ္စတွေ၊ မျှော်လင့်မထားတဲ့ ဟာတွေကြောင့်မို့လို့ သွေးပျက်ပြီး ပြောမိပြောရာ ပြောနေတာ မဟုတ်လား"

ငြိမ်းသည် ခေါင်းမညိတ်၊ ခေါင်းမခါ။ ငေးရီရီ ငူငိုင်ငိုင်။ သစ်မြစ်ဆုံပေါ် တင်လာသော ရွက်ကြွေတစ်ရွက်ကို စိတ်မှတ်မဲ့ သပ်ချလိုက်ပါသည် ။

"ကျွန်တော် ပြောမယ် ငြိမ်း၊ ငြိမ်းဟာ ဘယ်သူ့သမီး ဖြစ်တယ်ဆိုတာ ကျွန်တော့်အတွက် အရေးမကြီးဘူး၊ ငြိမ်းအဖေ အပြစ်ကျူးလွန်ခဲ့တယ် ဆိုတာလည်း ကျွန်တော့်အတွက် အရေးမကြီးဘူး၊ နောက်ဆုံး ကုန်ကုန်ပြောမယ်၊ ဒီအပြစ် ကျူးလွန်ခဲ့ဖူးတဲ့ သူဟာ ငြိမ်းကိုယ်တိုင်ပဲ ဆိုရင်တောင် ကျွန်တော့်အတွက် အရေးမကြီးပါဘူး"

သူ့အသံသည် အမှောင်ဦးသို့ ချင်းနင်း ဝင်

ရောက်လာသော ဝန်းကျင်ဝယ် ဖြည်းဖြည်းမှန်မှန် ပေါ်ပေါက်နေသည် ။ နူးညံ့သော လေသံသည် ငိုင်သော ငြိမ်းအား လှုပ်နှိုးလိုက်သလို လူက ဆတ်ခနဲ တုန်ယင်ရသည် ။ လက်ချောင်းလေးများ သည် တဆတ်ဆတ် တုန်ကာ သစ်မြစ်ဆုံ အသားပြင်ကို ဆက်လက်မထိတွေ့နိုင်သည့်ပမာ တန့်သွားသည် ။ သူ့စကားသံသည် တစ်ခဏမျှသာ နား၏။ နောက်တော့ မပြတ်သော ရေအလျဉ်နှယ်။

"ကျွန်တော် သံယောဇဉ် ဖြစ်မိခဲ့တာဟာ ခင်ငြိမ်းချမ်း ဆိုတဲ့ မိန်းကလေးတစ်ယောက်ကိုပါ၊ သူ့ရဲ့ အပေါ်ယံ သတ်မှတ်ချက်တွေကို မဟုတ်ပါဘူး ငြိမ်းရယ်"

ငြိမ်းသည် လှိုက်ခနဲ တုန်ယင်သော စိတ်နှင့် မျက်နှာကို လက်ဝါးနှစ်ဖက်ဖြင့် အုပ်မိသည် ။

လက်ချောင်းကလေးများ သည် တဆတ်ဆတ် တုန်ယင်ဆဲ။ တစ်နေ့တာ၏ နောက်ဆုံး တာဝန်ရှိနေသေးသလို ခိုအောင်းကျန်ရစ်နေပုံရသော မျက်ရည်တို့ သည် လက်ချောင်းများ အကြားကပင် တိုးကာ ပါးပြင်သို့ စီးကျ လာပြီ ။ ပခုံးနှစ်ဖက်ပင် တုန်ယင်အောင် ရှိုက်မိပြီ။

သူသည် တစ်ခဏမျှ ငြိမ်နေ၏။ နောက်တော့ ငြိမ်း၏ လက်တို့ ကို ဆွဲဖယ်လိုက်သည် ။ ထွေးဆုပ်လိုက်သည် ။ နောက် မျက်ရည်တို့ ကို ညင်သာစွာ ပွတ်သုတ်နေသည် ။

ငြိမ်း၏ တင်းမာဟန် အကာအရံသည် ပွင့်ထွက်ခဲ့လေပြီ။ ရင်မှ စစ်မှန်ခြင်းကို တစ်ခွန်းတလေပင် ကိုယ်စားမပြုသော စကားတို့လည်း မဆိုလိုတော့ပြီ။ရှိုက်သံသည် လည်း တဖြည်းဖြည်း ကျဲပါးကာ တိုးသဲ့ကာ။

စကားတစ်ခွန်းသည် လည်ချောင်းဝကို အားနှင့်ခွန်နှင့် တိုးဖြတ်လာရသည့်ပမာ ငြိမ်းထံမှ အလောတကြီး ထွက်ကျလာပေသည် ။

"ငြိမ်း အိမ်မပြန်ချင်ဘူး၊ ရန်ကုန်အိမ် မပြန်ချင်ဘူး"

***

'ညှို့သည် ရောက်နေပါတယ်' ဆိုသော သတင်းစကားကြောင့် အခန်းထဲက ထွက်လာသော ငြိမ်းသည် ညှို့ခန်းကို ဆီးမြင်ရသည့် လှေကားအချိုးအကွေ့ မရောက်မီအထိ ညှို့သည် ဆိုတာ မသန္တာခိုင်တို့ ဇနီးမောင်နှံ ဖြစ်မှာပါပဲ ထင်ခဲ့သည် ။ အားနာစိတ်ကြောင့်သာ မဆင်းချင် ဆင်းချင် ဆင်းလာရပါသည် ။ စိတ်သည် လုံးလုံးငြိမ်သက်ပြီ မဆိုနိုင်။

သို့သော် သေခြင်းတရားနှင့် ပြေးမဟွ့ရိမလိုလို၊ လွတ်မြောက်ရာ ရှာရမလိုလို စိတ်အခြေအနေတော့ လွတ်ခဲ့ပြီ။

ကတ်သတ်ကျန်မြဲဖြစ်သော ထွေတေတေစိတ်နှင့်မို့ ညှို့ခန်းသို့ပင် မျှော်မကြည့်ဖြစ်။ နောက်ဆုံး လှေကားထစ် လွန်မြောက်ချိန် ညှို့ခန်းသို့ လှမ်းကြည့်လိုက်ချိန်မှာ တော့ သည် ခရီးစဉ်တစ်လျှောက် တွေ့ဖို့ ရာ လုံးလုံး မမျှော်လင့်ခဲ့သူမို့ ငြိမ်းမှာ ပါးစပ် အဟောင်းသား ဖြစ်ရလေသည် ။

"ဦးဦးမျိုးတင်"

ငြိမ်းသည် နှုတ်မှ လွှတ်ခနဲ ခေါ်မိကာ နေရာမှာ တင် တုံ့ရပ်မိသည် ။ ညှို့ခန်းက ဆိုဖာထက်ဝယ် မြင်နေကျ ဖျက်နှားထားနှင့် မဟုတ်မှဘဲ တစ်မျိုးသော အမူအရာဆောင်သည့် ဦး

ဦးမျိုးတင်သည် သက်သောင့်သက်သာ မရှိလှသော ထိုင်ပုံမျိုးနှင့် ထိုင်လျက်ရှိလေသည်။

တုံ့နေသော ခြေလှမ်းတို့ ပြန်စသော် ငြိမ်း၏ စိတ်မှာ မရပ်မနား တွက်ချက်လျက်ရှိပြီ။

ဘာကြောင့် ဦးဦးမျိုးတင် ငြိမ်းထံ လာရသနည်း။ အဖေပြော၍ များ လာရလေသလား။ အဖေနှင့် ဦးဦးမျိုးတင်ကြားဝယ် အဆက်အသွယ် ပြတ်လေ့မရှိကြောင်း ငြိမ်း သိပါသည်။ ငြိမ်းတို့ နှင့် စိတ်ချင်း လူချင်း မရင်းနှီးလှသော ထိုဦးလေးဝမ်းကွဲသည် အဖေ့အတွက်တော့ ညီအစ်ကိုအရင်းထက်ပင် ရင်းချာလှသူပေ။

"ဦးဦးမျိုးတင် ဘယ်လိုက ဘယ်လို ..."

ငြိမ်းသည် ဦးဦးမျိုးတင်နှင့် ထောင့်ချိုးခုံမှာ ဝင်ထိုင်ကာ ဘေးမှာ ချထားသော ခရီးဆောင်အိတ်ငယ်ကို ဖျတ်ခနဲ ကြည့်လိုက်မိပါသည်။

"ဒီညနေပဲ ရွာကနေ ဆိုက်ကယ်နဲ့ ထွက်လာတာ"

"ဩော် .... အဖေ ပြောလို့ လား၊ ဟုတ်လား"

"ဟုတ်ပါ့" ဟု ဆိုကာ ဦးဦးမျိုးတင်သည် နဖူးနှင့် လည်ပင်းတို့ မှာ စိုကပ်ပုံရသော ချွေးတို့ကို တို့ သုတ်နေသည်။ မျက်လုံးအစုံသည် စောစောက ငြိမ်း ကြည့်မိသော ခရီးဆောင်အိတ်ဆီမှာ။

ငြိမ်းသည် ဦးဦးမျိုးတင်က အကြည့်မဆိုင်သည် မို့ မျက်နှာကို အသေအချာ အကဲခတ်ရန် အချိန်ရနေပါသည်။

ပြီးခဲ့သော အဖေ့အမှုတွင် ဦးဦးမျိုးတင်သည် တစ်နေရာရာကတော့ ပါဝင်ပတ်သက်လိမ့်မည်။ နှစ်ဦးသော အဖော်ထဲမှာ ဦးဦးမျိုးတင်

917/97

ပါပါလိမ့်မည်။ အခြားသော သွေးသားများ ထက် အဖေနှင့် ပိုနီးစပ်သူ။ နှုတ်လုံတာကတော့ ထူး၍ ပြောစရာ မရှိ။ ဇနီးကိုပင် လျှို့ဝှက်ချက် ပေးမသိခဲ့သူ။ ပြီးတော့ ကြီးကြီးရှေ့မှာ ၊ ငြိမ်းတို့ ရှေ့မှာ ယောင်ယမ်း၍ ပင် တစ်ခွန်း မဆိုခဲ့ဖူးသူပေပဲ။

အခုတော့ မျက်မြင်သက်သေတို့ နောက် ငြိမ်း လိုက်နေခဲ့တာ သိပြီးလောက်ပေပြီ။ အနေခက်ဟန်သည် ဦးဦးမျိုးတင်၏ မျက်နှာဝယ် အထင်းသား ပေါ်လျှက်။ သည် လို တွေ့ရပြန်တော့လည်း အဖေ့ကို အလိုလို သတိရသည် ။ အဖေနှင့် တွေ့လျှင် ငြိမ်း၏ အမူအရာသည် လည်းကောင်း၊ အဖေ့အမူအရာသည် လည်းကောင်း ဘယ်သို့ရှိမည်နည်း။

သက်ပြင်းရှိုက်ကာ ငြိမ်း အကြည့်လွှဲရပါသည် ။

"အဖေက ဘာတဲ့ လဲဟင်၊ ဦးဦးမျိုးတင်ကို ဘာလို့ လွှတ်တာလဲ၊ ငြိမ်း ပြန်မလာမှာ စိုးလို့ လား"

ဦးဦးမျိုးတင်သည် ငြိမ်းထံ အကြည့်ရွှေ့ လိုက်လေသည် ။

"ပြန်မလာမှာ စိုးတယ်တော့ မပြောပါဘူး၊ ဒါပေမဲ့ ဟိုသင်း ...ဦးဦးလာရင် တစ်ခါတည်း ခေါ်လာဖို့ တော့ မှာ လိုက်တယ်"

"ဦးဦးမျိုးတင်က ရန်ကုန်သွားမလို့ လား"

"မနက်ဖြန် နေ့ခင်းကားနဲ့ ပဲ၊ သမီးအတွက် လည်း လက်မှတ်ဖြတ်ထားတယ်၊ နောက်တစ်ရက် မနက်စောစော မန္တလေးရောက်ရင် လေယာဉ် ဆက်စီးရမယ်"

ငြိမ်းသည် နှုတ်ခမ်းကိုကိုက်၍ ခေါင်းငုံ၍ ဆ
တ်ဆိတ်ငြိမ်နေသည် ။

သည် မျှ သေသပ်သော အစီအစဉ်ကို ချမှတ်သူသည် အဖေသာ ဖြစ်လိမ့်မည်။ အခြားသူ မဖြစ်နိုင်ပါ။ အဖေ့အထင်တွင် တော့ ငြိမ်းသည် တရားခံပြသက်သေ ဒေါ်လှကြိုင်နှင့် တွေ့ပြီးကတည်းက ကတိပေးခဲ့သလို နောက်ထပ် နောက်ထပ် အမှုနောက် ဆက်မလိုက်ဟု ထင်လိမ့်မည်။ ခြေထောက် အနာနှင့်သာ တည်းခိုခန်းမှာ နားနေမည် ထင်ခဲ့လိမ့်မည်။

အင်း ... ပြီးတော့ ခြေထောက် အနာသက်သာလျှင် သစ်စုရွာဆီ ငြိမ်း တစ်ခေါက် ထပ်ရောက်ဦးမှာ ၊ သက်သေတို့ နှင့် တွေ့ဦးမှာ ကို ပူပန်လိမ့်မည်။

သည် တော့ အဖေ့ခေါင်းထဲ ရှိမည့် ငြိမ်း အမြန်ဆုံး ပြန်ရောက်ရန် တစ်ခုတည်းသော နည်းလမ်းသည် တစ်စုံတစ်ယောက်ကို အပါခေါ်ခိုင်းရမည့် နည်းလမ်းသာ ဖြစ်လိမ့်မည်။ ထိုတစ်စုံတစ်ယောက်သည် ဦးဦးမျိုးတင်ကလွဲ၍ အခြားသူ မဖြစ်နိုင်။ သည် လိုသာ အဖေ တွက်ဆခဲ့ပါလိမ့်မည်။

ဘာကြောင့်များ အဖေသည် လို လုပ်ရသနည်း။ ဘယ်လို စိတ်ကူးနှင့်များ ငြိမ်းကို ကြိုမပြောပါဘဲ ချည်ပြီး တုန်ပြီးခါမှ ဦးဦးမျိုးတင်ကို လွှတ်ရသနည်း။

"ဦးဦးမျိုးတင် သွားစရာရှိတယ် ဆိုတာ ဟုတ်ချင်မှ ဟုတ်မှ ပါ၊ ငြိမ်းကို ပြန်ခေါ်သွားဖို့ သက်သက် သွားရတာ မဟုတ်လား"

ဦးဦးမျိုးတင်သည် ဟန်လုပ်ရန် မေ့လျော့လေသလား။ မျက်နှာကွက်ခနဲ ပျက်လေသည်

။ သို့သော် ခေါင်းမညိတ်၊ ခေါင်းမခါ။ အင်း ... ခေါင်းညိတ်၊ ခေါင်းခါဖို့ လည်း မလိုပါ။ အဖြေသည် ထင်း၍ နေခဲ့ပြီ။ အင်မတန် စိတ်ထက်သော အဖေသည် ငြိမ်းအား လုပ်လိုရာ လုပ်စေတော့ဟု လွှတ်ထားမည့်သူ မဟုတ်ပါ။ မြိုင်သာယာ ရောက်ခဲ့ရတာပင် ကြီးစွာသော ယုံကြည်မှု ချိုးဖောက်ခံရခြင်းနှယ် ဖြစ်ခဲ့ပြီးပြီ။ နောက်ထပ် နောက်ထပ်တော့ လှုပ်ရှားခွင့်ပေးမည် မဟုတ်။ အိမ်သို့သာ မဖြစ် ဖြစ်သည့်နည်းနှင့် ပြန်ခေါ်လိမ့်မည်။

"အိမ်မပြန်ချင်ဘူး" ဟု မမသက်နှင့် မကြည်ပြာ၏ ရှေ့မှောက်မှာ ရော ကိုမိုးညာဏ်၏ ရှေ့မှောက်မှာ ပါ ငြိမ်း အကြိမ်ကြိမ် ပြောခဲ့ပြီ။ ခုချိန်အထိ မပြန်လိုစိတ်ကသာဦးဆောင်မြဲ။

"အခု မပြန်ချင်သေးရင်လည်း အချိန်ခဏယူ၊ ကိုယ့်စိတ်ကိုယ် ပြင်ဆင်ပြီး နည်းနည်းသွေးအေးပြီးဆိုမှ ပြန်၊ ကျွန်တော် မြစ်ကြီးနားက ပြန်တော့ဝင်ခေါ်မယ်"

ဟု နှစ်သိမ့်ခဲ့သော နူးညံ့ဟန် စကားသံကို တစ်ဖန် ကြားယောင်သည် ။

ငြိမ်း ဘာလုပ်ရမှာ ပါလိမ့်။ အဖေ့စိတ်ဆန္ဒအတိုင်း အခုနေ လိုက်သွားလျှင် စိတ်ကိုမှ မပြင်နိုင်သေးမီ အဖေနှင့် သမီး မျက်နှာချင်းဆိုင်ရလိမ့်မည်။

"ငြိမ်း မလိုက်ဘူး ဦးဦးမျိုးတင်"

ပုံမှန်ထက် အသံနိမ့်ကာ ငြိမ်းတင်းတင်း ဆိုမိသည် ။ ဦးဦးမျိုးတင်သည် ထိုင်နေရာမှ ပင် ခန္ဓာကို အနည်းငယ် ရှေ့သို့ တိုးကာ လှုပ်လှုပ်ရှားရှား ဖြစ်သွားပေသည် ။

"မလိုက်လို့ မရဘူး သမီးရဲ့ "

"ဘာလို့ လဲ ဘာလို့ မလိုက်လို့ မဖြစ်ရမှာလဲ၊ ငြိမ်းသိပါတယ်၊ ငြိမ်း ဒီမှာ ရှိနေတာကို အဖေရော၊ ဦးဦးမျိုးတင်ရော ကြောက်နေကြတယ် မဟုတ်လား၊ ဒါပေမဲ့ အခုမှ တော့ အတင်းပြန်ခေးလည်း မထူးတော့ဘူး၊ ငြိမ်း အားလုံး သိခဲ့ပြီးပြီ"

ဦးဦးမျိုးတင်၏ မျက်နှာသည် ထင်မှတ်မထားချိန်ဝယ် ဖျတ်ခနဲ အရိုက်ခံရသူလို အငိုက်မိ ပျင်ယွင်းသွားလေသည် ။ စကားသံကို ငြိမ်းများ စွာ တိုးသဲ့ နိမ့်ချထားလျက်နှင့် ကောင်တာနှင့် အလှမ်းဝေးကာ နားစွင့်သူလည်း တစ်ဦးတလေ မရှိပါလျက်နှင့် ဦးဦးမျိုးတင်သည် အတုန်တုန် အလှုပ်လှုပ်နိုင်သော မျက်ဝန်းများ နှင့် ဟိုဟိုဒီဒီ ကျီးကန်းတောင်းမှောက် ကြည့်၍နေသည် ။ စကား တစ်ခွန်းမျှ မတုံ့ပြန်နိုင်မီပင် ငြိမ်း စကားဆက်လိုက်ပါသည် ။

"ငြိမ်း ဒီနေ့ ဟိုတယ်မှာ နားမယ်လို့ အဖေ့ကို ပြောထားတယ်၊ ဒါပေမဲ့ မနားဘူး၊ သစ်စုကို သွားခဲ့တယ်"

"ဦးဦး သိပါတယ်"

ငြိမ်းသည် ဆတ်ခနဲ ဖြစ်ရ၏။

"ဦးဦးမျိုးတင်ကို ဘယ်သူ ပြောလဲ၊ အိမ်ကို ငြိမ်း မပြောထားပါဘူး၊ ပြီးတော့ ...ပြီးတော့ ညနေမှ လာတာဆို"

ဦးဦးမျိုးတင်သည် ငြိမ်း၏ စူးစမ်းကြည့်ကို ရှောင်ရှားလိုဟန်ပြသည် ။ သို့သော် စူးစိုက်ကြည့်သူက စက္ကန့်များ စွာ ကြာသည် အထိ အကြည့်အလွဲမှ တော့ မတတ်သာဘဲ မျက်လုံးချင်း

ဆိုင်ရုံ။ ဦးဦးမျိုးတင်သည့် စိတ်မသက်မသာ ဟန် သက်ပြင်းရှိုက်လိုက်ပေသည် ။

"ပြောပြတဲ့ သူ ရှိလို့ ပေါ့ သမီးရယ်၊ ဘာလို့ ဒါတွေ တစ်ခုချင်း လိုက်မေးနေမလဲအေး၊ သမီးအတွက် ဘာထူးမလဲအေး"

ငြိမ်းသည် ခြောက်ကပ်ကပ်ပင် တစ်ချက် ရယ်လိုက်ပေသည် ။

အဖေ့ရှေ့ပြောခွင့်မရသေးသမျှ အတူ ပါဝင်ပတ်သက်ခဲ့သူဟု ယူဆရသူရှေ့ ပြောနေရတော့လည်း ငြိမ်းသည် ထိန်းလျက်ကပင် စိတ်လှုပ်ရှား တုန်ယင်စ ပြုလာ၏။ မြစ်ကမ်းဆီတုန်းကလို လက်ချောင်းလေးများ ပင် မသိမသာ တုန်လာပါသည် ။

ပြီးခဲ့သော အတိတ်နေ့ဆီက မြင်ကွင်းများကို မှတ်ဉာဏ်အိမ်မှာ ပြန်လည် ခေါ်ယူရသည် ။ ငြိမ်း၏ လှုပ်ရှားမှုတို့ ကို စောင့်ကြည့်သူသည် သည် အနီးတစ်ဝိုက်မှာ ရှိလိမ့်မည်။ ဦးဦးမျိုးတင် စေလွှတ်ထားသောလူ ဖြစ်ကောင်း ဖြစ်မည်။ လှုပ်ရှားမှုမှန်သမျှ သိနေသူရယ်လို့ သက်သေပြလောက်စရာ ဆိုတာဟာ တစ်ယောက်တည်းသာ ရှိပါရဲ့ ။ ဒါဖြင့် ... ဒါဖြင့်ရင် ...။

"ဒါဖြင့် ငြိမ်းကို စာလားပေးတဲ့ လူ၊ ဆိုင်ကယ်နဲ့ ခြောက်တဲ့ လူဟာ ဦးဦးမျိုးတင် အသိပေါ့ "

ငြိမ်းသည် အသက်ကို မောပန်းတကြီးလို ရှူရှိုက်နေရာက သိသလို ရှိနှင့်ပြီဖြစ်သော အဖြေကို စောင့်နေသည် ။ မိနစ်ပိုင်းမျှ တွေဝေငြိမ်သက်နေသော ဦးဦးမျိုးတင်သည မထူးတော့၍ ပေလား။ ဖြစ်လိုရာ ဖြစ်တော့တော့ဟု စိတ်ပိုင်းဖြတ်လိုက်ပုံနှင့် သက်ပြင်းရှိ

ကဲသည် ။ ညိုသော မျက်နှာထက်က အနည်းငယ် ကျဉ်းမြောင်းသော မျက်လုံးအိမ်မှ မျက်ဆန်ညိုတို့ သည် စိတ်မလုံခြုံသည့်နှယ် လှုပ်ခတ်ရွေ့လျားနေကြသည် ။

အတန်ငယ်ကြာတော့မှ ငြိမ်းအား တွေတွေဆိုင်ဆိုင် ကြည့်လာသည် ။

"အသိပဲ ဆိုပါတော့ သမီးရယ်၊ ဦးဦးအသိဆိုတာထက် သမီးအဖေရဲ့ ကျေးဇူးခံကျေးဇူးစာ ဆိုရင် ပိုမှန်မှာ ပ၊ သမီးဟာ အစ်ကို့သမီးမှန်း သူမသိပါဘူး၊ သမီးရောက်ရောက်ချင်း ပထမနေ့တွေတုန်းက သူနဲ့ ဦးဦးနဲ့ အဆက်အသွယ် မရသေးဘူးလေ၊ သူ့ဘာသာ ချောင်းဖြူက သတင်းကြားပြီး သမီးအဖေကို ကာကွယ်ချင်စိတ်နဲ့ သမီးကို လာသတိပေးတာပ၊ ဦးဦးတို့ သမီးအဖေတို့ ကို လှမ်းပြောရင် စိတ်အနှောင့်အယှက် ဖြစ်မှာ စိုးလို့ သူ့ဘာသာသာပဲ ကြည့်လုပ်နေတာတဲ့ ၊ ဆိုင်ကယ်နဲ့ တိုက်မလို လုပ်ပြီးတဲ့ နေ့ကျမှ ဦးဦးကို လှမ်းပြောတယ်၊ သူ လှန့်တော့ လှန့်ခဲ့ပြီ၊ဒါပေမဲ့ မရပ်ရင် ဘယ်လို လုပ်ကြမလဲတဲ့ ၊ အစ်ကို့ဆီ ဦးဦးလှမ်းပြောတဲ့ အခါကျတော့မှ အဲဒါ .... အဲဒါ သမီးမှန်း သိရတာ"

ငြိမ်းသည် ဆေးပတ်တီးအသစ် စည်းမထားသော်လည်း အနာရှိန် ရိပ်ရိပ်ကျန်ဆဲ ဖြစ်သည့် ခြေထောက်ကို ငုံ့ကြည့်လိုက်ပါသည် ။ တစ်နေ့တုန်းကတော့ သည် လို ခြိမ်းခြောက်ခံရတာတစ်ခုနှင့်ပင် အမှုအခင်းနှင့် အဖေ မပတ်သက်လေသယောင် စိတ်အေးခဲ့ရဖူးပါရဲ့ ။

ခုတော့လည်း နာသော ခြေကို ငုံ့ကြည့်စဉ်မှာ စိတ်ကပါ နာရသည် ။ မြင်ပင် မမြင်ဖူးလိုက်သော လူကို စိတ်နှင့် ပုံဖော်သည် ။

လုန်းရှိသာဟု သူစိတ်ထဲ မတွေးဘဲ မှတ်လော
က် သားလောက်အောင် နာကျင်စေရန် ဖန်း
တီးလိုက်လျှင် သတ်ဖြတ်လိုက်လျှင်လည်း
ငြိမ်း ဘာမှ တတ်နိုင်ခဲ့မှာ မဟုတ်ပါ။

"သုံးယောက်ဆိုတော့ အဖေရယ်၊ ဦးဦးမျိုး
တင်၊ အဲဒီလူရယ်ပေါ့ ဟုတ်လား"

"ဘာ ... ဘာသုံးယောက်လဲ သမီး"

"ဦးဦးမျိုးတင် မသိချင်ယောင် မဆောင်ပါ
နဲ့၊ သစ်စုတောထဲမှာ တုန်းက ကိစ္စကို ပြောနေ
တာ"

ဦးဦးမျိုးတင်သည် နံရံကို ကျောပေးထားပါ
လျက်က စိတ်မလုံသည့် သဖွယ် နောက်ကျော
သို့ ယောင်ယမ်းဟန် ကြည့်လိုက်သည် ။ ကော
င်တာဆီသို့လည်း အကဲခတ်လိုက်ပြန်သည် ။
အဖေ့မျက်နှာတစ်ခုနှင့်သာ သည် မျှ သည်းခံစို

တ်ရှည်လေသလား။ ဦးဦးမျိုးတင်သည် အဖေ့
လောက်တော့ ဒေါသထွက် လွယ်မည့်သူမဟု
တ်။ သို့သော် စိတ်ဆတ်ပုံမှာ တော့ မျိုးနှင့်ရိုးနှ
င့်ဆိုရမလိုပေ။

"ဒါတွေ ပြန်ပြောနေလို့ လဲ ဘာထူးမလဲ
အေး၊ အဲဒီလူဟာ တခြားလူလား၊ သမီးအဖေပဲ
"

"အဖေမို့လို့ ...."

ငြိမ်းသည် မဆိုစလောက် အသံကျယ်မိသ
ည် မို့ ကမန်းကတန်း ရပ်လိုက်သည် ။ နောက်
မှ အသံကို နှိမ့်ပြန်ကာ ...

"အဖေမို့လို့ သာ ငြိမ်း ပြောနေတာပေါ့၊အ
ဖေသာ မဟုတ်ရင် စကားထဲတောင်
ထည့်ပြောမနေတော့ဘူး၊ တစ်သက်လုံး
မျက်နှာကြည့်ချင်မှာတောင် မဟုတ်ဘူး ခု

တော ခုတော့ ..." အသစ်ဖြစ်တယ် မဟုတ်လား"

ခုတော့လည်း ဦးဦးမျိုးတင်၏ မျက်နှာဝယ် စိတ်မကောင်းဟန် ရိပ်ရိပ်ပေါ်လာပြန်ပေသည် ။ ဘူမ၏ တုန်ခိုက်သော လေသံကြောင့်လား၊ အစ်ကိုလုပ်သူကို သတိရစိတ်လေလား။ ငြိမ်း မမှန်းတတ်ပြီ။ လေပူတစ်ချက် မှုတ်ထုတ်သံသည် ဦးဦးမျိုးတင်ထံက ထွက်ပေါ်လာသည် ။ ကိုယ်ကို အနည်းငယ် ငုံ့ကိုင်းကာ ကြမ်းပေါ် စိုက်ကြည့်နေသည် ။

"ပြီးခဲ့တာတွေလည်း ပြီးခဲ့ပြီ သမီး၊ အခုမှ ပြန်ပြောတော့ ဘာလုပ်မလဲအေး၊ ဘယ်သူ့အတွက် ထူးမလဲအေး၊ သမီး တာရာကိုလည်း သွားတယ်ပြောတယ်၊ ကိုသက်ဆွေ သမီးကို သွားတွေ့တာ မဟုတ်လား၊ တွေ့တော့ရော သူ့အတွက် ဘာထူးသွားမှာ လဲ၊ အဟောင်းတွေ

"ဒါပေမဲ့ ငြိမ်း တောင်းပန်လိုက်ရတယ်လေ၊ အဖေက ကျူးလွန်ခဲ့ပြီး နောင်တ တစ်ချက်လေးတောင် မရဘဲ ဘာမှ မဖြစ်သလို ဟန်ဆောင်နေပေမယ့် ငြိမ်း တောင်းပန်ခွင့် ရခဲ့တယ်လေ"

"သမီးအဖေလည်း နောင်တရတာပေါ့၊ နောင်တမရဘဲ ဘယ်နေမလဲ၊ လူဆိုတာ အမှားလုပ်မိချိန်တုန်းက စိတ်လိုက်မာန်ပါပဲ၊ နောက်ကျတော့ သွေးအေးတဲ့ အခါ ကိုယ် လုပ်ခဲ့တဲ့ အမှားကို တနုံ့နုံ့ ဖြစ်တာပဲ၊ ဦးဦးတို့ ညီအစ်ကိုချင်းကျတော့ ပြောဖြစ်တာပ၊ မျိုးတင်ရေ၊ ငါ့တစ်သက်မှာ တော့ သူများကို စိတ်ဒုက္ခပေးဦးမယ်တဲ့ ဆိုပြီး စိတ်လိုက်မာန်ပါ လုပ်မိတဲ့ ကိစ္စတစ်ခုဟာ သူများ မိသားစုတင် မကဘူး၊ ငါကို

ယ်တိုင် တစ်သက်လုံး စိတ်ဒုက္ခ ဖြစ်နေရတာပါပဲကွာတဲ့ ၊ ဘယ်အချိန်များ ငါ့သားသမီးတွေ အမှန်အတိုင်းသိပြီး ငါ့ကို ရွံသွားမလဲလို့ ကြောက်နေရတာပါပဲကွာတဲ့ "

ဦးဦးမျိုးတင်၏ အသံမှာ ငြိမ်း စိတ်အထင်ပဲလား။ တုန်ခိုက်စွာ။

ငြိမ်းသည် 'ငါ့သားသမီး' ဆိုသော စကားလုံး ရင်သို့ ထိခတ်လာ၍ တစ်ခဏမျှ ငြိမ်နေပါသည် ။ သို့သော် တကယ့်ကို တစ်ခဏပါပဲ။ လုံးစေ့ပတ်စေ့ နားထောင်လိုက်မိသော စကားများ ထဲက စောဒကတက်လိုသော စကားလုံး တစ်လုံးကို ရုတ်ခြည်းပင် သတိရလိုက်ပြန်သည် ။

"စိတ်လိုက်မာန်ပါ မဟုတ်ပါဘူး၊ ဦးဦးမျိုးတင်ရယ်၊ စိတ်လိုက်မာန်ပါ ဆိုရင် အဖေ သတ်တဲ့ သူက ဦးသက်ဆွေ ဖြစ်မှာ ပေါ့၊ အခု[illegible] စိတ်လိုက်မာန်ပါ မဟုတ်ပါဘူး၊ အငြိုးတကြီးပါ ၊ အငြိုးနဲ့ သေချာအကွက်ဆင်ပြီး ကလေးကို စိတ်ပြေနပြေ သတ်တာပါ၊ စိတ်လိုက်မာန်ပါ မဟုတ်ပါဘူး၊ ဦးဦးမျိုးတင်က ငြိမ်းထက် ပိုသိမှာ ပေါ့၊ ငြိမ်း သစ်စုမှာ ဘယ်သူနဲ့ တွေ့ခဲ့လဲ သိလား၊ ဦးဦးမျိုးတင်တို့ ကိုယ်တိုင်တောင် ရှိမှန်း မသိလိုက်တဲ့ တနကယ့်မျက်မြင်သက်သေနဲ့ တွေ့ခဲ့တာ၊ သူ ပြောပြလို့ အကုန်သိခဲ့ရတာ၊ အဲဒီတုန်းက အဖေ့အနားမှာ ကျန်ခဲ့တယ် ဆိုတဲ့ လူက ဦးဦးမျိုးတင် မဟုတ်လား၊ တာရာ့ကို အဖေ့ရှေ့ တွန်းပို့လိုက်တယ် ဆိုတဲ့ လူက ဦးဦးမျိုးတင် မဟုတ်လား ဟင်၊ အဖေရော ဦးဦးမျိုးတင်ရော တာရာ လူးလိမ့်တောင်းပန်နေတုန်းက သနားစိတ် တစ်ချက်တောင် မဝင်ခဲ့ကြဘူးလား၊ အခုအထိရော တာရာ့မျ

ကဲနာကို ပြန်မမြင်ဘဲ လိပ်ပြာသန့်သန့် နေနိုင်ကြတာပဲလား"

"တော်တော့ သမီး"

ဦးဦးမျိုးတင်၏ လေသံမှာ ပြတ်တောင်းစွာ ထွက်ပေါ်လာပေသည် ။ မျက်နှာဝယ် စိတ်တင်းဟန် ရိပ်ရိပ်ငွေ့ငွေ့ တွေ့ရသည်။

"ဘယ်သူမှ အကျိုးမရှိတဲ့ စကားတွေ ဘာလို့ ပြောနေဦးမလဲ၊ ကိုယ့်ကိုယ်ကိုယ်လည်း သတိထားဦး၊ အခု အရေးကြီးတာက နောက်ကြောင်းတွေ မကျေနပ်တာတွေ ပြန်ပြောနေဖို့ မဟုတ်ဘူး အေး၊ သမီး ပစ္စည်းတွေ ဘာတွေ သိမ်းတော့"

"ငြိမ်း မပြန်ဘူး၊ ကိုယ့်စိတ်ကိုယ် နိုင်တဲ့ နေ့မှ အိမ်ပြန်မယ်၊ မဟုတ်ရင် ဦးဦးမျိုးတင်ကို ခုပြောတဲ့ စကားတွေ ငြိမ်း အဖေ့ကို ပြောမိလို့မယ်၊ ဦးဦးမျိုးတင် ပြောသလို ဆိုရင်တော့ ဘယ်သူမှ အကျိုးမရှိတဲ့ စကား ဒါကြောင့် ငြိမ်း အခုမပြန်နိုင်သေးဘူး"

"မပြန်လို့ မဖြစ်ဘူး သမီး"

ငြိမ်းသည် ဒဏ်ရာရ ကျားနာတစ်ကောင်လို ပင် စူးသော ၊ရန်လိုသော အကြည့်နှင့် ဦးဦးမျိုးတင်ကို ကြည့်နေသည် ။ စက္ကန့်အချို့ကြာလျှင် ငြိမ်းတို့ နှစ်ဦးအပ လူသူရှင်းခဲ့သော ဧည့်ခန်းသို့ ဧည့်သည် နှစ်ဦး စကားတပြောပြောနှင့် ဝင်လာ၍ မျက်နှာထား ပြင်ကာ သက်ပြင်းရှိုက်လိုက်သည် ။ စိတ်ကို လျှော့ချရသည် ။ မောလှပြီ ..။ တစ်နေရာရာမှ ပစ်ခတ် နားလိုက်ချင်လှပြီ။

သို့သော် ထိုနေရာသည် ရန်ကုန်အိမ် မဟုတ်ပါ။

"ငြိမ်း တကယ်ပြောနေတာ အိမ်မပြန်နိုင်ဘူး၊ မပြန်သေးဘူး"

ညဦးတုန်းကတော့ စိတ်ရှုးပေါက်ကာ ကိုမိုးညဏ်နှင့် မြစ်ကြီးနားဆီ လိုက်သွားရန်ပင် စိတ်ထဲ ကျိတ်၍ တွေးလိုက်သေးသည် ။ သူ့အပေါ် အလုံးစုံ ယုံကြည်လှပြီ မဆိုလို။ စိတ်ကလေပွေလို လွင့်ကာ လူကမောလှပြီမို့ ဖြစ်လိုရာဖြစ်ဟု သာ တွေး၏။ ငြိမ်း ပျောက်သွားပြီဆိုသော စိတ်သောကနှင့် အဖေ နာကျင်စေချင်သည် ။ သည် မျှပါပဲ ....။

သို့သော် ထိုခဏမှာ ပင် ဝိုးတဝါး လင်းသော ရေပြင်မှာ အမေ့ကို မြင်သည် ။ အမေ့မျက်နှာရိပ်ကို မြင်သည် ။ အမေသည် သမီးအားတောင်းပန်ဟန် အကြည့်နှင့် ငေးလျက်။ ထိုအကြည့်တစ်ချက်နှင့်ပင် စိတ်ထဲက အတွေးသည် ပြင်ပသို့ ရောက်ခွင့်မကြုံ။ လေသံပျော့ခြေတို့ ကို အနိုင်နိုင်သယ်ကာ တည်းခိုနေရာအခန်းဆီသို့ ပြန်ရောက်ခဲ့ရသည် ။

"မပြန်လို့ မဖြစ်ဘူး သမီး၊ ပြန်ကို ပြန်ရမှာ"

"ငြိမ်းကို ခေါ်ခိုင်းတဲ့ အဖေ့ကိုပဲ ပြန်ပြောလိုက်၊ ငြိမ်း ပါမလာဘူးလို့ "

ဦးဦးမျိုးတင်သည် မျက်နှာ ကွက်ခနဲ ပျက်သွားပြန်ပါသည် ။

"သမီးအဖေ ခေါ်ခိုင်းတာ မဟုတ်ပါဘူး"

လေသံမှာ တွန့်ဆုတ်ဆုတ်။ သက်ပြင်းနှင့် ရောလျက်။

"ဒါဖြင့် .."

"သမီးကြီးကြီး ခေါ်ခိုင်းတာ၊ သမီးကိုကိုလ

ည်း သန်ဘက်ခါ ရောက်လိမ့်မယ်"

ကိုကို သန်ဘက်ခါ ရောက်မယ် ....။

ငြိမ်းသည် အငိုက်မိ ပြုလဲသူလို ပြူးကျယ်ဝိုင်းစက်သော မျက်ဝန်းများ ဖြင့် ဦးဦးမျိုးတင်ကို ငေးနေမိသည် ။ ကိုကို မြန်မာပြည်သို့ ပြန်လာရန် အစီအစဉ်ရှိကြောင်း တစ်စွန်းတစ်ပင် မသိခဲ့စဖူး။ ငြိမ်းသိသလောက်တော့ နောက်နှစ်မှ ပြန်လာမှာ ပါ။ ကိုကို ဘာကြောင့် ပြန်လာရမည်နည်း။

ပြီးတော့ ...ပြီးတော့ အဖေ အခေါ် မခိုင်းရပါဘဲ ဘာကြောင့်များ ကြီးကြီးနှင့် ကိုကိုက အခေါ်လွှတ်ရသနည်း။ အစဉ်အလာ မဟုတ်သော ဖြစ်စဉ်သည် ဘယ်သို့သော အကြောင်းကြောင့် ပေါ်ပေါက်လာရပါသနည်း။

ငြိမ်းသည် ဦးဦးမျိုးတင်၏ စကားလုံးရှာဟန် မျက်နှာကို စိတ်မရှည်သည့်နှယ် စိုက်ကြည့်နေသည် ။ စိတ်ပင်ပန်းဆင်းရဲခြင်း၊ ပူပန်ခြင်း စသော အရိပ်များ စွက်သည့် အလွှာတစ်ခုသည် ဦးဦးမျိုးတင်၏ မျက်နှာဝယ် ကပ်ငြိလျက်။ သက်ပြင်းမောတစ်ချက် ထွက်ကျပြန်လျှင်တော့ အပူသည် ဘာမှန်းမသိရသေးသော အခြေအနေမှာ ပင် ငြိမ်းထံသို့ ကူးစက် လာလေသည် ။

"သမီးအဖေ တော်တော်လေး မကျန်းမာဘူး သမီး"

ဟင် ...။

ငြိမ်းသည် ပါးစပ်အဟောင်းသား ပွင့်ဟကာ ။

"ဟုတ်တယ် သမီး၊ စိုးရိမ်ရတဲ့ အခြေအနေမို့ သမီးကို ခုလို အရေးပေါ် လာခေါ်ရတာ ၊ သမီး မပြန်လို့ ကို မဖြစ်ဘူး၊ ဟိုမှာ သမီးကို အား

ထိုင်နေလက်စ နေရာမှာ မြမြမြဲမြဲ ရှိရင်းက ပင် ငြိမ်း၏ စိတ်ဝိညာဉ်သည် ရောဝတီ မြစ်းကမ်းပါးဆီသို့ အပြေးရောက်သည် ။ ကမ်းစပ်က ကုက္ကိုပင်ကြီးအောက်မှာ ရပ်သည် ။ လရောင်နှင့် လင်းသော ရေပြင်ကို တွေ့သည် ။ ရေပြင်သည် ငွေရောင် လှိုင်းအိများ တလှဲ့လှဲ့လှုပ်ကာ။ လှသော ဝန်းကျင်သည် စိတ်ဝိညာဉ်အား မညှို့နိုင်။ အားခနဲ အော်သံကို ပြုမိသည် ။

နောက် အရုပ်ကြိုးပြတ်ပင် ပုံ၍ ကျလေသည် ။

***

လဲလျောင်းသည့် အဖေ့ရုပ်သွင်သည် မမြင်မတွေ့ရစဉ်က မှန်းဆထားခဲ့သည် ထက်ယိုယွင်းခဲ့ပေပြီ။

လက်နှစ်ဖက်သည် အရင့်အရင် အိပ်စက်နေကျလို ရင်ဘက်ထက်ဝယ် ယှက်ကာ။ နှုတ်ခမ်းများ သည် တင်းတင်းစေ့မြဲစေ့ကာ။ ထိုနှုတ်ခမ်းတို့ သည် အိမ်အပြန်ခရီး အသော့နှင် လာသော ငြိမ်းအား တစ်စုံတစ်ခု ပြောကြားရန် အားယူနေသည့်ပမာ။ မမြင်မတွေ့ခဲ့ရသည် မှ ၁ဝ ရက်မျှကြာမြင့်ခဲ့သည့် အတောအတွင်း အဖေသည် ငြိမ်း၏ အမြင်၌ များ စွာ အိုမင်း ရင့်ရော်သွားဟန် ရှိပေသည် ။

ငြိမ်းသည် ဆို့နင့်သော ရင်နှင့် အဖေ့ကို တွေ၍ ငေးနေသည် ။

လမ်းခရီးတစ်လျှောက်တုန်းကတော့ဖြင့် ကိုယ့်စိတ်ကိုယ် ငြိမ်သက်ရအောင် ငြိမ်း ဘယ်လောက်တောင် ထိန်းခဲ့ရပါလိမ့်။ အဖေ့ကို တွေ့လျှင် ပြောမိလောက်သော စကားတို့ ကို အတန်တန် မျိုချခဲ့ရသည် ။

'စိုးရိမ်ရတယ်' ဆိုသော စကားသည် ငြိမ်း၏ လွန်ဆွဲစိတ်၊ ထွက်ပြေးလိုစိတ်တို့ ကို အရှိန်ပြင်းသော ရေလှိုင်းနှယ်ပင် တိုက်ချခဲ့သည် ။ အဖေနှင့် မျက်နှာချင်းဆိုင်နိုင်မည် မဟုတ်၊ မျက်နှာချင်းဆိုင်လျှင်လည်း လက်ညှိုးမထိုးဘဲ တာရာ့အတွက် အပြစ်မပြောဘဲ နေနိုင်မည် မဟုတ်၊ မျိုသိပ်ရပြန်လျှင်လည်း တစ်သက်တာပတ်လုံး ငရဲနှင့်အတူနေမည့်အိမ်မှာ နေနိုင်မည် မဟုတ်သဖြင့် ဝေ့ဝေ့လည်အောင် တွေးဖူးသော အတွေးများ စွာသည့် ထိုစကားအောက်မှာ မြင့်ပင်နှုတ်ို နှယ် ပိပြားခဲ့ရသည် ။

သာမန်ကိစ္စလောက်နှင့်တော့ အဖေသည် လည်းကောင်း၊ ကြီးကြီးသည် လည်းကောင်း အဝေါက ကိုကို့ကို လှမ်းခေါ်လေ့ မရှိပါ။ ကိုကို ပါ ရောက်လာမည်ဆိုသော စကားသည် ငြိမ်း၏ ဆူဝေသော ဒေါသအား အဆုံးတိုင် ငြိမ်းချလိုက်သလိုတည်း။ ကြိုးဆွဲဆရာ လက်က လွှတ်သည့် ရုပ်သေးပမာ ပျော့ခွေသော ခန္ဓာနှင့် ရန်ကုန်ရောက်လာခဲ့သည် ။

ငြိမ်းသည် တစ်ရက်တုန်းက သစ်စုမှ အပြန် မြိုင်သာယာသို့ ဝေဝါးသော စိတ်အစုံနှင့် ရောကလာဖူးသလိုပင် လေဆိပ်မှာ ဦးဦးမျိုးတင် ကားငှားပုံကို ငူငူကြည့်နေခဲ့သည် ။ ပြည်လမ်းပေါ် တရိပ်ရိပ် ပြေးသော ကားပေါ်ဝယ် စိတ်သ

ည် ကားထက် အရှေ့ရောက်အောင် ခရီးနှင်နေခဲ့သည် ။ ကားပိတ်သော မီးပွိုင့်တိုင်းကို စိတ်မရှည်။ ဖြစ်နိုင်လျှင်၊ နီးများ နီးလျှင်တော့ ဆင်းပြေးလိုက်ချင်ပါရဲ့ ။

ပုဇွန်တောင်မြို့နယ် ဧရိယာကို စဝင်တော့မှ စိတ်အေးနိုင်မည်ဟု ငြိမ်းကိုယ်ငြိမ်း ထင်ခဲ့သည် ။

သို့သော် ထိုအထင်သည် လည်း တကယ်တစ်စင်အောင် လွဲရပြန်လေသည် ။ အိမ်နှင့်နီးလေလေ ရင်က တိုး၍ ခုန်လေလေ။ လမ်းသွယ်ထဲ ချိုးကွေ့၍ တိုက်ရှေ့၌ ကားရပ်လျှင်ရပ်ချင်း အလောတကြီးပင် ဆင်းချမိသည် ။ ခရီးဆောင်အိတ်ကို စိတ်လက်မရှည် ဖြစ်နေသည် ။ မနိုင်ရင်ကန် ဆွဲရန် ပြင်တော့ ဦးဦးမျိုးတင်က လက်လွှဲယူသည် ။ အိတ်ချင်း လဲ၍ သယ်ကာ အပေါ်ထပ်သို့ တက်လာကြသည် ။

သုံးလွှာမြောက် အခန်းသို့ ဦးတည်သော လှေကားထစ်များကို အရင့်အရင်ကတော့ ပေါ့ပေါ့ပါးပါး အဆင်းအတက် ပြုဖူးပါရဲ့။ သိပ်မမြင့်လှသလိုလည်း ထင်ခဲ့ဖူးပါရဲ့ ။ သို့သော် သည်တစ်နေ့တော့ဖြင့် လှေကားထစ်တို့ သည် ငြိမ်းအတွက် ဘာကြောင့် ပို၍ ရှည်လျားလာရပါသနည်း။

အခန်းရှေ့ဝယ် အမောတကော ရပ်မိသည် ။ လူခေါ်ခေါင်းလောင်းကို သုံးချက်ဆင့်ကာ တီးလိုက်သည် ။ အတွင်းက ခြေသံရှပ်ရှပ်။ အဖေလား ...။

ကျွန်းတံခါး ပွင့်လျှင်တော့ ကျန်ရစ်သော သံပန်းတံခါး၏ အနောက်၌ ကြီးကြီးမျက်နှာကဘွားခနဲပင် ပေါ်လာသည် ။

"ကြီးကြီး"

ငြိမ်း၏ အသံသည် ခေါ်သံပင် မဟုတ်။ အာမေဋိတ်သံလိုသာတည်း။ ရဲရဲနီသော မျက်ဝန်းများ၊ မို့အစ်သော မျက်နှာသည် ငြိမ်းအား တစ်စုံတစ်ရာသော သတင်းဆိုးပေးရာ သင်္ကေတများ သာတည်း။

"သမီး"ဟု ဖွင့်ထွက်သောအသံနှင့်အတူ တုန်တုန်ယင်ယင် လက်အစုံဖြင့် ကြီးကြီး သော့ဖွင့်တော့ ငြိမ်းသည် အိပ်မက်မက်နေသူလို ယောင်တောင်တောင်ပင် အခန်းတွင်းသို့ ဝင်လာသည်။

"အဖေရော ... အဖေရောဟင်"

"သမီးအဖေ ..."

အခန်းသော့ ပိတ်ကာ ငြိမ်းဘက်သို့ မျက်နှာမူလိုက်သော်လည်း ကြီးကြီးသည် စကားမျှပင် မဆက်နိုင်။ ဆိုဖာပေါ်ဝယ် အိခနဲ ထိုင်ချလိုက်သည်။ မျက်ရည်တပေါက်ပေါက် ကျနေတော့သည်။

"ဦးဦးမျိုးတင်"

ဟု နှုတ်က လွှတ်ခနဲ ထွက်မိပြန်သည်။ ခေါင်းငိုက်စိုက်ချကာ ငူငူရပ်သော ဦးဦးမျိုးတင်သည် ငြိမ်းအား မော့မကြည့်ပြီ။

ငြိမ်းသည် မြင်ကွင်းကို တစ်ခဏမျှ ငေးကြောင်နေမိသည်။ ခရီးဆောင်အိတ်ကို ကိုင်မြဲကိုင်ကာ ဧည့်ခန်းမှာ ခြေစုံရပ်ကာ။ ရင်သည် တဒိတ်ဒိတ် ခုန်လျက်။ အဖြေကို သိပြီ။ သို့သော် မသိချင် ....။ သိစိတ်နှင့် မသိစိတ်သည် ရင်၌ တွန်းထိုးလှုပ်ရှားကာ ခရီးဆောင်အိတ်ကို ဘုတ်ခနဲ ပစ်ချမိသည်။

မသကွဲသော မြည်သံတစ်ချက် ပြုကာ အဖေ့အိပ်ခန်းသို့ ပြေးဝင်ရန် ပြင်သည် ။ စေ့ထားသော တံခါးကို အရှိန်နှင့် တွန်းဖွင့်လိုက်သည် ။

ထိုခဏ၌ ငြိမ်းသူ အသူရာ ချောက်နက်သို့ တွန်းချခံလိုက်သူပမာ လေဟာနယ်တွင် လွင့်မျောသွားသလို ကိုယ့်ကိုယ်ကိုယ် ထင်လိုက်မိသည် ။ ဟာလာဟင်းလင်းမျှသာ ဖြစ်သော ခုတင်နံဘေးတွင် ဒူးထောက် ကျသွားသည် ။ အိပ်ရာခင်းကို ပြီးတော့ ခေါင်းအုံးကို လက်နှင့် အလောတကြီး လိုက်စမ်းနေသည် ။

အဖေ .... အဖေ ဘယ်မှာ လဲ။

"အဖေ ဘယ်မှာ လဲ"

ငြိမ်းသည် အခန်းထဲက အပြေးထွက်ကာ ဧည့်ခန်းသို့ ရောက်လာပြန်သည် ။ စင်စစ်တော့ မေးရန် မလိုပြီ။ မျက်ရည်စိမ့်ဝေရာ နှစ်ခုသော မျက်နှာသည် အဖြေစကား ဖြစ်ခဲ့ပြီ။

အမှန်ကို လက်ခံလိုက်ရသော စိတ်နှင့် ဆန့်ကျင်လိုစိတ်သည် ငြိမ်းအား အပ်ဖျားနှင့် ဆွနေသည့်ပမာ။ သွေးတစက်စက်ကျပုံကို မြင်ပါလျက်နာကျင်ပါလျက် မျက်ရည်တစ်စက် မကျ။ ကြောင်သော မျက်လုံးတို့ သည် ကြီးကြီးထံတွင် စိုက်၍ နေသည် ။

ငြိမ်းသည် ရှေ့သို့ ခြေတစ်လှမ်းချင်း တိုးလိုက်သည် ။

"ကြီးကြီး၊ အဖေ ဘယ်မှာ လဲ"

"သမီးအဖေ .... သမီး အဖေ ဆုံးပြီ သမီးရဲ့ "

ငြိမ်းသည် လက်တစ်ဖက်ကို လေထဲမှာ ပင်

ယမ်းလိုက်သည် ။

"အို ...မဟုတ်တာ၊ ငြိမ်း ပြန်လာတာ အဖေ သိပါတယ်၊ ငြိမ်းကို ရင်မဆိုင်ချင်လို့ အမှန်တွေ ငြိမ်း သိခဲ့ပြီဆိုလို့ ရှောင်နေတာ မဟုတ်လား၊ ငြိမ်း သိပါတယ်"

ခြောက်ကပ်သော ရယ်သံတစ်စ ငြိမ်း၏ နှုတ်ခမ်းက ထွက်ကျလျှင် ကြီးကြီးသည် မျက်စိမျက်နှာပျက်ကာ ထိုင်ရာမှ ထရပ်လိုက်သည် ။ ငြိမ်း၏ အနီးအပါးသို့ တိုးကပ်လာသည် ။

"စိတ်ထိန်းပါ သမီးရယ်၊ သမီးအဖေ တာကယ်မရှိတော့ဘူး၊ ဆုံးပြီ သမီးရဲ့ "

"ဒါဖြင့် ... ဒါဖြင့်"

မျက်နှာချင်းဆိုင်လာသော ကြီးကြီး၏ မျက်နှာကို ငြိမ်း စေ့စေ့ကြည့်လိုက်ပါသည် ။

"စိုးရိမ်ရတဲ့ အခြေအနေပဲဆို၊ ငြိမ်းကို အားလုံး စောင့်နေကြတယ်ဆို ဟင်.. ကြီးကြီး၊ ဟင်... ဦးဦးမျိုးတင်"

ငြိမ်း၏ ခန္ဓာကိုယ်သည် တဆတ်ဆတ် တုန်ယင်၍ နေသည် ။ သည် အဖြစ်ကို ငြိမ်း ဘယ်တုန်းကမှ မမျှော်လင့်ခဲ့။ အဖေ့ကို နာကျင်ရရှိးမှန်သော်လည်း မျက်နှာချင်းဆိုင်ရ ခက်ခဲတာမှန်သော်လည်း လောကအတွင်းမှ ထွက်ခွာသွားစေဖို့ အထိတော့ စိတ်မှာ တစ်ကြိမ်ပင် မရည်စူးခဲ့။ တစ်သက်တာပတ်လုံး တစ်မိုးအောက်ဘယ်သို့ နေရပ့်ါဟု သာ တွေးခဲ့ဖူးပါသည် ။

ခုတော့.... ခုတော့ အဖေသည် ငြိမ်း၏ စိတ်ကို လှမ်းမြင်နိုင်ခဲ့သလား။ စကားများ စွာ မျိုသိပ်ကာ ခဲယဉ်းပင်ပန်းစွာ အသက်ရှင်သန်ရမည့် သမီးကို ငဲ့ညှာခဲ့လေသလား။ အမှန်တရားနှင့်

ငြိမ်း ထိပ်တိုက်တိုးမည့်အချိန်ကို တစ်ခွန်းမဆို၊ တစ်ချက်ပင် မရှုက်။

ထိတ်လန့်ရှောင်ပြေးချင်ခဲ့တာလား။

အို... ဘာပဲဖြစ်ဖြစ် အားလုံးဟာ ငြိမ်းကြောင့်၊ ငြိမ်းကြောင့်ပါ ။ ငြိမ်း စမိတဲ့ အစကြောင့်ပါ ။

ကြီးကြီးသည် ငြိမ်း၏ တုန်ယင်သော လက်ကလေးများကို နွေးထွေးစွာ အုပ်ကိုင်လိုက်သည် ။ မျက်နှာဆီ မော့ကြည့်သည် ။ မျက်ရည်စိုလက်ဆဲ မျက်ဝန်းများ နှင့် မျက်ရည်ဝေ့သီ အိုင်ဆင်းတော့မည့် မျက်ဝန်းအစုံတို့ ဆုံမိကြပြီ။

"သမီးကို မောင်မျိုးတင် လာခေါ်ကတည်းက သမီး အဖေဟာ အသက်မရှိတော့ပါဘူး သမီးရယ်"

ငြိမ်းသည် ကြီးကြီး၏ မျက်နှာကို မျက်ဝန်းသေများ နှင့် စူးစူးပင် ကြည့်နေသည် ။ စကား

"ဟိုးတစ်နေ့ညက မသီးနဲ့ ဖုန်းပြောပြီးတော့လေ ကြီးကြီးကို ဘာလာပြောသလဲ သိလား၊ မမရယ်တဲ့ ၊ ကျွန်တော် လုပ်ခဲ့မိတဲ့ အပြစ်ကြွေးက အခု ကျွန်တော့်ဆီ ပြန်ရောက်လာပြီတဲ့ ၊ ကြီးကြီးက ဘာများ လဲ မောင်ပြေရယ် ဆိုတော့ ဟိုအမှု ဆိုတာဟာ ကျွန်တော် တကယ်လုပ်ခဲ့တာပဲ၊ တကယ် သတ်ခဲ့တာပဲ၊ အခုကျတော့ နောင်တရလို့ ကော ဘာထူးမလဲ၊ နောင်တရတယ်လည်း မပြောချင်ဘူးတဲ့ ကြီးကြီးမ ၂၁ အံ့သြပြီး တော်တော်နဲ့ စကားမပြောနိုင်ဘူး သမီးရယ်၊ အဲဒီတော့ သူ ဘာဆက်ပြောသလဲ သိလား၊ အခု မမလည်း အံ့သြတယ် မဟုတ်လား၊ သမီးလည်း အဲဒီလိုပဲ အံ့သြနေရှာမှာ တဲ့ ၊ ဟယ်..သမီးပြီလား ဆို

တော့ သိတော့မယ် ထင်တာပဲတဲ့ နောက်တော့ ဘာစကားမှ လည်း ဆက်မေးလို့ မရတော့ပါဘူး၊ အဲဒီညက ကြီးကြီး တစ်ညလုံး အိပ်မပျော်ဘူး ၊သူလည်း အိပ်မပျော်ဘူး ထင်တာပါပဲ၊ မနက်ကျတော့ မျက်နှာလည်း ချောင်လို့ နွမ်းလို့ သမီးရဲ့ ၊ မနက်စာ စားပြီး ခဏအိပ်ဦးမယ် ဆိုပြီး အခန်းထဲ ဝင်သွားတာ ဘယ်လောက်ကြာလို့ လဲ ဒုန်းခနဲ အသံကြားလို့ အခန်းတံခါး ဖွင့်လိုက်တော့ အံမယ်လေး မှုးလဲနေတာများ ဆေးရုံတောင် မရောက်လိုက်ပါဘူး"

ငြိမ်းသည် နှုတ်ခမ်းကို တင်းတင်းစေ့ကာ ကြားသမျှသော စကားတို့ ကို ရုပ်သွင်အဖြစ် ဖန်တီးမြင်သည် ။

နောက်ဆုံးအချိန်ဝယ် အဖေသည် ဘယ်သို့သော ဝေဒနာကို ခံစားခဲ့ရမည်နည်း။ [illegible]အတွေးကို တွေးခဲ့မည်နည်း။ ပူလောင်သော နောင်တကို ရင်မှာ ပိုက်ခဲ့လေသလား။ သစ်စုတော ကိုရော စိတ်ဖြင့် တစ်ဖန် ရောက်ခဲ့ပါသလား။ တာရာ့အော်ဟစ်သံကို အဖေ့နားမှာ ကြားယောင်လိုက်သေးသလား။ ရှန်းကန် လူးလိမ့်နေရှာသော တာရာ့ကို အဖေ့ အာရုံမှာ မြင်လိုက်သေးသလား။

မဆုံးသော အတွေးတို့ သည် ပူလောင်သော ငြိမ်းအား မြွေတစ်ကောင်နှယ် ရစ်ပတ်လျက်။ မျက်လုံးအစုံကို ဖိမှိတ်လိုက်သည် ။ ကြီးကြီး ထွေးဖက်လိုက်ပုံကို သိသည် ။ သတင်းဆိုးကြားကြားချင်းအချိန်က မျက်ရည်တစ်ပေါက် မကျသော ငြိမ်းသည် သည် တော့မှ သာ ရှိုက်ကြီးတငင် ငိုချလိုက်ပေသည် ။

***

မျက်ရည်သည် ပါးပြင်ပေါ်သို့ တလိမ့်လိမ့် စီးကျလာသည် ။ မနေ့က မြင်ကွင်းသည် အာရုံတွင် လွှင့်ပါး၏။ သောကရိပ်လွှမ်းသော ခန်းမဆောင်သို့ ရောက်နေပုံကို သတိပြုမိပြန်သည် ။ အဖေ ရှိသော မှန်ခေါင်းအနီး ငေးငူ ရပ်နေမိပုံကို သတိရလာပြန်သည် ။ စာနာဟန် မျက်နှာများ စွာသည် ငြိမ်းနှင့် မလှမ်းမကမ်းမှာ ။

ငြိမ်းသည် မှန်သားပြင်ကို လက်နှင့် ဖွဖွသပ်သည် ။ အဖေ့မျက်နှာအား နောက်ဆုံးသော မြင်ခြင်းအသိဖြင့် မှန်သားကို ဖြတ်လျက် ငေးရသည့်အခါ ရင်သည် တဆတ်ဆတ် နာလျက် ကျင်လျက် ရှိလေသည် ။

စေ့စေ့ပိတ်သော အမေ့မျက်ဝန်းများ ဘယ်အခါမျှ ပွင့်လာတော့မည် မဟုတ်။ သည် နှုတ်က စကားသံတို့ ကို တစ်ခွန်းတလေပင် ထပ်၍ ကြားခွင့် ကြုံတော့မည် မဟုတ်။

ခန္ဓာသည် လည်း မကြာခင် မီးပြင်းပြင်း မြှိုက်လောင်တော့မည်။ ပျောက်ကွယ်တော့မည်၊ ဘဝတစ်ကွေ့မှာ တော်စပ်ခြင်း တစ်ခန်းရပ်ပြီး စသဖြင့် တွေးသိလိုက်ရချိန်လောက် ဘယ်အရာမှ နာကျင်စရာ မကောင်းပါ။

ဝေးခဲ့သော အတိတ်တစ်ချိန်ဆီက ညောင်ပင်သာမှာ မိသားစု စုံညီအပူအပင် ကင်းစွာ ရှင်သန်ခဲ့ဖူးသော နေ့ရက်တို့ သည် ငြိမ်း၏ ရှေ့မှောက်တစ်ကျော့ပြန် ရောက်လာသလိုတည်း။ သည် တုန်းက ရယ်ခဲ့ဖူးသည့် ရယ်မောခြင်းတို့ သည် ဘဝတွင် နောက်ဆုံးသော သောကအမှောင်ကင်းကင်း ရယ်မောခြင်း ဖြစ်ခဲ့လိ

မှဲ့မည်။ နောက်ပိုင်းနောက်ပိုင်း ကာလများ တော့ အမေ့ ရယ်မောခြင်းသည် လည်းကောင်း ၊ အဖေ့ ရယ်မောခြင်းသည် လည်းကောင်း အ ကာအရံ ခံသော ရယ်မောခြင်းများ သာ ဖြစ်ခဲ့ မှာ ပါပဲ။ ငြိမ်းတို့ မှာ ကတော့ မသိတတ်သော ရယ်မောခြင်းပေါ့လေ။

ပျူပျူ မြင်ယောင်သည့် အတိတ်တွင် ငြိမ်းက လေ၏ လှုပ်ခတ်သော ရယ်သံကို ပြန်ကြားရပါ သည် ။ အဖေ့ရင်ခွင်ထဲ ရှားရှားပါးပါးဝင်ခွင့်ရ ချိန် အဖေ့လက်မောင်း ခိုကာ ယိမ်းထိုးဆော့ ကစားချိန် ၊တခစ်ခစ် ရယ်မော ပျော်ရွှင်နေခဲ့ သော ကလေးမလေးသည် အနာဂတ်ကို ကြိုမသိ သခဲ့ရှာ။ တစ်နေ့သော အခါဝယ် အမုန်း အငြိုး သည် ကျူးလွန်သူမိသားစုကိုရော အကျူးလွန် ခံမိသားစုကိုပါ တရိရိ တိုက်စားဖျက်ဆီးမည့် အကြောင်း ကြိုမသိခဲ့ရှာ။

ငြိမ်းသည် မျက်လုံးအစုံကို ဖိမှိတ်လိုက်သ ည် ။ နောက် ပြန်ဖွင့်သည် ။ မျက်ရည်ဥသည် မျက်တောင်များ တွင် ခချိတ်ရာက ဖြုတ်ကနဲ ကြွေ၏။

နီရဲသော နှင်းဆီ၊ ဖွေးဖြူသော စံပယ်တို့ သ ည် အတိတ်တစ်ချိန်က အငြိုးတရားကို ရင်မှာ ပိုက်ကာ၊ နောက်တော့လည်း ထိုအငြိုးကပေး လေသည့် နောက်ဆက်တွဲ နာကျင်ခြင်း ဟူသမျှကို ကြိတ်မှိတ်ခံစားကာ လောကမှ ထွ က်ခွာခဲ့သူအား ရံလျက် ရှိလေသည် ။

တင်းတင်းစေ့သော အဖေ့ နှုတ်ခမ်းတို့ သ ည် နောက်ဆုံးထွက်သက်တိုင် မာန်မာနကို သ ယ်ဆောင်သွားလိမ့်မည်ဟု ငြိမ်း မထင်ပါ။ တ စ်စုံတစ်ရာတော့ ဖွင့်ဟ ပြောလိုခဲ့လိမ့်မည်။ ဖြ

စိုပျက်ခဲ့သမျှအပေါ် ... နောင်တစကားလား။

တောင်းပန်စကားလား။ ငြိမ်း မသိတော့ပြီ။ မသိနိုင်တော့ပြီ။

ငြိမ်သည် မှန်သားပြင်သို့ ပိုမိုတိုးကပ်လိုက်ပါသည် ။

"အဖေ့ကို .... အဖေ့ကို မကြည်ပြာက ဥပေက္ခာပြုလိုက်နိုင်ပါပြီတဲ့ "

တိုးသဲ့သော ငြိမ်း၏ စကားတို့ သည် နှင်းဆီတော၊ စံပယ်တောသို့ စိမ့်၍ ကျ၏။ ထိုပန်းစုံတောအလယ်တွင် ငြိမ်းချမ်းသယောင်ရှိသော ခန္ဓာသည် သံသရာတစ်ဘဝကို အဆုံးသတ်ခဲ့ပြီ ။

အဖေ့အတွက် သည့်ထက် လှသောဇာတ်သိမ်း မရှိချေ။

ညက အိပ်မက်မှာ တာရာ့ကို မြင်သည် ။

တကယ့် တကယ်တော့ အဖေ့ကို သင်္ဂြိုဟ်ပြီးစီးသည့်ညမှာ အိပ်မက်ထဲ ရောက်လာသူသည် အဖေသာ ဖြစ်သင့်သည် မဟုတ်လား။ သို့သော် အိပ်မက်ဆိုတာသည် ပြင်ပက အဖြစ်အပျက်တို့ ကို စီကာစဉ်ကာ မနာခံ၊ သူ့အလိုအလျောက်သာ ဖြစ်တည်တတ်သည် မို့ အိပ်မက်တွင် တာရာ့ကိုသာ မြင်သည် ။

တစ်ရက်တုန်းဆီက အမေ့ကို မြင်မက်ခဲ့သလိုပင် အိပ်မက်ဟု အလိုလို သိနေပြန်သည် ။

အိပ်မက်တွင် ငြိမ်းသည် သစ်စုတောသို့ ရောက်၍ နေသည် ။ တောသည် ငြိမ်းတို့ ရော

ကဲ့စဉ်ကလို ကျကျပါးပါး မဟုတ်။ ဦးဖေအော င် ပုံဖော်ခဲ့သလို၊ မရီ ပြောပြခဲ့ဖူးသလို အုပ်အုပ် ဆိုင်းဆိုင်း စိမ်းစိမ်းညို့ညို့ရှိသော တော။

ငြိမ်းသည် တောလမ်းကလေးထက်ဝယ် တ စ်ယောက်တည်း လျှောက်လာသည် ။

လမ်းမှာ ပြင်ပကထက်နီသော အသွေးနှင့် ကွေးကွေးကောက်ကောက် တည်ကာ ရိပ်ရိပ်မိုးသော တော၏ ဟိုဘက် သည် ဘက် တွင် အဆုံးမထင်တိုးဝင်လျက် ရှိသည် ။ လမ်း ကလေးဘေးမှာ တော့ ခရမ်းရောင်၊ အဖြူရော င် တောပန်းတို့ သည် ရွက်စိမ်းများကို ရံကာ ငြိ မ်ငြိမ်ဝပ်ဝပ်။

အင်း... တောကတော့ မငြိမ်။ လေတိုးသံသ ည် အရပ်ရှစ်မျက်နှာက လျှံလျက်။ ရှည်လျား သော သစ်ပင်တို့ သည် လက်တံရှည်များကို ဆ န့်တုတ်သည့်ပမာ အကိုင်းအခက်တို့ ကို မြေ့ ကာ ယမ်းကာ ယိမ်းလျက် ရှိကြသည် ။ မိုးပေါ က်တစ်ပေါက်ပင် မကျသော်လည်း မကြာခင် မိုးကို ဆောင်တော့ မလိုလို။ မိုးသက်လေ ...။

လျှောက်နေရာမှ ငြိမ်း တုံ့ခနဲ ရပ်သည် ။ မိုး ရွာတော့မလား။ ရွာလျှင် ဘယ်သို့ ပြေးရမည်န ည်း။

ကောင်းကင်သို့ မော့ကြည့်လျှင် တိမ်တိုက် တို့ သည် မည်းမည်းအုပ်အုပ်။ ပြိုတော့မယော င် ညိုလျက်။ တောသည် နဂိုက အုပ်ဆိုင်းရသ ည့်အထဲ အမှောင်ရိပ် ရောကာ ချောက်ချားစဖွ ယ်။ ခုနေ ပြေးလျှင် ရွာရောက်မလား။ သို့သော် ရွာနှင့်အတော်ဝေးခဲ့ပြီဟု စိတ်က သိနေသည် ။ သည် မှ ပြေးနိုင်မည် မဟုတ်ပါ။

အို ... လျှောက်ရုံပါပဲ။ ရွာတော့လည်း စိုပေါ့

ခဏမျှ ကြာလျှင်တော့ လမ်းလျှောက်နေရာက တုံ့ရပ်ရပြန်သည် ။ သည် တစ်ကြိမ်တော့ မိုးကို ထိတ်စိတ်နှင့် မဟုတ်။ ရုတ်ခြည်းဆိုသလို ကြည်လင်လာပြန်သော ပတ်ဝန်းကျင်ကို အံ့အားသင့်စိတ်နှင့်။ ပတ်ပတ်လည် ဝေ့ကြည့်မိသည် ။ သစ်ပင်တို့ သည် လေပြည်နှင့် လှုပ်ယိမ်းရုံမှ အပ လှုပ်ခတ်ပုံ မကြမ်းတော့ပြီ။ လေတိုးသံသည် သာယာစွာ။

ကောင်းကင်သည် ပြာလွင်လျက်။ ကြည်သော တိမ်ဖြူစတို့ သာ လွင့်မျောရုံ။

ခြေလှမ်းပြန်စရန် ပြင်လိုက်လျှင်တော့ ဘယ်အရပ်ဆီက လွင့်လာမှန်း မသိသည့် ခေါင်းလောင်းသံသည် ငြိမ်းအား ရစ်ပတ်လိုက်သည် ။ ဘယ်သူလဲ ... တာရာလား။

ကျောခိုင်းခဲ့ရာဆီ လှည့်ပြန်ငေးမိသည် ။ ဟော ... လမ်းကလေး အချိုးအကွေ့က ပေါ်လာသော စက်ဘီးတစ်စီးနှင့် ကလေးတစ်ယောက် ။

အဝေးမြင်မျှ ဖြစ်သော်လည်း တာရာပါပဲဟု ငြိမ်း အတပ်သိလိုက်သည် ။ တဖြည်းဖြည်း နီးကပ်လာလျှင် ရုပ်သွင်ကို ထင်ထင်ရှားရှား မြင်လာရသည် ။ သည် တစ်ကြိမ် တာရာကတော့ ဟိုတစ်ချိန် စိတ်ကူးက ရုပ်ရည်နှင့် ကွာခြားခဲ့ပြီ။ မကြည်ပြာအိမ်မှာ ဓာတ်ပုံ မြင်ခဲ့သည် မို့ ပို၍ စစ်သော ရုပ်ရှည်ဖြစ်လာသည် ။ အပြုံးကတော့ မှန်းခဲ့ဖူးသလိုပါပဲ။

တာရာသည် သူ့အထိမ်းအမှတ်ဖြစ်သော အပြုံးကို ဆောင်ထားသည် ။ သွက်လက် ရွှင်

လန်းဟန်နှင့် စက်ဘီးနင်းလာသည်။ လမ်းက လေး ပြေပြေမြင့်ရာမှာ တော့ ကိုယ်ကိုကြွကာ နင်းလိုက်သည် ။ နောက်တော့ ပြန်ထိုင်ချသည် ။ စက်ဘီးသည် တလိမ့်လိမ့်။ လက်ကလေးတစ်ဖက်က ခေါင်းလောင်းကို လှုပ်လိုက်သည် ။

သာသော အသံသည် စိမ်းစိမ်းမြမြ လှသောတောသို့ တိုးကာဝင်သည် ။ သစ်ပင်တို့ သည် ခေါင်းလောင်းသံကို ပွေ့ဖက်သည် ။ ညင်ညင်သာသာ ပြန်လွှတ်ချသည် ။ သစ်ခက်ကြားက ဖြတ်သော လေပြည်တွင် ခေါင်းလောင်းသံသည် အရှိန်နှင့် စီးမျောလျက်။

တာရာသည် ငြိမ်းနှင့် မျက်နှာချင်းဆိုင်မိပြီ။ သူ့အပြုံးက ပို၍ ထင်ရှားလာသည် ။

"တာရာ" ဟု လွှတ်ခနဲ ခေါ်မိသည် ။

"မမ ကျွန်တော် သွားတော့မယ်နော်"

အို....။ ဘေးဘီဝဲယာဆီ ငှကြည့်လျှင် မည်ပြာ မရှိ။ ဒါဆို .... ဒါဆို သူ ငြိမ်းကို နှုတ်ဆက်လိုက်တာလား။

ငြိမ်းတွေဝေးဆဲမှာ ပင် တာရာ့စက်ဘီးလေးသည် ငြိမ်းကို ကျော်လိုက်သည် ။ လည်ပြန်ငဲ့သည် ။ နောက်တော့ အပြုံးတစ်ချက်နှင့်အတူ ရှေ့တူရူသို့ လှည့်သွားပြန်ပါသည် ။

ငြိမ်းသည် ဆတ်ခနဲ မြောက်တက်လာသော လက်ကို ပြန်ချလိုက်ရသည် ။ တစ်ချိန်က တွေးခဲ့ဖူးသလို တားလိုက်မှ ပဲ၊ အတိတ်ဆိုးက ဆွဲထုတ်လိုက်ဦးမှ ပဲ ဆိုသော အတွေးသည် ရုတ်ခြည်းပင် လွင့်ပျောက်ရပြီ။

စာအုပ်တစ်အုပ်ထဲ စာမျက်နှာများ စွာ စီကာစဉ်ကာ ရေးသားထားသည့်ပမာ ကံကြမ္မာဆိုတာသည် မမြင်သာသော စာအုပ်

တစ်အုပ်ပါ၊ စာမျက်နှာတို့ ကို ကြိုတင်ဖတ်ရှု ခွင့် မရှိ။ ပြီးတော့ နှစ်သက်သလို ပြင်ဆင်ပြော င်းလဲခွင့်လည်း မရှိကြောင်း ငြိမ်း ကောင်းစွာ နားလည်ခဲ့ပြီ။

မြေနီလမ်းကို မျှော်ကြည့်လျှင်တော့ တာရာ နှင့် သူ့စက်ဘီးကလေးသည် တရွေ့ရွေ့ ဝေး ကာ။ ခေါင်းလောင်းသံကလည်း တလွင့်လွင့် ဝေးကွာ။

**စံပယ်ဖြူနု**